နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

## လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသ မဟာထေရ်



# လယ်တီဝိပဿနာအမှတ်(၁၀)

သာသနာ-၂၅၅၂ ကောဇာ-၁၃၇၀ ခရစ်-၂၀၀၈

အမှန်တရားသည်အောင်အောင်း

သစ္စာ မေတ္တာ

မိခင်ရောဝတီ

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုအမှတ် | ၃၂၀၁၆၂၀၃၀၈ |
| မျက်နှာဖုံးခွင့်ပြုချက် | ၃၂၀၁၇၅၀၃၀၈ |
| အုပ်ရေ | ၁၀၀၀ |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ် |
| ထုတ်ဝေသည့်ရက်စွဲ | ၂၀၀၈ခုနှစ်၊ ဩဂုတ်လ။ |
| တန်ဖိုး | ၃၅၀၀ ကျပ် |
| စီစဉ်သူ | ဒေါ်ရွှေဝါစိုး |
| | **(မိခင်ဧရာဝတီစာအုပ်တိုက်)** |
| ထုတ်ဝေသူ | ဒေါ်ချယ်ရီသိန်း (မြ-၀၃၉၈၁) |
| ကွန်ပျူတာစာစီ | နာဂလိုဏ်ဂူကျောင်းတိုက် |
| မျက်နှာဖုံးဒီဇိုင်း | အောင်ကိုမင်း |
| အတွင်းဖလင် | ကိုဦး |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ရွှေခြသေ့်ပုံနှိပ်တိုက် (မြ-၀၅၄၁၇) |
| စာအုပ်ချုပ် | ကိုမောင်မောင်အုန်းအဖွဲ့ |



Printed for free distribution by
**The Corporate Body of the Buddha Educational Foundation**
11F., 55 Hang Chow South Road Sec 1, Taipei, Taiwan, R.O.C.
Tel: 886-2-23951198 , Fax: 886-2-23913415
Email: overseas@budaedu.org
Website:http://www.budaedu.org



**This book is strictly for free distribution, it is not for sale.**

ဓမ္မစာအုပ်များကိုအခမဲ့ ပေးလှူသည်ဖြစ်၍ရောင်း ဝယ်ခြင်းမပြုရ။

# ကျမ်းဦးမှတ်ဖွယ် အမှာစကား

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီးသည် သက်တော်(၅၀)၊ သိက္ခာတော် (၃၀)ခန့်အရတွင် ပရိယတ္တိသာသနာစခန်းမှ ပဋိပတ္တိသာသနာစခန်းသို့ ကြွလှမ်းတော်မူခဲ့သည်။ ပဋိပတ္တိကျင့်စဉ် ပါဠိတော်အရပ်ရပ်ကို သုံးသပ်၍ အာနာပါနကမ္မဋ္ဌာန်းကို အခြေခံ၍ ဝိပဿနာသို့ တက်သောလမ်းကို တွေ့ရှိရွေးချယ်တော်မူပြီးနောက် ထိုပါဠိတော်ကျင့်စဉ်ကြီးကို လက်တွေ့အမြဲ ကျင့်သုံးတော်မူခဲ့သည်။

ထို့ကြောင့် လယ်တီဆရာတော် ကျင့်သုံးသော ဝိပဿနာကျင့်စဉ်ဖြစ်၍ လယ်တီဝိပဿနာဟူ၍ အမည်သတ်မှတ် ခေါ်ဆိုကြပါသည်။

လယ်တီဆရာတော် အသစ်တီထွင်သော ဝိပဿနာဟူ၍ကား အဓိပ္ပါယ်မယူဆသင့်ပါ။ သတိပဋ္ဌာန်ပါဠိတော်ကြီးမှလည်းကောင်း၊ အလားတူ ပါဠိတော်ကြီးများမှလည်းကောင်း၊ ဝိသုဒ္ဓိမဂ် စသော အဋ္ဌကထာကြီးများမှလည်းကောင်း နည်းယူထားအပ်သော ခိုင်မာ မှန်ကန်သော ဝိပဿနာကျင့်စဉ်များသာ ဖြစ်ပါသည်။

ဤသာသနာ၌ ဘုရားမှအပ မည်သည့်ပုဂ္ဂိုလ်မှ နိဗ္ဗာန်ရကြောင်း ကမ္မဋ္ဌာန်းတရား အသစ်တစ်ပါးတစ်ခုမျှ မဖော်ထုတ်နိုင်ပါ။ ပါဠိတော် အဋ္ဌကထာလာ ကမ္မဋ္ဌာန်းလေးဆယ်မှ အလွတ်သီးသန့် ကမ္မဋ္ဌာန်းကို မဖော်ထုတ်နိုင်ပါ။ ကမ္မဋ္ဌာန်းလေးဆယ့်တစ်ဟု အသစ်တစ်ခု ရှာဖွေနိုင်ပါက ပါဠိ အဋ္ဌကထာထက် လက်တစ်လုံးကျော် ကမ္မဋ္ဌာန်းသာ ဖြစ်ပါလိမ့်မည်။ ကမ္မဋ္ဌာန်းအမှန်လည်း မဟုတ်နိုင်ပါ။ လယ်တီဝိပဿနာကျင့်စဉ်သည် အသစ်အဆန်းမဟုတ်၊ ပါဠိတော်နည်းကောင်း နည်းဟောင်းသာ ဖြစ်ပါသည်။

ထိုစကားကို လေးနက်အောင်ထပ်၍ ဆိုပါဦးမည်။ **"လယ်တီဝိပဿနာကျင့်စဉ်သည် အသစ်အဆန်းမဟုတ်၊ ပါဠိတော်နည်းကောင်း နည်းဟောင်းသာ ဖြစ်ပါသည်"**။

ဉာဏ်ထက်မြက်စူးရှသော ပုဂ္ဂိုလ်တို့အား ဉာဏ်ခန်းဆိုင်ရာကိစ္စသို့ရောက်သောအခါ နည်းပေါင်းအရာအထောင်ကို ဖြန့်ကျက်ဝေဖန်၍ ဉာဏ်ကွန့်မြူးလှုပ်ရှား ဉာဏ်ကစားမှုတို့သည် အသချေ်အနန္တ ဖြစ်သွားစမြဲတည်း။

အရှင်သာရိပုတ္တရာသည် -

**ယေဓမ္မာဟေတုပ္ပဘဝါ၊**

**တေသံ ဟေတုံ တထာဂတော အာဟ။**

ဟူသော စကားနှစ်ခွန်း (၂)ပါဒကို ကြားရုံမျှဖြင့် လောကကြီးကို ဗြဟ္မာဖန်ဆင်းသည်၊ သို့မဟုတ် အကြောင်းမဲ့အလိုလို ဖြစ်သည်ဟူသော အယူအဆတို့ကို ပယ်ဖျောက်၍ ဝိပဿနာအစီအရင်ကိုပါ ရှင်းလင်းသိမှတ် အကျင့်မြတ်ဖြင့် သောတာပတ္တိမဂ်ဖြင့် ဆိုက်ရောက်ခဲ့သည် မဟုတ်ပါလော။

ထို့ပြင် ပါဠိတော်ပုဒ်ဝါကျ တစ်ခုတစ်ခုကိုရှု၍ ဉာဏ်ကွန့်မြူးသောအခါ စူဠနိဒ္ဒေသ၊ မဟာနိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကြီးများ ဖြစ်ပေါ်လာရပြန်သည် မဟုတ်ပါလား။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည်လည်း အရှင်သာရိပုတ္တရာမထေရ်မြတ်၏ နောက်တော်ပါးမှ ဉာဏ်ကွန့်မြူးလေ့ရှိသော ပုဂ္ဂိုလ်ထူးပေတည်း။ ပါဠိတော်ပုဒ်တို့ကို မူတည်၍ အာနာပါနဒီပနီ၊ ဗောဓိပက္ခိယဒီပနီ၊ ပဋ္ဌာနုဒ္ဒေသဒီပနီ စသော ဒီပနီကျမ်းပေါင်းတစ်ရာကျော် ဖြစ်ပေါ်စေခြင်းကား ဆရာတော်၏ ဉာဏ်ကွန့်မြူးချက်တို့ပေတည်း။

ထို့ကြောင့် အာနာပါနပုဗ္ဗင်္ဂမ ဝိပဿနကျင့်စဉ်ကို ဆရာတော်ဘုရားကြီးသည် အစ-အလယ်-အဆုံး သုံးသပ်ဆင်ခြင်၍ ဉာဏ်ကျက်စားကွန့်မြူးပြီးမှ အမြဲလက်သုံးကျင့်စဉ်အဖြစ် သတ်မှတ်ကျင့်သုံးတော်မူပါသည်။

ဤ၌ ပဋိပတ္တိတရားတော်ကို စက်ရထားကြီးဥပမာဖြင့် ပြဆိုရာ၏။ ဤပဋိပတ္တိစက်ရထားကြီးကို မဂ်ဖိုလ်နိဗ္ဗာန်သို့ အရောက်ပို့နိုင်သော အရှိန်ကြီးမား အားကောင်းလှစွာ၏ဟု တထစ်ချ ယုံကြည်ချက်ကျခြင်းကား သဒ္ဓါ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်ပေတည်း။

ထိုစက်ရထားကြီးကို စက်ရှိန်ဖွင့်နှိုးလိုက်ခြင်းကား သတိပဋ္ဌာန်သတိ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်ပေတည်း။

ထိုစက်ရထားကြီးနှိုးသောအချိန်ကစ၍ စက်ရှိန်စက်အားဝင့်ကြွားစွာ ခုတ်မောင်းခြင်းသည် သမ္မပ္ပဓာန်-ဝီရိယ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားစနက်ပေတည်း။

ထိုစက်ရှိန်အားဖြင့် ခုတ်မောင်းပြေးသွားခြင်း ဒီဃရီမီတာ အရှိန်မကျခိုင်မြဲစွာ တည်ရှိခြင်းကား သမာဓိ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်စနက်ပေတည်း။

ထိုသို့ အစဉ်ပြေးသွားသော စက်ရှိန်အားဖြင့် မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော လိုရာစခန်းသို့ ဆိုက်ရောက်အောင် ဦးတည်ပေးခြင်း ဆိုက်ရောက်စေခြင်းကား ပညာ-ဣန္ဒြေ-ဗိုလ်-ဗောဇ္ဈင် တရားအချက်အချာ ပဓာနစနက်ပေတည်း။

ထိုဥပမာအတိုင်းပင် လယ်တီဆရာတော်ဘုရားကြီးသည် အာနာပါန အခြေခံဝိပဿနာ ပဋိပတ္တိစက်ရထားကြီးကို ကျွမ်းကျင်လှစွာ မောင်းနှင်နိုင်စွမ်း ရှိတော်မူခဲ့လေသတည်း။

ထို့ကြောင့် တိပိဋကဝိဒူ ဘာသန္တရဝိဒူ အရှင်အာဒိစ္စဝံသ အရှင်မြတ်က- **"ဤမြန်မာပြည် သာသနာ့သမိုင်း၌ ပိဋကတ်ထဲမှ**

**နိဗ္ဗာန်သွားသောနည်းကို လယ်တီဆရာတော်သာ ထူးခြားစွာ တွေ့မြင်တော်မူပြီး လက်တွေ့ကျင့်သုံးတော်မူပါပေ၏**"ဟူ၍ အာသဘီဝါစာ ထောမနာကို ဆိုတော်မူခဲ့သောဟူ၏။

ထိုသို့ အာနာပါနပုဗ္ဗင်္ဂမ ဝိပဿနာ ပဋိပတ္တိစက်ရထားကြီးကို ခုတ်မောင်းသောနည်းကို အနာဂါမ်ပုဂ္ဂိုလ်ကြီးဟု ကျော်ကြားသော ဆရာသက်ကြီးသည် လက်ဆုပ်လက်ကိုင် ပိုင်ပိုင်ကြီး ရရှိလေ၏။ ထိုမှ တစ်ဆင့် တပည့်စဉ်ဆက် ရရှိကျင့်သုံးလာခဲ့ရာ ဆရာကြီးဦးဘခင်၊ ဆရာကြီး ဦးဂိုအင်ဂါ၏လက်သို့ ဆိုက်ရောက်ခဲ့လေသတည်း။

ယခုအခါ၌ ဆရာကြီးဦးဂိုအင်ဂါသည် လယ်တီကမ္ဘာ့ဝိပဿနာ နည်းပြဆရာကြီးဖြစ်လျှက် ထိုဆရာကြီးကို အမှီပြု၍ ကမ္ဘာသူ ကမ္ဘာသား များသည် လယ်တီဝိပဿနာကျင့်စဉ်တရားကို ကျင့်သုံးခွင့်ရရှိလာရပေ သတည်း။

ယခုအခါ၌ မုံရွာမြို့၊ ပဌမလယ်တီဆရာတော်ဘုရားကြီး၊ ဒုတိယ လယ်တီဆရာတော် ဘဒ္ဒန္တဉာဏောဘာသ၊ မုံရွာမြို့ အရှေ့လယ်တီ ဆရာတော် ဘဒ္ဒန္တဝါယမာဘိသီရိ၊ မုံရွာမြို့ သပြေပင်တောရ ဆရာတော် ဘဒ္ဒန္တကေဝလာဘိဝံသ အရှင်မြတ်ကြီးများ၏ နည်းနာနိဿယကို မှီးငြမ်းပြု၍ လယ်တီဝိပဿနာ ပဋိပတ္တိလမ်းစဉ်ကို ရန်ကုန်မြို့၊ ကလေးဝ တောရစာသင်တိုက်၊ ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ်(၃၃၇/က)၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယကဆရာတော်၊ ပြည်ထောင်စုဖွား တိုင်းရင်းသား ရဟန်းသာမဏေ သီလရှင် ပရဟိတ သာသနာပြုဆရာတော်ဖြစ်ပေသော ဒွိပိဋကဓရ မူလအာဘိဓမ္မိက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသည် ကောင်းစွာသိရှိ ကျွမ်းကျင်ပါရင်တတ်မြောက် ရောက်ရှိ ရရှိတော်မူလေသည်။

လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသသည် ဒွိပိဋကဓရ အရည်အသွေး ကထာဝတ္ထုကျမ်းနှင့်တကွ အဘိဓမ္မာရှေ့ငါးကျမ်းကို အာဂုံပြန်ဆိုနိုင်ခြင်း၊ ဝီရိယ သမာဓိဉာဏ် စသည်၏အစွမ်းသတ္တိ အရည်အသွေးကို ထောက်ပါက လယ်တီဝိပဿနာနည်းကို သိသူအပေါင်းတို့တွင် **“သူမတူ”** တစ်မူထူးခြားသော ပုဂ္ဂိုလ်ဟု ခန့်မှန်းနိုင်ပါသည်။

အဘယ်ကြောင့်ဆိုသော် လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသသည် လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ လစဉ်(၇)ရက် တရားစခန်း (၁၀၀)ကြိမ်တိုင်အောင် ဖွင့်လှစ်၍ ဝိပဿနာယောဂီသူတော်စင်တို့ကို နေ့စဉ်တရားဒေသနာများကို ပါဠိအဋ္ဌကထာနည်းပေါင်းများစွာဖြင့် တန်ဆာဆင်၍ ဟောကြားတော်မူရာ ထိုတရားဒေသနာစဉ်များကို ထောက်ဆ၍ **“သူမတူ”** တစ်မူထူးခြား ပြောင်မြောက်ကြောင်း သိမှတ်ရပါသည်။

ဝိပဿနာတရားစခန်း၌ ဟောကြားအပ်သောတရားသည် သာမညတရားမျိုး မဟုတ်ပါ။ ယောဂီသူတော်စင်အတွက် အထူးအရေးပါသော တရားဖြစ်သောကြောင့် ယောဂီသူတော်စင်တို့ အလုပ်စခန်းဖြောင့်တန်းအောင် အထူးရွေးချယ်စိစစ်၍ ဟောကြားရသော ဝိသေသတရားထူးဖြစ်ပေသည်။

ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ်(၁၃၃/က) လယ်တီကမ္မဋ္ဌာန်းကျောင်းတိုက်၌ လယ်တီဝိပဿနာ (၇)ရက်တရားခန်းများ ကျင်းပရာတွင် ပဌမအကြိမ်မှ (၁၅)ကြိမ်အထိ နေ့စဉ်တရားဟောကြားအပ်သော တရားများကို စုပေါင်း၍ နာဂလိုဏ်ဂူအဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီမူ ဝိပဿနာတရားတော် ပထမစာအုပ် ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

(၁၆)ကြိမ်မှ (၂၂)ကြိမ်အထိ လယ်တီမူဝိပဿနာ (၇)ရက်တရားစခန်း၌ နေ့စဉ်တရားတော်များကို စုပေါင်း၍ လယ်တီဝိပဿနာ ဒုတိယတွဲကျမ်းစာအုပ်ကို ထုတ်ဝေဓမ္မဒါနပြုခဲ့ပြီး ဖြစ်ပါသည်။

(၂၃)ကြိမ်၊ (၂၄)ကြိမ်၊ (၂၅)ကြိမ် စသည်တို့မှာ ဟောကြားအပ်သော တရားတော်တို့ကို စုပေါင်းတတိယတွဲကို ထုတ်ဝေပြီးဖြစ်သည်။ တစ်ဖန် စတုတ္ထတွဲ၊ ပဉ္စမတွဲ၊ ဆဋ္ဌမတွဲ၊ သတ္တမတွဲ၊ အဋ္ဌမတွဲ၊ နဝမတွဲကို ဓမ္မဒါနထုတ်ဝေပြီး ဖြစ်ပါသည်။ ယခု တစ်ဖန် လယ်တီဝိပဿနာအမှတ်(၁၀)ကို ဓမ္မဒါန ထုတ်ဝေမည်ဖြစ်သည်။

ထိုနေ့စဉ်တရားတို့ကို သုံးသပ်ရသည်ရှိသော် ယောဂီသူတော်စင်အတွက် လိုအပ်သော ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ပညာ ဟူသော ဣဒ္ဓိပါဒ်တရားလေးပါးကို မြှင့်တင်ပေးသည်ကို တွေ့ရှိရသည်။ ယောဂီပုဂ္ဂိုလ်သည် တရားအားထုတ်ရင်း တရားအားထုတ်ရန် ဆန္ဒအားနည်းလာတတ်၏။ စိတ်ဓာတ်ကျလာတတ်၏။ ဝီရိယလျော့လာတတ်၏။ ဝိပဿနာပညာအရှိန်ပျက်လာတတ်၏။ ထိုအခါ၌ ဆန္ဒစိတ်ဓာတ်၊ ဝီရိယဓာတ် ပညာအရှိန်အားကောင်းအောင် တရားဟောကြားပေးရလေသည်။

ထိုအခါ ယောဂီ၏သန္တာန်၌ ဆန္ဒစသော ဣဒ္ဓိပါတ်တရားအားကောင်းလာ၍ ဝိပဿနာဉာဏ်အားလဲ မြင့်တက်လာလေသည်။ ထို့အတူ သတိပဋ္ဌာန် သတိ ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တရား၊ သမ္မပ္ပဓာန်ဝီရိယ ဣန္ဒြေ ဗိုလ် ဗောဇ္ဈင်တရားစသော ဗောဓိပက္ခိယတရားများကိုလည်း အားကောင်းအောင် မြှင့်တင်ပေးရသည်။

ဗောဓိပက္ခိတရား အရှိန်အဟုန် ဟန်ချက်ညီခဲ့သည်ရှိသော် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ တည်းဟူသော ပဉ္စင်္ဂိကမဂ္ဂင်ဝိပဿနာဉာဏ်စဉ်အဆင့်ဆင့် မြင့်တက်လာရလေသည်။

ဤအချက်ကို အထူးသတိပြု၍ တရားစခန်းတွင် တရားကို အထူးဂရုစိုက်၍ ဟောကြားဖို့လိုအပ်ကြောင်း ထင်ရှားလေသည်။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည် -

(၁) သံသရာဘေးရန်၊ ဘဝ၏အန္တရာယ် ကမ္ဘာကပ်ဆိုးကြီးများ၏ အမြစ်ရင်းဖြစ်သော လောဘ၊ ဒေါသ၊ မောဟ စသော

ကိလေသာဒုစရိုက် အကုသိုလ်နှင့်အပြစ်ကို ဖော်ပြ၍ ထိုတရားဆိုး အပြစ်ဆိုးမှ လွတ်လိုသောဆန္ဒ စသည်ဖြစ်ပွားအောင် နှိုးဆွပေးသည်ကို တွေ့ရှိရလေသည်။

(၂) သီလ သမာဓိ ပညာ သိက္ခာသုံးပါးနှင့် ကောင်းမြတ်သော အကျိုးတရားကို ဖော်ပြ၍ ထိုတရားကောင်း တရားမြတ် အကျိုးထူး အကျိုးမြတ်တို့ကို ရလိုသောဆန္ဒ စသည်ဖြစ်ပွားအောင် အားပေးချီးမြှောက်သည်ကို တွေ့ရှိရသည်။

(၃) တစ်ရံတစ်ခါ အကုသိုလ်နှင့် အကုသိုလ်အပြစ်၊ ကုသိုလ်နှင့် ကုသိုလ်၏အကျိုး၊ ကုသိုလ်နှင့်ကုသိုလ်အကျိုး ရရှိရန် ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ပညာ စသော ဗောဓိပက္ခိယတရား အရှိန်အဟုန်ဖြင့် တက်အောင်လှုံ့ဆော်ပေးသည်ကို တွေ့ရသည်။

ပထမနည်းကား အကုသိုလ်အပြစ်ပြ အကြမ်းနည်းတည်း။ ဒုတိယနည်းကား ကုသိုလ်အကျိုးပြ အနုနည်းတည်း။ တတိယနည်းကား အကြမ်းအနု နှစ်မျိုးယှဉ်တွဲပြသော နည်းပေတည်း။

ဤဒေသနာနည်းသည် ဗုဒ္ဓမြတ်စွာ မြင်းတို့ကို ဆုံးမသင်ကြားသော မြင်းမှူးဆရာကြီးကေသိကို မိန့်ကြားသောနည်း ဖြစ်သည်။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည် -

ဤဒေသနာသုံးမျိုးဖြင့် ယောဂီကို ဆန္ဒဓာတ်၊ စိတ်ဓာတ်၊ ဝီရိယဓာတ် စသော ဗောဓိပက္ခိယဓာတ်အားကို အားရှိသလောက် အရှိန်အဟုန်မြင့်တက်လာရန် ခမ်းနားဆန်းကြယ်သော တရားများစွာကို ဟောကြားထားသည်ကို အံ့သြစွာ တွေ့ရှိရပါသည်။

- ဝိပဿနာတရားတော်၏ထူးခြားချက်
- ဝီရိယ (၃)မျိုး
- နန်းဦးဆရာတော်
- သစ္စဝါဒီအဘိုးနှင့်ကလေးဝဆရာတော်
- အိမ်သုံးလုံးနဲ့နေကြ

- ဝေဒနာကမ္မဋ္ဌာန်း
- ထိုင်းနိုင်ငံ၌ဟောကြားအပ်သောတရားလက်ာများ
- တရားလှေဖောင်
- လူ့ပြည်နတ်ပြည်
- ဘုရားရှိသလား မရှိဘူးလား
- လယ်တီမခက် လယ်လုပ်ခက်

စသည် စသည်ဖြင့် အလွန်လေးနက် နူးညံ့သိမ်မွေ့ ဆန်းကြယ်သော နည်းတို့ဖြင့် ခြယ်လှယ်၍ မွမ်းမံထားသော တရားခွန်းများကို တွေ့ရှိရသည်။

**မဟာကာရုဏိကံ နာထံ**
**ဉေယျသာဂရ ပါရဂုံ**
**ဝန္ဒေနိပုဏ ဂမ္ဘီရံ**
**ဝိစိတြနယ ဒေသနံ။**

ဟူ၍ ဥဒါန်းအဋ္ဌကထာဆရာကြီးသည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို -

(၁) နိပုဏနယ သိမ်မွေ့သောနည်း၊
(၂) ဂမ္ဘီရနယ နက်နဲသောနည်း၊
(၃) ဝိစိတြနယ ဆန်းကြယ်သောနည်း၊

နှင့် ပြည့်စုံကြောင်း ချီးကျူးတော်မူခဲ့သည် မဟုတ်ပါလော။

လယ်တီဘဒ္ဒန္တဉာဏဓရာဘိဝံသသည်လည်း ထိုနည်းသုံးမျိုးကို ဦးထိပ်ရွက်ပန်ဆင် နည်းမှီးယူ၍ ဟောကြားထားကြောင်း ထင်ဟပ်ပေါ်လွင်နေပါသည်။

ထို့ပြင် လယ်တီဘဒ္ဒန္တဉာဏဓရာဘိဝံသ၏ တရားဒေသနာ၌ -

(၁) သတ္ထ- အနက်အဓိပ္ပါယ်ကောင်းပါရှိခြင်း၊
(၂) သဗျဉ္ဇန- ချောမောပြေပြစ် ကျစ်လျစ်ကောင်းမွန်သော စကားဝါကျပါရှိခြင်း၊

(၃) ကေဝလပရိပုဏ္ဏ- ပယ်နှုတ်စရာမရှိအောင် ဘက်စုံပြည့်ဝခြင်း၊

(၄) ပရိသုဒ္ဓ ပြဟ္မစရိယပ္ပကာသက- စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော မြတ်သောပဋိပတ်ကျင့်စဉ်ကိုသာ ဦးတည်၍ပြထားခြင်း၊

ဤတရားကောင်းလက္ခဏာ (၄)တန်နှင့် ပြည့်စုံအောင် အထူးဂရုပြုဟောကြားထားသည်ကိုလည်း တွေ့ရှိရသည်။ ထို့ပြင် -

(၁) အာဒိကလျာဏ- ပထမပိုင်း နိဒါန်းစကားဖြင့် တရားဥဒ္ဒေသကို ပြသဖြင့် ကောင်းမြတ်လှပါသည်။

(၂) မဇ္ဈေကလျာဏ- အလယ်ပိုင်းတရားကား နိဒ္ဒေသကို ပြသဖြင့် တစ်ဆင့်တက် ကောင်းမြတ်လှပါသည်။

(၃) ပရိယောသာနကလျာဏ- နိဂုံးတရားဒေသနာအဆုံးတွင် ယောဂီတို့အား ဤလယ်တီဝိပဿနာကျင့်စဉ်တရားကို အားရှိအားကုန် ဦးလည်မသုန် တရားစခန်းရက်အတွင်း ဉာဏ်အလင်းဓာတ်ကြီး ပေါက်ရောက်၍ မျက်မှောက်ပြုနိုင်အောင် အားထုတ်ကြရန် တိုက်တွန်းချက်ကို ပြသဖြင့် ထပ်ဆင့်ကောင်းမြတ်လှပါသည်။

ဤသို့လည်း ကောင်းခြင်းသုံးဖြာနှင့် ပြည့်စုံသည်ကို တွေ့ရှိရပါသည်။

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသသည် ဝါကျတ္တဒီပနီကျမ်းပြု မုံရွာမြို့ သပြေပင်တောရဆရာတော်ဘုရားကြီး၏ သဒ္ဒိဝိဟာရိက တပည့်ဖြစ်၍လည်း ကျဉ်းကျယ်၊ ကြောင်းကျိုး သာမညဝိသေသ၊ သာဓက စသော စကားဝါကျ အသွားအလာ၌ အလွန်နားလည်ထားသူဖြစ်၍ တရားဒေသနာ အစဉ်အဆက် ချောပြေစေ့စပ်အောင် ဟောစွမ်းနိုင်ပါသည်။ **"ပုဒ်နေ၊ ပုဒ်ထား၊ ပုဒ်သွား၊ ပုဒ်လာ၊ ပုဒ်မှာ၊ ပုဒ် ထပ်၊ ပုဒ်ဟောစပ်"** ဟူသော ပဒဝါကျ သမ္ဗန္ဓယောဇနာ နည်းစနစ် (၆)မျိုးကို

ကျမ်းရိုးကျန တတ်သိကျွမ်းကျင်သော ပုဂ္ဂိုလ်ဖြစ်၍လည်း စကားလုံးများကို ပုလဲကုံး၊ ပတ္တမြားကုံးများကဲ့သို့ အနေအထား ခွဲခြားစေ့စပ် သပ်ရပ်မှန်ကန်စွာ ဝါကျသွယ်ကုံး၍ ဟောကြားနိုင်စွမ်း ရှိပါပေသည်။

ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်းကြီးများကို နိုင်နင်းသော ဂဏဝါစက စာချသူမြတ်ဖြစ်၍လည်း ဝိတဏ္ဍီဝါဒ သမာနဝါဒ ယုတ္တ-အယုတ္တ စကားအဆစ်အပိုင်း ဝေဖန်ချက်တို့ဖြင့် ရှင်းလင်းဖော်ပြကာ ဟောကြားနိုင်ပါပေသည်။

ဉာတ်ကောက်၊ အလင်္ကာကောက်၊ နေတ္တိကောက်၊ အဘိဓမ္မာကောက် စသော အရကောက် အဓိပ္ပါယ်ကောက်ကျမ်းတို့ကို သင်ကြားပြသပေးနေသော ပုဂ္ဂိုလ်ဖြစ်၍လည်း ယောဂီသူတော်စင်၏ စိတ်နှလုံးကို ယူကြုံးပိုင်ပိုင် ဆွဲဆောင်နိုင်သော လိုရင်းအကျဉ်းအကျယ် မှတ်သားဖွယ်ကောက်ချက်ကို ဖော်လှစ်ချပြ၍ ဟောနိုင်ပါပေသည်။

ပဒဘာဇနီ၊ ဝိဘင်း၊ နိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ္ဂ ပါဠိတော်ကြီးများ၏ အသွားအလာ နည်းနာနိဿယကို ကောင်းစွာ အာဂုံရမိ သိရှိထားသော ပုဂ္ဂိုလ်ဖြစ်၍လည်း နိဒါန်းချီထားသော စကားအကျဉ်းကို အကျယ်တဝင့် ဖော်ပြချဲ့ထွင် ဟောကြားနိုင်ပါသည်။

စာချ၊ စာသင်၊ စာပြင်၊ စာရှု၊ စာမှတ်၊ စာဆုံးဖြတ်ဟူသော ဂဏဝါစကစာချ အင်္ဂါ(၇)ဖြာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်၍လည်း ကျက်၊ ကြည့်၊ ပြန်အံ သာမန်အစွမ်းဖြင့်မဟုတ်ပဲ၊ ပါဠိ အဋ္ဌကထာ အာစရိယဝါဒနည်းပေါင်း ခြုံရုံ၍ ဒွိပိဋကဓရ ခွန်အားအပြည့်ဖြင့် ဟောကြားထားသည်ကို တွေ့ရသည်။

(၁) ဗုဒ္ဓမြတ်စွာသည် လယ်သမားကြီး ဘာရဒွါဇအား လယ်သမားလယ်ထွန်တရားဖြင့် ချေချွတ်ဟောကြားသည်။

(၂) ဂွမ်းမင်းသား ဥဂ္ဂသေနအား တစ်ပတ်ဂွမ်းထိုးဂါထာဖြင့် အရဟတ္တဖိုလ်ပေါက် တရားဟောကြားတော်မူ၏။

(၃) ဆွမ်းသုံးကြိမ်ထပ်၍ ခံယူသဖြင့် ငြီးတွားသော ဥဒယပုဏ္ဏားအား ထပ်ကာထပ်ကာ ပြုကျင့်ရာ တရား(၁၆)ပါးကို ဟောကြားဆုံးမ တော်မူသည်။

(၄) မာနကြီးသော ဥရုဝေလကဿပရသေ့အား တန်ခိုးပေါင်း သုံးထောင့်ငါးရာ တစ်ဆယ့်ခြောက်မျိုးပြ၍ မာနချိုးပြီးမှ တရားကို ဟောကြားတော်မူသည်။ မီးပူဇော်သော ရသေ့များအား မီးလောင် ပြင်တရားကို ဟောကြား၍ အရဟတ္တဖိုလ်ပေါက်စေသည်။

(၅) အဆဲပေါင်းတစ်ရာဖြင့် ဆဲသော ဘာရဒွါရဇပုဏ္ဏားအား လက်ဆောင်ပေးဥပမာပြ၍ သင်ပုဏ္ဏားဆဲသမျှလက်ဆောင်ကို ငါဘုရားမယူလို၊ သင့်ဘာသာ သင့်အဆဲတွေကို ပြန်ယူသွားပေ ရော့ဟု ပြောဆိုပြီး တရားကို ဟောကြားသဖြင့် အဆဲသမားကြီး ရဟန္တာဖြစ်ပွားရပေသည်။

(၆) အချောအလှကြိုက် မယ်ခေမာ ဇနပဒကလျာဏီအား သူတို့ထက် အလှကို ဖန်ဆင်းပြ၍ အိုနာသေ အကောင်ပုပ်တိုင်အောင် နောက်ဆက်တွဲအပြစ်ကိုပါ ပြတော်မူကာ ရဟန္တာမအဖြစ်သို့ ရောက်အောင် ဟောကြားတော်မူသည်။

(၇) ဉာဏ်ထိုင်းလှသော စူဠပန်ရဟန်းငယ်ကို ပုဝါဖြူလေးကို ဖန်ဆင်း ပေးပြီး လက်ဖြင့်ချေစေ၍ ဖြူအညစ်အကြေးကို (ဆောင်တယ်၊ သုတ်တယ်)လို့ နှုလုံးသွင်းလေဟု ဟောကြားလိုက်သဖြင့် ပုဝါဖြူ လေး ပေညစ်သွားခြင်းကို သံဝေဂယူ၍ စူဠပန်ရဟန်းသည် -

- ရာဂဆိုတာ ဖြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- ဒေါသဆိုတာ ဖြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- မောဟဆိုတာ ဖြူမှုန်ပါ မှန်စွာဖြစ်ပေသည်။
- လေ၏အဟုန် မြေမှုန်ခုန် ဖြူမှုန်မဟုတ်ပြီ။
- ကိလေသာဖြူကင်းအောင်မူ ကျင့်သူကင်းလိမ့်မည်။

- ကိလေသာမြူကင်း တရားမင်း သားရင်းဖြစ်ပေမည်။

ဤတရားဒေသနာ၏အဆုံး၌ ရဟန္တာကြီး ဖြစ်သွားလေသည်။

(၉) အင်္ဂုလိမာလသည် ဗုဒ္ဓကိုလိုက်၍ သတ်၏။ ဗုဒ္ဓကိုမှီအောင် မလိုက်နိုင်သဖြင့် "ရဟန်းရပ်လော့"ဟု ဆို၏။ ဗုဒ္ဓသည် ရပ်လော့ ဟူသော စကားကိုအခြေခံ၍ "ဟဲ့- အင်္ဂုလိမာလ သင်သာမရပ်၊ ပြေးသွားနေပါတကား၊ ငါကား ရှေ့သို့ မပြေးသွားပြီ၊ ထာဝရ ရပ်တန့်နေပြီ"ဟု စကားအကျဉ်း မိန့်ကြား၍ ပုဂ္ဂိုလ်တစ်ဦး၏ သံသရာ၌ ပြေးသွားနေပုံ၊ ရပ်ပုံကို ဟောကြားသဖြင့် အင်္ဂုလိမာလ သည် ရဟန္တာကြီးဖြစ်ရလေသည်။

(၁၀) ဗုဒ္ဓမြတ်စွာသည် တရားပွဲတိုင်းပင် ဒါန၊ သီလ၊ ဘာဝနာကို ဟောကြားစမြဲ လက်စွဲတရားကို ဟောတော်မူ၏။

(က) ဒါနဆိုတာ ဘာတဲ့လဲ၊ စည်းစိမ်ချမ်းသာ ရှာတာပဲ။

( ခ) သီလဆိုတာ ဘာတဲ့လဲ၊ ဘဝကောင်းကို ရှာတာပဲ။

( ဂ) ဘာဝနာဆိုတာ ဘာတဲ့လဲ၊ ဝိပဿနာဆိုတာ ဘာတဲ့လဲ၊ နိဗ္ဗာန်ချမ်းသာ ရှာတာပဲ။

ဤတရားကြီးသုံးပါး ထာဝရဟောတော်မူ၍ ဒါနရှင်၊ သီလရှင်၊ ဝိပဿနာယောဂီ သူတော်စင်ဖြစ်အောင် ဟောကြားတော်မူ သည်။

ဤသို့စသည်ဖြင့် မြတ်စွာဘုရား၏ တရားဒေသနာ တန်ဆာဆင် ပုံကို ခြုံငုံမှတ်သားနိုင်သော ပုဂ္ဂိုလ်ဖြစ်၍လည်း လယ်တီဘဒ္ဒန္တ ဇာဂရာဘိဝံသသည် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းပွဲတို့၌ သိမ်မွေ့နက်နဲ ဆန်းကြယ်ကြည်ညို မှတ်သားဖွယ်တို့ကို တခမ်းတနား ဟောကြားထားပုံကို ဤစာအုပ်၌ တွေ့မြင်ရှုမှတ်သားနိုင်မည် ဖြစ်ပါ သည်။

**တိုက်တွန်းချက်**

လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ၏ လယ်တီဝိပဿနာတရားစခန်း၌ ဟောကြားအပ်သော တရားတော်များကို စုပေါင်းထားသော ဤကျမ်းစာအုပ်ကို ဝိပဿနာယောဂီသူတော်စင်ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လိုသောသူ၊ ဗုဒ္ဓဘာသာတရား လိုက်စားလေ့လာသူအပေါင်း သူတော်ကောင်းတို့ အစဉ်ရှုမှတ်သင့်လှပါသည်။ စာဖတ်သူတို့အား ဝိပဿနာအလုပ်ကို အမြဲအားပေး ဟောကြားနေသကဲ့သို့ ဖြစ်ပါလိမ့်မည်။ ဝိပဿနာကျင့်စဉ် လမ်းကြောင်း မတိမ်းမစောင်းအောင် ဖြောင့်ဖြူးအောင် ပြောဟောပေး နေသကဲ့သို့ ဖြစ်ပါလိမ့်မည်။

ထို့ကြောင့် လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ အရှင်မြတ်၏ လယ်တီ ဝိပဿနာ (၇)ရက်တရားစခန်း တရားတော်များ (ဤကျမ်းစာအုပ်)ကို ယောဂီသူတော်စင်ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လိုသူ၊ ဗုဒ္ဓဘာသာတရား လိုက်စား လေ့လာသူအပေါင်း သူတော်ကောင်းတို့ လက်ကိုင်ထား၍ ဖတ်ရှုမှတ်သားကြရန် အလေးအနက်တိုက်တွန်း မှာကြားအပ်ပါသည်။

**ကေမူလာ ကေကန္ဓော၊ တထောသာခါ ပဘိင္ဂရေ**
**တထာပလာသ ပဏ္ဏာနိ၊ ဇဝံနာနာနိ ကာယကာ**
**နာနာစရိယဘာဝေန၊ ဝိသုံ ဝိသုံ ပဘိဇ္ဇရေ**
**သောဂတောနတထေရာနံ၊ နယံ သေဝေယျ ပဏ္ဍိတော**
**သောဂတညော နတာနံတု၊ နဟိသေဝေယျ သဇ္ဇနော။**

အမြစ်တစ်ခုမှ ပင်စည်တစ်ခု ဖြစ်၏။ ပင်စည်တစ်ခုမှ ကိုင်းမများစွာ ဖွာထွက်၏။ ကိုင်းမကြီးများမှ အခက်အလက် အရွက်များစွာ ဗလဖွာဖြာကွဲထွက်ကုန်၏။

ဤအတူ မြတ်စွာဘုရား တည်းဟူသော မူအမြစ်မှ သံဃာတည်းဟူသော ပင်မကြီးဖြစ်၏။ သံဃာတည်းဟူသော ပင်မကြီးမှ အသီတိရှစ်ကျိပ် ရဟန္တာတပည့်ကြီးများ တည်းဟူသော ကိုင်းမကြီးများ ဖြာထွက်

သော်လည်း တစ်စုတည်းသော ပင်မသံဃာသာ ဖြစ်၏။ ထိုရဟန္တာကြီးများ၏ တပည့်အဆက်ဆက် အခက်အလက် အရွက်တွေ ဖြာထွက်သော်လည်း တစ်စုတည်းသော ပင်မသံဃာတော်သာ ဖြစ်လေ၏။

သာသနာနောက်ဖျား၌မူကား -

ဝါဒကွဲပြားသော ဆရာတည်းဟူသော အကိုင်းမကြီးများသည် သံဃာအစုကြီးမှ ခွာထွက်ကွဲပြားကုန်၏။ ထိုဆရာကြီးတို့၏ တပည့်အဆက်ဆက် အခက်အလက်တို့အား နိကာယ၊ ဂိုဏ်း၊ အုပ်စု ကွဲပြား၍ သံဃာတည်းဟူသော အစုအဝေးကြီးသည် အစိတ်စိတ် အမွှာမွှာ ဗလဖွာ ကွဲပြားလေ၏။

သို့ရာတွင် သောဂတ + ဩနတ + ထေရ = ပါဠိတော်မြတ်ကို ဦးညွတ်လေးစားသော မထေရ်မြတ်ကြီးတို့၏ ပရိယတ် ပဋိပတ် နည်းကောင်းနည်းမြတ်ကို ပညာရှိအပေါင်း သူတော်ကောင်းသည် မှီဝဲဆည်းကပ် ကျင့်သုံးရာ၏။

သောဂတ + အညု + ဩနတ = ပါဠိတော်မှတစ်ပါးသော မိစ္ဆာဝါဒကို ညွတ်ကုန်သော ဆရာအတုအယောင်တို့၏ အတ္တနောမတိ တရားလက်သစ် နည်းမှားနည်းပျက်ကို ပညာရှိသူတော်ကောင်းသည် မမှီဝဲ မဆည်းကပ် မကျင့်သုံးသင့်ပေ။ အထူးသိရှိရာသတည်း။

**လယ်တီဘဒ္ဒန္တကုဏ္ဍလ**
**အဂ္ဂမဟာပဏ္ဍိတ**
**ပဓာန နာယကဆရာတော်**
**အရှေ့လယ်တီတိုက်၊ မုံရွာမြို့။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်
နာဂလိုဏ်ဂူဘုရားကုန်းမြေ
ကလေးဝတောရကျောင်းစာသင်တိုက်
လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်တို့၏ ပဓာန နာယက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်(၁)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ
အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၂)
မဟာသန္တိသုခနှင့်အပြည်ပြည်ဆိုင်ရာထေရဝါဒသာသနာပြုတက္ကသိုလ်
ဩဝါဒါစရိယ
အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
မူလအာဘိဓမ္မိက
ပရိယတ္တိသာသနဟိတဓရ

# လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ

၏

**ဘဝဖြစ်စဉ်**

**ဇာတိဌာန မွေးရပ်မြေ**

စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ကနီမြို့နယ်၊ ယင်းအုပ်စု၊ ကုန်းသာကျေးရွာ၊ ဖခမည်းတော် ဦးပေါ - မယ်တော် ဒေါ်အေးသန့်တို့မှ ၁၃၀၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၆)ရက်၊ အင်္ဂါနေ့ညဉ့် (၉)နာရီအချိန်တွင် ဖွားမြင်သော အဘိဇာတ တတိယသားရတနာ ဖြစ်သည်။

**ကျောင်းအပ်ပညာသင်ခြင်း**

ငါးနှစ်သားအရွယ်တွင် ဦးလေးသိန်း၏ အကူအညီရယူ၍ ကုန်းသာရွာကျောင်း ဆရာတော် ဦးစန္ဒိမာ၊ ဆရာတော် ဦးကုမုဒ၊ ဆရာတော် ဦးဉာဏဝံသ တို့ထံအပ်နှံ၍ ဘုန်းတော်ကြီးသင်ပညာရေး အခြေခံမှစ၍ သင်ယူခဲ့သည်။

**ရှင်သာမဏေဘဝ**

ဆယ်နှစ်သားအရွယ်တွင် အဘိုး ဦးတုတ်ရ - အဖွား ဒေါ်ဖွားအုံ၊ အဘိုး ဦးဘိုးဆင် - အဖွား ဒေါ်နန်းပါးတို့ကို အမှူးထား၍ ခမည်းတော် - မယ်တော်တို့က ရှင်ဒါယကာ - ဒါယိကာမများအဖြစ်ဖြင့် ရှင်ပြုမင်္ဂလာ ပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက် ဆရာတော် ဦးကုမုဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ သာသနာ့အမွေ ခံယူခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ဇာဂရ ဖြစ်သည်။

**စာသင်ထွက်ခဲ့ခြင်း**

ကုန်းသာရွာတွင် (၂)ဝါဆိုပြီး (၁၂)နှစ်သားအရွယ် ၁၃၁၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၅)ရက်၊ ကြာသပတေးနေ့တွင် ဆရာတော် ဦးကုမုဒ ကိုယ်တော်တိုင် မုံရွာမြို့ လယ်တီနိကာယ သပြေပင်တောရ ကျောင်းတိုက် ကျမ်းပြုအကျော် ဆရာတော် အရှင်ကေဝလာဘိဝံသ ထံတော်သို့ အပ်နှံလျက် ပရိယတ္တိစာပေများကို သင်ကြားစေခဲ့သည်။

သပြေပင်တောရကျောင်းတိုက်သည် မဟာနာယက ပထမ ဆရာတော်ဘုရား ဘဒ္ဒန္တကေဝလာဘိဝံသ၊ ဒုတိယဆရာတော် ဘဒ္ဒန္တ ကုမုဒနှင့် စာချဆရာတော်များဖြစ်ကြသော -

- အရှင်ဓမ္မိက (ယခု မုံရွာမြို့၊ ရှမ်းတော်ရပ်၊ ဓမ္မိကာရုံ ဆရာတော်)

- အရှင်ဩဘာသ (ယခု ပဲခူး၊ အင်းတကော်၊ ဘုရားငုတ်တို ရေဝန်းကျောင်းဆရာတော်)
- အရှင်ပညာသိရိ (ယခု ဟုမ္မလင်းမြို့၊ သဝန်ရွာဆရာတော်)
- အရှင်မာနိတ (ယခု ချောင်းဦးမြို့၊ ကျီကုန်းရွာ၊ ဓမ္မရက္ခိတ ကျောင်းဆရာတော်)
  အရှင်သုမန (တပ်ကုန်းမြို့၊ ငွေတောင်တောရကျောင်း တိုက်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်)
- အရှင်ပညာသိရိ (အဂ္ဂမဟာပဏ္ဍိတ ပါဠိပါရဂူ၊ ငွေတောင် တောရကျောင်းတိုက် ပဓာန နာယကဆရာတော် တပ်ကုန်းမြို့)
- ဘဒ္ဒန္တပရမ၊ သာသိဓ ဓမ္မစရိယ (ငါန်းဇွန်ဆရာတော်)
- မုံရွာမြို့၊ အရှေ့လယ်တီကျောင်းတိုက် ပဌာန်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၊
- စာချဆရာတော် ဘဒ္ဒန္တမာလာသိရိ (ယခု နိုင်ငံတော် ဩဝါဒါစရိယ၊ လယ်တီတိုက်သစ်၊ မြင်းမူမြို့)
- စာချဆရာတော် ဘဒ္ဒန္တပညာဝံသ (အရှေ့လယ်တီနာယက)
- စာချဆရာတော် ဘဒ္ဒန္တကုဏ္ဍလ (ယခု အရှေ့လယ်တီ တိုက် ပဓာနနာယကဆရာတော်) အဂ္ဂမဟာပဏ္ဍိတ၊

စသော ဆရာတော်များထံတွင် ပရိယတ်စာပေ အခြေခံများနှင့်တကွ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌိ၊ ကျမ်းကြီး၊ ကျမ်းငယ် အသွယ်သွယ် တို့ကို သင်ယူခဲ့သည်။

အထူးသဖြင့် သပြေပင်တောရ ဆရာတော်ကိုယ်တော်တိုင် သင်ကြားပို့ချပေးသော ရူပသိဒ္ဓိကျမ်းကို သုံးနှစ်တိုင်တိုင် အစမှ အဆုံးတိုင်အောင် သင်ကြားခဲ့ရသည်။

ဆရာတော်ဘုရား စာချစဉ်နှင့် ညဉ့်အသုံးပြုတော်မူသော ထွေးခံကြီးနှစ်လုံးကို ဆေးကြော၍ ဝေယျာဝစ္စအမှုကြီးငယ်ကို ဝတ်ပြု ဆောင်ရွက်ခဲ့သည်မှာ (၁၅)နှစ်ခန့် ဖြစ်သည်။

**ရဟန်းဒါယကာ ဒါယိကာမများ**

မုံရွာမြို့၊ သပြေပင်တောရကျောင်းတိုက် ဆရာတော် အရှင် ကေဝလာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ၁၃၂၂ ခုနှစ်၊ တပေါင်းလဆန်း (၇)ရက်၊ တနင်္လာနေ့တွင် မုံရွာမြို့၊ တရုတ်တန်း ဇေယျသုခဆန်စက် ပိုင်ရှင် ဦးဘရွှေ - ဒေါ်ရွှေချယ် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟနှင့် ရန်ကုန်၊ မုံရွာ၊ ကနီ၊ တောင်ကြီး၊ မန္တလေး၊ ဝါးခယ်မမြို့၊ မလေးရှားနိုင်ငံ၊ အမေရိကန်နိုင်ငံများမှ ရဟန်းဒါယကာ - ဒါယိကာမများက ပစ္စည်း လေးပါး ဒါယကာ ဒါယိကာမများအဖြစ် (၆၈)ကြိမ်တိုင်တိုင် သိက္ခာ ထပ်တင် ထောက်ပံ့လှူဒါန်းခဲ့ကြသည်။ ရဟန်း(၁)ဝါရတွင် ပထမဆုံး ရဟန်းဒါယကာက ဝိဇ္ဇာမဂ္ဂဒီပနီတိုက် စာချကျောင်း ဆောက်လုပ်လှူဒါန်း ခဲ့သည်။

**ပခုက္ကူစာသင်နည်း**

ရဟန်း (၁)ဝါအရ ဓမ္မာစရိယတန်း ပါဠိဘာသာဖြင့် အောင်မြင် ပြီးသောအခါ ပခုက္ကူအလယ်တိုက်ကြီး၊ မဟာဝိသုတာရာမတိုက်၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသူန္တရ မဟာထေရ်၏ ခြေတော်ရင်းကို ခိုလှုံလျက် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တနေမိန္ဒ သီတင်းသုံးတော်မူရာ **"သုဝဏ္ဏဝတီတိုက်"**ကျောင်းတွင် နေထိုင်ပြီး တိုက်အုပ်ဆရာတော် ဘဒ္ဒန္တမာဃိန္ဒ, ဘဒ္ဒန္တနန္ဒိယ, ဘဒ္ဒန္တပညိန္ဒ (အဂ္ဂမဟာပဏ္ဍိတ), ဘဒ္ဒန္တနေမိန္ဒ စသော ဂဏဝါစကဆရာတော်များ ထံတော်တွင် နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊ အဋ္ဌကထာ၊ ဋီကာများနှင့်

တကွ သင်ယူခဲ့ပြီး တိပိဋကစာပြန်ပွဲ ဝင်ရောက်ဖြေဆိုနိုင်ရန် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသုန္ဒရ မဟာထေရ်၏ အားပေးချီးမြှောက်မှုကို ခံယူ ရရှိခဲ့သည်။

**မန္တလေးစာသင်နည်း**

မန္တလေးမြို့၊ ရွှေရေးဆောင်ကျောင်းတိုက် အထူးစာချအကျော် သံချောင်းဆရာတော် ဦးပဏ္ဍဝ၊ မန္တလေးမြို့ ရွှေရေးဆောင်ကျောင်းတိုက် သူဌေးကျောင်းဆရာတော် ဦးစန္ဒိမာ၊ မန္တလေးမြို့ ဆီးဘန်နီဆရာတော် ဘဒ္ဒန္တအာစာရာဘိဝံသ နိုင်ငံတော်သံဃမဟာနာယက၊ ဘုရားကြီးတိုက် အမရပူရကျောင်းဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသ နိုင်ငံတော်သံဃ မဟာနာယက အရှင်မြတ်တို့ထံ မန္တလေးစာသင်နည်း၊ ရွှေရေးဆောင် နည်းကို သင်ယူခဲ့သည်။

**လားရှိုးမြို့**

၁၃၂၁ ခုနှစ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၊ မဟာဗောဓာရုံကျောင်းတိုက်၌ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကဝိန္ဒာစာရ (ယခု အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယ ဥက္ကဋ္ဌ) မြို့လယ်ကျောင်းဆရာတော်၏ အာမိသဓမ္မ ထောက်ပံ့မှုကို ရယူနေထိုင်ခဲ့သည်။

**အောင်မြင်တော်မူခဲ့သောစာမေးပွဲများ**

(၁၄)နှစ်သားအရွယ်တွင် သာသနာတော် (၂၅၀၀)ပြည့် အထိမ်း အမှတ် ဝိနည်းစာပြန်ပွဲတွင် “**ပထမ**”ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

(၁၆)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲတွင် “**ပထမငယ်တန်း**” ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

(၁၇)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲ **"ပထမလတ်တန်း"** ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

(၁၈)နှစ်သားအရွယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲ **"ပထမကြီးတန်း"**ကို ဖြေဆိုအောင်မြင်ပြီး မုံရွာမြို့၊ သပြေပင်တောရကျောင်း ပါဠိပါမောက္ခသမိတိမှ ကြီးမှူးကျင်းပသော စာမေးပွဲ၌ ပထမအဆင့် ပထမ၊ ဒုတိယအဆင့် ဒုတိယ၊ တတိယအဆင့် ပထမ အောင်မြင်ခဲ့သည်။

(၁၉)နှစ်သားအရွယ်တွင် အစိုးရဓမ္မာစရိယစာမေးပွဲ သီလက္ခန်နှင့် အဋ္ဌသာလိနီ (၂)ကျမ်း ပါဠိဘာသာဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။

(၂၀)နှစ် ရဟန်း(၁)ဝါရတွင် **"ပါရာဇိကဏ်"**ကျမ်းကို အောင်မြင်ခဲ့သည်။ ကျမ်းရင်းအစိုးရဓမ္မာစရိယတန်း **"ပါဠိဘာသာ"**ဖြင့် အောင်မြင်ခဲ့သည်။ သာသနဓဇဓမ္မာစရိယဘွဲ့ (ပါဠိဘာသာ)ဖြင့် ရခဲ့သည်။

ရဟန်း(၂)ဝါရအတွင် စာမျက်နှာ (၇၇၉)ရှိသော ဒီဃနိကာယ်သုတ္တန္တပိဋကကို အာဂုံပြန်ဆိုနိုင်ခဲ့သဖြင့် အရိုးနီထီးဖြူတော်တစ်လက်တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်နှင့် **"ဒီဃဘာဏက"**ဘွဲ့ပုံလက်မှတ်ရရှိခဲ့သည်။

ရဟန်း(၄)ဝါအရတွင် **"မဟာဝဂ္ဂါဒိ"** မြန်မာဂုဏ်ထူးကို အောင်မြင်တော်မူခဲ့သဖြင့် **"သာသနာဓဇ သီရိပဝရ ဓမ္မာစရိယ"** ဘွဲ့ ရရှိတော်မူခဲ့သည်။

ရဟန်း(၅)ဝါအရတွင် **"သုတ္တန္တ ပိဋက ဒီဃနိကာယ်"** ရေးဖြေစာမေးပွဲအောင်မြင်သဖြင့် အရိုးဝါထီးဖြူတော်တစ်လက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော် **"ဒီဃနိကာယ ကောဝိဒ"**ဘွဲ့ပုံလက်မှတ်ကို ရရှိတော်မူခဲ့သည်။ ထိုအချိန်မှစ၍ ရထား၊ သင်္ဘောအထက်တန်း အခမဲ့စီးနင်းလိုက်ပါခွင့် တပည့်တစ်ယောက်နှင့်အတူ ရရှိခဲ့သည်။

ဒီဃဘာဏကဘွဲ့တံဆိပ်တော်နှင့် ဒီဃနိကာယကောဝိဒဘွဲ့ တံဆိပ်တော်များ ရရှိတော်မူသည့်အတွက် ဂုဏ်ပြုပူဇော်ပွဲကို မုံရွာမြို့ သပြေပင်တောရဆရာတော်ဘုရားကြီးနှင့် ဆရာတော် ဦးကုမုဒတို့က ဦးဆောင်လျက် တပည့်ဒါယကာ ဒါယိကာမများက ဆင်ယင်ကျင်းပ ချီးမြှောက်မှုခံခဲ့ရသည်။

ရဟန်း(၁၀)ဝါအရတွင် စာမျက်နှာ(၂၂၆၀)ပါရှိသော ဝိနယ ပိဋကတော်ကို တစ်နှစ်တည်း အာဂုံပြန်ဆိုအောင်မြင်သဖြင့် အရိုးနီ ထီးဖြူတော်နှစ်လက်တံဆိပ် ပါရှိသော သာသနာ့အောင်လံတော်နှင့် **“ဝိနယဓရ”**ဘွဲ့လက်မှတ်ကို ရရှိတော်မူခဲ့သည်။

ရဟန်း(၁၄)ဝါအရ (၂၇)ကြိမ်မြောက် တိပိဋကစာမေးပွဲတွင် ဝိနည်း(၅)ကျမ်း ရေးဖြေစာမေးပွဲ၌ မြန်မာတစ်နိုင်ငံလုံး တစ်ပါးတည်း အောင်မြင်တော်မူခဲ့ရာ အရိုးဝါထီးဖြူနှစ်လက်တံဆိပ်ပါရှိသော သာသနာ့ အောင်လံတော် **“ဝိနယကောဝိဒ”** ဘွဲ့ပုံလက်မှတ် ရရှိတော်မူခဲ့သည်။

ဝိနယဓရ ဘွဲ့တံဆိပ်တော်နှင့် ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော် များ ရရှိတော်မူသဖြင့် **“ဂုဏ်ပြုပူဇော်ပွဲ”**ကို မုံရွာမြို့၊ မြို့မရွှေဂူတိုက် လယ်တီနိကာယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးကေသရ သပြေပင်တောရဆရာတော်တို့က ဦးဆောင်၍ ဒါယကာ ဒါယိကာမများ၊ စစ်ကိုင်းတိုင်း ကောင်စီဥက္ကဋ္ဌ၊ မုံရွာမြို့နယ် ကောင်စီဥက္ကဋ္ဌတို့က ကြီးမှူး၍ ကျင်းပခဲ့ကြသည်။

ရဟန်း(၁၆)ဝါအရ (၃၀)ကြိမ်မြောက် တိပိဋကစာမေးပွဲတွင် အဘိဓမ္မာရှေ့ပိုင်း (၅)ကျမ်း၊ စာမျက်နှာ (၁၃၉၀)တို့ကို ပြန်ဆိုရာ၌ မြန်မာနိုင်ငံတစ်နိုင်ငံလုံး တစ်ပါးတည်း အောင်မြင်ခဲ့သဖြင့် အသိအမှတ်ပြု လက်မှတ် ရရှိခဲ့သည်။ ဂုဏ်ပြုပူဇော်ပွဲကို ကျေးဇူးတော်ရှင် ကလေးဝ အဘိုးဆရာတော်ဘုရားကြီးက ကြီးမှူးကျင်းပပေးခဲ့သည်။ သုတ္တန် ဝိနည်း အဘိဓမ္မာရှေ့ပိုင်း (၃၅)ရက်တိုင်တိုင် အာဂုံပြန်ဆိုရာ တစ်ကြိမ်တစ်ခါမျှ

ကျရှုံးခြင်းမရှိပဲ အောင်မြင်ခဲ့သည်။

ဆရာတော်သည် ငယ်ရွယ်စဉ် (၁၂)နှစ်သားအရွယ်ကပင် မျက်စိမှုန်ဝါး ဖြစ်ခဲ့ပြားလည်း -

"ဘာကြောင့်ညာကြောင့် မဖြောင့်လုပ်ကိုင်"
"လူအညံ့စား ကိုယ့်အားမပိုင်"
"ကိုယ့်ကိုအားပြု ဘာမှုဘာဆိုင်"
"ကိုယ့်အလုပ် ကြိုးကုတ်အောင်ပန်းတိုင်"

ဟူသော ရှင်သာမဏေဘဝက ရေးသားသောစကားဖြင့် အမြဲအားမြှင့်ပေးတော်မူခဲ့သည်။

**နိုင်ငံတော်အစိုးရနှင့်ရာပြည့်အထိမ်းအမှတ်ဂုဏ်ပြုတံဆိပ် (၄)ခု ဂုဏ်ပြုဘွဲ့တံဆိပ်များ**

ပရိယတ္တိစာပေများ နှစ်ပေါင်း(၄၀)ကျော် ပို့ချလျက် သာသနာ့တာဝန်များ ထမ်းဆောင်တော်မူခဲ့သောကြောင့် -

- ၁၃၅၇ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က **"အဂ္ဂမဟာဂန္ထဝါစက"** ပထမစာချဘွဲ့တံဆိပ်တော်၊
- ၁၃၆၀ ပြည့်နှစ်တွင် သက်တော် (၅၈)နှစ်၊ သိက္ခာတော် (၃၈)ဝါအရတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက **"အဂ္ဂမဟာပဏ္ဍိတ"**ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ပခုက္ကူရာပြည့်ဂုဏ်ပြုဘွဲ့ပုံလက်မှတ်များ**

၁၃၅၈ ခုနှစ်တွင် ပခုက္ကူစာချနည်း တီထွင်သည့် **"ရာပြည့်အထိမ်းအမှတ်" "မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ**

**ဂဏအနု နာယက"** ဘွဲ့ပုံလက်မှတ်နှင့် ၁၃၆၅ ခုနှစ်တွင် ပခုက္ကူ မဟာဝိသုတာရာမ အလယ်တိုက်ကြီး တည်ထောင်သည့် ရာပြည့် အထိမ်းအမှတ် **"မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ ဂဏမဟာနာယက"** ဘွဲ့ပုံလက်မှတ်ကို ချီးမြှင့်ခံရသည်။ ကျေးဇူးတော်ရှင် ဆရာတော်ကြီး (၄)ပါးတို့၏ ဓာတ်ပုံကြီး(၄)ပုံ ကူးယူပူဇော်ခဲ့သည်။

**မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး ရာပြည့်ဂုဏဝိသိဋ္ဌဘွဲ့**

မန္တလေးမြို့ ပရိယတ္တိသာသနဟိတ သကျသီဟ အသင်းကြီးသည် ပရိယတ္တိသာသနာတော်အကျိုး ဆောင်သယ်ပိုးရန် ၁၂၆၀ ပြည့်နှစ်က တည်ထောင်ခဲ့၍ ၁၃၆၀ ပြည့်နှစ်တွင် ရာပြည့်ပွဲသဘင် ဆင်ယင်ကျင်းပနိုင်ခဲ့သည်။ ရာပြည့် ပရိယတ္တိသာသနာဟိတ သကျသီဟ အသင်းကြီးက စာပေကျမ်းဂန် ပို့ချတော်မူကြသော ဆရာတော်များအား ဂုဏဝိသိဋ္ဌဂုဏ်ပြုလက်မှတ် ဆက်ကပ်ခဲ့ရာ ကလေးဝဆရာတော်အား **"ပရိယတ္တိသာသနဟိတဓရ"**ဟူသော ဂုဏ်ထူးဆောင်ဘွဲ့ပုံလက်မှတ်ကို ဆက်ကပ်ခဲ့သည်။

**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်းဆရာတော် ဘဒ္ဒန္တ ဩဘာသာဘိဝံသသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ အကျိုးတော်ဆောင်ဖြစ်၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ၏ ဒုတိယအဓိပတိ ဖြစ်လာခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့၌ ဥက္ကဋ္ဌတစ်နေရာ ထပ်မံရွေးချယ်ခဲ့ရာ ကလေးဝဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် (၁)ဖြစ်၍

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ ဒုတိယဥက္ကဋ္ဌနေရာ အရွေးချယ်ခံရပြီး ထေရ်စဉ်ဝါစဉ်အလိုက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ (၂)အဖြစ်ဖြင့် ဆောင်ရွက်ခွင့်ရခဲ့သည်။

**ကျမ်းဂန်ရေးသားပြုစုခြင်း**

အဂ္ဂမဟာပဏ္ဍိတ နာဂလိုဏ်ဂူကလေးဝတောရဆရာတော်သည် သပြေပင်တောရဆရာတော်ဘုရားကြီး၏ ပို့ချနည်းအတိုင်း ပါဠိရေးပြောနည်းခေါ် ပါဠိဖတ်စာ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်၊ နာဂလိုဏ်ဂူအဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီဝိပဿနာ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈) တို့ကို ရေးသားပြီး ဓမ္မဒါန လှူဒါန်းခဲ့သည်။

**ကျေးဇူးတော်ရှင် ဆရာတော်ဘုရားများအား ပူဇော်ခြင်း**

အဂ္ဂမဟာပဏ္ဍိတ ကလေးဝဆရာတော်သည် မိမိအား ပစ္စည်းအာမိသတရားဓမ္မဖြင့် ချီးမြှင့်တော်မူခဲ့ကြသော ကျေးဇူးတော်ရှင်ဆရာတော်ကြီးများအား နေ့စဉ်ရှိခိုးပူဇော်ခဲ့သည့်အပြင် နှစ်စဉ်ပင့်လျှောက်၍ ပူဇော်ကျေးဇူးတော်ဆပ်ခဲ့သည်မှာ ယနေ့အချိန်အထိဖြစ်သည်။

**စာသင်တိုက်များ ဖွင့်လှစ်ဦးဆောင် သာသနာပြုဓမ္မစေတီများ တည်ထားကိုးကွယ်ခြင်း**

၁၃၄၁ ခုနှစ်၊ နယုန်လမှစ၍ ရန်ကုန်မြို့၊ နာဂလိုဏ်ဂူကလေးဝတောရစာသင်တိုက်ကို ကိုယ်တိုင်ဦးစီးဖွင့်လှစ်၍ -

- မုံရွာသပြေပင်တောရ စာသင်တိုက်၊
- ဟိုပန်မြို့၊ မြသိန်းတန် စာသင်တိုက်၊

- ဒဂုံမြို့သစ်မြောက်ပိုင်း၊ မင်္ဂလာရာမ စာသင်တိုက်၊
- မန္တလေးမြို့၊ ရွှေရေးဆောင်သူဌေးကျောင်း စာသင်တိုက်၊
- လှည်းကူးမြို့၊ မဟာဇေယျမင်းကျောင်း စာသင်တိုက်၊
- ပဲခူးမြို့၊ မဟာဗောဓိ စာသင်တိုက်၊
- ပဲခူးမြို့၊ မဟာပဒုမဝိနယဓရ စာသင်တိုက်၊
- ဗဟန်း၊ ယောဇနာရာမ စာသင်တိုက်၊
- ချောင်းဦးမြို့၊ ကိုင်းဆယ်ရွာ၊ ဇေယျာရန်နိုင် စာသင်တိုက်၊
- သီပေါမြို့၊ ခန္တီအာရာမ စာသင်တိုက်၊
- ကန့်ဘလူမြို့၊ မဟာရွှေစည်ကြီးစေတီတော် ပရိယတ္တိ စာသင်တိုက်၊
- လှည်းကူးမြို့၊ ရွှေကြာရံလယ်တီတောရရိပ်သာ၊
- ပဲခူးမြို့၊ မဟာကြီးဘုရားကျောင်းစာသင်တိုက်၊
- ပျော်ဘွယ်မြို့၊ ရှားတောဓမ္မရိပ်သာ၊
- မန္တလေးမြို့၊ သမဂ္ဂရာမပညာဒါနကျောင်းတိုက်၊
- မိုးပြေ လယ်တီတောရရိပ်သာ၊
- တောင်ကြီးမြို့၊ အောင်သပြေစွယ်တော်ကျောင်း၊

တို့ကို ဦးစီးနိုင်သော တပည့်ကြီးများ ပေါ်ထွန်းစေရန် ရဟန်း(၄)ဝါရမှ စ၍ စာပေပို့ချခဲ့ရာ တစ်နေ့လျှင် စာဝါ (၃)ဝါ ယနေ့တိုင် ပို့ချလျက် ဓမ္မစေတီများ ရှိသေစွာ တည်ထားကိုးကွယ်လျက် ရှိသည်။

## နာဂလိုဏ်ဂူ ကလေးဝဆရာတော်
## ယနေ့ ဆောင်ရွက်နေသော သာသနာပြုလုပ်ငန်းများ

**ကျောင်း(၅)မျိုး**

ယနေ့ သာသနာတော်နှစ် ၂၅၄၉ နှစ်တိုင်အောင် မြန်မာနိုင်ငံ၌ သာသနာတော် တည်ရှိနေခြင်းသည် ဘုန်းတော်ကြီးများ ဦးဆောင်လျှက် သာသနာ့တာဝန်ထမ်းကြခြင်း၊ မြန်မာပြည်သူပြည်သားများက ပစ္စည်းလေးပါး ထောက်ပံ့အားပေးကြခြင်းကြောင့် ဖြစ်သည်။

ဘုန်းတော်ကြီးများက ဦးဆောင်လျှက် သာသနာ့ဝန်ထမ်းကြပုံမှာ ဘုန်းတော်ကြီးများသည် မိဘပြည်သူတို့၏ ရင်သွေးငယ်များအား ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာ စသောပညာရပ်များ (အခမဲ့)သင်ကြားပေးခြင်း၊ လူကြီးသူမတို့အား တရားဓမ္မဟောပြပေးခြင်းဖြင့် ပစ္စုပ္ပန်သံသရာရေး ဦးဆောင်ခြင်း၊ ပညတ်တော်မူထားသော ဝိနည်း သိက္ခာကျင့်ဝတ်ကို မည်သည့်သာဝကနှင့်မတူ လေးစားလိုက်နာ၍ ကြည်ညိုဖွယ်ဂုဏ်ဆောင်နိုင်ခြင်းဖြင့် ရှေ့ဆောင်တော်မူခဲ့ကြသည်။

ယင်းကဲ့သို့ ဦးဆောင်ရာတွင် ယနေ့ခေတ် ဘုန်းတော်ကြီးများ သာသနာပြုစခန်းချ၍ နေထိုင်ရာ **"ကျောင်း"**အမျိုးအစား (၅)မျိုးကို တွေ့ရသည်။

ကျောင်း(၅)မျိုးက-

၁။ တရားရိပ်သာကျောင်း၊

၂။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် နိုင်ငံတော်ပရိယတ္တိသာသနာတက္ကသိုလ်ကြီးများ၊

၃။ ဗုဒ္ဓစာပေအဆင့်ဆင့် သင်ကြားပေးရာ စာသင်တိုက်ကျောင်းကြီးများ၊

၄။ အကြည်ညိုခံသာသနာပြုကျောင်း၊

၅။ ကလေးသူငယ်များအား စာပေပညာသင်ကြားပေးသည့် (ဘ-က) ကျောင်းဟု ကျောင်းအမျိုးအစား (၅)မျိုးကို တွေ့ရသည်။

**သာသနာပြုစခန်း (၄)မျိုး**

ဤနာဂလိုဏ်ဂူ အဓိဋ္ဌာန်ကျင့်စဉ်နှင့် လယ်တီဝိပဿနာ အမွှမ်းတင် ဘာဝနာတရားကို ဟောကြား၍ ကျမ်း(၅)ကျမ်းအဖြစ်သို့ ရောက်အောင် ဆောင်ရွက်တော်မူသော ဆရာတော်သည် နံပါတ်(၁၊ ၃၊ ၄၊ ၅) အမျိုးအစားကျောင်းတို့ကို ဦးဆောင်ဖွင့်လှစ်၍၊ (၂)အမျိုးအစားကို ပွင့်လင်းရန် စီမံလျှက် မိမိ၏သာသနာပြုစွမ်းအားကို မြင့်မားစေတော်မူလျှက် ရှိသည်။

**နံပါတ်(၅)အမျိုးအစားကျောင်း**

ကလေးဝဆရာတော်သည် နံပါတ်(၅)အမျိုးအစားကျောင်းဖြစ်သည့် နယ်စပ်ဒေသနှင့်တောင်တန်းဒေသ တိုင်းရင်းသားကလေးသူငယ်များ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ရန်ကုန်မြို့၊ နာဂလိုဏ်ဂူဘုရားကုန်းမြေ၌ "ဝ"ကျောင်းသား (၁၇)ယောက်ဖြင့် ၁၉၉၂ ခုနှစ်မှ စတင်၍ ဖွင့်လှစ်ခဲ့ရာ ယခုအခါ လူမျိုးများစွာ နယ်စပ်ဒေသနှင့် တောင်တန်းဒေသ တိုင်းရင်းသားမျိုးစုံ နှစ်စဉ်တစ်ထောင်ကျော် လာရောက်ခိုနားလျှက် (ကျောင်းသုံးစာအုပ်၊ ခဲတံ၊ ဘောလ်ပင် စသည် မဝယ်ရစေပဲ) အခမဲ့ပညာသင်ကြားခွင့်ရသော ပညာရေးကျောင်းကြီးဖြစ်အောင် ဆောင်ရွက်နိုင်လေပြီ။ ကျေးဇူးရှင် မူလကလေးဝဆရာတော်ဘုရားကြီး ချီးမြှင့်ခဲ့သည့် ကျယ်ဝန်းသောကျောင်းတိုက်၌ နိုင်ငံတော်အစိုးရနှင့် ပြည်တွင်းပြည်ပ စေတနာရှင်များ၏ အားပေးကူညီမှုကို ရရှိသော ကလေးဝဆရာတော်သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသား

ကလေးသူငယ်များအား **"စား၊ ဝတ်၊ နေ၊ ကျန်းမာ၊ ပညာ"** ခေါင်းစဉ်ငါးရပ်ဖြင့် တာဝန်ယူ၍ မိမိ၏သာသနာပြုစွမ်းအားကို နေ့စဉ်မြှင့်တင်တော်မူလျက် ရှိသည်။

**နံပါတ်(၁)တရားရိပ်သာကျောင်း**

၁၃၆၀ ပြည့်နှစ်မှစ၍ ရန်ကုန်မြို့၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းတိုက်ကို လက်ခံရရှိတော်မူသော လယ်တီ၏မြေး၊ လယ်တီသွေး၊ လယ်တီဆရာတော်သည် ပြည်ပ၌ ပြန့်ပွားလျက်ရှိသော ဗုဒ္ဓဒေသနာနည်းကျကျ လယ်တီဝိပဿနာသည် ပြည်တွင်း၌မှေးမှိန်လျက် ရှိနေသည်ကို သတိပြုမိသည့်အတိုင်း ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်းပေါင်းတစ်ရာကျော်ရေးသား၍ ဤကမ္ဘာအား ဝိဇ္ဇာစေတ်အလင်းရောင်ပေးတော်မူခဲ့သော ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏ နည်းနာနိဿယကို ပြန့်ပွားစေလိုသောဆန္ဒဖြင့် လယ်တီတရားရိပ်သာများ ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းတော်မူသည်။ ရန်ကုန်မြို့၊ ပြည်လမ်း၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၇)ရက် တရားစခန်း (၁၁၅)ကြိမ်၊ အခြားဌာနပေါင်း (၁၄၀)ကျော်တို့၌ (၇)ရက်တရားစခန်းပေါင်းများစွာ ဖွင့်လှစ်ရန် အားပေးညီတော်မူသည်။ လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်ကို စတင်တည်ထောင်တော်မူလျက် လယ်တီဝိပဿနာပြန့်ပွားရေး အားသစ်တော်မူလျက် ရှိသည်။ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်သည် ရန်ကုန်မြို့၊ ပြည်လမ်းမကြီးပေါ်တည်ရှိ၍ ဆိတ်ငြိမ်တောရကျောင်းသဖွယ်ဖြစ်ပြီး ယောဂီများ အေးအေးလူလူ တရားနာပွားများရယူရာ ဖြစ်သည်။

**နံပါတ်(၄)အမျိုးအစားစာသင်တိုက်**

၀၃၄၁ ခုနှစ်၊ နယုန်လမှစ၍ နာဂလိုဏ်ဂူကလေး၀တောရ ကျောင်းစာသင်တိုက်ကို ကိုယ်တိုင်ဦးစီးဖွင့်လှစ်၍ အခြားစာသင်တိုက် များကို စာသင်တပည့်ကြီးများကို ဦးစီးဖွင့်လှစ်စေခဲ့သည်။

**ပြည်ပသာသနာပြုလုပ်ငန်း**

ဤကျမ်းပြုဆရာတော်သည် ပြည်တွင်း၌ သာသနာပြုလုပ်ငန်း များ အောင်အောင်မြင်မြင် ဆောင်ရွက်တော်မူနိုင်သည့်နည်းတူ ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ အိန္ဒိယ၊ နယူးဇီလန်၊ ဂျပန်၊ ဆိုဗီယက်၊ ဂျာမဏီ၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ အမေရိကန်နိုင်ငံများသို့ ဓမ္မဒူတခရီး ကြွချီ၍ တရားဟောတော်မူခြင်း၊ တရားအားထုတ်နည်းသင်ပြခြင်း၊ ဗုဒ္ဓသာသနာ တော်ဆိုင်မေးခွန်းများကို ဖြေကြားခြင်းဖြင့် ပြည်ပသာသနာပြုတော်မူ သည်။

**သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တာဝန်**

နာဂလိုဏ်ဂူကလေး၀တောရဆရာတော်သည် ပထမအကြိမ် မြို့နယ်ဝန်ဆောင်ဝိနည်းဓိုရ်၊ ဒုတိယအကြိမ် သမ္မုတိရသံဃာ့ကိုယ်စား လှယ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နိုင်ငံတော်ဝိနည်းဓိုရ်၊ တတိယ, စတုတ္ထအကြိမ် (၁၆-၆-၉၁)နေ့မှစ၍ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် တာဝန်ထမ်းဆောင်တော်မူခဲ့သည်။

ပဉ္စမအကြိမ် ၁၃၆၂ ခုနှစ်၊ တပေါင်းလဆန်း (၁၂)ရက်၊ တနင်္လာနေ့ (၅-၃-၂၀၀၁)နေ့မှစ၍ (၂၅)ရာခိုင်နှုန်း စီမံချက် စည်းမျဉ်း အရ တွဲဖက်အကျိုးတော်ဆောင် ထပ်မံထမ်းဆောင်ခွင့် ရရှိသည်။

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၂၄-၃-၂၀၀၅)နေ့မှစ၍ (၂၅)ရာခိုင်နှုန်း စီမံချက်စည်းမျဉ်းအရ တွဲဖက်အကျိုးတော်ဆောင်(၁)

တာဝန်ထပ်မံထမ်းဆောင်တော်မူသည်။ ဆဋ္ဌမအကြိမ်၊ ပဥ္စမ ၂၅ ရာခိုင်နှုန်း စီမံချက်စည်းမျဉ်းအရ ၁၃၆၈ ခု၊ တပေါင်းလဆန်း (၁၄)ရက် (၁-၄-၂၀၀၇)နေ့မှစ၍ တွဲဖက်အကျိုးတော်ဆောင် (၁) တာဝန်ကို ထပ်မံ ထမ်းဆောင်တော်မူသည်။

## လယ်တီဒီပနီထွန်းကားပြန့်ပွားရေးအဖွဲ့

ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီး သည် တောတောင်အနှံ့ သီတင်းသုံးတော်မူပြီး ဗုဒ္ဓဒေသနာတော်နှင့် အညီ ဒီပနီကျမ်း၊ သံခိပ်ကျမ်း၊ ပါဠိကျမ်း (၁၀၀)ကျော် ရေးသားပြီး ဤကမ္ဘာ့လူထုအား ဝိဇ္ဇာခေတ်အလင်းရောင်ကို ဖြန့်ဝေတော်မူခဲ့ပါသည်။ အဆိုပါကျမ်းပေါင်းများစွာကို မူကောင်းမူသန့် ရရှိစေရေး၊ ထွန်းကား ပြန့်ပွားရေးအတွက် အဖွဲ့အစည်းဖွဲ့၍ ထိန်းသိမ်းစောင့်ရှောက်လျှက် ရှိရာတွင် နာဂလိုဏ်ဂူကလေးဝတောရဆရာတော်သည် အဆိုပါအဖွဲ့ ကြီး၏ ဒုတိယဥက္ကဋ္ဌတာဝန်ယူလျှက်ရှိသည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ၌ ဒီပနီ (၁၀)ကျမ်း (အင်္ဂလိပ်စာမူ)ကို အုပ်ရေ (၂၀၀၀)ရိုက်နှိပ် ဓမ္မဒါနပြုတော် မူသည်။ မစိုးရိမ်ရာပြည့်ပွဲ ၌ ဒီပနီပေါင်းချုပ် အင်္ဂလိပ်-မြန်မာ (၃)ကျမ်းတွဲကို အုပ်ရေ(၂၀၀၀) ရိုက်နှိပ် ဓမ္မဒါနပြုတော်မူခဲ့သည်။

## လယ်တီဝိပဿနာပြန့်ပွားအရေးအဖွဲ့

ဗုဒ္ဓဒေသနာတော်နည်း စည်းမပျက် ဆက်လက်ဖြန့်ဝေတော်မူ ခဲ့သော ကျေးဇူးတော်ရှင် ကမ္ဘာကျော် လယ်တီဆရာတော်ဘုရားကြီး၏ နည်းနာနိဿယ သမထ၊ ဝိပဿနာတရားတော်များ ပြန့်ပွားရေးအတွက် လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ကို စတင်ဦးဆောင်ဖွဲ့စည်းတော်မူ ခဲ့သည်။ ဌာနပေါင်း (၁၄၀)ကျော် တို့၌ တရားစခန်းများ ဖွင့်စေတော်မူ ခဲ့သည်။

**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့**

ထို့အတူ လယ်တီကမ္မဋ္ဌာနာစရိယများအား သင်တန်းပေး၍ လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ကို ဖွဲ့စည်းလျက် ဝိပဿနာပြန့်ပွားရေး ဆောင်ရွက်ရာတွင် လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးရေး**

ကလေးဝဆရာတော်သည် တောင်ပေါ်ဒေသ နယ်စပ်ဒေသများ ကျေးလက်ဒေသပညာရေး စသည်တိုးတက်အောင် ဆောင်ရွက်ခဲ့ရာ မိမိဖွားမြင်ရာဒေသရှိ စေတီပုထိုးများ ပြုပြင်ထီးတော်တင်ခြင်း၊ အစိုးရ အထက်တန်းကျောင်းခွဲဖွင့်နိုင်အောင် ဆောင်ရွက်ခြင်း၊ ကျေးလက် ကျန်းမာ ဆေးခန်း မြေနှင့်အဆောက်အဦများ လှူဒါန်းခြင်း စသည့် ကျေးလက် ဒေသ ဖွံ့ဖြိုးရေးကို အားပေးဆောင်ရွက်တော်မူသည်။

**အန္တယ်တော်ဝင် ဘုရားကျောင်းကန်၊ စေတီပုထိုးများအား ထိန်းသိမ်း စောင့်ရှောက်စီမံအုပ်ချုပ်ရေး နာယကဆရာတော်များအဖွဲ့**

ကျေးဇူးတော်ရှင် စစ်ကိုင်းတိုင်း၊ မုံရွာမြို့က၊ လယ်တီနိကာယ သပြေပင်တောရကျောင်းစာသင်တိုက်၊ ပဓာန မဟာနာယက ဝါကျတ္ထဒီပကာဒိကျမ်းပြု ဘဒ္ဒန္တကေဝလာဘိဝံသ မဟာထေရ်၊ ဒုတိယ မြောက် ပဓာန နာယကအရှည်ဝါသီ ဓုတင်္ဂရေ ဘဒ္ဒန္တကုမုဒ မဟာထေရ်၊ သာသနာပြုပုဂ္ဂိုလ်ကျော် ကလေးဝဆရာတော် ဘဒ္ဒန္တသာဂရ စသော ကျေးဇူးတော်ရှင် ဆရာတော်တို့မှ ဆင်းသက်ပိုင်သ အန္တယ်တော်ဝင် ဘုရားကျောင်းကန် စေတီပုထိုးများ ထိန်းသိမ်းစောင့်ရှောက် စီမံအုပ်ချုပ် ရေး နာယကဆရာတော်များအဖွဲ့ကို ၁၃၆၄ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်၊ (၁၉-၁၀-၂၀၀၂)နေ့က စတင်ဦးဆောင်ဖွဲ့စည်းလျက် သာသနာ တော်စည်ပင်ပြန့်ပွားရေး အားပေးတော်မူသည်။

**စွယ်စုံသာသနာပြု**

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးများ ပေးစွန့်ချီးမြှင့်တော်မူခဲ့သော ဘုရား၊ ကျောင်းတိုက်များနှင့် နိုင်ငံတော်အစိုးရနှင့် ဒကာဒကာမများ လှူဒါန်းသော ကျောင်းများကို လက်ခံရယူ၍ အမျိုးဘာသာသာသနာအကျိုး မျှော်ကိုးပြီး -

- စာသင်တိုက်
- တရားရိပ်သာ
- ဘုန်းတော်ကြီးသင်ပညာရေးကျောင်း
- အမျိုးသမီးသီလရှင်ပညာရေးကျောင်းများ ဖွင့်လှစ်၍ စွယ်စုံသာသနာပြုတော်မူသည်။

ရရှိထားသော ကျောင်းတိုက်များနှင့် ပတ်သက်၍လည်း သူပိုင်ငါပိုင် ငြင်းခုန်ခြင်းဝိဝါဒ ဘေးကင်းဝေးစေရန် ကြိုတင်ဆောင်ရွက် စီမံတော်မူထားသည်။

၁။ ကျေးဇူးတော်ရှင် သာသနာပြုပုဂ္ဂိုလ်ကျော် ကလေးဝဆရာတော်ဘုရားကြီး ချီးမြှင့်တော်မူခဲ့သော ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ နာဂလိုဏ်ဂူဘုရားကုန်းမြေ၊ ကလေးဝတောရကျောင်းတိုက်ကို စာသင်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ သီလရှင်ပညာရေးကျောင်းဟု သုံးဌာနနယ်မြေ သီးခြားသတ်မှတ်ပေးလျှက် ရဟန်းသာမဏေ သီလရှင် (၁၀၀၀)ကျော်တို့ အမြဲသုံးလျှက် ပညာရင်နို့သောက်စို့စေတော်မူသည်။

**စာသင်တိုက်**

နာဂလိုဏ်ဂူအောင်ချမ်းသာစေတီတော်ကြီးကို အလယ်ဗဟိုပြု ဦးခိုက်လျှက် ဘုရားမြောက်ဖက်ပိုင်း၌ ဗုဒ္ဓစာပေအဆင့်ဆင့် သင်ယူပို့ချရာ "ကလေးဝတောရကျောင်းစာသင်တိုက်"ကို ၁၉၇၉ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး သီးခြားစည်းမျဉ်းရေးဆွဲ၍ စာချစာသင် သီးခြားလက်ခံပြီး အုပ်ချုပ်ရေးသီးခြားထားလျှက် ပရိယတ္တိသာသနာ ထွန်းကားပြန့်ပွားရေး အားပေးဆောင်ရွက်တော်မူသည်။

**ဘုန်းတော်ကြီးသင် ပညာရေးကျောင်း**

နယ်စပ်ဒေသ၊ တောင်တန်းဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ "နယ်စပ်ဒေသနှင့်တောင်းတန်းဒေသ ကလေးသူငယ်များ ကလေးဝဘုန်းတော်ကြီးသင်ပညာရေးကျောင်း"ကို ၁၉၉၃ ခုနှစ်မှ စတင်၍ ဖွင့်လှစ်ပြီး အာရာမာဓိပတိဆရာတော်၊ ပဓာနနာယကဆရာတော်တို့၏ လမ်းညွှန်မှုကို ခံယူလျှက် ကျောင်းအုပ်ဆရာတော်အား တာဝန်ယူစေသည်။ စေတီတော်မြတ်ကြီး၏ တောင်ဖက်ပိုင်း သီးခြားနယ်မြေထားလျှက် အစိုးရကျောင်းများနည်းတူ ကျောင်းသားလက်ခံ သင်ကြားတော်မူသည်။ "စာကြိုးစား စကားနားထောင်"ဟူသော ဆောင်ပုဒ်ဖြင့် အုပ်ချုပ်စေလျှက် အမျိုးဘာသာ သာသနာအကျိုး ဆောင်ရွက်တော်မူသည်။

**အမျိုးသမီးသီလရှင်ပညာရေးကျောင်း**

နာဂလိုဏ်ဂူဘုရားကုန်းမြေ၏ အဂ်ါထောင့် (၂)ဧကခန့်ရှိ မြေနေရာ၌ "နယ်စပ်ဒေသနှင့်တောင်တန်းဒေသဖွံ့ဖြိုးရေး" အမျိုးသမီးသီလရှင်သင်ပညာရေးကျောင်း နန္ဒမူရိပ်သာကို ဖွင့်လှစ်ပြီး သီလရှင်ဆရာကြီးများ၊ ဆရာမကြီးများ အနီးကပ်အုပ်ချုပ်လျှက် "စားဝတ်နေ

ကျန်းမာပညာ” တာဝန်ယူလက်ခံသင်ကြားပြုစုပျိုးထောင်ပေးလျှက်ရှိသည်။

အဆိုပါသုံးဌာနတို့၌ ကျေးဇူးတော်ရှင် ကလေးဝဆရာတော်ဘုရား ချီးမြှင့်ခဲ့သောကျောင်းများစွာ ရှိခဲ့သည်။ ထို့အပြင် ထိုင်းဘုရင်မင်းမြတ်၏ နန်းစံသက် (၅၀)ပြည့် အထိမ်းအမှတ် ကထိန်ပွဲတော်ကျင်းပပြီး လှူဒါန်းအပ်သော အလျားပေ(၁၀၀)၊ အနံပေ( ၃၄)ရှိ (၂)ထပ်တိုက်၊

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရမင်းတို့က ဆောက်လုပ်လှူဒါန်းအပ်သော “သုကုမာရမဂ္ဂဒီပနီကျောင်းဆောင်”

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရမင်းတို့က ဆောက်လုပ်လှူဒါန်းအပ်သော “ဥတ္တမပုရိသဒီပနီသုံးထပ်ကျောင်းဆောင်”အတွက် သိန်း(၁၅၀)ကျော် လှူဒါန်းပြီးလျှင် ဆောက်လုပ်အပ်သော “သမ္မာဒိဋ္ဌိဒီပနီတိုက်ကျောင်း”

ဦးမောင်မောင်ခဆွေ + ဒေါ်အေးအေးစိုး၊ သား အာကာခ၊ သမီးကေခိုင်ခ တို့က ဆောက်လုပ်လှူဒါန်းသည့် ဆွမ်းစားကျောင်းတိုးချဲ့ဆောင်။

စကြာပူရွှေကျောင်းဆရာတော်နှင့် တပည့်များက ဆောက်လုပ်လှူဒါန်းသော (၂)ထပ်တိုက်။

ထိုင်ဝမ် ထိုင်လံကျူစီအဖွဲ့က ဆောက်လုပ်လှူဒါန်းသော တစ်ထပ်တိုက်နှစ်လုံး အပါအဝင် (၃)ဌာနရှိ သာသနိကအဆောက်အဦတို့ကို အန္တယ်တော်ဝင် ထိန်းသိမ်းစောင့်ရှောက်ရေး နာယကဆရာတော်များအဖွဲ့အား နောက်ဆံမတင်းရန် လွှဲအပ်ထားပြီး၊ ယခုအခါကပင် သင်ကြားစီမံအုပ်ချုပ်ရေး ကျင့်သားရအောင် ဆောင်ရွက်တော်မူထားသည်။

၂။ ကျေးဇူးတော်ရှင် ကလေးဝဆရာတော်ဘုရားကြီးကပင် ချီးမြှင့်တော်မူခဲ့သော ပဲခူးမြို့၊ ရွှေဂူလေး မဟာပဒုမကျောင်းကို ဦးဂန္ဓသာရ

ဓမ္မာစရိယအား လွှဲအပ်၍ ကျောင်းသား(၇၀၀)ကျော် စာပေသင်ကြားရာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအဖြစ်သို့ ရောက်စေတော်မူသည်။

၃။ ပဲခူးမြို့၊ အကျွတ်အလွတ်ဘုရားကျောင်းကို ဦးအာစာရ သာသနဓဇ ဓမ္မာစရိယအား လွှဲအပ်၍ မဟာဗောဓိစာသင်တိုက်အဖြစ်သို့ ရောက်ရှိစေတော်မူသည်။

၄။ ပဲခူးမြို့၊ အနောက်တောရွေးဟောင်းသမိုင်းဝင် မဟာကြီးစေတီတော်ရင်ပြင်ရှိ မဟာကြီးဘုရားကျောင်းကို စာချစာသင် (၁၂၀)ကျော် သီတင်းသုံးရာစာသင်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ဖွင့်လှစ်သာသနာပြုတော်မူသည်။

၅။ မုံရွာမြို့၊ ရှမ်းတော်ရပ်၊ သုဓမ္မစာရီ သာသနာ့ဗိမာန်တော်ကြီးကို ဦးကောသလ ဓမ္မာစရိယအား အစောင့်အရှောက်အပ်နှံ၍ လယ်တီဝိပဿနာတရားရိပ်သာ ဖွင့်လှစ်စေသည်။

၆။ ပြည်မြို့၊ မင်းကြီးတောင်တန်း ဗေဒါရီဂူနန်း ကလေးဝတောရကျောင်းကို အရှင်သုန္ဒရအား သဘောကျသာသနာပြုရန် လွှဲအပ်ထားပါသည်။

၇။ မန္တလေးမြို့၊ မဟာမြတ်မုနိဘုရားကြီး အနောက်မုခ် ရွှေရေးဆောင်ကျောင်းတိုက်၊ သူဌေးကျောင်း ကျေးဇူးတော်ရှင် ဆရာတော် ဘဒ္ဒန္တစန္ဒိမာမဟာထေရ် ပေးစွန့်ခဲ့သော အဆိုပါကျောင်းကို ဘဒ္ဒန္တသုဒဿန ဓမ္မာစရိယအား လွှဲအပ်၍ စာချစာသင် (၇၀)ကျော် သီတင်းသုံးရာစာသင်တိုက်အသွင် ရောက်စေခဲ့သည်။

၈။ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၃)ရပ်ကွက်၊ မင်္ဂလာရာမကျောင်းတိုက် ဆရာတော်ကြီး၏ ချီးမြှင့်မှုအရ စာချနာယက ဘဒ္ဒန္တဝါယမ၊ ဘဒ္ဒန္တစန္ဒောဘာသ (၂)ပါးတို့အား တာဝန်ပေးကာ စာချစာသင် (၅၀)ကျော်ရှိ စာသင်တိုက်အဖြစ်သို့ ရောက်စေခဲ့သည်။

၉။ ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဘုရားကျောင်း ဒါယကာ ဦးအုန်းကျင် စသော ဒါယကာများ လှူဒါန်းထားသော ရွှေကြာရံစေတီတော် လယ်တီတောရကို ဘဒ္ဒန္တသြဘာသ နတ်ရေကန်ဆရာတော်အား အပ်နှံ၍ လယ်တီဝိပဿနာတရားရိပ်သာ ဖွင့်စေသည်။
၁၀။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့၊ စည်ကား (၂)ရပ်ကွက်၊ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းဖွင့်၍ နယ်စပ်ဒေသ၊ တောင်တန်းဒေသ၌ သမထဝိပဿနာ ထွန်းကားစေခဲ့သည်။
၁၁။ တောင်ကြီးမြို့၊ စွယ်တော်ကျောင်းတိုက်ကို (၂)ပါးပိုင်အပ်သဖြင့် ၁၃၆၈ ခုနှစ်မှစ၍ ဘ-က ပညာရေးကျောင်းဖွင့်ထားပါသည်။
၁၂။ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၃၃၇/က) လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ကို တရားဝင်စောင့်ရှောက်ခွင့်ရရှိထားသော ဦးကျော်ဇံပါ ဂေါပကအဖွဲ့က (၄၇)စုံညီ၏ သြဝါဒကို ခံယူ၍ (၂)ကြိမ်တိုင်တိုင် စာချုပ်ချုပ်ဆို အပ်နှံလှူဒါန်းခဲ့သည်ကို လက်ခံလျှက် ကျီးတဖုတ်ဖုတ် လယ်တီမူ၊ ရှုပ်ထွေးပွေလီနေသော လယ်တီမူကို သံဃာ့အဖွဲ့အစည်းအဆင့်မြင့် (၄၇)စုံညီ (၄)ကြိမ်တိုင်တိုင် သန့်စင်အောင် ရှင်းလင်းသုတ်သင် အဆုံးအဖြတ်ခံယူ၍ လယ်တီဝိပဿနာ (၇)ရက်တရားစခန်းများ ဖွင့်လှစ်ခဲ့ရာ လယ်တီဝိပဿနာ (၁၀၀)ကြိမ်မြောက် ရှိခဲ့ပြီ။ အဆိုပါလယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ပိုင်ရေးဆိုင်ခွင့် ရှင်းလင်းအောင် ဆောင်ရွက်အကောင်အထည်ဖော်ပြီး အန္တယ်တော်ဝင် ထိန်းသိမ်းစောင့်ရှောက်ရေး နာယကအဖွဲ့လွှဲအပ်ထားပြီးဖြစ်သည်။ အန္တယ်တော်ဝင် ဘုရားကျောင်းကန် စေတီပုထိုး (၁၇)ဌာနတို့ကို ထိန်းသိမ်းစောင့်ရှောက်ရေး နာယကအဖွဲ့ ဖွဲ့စည်း၍ စောင့်ရှောက်စေလျှက်ရှိသည်။

ဤသို့လျှင် ကလေးဝတောရဆရာတော်သည် ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးတို့ထံမှ ချီးမြှင့်ခဲ့သော ဘုရားကျောင်းကန်

သာသနာ့တံခွန်တို့ကို နိုင်ငံတော်အစိုးရနှင့် ပြည်တွင်းပြည်ပ စေတနာရှင်များ၏ ထောက်ပံ့ကူညီမှုဖြင့် စွယ်စုံသာသနာပြုလျှက် ရတနာသုံးပါးဆရာမိဘတို့၏ ကျေးဇူးတော်အား ကျေးဇူးတုံ့ပြန်တော်မူနိုင်သော **"စွယ်စုံသာသနာပြု"** အရှင်မြတ်တစ်ပါး ဖြစ်တော်မူသည်။

**ဆရာတော်၏အစိဋ္ဌာန် (၁)**

သစ်တစ်ပင်ကောင်း
ငှက်တစ်သောင်း
အပေါင်းငှါကြောင့်
အေးစေမည်။ ။

**ဆရာတော်၏အစိဋ္ဌာန် (၂)**

ငါသည်လူဇာတ် ငါသည်မြတ်၏။
ငါမြတ်သောသူ ငါသို့သူကား ငါတကားဟု၊
ငါမှားငါကြိုက် ငါမလိုက်တည့်
ငါကြိုက်ငါမျိုး ငါ့တန်ခိုးဖြင့်
ငါ့မျိုးငါ့ဆွေ ငါ့တိုင်းပြည်နှင့်
ငါ့မြေကမ္ဘာ ငါ့ခန္ဓာဖြင့်
သူငါကောင်းကျိုး ဆောင်သည်ပိုးမည်
ငါမျိုးငါဇာတ် မြတ်စေမည်။ ။

**လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့**

ꕤꕤꕤꕤꕤ

# လယ်တီဝိပဿနာ

## နိဒါန်း

ရှေးအခါက ဘုရားရှင်နှင့်တကွ ရဟန္တာအရှင်မြတ်များ၏ ဟောကြားတော်မူအပ်သော တရားများကို နားဖြင့်နာကြားပြီး နှလုံးအိမ်၌ ထိန်းသိမ်းထားတော်မူနိုင်ကြသည်။

သဒ္ဓါ၊ သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာ အားကောင်းတော်မူကြကုန်သော အရှင်မြတ်ကြီးတို့၏ လက်ဆင့်ကမ်း ပုခုံးပြောင်းကောင်းခဲ့ခြင်းကြောင့် ငြိမ့်ညောင်းသာယာ ဘုရားရှင်တရားတော်များ နှစ်ပေါင်း ၂၅၄၉ တာကာလတိုင် ခရီးရှည်ကြီး ဖြတ်သန်းလျှောက်လှမ်း တည်ရှိတော်မူနိုင်ခဲ့သည်။

ယခုအခါမှာမူ ထိုကဲ့သို့ တစ်ကြိမ်၊ နှစ်ကြိမ် နာကြားရုံမျှဖြင့် လူသားတို့နှလုံးအိမ်မှာ ထိန်းမထားနိုင်တော့ဘဲ ရေထဲ ဒုတ်ခြစ်သကဲ့သို့သာ ဖြစ်နေသည်။ အိုးမှောက်၍ ရေခံယူသူ၊ ခါးပိုက်ထဲ ပစ္စည်းမျိုးစုံ ထည့်၍ မေ့လျော့ကာ ဖိတ်စင်စေသူတို့ကဲ့သို့သာ ဖြစ်နေကြသည်။ ထို့ကြောင့် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း၌ တရားဟောတိုင်း တိတ်ခွေသွင်းရန် စီစဉ်ထားပါသည်။

ဗုဒ္ဓနည်းကျ လယ်တီဝိပဿနာကို ပြည့်ပြည့်စုံစုံ အားထုတ်လိုကြသဖြင့် အဖန်ဖန် အထပ်ထပ် နာကြားလိုသူများအတွက် တရားတိတ်ခွေကို စီစဉ်ရသည့်နည်းတူ အဖန်ဖန်ကြည့်ရှုလိုသူများအတွက် အသံမှတစ်ဆင့်ကူးယူ၍ စာအုပ်ရိုက်နှိပ်၍ ဓမ္မဒါနပြုရန် စီစဉ်ရပါသည်။

**ပွင့်လင်းစည်ပင်မှ တင့်တယ်ခြင်းသုံးမျိုး**

နေဝန်း၊ လဝန်း၊ ဘုရားဟောကြား တရားတော် ဤသုံးမျိုးတို့သည် ပွင့်လင်းစည်ပင်မှ တင့်တယ်ပါသည်။ ထိုတွင် ဘုရားဟောကြား တရားတော်များ တည်သည်ကိုပင် သာသနာတော်တည်သည်ဟု ဆိုရပါ

သည်။ သာသနာတော်တည်ရှိပါက လူနတ်နိဗ္ဗာန်ချမ်းသာအကျိုး ပွားတိုးနိုင်ပါသည်။ အများကောင်းကျိုးအတွက် သာသနာတော်တည်ရှိမှ သီလအမြစ် ကြီးပွားနိုင်ပါသည်။ သမာဓိပင်စည် စည်ပင်နိုင်ပါသည်။ ပညာမဂ်ဖိုလ်နိဗ္ဗာန် အသီးအပွင့် ဝေဖြာဖွံ့ဖြိုး တိုးတက်နိုင်ပါသည်။

## အယူအမြင်မှန်ကြောင်း အကြောင်းနှစ်မျိုး

အသိဉာဏ်ဟူသမျှ သုတ အသိက စ,ရသည် ဆိုသည့်အတိုင်း ဘုရား၊ ပစ္စေကဗုဒ္ဓါတို့မှတစ်ပါး အခြားသူတော်စင်များ၏ အသိဉာဏ်အဆင့်ဆင့်သည် သူတစ်ပါးတို့ ဟောသံ၊ ပြောသံ၊ နာကြားခွင့်ရပါမှ တိုးပွားနိုင်၊ ဖြစ်ပွားနိုင်ပါသည်။

ဘုရား၊ ရဟန္တာစသော အရှင်မြတ်တို့၏ ဟောသံ၊ ပြောသံကို မနာကြားရ၊ မသင်ရ၊ မကြည့်ရှုရပါက မိမိတို့၏ပင်ထွက်ဉာဏ်သည် အလိုလိုမရှင်မသန် မကြီးထွားနိုင်ပါပေ။

ကမ္ဘာလောကဌ် အယူအဆ အယူဝါဒအမျိုးမျိုးတို့ကို ဆရာအမျိုးမျိုးက ထူထောင်ထားကြလေသည်။ ပုထုဇဉ်ကမ္ဘာလူသားတို့သည် ဆရာအမျိုးမျိုး၊ ဘုရားအမျိုးမျိုးတို့၏ မျက်နှာကို မော်ကြည့်နေကြသော နာနာသတ္တာရဉ္လောကန ဘေးဆိုးကြီးနှင့် ကြုံတွေ့လျှက်နေရပေသည်။ အယူမှန်၊ အမြင်မှန် ရရှိရေးမှာ စစ်မှန်သော ဘုရားစသော သူတော်ကောင်းတို့၏ ဟောသံ၊ ပြောသံကို အခြေခံရပေသည်။ ဟောသံ၊ ပြောသံမှန်ကို နာကြားရန် အခွင့်အလမ်းရဖို့င် အင်မတန်ခက်ခဲလှပေသည်။ ဟောသံ၊ ပြောသံမှန်ကို နာကြားခွင့်ရသူသည် သင့်တင့်ဖြောင့်မှန်သော နှလုံးသွင်းဆင်ခြင်မှုနှင့် ပေါင်းစပ်ပေးနိုင်ပါမှ အယူအမြင်မှန်နိုင်ပေသည်။ ထို့ကြောင့် ထေရဝါဒ ပိဋကတ်တော်လာ စကားတော်တို့ကို မူရင်းမပျက်အောင် သတိရှေ့ဆောင်ပြီး ဖောက်သည်ချဟောဖော်ရေးသားကြရသည်။

ဘုန်းကြီးတို့၏ တရားစကား၊ တရားအသံ၊ တရားစာတို့သည် တရားလိုလားသူတို့၏ နား၊ မျက်စိတို့သို့လည်းကောင်း၊ ဘာသာအသီးသီး ပြန်ဆို၍ ဘာသာခြားတို့၏ နား၊ မျက်စိတို့သို့လည်းကောင်း အဆင့်ဆင့် ရောက်ရှိနိုင်ပါစေ။ အဆင့်ဆင့်ရောက်ရှိ၍ တစ်စုံတစ်ယောက်မျှ လိုက်နာကျင့်သုံး စိတ်နှလုံးအိမ်၌ ကိန်းငြိမ်းသွားသည်ဆိုပါက ရေးသား ထုတ်ဝေရကျိုးနပ်ပေပြီ။

ထိုမှတစ်ဆင့် ဉာဏ်နား၊ ဉာဏ်မျက်စိရှင်တို့ဖြစ်ကြပြီး လျှင်လျှင် မြန်မြန် အေးအေးမြမြ ချမ်းချမ်းသာသာ လွယ်လွယ်ကူကူ ကျက်သရေ ဖြိုးမောက် တန်ခိုးတောက်ကာ ဝိမုတ္တိသုခ အမတအောင်ခန်း နိဗ္ဗာန်နန်း သို့ တက်လှမ်းနိုင်ကြပါစေဟု ဆန္ဒပြုလျှက် ဤလယ်တီဝိပဿနာ(၆)ကို ဟောအပ်ရေးသားအပ်ပါသည်။

မိလိန္ဒပဉှာလာ ယောဂီ၏ ဖော်ပြပါ မိုး၏ပုံပမာ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြ၍ ဉာဏ်အလင်းရောင် ဖြာနိုင်ပါစေဟု အဖွင့်နိဒါန်း ပျိုးအပ်ပါသည်။

**မိုး၏ဂုဏ်**

၁။ မိုးခါသွန်းဖြိုး ရွာသည့်မိုးသည် မြူခိုးညစ်ထေ ငြိမ်းစေလေသို့ ကိလေညစ်ကျူ ငြိမ်းစေမူ ပြုလေယောဂီတို့။

၂။ မိုးခါသွန်းဖြိုး ရွာသည့်မိုးသည် မြေခိုးမြေငွေ့ ငြိမ်းလေစေ့သို့ ဖြန့်ဝေမေတ္တာ ငြိမ်းစေရာ၏။

၃။ မိုးခါသွန်းဖြိုး ရွာသည့်မိုးသည် မျိုးစေ့ကို ပေါက်ဖွားစေသို့ မျိုးစေ့သဒ္ဓါ ပွားစေကာဖြင့် ချမ်းသာသုံးမျိုး ပွားတိုးစေဌာ ပြုကျင့် ရာ၏။

၄။ မိုးခါသွန်းဖြိုး ရွာသည့်မိုးလျှင် ပွားတိုးမြေပြင် နွယ်သစ်ပင်ကို အစဉ်ချီးမြှောက် စောင့်ရှောက်တတ်သော ယောနိသောဖြင့် ဓမ္မောသဘာဝ စောင့်ရှောက်ရ၏။

၅။ မိုးခါသွန်းဖြိုး ရွာသည့်မိုးကြောင့် ပြည့်ဖြိုးရေကန် ရေပြည့်လျှံသို့ ကျမ်းဂန်ဓမ္မစက် ဟောမြွက်အလာ ဒေသနာမိုးပေါက် ရွာသွန်း မြှောက်၍ မဂ်ပေါက်ဖိုဝင် နိဗ္ဗာန်မြင်လို များထိုထိုတို့ စိတ်အလို ဆန္ဒ ပြည့်ဝစေငှာ ဗောဓနေယျံ ဂါထာပြန်လျှင် အံ့ဝင်ခွင်ကျ ဖြစ်ကြမည်ရေး မျှော်ထောက်တွေး -

**ဗောဓနေယျံ ဇနံ ဒိသွာ၊ သတသဟဿေပိ ယောဇနေ။**

**ခဏေန ဥပဂန္တွာ၊ ဗောဓေသိ တံ မဟာမုနိ။**

မဟာမုနိ= မြတ်စွာဘုရားသည်၊ သတသဟဿေပိ ယောဇနေ= ယူဇနာတစ်သောင်းထက်၌လည်း တည်နေသော၊ ဗောဓနေယျံ ဇနံ= ကျွတ်ထိုက်သောသတ္တဝါကို သစ္စာလေးပါး သိနိုင်မည့် ပုဂ္ဂိုလ်ကို၊ ဒိသွာ= မြင်တော်မူ၍၊ ခဏေန= ခဏချင်း၊ ဥပဂန္တွာ= အပင် ပန်းခံ ကြွသွားတော်မူ၍၊ တံ= ထိုကျွတ်ထိုက်သောသူကို၊ ဗောဓေသိ= ကောင်းစွာသိစေတော်မူခဲ့လေပြီ။ ဝါ= တရားဓမ္မ ဟောဖော်ပြ၍ သစ္စာလေးလီ သိစေတော်မူခဲ့လေပြီ။

## ပညာကြီးရှင် ဉာဏ်ကောင်းဆင်

မဟာထေရ်ထူး အမျိုးပြုဆောင်
ကျွန်းသီဟိုဠ်ပေါ် ထေရ်ကျော်ငါးရာ
ရဟန္တာဝသီ သမ္ဗိဒါပတ္တာ
သံဃိန္ဒတို့ ဘုရားမိန့်ရွတ် ပိဋကတ်ကို
မွတ်မွတ်ဖြူဖွေး ပေထက်ရေး၍
ဆေးလည်းကြပ်ကြပ် အထပ်တစ်ရာ တည်းဖြတ်ပါလည်း
အက္ခရာပုဒ်ဆွေး မှားယွင်းသေး၏။
ညစ်ကြေးစပ်ယှဉ် ပုထုဇဉ်သာ
ငါတို့မှာကား မမှားဘယ်သို့ ရှိရာတို့နည်း။
ယွင်းချို့အက္ခရာ ပျက်သုန်ရာ၌
ပညာကြီးရှင် ဉာဏ်ကောင်းဆင်၍ မြင်စေသတည်း။

## "ဤခေတ်ဖွားရှင် သတိဆင်လော့"

ကျောက်သံကြေးဟူ အဏုမြူဟု
နူးကလီးယားခေတ်စားစား၌ ခေတ်အားလျှော်စွာ
ပညာနိုရင့် အဆင့်ဆင့်ဖြင့်
ဖောင်နှင့်ထမ်းစင် လှေလှည်းထွင်၍
ရွက်ဖျင်တပ်သော လှေသင်္ဘော၌
စက်ရောထပ်မံ ရေယဉ်ကြံလျှက်
ဒုံးပျံလေယာဉ် ဂြိုလ်တုဆင်၍
ရုပ်မြင်သံကြား ကားရထားဖြင့်
လာသွားသယ်ယူ မှန်ပြောင်းကူလျှက်


# နိဒါန်း



ကွန်ပျူတာစက် အင်တာနက်နှင့်
အီလက်ထရွန်နစ် ဓာတ်မှန်ခေတ်တည့်
လျှပ်စစ်လွှမ်းဖုံး ကြေးနန်းသုံး၍
ဟမ်းဖုန်းချိပ်ဆက် အီးမေးစက်တို့
နှီးသက်ခံထား ဤခေတ်ဖွားက
မြင်ကြားသိဝေး ဖောင်ခေတ်မွေး၏။
အရေးအသား အတွေးများကို
အမှားထင်ကာ ပြစ်တင်ပါနဲ့
သင်နှင့်ငါလဲ ဟိုခါခေတ်မွေး
ဟိုလိုတွေး၍ စာရေးရင်လဲ ဟိုလိုပဲလေ
မလွဲတူစွာ သူတို့ဟာလဲ
သည်ခါခေတ်မွေး သည်လိုတွေး၍
စာရေးရင်လဲ သည်လိုပဲထင့်
အလွဲထင်ကာ တို့ရေးစာလဲ
နှောင်းခါလူသစ် ခေါင်းခါရစ်လိမ့်
သူခေတ်အဆင့် မတွက်ချင့်ပဲ
ငါနှင့်မတူ ငါ့ရန်သူဟု
ရန်မူကာမဲ သိမ်းကျုံးဆဲ၍
နက်နဲရဲရင့် သိအကျင့်တွင်
ငါနှင့်ငါသာ နှိုင်းယှဉ်ရာဟု
သစ္စာသိမူ သဃ္ဃာနှင့်
အတူအဆင့် တစ်ဆူပွင့်သို့
မြှောက်ပင့်ကင်းစင် သတိဆင်လော့။

# ခြသေ့်ပုံမှီ မြတ်ယောဂီ

တိတ္ထိအယူမှား ရောင်ကြည်ရှား၍
ဘုရားသာသနာ ကြည်ညိုလာသည့်
ဓမ္မသောက မင်းမြတ်လုသည်
ရွှင်ပြကြည်ပွား ယုံကြည်အားကြောင့်
တရားအစ အာရုံပြုရည်
စေတီတော်ပေါင်း ရှစ်သောင်းလေးထောင်
ကျောင်းပေါင်း ရှစ်သောင်းလေးထောင်
ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်
များမြောင်ဒါန ပြုပြီးမှလျှင်
တတိယသင်္ဂါယနာ ဒါယကာခံယူ ကျောက်စာထူခဲ့
ဘုရားသာသနာ ပြုကြရာဝယ်
လေးဖြာဝန်ထမ်း ပုံရိပ်မှန်းဖို့
ထူးဆန်းအံ့လောက် ပုံတည်ဆောက်စေ့
ခြသေ့်ဂုဏ်ရှိန် ချင့်နှိုင်းချိန်သော်




၁။ ရောင်ရှိန်ဖြူဖွေး ညစ်ကြေးမတင် သန့်ရှင်းစင်သို့
မတင်ညစ်ကြေး ဖြူဖြူဖွေးသည့် ညစ်ကြေးကင်းရှင်း
ဖြူစင်စိတ်ထား ယုံမှားတွေဝေ ကင်းစင်စေ၏။
၂။ လေးချောင်းအခြေ ရဲရင့်လေ၍ မသွေလမ်းကြောင်း
သွားလာမောင်းသို့ ခြေကောင်းဣန္ဒြေ လေးအင်ရှိရ။
၃။ လုပတင့်တယ် ရှုစဖွယ်တည့် လည်ဆံရှိသို့ လုဘိသီလ။
၄။ သက်မျှသေစေ မညွှတ်လေသို့ လေးထွေပစ္စည်း
ရှားပါးနည်းလည်း မည်သည့်အောက်မျှ မညွှတ်ခရာ။
၅။ ရလာသမျှ ပစ္စည်းမသိမ်းဆည်း ရောင်ကြည်။

၆။ စဉ်တိုင်းသာဖြင့် ရရာရာလွေး သားမရွေးသို့ ရောက်ရေးအိမ်စဉ် မကျော်လွန်ပဲ ခန္ဓာဝန်မျှရုံ သုံးဆောင်တုံ၏။

၇။ ရ,တုံမရ ပူတောင့်တကင်း ခြသေ့်မင်းသို့ ဉာဏ်သွင်းပညာ ဆင်ခြင်ကာဖြင့် ရလာသမျှ ပစ္စည်း ဗူးသီးကြွက်ကိုက် အလိုက်အထိုက် သုံးဆောင်ကြိုက်ဟု အမြိုက်ခေါင်ဖျား မြတ်ဘုရားဟော-

**သန္တုဋ္ဌော့ယံ ဘိက္ခဝေ ကဿပေါ ဣတရီတရေန ပိဏ္ဍပါတေန ဣတရိတရပိဏ္ဍပါတ သန္တုဋ္ဌိယာစ ဝဏ္ဏဝါဒီ။ နစပိဏ္ဍပါတ ဟေတု အနေသနံ အပ္ပဋိရူပံ အာပဇ္ဇတိ၊ အလဒ္ဓါစ ပိဏ္ဍပါတံ နပရိတဿတိ၊ လဒ္ဓါစ ပိဏ္ဍပါတံ အဂဓိတော အမုစ္ဆိတော အနဇ္ဈာပန္နော အာဒီနဝဒဿဝီ နိဿရဏာပညော ပရိဘုဉ္ဇတိ။**

စရှိဒေသနာ လေးမြတ်စွာဖြင့် (၇)ဖြာဂုဏ်အင် ပြည့်စုံလင်ရေး ဦးစားပေးအလေးထားခါ ကျင့်ကြံကုန်ရာသတည်း။

မြတ်ဗုဒ္ဓဒေသနာတော်နှင့်အညီ ဒီပနီကျမ်းပေါင်း (၁၀၀)ကျော် ရေးသား၍
ဤကမ္ဘာ့လူထုအား ဝိဇ္ဇာခာတ်အလင်းရောင်ပေးတော်မူခဲ့သော
လယ်တီဆရာတော်ဘုရားကြီး အမြဲမပြတ် ရှိခိုးပူဇော်လေ့ရှိသော

## ‘ ပိဋကတ်သုံးပုံ ဓမ္မစေတီ’

## ဘုရားရှိခိုးကြီး

တေန ဘဂဝတော ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ဒေသိတာနိ ပညတ္တာနိ တီဏိ ပိဋကာနိ၊ ကတမာနိ တီဏိ?

ဝိနယ ပိဋကံ သုတ္တန္တ ပိဋကံ အဘိဓမ္မပိဋကန္တိ။

ဣမာနိ တီဏိ ပိဋကာနိ-

၁။ အာဒိ ကလျာဏာနိ၊

၂။ မဇ္ဈေ ကလျာဏာနိ၊

၃။ ပရိယောသာန ကလျာဏာနိ၊

၄။ သာတ္ထာနိ၊

၅။ သဗျဉ္ဇနာနိ၊

၆။ ကေဝလပရိပုဏ္ဏာနိ၊

၇။ ပရိသုဒ္ဓါနိ၊

၈။ သိက္ခတ္တယသင်္ဂဟိတဿ ဗြဟ္မစရိယဿ ပကာသကာနိ၊

၉။ အတ္ထဂမ္ဘီရာနိ၊

၁၀။ ဓမ္မဂမ္ဘီရာနိ၊

၁၁။ ဒေသနာဂမ္ဘီရာနိ၊

၁၂။ ပဋိဝေဓဂမ္ဘီရာနိ၊

၁၃။ သီလက္ခန္ဓ ဘာဇနာနိ၊

၁၄။ သမာဓိက္ခန္ဓ ဘာဇနာနိ၊

၁၅။ ပညက္ခန္ဓဘာဇနာနိ၊
၁၆။ ဝိမုတ္တိက္ခန္ဓ ဘာဇနာနိ၊
၁၇။ ဝိမုတ္တိဉာဏဒဿနက္ခန္ဓ ဘာဇနာနိ၊
၁၈။ အဘိညာသံဝတ္တနိကာနိ၊
၁၉။ ပရိညာသံဝတ္တနိကာနိ၊
၂၀။ သမ္မောဓ သံဝတ္တနိကာနိ၊
၂၁။ ဝိရာဂ သံဝတ္တနိကာနိ၊
၂၂။ နိရောဓ သံဝတ္တနိကာနိ၊
၂၃။ နိဗ္ဗာနသံဝတ္တနိကာနိ၊

နမော တေသံ တိဏ္ဏံ ပိဋကာနံ အာဒိကလျာဏာနံ မဇ္ဈေကလျာဏာနံ ပရိယာသာနကလျာဏာနံ သာတ္ထာနံ သဗျဉ္ဇနာနံ ကေဝလ ပရိပုဏ္ဏာနံ ပရိသုဒ္ဓါနံ သိက္ခတ္တယ သင်္ဂဟိတဿ ဗြဟ္မစရိယဿ ပကာသကာနံ အတ္ထဂမ္ဘီရာနံ ဓမ္မဂမ္ဘီရာနံ ဒေသနာဂမ္ဘီရာနံ ပဋိဝေဓ ဂမ္ဘီရာနံ သီလက္ခန္ဓဘာဇနာနံ သမာဓိက္ခန္ဓ ဘာဇနာနံ ပညက္ခန္ဓ ဘာဇနာနံ ဝိမုတ္တိက္ခန္ဓ ဘာဇနာနံ ဝိမုတ္တိဉာဏဒဿနက္ခန္ဓ ဘာဇနာနံ အဘိညာသံဝတ္တနိကာနံ ပရိညာသံဝတ္တနိကာနံ သမ္မောဓသံဝတ္တနိကာနံ ဝိရာဂသံဝတ္တနိကာနံ နိရောဓသံဝတ္တနိကာနံ နိဗ္ဗာနသံဝတ္တနိကာနံ

ဒုတိယမ္ပိ နမော တေသံ တိဏ္ဏံ ပိဋကာနံ အာဒိကလျာဏာနံ (ပ) နိဗ္ဗာနသံဝတ္တနိကာနံ။

တတိယမ္ပိ နမော တေသံ တိဏ္ဏံ ပိဋကာနံ အာဒိကလျာဏာနံ (ပ) နိဗ္ဗာနသံဝတ္တနိကာနံ။

ပိဋကတ်သုံးပုံ၏ ဂုဏ်တော် (၂၃)ဟုလည်း ခေါ်ဆိုနိုင်ပါသည်။

## (ကဏ) မြတ်စွာဘုရားဟောပါဠိတော်ကျမ်းစာများ (48)

သာသနာတော်နှစ် ၂၅၄၉၊ ကောဇာ ၁၃၆၇ ခု၊ ဝါခေါင်လပြည့်ကျော် (၅)ရက်၊ (၂၄-၈-၂၀၀၅) ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် အခါတော်နေ့တိုင်အောင် ထိန်းသိမ်းစောင့်ရှောက် သင်ယူပို့ချလျှက်ရှိသော ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးရပ်၊ အင်္ဂါကိုးတန်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ပါဠိ ပိဋကတ်နှင့် အဋ္ဌကထာ ဋီကာ ဓမ္မစေတီတော်များ-

## မြတ်စွာဘုရားဟော ပါဠိတော်ကျမ်းစာများ

### ဝိနယ

| | |
|---|---|
| ၁။ ပါရာဇိကကဏ္ဍပါဠိ | ၃၈၁ |
| ၂။ ပါစိတ္တိယပါဠိ | ၄၇၀ |
| ၃။ မဟာဝဂ္ဂပါဠိ | ၅၁၁ |
| ၄။ စူဠဝဂ္ဂပါဠိ | ၅၀၈ |
| ၅။ ပရိဝါရပါဠိ | ၃၉၀ |
| | ၂၂၆၀ |

♣♣♣♣♣

### မဇ္ဈိမနိကာယ

| | |
|---|---|
| ၉။ မူလပဏ္ဏာသပါဠိ | ၄၁၅ |
| ၁၀။ မဇ္ဈိမပဏ္ဏာသပါဠိ | ၄၃၉ |
| ၁၁။ ဥပရိပဏ္ဏာသပါဠိ | ၃၅၂ |
| | ၁၂၀၆ |

♣♣♣♣♣

### ဒီဃနိကာယ

| | |
|---|---|
| ၆။ သီလက္ခန္ဓဝဂ္ဂပါဠိ | ၂၃၆ |
| ၇။ မဟာဝဂ္ဂပါဠိ | ၂၈၃ |
| ၈။ ပါထိကဝဂ္ဂပါဠိ | ၂၆၀ |
| | ၇၇၉ |

♣♣♣♣♣

### သံယုတ္တနိကာယ

| | | |
|---|---|---|
| ၁၂။ သံယုတ္တပါဠိ | (ပ) | ၄၇၂ |
| ၁၃။ ။ | (ဒု) | ၅၆၇ |
| ၁၄။ ။ | (တ) | ၄၁၅ |
| | | ၁၄၅၄ |

♣♣♣♣♣

## အင်္ဂုတ္တရနိကာယ

| | | |
|---|---|---|
| ၁၅။ | အင်္ဂုတ္တရပါဠိ (ပ) | ၅၈၀ |
| ၁၆။ | ။ (ဒု) | ၅၁၃ |
| ၁၇။ | ။ (တ) | ၅၅၈ |
| | | ၁၆၅၁ |

♣♣♣♣♣

## အဘိဓမ္မာ

| | | |
|---|---|---|
| ၁၈။ | ဓမ္မသင်္ဂဏီပါဠိ | ၂၉၈ |
| ၁၉။ | ဝိဘင်္ဂပါဠိ | ၄၅၃ |
| ၂၀။ | ဓာတုကထာ | |
| | ပုဂ္ဂလပညတ္တိ | |
| ၂၁။ | ကထာဝတ္ထုပါဠိ | ၄၅၄ |
| ၂၂။ | ယမကပါဠိ (ပ) | ၂၆၅ |
| ၂၃။ | ။ (ဒု) | ၃၁၆ |
| ၂၄။ | ။ (တ) | ၃၃၀ |
| ၂၅။ | ပဋ္ဌာနပါဠိ (ပ) | ၄၆၄ |
| ၂၆။ | ။ (ဒု) | ၄၉၃ |
| ၂၇။ | ။ (တ) | ၆၀၅ |
| ၂၈။ | ။ (စ) | ၆၃၆ |
| ၂၉။ | ။ (ပဉ္စ) | ၄၈၈ |
| | | ၄၉၈၇ |

♣♣♣♣♣

## ခုဒ္ဒကနိကာယ

| | | |
|---|---|---|
| ၃၀။ | ပဋိသမ္ဘိဒါမဂ္ဂပါဠိ | ၄၁၉ |
| ၃၁။ | ခုဒ္ဒကပါဠိ | |
| | ဓမ္မပဒပါဠိ | |
| | ဥဒါနပါဠိ | |
| | သုတ္တနိပါတပါဠိ | ၄၅၅ |
| ၃၂။ | ဝိမာနဝတ္ထုပါဠိ | |
| | ပေတဝတ္ထုပါဠိ | |
| | ထေရဂါထာပါဠိ | |
| | ထေရီဂါထာပါဠိ | ၄၃၅ |
| ၃၃။ | အပဒါနပါဠိ (ပ) | ၄၄၅ |
| ၃၄။ | ။ (ဒု) | |
| | ဗုဒ္ဓဝံသပါဠိ | |
| | စရိယာပိဋကပါဠိ | ၄၂၀ |
| ၃၅။ | မဟာနိဒ္ဒေသ | ၄၁၀ |
| ၃၆။ | စူဠနိဒ္ဒေသပါဠိ | ၃၀၇ |
| ၃၇။ | ဇာတကပါဠိ (ပ) | ၄၀၀ |
| ၃၈။ | ။ (ဒု) | ၃၇၈ |
| ၃၉။ | နေတ္တိပါဠိ | |
| | ပေဋကောပဒေသပါဠိ | ၃၄၁ |
| ၄၀။ | မိလိန္ဒပဉှာပါဠိ | ၄၀၈ |
| | | ၄၄၁၈ |


♣♣♣♣♣

## ဝိနယအဋ္ဌကထာ


| | | |
|---|---|---|
| ၁။ | ပါရာဇိကကဏ္ဍအဋ္ဌကထာ(ပ) | ၃၄၆ |
| ၂။ | ။ (ဒု) | ၃၁၂ |
| ၃။ | ပါစိတျာဒိအဋ္ဌကထာ | ၄၃၇ |
| ၄။ | စူဠဝဂ္ဂါဒိအဋ္ဌကထာ | ၂၆၅ |
| ၅။ | ဝိနယသင်္ဂဟအဋ္ဌကထာ | ၄၆၈ |
| ၆။ | ကင်္ခါဝိတရဏီအဋ္ဌကထာ | ၃၇၅ |
| | | ၂၁၈၅ |


## ဒီဃနိကာယ


| | | |
|---|---|---|
| ၇။ | သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ | ၃၃၈ |
| ၈။ | မဟာဝဂ္ဂအဋ္ဌကထာ | ၄၀၃ |
| ၉။ | ပါထိကဝဂ္ဂအဋ္ဌကထာ | ၂၅၁ |
| | | ၉၉၂ |


## မဇ္ဈိမနိကာယ


| | | |
|---|---|---|
| ၁၀။ | မူလပဏ္ဏာသအဋ္ဌကထာ(ပ) | ၃၉၈ |
| ၁၁။ | ။ (ဒု) | ၃၂၀ |
| ၁၂။ | မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ | ၃၀၉ |
| ၁၃။ | ဥပရိပဏ္ဏာသအဋ္ဌကထာ | ၂၅၄ |
| | | ၁၂၈၁ |


## သံယုတ္တနိကာယ


| | | |
|---|---|---|
| ၁၄။ | သံယုတ္တအဋ္ဌကထာ (ပ) | ၃၂၅ |
| ၁၅။ | ။ (ဒု) | ၃၂၄ |
| ၁၆။ | ။ (တ) | ၃၄၁ |
| | | ၉၉၀ |


## အင်္ဂုတ္တရနိကာယ


| | | |
|---|---|---|
| ၁၇။ | အင်္ဂုတ္တရအဋ္ဌကထာ (ပ) | ၄၁၆ |
| ၁၈။ | ။ (ဒု) | ၃၉၇ |
| ၁၉။ | ။ (တ) | ၃၅၇ |
| | | ၁၁၇၀ |


## အဘိဓမ္မာ


| | | |
|---|---|---|
| ၂၀။ | အဋ္ဌသာလိနီအဋ္ဌကထာ | ၄၅၄ |
| ၂၁။ | သမ္မောဟဝိနောဒနီအဋ္ဌကထာ | ၅၀၈ |
| ၂၂။ | ပဉ္စပကရဏအဋ္ဌကထာ | ၄၉၉ |
| | | ၁၄၆၁ |


## ခုဒ္ဒကနိကာယအဋ္ဌကထာ


| | | |
|---|---|---|
| ၂၃။ | ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ(ပ) | ၃၄၅ |
| ၂၄။ | ။ (ဒု) | ၃၂၃ |
| ၂၅။ | ခုဒ္ဒကပါဌအဋ္ဌကထာ | ၂၁၆ |
| ၂၆။ | ဓမ္မပဒအဋ္ဌကထာ (ပ) | ၄၄၇ |
| ၂၇။ | ။ (ဒု) | ၄၅၆ |
| ၂၈။ | ဥဒါနအဋ္ဌကထာ | ၃၉၂ |
| ၂၉။ | ဣတိဝုတ္တကအဋ္ဌကထာ | ၃၅၅ |
| ၃၀။ | သုတ္တနိပါတအဋ္ဌကထာ (ပ) | ၃၁၄ |
| ၃၁။ | ။ (ဒု) | ၃၂၄ |
| ၃၂။ | ဝိမာနအဋ္ဌကထာ | ၃၃၅ |
| ၃၃။ | ပေတဝတ္ထုအဋ္ဌကထာ | ၂၇၀ |
| ၃၄။ | ထေရဂါထာအဋ္ဌကထာ(ပ) | ၄၈၅ |
| ၃၅။ | ။ (ဒု) | ၅၄၆ |
| ၃၆။ | ထေရီဂါထာအဋ္ဌကထာ | ၃၀၅ |
| ၃၇။ | အပဒါနအဋ္ဌကထာ(ပ) | ၃၅၂ |
| ၃၈။ | ။ (ဒု) | ၃၀၃ |
| ၃၉။ | ဗုဒ္ဓဝံသအဋ္ဌကထာ | ၃၅၄ |
| ၄၀။ | စရိယာပိဋကအဋ္ဌကထာ | ၃၂၈ |
| ၄၁။ | မဟာနိဒ္ဒေသအဋ္ဌကထာ | ၄၁၉ |
| ၄၂။ | စူဠနိဒ္ဒေသအဋ္ဌကထာ | ၁၃၉ |
| | နေတ္တိအဋ္ဌကထာ | ၂၇၆ |
| ၄၃။ | ဇာတကအဋ္ဌကထာ (ပ) | ၅၃၈ |
| ၄၄။ | ။ (ဒု) | ၄၀၈ |
| ၄၅။ | ။ (တ) | ၅၁၇ |
| ၄၆။ | ။ (စ) | ၅၀၄ |
| ၄၇။ | ။ (ပဉ္စ) | ၅၅၃ |
| ၄၈။ | ။ (ဆ) | ၃၃၂ |
| ၄၉။ | ။ (သ) | ၃၈၇ |
| ၅၀။ | ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ(ပ) | ၃၇၀ |
| ၅၁။ | ။ (ဒု) | ၃၅၆ |
| | | ၁၁၃၂၉ |

## ဝိနယဋီကာ

| | |
|---|---|
| ၁။ ဝဇီရဗုဒ္ဓိဋီကာ | ၅၈၅ |
| ၂။ သာရတ္ထဒီပနီဋီကာ (ပ) | ၄၆၀ |
| ၃။ ။ (ဒု) | ၄၄၈ |
| ၄။ ။ (တ) | ၄၉၆ |
| ၅။ ဝိမတိဝိနောဒနီဋီကာ (ပ) | ၃၆၂ |
| ၆။ ။ (ဒု) | ၃၃၂ |
| ၇။ ကင်္ခါဝိတရဏီပုရာဏဋီကာ | |
| ကင်္ခါဝိတရဏီအဘိနဝဋီကာ | ၄၈၉ |
| | ၃၇၈၂ |

## ဒီဃနိကာယဋီကာ

| | |
|---|---|
| ၈။ သီလက္ခန္ဓဝဂ္ဂဋီကာ | ၄၀၅ |
| ၉။ သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ(ပ) | ၄၃၇ |
| ၁၀။ ။ (ဒု) | ၅၀၀ |
| ၁၁။ မဟာဝဂ္ဂဋီကာ | ၃၅၈ |
| ၁၂။ ပါထိကဝဂ္ဂဋီကာ | ၂၉၂ |
| | ၁၉၉၂ |

## မဇ္ဈိမနိကာယဋီကာ

| | |
|---|---|
| ၁၃။ မူလပဏ္ဏာသဋီကာ (ပ) | ၃၉၄ |
| ၁၄။ ။ (ဒု) | ၃၂၄ |
| ၁၅။ မဇ္ဈိမ+ဥပရိပဏ္ဏာသဋီကာ | ၄၄၂ |
| | ၁၁၆၀ |

## သံယုတ္တဋီကာ

| | |
|---|---|
| ၁၆။ သံယုတ္တဋီကာ (ပ) | ၃၄၅ |
| ၁၇။ ။ (ဒု) | ၅၅၁ |
| | ၈၉၆ |

## အင်္ဂုတ္တရဋီကာ

| | |
|---|---|
| ၁၈။ အင်္ဂုတ္တရဋီကာ (ပ) | ၂၈၈ |
| ၁၉။ ။ (ဒု) | ၃၉၆ |
| ၂၀။ ။ (တ) | ၃၇၁ |
| | ၁၀၅၅ |

## အဘိဓမ္မာဋီကာ

| | |
|---|---|
| ၂၁။ ဓမ္မသင်္ဂဏီမူလဋီကာ | ၂၀၃ |
| ဓမ္မသင်္ဂဏီအနုဋီကာ | ၂၂၀ |
| ၂၂။ ဝိဘင်္ဂမူလဋီကာ | ၂၃၅ |
| ဝိဘင်္ဂအနုဋီကာ | ၂၂၉ |
| ၂၃။ ပဉ္စပကရဏမူလဋီကာ | ၂၄၈ |
| ပဉ္စပကရဏအနုဋီကာ | ၃၂၃ |
| | ၁၄၅၈ |

## ကျန်ဋီကာ

| | |
|---|---|
| ၂၄။ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (ပ) | ၄၆၁ |
| ၂၅။ ။ (ဒု) | ၅၃၅ |
| ၂၆။ နေတ္တိဋီကာ | |
| နေတ္တိဝိဘာဝိနီဋီကာ | ၃၅၆ |
| | ၁၃၅၂ |

## သင်ရိုး ပိဋက
## ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းစာများ

| ပိဋက | ပါဠိတော် | | အဋ္ဌကထာ | | ဋီကာ | |
|---|---|---|---|---|---|---|
| | အုပ်ရေ | စာမျက်နှာ | အုပ်ရေ | စာမျက်နှာ | အုပ်ရေ | စာမျက်နှာ |
| ဝိနယ | ၅ | ၂၂၆၀ | ၄ | ၁၃၆၀ | ၆ | ၂၆၇၃ |
| သုတ္တန္တ | ၃ | ၇၇၉ | ၃ | ၉၉၂ | ၅ | ၁၉၉၂ |
| အဘိဓမ္မ | ၁၂ | ၄၉၈၇ | ၃ | ၁၄၆၁ | ၃ | ၁၄၅၈ |
| **စုစုပေါင်း** | **၂၀** | **၈၀၂၆** | **၁၀** | **၃၈၁၃** | **၁၄** | **၆၁၂၃** |

ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် တရားတော်မြတ်သည် ဓမ္မစေတီတော်မည်၏။

ဓမ္မစေတီတော်မြတ် ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ် တရားတော်သည် ယခုတိုင် အကျွန်ုပ်တို့အား ဘုရားကိုယ်တော်စား လမ်းမှန်ညွှန်ပြ တရားဟော တရားပြတော်မူလျှက် ရှိနေပါသည်။

ညီဖွားအာနန္ဒာ ယခု ငါဘုရားတစ်ဆူတည်းသာ ပရိနိဗ္ဗာန်ဝင်စံပါသေး၏။ နောင် ငါဘုရားမရှိရင် ငါ့ (၈၄၀၀၀)သော ဓမ္မက္ခန္ဓာတို့သည် သင်တို့ကို သွန်သင်ဆုံးမကြလိမ့်မည်ဟူသော အဓိပ္ပါယ်ဖြင့် အာနန္ဒာ ငါဘုရား ဟောကြားထားတဲ့ သုတ္တန် ဝိနည်း အဘိဓမ္မာ တရားတော်သည် ငါဘုရားမရှိရင် သင်တို့ရဲ့ ဆရာပဲဟု မိန့်တော်မူခဲ့ပါသည်။

**ခန္ဓာကိုယ်နှင့်ဓမ္မစေတီကျောင်းဥပမာ**

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည် ပဋ္ဌိစ္စသမုပ္ပါဒဒီပနီ စာမျက်နှာ (၂၄)၌-

ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ ဟူ၍ စေတီလေးပါး ရှိသည်တွင် ဓမ္မစေတီကို ကိုးကွယ်လိုသောသူသည်-

ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာ စသော ပါဠိတော်ကြီးများကို ရွှေပြား၊ ငွေပြားမှာရေး၍ ကိုးကွယ်ရသည်ဟု ကျမ်းဂန်တို့မှာ လာသည်တစ်ရပ်၊

ဓမ္မာနုဿတိ တည်ရှိသောသူ၏ ခန္ဓာကိုယ်သည် စေတီကျောင်းနှင့် အလားတူသည်၊ လူနတ်တို့ ပူဇော်ထိုက်သည်ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ လာသည်တစ်ရပ်၊

ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)သည် ငါဘုရားကိုယ်တော်စား ဘုရားအရာ၌ တည်သည်ဟု ဟောတော်မူသည်တစ်ရပ်၊

ဤသို့ လာသောအရာများကို ထောက်ဆ၍ ဤပဋ္ဌိစ္စသမုပ္ပါဒ် ဒေသနာအကျဉ်းအကျယ် ပါဠိတော်ကြီးများကို အရကျက်၍ အသက်ထက်ဆုံး အမြဲဆောင်ရွက်သောသူသည် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ဓမ္မစေတီကျောင်းတော်နှင့် တူ၏။ လူနတ်တို့ ရှိခိုးပူဇော်ခြင်းကို ခံထိုက်၏ဟု သိအပ်၏။

**ဓမ္မစေတီတော်မြတ် ပိဋကတ်ကို အဆင့်ဆင့်စောင့်ထိန်း**

မြတ်စွာဘုရား (၄၅)ဝါ ကာလပတ်လုံး ကိုယ်တော်တိုင် တည်ထား ကိုးကွယ်ခဲ့သော ဓမ္မစေတီတော်တို့သည် (၈၄၀၀၀)ရှိကုန်၏။ လူ့ပြည်ထက်ဝက်၊ နတ်ပြည်ထက်ဝက် တည်ထားတော်မူခဲ့ပါသည်။ ဘုရားကိုယ်တိုင် တည်သောဘုရားဟူသည် ဤဓမ္မစေတီများပါပင်တည်း။ ထိုဘုရားတည်သော ဘုရားတို့ကို ဘုရားပရိနိဗ္ဗာန် စံပြီး နှစ်ပေါင်း (၄၅၀)နှစ် တိုင်တိုင် နှုတ်တက်အာဂုမ်ဆောင်တော်မူခဲ့ကြပါသည်။

နှုတ်ဖြင့်ဆောင်သည် ရင်နှီးရည် မည်မျှနှစ်ပေါင်း ကြာသနည်းဟု မေးခွန်းထုတ်ခဲ့ပါသည်။

**အဖြေကား-** နှစ် (၄၅၀)ဟု ဖြစ်ပါသည်။

**ပေစာ**

သာသနာနှစ် (၄၅၀)ရောက်လျှင် နောင်ရေးအတွက် "ပေစာ" ဟု ပေါ်ပေါက်ခဲ့ပါသည်။ သီဟိုဠ်ကျွန်း စတုတ္ထသံဂါယနာတင်ရာတွင် ပေထက်အက္ခရာ တင်ခဲ့ပါသည်။

ပဉ္စမသံဂါယနာ (သာသနာနှစ် ၂၄၀၀)နှစ်၌ ကျောက်စာ ပေါ်ပေါက်ခဲ့ရာ ပေစာ၏သက်တမ်းသည် နှစ်ပေါင်း ၁၉၆၀ ခန့် တည်ရှိ ထိန်းသိမ်းခဲ့ပါသည်။

**ကျောက်စာ**

သာသနာတော်နှစ် ၂၄၀၀ နှစ်တွင် မဟာလောကမာရဇိန် ကုသိုလ်တော် မြတ်စွာဘုရား ပရိဝုဏ်တွင် သုတ္တန်သုံးကျမ်း ကျောက်စာ အချပ် (၄၁၀)၊ ဝိနည်းငါးကျမ်း ကျောက်စာ (၁၁၁)ချပ်၊ အဘိဓမ္မာခုနစ် ကျမ်း ကျောက်စာ (၂၀၈)ချပ်၊ စုစုပေါင်း ကျောက်စာ (၇၂၉)ချပ်။

နန်းမြေဘုံသာ နန်းတော်ရာ စန္ဒာမုနိ ဘုရားပရိဝုဏ်တွင် ပိဋကတ်သုံးပုံမှ ဝိနည်း အဋ္ဌကထာ ဋီကာ အပြည့်အစုံရေးထိုးထားသော ကျောက်စာချပ်ရေ (၁၇၇၂)ချပ်နှင့် သမိုင်းမော်ကွန်း သံပြားနှစ်ချပ် အပါအဝင် စုစုပေါင်းကျောက်စာ (၁၇၇၄)ချပ် တည်ထားခဲ့ပါသည်။

ကျောက်စာတစ်ချပ်လျှင် စေတီတစ်ဆူနှုန်း တည်ထားခဲ့သည်။ ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးအဖြစ် ကျော်ကြားခဲ့ပါသည်။ အနှစ်သာရ ပြည့်ဝသည်။ သာသနာ့အမွေအနှစ်များ ဖြစ်သကဲ့သို့ တန်ဖိုးကြီးမားသော သမိုင်းအမွေအနှစ်အဖြစ်လည်း ထင်ရှားလှပါသည်။

**ပေစာ၏နိဂုံး**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ပိဋကစာပေ အတိုးတက်ဆုံး၊ သာသနာစည်ပင်ထွန်းကားဆုံး အချိန်ကား ရာဇဝင်သမိုင်း မှတ်တမ်းများမှ လေ့လာသိရှိချက်အရ ကုန်းဘောင်နောက်ဆုံးခေတ် မင်းတုန်းမင်း လက်ထက်ဟု ဆိုရပါမည်။

အဲဒီအချိန်က မြန်မာနိုင်ငံတော်၌ သံဃာတော်ပေါင်း ခြောက်သိန်းကိုးသောင်းကျော်ရှိ၍ မန္တလေးမြို့တွင် ဘုရင်ကိုးကွယ်သော ဘွဲ့တံဆိပ်ရ ဆရာတော်ပေါင်း (၈၀)ခန့် ရှိခဲ့သည်။ စာသင်တိုက်ကြီးပေါင်း (၁၇၉)တိုက်တွင် စာချဆရာတော် (၃၀၀၀)ခန့်ကို အမှီပြု၍ စာလိုက် သံဃာပေါင်းမှာ ခြောက်သောင်းကျော်ရှိသည်။

ထိုသို့ သာသနာစည်ပင်ထွန်းကားခဲ့သော်လည်း ကြေကွဲဝမ်းနည်း ဖွယ်ရာမှာ ပြည်မြန်မာ၏ ကံကြမ္မာဆိုး ကြုံခဲ့ရသော သီပေါမင်းအား အင်္ဂလိပ်များ ဖမ်းဆီးသည့်အချိန်ဖြစ်သည်။

နန်းတွင်းတစ်ခုလုံးရှိ ပြဲတိုက်၌ ပေပုရပိုက်များထည့်သည့် စာတိုက်သေတ္တာကြီးအားလုံးကို အင်္ဂလိပ်စစ်ဗိုလ်စစ်သားနှင့် နောက်ပါ လူပါစုများက အဖိုးတန်ရတနာများ ရှာဖွေယူဆောင်ကြသဖြင့် ပေစာများ၊ ပုရပိုက်များ အစည်းပျက်၊ အခေါက်ပြေလျှက် ပရမ်းပတာ ဖရိုဖရဲ ကျန်ခဲ့၏။ နောက်နေ့တွင် သန့်ရှင်းရေးအတွက် အမှိုက်လှည်း ကုလားများက ယင်းပေပုရပိုက်များကို စုပုံ၍မီးရှို့ပစ်ကြလေသည်။ ထိုအကြောင်းကို တန်ဆောင်မုန်းလဆုတ် (၁၁)ရက်နေ့တွင် တောင်ခွင် မင်းကြီးသိရသဖြင့် ပေပုရပိုက်များကို မီးမရှို့ရန် တောင်းပန် မေတ္တာရပ်ခံစာကို စာရေးတော်ကြီး ဦးမြဲအား ကာနယ်စလေဒင်ထံသို့ အပေးခိုင်းသဖြင့် ကာနယ်စလေဒင်က "မည်သူမျှ ပေပုရပိုက်များကို မီးရှို့ခြင်း၊ ဖျက်ဆီးခြင်း၊ ယူငင်ခြင်း မပြုလုပ်ရန် အမိန့်ထုတ်ပြန် တားဆီး ခဲ့လေသည်"။

နောင်အခါ၌ နွားလှည်းအစီးရေ လေးဆယ်ကျော်တိုက်လောက်ရှိသော နန်းတွင်းရှိ ကြွင်းကျန်သည့် ပေပုရပိုက် ထန်းဖူးစာများကို ရန်ကုန်အတွင်းဝန်ရုံးကြီးသို့ ယူဆောင်ထားလေသည်။

ဤသည်တို့မှာ မြန်မာပြည်၏ ယဉ်ကျေးမှုစာပေအနုပညာနှင့် အဖိုးတန်သာသနာ့အမွေအနှစ်တို့ ဆုံးပါးခဲ့ရခြင်းနှင့် ပေခေတ်၏နိဂုံးပိုင်း အခြေအနေကို သုံးသပ်ရပေသည်။

ဤသို့ ပေမီးရှို့ခံရတော့မှ ခဲရာခဲဆစ် ကျောက်စာစေတီတော်များ၏ ဂုဏ်ကျေးဇူးတို့သည် ပေါ်လွင်ခဲ့ပါတော့သတည်း။

♣♣♣♣♣

(57)

# လယ်တီဝိပဿနာအမှတ်(၉)

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အာနာပါနကမ္မဋ္ဌာန်းအားထုတ်ပုံတရားတော် | ၁ |
| တရားအားထုတ်၍ ချမ်းသာထူး၊ ချမ်းသာမြတ် ရှာဖွေပုံတရားတော် | ၁၇ |
| (၈၆)ကြိမ်မြောက်အောင်ပွဲ | ၂၆ |
| - ဆရာတော်တော်ဘုရား၏သြဝါဒတရားတော် | ၂၇ |
| - သတိပေးနေပြီ | ၃၂ |
| - မှီရာတရား | ၃၅ |
| - မြုံ့ခဲ့ချမ်းသာ | ၃၆ |
| (၈၇)ကြိမ်မြောက် လယ်တီဝိပဿနာ | ၃၉ |
| - ကေသိ | ၄၂ |
| - သတိပဋ္ဌာန်တရားကအဓိက | ၄၃ |
| - ဓမ္မစေတီယ | ၄၅ |
| - သက္ကာယဒိဋ္ဌိကြောင့် | ၅၆ |
| - ဝေဒနာ (၁၀၈) | ၅၈ |
| - သိဒ္ဓိဆေး | ၆၀ |
| - ဆရာဖြစ်သြဝါဒ | ၆၈ |
| - သြဝါဒ | ၇၃ |
| - လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးနန်းနွယ်၏ ဝမ်းမြောက်ကြောင်း လျှောက်ထားချက် | ၇၆ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|


(၈၈)ကြိမ်မြောက် လယ်တီဝိပဿနာ ၇၈
- ပဝါရဏာ ၇၉
- မဟာသိဝထေရ် ၈၂
- အလုပ်ရှုပ် ၈၉
- ကျောခင်းတော်မမူကြ ၉၀
- မထေရ်သုံးပါး ၉၄
- နယ်ချဲ့ ၉၆
- ဆက်စပ်မိပြီ ၉၈
- မကောင်းကျောင်းပို့ ၁၀၄
- မြေငလျင်လှုပ် ၁၀၇
- အဘိဓမ္မာစကား ၁၁၁
- မျက်မမြင်ဥပမာ ၁၁၂
- အသိသုံးမျိုး ၁၁၆
- အလိမ္မာ (၂)မျိုး ၁၂၀
- သိမှု (၆)ပါး ၁၂၀
- သညာဝိပဿနာ ၁၂၃

(၈၉)ကြိမ်မြောက် လယ်တီဝိပဿနာ ၁၂၇
- သာမညဖလအခါတော်နေ့ ၁၂၇
- ဘေးသင့် ၁၂၈
- ဆရာရှာ ၁၂၉
- ဒေဝဒတ်ရဲ့အမှားကြီး (၉)မျိုး ၁၃၂
- ဦးနာဂနှင့်ဆွေးနွေး ၁၃၇
- ခင်ပွန်းကြီး (၁၀)ပါး ၁၄၀
- ဒဏ် (၁၀)ပါး ၁၄၂

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| - | မဟာဝေသာရဇ္ဇဉာဏ်ကြီး (၄)ပါး | ၁၄၅ |
| - | ချာန်မင်ဖိုလ်နိဗ္ဗာန်နှင့်ဝေး (၁၆)ယောက် | ၁၄၇ |
| - | အဇာတသတ် ဆရာရွေးပွဲ | ၁၅၂ |
| - | ဆုံးမစကား | ၁၆၁ |
| - | သမားတော်ကြီးဇီဝက အလှည့် | ၁၆၄ |
| - | သရက်မေး ပိန္နဲဖြေ | ၁၆၆ |
| - | ရဟန်းပြုရကျိုး ဖြေပြီ | ၁၆၉ |
| - | ထေရဝါဒ ဩဝါဒ | ၁၇၇ |
| **(၉၀)ကြိမ်မြောက် လယ်တီဝိပဿနာ** | | **၁၈၉** |
| - | ပဌာနာ | ၁၈၉ |
| - | ဝင်ပေါက်သာရှိ ထွက်ပေါက်မရှိ | ၁၉၇ |
| - | ဘေးပွဲရယ်ကြုံ | ၂၀၄ |
| **(၉၁)ကြိမ်မြောက် လယ်တီဝိပဿနာ** | | **၂၀၇** |
| - | သတင်းစာ | ၂၀၈ |
| - | အယူအဆ | ၂၁၆ |
| - | ဝဋ္ဋာနဂါမိနီ | ၂၂၅ |
| - | ငါနဲ့တိုက် | ၂၂၈ |
| **တက္ကသိုလ်မေ့ရုံတရား** | | **၂၃၁** |
| - | နိယာမငါးပါး | ၂၃၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | **နာဂလိုဏ်ဂူသာသနာ** | **၂၄၀** |
| - | သပြေပင်တောရ | ၂၄၃ |
| - | ကျောင်း(၂)ကျောင်း၊ ဘုရား (၂)ဆူ | ၂၄၇ |
| - | ဦးရန်ကုန် | ၂၅၃ |
| - | (၄၄၄)ပါး | ၂၆၀ |
| - | ရှူးပျံဘုတ်ပျံ | ၂၆၂ |
| | **လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသ၏နိဂုံးစကား** | ၂၆၃ |
| - | ဝိမုတ္တိရသအရ | ၂၆၃ |
| - | ဝိမုတ္တိရသ | ၂၆၄ |
| - | ဝိမုတ္တိ (၂)မျိုး | ၂၆၅ |
| - | ဝိမုတ္တိ (၅)မျိုး | ၂၆၅ |
| - | တဒင် ဝိမုတ္တိ | ၂၆၆ |
| - | ဝိမုတ္တာယတန (၅)မျိုး | ၂၆၈ |
| - | ဝိမုတ္တိ ပရိပါစနီယ တရား (၅)မျိုး | ၂၆၉ |
| - | ဘုရားရှင်၏ တိုက်တွန်းချက် | ၂၇၀ |

## လယ်တီဝိပဿနာ

### နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
### တွဲဖက်အကျိုးတော်ဆောင်
### ကလေးဝတောရဆရာတော်
### ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
### အဂ္ဂမဟာပဏ္ဍိတ

# လယ်တီဘဒ္ဒန္တဇောတိကရာဘိဝံသ

### မြန်မာ့အသံမှ
### အသံလွှင့်ဟောကြားတော်မူသော

# အာနာပါနကမ္မဋ္ဌာန်း အားထုတ်ပုံတရားတော်

**ဘဝကို သတိပြုသင့်ပုံ**

ဘုန်းကြီးတို့ အကျိုးအကြောင်း၊ အဆိုးအကောင်းကို သိရှိနားလည်နိုင်သော လူ့ဘဝကြီးကို ရရှိလာကြပါတယ်။

ဘုန်းကြီးတို့သည် ဘဝရဲ့အပြစ်အနာအဆာကို မသိခြင်း၊ ဘဝကို သာယာမက်မောခြင်း၊ ကိုယ်နှုတ်နှလုံးဖြင့် ပြုမူပြောဆိုကြံစည်တွေးတောခဲ့ခြင်း အကြောင်းသုံးရပ်တို့ကို အခြေခံပြီး လူ့ဘဝကို ရောက်ရှိလာခဲ့ကြပါတယ်။

ဒီလူ့ဘဝ အလာခရီး ပြန်ကြည့်စီစစ်ပါက အမိဝမ်းသို့ သက်ရောက်စ ကာလ၊ အမိဝမ်းမှာ ကိန်းနေစဉ်ကာလ၊ အမိဝမ်းမှ ဖွားမြင်ရာကာလ၊ သုံးဌာနလုံး မသိပဲ လာရောက်ခဲ့ကြပါတယ်။

အကြောင်းသုံးမျိုး ပေါင်းစပ်မှုကြောင့် ဖြစ်လာခဲ့တဲ့ ယခုဘဝကို မသိသုံးမျိုးနဲ့ပဲ လာရောက်ခဲ့ရပါပြီ။

လက်ရှိအခြေအနေမှာလဲ မသိ (၅)မျိုးနဲ့ပဲ နေထိုင်သွားလာလှုပ်ရှားနေကြရပါတယ်။ မသိ (၅)မျိုးက -

၁။ မိမိ ဘယ်၍ဘယ်မျှ အသက်ရှည်ကြာ အသက်ရှင်ရမည် ဆိုတာ မသိနိုင်ပါ။

၂။ အဘယ်အနာရောဂါဖြင့် တစ်ဘဝ နိဂုံးချုပ်မည်ဆိုတာ မသိနိုင်ပါ။

၃။ အဘယ်အချိန်အခါမှာ သေရမည်ဟု မသိနိုင်ပါ။

၄။ မိမိရဲ့ရုပ်အလောင်းကို ဘယ်မြို့ ဘယ်ရွာ ဘယ်နေရာမှာ ပစ်ချမြှုပ်နှံရမည်ဆိုတာ မသိနိုင်ပါ။

၅။ သေသွားရင် ဘယ်ဘုံဘယ်ဘဝ ရောက်ရမည်ဆိုတာ မသိနိုင်ပါ။

ဒီ မသိ (၅)မျိုးနဲ့ ယောင်ချာချာပဲ နေကြရပါတယ်။ အကြောင်း (၃)မျိုး ကြောင့်ဖြစ်၊ မသိသုံးမျိုးနဲ့ လာရောက်ရတဲ့ လူ့ဘဝ၊ မသိ (၅)မျိုးနဲ့ ယောင်ချာချာ နေနေရတာ အင်မတန် ကြောက်လန့်စရာ ကောင်းပါတယ်။ သတိပြုဖို့ သင့်ပါတယ်။

**ဘဝငြိမ်းချမ်းရေးလမ်းညွှန်**

အကြောင်းသုံးမျိုးကြောင့် ဖြစ်လာကြရာမှ အမိဝမ်းသို့ သက်ရောက်စ ကိန်းနေစဉ် ဖွားမြင်ရာကာလ အသိ (၃)မျိုးနဲ့လာကြတဲ့ သဗ္ဗညုဘုရားလောင်းများ၊ အသိ (၂)မျိုးနဲ့လာကြတဲ့ ပစ္စေကဗုဒ္ဓါနှင့် အဂ္ဂသာဝကလောင်းလျာများ အမိဝမ်းသို့ သက်ရောက်စ တစ်ခုသာ သိခဲ့ကြသည့် မဟာသာဝက၊ ပကတိသာဝက၊ ရဟန္တာလောင်းလျာ များနှင့် မသိသုံးမျိုးနဲ့ ဘဝကိုခြေချခဲ့ကြသည့် ပုထုဇဉ်သတ္တဝါ အားလုံးတို့ မတူကွဲပြား ခြားနားချက်ကို သတိပြုသင့်ပါတယ်။

မသိ (၅)မျိုးနဲ့ နေကြရတဲ့ လောကသားတွေထဲမှာ ထူးထူးခြားခြား ဘုရားမြတ်စွာ၊ ပစ္စေကနှင့် ရဟန္တာ အရှင်မြတ်ကြီးတွေက အသိ(၅)မျိုးနဲ့ သိတော်မူကြပါတယ်။ အရိယာပုဂ္ဂိုလ်တိုင်း မိမိတို့ လားရောက်ရမည့် ဂတိနှင့် ဂတိကင်းကွာ ပြည်ခေမာဆိုတဲ့ အဂတိကိုလဲ သိတော်မူကြပါတယ်။

ကောင်းသောသူတို့၏လားရာ မကောင်းသောသူတို့ရဲ့ လားရာဂတိနှင့် ဂတိကင်းရာ ပြည်ခေမာလမ်းကို သေသေချာချာ သိတော်မူသည့်အတိုင်း ညွှန်းပြတော်မူနိုင်သည့် မြတ်ဗုဒ္ဓကို လမ်းညွှန်ဆရာအဖြစ်ထား ကိုးကွယ်အားထားခွင့်ရနေကြတဲ့ ဗုဒ္ဓဘာသာများ ဖြစ်နေကြသည့် အားလျော်စွာ မြတ်ဗုဒ္ဓ၏ ဘဝငြိမ်းချမ်းရေး လမ်းညွှန်တရားများအနက် အာနပါနကမ္မဋ္ဌာန်း အားထုတ်၍ ဘဝငြိမ်းချမ်းရေးရှာပုံကို ဟောပါ့မယ်။

## မြတ်ဗုဒ္ဓ၏လမ်းစဉ်

မြတ်ဗုဒ္ဓသည် ဘဝသံသရာ လှည့်ပတ်ရာမှာ စားဝတ်နေရေး အဆင် ပြေစေဖို့ ဒါနလမ်းစဉ်ကို ချမှတ်ဆောင်ရွက်တော်မူခဲ့ပါတယ်။

ကိုယ်၏ရိုင်းစိုင်းမှုနှင့် နှုတ်၏ရိုင်းစိုင်းမှု ပ,ပျောက်၍ ကိုယ်နှုတ် ယဉ်ကျေးဖို့အတွက် သီလလမ်းစဉ်ကို ချမှတ်ခဲ့ပါတယ်။

စိတ်ရိုင်းစိုင်းမှု ပ,ပျောက်၍ ယဉ်ကျေးရန်၊ စိတ်ကို အစိုးရရန် သမထကမ္မဋ္ဌာန်း အားထုတ်နည်းကို ဟောတော်မူခဲ့ပါတယ်။

အတွင်းဓာတ်သား အမှန်တရားကို မြင်ရှုနိုင်၍ ဉာဏ်အဆင့်ဆင့် ရရှိငြိမ်းချမ်းရန် ဝိပဿနာကမ္မဋ္ဌာန်း ဟောတော်မူပါတယ်။

**စိတ်အစိုးရမှု**

စိတ်ကိုအစိုးမရမှု၊ စိတ်ရိုင်းစိုင်းမှုဟာ သံသရာမှာ မျောလမ်းကြီးစစ်စစ် ဖြစ်ပါတယ်။ အဘယ်ကြောင့်ဆိုသော် သမထဝိပဿနာ အလုပ်ခွင်သို့ မကပ်ရောက်နိုင်သောကြောင့် ဖြစ်ပါတယ်။

စိတ်ကို အစိုးရမှုဟာ နိဗ္ဗာန်ဆိပ်ကမ်းသို့ ဆိုက်လမ်းကြီးစစ်စစ် ဖြစ်ပါတယ်။

အထက်အထက်ဖြစ်တဲ့ သမထဝိပဿနာ အလုပ်တွေကို မလုပ် တည့်နိုင်လျှင် ရှိပါစေဦး။

မိမိစိတ်ကို မိမိကိုယ်သန္တာန်တွင်း၌ နိုင်နိုင်နင်းနင်း ထားနိုင်ကြပါလျှင် နိဗ္ဗာန်၏အရသာကို ခံစံကြရသည် မည်ကြောင်း ဘုရားရှင် ဟောတော်မူပါတယ်။

စိတ်အစိုးရမှုဟာ အမျိုးမျိုးရှိပါတယ်။ လောကအနေနဲ့ ပြောလျှင် အရူးအနှမ်းမဟုတ်ပဲ တည်ကြည်သောစိတ်ရှိပြီး လူရေးလူရာတွေမှာ နေရာတကျ စီမံခန့်ခွဲ ဆောင်ရွက်မှုကို “စိတ်ကိုအစိုးရမှု”လို့ ခေါ်ဆိုပါတယ်။

သာသနာတော်အနေနဲ့ကြည့်ရင် -

အဘိဇ္ဈာ ဒေါမနဿ အစွန်းမထွက်အောင် မျက်စေ့ နားနှာ လျှာ ကိုယ် စိတ်ကို ထိန်းသိမ်းနိုင်မှု လုံခြုံအောင်ထားနိုင်မှုဟာ “အစိုးရမှု” တစ်မျိုးပါပဲ။ ခိုင်ခံ့သော စိတ်အစိုးရမှုပါပဲလို့တော့ မပြောနိုင်သေးပါ။

အာနာပါနကမ္မဋ္ဌာန်း စသည် အားထုတ်၍ ကာယဂတာသတိ ဘာဝနာတည်မှုကတော့ သမထဝိပဿနာရဲ့ နီးသော အကြောင်းဖြစ်လို့ ခိုင်ခံ့သော အစိုးရမှု မည်ပါတယ်။

ထို့ထက် ဥပစာရသမာဓိမှုက ခိုင်ခံ့ပါတယ်။

ထို့ထက် အပ္ပနာသမာဓိမှုက ခိုင်ခံ့ပါတယ်။

အပ္ပနာသမာပတ်ရှစ်ပါးတို့က တစ်ဆင့်ထက်တစ်ဆင့် ခိုင်ခံ့ပါတယ်။ အဘိညာဉ်ရအောင် အားထုတ်က သမထကိစ္စမှာ အထွဋ်အထိပ်ဖြစ်တဲ့ အစိုးရမှု ဖြစ်ပါတယ်။

ယခုအခါ ဗုဒ္ဓဘာသာ သာသနာ၌ ကြုံကြိုက်ကြသူ ရဟန်း ရှင်လူ အပေါင်းတို့အနေနဲ့ မိမိစိတ်ကို မိမိအစိုးမရ ရှိနေကြတာကို လွန်စွာစက်ဆုပ် ထိတ်လန့်ကြပြီး မိမိစိတ်ကို မိမိအစိုးတရဖြစ်ရ လေအောင် မဟာသတိပဋ္ဌာန်သုတ်၌လာသော တစ်ခုခုသော ကာယဂတာသတိ အလုပ်များကို အားထုတ်သင့်ပါတယ်။

## အာနာပါန တစ်ခုတည်းဖြင့်

ကာယဂတာသတိ (၁၈)မျိုးတို့တွင် နှာသီးဖျားမှာ ထွက်သက် ဝင်သက်၊ ထွက်လေဝင်လေ ရှုရှိုက်ထုတ်မှုတ်မှု၊ အာနာပါနအလုပ် တစ်ခုတည်းနဲ့ ကာယဂတာသတိ ဘာဝနာကိစ္စ၊ အပ္ပနာစျာန် (၄)ပါးဆိုတဲ့ သမထဘာဝနာကိစ္စ၊ ဝိပဿနာဘာဝနာကိစ္စ၊ မဂ်ကို ပွားများခြင်း, ဖိုလ်ကို မျက်မှောက်ပြုခြင်း ကိစ္စများပြီးစီးကြောင်း အာနာပါနသတိသုတ်၌ ဟောတော်မူပါတယ်။

မွေးဖွားလာချိန်မှ အသက်ရှင်နေသမျှ လူတိုင်းလူတိုင်း အသက်ရှုရှိုက် ထုတ်မှုတ်နေကြပါတယ်။ အိပ်တဲ့အခါပင် ထွက်သက် ဝင်သက်က မနားပါ။ တစ်နာရီဆိုလျှင် (၁၀၀၀)ခန့် ရှုကြရှိုက်ကြ ထုတ်ကြမှုတ်ကြ၍ ထွက်သက်ဝင်သက် ထွက်လေဝင်လေကို အသုံးချကြပါတယ်။ တစ်နေ့ တစ်ရက်ဆိုလျှင် အကြိမ်ပေါင်း နှစ်သောင်းကျော်လောက် ထုတ်ကြမှုတ်ကြပါတယ်။

ခပ်သိမ်းသော ဘုရားရှင်တို့ အာနာပါနဿတိ၌ တည်ပြီး တော့ သဗ္ဗညု ဘုရားအဖြစ်သို့ ရောက်တော်မူကြမြဲ ဓမ္မတာဖြစ်တယ် ဆိုတော့ အာနာပါနသတိ ကမ္မဋ္ဌာန်းက ဘုရားအလောင်းတော်ကို ဘုရားအဖြစ်သို့ အနီးကပ်ရောက်အောင် ပို့ဆောင်တဲ့ကမ္မဋ္ဌာန်းဆိုတာ သိသာပါတယ်။

ဘုရားရှင်တို့သည် ဘုရားအဖြစ်သို့ ရောက်ပြီးသောအခါ မှာလဲ အာနာပါနဿတိကို အသက်ထက်ဆုံး စွန့်တော်မမူကြပါ။

ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တွေ အာသဝက္ခယဉာဏ်ရဖို့ အာနာပါနကမ္မဋ္ဌာန်း အားထုတ်ကြပါတယ်။

ရဟန္တာအရှင်မြတ်ကြီးတို့ အနေနဲ့လဲ ချမ်းချမ်းသာသာ နေနိုင်ရန်နှင့် သတိသမ္ပဇဉ်အကျိုးငှာ အာနာပါနဿတိကို လက်လွှတ် တော်မမူကြပါ။

## အလွယ်ဆုံး

သမထအရာမှာ ကမ္မဋ္ဌာန်း (၄၀)ရှိရာ အာနာပါနကမ္မဋ္ဌာန်း သည် အစဉ်စွဲမြဲပွားများခြင်းငှာ အလွယ်ဆုံးဖြစ်ပါတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အခြားကမ္မဋ္ဌာန်းတို့ထက် လွန်မြတ်တဲ့ ဂုဏ်ပုဒ်တွေနဲ့ များစွာချီးမွမ်းတော်မူထားပါတယ်။ မဟာ သတိပဋ္ဌာန်တရား ပေးရာမှာ ပထမဆုံးပေးခဲ့တဲ့ ကမ္မဋ္ဌာန်းလဲ ဖြစ်ပါတယ်။

အဋ္ဌကထာဆရာမြတ်တို့ကလဲ "မဟာပုရိသဘူမိ" လူသာမန် ရှင်သာမန်တို့နှင့် မထိုက်တန်၊ လူပညာရှိ ရဟန်းပညာရှိတို့နှင့် ထိုက်တန်သော ကမ္မဋ္ဌာန်းဖြစ်၍ ယောကျ်ားမြတ်ကြီးတို့၏ တည်ရာ ဘုံဟု မိန့်တော်မူကြပါတယ်။

**အာနာပါနကမ္မဋ္ဌာန်း အားထုတ်ပုံ**

ဒီမြင့်မြတ်လွယ်ကူ အာနာပါနကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်လိုတဲ့ ရဟန်းရှင်လူ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်-

- ဆိတ်ငြိမ်ရာနေရာယူပါ။
- အနန္တငါးပါး ရှိခိုးပါ။
- သရဏဂုံဆောက်တည် သီလယူပါ။
- မေတ္တာပို့ပါ။
- အမျှပေး၊ အမျှယူပါ။

**သတိမြဲရာ ပထမာ**

နှာဆိုးနှာမိုက်နဲ့တူတဲ့ စိတ်ကို ဆုံးမဖို့ သတိဆိုတဲ့ ကြိုးနဲ့ နှာသီးဖျားမှာ ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ ခိုင်မြဲအောင် ရှုမှတ်ချည်နှောင်ထားပါ။

စိတ်ကိုအခြားမရောက်ပါစေနဲ့။ အသီးတစ်ရာ အညှာတစ်ခု ဆိုသလို လူတိုင်းမှာ စိတ်ကအညှာပါပဲ။ အညှာကောင်းမှ ခိုင်မှ အသီးများ တည်ရှိနိုင် ပါတယ်။ ဒါကြောင့် -

"အမြတ်ဦးကိုင် ထီးကိုပိုင်က
နန်းထိုင်ရသို့ စိတ်ဟုမည်ငြား
ဤတစ်ပါးမျှ တရားကိုယ်ကြပ်
စောင့်စည်းကွပ်က လူနတ်နိဗ္ဗာန်
သုံးတန်ချမ်းသာ ရကြောင်းလာ၏" လို့ မိန့်ဆိုကြပါတယ်။

ခိုင်ခိုင်ချည်ထား စိတ်မိုက်နွား ပြေးသွားရုန်းကြည့်ပါ။ ဒီစိတ်ကလေးဟာ နှာသီးဖျား ထွက်လေဝင်လေ ရှုရိုက်ထုတ်မှုက်မှု အာရုံတိုင်မှာ သတိဆိုတဲ့ ကြိုးနဲ့ ခိုင်ခိုင်ချည်ထားပေမဲ့လို့ ရှေးကကျွေ့ဖူး

ကြံ့ဖူးဆုံဖူးတဲ့ အာရုံတွေဆီ လျှောက်ပြေးနေတတ်ပါတယ်။ လိုက်ဖမ်းရပါတယ်။ အဲဒီလို မိအောင်ဖမ်းလို့ အဖမ်းရခက်တဲ့ စိတ်။ လေကို ပိုက်ကွန်နဲ့ဖမ်းရတာမျိုးပါပဲ၊ စိတ်ဆိုတာက -

အဝေးလဲ ပြေးသွားတတ်တယ်။ တစ်ဦးတည်းလှည့်လည်တတ်တယ်။ အထည်ကိုယ်လဲ မရှိဘူးဆိုတော့ အဖမ်းရခက်တော့တာပါပဲ။ ဒါပေမဲ့လို့ ဘုရားရှင် ပေးသနားခဲ့တဲ့နည်းနဲ့ ချည်တိုင်မှာ ချည်ထားပါ။ အားကုန်ရုန်းမှာပါပဲ။

အဲဒီလို ရုန်းကန်ပါသော်လဲ ရုန်းမရအောင် ထွက်လေဝင်လေ ထွက်သက်ဝင်သက် ဆိုတဲ့ အာရုံတိုင်မှာ ချည်ထားနိုင်လျှင်တော့ -

**“ရုန်းမရပါ ချည်တိုင်မှာ မောခါငြိမ်သက်ပါ”**

အဲဒီလို မောပမ်းပြီး ငြိမ်သက်တော့မှ စိတ်တည်ကြည်မှု ရပါလိမ့်မယ်။

**“မောကာငြိမ်သက် မလှုပ်ယှက် တိုးတက်တည်ကြည်လာ”**

အဲဒီလို တည်ကြည်ငြိမ်သက်လာပြီး မလှုပ်မယှက်ပြီဆိုတော့ သမာဓိ ရလာပြီလို့ ခေါ်ဆိုနိုင်ပါတယ်။

အခုပြောခဲ့တာက ထွက်လေဝင်လေ ရှုမှတ်တဲ့နည်းတွေက (၁၆)စုံ (၃၂)ပါး အခြင်းအရာတွေ ရှိပါတယ်။ (၄)မျိုး (၄)မျိုး (၄)စုံ ရှိရာမှ ပထမ (၄)မျိုး ပထမ စတုက္က (၄)နည်းထဲက “သတိမြဲရာ ပထမာ” ဆိုတဲ့ ပထမဆုံး အားထုတ်နည်း ဖြစ်ပါတယ်။

## ဒုမှာ ရှည်တိုသိ

“ဒုမှာရှည်တိုသိ” ဆိုတဲ့ ဒုတိယနည်းက အဲဒီထွက်လေဝင်လေ ရှူရှိုက်ထုတ်မှုတ်မှုတို့ရဲ့ အနှေးအမြန်ကို သိအောင်အားထုတ်ရပါမယ်။ လေကြော မြန်တာ၊ အတို။ နှေးတာ အရှည်ပါ။ အတို၊ အရှည် သိအောင် အားထုတ်ပါ။

## လုံးစုံလင်းရာ တ,၌သာ

"လုံးစုံလင်းရာ တ,၌သာ" ဆိုတဲ့နည်းမှာ အဲဒီ ထွက်လေ ဝင်လေဆိုတဲ့ ခရီးစဉ် အစ၊ အလယ်၊ အဆုံးအားလုံးကို သိအောင် ထင်လင်းအောင် ရှုမှတ်ပါ။

ဝင်သက်ရဲ့ အစခရီးက နှာသီးဖျား၊ အလည်ခရီးက ရင်၊ အဆုံး ခရီးစဉ်က ချက်တိုင် တို့ဖြစ်ပါတယ်။ ထွက်သက်ရဲ့ အစက ချက်၊ အလယ်က ရင်၊ အဆုံးက နှာသီးဖျား၊ အဲဒီ အစ၊ အလယ်၊ အဆုံး သုံးပါးလုံးထင်အောင် သိအောင်အားထုတ်ပါ။ တစ်ချို့က အစသာ သိပြီး အလယ်အဆုံး ခရီးစဉ်တို့ကို မသိပါ။ ပင်ပန်းတတ်ပါတယ်။

## စ,မှာ ငြိမ်းစေဘိ

"စ,မှာငြိမ်းစေဘိ" ဆိုတဲ့ စတုတ္ထနည်းမှာ ရုန်းရင်းတဲ့ ထွက်သက်ဝင်သက်တွေကို အစဉ်အတိုင်း ချုပ်ငြိမ်းစေပြီး သိမ်မွေ့သွား အောင် ရှုမှတ်ရပါတယ်။

သမာဓိရ တည်ကြည်က စိတ္တဝိသုဒ္ဓိ၊ သမာဓိရ တည်ကြည်က စိတ်က စင်ကြယ်လာဆိုတဲ့ စကားအတိုင်း သမာဓိရပြီး စိတ် တည်ကြည်လာပြီဆိုရင် စိတ်အညစ်အကြေး စင်ကြယ်ပါပြီ။

အထည်ကိုယ်မရှိတဲ့ စိတ်ကို ငြိမ်အောင်ထားဖို့ တရား အာရုံမှာ ထားနိုင်ဖို့ သမထကမ္မဋ္ဌာန်း အားထုတ်ကြရပါတယ်။

စိတ်ကို ထိန်းရာမှာ အတုယူဖွယ်ကောင်းတဲ့ မထေရ်မြတ်ကြီး သုံးပါး ရှိပါတယ်။

မထေရ်မြတ်ကြီးသုံးပါး ဝါတွင်းကာလ အတူတကွ ကျောင်းတိုက်တစ်တိုက်ထဲမှာ ဝါဆိုတော်မူကြပြီး ဝါကျွတ်တဲ့အခါ တစ်ပါးနှင့်တစ်ပါး မေးကြမြန်းကြပါတယ်။

အငယ်ဆုံးမထေရ်ကို "ငါ့ရှင်ရဲ့ စိတ်လေးကို အခုဝါတွင်း ဘယ်လောက်များ ထိန်းသိမ်းနိုင်ခဲ့ပါသလဲ" လို့မေးတော့ "ဘုရား တပည့်တော်၏စိတ်ကို နေထိုင်ရာ ကျောင်းတိုက်ကြီး အာရမ်တွင်းမှ အပြင်မထွက်အောင် ထိန်းနိုင်ခဲ့ပါတယ်ဘုရား"တဲ့။

အလတ်ဖြစ်တဲ့မထေရ်ကို မေးပြန်တော့ "တပည့်တော် သီတင်းသုံးရာကျောင်းမှ စိတ်အပြင်မထွက်ပါဘုရား"တဲ့။

မထေရ်ကြီးကို မေးတော့ "ငါ့ခန္ဓာကိုယ်ထဲမှ စိတ်အပြင် မထွက်ဘူး"တဲ့။

ဒီမထေရ်ကြီးသုံးပါးတို့သည် စိတ်ကိုထိန်းတဲ့နေရာမှာ အတုယူဖွယ် ကောင်းလှပါတယ်။

**ဝိပဿနာသို့**

စိတ်စင်ကြယ်အောင် အားထုတ်ပြီး ဝိပဿနာကူးရပါတယ်။ စိတ်စင်ကြယ်ပြီ ဆိုပါက ဝိပဿနာဉာဏ်အဆင့်ဆင့် တက်နိုင်ပါပြီ။

(က) ဈာန်မရမီ ဥပစာရဈာန်မှလည်း ဝိပဿနာကူးနိုင် ပါတယ်။

( ခ) ဈာန်ရအောင် သမထကမ္မဋ္ဌာန်း အားထုတ်ပြီးမှ လည်း ဝိပဿနာ ကူးနိုင်ပါတယ်။

သမထက စက္ကူအဖြူနှင့် တူပါတယ်။ ဝိပဿနာက ဆေးမင် နှင့် တူပါတယ်။ ဝိပဿနာကူးရာမှာ အနည်းဆုံး ခဏိက တစ်ခဏ ချင်း အားထုတ်လို့ရရှိတဲ့ စိတ်တည်ကြည်မှု လိုအပ်ပါတယ်။

အဲဒီလို ဝိပဿနာတက်သောအခါမှာလဲ -

၁။ ဤအာနာပါနကမ္မဋ္ဌာန်း အာရုံ ထွက်လေဝင်လေ ရှုမှတ်မှုနှင့် ဖက်တွဲ၍ ဝိပဿနာတက်နည်း၊

၂။ ဤအာနာပါနရှုမှုကို ရှေးဦးလုပ်ငန်းထားပြီး ခန္ဓာငါးပါး စသည်ထဲက အလိုရှိတဲ့ ရုပ်နာမ်မွေကို ယူ၍ ဝိပဿနာသို့ တက်နည်းလို့ (၂)မျိုး ရှိပါတယ်။

ဤသုတ္တန်ပါဠိတော်၌-

အနိစ္စာနုပဿီဝါ အဿသိဿာမီတိ သိက္ခတိ၊

အနိစ္စာနုပဿီဝါ ပဿသိဿမီတိ သိက္ခတိ ဟူ၍ အာနာပါန ထွက်လေ ဝင်လေ အာရုံနှင့်ဖက်တွဲ၍ ဝိပဿနာရှုနည်း လာပါတယ်။

ဒီပါဠိတော်ရဲ့ အဓိပ္ပါယ်က ထွက်သက်၊ ထွက်လေကို ထုတ်မှုတ် လွှတ်မည်ပြုသော် အမှတ်တမဲ့ မထုတ်မမှုတ် မလွှတ်ပဲ အနိစ္စမမြဲပုံ ထင်အောင်ရှု၍ ထုတ်မည် မှုတ်မည် လွှတ်မည်ဟု ထုတ်တိုင်း, ထုတ်တိုင်း၊ မှုတ်တိုင်း, မှုတ်တိုင်း၊ လွှတ်တိုင်း, လွှတ်တိုင်း အနိစ္စမမြဲပုံ၊ နှလုံးသွင်းမှု ရှေ့သွားပြု မြဲစေရာ၏ဟု ဆိုလိုပါတယ်။

ဝင်သက်ဝင်လေကို ရှူရှိုက် သွင်းမည်ပြုသော် အမှတ်တမဲ့ မရှူ မရှိုက် မသွင်းပဲ အနိစ္စမမြဲပုံထင်အောင်ရှု၍ ရှူမည်၊ ရှိုက်မည်၊ လေသွင်းမည်ဟု ရှူတိုင်း, ရှူတိုင်း၊ ရှိုက်တိုင်း, ရှိုက်တိုင်း၊ လေသွင်းတိုင်း, လေသွင်းတိုင်း အနိစ္စမမြဲပုံ နှလုံးသွင်းမှု ရှေ့သွားပြု မြဲစေရမည်ဟု ဆိုလိုပါတယ်။ ဒါက ပါဠိတော်လာ တိုက်ရိုက် ဝိပဿနာရှုပွားပုံပါပဲ။

လှုပ်ရှားနေတဲ့ ထွက်လေဝင်လေ ဝါယောရုပ်၊ ဝါယောရုပ် ဆိုတာ ရုပ်လား, နာမ်လား ဆိုတော့ ရုပ်၊ ရုပ်ဝါယော ဘယ်လို လက္ခဏာရှိသလဲ။ တွန်းကန်တတ်တယ်၊ လှုပ်ရှားတတ်တယ်။

ဝိပဿနာပိုင်းမှာ ထွက်လေဝင်လေလို့ မရှုမှတ်တော့ပဲ တွန်းကန်တဲ့သဘော၊ လှုပ်ရှားတဲ့သဘောကို ရှုမြင်ရမှာပါ။

**ခေတ်ပေါ်မှ နာမ်ကရှု**

ခန္ဓာကိုယ်မှာ ခေတ်ပေါ်မှုကို ဘာနဲ့ရှုရမှာလဲ။ နာမ်နဲ့ရှုမှတ်ရမှာပါ။ ဘာခေတ်ပေါ်သလဲ ရုပ်ခေတ်ဖြစ်ပေါ်တယ်။ ဘာရုပ်ခေတ်လဲ၊ ဝါယောဆိုတဲ့ ရုပ်ခေတ်၊ အဲဒီ ရုပ်ခေတ်ကို စိတ်ဆိုတဲ့ နာမ်က ရှုမှတ်ရမယ်။

တစ်ကြိမ်, နှစ်ကြိမ် စသည်ဖြစ်ပေါ်တဲ့ ထွက်လေဝင်လေကို ဒါက ဝါယောရုပ်၊ ရှုမှတ်တဲ့စိတ်က နာမ်။ ကာယပသာဒနဲ့ ဝါယောရုပ်တို့ ထိတာက ရုပ်ရဲ့အလုပ်၊ ထိတာကို သိတာက နာမ်ရဲ့အလုပ်။

ထွက်လေဝင်လေ တစ်စုံတစ်စုံရဲ့ အခိုက်မှာဖြစ်တာ ပျက်တာကို ရှုမြင်လိုက်တော့ မမြဲတဲ့သဘော ပေါ်လွင်ပြီ။ ထိတာက ရုပ်၊ သိတာက နာမ်၊ ရုပ်နာမ် အသေးစိတ် ခွဲခြားနိုင်ပြီ။ ဒီခန္ဓာကိုယ်ကို နောက်ဆုံး ခေတ်စု ခေတ်ပုံ ခေတ်ခဲ ကြီးအထိ မြင်အောင်ရှုရမှာကိုး။

ခေတ်စု ခေတ်ပုံ ခေတ်ခဲကြီးထဲမှ ဝါယောခေတ်ရဲ့ သဘောက တွန်းကန်လှုပ်ရှားတဲ့သဘော ရှိတယ်။ လေကြောထဲမှာ ခက်မာ နူးညံ့နေတဲ့ သဘောလဲ ပါရှိတယ်။

ဝါယောကာယလို့ ဆိုရလောက်အောင် ဖွဲ့စည်းထားတဲ့ သဘောလဲ ပါရှိတယ်။ တစ်ခါတစ်ရံ ပူတဲ့သဘော၊ နွေးတဲ့သဘော ရှိတယ်။

အဲဒီတော့ ခေတ်ကြီးလေးပါးပဲ။ ခေတ်ဆိုတာ ဘာလဲ၊ သဘော။ သဘော ဆိုတာ သုညပါပဲ။ သုညဆိုတာ သတ္တဝါမှ ကင်းဆိတ်တယ်။ အသက်မှ ကင်းတယ်။ အဲဒီလို သုညဆိုက်အောင် ရှုရမှာပါ။

ထွက်လေဝင်လေကို ရှုမှတ်တဲ့ ကမ္မဋ္ဌာန်းက ရုပ်ကမ္မဋ္ဌာန်း၊ ရုပ်ကမ္မဋ္ဌာန်းတွေထဲက ဝါယောရုပ်ကမ္မဋ္ဌာန်း ယနေ့ ဒီဓာတ်တစ်လုံးပဲ ထင်ရှားအောင် နည်းလမ်းပြောနေတာပါပဲ။

**သတိပဋ္ဌာန်လေးပါးလုံး**

ဒီဝါယောဓာတ် တစ်လုံးပိုင်လျှင် သတိပဋ္ဌာန်လေးပါးလုံး ရှုပွားပြီးသား ဖြစ်ပါတယ်။ ထွက်လေဝင်လေ ရှုမှတ်တဲ့ ဝါယောရုပ်ကမ္မဋ္ဌာန်းသည် ကာယာနုပဿနာ သတိပဋ္ဌာန်။

ဒီထွက်လေဝင်လေကို ရှုမှတ်နေတော့ ဝေဒနာခံစားချက်တွေ အမျိုးမျိုး ပေါ်လာတယ်။ အဲဒီ ဖြစ်ပေါ်လာတဲ့ ဝေဒနာတွေ ရှုမှတ်တော့ ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဖြစ်ပါတယ်။

ဒီဝါယောရုပ်ကို ရှုမှတ်တဲ့စိတ်တွေ ဖြစ်ပေါ်လာလို့ အဲဒီစိတ်တွေ ရှုမှတ်တော့ စိတ္တာနုပဿနာ သတိပဋ္ဌာန် ဖြစ်လာပါတယ်။

အဲဒီလို ရှုမှတ်ရင်းနဲ့ အဘိဇ္ဈာ= မတရားလိုချင်မှု၊ ဒေါမနဿ= စိတ်မသက်သာ နှလုံးနာမှုတွေ ပ,ထုတ်ပြီး လျစ်လျူရှုနေတဲ့အခါ ဓမ္မာနုပဿနာ။

ဝါယောရုပ်က ဒုက္ခသစ္စာ, ရူပက္ခန္ဓာ၊ ရှုမှတ်စိတ်က ဝိညာဏက္ခန္ဓာ, ဒုက္ခသစ္စာလို့ ရှုမြင်တော့ ဓမ္မာနုပဿနာ။

အဲဒီ ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ သတိဆိုတဲ့ ကြိုးနဲ့ စိတ်ကို ချည်နှောင်ထားနိုင်တာ သတိသမ္ဗောဇ္ဈင်။

ထွက်လေဝင်လေကို ရှုမှတ်မှုက စ, ဖြစ်ပေါ်လာတဲ့ တရားတွေ ခွဲခြားဝေဖန် ရှုမြင်ကြည့်ရှုနိုင်တော့ ဓမ္မဝိစယသမ္ဗောဇ္ဈင်။

ထွက်လေဝင်လေ မပြတ်မှတ်၊ ရှုရှိုက်ထုတ်မှုတ် သတိမပြတ် ကြိုးစားနေတော့ ဝီရိယသမ္ဗောဇ္ဈင်။

ထွက်လေဝင်လေ ရှုမှတ်လို့ အသားကျပြီး ကျေနပ်နေတော့ ပီတိသမ္ဗောဇ္ဈင်။

ရှုမှတ်ရင်း ကိုယ်စိတ်နှစ်မျိုး ငြိမ်းချမ်းနေတော့ ပဿဒ္ဓိသမ္ဗောဇ္ဈင်။

ငြိမ်းချမ်းတော့ စိတ်က တည်ကြည်လာတယ်။ သမာဓိသမ္ဗောဇ္ဈင်။

စိတ်တည်ကြည်လာတော့ ဒီတရားတွေကို လျစ်လျူရှုနိုင်တာက ဥပေက္ခာသမ္ဗောဇ္ဈင်။

အဲဒီလို ဗောဇ္ဈင် (၇)ပါး ဖြစ်ပေါ်လာပြီဆိုလျှင် မဂ်ဉာဏ်လေးပါးဆိုတဲ့ ဝိဇ္ဇာဉာဏ်လေးပါး၊ ဖိုလ်ဉာဏ်လေးပါးခေါ်တဲ့ ဝိမုတ္တိဉာဏ် ရရှိနိုင်ပြီး ဒုက္ခအားလုံးငြိမ်းတဲ့နိဗ္ဗာန် ရရှိနိုင်ပါတယ်။

နိဗ္ဗာန်ရဖို့ရန် မဂ်ဉာဏ်လေးပါး ဖိုလ်ဉာဏ်လေးပါးရှိမှ မဂ်ဖိုလ်ရဖို့ရန် ဗောဇ္ဈင် (၇)ပါး ရှိမှ ရနိုင်ပါတယ်။

ဗောဇ္ဈင် (၇)ပါးရဖို့က သတိပဋ္ဌာန်လေးပါး ရှိမှ ရနိုင်ပါတယ်။ သတိပဋ္ဌာန်လေးပါး ရဖို့ရာ အာနာပါနဿတိ ထွက်လေဝင်လေ ရှုမှတ်လို့ရတဲ့ သမာဓိရရှိမှ ဖြစ်ပါတယ်။ ထွက်လေဝင်လေကို ရှုမှတ်လို့ရလာတဲ့ စိတ်တည်ကြည်မှု ရရှိကြရန် ဥပမာသုံးမျိုးနဲ့ စိတ်ကိုနိုင်နင်းအောင် ဆုံးမနိုင်ကြပါစေဟု နိဂုံးချုပ်အနေနဲ့ တိုက်တွန်းလိုပါတယ်။

**ဥပမာသုံးမျိုးနဲ့စိတ်ကိုဆုံးမ**

**ဥဒကံ ဟိ နယန္တိ နေတ္တိကာ၊**
**ဥသုကာရာ နမယန္တိ တေဇနံ။**
**ဒါရုံ နမယန္တိ တစ္ဆကာ၊**
**အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ။ ။**

နေတ္တိကာ= သမ္မာအာဇီ သက်မွေးမှီလျှက် ဝသီမူဟောင်း ရှေးသူတော် လမ်းကြောင်းဖြင့် မြောင်းကိုသွယ်စား လယ်သမား တို့သည်၊ ဥဒကံဟိ= အသက်မရှိတဲ့ ရေကိုပင်လျှင်၊ နယန္တိ= လိုရာ သွယ်သွင်း လယ်အတွင်းသို့ ပို့သွင်းနိုင်ကြလေကုန်၏။

ဥသုကာရာ= ရဲစိတ်ရဲမာန် ခက်ထန်မာန်ကြွား မြှားသမား တို့သည်၊ တေဇနံ= အသက်မရှိတဲ့ မြှားကိုပင်လျှင်၊ နမယန္တိ= မီးတွင်ထိုးမြိုက် အလိုက်သင့်ပါအောင် ဆွဲဆောင်ဖြောင့်စင်း၍ ပေးနိုင်ကြကုန်၏။

တစ္ဆကာ= သစ်ရွေးသမား လက်သမားတို့သည်၊ ဒါရုံ= အလို အလျောက် တောတွင်ပေါက်သည့် သစ်ကောက်သစ်ရိုင်းကို၊ နမယန္တိ= အဖြောင့်အကောက် လိုသလောက်ပင် ကိုယ်နောက်ပါအောင် ဆွဲဆောင်နိုင်ကြကုန်၏။

ပဏ္ဍိတာ= ပညာဉာဏ်ရှိ စံကဝိဟု ပဏ္ဍိတတွင်ခေါ် ပုဂ္ဂိုလ် ကျော်တို့သည်၊ အတ္တာနံ= မိမိကိုယ်ကို၊ အတ္တာနံ= ရာဂတည်းဟူ ကိလေမြူတို့ ချေးထူဆို့ပိတ် မိမိတို့ရဲ့စိတ်ကို၊ ဒမယန္တိ= လယ်သမားကို စံထား, မြှားသမားကို ပုံယူ, သစ်ရွေးသူကို အားကျ, ဓမ္မကြိုးကုတ် သမ္မပ္ပဓာန် လုလ္လထုတ်သဖြင့် ကိုယ့်ကိုယ်ကို ဓမ္မဆေးတို့ဖြင့် ယဉ်ကျေး အောင်ထုံးပြ၍ ဆုံးမသွန်သင် အလှဆုံးပြင်ဆင်နိုင်ကြပါကုန်၏။

တထာ= ထို့အတူ၊ တုမှေ= သင်တရားနှာ သူတော်စင် အပေါင်းတို့သည်၊ အတ္တာနံ= မိမိကိုယ်ကို၊ ဝါ= ရာဂတည်းဟူ ကိလေမြူတို့ ချေးထူဆို့ပိတ် မိမိတို့ရဲ့စိတ်ကို၊ ဒမယန္တု= လယ်သမားကို စံထား, မြားသမားကို ပုံယူ, သစ်ချွေးသူကို အားကျ ခမ္မကြိုးကုတ် သမ္မပ္ပဓာန် လုလ္လထုတ်သဖြင့် ကိုယ့်ကိုယ်ကို ခမ္မဆေးတို့ဖြင့် ယဉ်ကျေးအောင်ထုံးပြ၍ ဆုံးမသွင်သင် အလှဆုံးပြင်ဆင်နိုင်ကြပါစေ ကုန်သတည်း။

သာဓု - သာဓု - သာဓု

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
# တွဲဖက်အကျိုးတော်ဆောင်
# ကလေးဝတောရဆရာတော်
# ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
# အဂ္ဂမဟာပဏ္ဍိတ
# လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ
# (၁၀-၉-၂၀၀၃)ရက်နေ့ မြန်မာ့အသံမှ
# အသံလွှင့်ဟောကြားတော်မူသော
## တရားအားထုတ်၍ ချမ်းသာထူး ချမ်းသာမြတ် ရှာဖွေပုံတရားတော်

သာသနာတော်နှစ် ၂၅၄၈ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခုနှစ်၊ တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့၊ (၁၀-၉-၂၀၀၃) ရက်နေ့

ဘုန်းကြီး ယနေ့တရားအားထုတ် လေ့ကျင့်ပျိုးထောင်၍ ချမ်းသာထူး ချမ်းသာမြတ် ရှာဖွေပုံတရားတော်ကို ဟောပါ့မယ်။ "ပုပုရွရွ ဟူသမျှသည် ချမ်းသာဖို့ချည်း စိတ်အားသည်း၏" ဆိုသလို သတ္တဝါအားလုံးဟာ ချမ်းသာလိုကြပါတယ်။ ချမ်းသာချင်ကြပါတယ်။ ချမ်းသာဖို့ နည်းလမ်းညွှန်ပြနိုင်သည့် ပုဂ္ဂိုလ်လဲ ရှိပါမှ၊ ချမ်းသာဖို့ နည်းလမ်းအတိုင်း လိုက်နာကျင့်သုံးသူတို့လည်း ဖြစ်ပါမှ ချမ်းသာထူး ချမ်းသာမြတ်ကို ရရှိနိုင်ကြပါတယ်။

**စိတ်ရဲ့ကရွတ်ခွေ**

ကရွတ်ခွေပေါ်တင်ထားတဲ့ ရေအိုးနဲ့ ကရွတ်ခွေမပါတဲ့ ရေအိုး (၂)လုံးကို ကြည့်ပါ။ ကရွတ်ခွေပေါ်တင်ထားတဲ့ ရေအိုးဟာ ငြိမ်နေပါတယ်။ ကရွတ်ခွေမပါတဲ့ ရေအိုးကတော့ မငြိမ်ပါဘူး။ အဲဒီလိုပါပဲ။ စိတ်တည်ငြိမ်ရေးအတွက် ကရွတ်ခွေလိုအပ်ပါတယ်။ ကရွတ်ခွေမရှိတဲ့စိတ်က မငြိမ်ပါ။ စိတ်မငြိမ်ရင် မငြိမ်းချမ်းနိုင်ပါဘူး။ ကရွတ်ခွေရှိတဲ့စိတ်က ငြိမ်ပါတယ်။ ငြိမ်တော့ ငြိမ်းချမ်းနိုင်ပါတယ်။

အဲဒီစိတ်ရဲ့ ကရွတ်ခွေဆိုတာ ဘာလဲဆိုတော့ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်ပါပဲ။ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်သွားမယ်ဆိုရင် စိတ်ဟာငြိမ်ပြီး ငြိမ်းချမ်းနိုင်ပါတယ်။ စိတ်မငြိမ်ရင် မငြိမ်းနိုင်ပါဘူး။ စိတ်ငြိမ်တယ်ဆိုတာ စိတ်ကို အစိုးရခြင်းပါပဲ။ စိတ်ကို အစိုးရအောင် ကျင့်နည်း၊ နေနည်း၊ ထိုင်နည်းကို လေ့ကျင့်ပျိုးထောင်ပြီး အမြင်မှန်ရဖို့ရန် ဘုရားရှင်က နည်းပေးတော်မူလိုတဲ့အတွက် ကုရုတိုင်း၊ ကမ္မာသဒမ္မရွာ၊ ယခု အိန္ဒိယနိုင်ငံ၊ ဒေလီမြို့၊ ကေလာသ အရှေ့အရပ်မှာ မဟာသတိပဋ္ဌာနသုတ္တန်ကြီးကို ဟောခဲ့ပါတယ်။

အဲဒီသုတ္တန်မှာ လူတို့မွေးဖွားလာကထဲက အိပ်ပျော်နေစဉ်မှာပင် မရပ်မနား အသုံးချနေကြတဲ့အတွက် ထွက်လေဝင်လေကို ရှုမှတ်တဲ့ ကမ္မဋ္ဌာန်းနည်းဖြင့် စိတ်ကိုအစိုးရအောင် ထိန်းသိမ်းနည်းကို ဦးစွာဟောတော်မူခဲ့ပါတယ်။ လူ့ဘဝ ဘဝပဒေသာပင်ကြီးရရှိခိုက် စိတ်ရဲ့တည်ကြည်မှု၊ စိတ်ကိုအစိုးရမှုကို အခြေခံပြီးတော့ ဝိဇ္ဇာခတ် အလင်းရောင်ကြီးတွေ ပေါ်ပေါက်စေနိုင်ခြင်းဆိုတဲ့ အကျိုးတရားရရှိ ချမ်းသာပြီးတော့ ချမ်းသာထူး ချမ်းသာမြတ် ရရှိလိုက်ကြဖို့ အရေးကြီးပါတယ်။

ဝိဇ္ဇာခတ်အလင်းရောင်ဆိုတာ အသိခတ်၊ အလိမ္မာခတ်၊ ဉာဏ်ပညာခတ်ပင် ဖြစ်ပါတယ်။ သုသိ ငါသိ ကမ္ဘာသိ အကူ ကိရိယာဖြင့် သိမှုကို ကျော်လွန်တဲ့အသိပါပဲ။ အဲဒီဉာဏ်အမြင်ထူးမရပဲ ဒီဘဝ ဘဝပဒေသာပင်ကြီး အနိုင်အပိုင်းမခံရဖို့ အရေးကြီးလှပါတယ်။

ဒီလိုစိတ်ကို အစိုးမရ အသိဉာဏ်မရပဲနဲ့ ကြားကာလမှာ အိုဘေးဆိုးကြီးက အနိုင်ပိုင်းသွားတာ။ နာဘေးဆိုးကြီးက အနိုင်ပိုင်း သွားတာ။ သေဘေးဆိုးကြီးက အနိုင်ပိုင်းသွားတာတို့ မဖြစ်ရအောင် သတိပြုသင့်ပါတယ်။ အရပ်စကားတစ်ခု ရှိပါတယ်။ ဒီလူ ငါ့ပိုင်းသွား တာတဲ့။ ပိုင်းသွားတယ်ဆိုတာ ကိုယ်ကအရှုံးပေးလိုက်ရတာပါပဲ။ အဲဒီတော့ မိမိတို့ရထားတဲ့ ဘဝပဒေသာပင်ကြီးကို အပိုင်းမခံရအောင် ဘာလုပ်ကြမလဲ။

စိတ်ကိုအစိုးရအောင် ပထမဆုံး လေ့ကျင့်ပျိုးထောင် အားထုတ်ရမှာပါ။ ဘာကြောင့် တရားအားထုတ် လေ့ကျင့်ပျိုးထောင် ရသလဲဆိုတော့ စိတ်ကိုအစိုးရပြီး အမြင်မှန်ရဖို့ပါပဲ။ စိတ်ကို အစိုးမရ သူအား ထမင်းကျွေးတော့ တစ်လုပ်၊ နှစ်လုပ် စားလိုက် ထသွားလိုက် နဲ့ ထမင်းတစ်ပန်းကန် ဖြောင့်ဖြောင့်မစားနိုင်ဘူး။ အခြားသူက ထပ်ပြောနိုင်မှ ထပ်စားတယ်။ ထမင်းတစ်ပွဲစားဖို့ကိုပဲ စိတ်ကို အစိုး မရရှာပါဘူး။ အဲဒီလို ကိစ္စမျိုး အစိုးမရပေမယ့်လို့ ကမ္မဋ္ဌာန်းပွားများမှုနဲ့ ပတ်သက်ပြီး စိတ်ကိုအစိုးရအောင် ကြိုးစားရပါတယ်။

အဲဒီတော့ လက်နဲ့ပြုရတဲ့အမှု လက်ကိုအစိုးမရရင် ပြုဖို့ခက် တယ်။ ခြေနဲ့ပြုတဲ့အမှု ခြေကိုအစိုးမရရင် ပြုဖို့ခက်တယ်။ စိတ်နဲ့ပြုရတဲ့ အမှု စိတ်ကိုအစိုးမရရင် အင်မတန်ခက်လှပါတယ်။ ယခုလုပ်ငန်းက စိတ်နဲ့ပြုရမည့်လုပ်ငန်း ဖြစ်ပါတယ်။ ဒါကြောင့် စိတ်ကိုအစိုးရဖို့ ဦးစွာ

ပြုလုပ်ရပါတယ်။ ထွက်လေဝင်လေကို နှာသီးဖျားမှ ထိုးထွက်ခိုက် တိုးဝင်ခိုက် သတိမပြတ် ရှုမှတ်ခြင်း စသည်ဖြင့် စိတ်ကိုအစိုးရတာ မဟုတ်ဘဲ ပကတိအားဖြင့် တို့ကစိတ်ကို အစိုးရတယ်လို့ ပြောနေကြ တာ တကယ်အစိုးရတာ မဟုတ်သေးပါဘူး။ မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ကို ဣန္ဒြိယသံဝရသီလနဲ့ ထိန်းနိုင်သူတွေဟာ အစိုးရမှု ရကြတယ်။ မက်မောမှု၊ နှလုံးမသာယာမှုတွေ မဝင်နိုင်အောင် ထိန်းနိုင်ကြပါတယ်။ သို့သော် မခိုင်ခံ့သေးပါဘူး။

"တရားပျောက် ကိုယ်မှာရှာ၊ တရားရှာ ကိုယ်မှာတွေ့" ဆိုတဲ့ အတိုင်း ထွက်လေဝင်လေကို ရှုမှတ်ပွားများခြင်း အစရှိတဲ့ တရား အခြေခံပြီးတော့ ရရှိတဲ့စိတ်ရဲ့ တည်ကြည်မှု သမာဓိရလို့ စိတ်ကို အစိုးရမှုကတော့ ထိုက်တန်သလောက် ခိုင်မြဲတယ်။ အဲဒီကတစ်ဆင့် စိတ်ကိုအစိုးရမှု အားကောင်းလာတော့ ဈာန်သမာပတ် အဆင့်ဆင့် ရရှိပြီး စိတ်ကိုအစိုးရမှု မြင့်မားလာတော့ အဘိညာဏ်ဆိုတာ ရရှိတယ်။ အဘိညာဏ်ဆိုတာ လက်ရောက်ရပြီဆိုရင်တော့ စိတ်ကိုအစိုးရမှုဟာ အထွဋ်အထိပ်ရောက်ပြီလို့ ဆိုနိုင်ပါတယ်။ အဲဒီလိုစိတ်ကို အစိုးရ အောင် လေ့ကျင့်ပျိုးထောင်ရန်နည်းလမ်းမှာ-

(၁) အေးဆေးငြိမ်သက်တဲ့နေရာမှာ နေထိုင်ပါ။
(၂) သရဏဂုံယူပါ။
(၃) သီလဆောက်တည်ပါ။
(၄) မေတ္တာပွားပါ။
(၅) အမျှဝေ အမျှယူပါ။

အဲဒီလို ရှေးဦးပြုဖွယ်တွေထဲက နေရာမှန်ရယူထားဖို့က အရေးကြီးပါတယ်။ အိမ်ရာမြေကြံအတတ်ကို တတ်သိနားလည်

သော ဆရာကြီးကဲ့သို့သော မြတ်ဘုရားသည် နေရာ (၃)နေရာ ကြိုက်ရာရွေးပြီး လေ့ကျင့်ပျိုးထောင် အားထုတ်ဖို့ ညွှန်ကြားတော်မူခဲ့ပါတယ်။

(၁) တောတောင်စခန်း

(၂) သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်

(၃) နန်း၊ အိမ်၊ ဗိမာန်၊ အိမ်၊ ကျောင်း၊ ဆိတ်ငြိမ်ရာအရပ်တို့ ပါပဲ။

မဟာသုဒဿနမင်းကြီး၊ ဓမ္မပါသာဒတရား ပြသာဒ်ပေါ်မှာပင် တရားအားထုတ်ပြီး လေ့ကျင့်ပျိုးထောင်ခဲ့ရာ ဈာန်ရသည့်တိုင်အောင် ပါပဲ။ ရာဇဂြိုလ်ဘုရင်က ရွှေပေလွှာပေါ် ထွက်လေဝင်လေ ရှုမှတ်ပွားပုံ၊ ကမ္မဋ္ဌာန်းစီးဖြန်းလေ့ကျင့်ပျိုးထောင်ပုံ အစီအစဉ်ရေးပြီး ပေးပို့လိုက်တော့ ပက္ကုသာတိမင်းဟာ နန်းအိမ်၊ ဘုံနန်းပေါ်မှာပဲ လေ့ကျင့်ပျိုးထောင် တရားအားထုတ်လိုက်တာ စတုတ္ထဈာန်အထိ ရရှိခဲ့ပါတယ်။

## လေ့ကျင့်ပျိုးထောင် အားထုတ်နည်း

လွန်စွာအကျိုးများသည့် မိမိတို့သန္တာန်၌ အဖန်ဖန်ဖြစ်စေထိုက်သော တရားဟာ ဘာဝနာမည်ပါတယ်။ မြတ်စွာဘုရားက "လောကီကုသိုလ် ကြီယာဥ္ဓရှိသော သမာဓိခေါ် ဧကဂ္ဂတာစေတသိက်သည် စွမ်းအားရှိပါတယ်။ အဲဒီစွမ်းအားကို ယူလိုက်နိုင်က မကောင်းစိတ်အညစ်အကြေးတွေကို ဖယ်ထုတ်နိုင်ပါတယ်။ မဟာကုသိုလ် မဟာကြိယာဥ္ဓ ယှဉ်သော ဉာဏ်စိတ်စွမ်းအားကို ရယူနိုင်ပါက ဘုံသုံးပါးရှိ ရုပ်နာမ်တရားတွေကို မမြဲ၊ ဆင်းရဲ၊ အစိုးမရပုံ သိမြင်နိုင်တာကို ဟောတော်မူပါတယ်။"

ထို့ကြောင့် ထွက်လေဝင်လေ ရှုမှတ်တဲ့ ဘာဝနာကမ္မဋ္ဌာန်းနဲ့ စိတ်ကိုအစိုးရအောင်၊ သမာဓိရအောင် အားထုတ်တဲ့နည်းကို (၃၂)ပါး သော အခြင်းအရာနဲ့ ပြတော်မူခဲ့ပြပါတယ်။ အဲဒီနည်းတွေထဲက အနည်းငယ်ထုတ် ဟောပါ့မယ်။ နှာသီးဝဍ္ဍ ဖြစ်ပေါ်နေသော ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ သတိဆိုတဲ့ကြိုးနဲ့ စိတ်ကို ခိုင်မြဲအောင် ချည်ထားပါ။ သတိမပြတ် ရှုမှတ်ပါ။ အဲဒီလိုနည်းနဲ့ စိတ်ကို အစိုးရအောင် ငြိမ်သက်အောင် အားထုတ်လေ့ကျင့်တဲ့အခါ ယခင်က မိမိရဲ့စိတ်ကို အကဲခတ်ကြည့်ရင် စိတ်ဆိုး စိတ်သွမ်း စိတ်သရမ်းဖြစ်ပုံ၊ စိတ်မိုက် စိတ်တေလေ စိတ်လေဗွေဖြစ်ပုံကို တွေ့ရ ပါမယ်။ ယခုနဲ့မတူပါ။ နွားဆိုး နွားကြမ်း ဆုံးမသလို စိတ်ဆိုး စိတ်မိုက် ဆိုတဲ့ နွားဆိုး နွားကြမ်းကို ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ သတိဆိုတဲ့ကြိုးနဲ့ ခိုင်ခိုင်ချည်တုပ်ထားပြီး လေ့ကျင့်ပျိုးထောင် အားထုတ်ပါ။ သတိမပြတ် ရှုမှတ်ပါ။

အဲဒီလို ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်မှာ ခိုင်ခိုင်ချည် တုပ်ထားတဲ့ စိတ်ကလေးဟာ နွားမိုက်လိုပဲ။ ကြုံဖူးတဲ့ အာရုံများစွာဆီ ပြေးသွားဖို့ ရုန်းကန်လိုက်၊ ခုန်ပေါက်လိုက် လုပ်ပေမဲ့ ရုန်းမရ၊ ကန်မရ ဖြစ်လာပြီး နွားလေးမောပြီး ငြိမ်ငြိမ်သက်သက် ဝပ်နေသလို ထွက်လေ ဝင်လေဆိုတဲ့ အာရုံတိုင်မှာ စိတ်ကလေးငြိမ်သက်လာပါလိမ့်မယ်။ ငါးမိနစ်မှာ အကြိမ်ပေါင်း (၁၀၀)ခန့်လောက် ထုတ်မှုတ်ရှုရှိုက်ပြီး ထွက်လေဝင်လေကို လူတိုင်းအသုံးချနေပါတယ်။ တစ်နာရီဆိုလျှင် အကြိမ် (၁၀၀၀)လောက် ထုတ်ကြမှုတ်ကြ ရှုကြရှိုက်ကြတယ်။

နှာသီးဖျားမှာ ထွက်လေ ထိုးထွက်နေတဲ့အချိန်၊ ထုတ်မှုတ် နေတဲ့အချိန်၊ တစ်ဖန် ရှုလိုက်တဲ့အချိန်၊ ရှိုက်လိုက်တဲ့အချိန် တံခါးဝက

သတိနဲ့စောင့်ပြီး ရှုမှတ်နေရမှာပါ။ အဲဒီလို ရှုမှတ်ရင်း စိတ်ကလေးဟာ နွားလေးမောပြီး ငြိမ်သက်ပြီး တိုင်ခြေမှာ ဝပ်နေသလို ထွက်လေဝင်လေဆိုတဲ့ အာရုံတိုင်ခြေမှာ ငြိမ်နေပြီ၊ တည်ကြည်နေပြီ၊ သမာဓိရလာပြီ၊ စိတ်အစိုးတရ ရှိလာပြီ၊ အဲဒီလိုဆိုရင် ပထမဦးစွာ လေ့ကျင့်ပျိုးထောင်မှု အောင်မြင်ပြီ။ တစ်ဆင့်တက်ပြီး လေ့ကျင့်ပျိုးထောင်ဖို့ နည်းလမ်းက ထွက်လေဝင်လေ ထုတ်မှုတ် ရှူရှိုက်မှုတို့ရဲ့ လမ်းကြောင်းအရှည်အတိုကို ရှုမှတ်ရမှာပါ။

နောက်တစ်ဆင့် ရှုမှတ်တဲ့နည်းက ဝင်လေရဲ့အစ ခရီးစဉ်က နှာသီးဖျား၊ အလယ်စခန်းက ရင်ဘတ်၊ ခရီးအဆုံးက ချက်တိုင်။ ထွက်လေရဲ့အစ ခရီးစဉ်က ချက်တိုင်၊ အလယ်ခရီးစဉ်က ရင်ဘတ်၊ ခရီးဆုံးက နှာသီးဖျားပါပဲ။ အဲဒီလို ထွက်လေဝင်လေတို့ရဲ့ အစ, အလယ်, အဆုံး ခရီးစဉ်ကို ရှုမှတ်ရပါတယ်။

နောက်တစ်ဆင့်ကတော့ ထွက်လေဝင်လေတို့ရဲ့ ငြင်ငြင်သာသာ ရှူရှိုက်ထုတ်မှုတ်နေပုံကို ဆင်ခြင်ရှုမှတ်ရမှာပါ။ ဒီလေးနည်းလောက်နဲ့ လေ့ကျင့်ပျိုးထောင်နိုင်မယ်ဆိုရင် စိတ်ကို အစိုးရနိုင်ပြီ၊ စိတ်တည်ငြိမ်နိုင်ပါပြီ၊ စိတ်ငြိမ်တာနဲ့ အချို့မကောင်းဆိုးဝါးစိတ် အညစ်အကြေးတွေ ပျောက်ကင်းသွားနိုင်ပါပြီ။

## ချမ်းသာထူး၊ ချမ်းသာမြတ်

အဲဒီလိုနဲ့ စိတ်ကိုအစိုးရအောင် တည်ကြည်ငြိမ်သက်အောင် လေ့ကျင့်ပျိုးထောင်ပြီးတဲ့အခါ နှာသီးဖျား နှာခေါင်းဖုနဲ့ ထွက်လေဝင်လေတို့ ထိခိုက်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ထိသိစိတ်ကို ရှုကြည့်လိုက်စမ်းပါ။ အကြိမ်ပေါင်းများစွာဖြစ်၊ အကြိမ်ပေါင်းများစွာပျက်ပုံကို

ဉာဏ်ဖြင့် ရှုကြည့်ပါ။ တွေ့မြင်ပါလိမ့်မယ်။ တွန်းကန်လှုပ်ရှားနေတဲ့ ထွက်လေဝင်လေဆိုတဲ့ ဝါယောရုပ်ရဲ့ ဖြစ်ပုံပျက်ပုံကိုလဲ ရှုကြည့်ပါ။

အဲဒီထိသိစိတ်နဲ့ ဝါယောရုပ်တို့ သူ၊ ငါ၊ လူ၊ နတ်၊ အသက်၊ ဝိညာဉ် မဟုတ်တာ သဘောပေါက်လာပါလိမ့်မယ်။ ဒီနည်းက ရုပ်နာမ်အများစုကြီးထဲမှ ဝါယောဓာတ်တစ်လုံး အသုံးချဖမ်းယူရှုပွားပုံပါပဲ။ "ပရမတ်မမြင် တရားမမြင်"၊ "ပရမတ်မြင်မှ တရားမြင်"၊ "ပရမတ်မဝ တရားမရ"၊ "ပရမတ်ဝမှ တရားကျသည်" ဆိုသည့်အတိုင်း အရိပ် အမြွက်လေးမျှ အခုဝါယော လေရုပ်နဲ့ ထိ-သိစိတ်ရဲ့ မမြဲပုံ၊ ဆင်းရဲပုံ၊ အစိုးမရပုံ၊ သူ-ငါမရှိပုံတွေကို ပြသခဲ့ပါတယ်။

အခြားရုပ်နာမ်တွေကိုလဲ ဒီအတိုင်းရှုမြင်ရမှာပါ။ ဒီနည်းနဲ့ လောကတစ်ခွင်မှာ အစွဲအလမ်းတွေ လျော့နည်းပြီး စိတ်ရဲ့ငြိမ်းချမ်းမှု၊ စိတ်ရဲ့အေးမြချမ်းသာမှု မုချရကြပါလိမ့်မယ်။ ဒါကြောင့် ဘုရားရှင်က ဒီသတိပဋ္ဌာန်တရား အားထုတ်လေ့ကျင့် ပျိုးထောင်နည်းအတိုင်း (၇)ရက်မျှ အားထုတ်ကြည့်စမ်းပါလို့ တိုက်တွန်းတော်မူခဲ့ပါတယ်။

ဒီနည်းအတိုင်း တရားအားထုတ် လေ့ကျင့်ပျိုးထောင်သူတို့ အတွက် ဗုဒ္ဓဘုရားက တာဝန်ယူထားတဲ့ ကြေငြာချက်တွေက (၇)မျိုးပါ။

စိတ်စင်ကြယ်နိုင်ပါလိမ့်မည်။ စိုးရိမ်ပူဆွေး စိတ်မအေးမှု ငိုကြွေးမှုတွေကို လွန်မြောက်နိုင်လိမ့်မည်။ ကိုယ်ဆင်းရဲမှု စိတ်မသက်သာ နှလုံးမသာမှု ပျောက်ပါလိမ့်မည်။ ကိလေသာအပူဓာတ်တွေ ပြတ်စေနိုင်တဲ့ မဂ်ဉာဏ်ရပါလိမ့် မည်။

(၂၅)ပါးသောဘေး၊ (၃၂)ပါးသော ကံကြမ္မာ၊ (၁၆)ဖြာသော ဥပဒ္ဒဝေါ၊ (၉၆)ဖြာသော အနာရောဂါ၊ အိုဘေးဆိုးကြီး၊ နာဘေး

ဆိုးကြီး၊ သေဘေးဆိုးကြီးတွေ ငြိမ်းရာ နိဗ္ဗာန်ရောက်ပါလိမ့်မယ်။

ထပ်မံပြီး ဘုရားရှင်က ထွက်လေဝင်လေကို သတိမပြတ် ရှုမှတ်ပွားများနေပါလျှင် သတိပဋ္ဌာန်လေးပါးလုံး ပွားများရာရောက်တယ်။ သတိပဋ္ဌာန်လေးပါး ကြိမ်ဖန်များစွာ ပွားများရာရောက်တော့ ဗောဇ္ဈင်(၇)ပါး ပွားများရာရောက်တယ်။ ဗောဇ္ဈင်(၇)ပါး ကြိမ်ဖန်များစွာ ပွားများလိုက်တော့ မဂ်ဉာဏ်(၄)ပါး၊ ဖိုလ်ဉာဏ်(၄)ပါး ပြီးပြည့်စုံစေနိုင်တယ်ဆိုတဲ့ ဟောကြားချက်ကလဲ အားတက်ဖွယ် ဖြစ်ပါတယ်။

ထို့ပြင် ဘုရားရှင်က ထွက်လေဝင်လေကို ရှုမှတ်တဲ့သတိကြောင့် ရရှိတဲ့စိတ်ကို အစိုးရမှု၊ စိတ်ရဲ့တည်ကြည်မှုဟာ ငြိမ်သက်တယ်။ မွန်မြတ်တယ်၊ ချမ်းသာတစ်ခု ဖြည့်စွက်စရာမလိုဘူး။ မကောင်းမှု အဆိုးဟူသမျှ တခဏချင်း ပပျောက်စေနိုင်ပါတယ်လို့ ဘုရားရှင်က ဟောကြားခဲ့ပါသေးတယ်။ အဲဒီ အကျိုးရရှိနိုင်ပုံ ဟောကြားချက်များဟာ အားရစရာကောင်းလှပါတယ်။ ဒါကြောင့် အကြိမ်ပေါင်း (၁၆၀၀၀)ကျော် မိန့်ကြားတော်မူခဲ့တဲ့ အပ္ပမာဒ သတိမမေ့ကြနဲ့ဆိုတဲ့ ဘုရားရှင်၏ ဩဝါဒတော်ကို ဦးထိပ်ရွက်ပန်ဆင်လျှက် တစ်ရက်လျှင် အကြိမ်ပေါင်း (၁၆၀၀၀)ကျော် အသုံးချနေကြတဲ့ ထွက်လေဝင်လေမှု ရှုရှိုက်နေမှုကို သတိမပြတ် ရှုမှတ်လေ့ကျင့် ပျိုးထောင်နိုင်ကြပြီး အိုမှု၊ နာမှု၊ သေမှု စသော လူ့ဘဝပြဿနာပေါင်း (၁၆၀၀၀)တို့ကို ဖြေရှင်းနိုင်ကြပါစေ။ ဘုရားရှင်၏ တရားအားထုတ်၍ ချမ်းသာထူး ချမ်းသာမြတ် ရှာဖွေပုံ နည်းကောင်းလမ်းကောင်းဖြင့် တရားအားထုတ် လေ့ကျင့် ပျိုးထောင်၍ တန်ချိန်ဖွဲ့လို့မရနိုင်တဲ့ ဒုက္ခဝန်ထုပ်ဝန်ပိုး ဘဝဇာတ် ငြိမ်းရာ ချမ်းသာထူး ချမ်းသာမြတ်ကို ရှာဖွေရရှိနိုင်ကြပါစေကုန်သတည်း။

# (၈၆)ကြိမ်အောင်ပွဲ

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၃၃၇/က)၊ လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ လယ်တီဝိပဿနာ ပြန့်ပွားရေးဗဟို အဖွဲ့ချုပ်က ကြီးမှူးကျင်းပအပ်သော (၈၆)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း စခန်းသိမ်းအောင်ပွဲ အစီအစဉ်ကို လျှောက်ထားခွင့် ပြုတော်မူပါဘုရား။

## အစီအစဉ်(၁)အရ

နမောတဿ (၃)ကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခန်းအနား ဖွင့်လှစ်ကြပါသည်။

## အစီအစဉ် (၂)အရ

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ ဗဟိုအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ဩဝါဒါစရိယ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်(၁)၊ လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ၊ လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ ဥက္ကဋ္ဌ၊ ဒွိပိဋကရေ၊ ဒွိပိဋကကောဝိဒ၊ မူလအာဘိဓမ္မိက၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ် အရှင်မြတ်ထံမှ အာဇီဝဋ္ဌမက သီလနှင့် ဩဝါဒတရား နာကြားကြပါသည်။

## ဆရာတော်ဘုရား၏ဩဝါဒတရားတော်

ယနေ့ (၈၆)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း၊ စခန်းသိမ်းအောင်ပွဲ၊ ဒီအောင်ပွဲမှာ ယောဂီသူတော်စင်များ (၈၆)ကြိမ်မြောက် တရားစခန်းမှာ အားထုတ်ပြီးကြလို့ မိမိတို့နေရာ အသီးသီးမှာ နေထိုင်ကြတဲ့အခါ "အခြေခံအာဇီဝဋ္ဌမကသီလ"၊ (၈)ပါးသီလ လုံခြုံစွာနေထိုင်ကြဖို့ အာဇီဝဋ္ဌမကသီလ ယူပြီးကြပြီ။

အာဇီဝဋ္ဌမကသီလ ဆိုတာ-

| | | |
|---|---|---|
| ၁။ | ပါဏာတိပါတာဝေရမဏီ | ကာယသုစရိုက်-၃ |
| ၂။ | အဒိန္နာဒါနာဝေရမဏီ | |
| ၃။ | ကာမေသုမိစ္ဆာစာရာဝေရမဏီ | |
| ၄။ | မုသာဝါဒါဝေရမဏီ | ဝစီသုစရိုက်-၄ |
| ၅။ | ပိသုဏာဝါစာဝေရမဏီ | |
| ၆။ | ဖရုသဝါစာဝေရမဏီ | |
| ၇။ | သမ္ဖပ္ပလာပါဝေရမဏီ | |
| ၈။ | မိစ္ဆာဇီဝါဝေရမဏီ | သမ္မာအာဇီဝ-၁ |

ကာယဒုစရိုက် (၃)ပါးမှ ရှောင်ကြဉ်ပါ၏။

ဝစီဒုစရိုက် (၄)ပါးမှ ရှောင်ကြဉ်ပါ၏။

ဘုရားမချီးမွမ်းသော၊ ဘုရားကဲ့ရဲ့သော၊ ဘုရားစက်ဆုပ်သော အသက်မွေးဝမ်းကြောင်းကို ဖယ်ရှားပြီးတော့ ဘုရားရှင်ချီးမွမ်းတော်မူတဲ့ သမ္မာအာဇီဝနဲ့ အသက်မွေးပါမယ်လို့ ဒီလိုဆောက်တည်တဲ့ သီလပါပဲ။

ဒီအာဇီဝဋ္ဌမကသီလက အိမ်ရာတည်ထောင် လူ့ဘောင်နေသူများနဲ့ အင်မတန်သင့်တော်တယ်လို့ လယ်တီဆရာတော်ဘုရားကြီး

မိန့်ကြားထားသည့်အတိုင်း အာဇီဝဋ္ဌမကသီလ စောင့်ထိန်းပြီးတော့ တရားဘာဝနာများ ဆက်လက်ပြီး ကြိုးစားကြဖို့ လိုပါလိမ့်မယ်။

ဘုန်းကြီးတို့ ဗုဒ္ဓဘုရားရဲ့ အဆုံးအမ သာသနာတော်မြတ်ကြီးဟာ နှစ်ပေါင်း ၂၅၄၉ နှစ်တာကာလ ရောက်ခဲ့ကြပြီ။ မြန်မာပြည်ကို ဘယ်လို သာသနာရောက်လာသလဲဆိုတော့ ထိုက်တန်သလောက် သိကြပါပြီ။

အကျဉ်းချုပ်ကလေး ပြောမယ်ဆိုရင် မြတ်စွာဘုရား ပွင့်တော်မူလို့(၇)ခုမြောက် သတ္တာဟဖြစ်တဲ့ ရာဇာယတနသတ္တာဟ လင်းလွန်းပင်အောက်မှာ သီတင်းသုံးတော်မူစဉ် မြန်မာပြည်သား တဖုဿနှင့်ဘလ္လိကညီနောင် သွားရောက်ဖူးမျှော်ပြီးတော့ "ပျားမုံ့ဆုပ်" မုန့်ကြွက်ကျစ် ဆက်ကပ်ကြတယ်။

ဆက်ကပ်ကြတော့ မြတ်စွာဘုရားမှာ သပိတ်မရှိသေးလို့ စဉ်းစားတော်မူတယ်။ လက်နဲ့အစာအာဟာရများ ခံယူဖို့ မသင့်တော်ဖူးဆိုတော့ သပိတ်ပေါ်ပေါက်လာတယ်။

ဒီနောက် တဖုဿနဲ့ဘလ္လိကတို့က "ဒွေဝါစိက သရဏဂုံ" "ဧတေ မယံ ဘန္တေ ဘဂဝန္တံ သရဏံ ဂစ္ဆာမ ဓမ္မဉ္စ"လို့ သရဏဂုံ နှစ်ပါး ယူပြီးတော့ မြတ်စွာဘုရား ချီးမြှင့်တဲ့ ဆံတော် (၈)ဆူ လက်ဆောင်ရခဲ့ကြတယ်။ အဲဒီနောက် မြတ်စွာဘုရား (၈)ဝါရတဲ့အခါမှာ သုဝဏ္ဏဘူမိ သထုံကို ကြွတော်မူပါတယ်။ "ဂဝံပတိ" မထေရ်မြတ်ရဲ့ ပင့်လျှောက်ချက်အရ ကြွတော်မူပါတယ်။

သုဝဏ္ဏဘူမိ သထုံပြည်မှာ ဆံတော် (၆)ဆူ ချီးမြှင့်တော်မူပါတယ်။ ဒီနောက် မြတ်စွာဘုရား ဝါတော် (၂၀)ရတဲ့အခါမှာ သုနာပရန္တတိုင်း ခေါ်တဲ့ ကျောင်းတော်ရာ ရွှေစက်တော်ကို ကြွတော်မူပါတယ်။

မြန်မာပြည်က မဟာသာဝကရှစ်ကျိပ်ထဲမှာပါတဲ့ အရှင်ပုဏ္ဏမထေရ်က အဲဒီအရပ်ဒေသကပဲ၊ အရှင်ပုဏ္ဏရဲ့ ပင့်လျှောက်ချက်အရ ကြွတော်မူတာပါ။

အဲဒီလိုနဲ့ သာသနာက ပြတ်သလိုပဲ။ နှစ်ပေါင်း ၂၀၀ နီးပါးလောက် ပြတ်တောက်နေသလိုပဲ။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၂၃၅-၂၃၆ နှစ် ရောက်တဲ့အခါမှာ တတိယသံဂါယနာ ဆင်နွှဲလို့အပြီး ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်တဲ့အခါမှာ အရှင်သောဏနဲ့ အရှင်ဥတ္တရတို့ ဦးဆောင်ပြီးတော့ သုဝဏ္ဏဘူမိ သထုံပြည်သို့ ကြွခဲ့ကြပါတယ်။

အဲဒီအချိန်အခါမှာ အမျိုးကောင်းသား အမျိုးကောင်းသမီးတွေ အရိယာစခန်း တက်လှမ်းကြတာ များပါတယ်။

တတိယသံဂါယနာအပြီး သာသနာပြု ကိုးတိုင်းကိုးဌာန စေလွှတ်တဲ့အခါမှာ မြန်မာနိုင်ငံပါဝင် စာရင်းဝင်ခဲ့ပါတယ်။

ဒီနောက် စတုတ္ထသံဂါယနာတင်ပွဲကြီး မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း (၄၅၀)မှာ ဆင်ယင်ကျင်းပပါတယ်။ အဲဒီအခါမှာ ပေစာများ ပေါ်ပေါက်လာပါတယ်။ ဒါဟာ နှုတ်ဖြင့်ဆောင်သည် ရင်နှီးရည်မည်မျှ နှစ်ပေါင်းကြာသနည်း ဆိုတဲ့မေးခွန်းရဲ့ အဖြေပါပဲ။

နောက်သာသနာနှစ် (၉၀၀)ရောက်တဲ့အခါကျတော့ သထုံပြည်က ဘုမ္မိရာဇာမင်းလက်ထက် ဘုမ္မိရာဇာမင်းက သီဟိုဠ်မဟာနာမ်မင်းအား ဆင်ဖြူတော်လက်ဆောင် ပေးခဲ့ပါတယ်။

သာသနာနှစ် (၉၂၇) သထုံက အရှင်ဗုဒ္ဓဃောသ အရှင်မြတ်က သီဟိုဠ်ကို သွားပြီးတော့ (၃)နှစ်တိုင်တိုင် ပိဋကတ်ပေစာ တရားတော်များကို ကူးယူတယ်၊ သင်ယူတယ်။

အရှင်ဗုဒ္ဓဃောသ (၃)နှစ်တိုင်တိုင် ကူးယူခဲ့တဲ့ ပေစာတွေ သယ်ဆောင်ပြန်လာပြီး သုဝဏ္ဏဘူမိ သထုံမှာ ဆက်လက်ပြီး သာသနာ ပြုပါတယ်။

အဲဒီကနေ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း ၁၆၀၁ နှစ် ရောက်တဲ့အခါ သထုံကနေ ပုဂံသို့ ပိဋကတ်သုံးပုံ အစုံသုံးဆယ်နဲ့ စာချဆရာတော် (၁၀၀၀) ပင့်ဆောင်ပြီးတော့ စာပေပို့ချခဲ့ပါတယ်။

အရှင်အရဟံ မထေရ်မြတ်က အနော်ရထာမင်းရဲ့ အထောက်အပံ့ကိုယူပြီး သာသနာပြုခဲ့ရာမှ ယခုထက်တိုင်အောင် ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓ သာသနာလို့ သာသနာအပြည့်အစုံ တည်ရှိပါတယ်။

ဒီလိုအချိန်အခါမျိုး ဒီရာစုနှစ်မျိုးတွေဟာ နောင်သံသရာ နောက်ဘဝတွေမှာ တွေ့ရဖို့ အင်မတန်ခက်ပါတယ်။ မိမိတို့ လူ့ဘဝလေး ရရှိလာတဲ့ အခါမှာ ရာစုတစ်ခုလုံးတောင် နေရတယ် မရှိပါဘူး။

ဘုန်းကြီးတို့ ပတ်ဝန်းကျင်ကလဲ တရားအားထုတ်ကြ၊ တရားအားထုတ်ကြလို့ သတိပေးနေသကဲ့သို့ ရှိပါတယ်။

မြတ်စွာဘုရားက “အတ္တ ဒီပါ ဘိက္ခဝေ ဝိဟရထ” ရဟန်းတို့ မိမိကိုယ်ကို ကျွန်းသဖွယ် အားကိုးနေကြ။ မိမိကိုယ်ကိုဆိုတာ သတိပဋ္ဌာန်တရား၊ အဲဒီမိမိကို အားကိုးနေကြ။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးက မိမိပါရမီ ဘယ်လောက်ရှိသလဲ သိချင်ရင် တရားအားထုတ်ကြည့်ရမယ်။ သမထကမ္မဋ္ဌာန်း အားထုတ်ကြည့်၊ အားထုတ်လို့ သမာဓိရတယ် ဆိုရင် ပါရမီရှိတယ်လို့ အဲဒီပုဂ္ဂိုလ်က အကဲခတ်ပါ။

ဝိပဿနာတရား အားထုတ်ကြည့်၊ ရုပ်တရား နာမ်တရား တွေ၊ ခန္ဓာ အာယတနဓာတ်တွေ ထိုက်တန်သလောက် မြင်တယ် ဆိုရင် ပါရမီရှိသူပဲ။ ရှေ့ဆက်ကြိုးစား။

အဲဒီတော့ အဓိကအားဖြင့် သမထကမ္မဋ္ဌာန်းနဲ့ ဝိပဿနာ ကမ္မဋ္ဌာန်းပါပဲ။ ရဟန်းတော်များက သမထကမ္မဋ္ဌာန်းကို များများ အားထုတ်ဖို့သင့်တယ်။ ဘာကြောင့်လဲဆိုတော့ ဗာဟိရကိစ္စတွေ နည်းလို့ပါပဲ။

လူပုဂ္ဂိုလ်များက ဝိပဿနာကမ္မဋ္ဌာန်း များများအားထုတ် သင့်ကြတယ်။ သမထကမ္မဋ္ဌာန်းက အိမ်ရာစီးပွားနဲ့ကင်းမှ အားထုတ် လို့ကောင်းတယ်။ ဝိပဿနာကမ္မဋ္ဌာန်းကတော့ အိမ်ရာစီးပွားနဲ့တွဲပြီး အားထုတ်လဲ ရပါတယ်။

ဒါကြောင့် ယောဂီသူတော်စင်များ အားထုတ်ပြီးလာတဲ့ သမထကမ္မဋ္ဌာန်း အခြေခံတဲ့ ဝိပဿနာကမ္မဋ္ဌာန်းက အိမ်ရာစီးပွားနဲ့ တွဲလို့ရတယ်။ လူ့ဘောင် လူ့လောကမှာ ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်လို့ အဆင်ပြေတယ်။ သမထကမ္မဋ္ဌာန်းကတော့ မိမိတို့ရဲ့ အိုးအိမ်၊ မိမိတို့ရဲ့ ပတ်ဝန်းကျင်ကို စွန့်ပြီးအားထုတ်မှ ပိုကောင်းတယ်။

ဝိပဿနာကမ္မဋ္ဌာန်းကတော့ မိမိတို့အရှိန်လေး ရသွားပြီ။ အရှိန် ထိုက်တန်သလောက် ရကြပြီဆိုရင် မိမိတို့အိမ်မှာ နေတဲ့အခါ မှာလဲ ဝိပဿနာတရားကို ရှုလို့ရတယ်။ ပတ်ဝန်းကျင်ကလဲ တရား

တွေပြနေပါတယ်။ မိမိတို့ရဲ့ခန္ဓာကိုယ်ကလဲ အမြဲတမ်းတရားပြနေပါတယ်။ တရားပြနေတာ သိအောင် အားထုတ်တာ တရားအားထုတ်တာပဲ။

ဘုန်းကြီးတို့ (၈၆)ကြိမ်မြောက် တရားစခန်းမှာ ဝါခေါင်လပြည့်နေ့က မေတ္တာအခါတော်နေ့၊ လပြည့်ကျော် (၅)ရက်နေ့ကျတော့ ဓမ္မက္ခန္ဓာ ၈၄၀၀၀ အစ္စခါတော်နေ့၊ ဒီအခါတော်ကြီး (၂)ခုနဲ့ တိုက်ဆိုင်ကြုံကြိုက်တယ်။ အခါတော်နေ့နဲ့ ပတ်သက်တဲ့တရားတော်များ ဟောကြားခဲ့ကြပြီ။

ဝါခေါင်လပြည့်ကျော် (၆)ရက်နေ့ကတော့ ဘုန်းကြီးရဲ့မွေးနေ့ပါပဲ။ ဒါပေမယ့် မွေးနေ့နဲ့ပတ်သက်တဲ့ တရားရယ်လို့ ထူးပြီး မဟောဖြစ်ခဲ့ပါဘူး။

**သတိပေးနေပြီ**

ဒီ(၈၆)ကြိမ်မြောက် တရားစခန်းအတွင်းမှာ ပတ်ဝန်းကျင်က ဘုန်းကြီးတို့ကို သတိပေးနေတာ ရှိပါတယ်။

ဘာကြောင့်လဲဆိုတော့ တရားစခန်းစတာနဲ့ အင်မတန်ရင်းနှီးတဲ့ ဒကာမကြီး ဒေါ်တင်ဝင်းဆိုတာ ကွယ်လွန်တယ်။ အဘိုးကလေးဝ ဆရာတော်ဘုရားကြီးကို ရာသက်ပန်ဆွမ်းအုပ်ပို့နေတဲ့ ဒကာမကြီး ဒေါ်စိန်ရင် အသက် (၉၇)နှစ် ကွယ်လွန်တယ်။

နောက်ဘုန်းကြီးတို့ ကျေးဇူးရှင်ဆရာတော်ကြီးများကို ကျန်းမာရေး ကြည့်ရှုပေးနေတဲ့ ဗဟိုအမျိုးသမီးဆေးရုံအုပ်ကြီး ဒေါက်တာရွှေအိုးရဲ့ မိခင်ကြီး ဒေါ်ညို့တဲ့၊ အသက် (၉၀) မနေ့က သင်္ဂြိုဟ်တယ်။

ဘုန်းကြီးရဲ့ညီ၊ ဆရာကြီးဦးသန်းခင်ရဲ့ မိတ်ဆွေပါပဲ။ မောင်ကံဆင့်ကိုလဲ မနေ့ကပဲ သင်္ဂြိုဟ်လိုက်ရတယ်။

အဲဒီလို ပြန်စဉ်းစားလိုက်တဲ့အခါ သြော် ဘုန်းကြီးတို့ ပတ်ဝန်းကျင်က သတိပေးနေပြီ။ အားလုံး ယောဂီသူတော်စင်များရဲ့ ပတ်ဝန်းကျင်ကလဲ ဒီလိုပဲ သတိပေးနေကြမှာပဲ။

အဲဒီတော့ စဉ်းစားတယ်။ ဒီတရားစခန်းအတွင်းမှာ ကွယ်လွန်၊ ကွယ်လွန်သွားကြတဲ့ ပုဂ္ဂိုလ်တွေဟာ မြတ်စွာဘုရား သာသနာကို ကိုးကွယ်ကြပါရဲ့၊ ဒီပုဂ္ဂိုလ်တွေဟာ ဗုဒ္ဓဘုရားရဲ့ သာသနာ့အနှစ်သာရဖြစ်တဲ့ "သီလအနှစ်၊ သမာဓိအနှစ်၊ ပညာ အနှစ်"တွေကို ဘယ်လောက်များ သုံးဆောင်ခံစားသွားရသလဲ။

ပြန်ပြီးတော့ စဉ်းစားလိုက်တဲ့အခါ ဒကာမကြီး ဒေါ်စိန်ရင်တို့၊ ဒကာမကြီး ဒေါ်ညိုတို့၊ ဒကာမကြီး ဒေါ်တင်ဝင်းတို့ ထားပါတော့။

ဘုန်းကြီးညီ မောင်ကံဆင့်ကတော့ ထိုက်တန်သလောက် ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ပါပဲ။ ဒါပေမယ့် သမထတရား၊ ဝိပဿနာတရားတော့ သူအားထုတ်မသွားဘူး။ မကျန်းမာတာလဲ ကြာတာက တစ်ကြောင်း၊ အားမထုတ်ဖြစ်ဖူး ပြောရမှာပေါ့။

အဲဒီတော့ ဘုန်းကြီးတရားစခန်းတွေဖွင့်ပြီး တရားပြတဲ့အချိန် သူ့ရဲ့မိတ်ဆွေကြီးဖြစ်တဲ့ ဦးသန်းခင်တို့ ကမ္မဋ္ဌာနာစရိယအဖြစ်နဲ့ ကျေးဇူးတော်ရှင် ကမ္ဘာကျော်လယ်တီဆရာတော်ဘုရားကြီးရဲ့ မြတ်ဗုဒ္ဓရဲ့ ဒေသနာတော်နဲ့အညီ ဝိပဿနာတရားများကို ဟောပြောပြသနေတဲ့ အချိန်အခါကျတော့ သူကကျန်းမာရေး မရတော့ဘူး။

အခွင့်အခါဆိုတာ တော်တော်အရေးကြီးပါတယ်။ ဘုန်းကြီးတို့ သာသနာ့သက်တမ်းကို ကြည့်မယ်ဆိုရင် (၂၆)ရာစုထဲ ရောက်လာ

ပါပြီ။ အခုယောဂီသူတော်စင်များ ကံကောင်းထောက်မကြလို့ ဘုရားရှင်ရဲ့တရားတော်၊ ဘုရားရှင်သာသနာတော်ကြီး (၂၆)ရာစုတိုင်အောင် တည်ရှိနေခဲ့တယ်။ ဘုရားရှင်သာသနာတော်ကြီးဟာ "ငါ့ကိုစောင့်နေတာပဲ၊ စောစောစီးစီးက ကွယ်သွားနိုင်ပေမယ့်လို့ ကွယ်မသွားဘူး။" မနေ့ညက ပြောသလိုပဲ။ ဘုရားသာသနာတော်ကြီးမှာ အန္တရာယ်တွေ အများကြီးတွေ့ခဲ့တာပဲ။

မြန်မာပြည်မှာပဲ အဓမ္မဝါဒ၊ အဓမ္မဝါဒီတွေဟာ ခဏခဏ ပေါ်ပေါက်လာပါတယ်။ အခုအချိန်မှာတော့ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်က နိုင်ငံတော်အစိုးရရဲ့ အားဏာစက်အကူအညီကို ယူပြီးတော့ နှိမ်နင်းထားလို့သာ ဒီအဓမ္မဝါဒတွေ ခေါင်းမထောင်နိုင်တာပါ။

ဒါကြောင့် အချို့ဝါဒတွေက အတော်ကိုရက်စက်ပါတယ်။ အချို့ အဓမ္မဝါဒတွေက မိမှန်း ဘမှန်းမသိ၊ ဘုရားမှန်း တရားမှန်းမသိ။

အိန္ဒိယနိုင်ငံမှာ သာသနာကို ဖြိုဖျက်တာက ဝိနည်းသာသနာကို ဦးတည်ဖြိုဖျက်တာပါ။

မြန်မာနိုင်ငံက အဓမ္မဝါဒတွေက သုတ္တန် ဝိနည်း အဘိဓမ္မာ ပိဋကတ်တော် (၃)ရပ်လုံးကို ဖြိုဖျက်ပါတယ်။

မြန်မာနိုင်ငံက အဓမ္မဝါဒများက သာသနာတော်ကို ဖျက်ဆီးတဲ့နေရာမှာ ပိုကဲကြမ်းတမ်းပါတယ်။

သာသနာဖျက် အဓမ္မဝါဒီများရဲ့ လေမုန်တိုင်းဟာ အင်မတန်ကြမ်းတမ်းပါတယ်။

သို့သော် အမြော်အမြင်ကြီးမားတော်မူကြတဲ့ မြန်မာနိုင်ငံ သာသနာ့ ဥသျှောင်ဆရာတော်ကြီးများနဲ့ နိုင်ငံတော်အစိုးရမင်းတို့ နှစ်ဦးနှစ်ဝ သဘောတူကြည်ဖြူကြ လက်တွဲကြပြီး အဓမ္မဝါဒတွေကို

နှိမ်နှင်းခဲ့ကြလို့ တရားစခန်းကြီးတွေ၊ စာသင်တိုက်ကြီးတွေ ဒီမှာ ဖြောင့်ဖြောင့်တန်းတန်း တည်ရှိနေကြတယ်။

**မှီရာတရား**

ယောဂီသူတော်စင်များ (၈၆)ကြိမ်မြောက် တရားအားထုတ် ဖြစ်တယ်ဆိုတာ သာမန်နဲ့ သယ်ဆောင်လာကြတဲ့ အနှစ်သာရတွေ သုံးဆောင်နေရတာ မဟုတ်ပါဘူး။

မြတ်စွာဘုရားရဲ့ လမ်းစဉ်ကို အားထုတ်နေကြရတော့ အရှင်အာနန္ဒာမထေရ်မြတ် မိန့်သလို -

**အဗ္ဘတီတ သဟာယဿ၊ အတီတ ဂတသတ္ထုနော။**

**နတ္ထိ ဧတာဒိသံ မိတ္တံ၊ ယထာ ကာယဂတာသတိ။**

မြတ်စွာဘုရား လွန်တော်မူသွားလို့ အပေါင်းအသင်းမဲ့၊ အဖော်မဲ့နေတဲ့ပုဂ္ဂိုလ်များအတွက် အာနပါနဿတိ အစရှိတဲ့ ကာယဂတာသတိလောက် ကောင်းမွန်တဲ့ မိတ်ဆွေမရှိဘူးတဲ့။

အဲဒီလို အရှင်အာနန္ဒာမထေရ်မြတ် မိန့်သလိုပဲ။

အခု ယောဂီသူတော်စင်တို့မှာလဲ မိမိပတ်ပတ်လည်က ပတ်ဝန်းကျင်က တရားပြနေတယ်။ သတင်းစာတွေထဲမှာလဲ နေ့စဉ် (၃၀)ကျော်၊ (၄၀)ကျော် ကွယ်လွန်ကြ၊ ပျံတော်မူကြတဲ့ သတင်းတွေ၊ ဒါတွေဟာ သတိပေးနေတာပါပဲ။

တရားအားထုတ်၊ တရားအားထုတ်၊ မြတ်စွာဘုရားရဲ့ သာသနာ တွေ့တုန်းကြုံတုန်း အနှစ်သာရဖြစ်တဲ့ သီလ သမာဓိ ပညာ၊ သိက္ခာသုံးပါး ကျင့်စဉ်တရားတွေ အားထုတ်လို့ သတိပေးနေသကဲ့သို့ ရှိပါတယ်။

"မြတ်စွာဘုရားလဲ လွန်တော်မူပြီ၊ မိတ်ကောင်းဆွေကောင်းတွေလဲ မရှိသလောက်၊ ငါ့မှာ လွန်ကုန်ပြီ။ အဲဒီအချိန်အခါမှာ ကာယဂတာသတိဖြစ်တဲ့ အာနာပါနရှုမှတ်ခြင်း စသည်လောက်ကောင်းတဲ့ မိတ်ဆွေ မရှိဘူး"လို့ ဆိုတဲ့အတိုင်း မိမိတို့ရဲ့ မိတ်ဆွေသည် တရားပဲ၊ မိမိတို့ရဲ့ မှီရာသည်တရားပဲလို့ အာရုံထားပြီး တရားအာရုံထုံပွားမှု မပြတ်ကြဖို့ အရေးကြီးပါတယ်။

**မြုံ့ခဲ့ချမ်းသာ**

မန်လည်ဆရာတော်ဘုရားကြီးက သတိပေးထားတာက-

**"တရားမကျင့် လိုလိုရင့်ဟု**<br>**မသင့်ယူများ ဆောက်တည်မှားက**<br>**လေးပါးပါယ်ဘုံ လားတုံတုံတည်း။"**

တရားမကျင့်ပဲ ပါရမီအလိုလိုရင့်လိမ့်မယ်ဆိုတဲ့ အယူမှားကို ယူပြီးထားရင် အပါယ်လေးဘုံ ကျလိမ့်မယ်။

ဘုန်းကြီးတို့ မြန်မာနိုင်ငံ အဓမ္မဝါဒတွေထဲမှာ တရားအားထုတ်စရာ မလိုဘူးဆိုတဲ့ အဓမ္မဝါဒ ပါရှိခဲ့ဖူးတယ်။

"တရားမကျင့် လိုလိုရင့်ဟု မသင့်ယူများ ဆောက်တည်မှားက လေးပါးပါယ်ဘုံ လားတုံတုံတည်း"။

"မြုံ့ခဲ့ချမ်းသာ ဘဝကြာလဲ သမ္မာမရင့် တဏှာဆင့်၍ ရှည်မြင့်ကြာညောင်း ဝဲခနောင်းမှ တပြောင်းပြန်ပြန် ညာမဆန်ပဲ နိဗ္ဗာန်ဝေးဘိ သုဂတိမျှ မသိတို့ရှာ ပါယ်လေးရွာဝယ်"။

တရားမကျင့်ပဲနဲ့ အလိုလိုပါရမီရင့်ပြီး လာလိမ့်မယ်လို့ အယူမှားရင် အပါယ်ဘုံမှာကျပြီး ချမ်းသာမြုံ့ပါလိမ့်မယ်။

ဘဝတွေကြာတိုင်း ကြာတိုင်း သမ္မာမရင့်ပဲ တဏှာတွေ ဆင့်လို့ သံသရာရှည်ပြီး သံသရာထဲမှာ အညာမဆန် တက်နိုင်၊ သံသရာ ရေစုန်မျောသလို အာရုံငါးပါး ကာမဂုဏ်ရေယာဉ်ကြောမှာ မျောနေ ကြ၊ နိဗ္ဗာန်နဲ့ဝေးကြရမယ်။ အလိုလို ပါရမီရင့်တယ်ဆိုတဲ့ အယူဟာ မမှန်ဘူး။

အဲဒီလိုယူရင် ချမ်းသာမြုံပြီးတော့ သံသရာထဲမှာ တဝဲလယ် လယ်နဲ့ မထွက်မြောက်နိုင်တော့ဘူးလို့ မန်လည်ဆရာတော်ဘုရား ကြီးက မိန့်ကြားခဲ့တယ်။

ဒါကြောင့် ဒီလင်္ကာလေးကို ရွတ်ပြီး (၈၆)ကြိမ်မြောက် တရား စခန်း စခန်းသိမ်းအောင်ပွဲကို နိဂုံးချုပ်ပါမယ်။

**တရားမကျင့်၊ လိုလိုရင့်ဟု**
**မသင့်ယူများ၊ ဆောက်တည်မှားက**
**လေးပါးပါယ်ဘုံ၊ လားတုံတုံတည်း**
**မြုံခဲ့ချမ်းသာ၊ ဘဝကြာလဲ**
**သမ္မာမရင့်၊ တဏှာဆင့်၍**
**ရှည်မြင့်ကြာညောင်း၊ ဝဲခနောင်းမှ**
**တပြောင်းပြန်ပြန်၊ ညာမဆန်ပဲ**
**နိဗ္ဗာန်ဝေးဘိ၊ သုဂတိမျှ**
**မသိတို့ရွာ၊ ပါယ်လေးရွာဝယ်**
**ဖီလာအမြဲ၊ လူနတ်ပွဲနှင့်**
**ချွတ်လွဲချော်ရမည်ကိုကား။ ။**

သာဓု - သာဓု - သာဓု

**အစီအစဉ်(၃)အရ**

ယောဂီသူတော်စင်များက ကမ္မဋ္ဌာနာစရိယများအား ကန်တော့ကြပါသည်။

"သီလသမာဓိပညာ သိက္ခာသုံးပါး အကျင့်တရားကို သင်ကြားပို့ချ ဆိုဆုံးမသည့် ဆရာသခင် ကျေးဇူးရှင်တို့အား ဆယ်လက်ဖူးငုံ ကြာပဒုံဖြင့်၊ အာရုံတင်စား ညွတ်တွားဝန္ဒနာ ရှိခိုးပါ၏။

ကာယကံ- ကိုယ်ဖြင့်ပြစ်မှား ကျူးလွန်မိသည်ရှိသော် သည်းခံခွင့်ပြုတော်မူပါ။

ဝစီကံ- နှုတ်ဖြင့်ပြစ်မှား ကျူးလွန်မိသည်ရှိသော် သည်းခံခွင့်ပြုတော်မူပါ။

မနောကံ- စိတ်ဖြင့် ပြစ်မှားကျူးလွန်မိသည်ရှိသော် သည်းခံခွင့်ပြုတော်မူပါ။

**အစီအစဉ်(၄)အရ**

"ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်းကြပြီး အခမ်းအနား ရုပ်သိမ်းကြပါသည်။

## လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
## လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ
## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
## တွဲဖက်အကျိုးတော်ဆောင်(၁)
## ကလေးဝတောရဆရာတော်
## ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
## အဂ္ဂမဟာပဏ္ဍိတ
## ပရိယတ္တိသာသနဟိတဓရ
# လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ
## ဟောကြားတော်မူသော
## (၈၇)ကြိမ်မြောက်

၁၃၆၇ ခု၊ တော်သလင်းလပြည့်ကျော် (၁)ရက်နေ့ စောင့်ထိန်းအပ်တဲ့သီလ၊ အဲဒီသီလက ဘာလဲဆိုတော့ ဒီငါးပါးသီလပါပဲ။

စောင့်ထိန်းတယ်ဆိုတာ လုံခြုံတဲ့အခါ လုံခြုံတယ်။ သို့သော် ပုထုဇဉ်များမှာ ငါးပါးသီလလုံပါပြီလို့ ပြောဆိုဖို့ရာ အင်မတန်ခက်ပါတယ်။

ကုရုမင်းကြီးက စပြီးတော့ ကုရုတိုင်းမှာ နန်းတွင်းသူ နန်းတွင်းသား (၁၁)ဦး မကျိုးမပေါက် မပြောက်မကြားအောင် အရိယာကြီးများလို စောင့်ထိန်းခဲ့ကြတယ်။

အဲဒီလို စောင့်ထိန်းကြတော့ သတ္တဝါတို့ကို ညှင်းပန်းနှိပ်စက်နေတဲ့ ကိလေသာတရားတွေဟာ (၁၀)ပါး၊ တစ်နည်းအားဖြင့် (၁၅၀၀)

တစ်မျိုးအားဖြင့် ပြောမယ်ဆိုရင် -

**လွန်ကျူးဆူပွက် မျိုးမပျက် သုံးချက်ကိလေသာ**
လို့ ဆိုတဲ့အတိုင်း ကိုယ်နှုတ်နဲ့လွန်ကျူးတဲ့ ကိလေသာကတစ်မျိုး၊ စိတ်ထဲမှာဆူပွက်တဲ့ ကိလေသာက တစ်မျိုး၊ သတ္တဝါတို့မှာမျိုးမပျက် ကိန်းအောင်းနေတဲ့ ကိလေသာက တစ်မျိုး၊ အဲဒီကိလေသာတွေက သတ္တဝါတွေကို ညှင်းပန်းနှိပ်စက်နေပါတယ်။

ကိုယ်နှုတ်လွန်ကျူးတဲ့ ဝီတိက္ကမကိလေသာကို သီလနဲ့ဖယ်ရှား ပေးနိုင်တယ်။ စိတ်ထဲဆူပွက်တဲ့ ပရိယုဋ္ဌာန ကိလေသာကို သမာဓိက ဖယ်ရှားပေးနိုင်တယ်။ မျိုးမပျက် သတ္တဝါတို့မှာ ကိန်းအောင်းနေတဲ့ အနုသယကိလေသာ ဓာတ်ဆိုးဓာတ်ငွေ့တွေကို ဝိပဿနာပညာ မဂ်ပညာဆိုတဲ့ ပညာက ဖယ်ရှားပေးနိုင်တယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော်က သုံးလောကထွဋ်ထား မြတ်ဘုရားဟာ သာဝတ္ထိပြည်မွန် အသရေချွန်တဲ့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူပါတယ်။

ရဟန်းတော်နှစ်ပါး သွားရင်းလာရင်းနဲ့ ဟင်္သာသတ်တယ်။ အဲဒီဟင်္သာကို သတ်တဲ့အတွက် သူတစ်ပါးအသက်ကို မသတ်ပါဆိုတဲ့ သီလပျက်သွားတယ်။ ပြီးတော့ ကာယကံရော၊ ဝစီကံရော လွန်ကျူးကြတယ်။ တစ်ပါးက ကောင်းကင်ပျံသွားတဲ့ ဟင်္သာကို ကိုယ်တိုင်ခဲနဲ့ပစ်လိုက်တော့ တစ်ပါးက အားပေးတယ်၊ တိုက်တွန်းတယ်၊ ချီးမွမ်းတယ်၊ စိတ်တူတယ်။ နှစ်ပါးလုံး သတ်ရာရောက်တယ်။

အဲဒီ ဟင်္သာကိုသတ်တဲ့ရဟန်းကို အကြောင်းပြုပြီး မြတ်စွာဘုရားက ကုရုဇာတ်၊ တစ်နည်းအားဖြင့် ဂုရုဓမ္မဇာတ်၊ ကုရုဓမ္မဇာတ်တော်ကို ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီတော့ ငါးပါးသီလထက် ပိုပြီးသာလွန်တဲ့ အမွန်းတင် (၈)ပါးသီလ စောင့်ထိန်းပြီးတော့ "သီလခြေမျိုး မကျိုးစေရ" ဆိုတဲ့ အတိုင်း၊ လူ့ခန္ဓာကိုယ်ဟာ ခြေထောက်ဟာလဲ အရေးကြီးတယ်။ ဝမ်းဗိုက်ဟာလဲ အရေးကြီးတယ်။ ဦးခေါင်းကလဲ အရေးကြီးတယ်။

သီလက ခြေထောက်နဲ့တူတယ်တဲ့။ သီလပျက်ရင် ခြေထောက်ကျိုးသလိုပဲ။ သမာဓိက ဝမ်းဗိုလ်နဲ့တူတယ်။ **'သမာဓိ ဝမ်းဆန်နှန်းမြူလောက် မပေါက်စေရ'**၊ **'ဝမ်းတစ်လုံးကောင်းရင် ခေါင်းမခဲဘူး'**ဆိုတဲ့ စကားလိုပဲ။ ဝမ်းတစ်လုံး မကောင်းရင် အားလုံး ပျက်ပြီး သွားတတ်တယ်။

**'ပညာဦးကျွောင်း မတောင်းစေရ'**ဆိုတဲ့အတိုင်း ပညာက ဦးခေါင်းနဲ့တူတယ်။

သူတော်စင်များ **'သီလခြေမျိုး မကျိုးစေရ'** ဆိုတဲ့အတိုင်း သီလခြေမျိုးလဲ မကျိုးအောင် စောင့်ထိန်းကြတယ်။

**'သမာဓိဝမ်း ဆန်နှန်းမြူလောက် မပေါက်စေရ'** ဆိုတဲ့ အတိုင်း ဝမ်းဗိုက်နဲ့တူတဲ့ သမာဓိကိုလဲ မြူမှုန်လေးမျှလောက် မပေါက်အောင် စောင့်ထိန်းကြ ကျင့်သုံးကြမှာ ဖြစ်တယ်။

**'ပညာဦးကျွောင်း မတောင်းစေရ'** လေးရက်ခွဲအားထုတ်ပြီး တဲ့အခါ မဂ်ဉာဏ်ရဲ့ရှေ့ပြေးဖြစ်တဲ့ ဒီဝိပဿနာဉာဏ်ပညာ ဦးခေါင်း မကွဲအောင် စောင့်ရှောက်ကြရမယ်။

မြတ်စွာဘုရားဟာ အနုတ္တရော ပရိသဒမ္မသာရထိဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့အတိုင်း သတ္တဝါတွေကို အကြမ်းနည်းနဲ့ဆုံးမတယ်။ အနုနည်းနဲ့ ဆုံးမတယ်။

အဲသလို ဆုံးမတော်မူသော်လဲ ဒုတ်နဲ့၊ ဓားနဲ့၊ လက်နက်နဲ့ ဆုံးမတာမျိုးတော့ မဟုတ်ဘူး။

**ဒဏ္ဍေနေကေ ဒမယန္တိ၊ အင်္ကုသေဟိ ကသာဟိစ။**

**အဒဏ္ဍေန အသတ္ထေန၊ နာဂေါဒန္တော မဟေသိနာ။**

**(စူဠဝဂ္ဂ)**

နာဠာဂီရိဆင်ကြီးကို ဒုတ်မပါ၊ ဓားမပါပဲနဲ့ မေတ္တာဖြင့် ဆုံးမတဲ့အခါ ရာဇဂြိုလ်မြို့သူမြို့သားတွေက လောကကြီးထဲမှာ အချို့ ပုဂ္ဂိုလ်တွေက ဆုံးမတယ်၊ နှိပ်ကွပ်တယ်ဆိုတာ ဒုတ်တွေ၊ ဓားတွေနဲ့၊ နှင်တံပြာတွေနဲ့၊ လှံတို့၊ ချွန်းတို့နဲ့ ဆုံးမကြတာ။

မြတ်စွာဘုရားက ဒုတ်ဓားမပါပဲနဲ့ မေတ္တာစာတ်နဲ့ပဲ ဆုံးမတော် မူတယ်။ နာဠာဂီရိဆင်ကြီးကို ဦးကျိုးအောင် ဆုံးမတော်မူတယ်။ ဒီလို ပြောကြဆိုကြတယ်။

## ကေသိ

အဲလို ဆိုဆုံးမမှုနဲ့ပတ်သက်ပြီးတော့ 'ကေသိ' ဆိုတဲ့ မြင်းဆရာ ကြီးနဲ့ တွေ့တယ်။ မြတ်စွာဘုရားက 'ကေသိ၊ မင်းမြင်းတွေကို ဘယ်လိုများ ဆုံးမသလဲ'တဲ့။

ကေသိဆိုတဲ့ မြင်းဆရာက 'မြင်းတွေကို အနုနည်းနဲ့လဲ ဆုံးမတယ်၊ အကြမ်းနည်းနဲ့လဲ ဆုံးမတယ်၊ ဆုံးမလို့မရတဲ့ မြင်းတွေ ကျတော့ တပည့်တော် သတ်လိုက်တာပဲ'တဲ့။

'အရှင်ဘုရားကကော တပည့်တွေကို ဘယ်လိုများ ဆုံးမပါ သလဲ' လျှောက်တော့၊ 'ငါလဲပဲ ဒီလိုပါပဲ အနုနည်းနဲ့ ဆုံးမတယ်၊ အကြမ်းနည်းနဲ့ ဆုံးမတယ်၊ ဆုံးမလို့မရရင်တော့ သတ်ပစ်လိုက်တာပဲ'။

'အရှင်ဘုရားက သူတစ်ပါးအသက် မသတ်တော့ဘူး မဟုတ်လားဘုရား' ဆိုတော့ 'သတ်တယ်ဆိုတာ ငါလက်လွှတ်လိုက်တာကို ပြောတာပါပဲ'တဲ့။

ဘုရားက ဒီပုဂ္ဂိုလ်ကို ငါတော့ဆုံးမလို့ မရတော့ဘူးလို့ လက်လွှတ်လိုက်လို့ရှိရင် အသတ်ခံရတာနဲ့ အတူတူပဲ။

ဘုန်းကြီးတို့တတွေက မြတ်စွာဘုရား လက်လွှတ်လိုက်တဲ့ သူတွေ မဖြစ်ကြဘူး။ မြတ်စွာဘုရားက သီလဖြည့်ကျင့်ရမယ်၊ သမာဓိဘာဝနာ, ဝိပဿနာဘာဝနာ ပွားများရမယ်ဆိုတော့ ဘုရားစကားတော်ကို လိုက်နာပြီးနေကြတဲ့ သာဝကတွေ၊

သာဝကဆိုတာ နာကြားတတ်တဲ့ပုဂ္ဂိုလ်တွေ၊ လိုက်နာတတ်တဲ့ ပုဂ္ဂိုလ်တွေ၊ သာဝကဆိုတဲ့ စကားလေးကို ဘာသာပြန်တော့ နားထောင်တတ်တယ်၊ နာကြားတတ်တယ်၊ လိုက်နာတတ်တယ်။

ဘုန်းကြီးတို့က မြတ်စွာဘုရား စကားတော်တွေကို နားလဲထောင်ပါတယ်၊ နာလဲနာကြားတယ်၊ ယခု လိုက်နာကျင့်သုံးတယ်။

**သတိပဋ္ဌာန်တရားက အဓိက**

ဒါကြောင့် မြတ်စွာဘုရားက မျက်နှာလွှဲခံရတဲ့ ပုဂ္ဂိုလ်တွေ မဖြစ်ဘူး။ မြတ်စွာဘုရားက မျက်နှာအလွှဲခံရတဲ့ ပုဂ္ဂိုလ်တွေမဖြစ်တဲ့ အတွက်ကြောင့်မို့ ဝမ်းမြောက်ဖွယ်လဲ ဖြစ်တယ်။ မြတ်စွာဘုရား သာသနာတော်မှာ သတိပဋ္ဌာန်တရားဟာ အင်မတန် အရေးကြီး ပါတယ်။

တစ်ချိန်က စမ္ပာပြည့် ဂဂ္ဂရာရေကန်အနီးမှာ မြတ်စွာဘုရား သံဃာတော်အပေါင်းနဲ့ သီတင်းသုံးနေပါတယ်။

အဲဒီအချိန်မှာ ကဏ္ဍရကပရိဗိုဇ်နဲ့ ပေဿဆင်ထိန်းသားတို့ ရောက်လာကြတယ်။ ရောက်လာကြတော့ ကဏ္ဍရကပရိဗိုဇ်က သံဃာပရိသတ်တွေကြည့်ပြီးတော့ ငြိမ်သက်လိုက်တာ၊ အေးမြလိုက်တာ နေကြထိုင်ကြတာ။

အဲဒီတော့ 'အရှင်ဘုရား၊ အရှင်ဘုရားရဲ့ သံဃာ့ပရိသတ်တွေဟာ ငြိမ်သက်လှချည်လား၊ ငြိမ်သက်လိုက်တာ ဘုရား' အဲဒီလို လျှောက်ထားတဲ့အခါ -

'ငါဘုရားရဲ့ ပရိသတ်ဟာ ရဟန္တာနဲ့ သေက္ခပုဂ္ဂိုလ်တွေပဲ များတယ်။ ဒီရဟန္တာနဲ့သေက္ခပုဂ္ဂိုလ်တွေဟာ သတိဋ္ဌာန်လေးပါး အပေါ်မှာ စူးစူးစိုက်စိုက်နေတဲ့အတွက်ကြောင့်မို့ ငြိမ်ငြိမ်အေးအေးနဲ့ ငြိမ်ငြိမ်သက်သက်နဲ့ နေနိုင်ကြတာပါပဲ'လို့ မိန့်ကြားတယ်။

အဲဒီအခါ ကဏ္ဍရကပရိဗိုဇ်က 'ဩော် မြတ်စွာဘုရားဟာ ပရိသတ်ကို သတိပဋ္ဌာန်နည်းလမ်းနဲ့ ငြိမ်သက်အောင် ညွှန်းပြတော်မူနိုင်ပါပေတယ်'လို့ ချီးမွမ်းတယ်။

အမှန်တကယ်အားဖြင့် လူ့ဘောင် လူ့လောကကြီးက ရှုပ်ထွေးပွေလီတဲ့ လူ့ဘောင် လူ့လောကကြီး၊ အင်မတန်ကောက်ကျစ်တဲ့ လူ့ဘောင် လူ့လောကကြီး၊

ရှုပ်ထွေးပွေလီလှတဲ့ လောကကြီးထဲမှာ မြတ်စွာဘုရားဟာ အင်မတန်ရှုပ်ထွေးပွေလီလှတဲ့ လူ့ဘောင် လူ့လောကကြီးကို ယဉ်ကျေး သိမ်မွေ့အောင် ဆိုဆုံးမတော်မူပါတယ်။

ယခုယောဂီသူတော်စင်များ (၈၇)ကြိမ်မြောက် လယ်တီဝိပဿနာ(၇)ရက်တရားစခန်းမှာ သတိပဋ္ဌာန်တရားဟာ အဓိက လမ်းညွှန်သဖွယ် ဖြစ်ပါတယ်။

**ဓမ္မစေတီယ**

အဲဒီတော့ ဒါနဲ့ပတ်သက်ပြီးတော့ ဓမ္မစေတီယဒေသနာတော်မှာ ကောသလမင်းကြီးက မြတ်စွာဘုရားအား လျှောက်ထားတယ်။

'တပည့်တော်ဟာ အာဏာပိုင်အစိုးရဆိုတော့ သေစေလိုတဲ့လူကိုလဲ သေဒဏ်ပေးနိုင်ပါတယ်၊ ဥစ္စာဒဏ်လဲ ပေးနိုင်ပါတယ်၊ လက်နက်ဒဏ်လဲ ပေးနိုင်ပါတယ်၊ ဒါပေမဲ့ လွှတ်တော်အစည်းအဝေးမှာ ဘုရားတပည့်တော် စကားပြောနေစဉ်အခါ အမတ်ကြီးတွေက စကားဝင်ဝင်ပြီး ပြောကြလို့ စကားဝင်ပြီး မပြောကြပါနဲ့၊ ငါ့စကားကို အနှောင့်အယှက်မပေးပါကြပါနဲ့၊ မတားမြစ်ကြပါနဲ့လို့ ပြောပေမဲ့ မင်းအမတ်တွေက စကားညှပ်ကြတယ်ဘုရား၊ စကားလော်ကယ်ခုတ်ကြတယ်ဘုရား'။

'မြတ်စွာဘုရားက တစ်နေ့မှာ တရားဟောနေတယ်။ တရားနာနေတဲ့ ရဟန်းပရိသတ်ထဲက ရဟန်းတစ်ပါးက ချောင်းဆိုးတယ်။ အနီးအနားမှာရှိတဲ့ ရဟန်းတော်တစ်ပါးက 'အရှင်ဘုရား မြတ်စွာဘုရား တရားဟောနေတယ်၊ ချောင်းမဆိုးပါနဲ့၊ ချောင်းမဟန့်ပါနဲ့၊ တိတ်တိတ်နေပါ'လို့ ပြောတာကို တွေ့ရတယ်ဘုရား။

'တပည့်တော် ဤလောကကြီးကို လှည့်လှည်ပြီးကြည့်လိုက်တဲ့အခါ အရှင်ဘုရားသာသနာတော်မှာ အေးဆေးငြိမ်သက်တဲ့ပရိသတ်ရှိသလို၊ အရှင်ဘုရား သာသနာတော်မှတစ်ပါး အခြား ဤလိုငြိမ်သက်တဲ့ ပရိသတ်ကို မတွေ့မမြင်ဘူးပါဘုရား'လို့ ကောသလမင်းကြီးက လျှောက်ထားတယ်။

အဲဒီတော့ မြတ်စွာဘုရားက သုံးခွင်ဝေနေ အထွေထွေလျှင် ကိလေသာဟိတ် အဆိပ်ပြင်းထန် အကင်းသန်လျှက် မာန်တလူလူ

အလံထူသည့် လူအရပ်ရပ် နတ်အဖြာဖြာ ဗြဟ္မာအစားစား နဂါးအဖုံဖုံ ဂဠုန်အမျိုးမျိုး ဆိုးဆိုးသွမ်းသွမ်း ကြမ်းကြုတ်သမျှ ဝေနေယျတို့ကို ဗုဒ္ဓမန္တန် ဆိပ်အံ့ငြိမ်ဆေး ထိုက်ရာပေး၍ ယဉ်ကျေးအောင် သရဏဂုံက စပြီးပေးကာ ဆုံးမတယ်။

ဂရုဓမ္မဇာတ်တော်တို့ကျတော့ ငါးပါးသီလက စပြီးတော့ စောင့်ထိန်းအောင် ဆိုဆုံးမတော်မူခဲ့တယ်။

ကောသလမင်းကြီးက လက်တွေ့မျက်တွေ့ အကြောင်းအရာနဲ့ မြတ်စွာဘုရားကို လျှောက်ထားတယ်။

အဲဒီလောက်တင်မကသေးဘူး။ မြတ်စွာဘုရားဟာ တပည့်ခံနေကြတဲ့ အဂ္ဂသာဝက၊ မဟာသာဝက၊ သာဝကတွေအားလုံး၊ ဘိက္ခု၊ ဘိက္ခုနီ၊ ဥပသကာ၊ ဥပါသိကာအားလုံး၊ မိမိတည်ထောင်ထားတဲ့ သာသနာတော်မှာ "ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၊ သိက္ခာ ကျင့်စဉ် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊

ဒီအချက်တွေနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရားက ပရိသတ် လေးပါးကို နှစ်သက်ကျေနပ်အောင် ပရိနိဗ္ဗာန်စံတော့မည့် အချိန် ကာလပိုင်းလေး လိုတော့တဲ့ အချိန်အခါမှာပင် 'ရဟန်းတို့ ငါဘုရား ပရိနိဗ္ဗာန်စံတော့မယ်၊ မစံမီလေးမှာ သင်တို့ဟာ ဘုရား အပေါ် ယုံမှားခြင်းရှိသလား၊ တရားတွေအပေါ် ယုံမှားသံသယရှိလား၊ ငါဘုရားရဲ့ သားတော်များ ဖြစ်ကြတဲ့ အဂ္ဂသာဝက၊ မဟာသာဝက၊ တပည့်သံဃာတော်များ အပေါ် သံသယရှိကြသလား၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါး ကျင့်စဉ်အပေါ်မှာ ယုံမှားသံသယရှိကြသလား၊ မဂ်ဖိုလ်အပေါ် ယုံမှားသံသယရှိကြသလား၊ 'ကင်္ခါဝါ ဝိမတိဝါ' ယုံမှား သံသယ ဖြစ်ကြသလား၊ ဇဝေဇဝါဖြစ်ကြသလား မေးကြပါ'။

'နောင်သောအခါမှ မြတ်စွာဘုရားရှိစဉ်က တို့မမေးလိုက်ရလေချင်းလို့ အဲဒီလို စိတ်မကောင်းမဖြစ်ကြနဲ့။ အကယ်၍များ မိမိကိုယ်တိုင် ငါဘုရားကို မမေးဝံ့ပါဘူးဆိုရင် အနီးမှာရှိတဲ့ ရဟန်းတစ်ပါးပါးကိုပြော ဘုရား၊ တရား၊ သံဃာ၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါးကျင့်စဉ်၊ မဂ်ဖိုလ်အပေါ်မှာ ဇဝေဇဝါဖြစ်ရင် မေးကြ၊

အဲလို ခွင့်ပေးတဲ့အခါ ရှင်အာနန္ဒာက 'ဒီရဟန်းပရိသတ်ထဲမှာ ရတနာသုံးပါး သီလ သမာဓိ ပညာ ကျင့်စဉ်၊ မဂ်ဖိုလ်နဲ့ပတ်သက်လို့ နည်းနည်းလေးမျှ ယုံမှားသံသယဖြစ်တဲ့ပုဂ္ဂိုလ် မရှိပါဘုရား။ မရှိတာ အင်မတန်အံ့ဩဖွယ်ဖြစ်ပါတယ်ဘုရား'။

အဲလို လျှောက်ထားတော့ မှန်တယ်၊ ရဟန်းပရိသတ်ထဲမှာ ဘုရား၊ တရား၊ သံဃာ ကျင့်စဉ် မဂ်ဖိုလ်အပေါ် သံသယဇဝေဇဝါ ဖြစ်တဲ့ပုဂ္ဂိုလ်မရှိဘူး။ ဒီပရိသတ်ထဲမှာ အနိမ့်ဆုံးက သောတာပန်။

ဒီစကားနဲ့ပတ်သက်ပြီး ပြန်စဉ်းစားကြည့်မယ်ဆိုရင် ဘုန်းကြီးတို့ ပရိသတ်ဘယ်လောက် ကျေနပ်စရာကောင်းသလဲ။ ဘုရားမှီလိုက်ကြတဲ့ အရှင်မြတ်ကြီးတွေ၊ အရှင်မြတ်ကြီးတွေက ဘုရားအပေါ်၊ တရားအပေါ်၊ သံဃာအပေါ်၊ မိမိတို့ရဲ့ သီလ သမာဓိ ပညာကျင့်စဉ် တရားအပေါ်၊ မဂ်ဖိုလ်အပေါ် ယုံမှားသံသယ မရှိကြဘူးတဲ့၊ ဇဝေဇဝါ လဲ မဖြစ်ကြဘူး။ ဒါကြောင့်မို့ အနုတ္တရောပုရိသ ဒမ္မသာရထိဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရား။

ကိလေသာဟိတ် အဆိပ်ပြင်းထန် အကင်းသန်လျှက် မာန်တလူလူ အလံထူသည့် လူအရပ်ရပ် နတ်အဖြာဖြာ ပြဟ္မာအစားစား နဂါးအဖုံဖုံ ဂဠုန်အမျိုးမျိုး ဆိုးဆိုးသွမ်းသွမ်း ကြမ်းကြုတ်သမျှ ဝေနေယျတို့ကို ဗုဒ္ဓမန္တန် ဆိပ်အံငြိမ်ဆေး ထိုက်ရာပေး၍ ယဉ်ကျေး

စေမှု အစုစု၌ အတုမရ အဖက်မရ ကြီးမြတ်တော်မူလှပါပေသော မြတ်စွာဘုရား။

သတ္တဝါတွေကို ယဉ်ကျေးအောင်ဆုံးမတဲ့နေရာမှာ အတုမရှိ မြတ်စွာဘုရား၊ ယဉ်ကျေးအောင်ဆုံးမရာဝယ် အတုမရှိမြတ်တော်မူသော မြတ်စွာဘုရား၊ ယနေ့မြတ်စွာဘုရား သာသနာနောက်ပိုင်းမှာ လာရောက်ပြီးတော့ ကြုံကြ ဆုံကြ။

အဲလို ကြုံကြ ဆုံကြသော်လဲပဲ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၀၀)က ဟောကြားခဲ့တဲ့ ဂရုဓမ္မဇာတ်၊ ကုရုဓမ္မဇာတ်အကုန်လုံး ဘုရားတရားတော်တွေဖြစ်တဲ့ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတွေဟာ တည်ရှိနေတယ်။ ပထမဆုံးနှစ်ပေါင်း ၄၅၀ က နှုတ်နဲ့ဆောင်လာခဲ့ကြတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၉၆၀ လောက်က ပေရွက်ကလေးတွေရေးပြီး သယ်ဆောင်လာခဲ့ကြတယ်။ လွန်ခဲ့တဲ့နှစ် ၁၀၀ ကျော်က ကျောက်စာရေးပြီး ထားတယ်။

ဘုန်းကြီးက ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတွေကို ကျောက်စာတွေပေါ် ရေးပြီးထားတာ ခက်ရာခက်ဆစ်ကြီးနော်။ အင်မတန်တာဝန်ကြီးတာပဲ။ ဘယ်လိုများမျှော်ခေါ်ပြီးတော့ ဒီလိုလုပ်ကြပါလိမ့်မလဲလို့ ခပ်ငယ်ငယ် ကတွေးခဲ့ဘူးတယ်။

နောက်ပိုင်း သမိုင်းကြောင်းလေး ပြန်ဖတ်လိုက်တဲ့အခါ သီပေါမင်း ပါတော်မူတဲ့နှစ်၊ သီပေါမင်း ပါတော်မူတော့ ဗြတိုက်မှာ ရှိတဲ့ ပေစာထုပ်တွေ၊ ပေစာထုပ်တွေ အင်မတန်များပြားတယ်။

အင်္ဂလိပ်အစိုးရက သီပေါမင်းကိုဖမ်းပြီးတော့ နန်းတွင်းရော အဲဒီ ပိဋကတ်တိုက်မှာရော ရတနာတွေရှာကြတာ ပေစာထုပ်တွေ အူပေါက်ပြီး အစဉ်အတိုင်းလဲ မဖြစ်တော့ဘူး။ ပေစာသေတ္တာကြီးတွေ

ထုတ်မွေ၊ နောက်တစ်နေ့ကျတော့ အမှိုက်ရှင်းတယ်၊ အမှိုက်ရှင်းတော့ ပေစာထုပ်တွေ မီးရှို့ပစ်လိုက်ကြတော့တာပါပဲ။

အဲဒီတော့မှ မြန်မာပြည်က အမျှော်အမြင်ရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်က မြန်မာပြည်မှာလာပြီး အုပ်ချုပ်တဲ့ အင်္ဂလိပ်ဗိုလ်မှူးကြီးတစ်ယောက်ထံ မေတ္တာရပ်တယ်။ ဒီပေစာတွေကို မီးမရှို့ဖို့ မေတ္တာရပ်တော့မှ မီးမရှို့တော့ဘူး။

အဲဒီကျတော့မှ မန္တလေးနန်းတွင်းမှ ရန်ကုန်အတွင်းဝန်ရုံးသို့ ပေစာတွေ လှည်းအစီး (၄၀)နဲ့ တိုက်ပြီးပို့ယူရတယ်။ အဲဒီသမိုင်းကို ဖတ်လိုက်တဲ့အခါကျတော့မှ သြော် . . မင်းတုန်းမင်းကြီး အမျှော်အမြင်ကြီးမားပါပေ့။ ဒါကြောင့် 'ရှေ့မျှော်တစ်ခေါ်ကြည့် နောက်ပြန်တစ်လံကြည့်'လို့ ဆိုကြတာပဲ။

အဲဒီအခါတုန်းက ပဉ္စမသံဂါယနာကို ဦးဆောင်တော်မူကြတဲ့ ဘုရားကြီးတိုက် ဆရာတော် တိပိဋကဓရ ဘဒ္ဒန္တဇာဂရာဘိဝံသ အစရှိတဲ့ ဆရာတော်ဘုရားကြီးတွေရဲ့ အမျှော်အမြင်ကြီးမှ ကြီးလိုက်လေ။

ကျောက်စာတွေ မီးရှို့လို့မရဘူး။ မြေမြှုပ်လို့မရဘူး။ မှန်ပါတယ်။ အိန္ဒိယနိုင်ငံ ဗုဒ္ဓသာသနာတော်ကြီး တည်ရှိပြီးနေတာ ဘုရားပွင့်တော်မူပြီး နှစ်ပေါင်း ၁၂၀၀ ရောက်တဲ့အခါကျတော့ အနိုင်ကျင့်တဲ့ ဆန့်ကျင်ဖက်သုဂ်မင်းတွေ ပေါ်ပေါက်လာတယ်။ ဘုရားနဲ့ ပတ်သက်တဲ့နေရာတွေ မီးရှို့တယ်၊ မြေမြှုပ်တယ်။

ဗုဒ္ဓဂယာစေတီတော်၊ ဓမ္မေခစေတီတော်တို့ ဗာရာဏသီမှာ ရှိတဲ့ ကျောက်တွေနဲ့ ပြုလုပ်ထားတဲ့ ပြတိုက်တို့ဟာ မီးရှို့လို့၊ မြေမြှုပ်လို့ မရလို့ ကျန်နေကြတဲ့အတွက် ယခု ဖူးတွေ့နေရတာ။

ရှေးတုန်းက ဓမ္မာသောကကြီးကို အတုယူပြီးတော့ မင်းတုန်းမင်းတရားနှင့် ပဥ္စမသံဂါယနာတင် အရှင်မြတ်ကြီးများ ခေါင်းဆောင်ပြီးတော့ မြတ်စွာဘုရား ဒေသနာတော်တွေ မပျောက်ပျက်ရအောင် ကျောက်ထက်အက္ခရာတင်ပြီး ထားနိုင်ခဲ့တာ အံ့ဩဖွယ်၊ ကြည်ညိုဖွယ် ဖြစ်ပါတယ်။

မြတ်စွာဘုရား လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၄၉ နှစ်က ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်း ရုပ်သိမ်းသွားတဲ့အခါ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ တည်ရှိနေတဲ့အတွက် ဘုန်းကြီးတို့ ယခုလို လယ်တီဝိပဿနာ (၇)ရက် တရားစခန်းဖွင့်နိုင်တာပါပဲ။ ဒါကြောင့် ဘုရားရှင်ရဲ့ သာသနာတော်ကြီး ဘုရားရှင် ကိုယ်တော်တိုင် တည်ထားတော်မူခဲ့တဲ့ ဓမ္မစေတီတော်မြတ်ကြီး သင်ဟောပို့ချ ကျင့်ကြံကြိုးကုတ် အားထုတ်လျှက် လက်ဆင့်ကမ်းပုခုံးပြောင်းလာတာ လူ့ဘဝနဲ့တွက်ရင် အသက်တစ်ရာရှိတဲ့ပုဂ္ဂိုလ် (၂၆)ဘဝစာလောက် သယ်ဆောင်ပြီး (၂၆)ရာစုတိုင်တိုင် သယ်ဆောင်ကာ လာတဲ့ဘုရားနည်း။

အဲဒီနည်းကို ထပ်မံထင်ရှားအောင် ဖော်ညွှန်းပြတော်မူတဲ့ လယ်တီဆရာတော်ဘုရားကြီးရဲ့ နည်းနာနိဿယအတိုင်း ယခုအားထုတ်ရမှာဖြစ်လို့ ဝမ်းပန်းတသာနဲ့ တွေ့ခဲ ကြုံခဲတဲ့ ဘုရားသာသနာနှစ်ပေါင်း ၂၅၀၀ ကျော်မှ လူဖြစ်လာခဲ့ကြတာ၊ ကံကောင်းလို့တွေ့ကြရတာ၊ အကယ်၍များ ယခုအချိန် အခြားသာသနာမထွန်းတဲ့ နိုင်ငံမှာ သွားပြီးလူဖြစ်ရင် ဒီနည်းတွေ မကြားသိနိုင်ဘူး။ ဒါကြောင့် ကြုံသာကြုံရ မကြိုက်ရ မိုက်လှမဲလှပါ မဖြစ်ကြရအောင် ကြိုးစားအားထုတ်ကြပါဟု တိုက်တွန်းနှိုးဆော်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

၁၃၆၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၂)ရက်နေ့။

တရားဆေးနဲ့တူတဲ့ ဆေးဆိုတာမရှိဘူး။ တရားဆေးဆိုတာ အတွင်းရောဂါတွေ ပျောက်ပါတယ်။ ယခု တရားဆေးကို သောက်သုံးနေကြတာ ဖြစ်ပါတယ်။

**ယေကေစိ ဩသဓါ လောကေ၊ ဝိဇ္ဇန္တိ ဝိဝိဓာဗဟူ။**

**ဓမ္မောသဓ သမံနတ္ထိ၊ ဧတံ ပိဝထ ဘိက္ခဝေါ။ (မိလိန္ဒ)**

လောကေ= လောက၌၊ ဗဟူ= များစွာကုန်သော၊ ယေကေစိ= အလုံးစုံကုန်သော၊ ဝိဝိဓာ= အထူးထူးအပြားပြား အမျိုးအစား ရှိကုန်သော၊ ဩသဓာ= ဆေးတို့သည်၊ ဝိဇ္ဇန္တိ= တည်ရှိကြပေကုန်၏၊ ဓမ္မောသဓ သမံ= တရားဆေးနှင့်တူသောဆေးသည်၊ နတ္ထိ= မရှိပါချေ။ ဘိက္ခဝေ= အို ယောဂီအပေါင်း သူတော်ကောင်းတို့၊ ဧတံ= ဤချိုပျား အပျော် တရားဆေးတော်ကြီးကို၊ ပိဝထ= သောက်ကြပါကုန်လော့။

လောကကြီးမှာ ဆေးအမျိုးမျိုးရှိပါတယ်။ ရောဂါပျောက်စေတတ်တဲ့၊ ဆေးအမျိုးမျိုးတွေထဲက 'ဓမ္မောသဓ' ခေါ်တဲ့ တရားဆေးနဲ့ တူတဲ့ ကောင်းမွန်မြင့်မြတ် အစွမ်းထက်တဲ့ ဆေးဆိုတာမရှိဘူး။

ဒါကြောင့် အကောင်းဆုံးဖြစ်တဲ့ ဓမ္မောသဓ အမည်ရတဲ့ ဆေးတော်ကြီးကို သောက်ကြ သုံးကြပါကုန်လော့လို့ ရဟန္တာအရှင်မြတ်ကြီး တိုက်တွန်းတော်မူခဲ့တယ်။

'ဓမ္မောသဓ' ဆိုတဲ့တရားဆေးကို သောက်သုံးနေကြတော့ "လွန်ကျူးဆူပွက် မျိုးမပျက် သုံးချက်ကိလေသာ"။ သတ္တဝါတွေ ပင်ပန်းအောင် ညှင်းပန်းနေတဲ့ ကိလေသာက အကျဉ်းအားဖြင့် (၁၀)ပါး၊ အကျယ်အားဖြင့် (၁၅၀၀) အဲဒါတွေဟာ ရောဂါတွေပါပဲ။

အဲဒါတွေကို ခြုံပြောလိုက်ရင် လွန်ကျူး၊ ဆူပွက်၊ မျိုးမပျက် သုံးချက်ကိလေသာ။

ဝီတိက္ကမကိလေသာ= ကာယကံလွန်ကျူးတယ်၊ ဝစီကံ လွန်ကျူးတယ်၊ လွန်လွန်ကျူးကျူး စော်စော်ကားကား ပြောတယ်၊ ပြုတယ်။

ပရိယုဋ္ဌာနကိလေသာ= စိတ်ထဲမှာ ဆူပွက်ပြီးနေတဲ့ ကိလေသာ။

အနုသယကိလေသာ= မျိုးမပျက်ပဲ သတ္တဝါတွေသန္တာန် ကိန်းအောင်းနေတဲ့ကိလေသာ။

ဒီလို အမျိုးအစား (၃)မျိုး ခွဲကြည့်လိုက်တဲ့အခါ **"လွန်ကျူး ဆူပွက် မျိုးမပျက် သုံးချက်ကိလေသာ"**။

အဲဒီ ကိလေသာတွေ သတ်ဖို့ရာက သူ့ကိုနိုင်တဲ့ဆေးက **"သီလ သမာဓိ ပညာ"**။ **"သီလသမာ ဓိပညာ သတ်ရာသုံး သိက္ခာ"**။ သီလဆေး၊ သမာဓိဆေး၊ ပညာဆေး။

သီလဆေးက ဝီတိက္ကမကိလေသာကို နိုင်တယ်။ သမာဓိ ဆေးက ပရိယုဋ္ဌာန ဆူပွက်တဲ့ကိလေသာကို နိုင်တယ်။ ဝိပဿနာ ဉာဏ် မဂ်ပညာအဆင့်ဆင့်ဆေးက မျိုးမပျက် ကိန်းဝပ်ခိုအောင်း နေတဲ့ အနုသယကိလေသာကို နိုင်တယ်။

ဆေးတော့သိပြီ၊ အနာရဲ့လက္ခဏာကိုလဲ သိဖို့လိုသေးတယ်။ အနာရဲ့လက္ခဏာကိုသိမှ "အနာနဲ့ဆေး သင့်အောင်ပေး ပျောက်ရေး မခက်ပါ" ဆိုတဲ့အတိုင်း ကိလေသာအနာရောဂါနဲ့ ဆေးနဲ့ သင့်တော် အောင် ပေးတတ်မှ ရောဂါပျောက်မယ်။ ဝီတိက္ကမကိလေသာကို သီလဆိုတဲ့ ဆေးတော်ကြီးက နိုင်တယ်။

ပရိယုဋ္ဌာန ကိလေသာကို သမာဓိဆေးတော်ကြီးက နိုင်တယ်။ အနုသယကိလေသာကို ဝိပဿနာဉာဏ်အဆင့်ဆင့် မဂ်ပညာအဆင့်ဆင့်က နိုင်တယ်။

ဆေးသုံးမျိုးနဲ့ ပျောက်စေနိုင်တဲ့ ရောဂါက ကိလေသာရောဂါပါပဲ။ ကိလေသာရောဂါကို အကျဉ်းချုပ် အရင်းစစ်လိုက်တော့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပါပဲ။ အကျယ်အားဖြင့် ပြောမယ်ဆိုရင် နိယတမိစ္ဆာဒိဋ္ဌိကြီးက (၃)မျိုး၊

**နတ္ထိကဒိဋ္ဌိ**= ကုသိုလ်ကံ အကုသိုလ်ကံတို့ရဲ့ အကျိုးအပြစ်တွေ မရှိဘူးလို့ ယူဆတဲ့ဒိဋ္ဌိ။

**အဟေတုကဒိဋ္ဌိ**= သတ္တဝါတွေ ကောင်းကျိုးရ မကောင်းကျိုးရတာတွေဟာ အကြောင်းမရှိဘူးလို့ ယူဆတဲ့ဒိဋ္ဌိ။

**အကြိယဒိဋ္ဌိ**= ကုသိုလ်ပြုသော်လဲ ကောင်းကျိုးမရှိဘူး။ အကုသိုလ်ပြုသော်လဲ မကောင်းကျိုးမရှိဘူးလို့ အဲဒီလို အကျိုးကို ပယ်တဲ့ဒိဋ္ဌိ။

အဲဒီ ဒိဋ္ဌိကြီး(၃)ပါး အကယ်၍များ (၃)ပါးထဲက တစ်ပါးပါးကို မစွန့်လွှတ်ပဲ သေပြီးသွားရင် မုချငရဲဘုံရောက်နိုင်တယ်။

ဘုန်းကြီးတို့ ဗုဒ္ဓဘာသာများဟာ ဒီဒိဋ္ဌိကြီး(၃)ပါးက လွတ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကံ,ကံ၏အကျိုးကို ယုံကြည်နေကြလို့ ဖြစ်ပါတယ်။

နောက် မေ့ွာသဆိုတာ တရားဆေး၊ အနာရောဂါကြီးတွေက ဘာလဲဆိုရင် (၆၂)ပါးသော ဒိဋ္ဌိပါပဲ။ (၆၂)ပါးသော ဒိဋ္ဌိတွေကတော့ သာမန်ပုဂ္ဂိုလ်တွေ မယူမှားနိုင်ကြဘူး။ တကယ့်ဉာဏ်ကြီးရှင်တွေ ယူတဲ့အယူမှားမှုမျိုး။

အဲဒီ ဒိဋ္ဌိ (၆၂)ပါးက အပါယ်တော့ မချနိုင်ပါဘူး။ သံသရာဝဋ်စက်က မထွက်နိုင်အောင် ဖန်တီးနိုင်တယ်။ ဒီတရားဆေးက သက္ကာယဒိဋ္ဌိ (၂၀)ကိုလဲ နိုင်နင်းတယ်။

ဆောက်တည်ထားတဲ့ သီလဆေး အခြေခံပြီးတော့ ပွားများနေကြတဲ့ သမာဓိ။ အဲဒီ သမာဓိဆေးကို အခြေခံပြီးတော့ ဝိပဿနာ ဉာဏ်ပညာအဆင့်ဆင့် ရရှိလာလိမ့်မယ်။

ဝိပဿနာဉာဏ်အဆင့်ဆင့် မဂ်ဉာဏ်အဆင့်ဆင့်နဲ့ သက္ကာယ ဒိဋ္ဌိများကို ပယ်သတ်နိုင်ပါလိမ့်မယ်။

သာမန်အားဖြင့် ကြည့်မယ်ဆိုရင် မိမိတို့ လောဘ၊ ဒေါသ၊ မောဟ ပယ်နိုင်အောင်ဆိုပြီးတော့ အားထုတ်ကြတယ်။ သို့ပေမယ့် လောဘ၊ ဒေါသ၊ မောဟထက် အရေးကြီးတာက ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာက ပိုပြီးတော့ အရေးကြီးပါတယ်။

ဘာကြောင့်လဲဆိုတော့ သောတာပတ္တိမဂ်ဉာဏ်ခေါ်တဲ့ ဆေးတော်ကြီးနဲ့ သက္ကာယဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာရောဂါကြီးကို ပျောက်ကင်းအောင် ကုရမှာကိုး။

သကဒါဂါမိမဂ်ဉာဏ်၊ အနာဂါမိမဂ်ဉာဏ်၊ အရဟတ္တမဂ်ဉာဏ် အဆင့်ဆင့်နဲ့ လောဘ၊ ဒေါသ၊ မောဟတို့ကို အဆင့်ဆင့် ပယ်ရှားနိုင်မှာပါပဲ။

အဲဒီတော့ ရှိသမျှ ဒိဋ္ဌိတွေအားလုံး။ ဝိစိကိစ္ဆာ သို့လော သို့လောနဲ့ ယုံမှားသံသယဖြစ်ခြင်းဟာလဲ အနာရောဂါကြီးတစ်မျိုးပါပဲ။

အဲဒီ ဝိစိကိစ္ဆာက ဘုန်းကြီးတို့ အဘိဓမ္မာတရားတော်မှာတော့ ဝိစိကိစ္ဆာ (၈)မျိုး၊ (၈)ပါးသော ဌာနတို့မှာ ဇဝေဇဝါဖြစ်ပါတယ်။

သုတ္တန်ပိဋကတ်မှာတော့ (၁၆)ပါးသော ဌာနတို့မှာ ဇဝေဇဝါ မရှင်းမလင်းဖြစ်တယ်။

ဝိစိကိစ္ဆာရောဂါတွေကိုလဲ တရားဆေးက ဖယ်ရှားပေးနိုင်ပါတယ်။ စောစောကပြောတဲ့ သက္ကာယဒိဋ္ဌိ ခန္ဓာ (၅)ပါးမှ (၄)မျိုးစီ ပွားရင် အကျဉ်းအားဖြင့် (၂၀)၊ အကျယ်ပွားရင် (၂၅၆)မျိုးလောက် ရှိပါတယ်။

ဘုန်းကြီးတို့ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ ဘုံအဆင့်ဆင့်၊ ဗိမာန်တွေအဆင့်ဆင့်၊ ရေမြေတောတောင်တွေအဆင့်ဆင့် အားလုံးရှိကြတယ်။ အတွင်းဓာတ်သား အနှစ်သာရအားဖြင့် ခြုံလိုက်လို့ရှိရင် ရုပ်(၂၈)ပါးမှတစ်ပါး ဘာမှမရှိပါဘူး။ အဲဒီ ရုပ်(၂၈)ပါးကို ရုပ်အပေါ်မှာ ဖြစ်တဲ့ သက္ကာယဒိဋ္ဌိနဲ့ မြှောက်ပွားလိုက်တဲ့အခါ ရုပ်နဲ့ပတ်သက်ပြီးတော့ သက္ကာယဒိဋ္ဌိပေါင်း (၁၁၂)မျိုး။

ဝေဒနာနဲ့ပတ်သက်ပြီး အာရုံ (၆)ပါးအပေါ်မှာ ခံစားချက် စံစားချက် ဝေဒနာလေးမျိုးနဲ့ မြှောက်ပွားလိုက်တဲ့အခါမှာ ဝေဒနာနဲ့ ပတ်သက်တဲ့ သက္ကာယဒိဋ္ဌိပေါင်း (၇၂)မျိုး။

တစ်နည်းအားဖြင့် ဝေဒနာအကျယ် (၁၀၈)ပါးရှိတော့ ဝေဒနာ သက္ကာယဒိဋ္ဌိ လေးမျိုးနဲ့မြှောက်လိုက်တဲ့အခါ ဝေဒနာသက္ကာယဒိဋ္ဌိ ပေါင်း (၄၄၂)မျိုးရှိပါတယ်။

သညာမှာလဲ အာရုံ (၆)ပါးနဲ့ ပတ်သက်ပြီးတော့ သညာ သက္ကာယဒိဋ္ဌိလေးမျိုးနဲ့ မြှောက်ပွားရင် သညာသက္ကာယဒိဋ္ဌိ (၂၄)မျိုး။

သင်္ခါရက္ခန္ဓာ (၅၀)ထဲမှာ ခေါင်းဆောင် စေတနာနဲ့ ပတ်သက်တဲ့ အာရုံ(၆)ပါးစီရှိ စေတနာသက္ကာယဒိဋ္ဌိ လေးမျိုးနဲ့ မြှောက်ပွားရင် စေတနာသက္ကာဒိဋ္ဌိ (၂၄)မျိုး။

ဝိညာဉ် (၆)ပါး ဝိညာဉ်သက္ကာယဒိဋ္ဌိ လေးမျိုးနဲ့ မြှောက်ပွားရင် ဝိညာဉ်သက္ကာယဒိဋ္ဌိ (၁၂၄)ပါး။

ပေါင်းလိုက်တဲ့အခါ သက္ကာယဒိဋ္ဌိပေါင်း (၂၅၆)ပါး။

ဝေဒနာကို (၇၂)ပါး ယူပြီးတော့ မြှောက်ပွားတဲ့နည်းနဲ့ ဆိုရင် သက္ကာယဒိဋ္ဌိ ပေါင်း (၂၅၆)ပါး။

ဝေဒနာ (၁၀၈)ပါးကို သက္ကာယဒိဋ္ဌိလေးမျိုးနဲ့ မြှောက်မယ် ဆိုရင်တော့ သက္ကာယဒိဋ္ဌိပေါင်း (၄၈၂)မျိုး။

ပြောကြပါစို့၊ သက္ကာယဒိဋ္ဌိပေါင်း (၂၅၆)မျိုးတွေဟာ ကိလေသာအနာရောဂါတွေ အခုတရားအားထုတ်ကြတာဟာ သက္ကာယဒိဋ္ဌိ အနာ (၂၅၆)မျိုးကို ဦးစွာတိုက်ဖျက်နေတာပါပဲ။

## သက္ကာယဒိဋ္ဌိကြောင့်

အဲဒီ သက္ကာယဒိဋ္ဌိ (၂၅၆)မျိုးတို့ရဲ့ စနက်ကြောင့် သံသရာ ဝဲဂယက်မှာ ဘုန်းကြီးတို့ လည်ပတ်နေကြရပါတယ်။

ငရဲကြီး (၈)ထပ်မှာ လည်ပတ်ပြီးနေရတာလဲ အဲဒီ သက္ကာယ ဒိဋ္ဌိကြောင့်ပါပဲ။ ဥဿဒငရဲငယ်ပေါင်း (၁၂၈)မှာ ဒုက္ခတွေခံစားနေရ တာလဲ သက္ကာယဒိဋ္ဌိစနက်ကြောင့်ပါပဲ။

တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် အားလုံးမှာ လှည့်ပတ်ပြီး ဆင်းရဲဒုက္ခခံနေကြရတာတွေ ဒီသက္ကာယဒိဋ္ဌိကြောင့်ပါပဲ။

သက္ကာယဒိဋ္ဌိရှိနေလို့ရှိရင် ဒိဋ္ဌိ (၆၂)ပါး၊ ဒုစရိုက် (၁၀)ပါး ဖြစ်တော့တာပါပဲ။ (၂၅၆)ပါးသော သက္ကာယဒိဋ္ဌိကို မပယ်နိုင်သေးဘူး ဆိုရင် လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့ပဲဖြစ်ဖြစ်၊ လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ ချမ်းသာ ဘယ်လိုပဲရရ၊ အဲဒီ လူတွေ၊ နတ်တွေ၊

ဖြုပ္ပါတွေရဲ့ နှလုံးထဲမှာ ငရဲမီးတောက်တွေဟာ အမြဲတောက်ပြီး နေပါတယ်။

အဲဒီ ငရဲမီးတောက်တွေ ငြိမ်းနိုင်ဖို့ရာအတွက် တရားအားထုတ်ကြရတာပါပဲ။ တရားအားထုတ်တဲ့အခါ သက္ကာယဒိဋ္ဌိ ငြိမ်းသွားတယ်။ သက္ကာယဒိဋ္ဌိ ငြိမ်းပြီးသွားခဲ့ရင် ငရဲမီးတောက်တွေလဲ ငြိမ်းသွားပါတယ်။

ဒေသနာတော်ကို ကြည့်မယ်ဆိုရင် လွန်ခဲ့တဲ့ ၂၅၉၄ ခုနှစ်၊ ဝါဆိုလပြည့်နေ့ကစပြီး ဓမ္မစကြာတရားကို ဟောခဲ့တယ်။ **“သံခိတ္တေန ပဉ္စုပါဒါန က္ခန္ဓာပိ ဒုက္ခာ”**လို့ ဒုက္ခသစ္စာနဲ့ ပတ်သက်ပြီး စွဲလမ်းရာ ခန္ဓာငါးပါး သည် ဒုက္ခသစ္စာ။

မြတ်စွာဘုရားက ပထမဆုံး တရားဦးဟောစဉ်က ပဉ္စဝဂ္ဂီ ငါးဦးတို့အား ခန္ဓာငါးပါး သရုပ်အကျယ်တောင် ထုတ်မပြပဲနဲ့ အကျဉ်းချုပ်အားဖြင့် စွဲလမ်းမှုရှိရာ ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာပါပဲလို့ မြတ်စွာဘုရားက အရေအတွက်ကလေးမျှ ဟောကြားတော်မူတယ်။

အနတ္တလက္ခဏာသုတ္တန်ရောက်တဲ့အခါကျတော့ ခန္ဓာငါးပါး သရုပ်ဖော်ထုတ်ပြီးတော့ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာယာဉ် လက္ခဏာယာဉ်သုံးပါးနဲ့ ရှုပွားပုံကို ပြတော်မူတယ်။

ဘုန်းကြီးတို့ ရုပ်နဲ့ပတ်သက်ပြီးတော့ (၈၆)ကြိမ်မြောက်က တော်တော်များများ ဟောခဲ့တယ်။

**ဝေဒနာ (၁၀၈)**

အခု ခန္ဓာငါးပါးထဲက ဝေဒနာနဲ့ ပတ်သက်ပြီးတော့ ဆက်ဟောကြပါစို့။

ဝေဒနာဆိုတာ ဘာလဲ?

ပါဠိဘာသာကလာတဲ့ ဝေဒနာ၊ အရပ်ထဲမှာလဲ ဝေဒနာ အသုံးများ အသိများပါတယ်။

ခံစားတယ်၊ စံစားတယ်ဆိုတာ ဝေဒနာပါပဲ။ အဲဒါကို လယ်တီဆရာတော်ဘုရားကြီးက **"ခံစားစံစား စကားနှစ်ထွေ တရားနေမှာ ဝေဒနာဓာတ် ခန္ဓာမှတ်လော့"**။ ဝေဒနာဆိုတာ ခံစားတာ၊ စံစားတာ ပါပဲ။

**"သုံးရပ်ဝေခွဲ ဆင်းရဲဒုက္ခ သုခချမ်းသာ ဥပေက္ခာမူ လျစ်လျူ ခံစား မထင်ရှားတည်း"**။

အဲဒီ ဝေဒနာ ခံစား, စံစားတာဟာ သက်သာတာရယ်၊ မသက်သာတာရယ်၊ သက်သာမှု, မသက်သာမှု မထင်ရှားတာရယ် သုံးမျိုးရှိတယ်။

- သက်သက်သာသာ ခံစားစံစားရတာက သုခဝေဒနာ၊
- ဆင်းဆင်းရဲရဲ ခံစားစံစားရတာက ဒုက္ခဝေဒနာ၊
- သက်သာ၊ ဆင်းရဲ မထင်ရှားတာက ဥပေက္ခာဝေဒနာ၊

ဒါကို **"သုံးရပ်ဝေခွဲ ဆင်းရဲဒုက္ခ သုခချမ်းသာ ဥပေက္ခာမူ လျစ်လျူခံစား မထင်ရှားတည်း"**။ ငါးပါးအလို တစ်ဖုံဆိုသော် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာဆင်းရဲ သရုပ်ခွဲလော့။

တစ်နည်းအားဖြင့် ကိုယ်၌ဖြစ်တဲ့ချမ်းသာ၊ စိတ်၌ဖြစ်တဲ့ ချမ်းသာ၊ ကိုယ်၌ဖြစ်တဲ့ ဆင်းရဲ၊ စိတ်၌ဖြစ်တဲ့ ဆင်းရဲ၊ ဆင်းရဲချမ်းသာ

မထင်ရှားတာ ဥပေက္ခာ။ ကိုယ်၌ဖြစ်တဲ့ချမ်းသာဆင်းရဲက (၂)မျိုး၊ စိတ်၌ဖြစ်တဲ့ ချမ်းသာဆင်းရဲက (၂)မျိုး၊ မထင်ရှားတဲ့ ဥပေက္ခာဝေဒနာလို့ ခံစားစံစားမှုက (၅)မျိုး။

တစ်နည်း ထို့ပြင် အမြင်၊ အကြား၊ နံ၊ စား၊ တွေ့ထိ၊ ကြံသိ၊ ခြောက်ဖြာချမ်းသာ ဆင်းရဲလစ်လျူခွဲခြား (၁၈)ပါးတည်း။

တစ်နည်းအားဖြင့် မြင်ပြီးချမ်းသာဆင်းရဲ ခံစားတယ်။ ကြားပြီး ချမ်းသာဆင်းရဲ ခံစားတယ်။ နံပြီး၊ စားပြီး၊ တွေ့ထိပြီး၊ တွေးကြံပြီး ချမ်းသာဆင်းရဲ ခံစားတယ်။ လစ်လျူရှုခြင်းနဲ့ မြှောက်ပွားရင် ဝေဒနာ (၁၈)ပါးရှိပါတယ်။

**"သုံးပါးကာလ ပွားထတုံသေး (၅၄)တည်း"**

အတိတ်ကလဲ ခံစားတယ်၊ စံစားတယ်၊ ပစ္စုပ္ပန်မှာလဲ ခံစားတယ်၊ စံစားတယ်၊ အနာဂါတ်မှာလဲ ခံစားတယ်၊ စံစားတယ်ဆိုတော့ ကာလသုံးပါးနဲ့ မြှောက်ပွားတဲ့အခါကျတော့ ဝေဒနာ (၅၄)။

**"တစ်ရေးသန္တာန် မြှောက်ပွားပြန်က (၁၀၈)ပင် အကျယ်မြင်လော့"**

သူ့သန္တာန် ကိုယ့်သန္တာန်နဲ့ မြှောက်ပွားလို့ ရှိရင်တော့ ဝေဒနာ (၁၀၈)ပါး။

ဝေဒနာခံစားချက်အပေါ်မှာ ငါပဲ၊ သူပဲလို့ထင်တယ်။ ပူတော့လဲ ငါပူတယ်၊ အေးတော့ ငါအေးတယ်၊ ပူတာက ဝေဒနာ၊ အေးတာက ဝေဒနာ။

ကောင်းကောင်းလေးနေရတော့ ငါချမ်းသာလိုက်တာ၊ ဒုက္ခခံစားရပြန်တော့ ငါဆင်းရဲလိုက်တာ၊ ငါနဲ့ဝေဒနာနဲ့ မကွဲပဲဖြစ်နေတယ်။

အဲဒါကို ပူတာကတစ်ခြား၊ ငါတစ်ခြား၊ အေးတာတစ်ခြား၊ ငါတစ်ခြား၊ နာတာတစ်ခြား၊ ငါတစ်ခြား၊ ခံစားတာတစ်ခြားလို့ မြင်အောင် ထင်အောင် တရားအားထုတ်ကြရတယ်။ ဆင်းရဲမှု၊ ချမ်းသာမှု ဟူသမျှဟာ ဝေဒနာ၏ လက်ချက်စုဖြစ်ပါတယ်။

**သိဒ္ဓိဆေး**

တရားအားထုတ်တဲ့အခါကျတော့ ရုပ်တရားတွေအများကြီး၊ နာမ်တရားတွေကလဲ အများကြီးရှိနေတော့ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားက အဲဒီ သက္ကာယဒိဋ္ဌိ ပယ်ဖျောက်တဲ့ အကျဉ်းနည်းထုတ်ပြီးတော့ပြတယ်။ ဘယ်လို ပြသလဲဆိုတော့ -

**"ခေတ်ကြီးလေးခု စက္ခုသောတ ဃာနဇိဝှါ ကာယာမန ဆအကြည်ခေတ် ဖဿဝေဒနာ စေတနာနှင့် သညာတဝ ဤခေတ်မျှကို ကျနကိုယ်တွင် လှုလှုမြင်က ညဉ်သက္ကာယ သေကိန်း ကျသည် ဆေးများသိဒ္ဓိ အကျော်တည်း"။**

- ခေတ်ကြီးလေးပါး၊
- အကြည်ခေတ်ခြောက်ပါး၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန
- ဖဿ ဝေဒနာ စေတနာ သညာ (၁၄)ခု

**"လှုလှုကိုယ်တွင် ကွင်းကွင်းမြင်က"**

အဲဒီ (၁၄)ခုထဲက တစ်ခုခုကို ကျကျနနမြင်ပြီ။ တရားအား ထုတ်လို့မြင်ပြီ။ ဝိပဿနာဉာဏ်ပညာနဲ့ မြင်ပြီဆိုရင် **"ညဉ်သက္ကာယ သေကိန်းကျသည် ဆေးများသိဒ္ဓိ အကျော်တည်း"**။

သိဒ္ဓိဆေးတစ်ခု၊ ဘာကိုနိုင်တဲ့ ဆေးလဲဆိုတော့ သက္ကာယဒိဋ္ဌိ သေကိန်းကျတဲ့ဆေး၊ အပြီးသတ်ဖယ်ရှားနိုင်တဲ့ဆေး။

ရုပ်တွေနာမ်တွေ အများကြီးထဲက ဝေဒနာတစ်ခုကိုထုတ်၊ စေတနာတစ်ခုကိုထုတ်၊ ထုတ်ပြီးတော့ ကြည့်တတ်မယ်ဆိုရင်လဲ သက္ကာယဒိဋ္ဌိ ပပျောက်နိုင်ပါတယ်။

**"နာမရူပ ဝဝတ္ထာနေန သက္ကာယဒိဋ္ဌိ ပဟီနာဟောတိ"**

နာမ်ရုပ်ကို ပိုင်းခြားသိမယ်ဆိုရင် သက္ကာယဒိဋ္ဌိ ပပျောက်တယ်။ ဒါကြောင့်မို့ တရားဆေးတွေထဲမှာ သိဒ္ဓိအကျော်ဆေး။

ရေမြေလေမီး အစရှိတဲ့ (၁၄)မျိုး။ အဲဒါထဲက တစ်မျိုးမျိုး မြင်အောင်ကြည့်နိုင်လို့ရှိရင်လဲ သက္ကာယဒိဋ္ဌိ သေကိန်းရောက်ပါတယ်။ သက္ကာယဒိဋ္ဌိဆိုတဲ့ အနာရောဂါ ပျောက်ကင်းနိုင်ပါတယ်လို့ ကျေးဇူးတော်ရှင်လယ်တီဆရာတော်ဘုရားကြီး မိန့်ကြားထားသည့်အတိုင်း ရေမြေလေမီးဆိုတဲ့ ဓာတ်ကြီးလေးပါးထဲက အထူးအားဖြင့် လေဓာတ် ဝါယောဓာတ်ကို အခြေခံပြီးတော့ ယနေ့ အားထုတ်နေကြပါတယ်။ ဝါယောဓာတ်ကို အခြေခံပြီးတော့ စိတ်တည်ကြည်မှု သမာဓိရမယ်။ အဲဒီနောက် အဲဒီဝါယောဓာတ်ကလေးရဲ့ ဖြစ်စဉ်ကို သိမယ်။

ဖြစ်တာကို သိမယ် (သမုဒယ)၊ ပျက်တာကိုလဲ သိမယ် (ဝယ) မိမိရဲ့အတွင်းသန္တာန်မှာဖြစ်တဲ့ ဝါယောရုပ်ကိုလဲ သိမယ်၊ သူတစ်ပါးတို့ သန္တာန်မှာဖြစ်တဲ့ ဝါယောရုပ်ကိုလဲ သိမယ်။ တိုက်ရိုက်ဝိပဿနာ တွန်းကန်လှုပ်ရှား သဘောကိုကြည့် ဓာတ်ကမ္မဋ္ဌာန်း ဝိပဿနာ။ ဝါယောရုပ်ကလေး တစ်ခုကိုပဲ လှည့်ပြီးတော့ ကျကျနနလေး မြင်အောင် ထင်အောင် ကြည့်မယ်ဆိုရင် တရားရနိုင်တာပါပဲ။

သို့မဟုတ် မိမိတို့အမြဲတမ်း ဆင်းရဲတယ်၊ ချမ်းသာတယ်၊ မကောင်းဘူး၊ သက်သာတယ်၊ မသက်သာဘူး အစရှိသည်ဖြင့် ခံစားပြီးတော့နေတဲ့ သက်သာမှုရရင် သုခဝေဒနာ၊ သက်သာမှုမရရင် ဆင်းရဲရင် ဒုက္ခဝေဒနာ၊ အဲဒီလို ဝေဒနာနဲ့ပတ်သက်ပြီးတော့လဲပဲ အောင့်တယ်၊ အင့်တယ်၊ နာတယ်၊ ကိုက်ခဲတယ် အစရှိသည်ဖြင့် ဒုက္ခဝေဒနာတွေနဲ့ ပတ်သက်ပြီးတော့ ငါတခြား၊ ဝေဒနာတခြား၊ ဝေဒနာကို လက္ခဏာယဉ်တင် ရှုပွားနိုင်မယ်ဆိုရင် ဝေဒနာတရား တစ်လုံးထဲနဲ့ တရားဆုံးပြီး သွားနိုင်ပါတယ်။ ဝေဒနာအမျိုးမျိုးကို လက်တွေ့ လူတိုင်းခံစားနေရသော်လည်း "အငြိမ်းဓာတ်နိဗ္ဗာန်အထိ ပေးစွမ်းနိုင်အောင် အသုံးချတတ်ဖို့" ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဟု ဟောထားချက်ကို ကမ္ဘာ့လူထု မရိပ်မိတာ မသိတာများပါတယ်။

ဒါကြောင့်မို့ ရေမြေလေမီး ဓာတ်ကြီးလေးခု စက္ခုသောတ ឃာနဇိဝှါ ကာယမန ဆအကြည်ဓာတ် ဖဿဝေဒနာ စေတနာနှင့် သညာတဝ ဤဓာတ်မျှကို ကျနကိုယ်တွင် လှလှမြင်က ယာဉ်သက္ကာယ သေကိန်းကျသည် ဆေးများသိဒ္ဓိအကျော်တည်း"လို့ ဆရာတော် ဘုရားကြီး မိန့်ကြားသည့်အတိုင်း။

မိမိတို့ (၈၇)ကြိမ်မြောက် လယ်တီဝိပဿနာတရားစခန်းမှာ "ဓမ္မောသဓ"ခေါ်တဲ့ တရားဆေးကြီးသောက်ပြီး ဝိပဿနာဉာဏ် အဆင့်ဆင့်ဖြင့် မဂ်ဉာဏ်သို့ရောက်ရှိ၍ သက္ကာယဒိဋ္ဌိခေါ်တဲ့ ကိလေသာအနာရောဂါ ပျောက်ကင်းအောင် ကြိုးစားမယုတ် အားထုတ်နိုင်ကြပါစေလို့ တိုက်တွန်းနှိုးဆော်ရင်း ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

ယနေ့ သာသနာတော်နှစ် ၂၅၄၉။

ကောဇာသက္ကရာဇ် ၁၃၆၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၆)ရက်နေ့။

(၈၇)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း အားထုတ်နေကြတဲ့ ယောဂီသူတော်စင်များ သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းများ ထိုက်တန်သလောက် အရှိန်ရနေပါပြီ။

ဘုန်းကြီးတို့အနေနဲ့ ဝါဆိုလပြည့်နေ့က စပြီးတော့ ဓမ္မစကြာ ဒေသနာတော်ကို ဟောခဲ့တယ်။

အဲဒီ ဓမ္မစကြာဒေသနာကို ဟောတဲ့အခါ ဒုက္ခသစ္စာကို အကျယ်ဖွင့်တော့ **'သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ'**။

အကျဉ်းချုပ်အားဖြင့် စွဲလမ်းနိုင်ရာဖြစ်တဲ့ ခန္ဓာငါးပါးတို့ဟာ ဒုက္ခအမှန်။

ခန္ဓာငါးပါးဆိုတာ ဘာလဲ?

ခန္ဓာငါးပါးဆိုတာ ရုပ်တစ်မျိုး၊ နာမ်လေးမျိုးနဲ့ ခန္ဓာငါးပါး ဟောကြားတော်မူပါတယ်။

နာမ်တရား၌ တွေဝေတဲ့ပုဂ္ဂိုလ်၊ မရှင်းမလင်းတဲ့ပုဂ္ဂိုလ်ကို အထူးအာရုံထားပြီး နာမ်ခန္ဓာလေးပါး ဟောတော်မူပါတယ်။

နာမ်ခန္ဓာလေးပါး ဟောတဲ့အခါ ဝေဒနာတစ်လုံးကို ခန္ဓာ တစ်ပါး၊ သညာတစ်လုံးကို ခန္ဓာတစ်ပါး၊ စေတသိက် (၅၂)ပါးရှိတဲ့ အထဲက ဝေဒနာနဲ့ သညာမှတစ်ပါး စေတနာဦးဆောင်တဲ့ စေတသိက် (၅၀)ကို သင်္ခါရက္ခန္ဓာ။

ဝိညာဏက္ခန္ဓာကတော့ အကျဉ်းချုပ်အားဖြင့် စိတ်(၆)မျိုးကို အခြေခံထားပြီးတော့ ဝိညာဏက္ခန္ဓာလို့ ဒီလိုဟောတော်မူပါတယ်။

ဝေဒနာနဲ့ပတ်သက်ပြီးတော့ မြတ်စွာဘုရား မဟာသတိပဋ္ဌာန်သုတ္တန် ဒေသနာတော်ဟောတဲ့အခါ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ၊ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်လို့ ဝေဒနာတစ်လုံးတည်းကိုပဲ မဟာသတိပဋ္ဌာန် တစ်မျိုးထားပြီးတော့ ဟောကြားတော်မူခဲ့တယ်။

**"ခံစားစံစား စကားနှစ်ထွေ တရားနေမှာ ဝေဒနာခတ် ခန္ဓာမှတ်လော့"**

ခံစားခြင်း၊ စံစားခြင်းဆိုတဲ့ ဝေဒနာ၊ ဒီဝေဒနာရဲ့အရာကလဲပဲ (၃၁)ဘုံ ဩကာသလောကကြီးထဲမှာ အင်မတန်ကျယ်ဝန်းပါတယ်။

သူ့ရဲ့အသုံးအနှုန်းတွေ လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဆိုတဲ့ အသုံးအနှုန်းရှိသလို၊ လူဆင်းရဲ၊ ဝဋ်ဆင်းရဲ၊ သံသရာဆင်းရဲလို့ ဒုက္ခဝေဒနာနဲ့ ပတ်သက်ပြီးတော့လဲ အသုံးအနှုန်းတွေ ရှိပါတယ်။ အင်မတန်တွင်ကျယ်ပါတယ်။

တွင်ကျယ်တဲ့အလျှောက်လဲပဲ ဒုဂ္ဂတိဘုံတွေမှာ နေကြတဲ့ ပုဂ္ဂိုလ်တွေဟာ များသောအားဖြင့် ဒုက္ခဝေဒနာကို ခံစားကြရတယ်။ ဘုံဆိုး၊ ဘဝဆိုးမှာ ရောက်နေကြပြီးတော့ ဝဋ်ဆိုး၊ ကြမ္မာဆိုးနဲ့ ကြုံတွေ့ကြတဲ့ ပုဂ္ဂိုလ်များဟာ ဒုက္ခဝေဒနာကို များများကြီး ခံစားကြရပါတယ်။ သုဂတိဘုံနန်းမှာ စံမြန်းရတဲ့ပုဂ္ဂိုလ်များကျတော့ နည်းနည်းပါးပါး သက်သာမှုရှိတယ်လို့ ပြောရပါမယ်။

အဲဒါကို မဟာသတိပဋ္ဌာန်သုတ္တန်ဒေသနာတော်မှာ -

**"ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ၊**

**အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ"** စသည့်

ဝေဒနာနုပဿနာနဲ့ ပဟ်သက်ပြီးတော့ -

အာတာပီ= ပြင်းထန်တဲ့လုံ့လ၊ သမ္ပဇာနော= အမြော်အမြင်ရှိပြီးတော့၊ သတိမာ= သတိနဲ့ပြည့်စုံကာ၊ ဝေဒနာသု= ဝေဒနာတို့အပေါ်၌၊ ဝေဒနာနုပဿီ= ဝေဒနာကို အဖန်ဖန်အထပ်ထပ် ရှုသည်ဖြစ်၍၊ လောကေ= ခန္ဓာငါးပါးတည်းဟူသော လောက၌၊ အဘိဇ္ဈာဒေါမနဿံ= မက်မောမှု စိတ်နှလုံး မသာယာမှုကို၊ ဝိနေယျ= ပယ်ဖျောက်၍ ဝေဒနာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်မယ်ဆိုရင် ခန္ဓာငါးပါးဆိုတဲ့ လောကမှာ အဘိဇ္ဈာခေါ်တဲ့ မက်မောမှု၊ ဒေါမနဿခေါ်တဲ့ စိတ်နှလုံးမသာယာမှုကို ပယ်ဖျောက်ပြီး နေနိုင်တယ်။

**ကထဉ္စ ဘိက္ခဝေ ဘိက္ခု ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ။**

ဝေဒနာကို ဘယ်လိုရှုပြီးနေရမလဲ၊ ခံစားချက်၊ စံစားချက်တွေကို ဘယ်လိုရှုရမလဲ။

**ဣဓဘိက္ခဝေ ဘိက္ခု သုခံဝါ ဝေဒနံ ဝေဒယမာနော**
**သုခံဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။**

ရဟန်းတို့ ဤသာသနာတော်မှာ ယောဂီအမျိုးကောင်းသား၊ အမျိုးသမီးများဟာ သက်သက်သာသာ ချမ်းချမ်းသာသာ ဝေဒနာကို ခံစားရလို့ရှိရင် သက်သက်သာသာ ချမ်းချမ်းသာသာ ခံစားနေတယ်လို့ ဒီလိုအမှတ်သညာထားရမယ်။ ရှုရမည်၊ သိရမည်။

**ဒုက္ခံပါ ဝေဒနံ ဝေဒယမာနော**
**ဒုက္ခံဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။**

နာကျင်တယ်၊ ကိုက်ခဲတယ်၊ အောင့်တယ်၊ အင့်တယ်၊ ပူတယ်၊ စပ်တယ် အစရှိသည့် ဒုက္ခဝေဒနာကို ခံစားနေတဲ့အခါ ဒုက္ခဝေဒနာကို ခံစားနေတယ်လို့ ဒီလိုသိရမယ်။

**အဒုက္ခမသုခံဝါ ဝေဒနံ ဝေဒယမာနော**
**အဒုက္ခမသုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ။**

ဆင်းရဲချမ်းသာ မထင်ရှားတဲ့ လစ်လျူရှုဝေဒနာခံစားနေတဲ့အခါ အဒုက္ခ မသုခ ဝေဒနာကိုခံစားနေတယ်လို့ သိရမယ်။

သက်သာတဲ့ဝေဒနာ၊ မသက်သာမှုဝေဒနာ၊ သက်သာမသက်သာ မထင်ရှားတဲ့ဝေဒနာ သုံးခုကို အခြေခံပြီးတော့ သာမိသနိရာမိသနဲ့ခွဲပြီး ရှုစားရပါဦးမယ်။

သက်သာတဲ့ သုခဝေဒနာကို ခံစားနေတဲ့အခါ သာမိသ အာရုံငါးပါးကိုမှီတဲ့ချမ်းသာမျိုး၊ နိရာမိသ= အာရုံငါးပါးကိုမမှီပဲ နေက္ခမ္မဓာတ်ကိုမှီတဲ့ ချမ်းသာမျိုး၊ ဒုက္ခဝေဒနာမှာလဲ သာမိသနိရာမိသ (၂)မျိုး၊ အဒုက္ခမသုခမှာလဲ (၂)မျိုး၊ အားလုံးဆိုရင် ဝေဒနာကမ္မဋ္ဌာန်း (၆)မျိုးရှုပုံ မြတ်စွာဘုရား နည်းလမ်းပေးပါတယ်။

တစ်မျိုးမျိုးကို ရှုပွားနိုင်ရင်လဲ ဝေဒနာကမ္မဋ္ဌာန်းဖြစ်ပါတယ်။ ယခု (၈၇)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းမှာ ပထမသမာဓိရအောင် အားထုတ်ပြီးတော့ ဝိပဿနာပိုင်းရောက်တဲ့ အခါမှာ ဝေဒနာကမ္မဋ္ဌာန်းကို ဦးစားပေးရှုပွားနေသလိုပါပဲ။

မိမိသန္တာန်မှာ တစ်လံမျှလောက်ရှိတဲ့ ခန္ဓာကိုယ်မှာ ဝေဒနာ အမျိုးမျိုးဖြစ်ပုံ-

**"ဣတိ အဇ္ဈတ္တံဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိရဟတိ၊ ဗဟိဒ္ဓါဝါ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟာရတိ"**

မိမိရဲ့ အဇ္ဈတ္တသန္တာန်မှာ ဖြစ်တဲ့ ခံစားချက်၊ စံစားချက်တွေနဲ့ ပတ်သက်ပြီးတော့ ဝေဒနာရှုပွားကြတယ်။ သူတစ်ပါးတို့သန္တာန် (ဗဟိဒ္ဓ)မှာဖြစ်တဲ့ ခံစားမှု၊ စံစားမှုတွေလဲ ခန့်မှန်းပြီးတော့ ဝေဒနာ

ရှုပွားနိုင်ပါတယ်။ ရံခါ မိမိသန္တာန်၊ ရံခါ သူတစ်ပါးသန္တာန်မှာဖြစ်တဲ့ ဝေဒနာတွေနဲ့ ပတ်သက်ပြီးတော့လဲ ဝေဒနာရှုပွား နိုင်ပါတယ်။

**"သမုဒယဓမ္မာနုပဿီဝါ ဝေဒနာနုပဿီ ဝိဟရတိ"**

ဝေဒနာရဲ့ဖြစ်ပွားပုံကို အဖန်တလဲလဲ ရှုပွားအားထုတ်ရမယ်။

**"ဝယဓမ္မာနုပဿီဝါ ဝေဒနာနုပဿီ ဝိဟရတိ"**

ဝေဒနာတွေ ပျက်သွားပုံကိုလဲ ရှုပွားအားထုတ်ရမယ်။

**"သမုဒယ ဝယဓမ္မာနုပဿီဝါ ဝိဟရတိ"**

ဝေဒနာတို့ရဲ့ ဖြစ်တာကိုလဲ ရှုပွားရမယ်၊ ပျက်တာကိုလဲ ရှုပွားရမယ်။ အဲလို ရှုပွားပြီးတော့ -

**"အတ္ထိဝေဒနာတိဝါ ပနဿသတိ ပစ္စုပဋ္ဌိတာ ဟောတိ၊ ယာဝဒေဝ ဉာဏ မတ္တာယ၊ ပတိဿတိ မတ္တာယ"**

ဝေဒနာခံစားချက်ရှိတယ်လို့ အဲဒီလို ဝေဒနာနဲ့ပတ်သက်ပြီး တော့ သတိ၊ ဉာဏ်အတွက် ထားရမယ်။

အဲဒီလို ဝေဒနာနဲ့ပတ်သက်ပြီး ရှုပွားလာတဲ့အခါ **"အနိဿိတောစ ဝိဟရတိ"** ဝေဒနာလို့ ရှုပွားပြီး ဖြစ်တာကို ရှုပွားတယ်။ ပျက်တာကို ရှုပွားတယ်။ ဖြစ်ပုံကိုလဲ ရှုတယ်။ ပျက်ပုံကိုလဲ ရှုပြီးနေ၊ တဏှာဒိဋ္ဌိကို မမှီမူ၍ နေနိုင်ပါတယ်။

ငါ့ဝေဒနာလေး ငါ့ရဲ့ခံစားချက်လို့ တဏှာနဲ့ဒိဋ္ဌိကို အမှီမပြု တော့ပဲနဲ့ တဏှာဒိဋ္ဌိမှ လွတ်ကင်းနိုင်တယ်။

**"နစ ကိဉ္စိ လောကေ ဥပါဒိယတိ"**

တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲတွေနဲ့ ခန္ဓာငါးပါးအပေါ်မှာ စွဲလမ်းမှု ကင်းနိုင်တယ်၊ အတ္တဝါဒုပါဒါန်- အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ကင်းနိုင်တယ် လို့ မြတ်စွာဘုရားက ဝေဒနာနုပဿနာနဲ့ ပတ်သက်ပြီးတော့

တိုက်ရိုက်အကျိုးတရား ညွှန်ပြတော်မူတယ်။

မဟာသတိပဋ္ဌာန် သုတ္တန်ဒေသနာတော်ကြီးမှာ ဝေဒနာတစ်လုံး အခြေခံပြီးတော့ တရားရပုံကို ညွှန်ပါတယ်။

အခြားဒေသနာတော်နည်းတွေအရ ကြည့်မယ်ဆိုရင် စောစောကပြောတဲ့အတိုင်း ဝေဒနာ- ခံစားမှု စံစားမှု၊ ဆင်းရဲချမ်းသာ၊ ဆင်းရဲခံစားတယ်၊ ချမ်းသာစံစားတယ် ဒီလိုရှိနေတယ်။

အဲဒီလိုရှိနေတော့ **"သဗ္ဗေသင်္ခါရာဒုက္ခာ"** ဆိုတဲ့အတိုင်း ချမ်းသာတဲ့ဝေဒနာဖြစ်စေ၊ ဆင်းရဲတဲ့ ဝေဒနာဖြစ်စေ၊ လစ်လျူရှုခံစားတဲ့ ဝေဒနာဖြစ်စေ၊ ဝေဒနာအားလုံးဟာ ဒုက္ခကြီးပဲလို့ ရှုပါ။ ခံစားချက်၊ စံစားချက် အားလုံးဟာ ဒုက္ခတွေချည်းပါပဲလို့ ရှုပါ။ ဒါကြောင့် ခန္ဓာတွေဟာ ကြောက်စရာတွေချည်းပါ။ "ပျော်ဖွယ်ကိုကြောက် ကြောက်ဖွယ်ကိုပျော် မသူတော် နင်နေ်သတိထား"လို့ ဆုံးမကြတယ်။

မခံနိုင်အော် ခံနိုင်ပျော် ငါးဖေါ်ခန္ဓာတည်းလို့လဲ ဆုံးမကြပါတယ်။ တစ်နည်းအားဖြင့် ချမ်းသာတဲ့ဝေဒနာကို ဒုက္ခလို့ရှုရမယ်။ ဒုက္ခဝေဒနာကို မြှားငြောင့်လို ရှုမြင်ရမယ်။ ချမ်းသာဆင်းရဲ မထင်ရှားတဲ့ ဥပေက္ခာဝေဒနာကို အနိစ္စလို့ရှုရမယ်ဟု ရှုကွက်အမျိုးမျိုး ညွှန်ပြထားရာ ရှုပွားကြည့်ပါဟု တိုက်တွန်းရင်း ဘုန်းကြီးရဲ့ တရားကို နိဂုံးချုပ်အပ်ပါသတည်း။

**ဆရာဖြစ်သြဝါဒ**

လယ်တီကမ္မဋ္ဌာနာစရိယ ဆရာဖြစ်သင်တန်း ဒုတိယ အကြိမ်။

တပည့်တော်တို့ ကမ္မဋ္ဌာနာစရိယသင်တန်းပဲဖြစ်ဖြစ်၊ ဓမ္မာစရိယသင်တန်းပဲဖြစ်ဖြစ်၊ တရားရှာဖွေခြင်းပဲဖြစ်ဖြစ်၊ သင်ကြားခြင်းပဲဖြစ်ဖြစ် တပည့်တော်တို့ သာသနာတော်ကြီး အရှည်တန့်အောင် ပြုလုပ်ခြင်းပဲ ဖြစ်ပါတယ်။

အားလုံး သင်တန်းပို့ချခြင်း၊ သင်တန်းတက်ရောက်ခြင်းပဲ ဖြစ်ဖြစ် ရရှိလာတဲ့ သင်ခန်းစာတွေယူပြီး သက်ဆိုင်ရာဌာနအသီးသီးသို့ သွားရောက်ကာ အားလုံးချမ်းသာအောင် အားလုံးချမ်းသာမှုတွေ ရရှိအောင် အားထုတ်ခြင်း ကိစ္စဟူသမျှဟာ သာသနာပြုကိစ္စကြီးပဲ ဖြစ်ပါတယ်။

တပည့်တော်တို့ ဘုရားရှင်လက်ထက်တော်အခါမှာ မိထွေးတော်ဂေါတမီက မိမိကိုယ်တိုင် ယက်လုပ်တဲ့ သင်္ကန်းအစုံကိုယူပြီး 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား တပည့်တော်မကိုယ်တိုင် ယက်လုပ်သော သင်္ကန်းကို အလှူခံတော်မူပါဘုရား'လို့ လျှောက်ထားပါတယ်။

ဘုရားရှင်က မိမိကိုယ်တိုင် ခံယူတော်မမူပဲ **"သံဃေ ဒေဟိ ဂေါတမီ ဒေဟိ၊ သံဃေဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ ဘိက္ခုသံဃော စ။"**

'မိထွေးတော်ဂေါတမီ သံဃာအား လှူဒါန်းလော့၊ သံဃာကို လှူရင် ငါဘုရားကို ပူဇော်ရာရောက်ပါလိမ့်မယ်'၊ 'သံဃာကိုလဲ ပူဇော်ရာရောက်ပါလိမ့်မယ်'လို့ တိုက်တွန်းတော်မူတယ်။

အဲဒီလို မိမိကိုယ်တိုင် အလှူခံတော်မမူပဲ သံဃာအားလှူရန် ဘာကြောင့် တိုက်တွန်းတော်မူသလဲဆိုရင် ဉပရိပဏ္ဏာသဒက္ခိဏာဝိဘင်္ဂသုတ်မှာ အကြောင်းအချက်ကိုပြပြီး မိန့်ကြားတော်မူပါတယ်။

ပထမအကြောင်းက မိထွေးတော်ဂေါတမီအား သနား ချီးမြှောက် စောင့်ရှောက်တော်မူရန် တိုက်တွန်းတော်မူပါတယ်။ ဘယ်လိုရည်ရွယ်ချက်လဲဆိုရင် 'ငါဘုရားကိုကွက်ပြီး ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရစေတနာ စေတနာသုံးတန် သံဃာတော်များကို ရည်မှန်းပြီး ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရစေတနာ သုံးတန် တပေါင်းတည်းဖြစ်ပြီး မိထွေးတော်ဂေါတမီအား ရှည်မြင့်စွာသော ကာလပတ်လုံး အကျိုးစီးပွား ဖြစ်ထွန်းလိမ့်မယ်လို့ ရည်ရွယ်တော်မူတယ်။

ဒုတိယအချက်က **'ပစ္ဆိမာယ ဇနတာယ သံဃေစိတ္တီကာရ ဇနနတ္ထဉ္စ'**။

နောက်လာနောက်သား လူအများတို့ သံဃာတော်အပေါ်မှာ အလေးအမြတ်ထားတတ်တဲ့ ကြည်ညိုတဲ့စိတ်ဖြစ်ပေါ်စေချင်တဲ့ အကြောင်းအချက်ဖြစ်ပါတယ်။

ဘုရားရှင်က ဘယ်လိုရည်ရွယ်တော်မူသလဲ၊ ချီးကျူးတော်မူသလဲဆိုရင် **'အဟံ နစိရဋ္ဌိတော'** 'ငါဘုရားသည် ကြာမြင့်စွာ တည်တော့မည်မဟုတ်၊ ငါဘုရားရဲ့ သာသနာတော်ဟာ ဘိက္ခုသံဃာ အပေါ်မှာ တည်မှီပြီးနေတယ်။ ငါဘုရားအား လှူတဲ့သင်္ကန်းကို ဘုရားကိုယ်တိုင် အလှူမခံပဲ သံဃာတော်အား အလှူခိုင်းတယ်'လို့ အားလုံးသော ဒကာ ဒကာမများက ဘုရားရှင်ဟာ သူ့ကိုလှူတဲ့ သင်္ကန်းကိုတောင်မှ သံဃာတော်ကို အလှူခိုင်းတယ်။

အမှန်ကတော့ သံဃာတော်အရှင်မြတ်များက မြတ်သော အလှူခံ ဖြစ်လိမ့်မယ်လို့ စိတ်ဖြစ်ပေါ်လာ ပြီး သံဃာတော်များအား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ကို လှူဒါန်းကြလိမ့်မယ် အဲဒီလို

ဒကာ ဒကာမများက ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လှူဒါန်းကြလို့ရှိရင် -

**ဘိက္ခုသံဃော စတုပဟိပစ္စယေဟိ အကိလမန္တော ဗုဒ္ဓဝစနံ ပရိဂ္ဂဟိတွာ သမထာဓမ္မံကရိဿတိ။**

အဲဒီလို ဒကာ၊ ဒကာမများက သံဃာတော်များကို ကြည်ညိုပြီး မိမိတို့ဆိုင်ရာ တာဝန်ဖြစ်တဲ့ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး လှူဒါန်းကြတဲ့အတွက် သံဃာတော်အရှင်မြတ်များလဲ ပစ္စည်းလေးပါး ဖြင့် ပင်ပန်းတော်မမူပဲ မိမိတို့တာဝန်ဖြစ်တဲ့ **'ဗုဒ္ဓဝစနံ ပရိဂ္ဂဟိတွာ'** ပိဋကတ်တော်စာပေ သင်ကြားခြင်းဆိုတဲ့ **'ဂန္ထဓူရ'**ကို ဆောင်တော်မူ၍-

**'သမထာဓမ္မံ ကရိဿတိ'** သမထကမ္မဋ္ဌာန်း၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်ပြီး **'ဝိပဿနာဓူရ'**ကို အားထုတ်ကြလိမ့်မယ်။

**"ဧဝံ သတိ မမသာသနံ ပဉ္စဝဿသဟဿာနိ ဌဿတိ"**

အဲဒီလို ဒကာ၊ ဒကာမများက မိမိတို့တာဝန်ဖြစ်တဲ့ သင်္ကန်း၊ ကျောင်း၊ ဆွမ်း၊ ဆေး ပစ္စည်းလေးပါးကို လှူဒါန်း၊ သံဃာတော် အရှင်မြတ်များကလဲ မိမိတို့တာဝန်ဖြစ်တဲ့ ဂန္ထဓူရ၊ ဝိပဿနာဓူရတို့ကို ကြိုးစားကြမယ်ဆိုရင် ငါဘုရားရဲ့သာသနာတော်ကြီး အနှစ်ငါးထောင် တည်ရှိလတ္တံ့၊ တည်ရှိလိမ့်မယ်။

အဲဒီလို ရည်ရွယ်ချက်နဲ့ မိမိအားလှူဒါန်းတဲ့သင်္ကန်းကို သံဃာတော်အရှင်မြတ်များအား လှူဒါန်းခိုင်းခြင်း ဖြစ်ပါတယ်။

အဲဒီ သမိုင်းဖြစ်စဉ်ကို ကြည့်မယ်ဆိုရင် မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံတော်မူပြီးတဲ့နောက် -

**"သာဂါရာ အနာဂါရာစ၊ ဉဘော အညောည နိဿိတာ"**

ဒကာ၊ ဒကာမများ မင်းကောင်းမင်းမြတ်များကလဲ မိမိတာဝန်ဖြစ်တဲ့ ပစ္စည်းလေးပါးကို လှူဒါန်းလို့ အရှင်မဟာကဿပ အမှူးပြုတဲ့ သံဃာတော်များကလဲ သာသနာတော်မြတ်ကြီး တည်ရှိရန်အတွက် စာပေသင်ခြင်း အစရှိသည်ကို ပြုလုပ်ပြီး ဂန္ထဓုရ၊ ဝိပဿနာဓုရ အစရှိသည်ကို ဟန်ချက်ညီညီနဲ့ ကြိုးစားဆောင်ရွက်နိုင်ခဲ့ကြတဲ့အတွက် သာသနာတော်ကြီးဟာ ၂၅၄၉ နှစ်တိုင်အောင် တည်ရှိနေတာဖြစ်ပါတယ်။

ဒကာက ဒကာအလိုက်၊ မင်းများကလဲ မင်းများအလိုက်၊ သံဃာတော်များကလဲ သံဃာတော်အလိုက် မိမိတို့တာဝန်များကို ကျေပွန်စွာဆောင်ရွက်ကြမယ်ဆိုရင် သာသနာတော်ကြီး ဘုရားရှင် ရည်မှန်းတော်မူတဲ့အတိုင်း အနှစ်ငါးထောင်ကြာမြင့်မည် ဖြစ်ပါတယ်။

ယခု သံဃာတော်အရှင်မြတ်များကလဲပဲ မိမိတို့ကိုယ်တိုင် ကမ္မဋ္ဌာနာစရိယ ဆရာဖြစ်သင်တန်းကို တက်ပြီး သင်ခန်းစာတွေယူပြီး အားလုံးသတ္တဝါတွေ ချမ်းသာစေရန်အတွက် စိတ်ကောင်း စေတနာထားပြီး သာသနာပြုကိစ္စကို ဆောင်ရွက်တဲ့အနေနဲ့ မိမိရတဲ့သင်ခန်းစာတွေနဲ့ ဖြန့်ဖြူးပြီး တတ်နိုင်သလောက် အပင်ပန်းခံပြီး သာသနာပြုတော်မူကြပါလို့ တိုတိုကျဉ်းကျဉ်းနဲ့ပဲ လျှောက်ထားပါသည်ဘုရား။

သာဓု - သာဓု - သာဓု

**ဩဝါဒ**

လယ်တီကမ္မဋ္ဌာနာစရိယသင်တန်းဆိုပြီးတော့ ဒုတိယ အကြိမ် ကျင်းပတဲ့ပွဲပါ။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသ ထားဝယ်ဆရာတော်ဘုရားကြီး မိန့်ကြားသွားတာလဲ ပြည့်စုံနေပါတယ်။

အဲဒီတော့ လိုရင်းပြောကြပါစို့၊ ဘုရားရှင် ကိုယ်တော်မြတ်က လောကသုံးပါးမှာ သဗ္ဗညုဘုရားရှင်အဖြစ်နဲ့ ပွင့်တော်မူခဲ့တာဟာ လူနတ်ပြဟ္မာသတ္တဝါတို့အတွက် ပွင့်လာပါတယ်။

အဲဒီလို ပွင့်ပြီးတဲ့အခါ သတ္တဝါတွေအတွက် (၄၅)ဝါကာလ ပတ်လုံး ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ဟောတော်မူခဲ့ ပါတယ်။

လူနတ်ပြဟ္မာတွေအတွက် မြတ်စွာဘုရား ဟောကြားတဲ့ ဒေသနာတော်က မာဂဓဘာသာ၊ ပါဠိဘာသာနဲ့ ဟောထားတာ ဆိုတော့ ယခုအခါမှာ အသိဉာဏ်ပြန့်နှံ့မှုနည်းတယ်။ သိဖို့ခက်လှ ပါတယ်။

သာသနာ့ဝန်ထမ်း ရဟန်းတော်များနှင့် ပါဠိဘာသာ လေ့လာ တော်မူခဲ့ဖူးတဲ့ ပုဂ္ဂိုလ်များသာ သိပြီးနေတော့ ဟာကွက်ကို ကျေးဇူးတော်ရှင် ကမ္ဘာကျော်ဆရာတော်ဘုရားကြီးက မြင်တော် မူတယ်။ မြင်တော်မူတဲ့အတိုင်း လူအများလဲ သိထိုက်သည်များ သိကြရအောင် မြန်မာဘာသာဖြင့် ဒီပနီကျမ်းပေါင်း (၁၀၀)ကျော် ရေးသားတော်မူခဲ့တယ်။

လယ်တီဆရာတော်ဘုရားကြီးတပည့် မိုးညှင်းဆရာတော်ဘုရားကြီးကလည်း ပါဠိမပါ မြန်မာလိုပဲ တရားဟောတာများတော့ "ပါဠိမပါ ဗလာကိုကျင်း တောရမိုးညှင်း"လို့ ကဲ့ရဲ့တင်းဆိုကြတယ်။ မိုးညှင်းဆရာတော်ဘုရားက "ပါဠိမပါ ဒို့မြန်မာ နားမှာအလွန်ရှင်း"ဟု ချေပတော်မူခဲ့ဖူးပါတယ်။ ဒီလို ကျမ်းပေါင်း (၁၀၀)ကျော် မြန်မာစကားပြေများများနဲ့ ရေးသားတော်မူတဲ့ လယ်တီဆရာတော်ဘုရားကြီးကို အမှီပြုရတာ ဘုရားသာသနာမှာ ဂုဏ်ယူစရာပါ။

အဲဒီလို ရေးသားစီရင်ရုံသာမကပဲနဲ့ လူတွေဆိုတာက 'ယေဘုယျာဝါ ဗဟုကိစ္စော' ဆိုတဲ့အတိုင်း တစ်ဖက်တစ်လမ်းက လူမှုကိစ္စတွေများနေတော့ မိမိတို့အားကိုးအားထားရာ သာသနာတော်ရဲ့ သီလ သမာဓိ ပညာခေါ်တဲ့ ဒီကျင့်စဉ်တွေနဲ့ ကျင့်ပြီးတော့မှ ရနိုင်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်အာရုံပြုလို့ လူတွေလဲခံစားနိုင်ပါစေ ဆိုပြီးတော့ ခုနကပြောသလို ဒီပနီကျမ်း (၁၀၀)ကျော် ရေးရုံသာမဟုတ်ပဲနဲ့ ကိုယ်တော်တိုင်လဲ ကျင့်ကြံပွားများ ဟောပြောပြသပြီး နည်းလမ်းများ လမ်းညွှန်တော်မူခဲ့တယ်။

လွန်ခဲ့တဲ့နှစ် ဆယ်ရာစုအစပိုင်းကဆိုရင် ကမ္မဋ္ဌာန်းအားထုတ်တယ်။ အားထုတ်တယ်ဆိုတဲ့အခါမှာ လူတွေနဲ့ မဆိုင်သလောက် သဘောထားကြတယ်။ ရဟန်းသံဃာတွေသာ အားထုတ်ရတဲ့ အကျင့်လို့သဘောထားကြတာ များပါသတဲ့။

ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီး စတင်ပြီးတော့ လူတွေလဲ သိသင့်သိထိုက်တယ်။ လူတွေလဲ အားထုတ်သင့်တယ်၊ လူတွေနဲ့ လျော်တယ်ဆိုပြီး တိုက်တိုက်တွန်းတွန်း ပြုလုပ်ခဲ့တယ်။ ဘုရားနည်းတွေ ဖော်ထုတ်တော်မူခဲ့တယ်။

စည်းကမ်း၊ နည်းလမ်းတွေ ကိုယ်တော်တိုင် လမ်းညွှန်တော်မူခဲ့တယ်။ ငှက်ပျောပွဲ အုန်းပွဲနဲ့ မပြီးကြပဲ လူတွေတရားအားထုတ်တတ်အောင် ဟောကြပြောကြဖို့ပါ တိုက်တွန်းထားတာ တွေ့ရတယ်။ ဆရာတော်ကြီးကိုယ်တိုင်က ဒီနည်းလမ်းညွှန်ချက် ပေးပြီးတော့ ပြသခဲ့တဲ့နည်း။ ဒီနေ့ ဒီအချိန်အခါမှာဆိုရင် ဆရာတော်တွေစီ လက်ဆင့်ကမ်းလိုက်ပြီ။

လယ်တီကမ္မဋ္ဌာနာစရိယသင်တန်းဆိုပြီးတော့ ကမ္မဋ္ဌာနာစရိယဆရာတွေက ဆရာတော်ဘုရားကြီးရဲ့ ကိုယ်စား သင်ပြခဲ့ပေမယ့် အရှင်တို့ကိုယ်တိုင်သိပြီးသားဖြစ်တဲ့ ပရိယတ္တိနဲ့ ဆက်စပ်ပြီး "လယ်တီ ဝိပဿနာကမ္မဋ္ဌာန်း" ကျင့်ပုံကျင့်နည်းတွေနဲ့ အရှင်ဘုရားတို့က တာဝန်ထမ်းဆောင်ကြမယ်ဆိုရင် **"ပရိယတ္တိ သဒ္ဓမ္မ ပဋိပတ္တိ သဒ္ဓမ္မ၊ ပဋိဝေဓ သဒ္ဓမ္မ"** ဆိုတဲ့ သာသနာ။

ဒီသာသနာတော်ရဲ့ ပန်းတိုင်က မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ခေါ်တဲ့ ပဋိဝေဓသာသနာတော်ကြီး အဲဒီပန်းတိုင်က အဓိကဖြစ်တဲ့အတွက် အကျိုးတရားဖြစ်တဲ့ ပဋိဝေဓတရားများကို အရှင်ဘုရားများကိုယ်တိုင်လဲ ရအောင်ကြိုးစား၊ ဒကာ ဒကာမတွေလဲ သိပါစေ၊ သိပြီးတော့ သံသရာဝဋ်တိုတိုနဲ့ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်အောင် အရှင်ဘုရားများ အားထုတ်ကြပါ။ ဒကာ၊ ဒကာမများလဲ အားထုတ်နိုင်အောင် စီစဉ်ဆောင်ရွက် တရားပြပေးတော်မူကြပါ။

အဲဒီလို အားထုတ်တဲ့အတွက် အရှင်ဘုရားများကိုယ်တိုင်လဲပဲ သင့်တင့်တဲ့အတိုင်းအတာအထိ တရားထူးတွေ ရနိုင်ပါတယ်။ မိမိတို့ ပြသညွှန်ကြားချက်အတိုင်း အားထုတ်တဲ့ ယောဂီတွေလဲပဲ တရားထူးတွေရနိုင်အောင် ရည်ရွယ်ချက်ထားပြီး လမ်းညွှန်တော်မူကြပါ။

ကမ္မဋ္ဌာနာစရိယများနှင့် ယောဂီများ အဆင့်ဆင့်ဉာဏ်တွေ တက်ပြီး နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ကြတဲ့ ပုဂ္ဂိုလ်ထူးများ ဖြစ်တော်မူနိုင်ကြပါစေသတည်း။

သာဓု - သာဓု - သာဓု

**လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးနန်းနွယ်၏ ဝမ်းမြောက်ကြောင်း လျှောက်ထားချက်**

(၁၂၈)ပါးသော ပထမကြီးတန်းနှင့်အထက် အောင်မြင်တော်မူ ကြသော ဆရာတော်ဘုရားကြီးများ ဘုရား။

တပည့်တော်အနေနဲ့ ဝမ်းမြောက်ကြောင်း လျှောက်ထားခွင့် ရသည်မှာ ဘယ်မျှလောက် ဝမ်းမြောက်သလဲလို့ တပည့်တော် လျှောက်ထားရရင် အခုပလ္လင်တော်ပေါ်မှာ ဖူးတွေ့နေရတဲ့ ပထမလယ်တီဆရာတော် ဘုရားကြီးရဲ့ပုံတော်သည်ပင် ဆရာတော်ဘုရားကြီးကိုယ်တိုင် ကြွရောက်ပြီးတော့ အင်မတန်ဝမ်းသာအားရ သာဓုခေါ်နေတယ်လို့ ထင်မိပါတယ်ဘုရား။

အရှင်ဘုရားများသည် ပရိယတ္တိဘက်မှာ ပြောစရာမရှိ အဖက်ဖက်က ပြည့်စုံနေကြပြီး ယခု ပဋိပတ္တိပါ ပြည့်စုံတဲ့အတွက် တပည့်တော် ဖွင့်ပွဲတုန်းကလျှောက်ထားခဲ့သလိုပဲ သာသနာတော် ပြန့်ပွားရေး၊ လယ်တီ ဝိပဿနာပြန့်ပွားရေးမှာ မြန်မာမှကမ္ဘာသို့ တိုင်အောင် ပြန့်ပွားရေးတပည့်တော်တို့ ဆောင်ရွက်နေတဲ့အခါမှာ ဆရာတော်များကလဲ ဒီတာဝန်ဟာ ဒို့ပုခုံးပေါ်ကျရောက်နေပြီဟု မှတ်ယူတော်မူကြပါဘုရား။

ဒီသင်တန်းကို ဒီလယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်မှာ ဖွင့်လှစ်နိုင်ခဲ့ခြင်းဟာ ဩဝါဒါစရိယ ဆရာတော်ကြီးများရဲ့ဆန္ဒတော်နဲ့အညီ နာဂလိုဏ်ဂူဘုရားကုန်းမြေ ကလေးဝတောရစာသင်တိုက်နဲ့ လယ်တီမူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်တို့ရဲ့ပဓာနနာယကဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ ကိုယ်တော်တိုင် အစခပ်သိမ်းကုန် ကြီးကြပ်ဆောင်ရွက်တော်မူခဲ့တဲ့အတွက်ကြောင့်ပါဘုရား။

မြန်မာမှ ကမ္ဘာသို့တိုင်အောင် လယ်တီဝိပဿနာပြန့်ပွားအောင် ဆောင်ရွက်နေတယ်လို့ တပည့်တော် သိရတဲ့အတွက်တပည့်တော် ဝမ်းသာမဆုံးဖြစ်ရပါကြောင်း လျှောက်ထားရင်းနိဂုံးချုပ်အပ်ပါသည်ဘုရား။

သာဓု - သာဓု - သာဓု

## လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
## အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါစရိယ
## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအုပ်ချုပ်ရေး
## ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ
## လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ
## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
## တွဲဖက်အကျိုးတော်ဆောင်(၁)
## ကလေးဝတောရဆရာတော်
## ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
## အဂ္ဂမဟာပဏ္ဍိတ
# လယ်တီဘဒ္ဒန္တဇောဂရာဘိဝံသ
## ဟောကြားတော်မူသော
# (၈၈)ကြိမ်မြောက်လယ်တီဝိပဿနာ

၁၃၆၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ကစပြီး (၈၈)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက် တရားစခန်းကို ဖွင့်လှစ်ခဲ့ကြတယ်။ တရားစခန်း အကြိမ်တိုင်း အကြိမ်တိုင်းမှာ သမထစခန်းက ဝိပဿနာဘက်ကူးပြီး တရားစခန်း စဖွင့်တယ်ဆိုကတည်းက အဘိဓမ္မာစကား၊ ပရမတ်စကား၊ ဓမ္မနယ်ပယ်က ရုပ်တရား နာမ်တရားတွေချည်းပဲ ပြောကြရတယ်။

**ပဝါရဏာ**

အဘိဓမ္မာအခါတော်နေ့ကစပြီး ဖွင့်လှစ်တဲ့ (၈၈)ကြိမ်မြောက် တရားစခန်းမှာ အဘိဓမ္မာစကားတွေ ပရမတ်စကားတွေ၊ အဘိဓမ္မာ တရားတွေ ပရမတ်ရားတွေချည်းပဲ ဆက်လက်ပြီး ပြောဖို့ဖြစ်ပါတယ်။

သို့သော်လဲ အကြိမ်တိုင်း အကြိမ်တိုင်း ပရမတ်စကား၊ အဘိဓမ္မာစကားတွေ ပြောလာခဲ့တော့ လွန်ခဲ့တဲ့သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့ဆိုတော့ ပဝါရဏာနဲ့ ပတ်သက်ပြီး ပြောကြဦးစို့ရဲ့။ ရဟန်းတော်တွေ တစ်ပါးနဲ့တစ်ပါး အချင်းချင်းပန်ကြားတာ ပဝါရဏာ ပါပဲ။

တိတ္ထိယသမာဒါန၊ တိတ္ထိတွေကျင့်သုံးတဲ့ "မူဂဗ္ဗဒ"ခေါ်တဲ့ တစ်ပါးနဲ့တစ်ပါး စကားမပြောပဲ စကားမပြောတတ်တဲ့လူအတွေ နေကြထိုင်ကြ ကျင့်သုံးကြတဲ့အကျင့်ကို ကဲ့ရဲ့ရှုံ့ချပြီး လက်ပြခြေပြနဲ့ နှုတ်ကမပြောပဲ၊ နှုတ်ကမဆုံးမပဲ အဲဒီလို နေကြ ထိုင်ကြတာကို အကြောင်းပြုပြီးတော့ 'ပဝါရဏာ' ဝိနည်းကံကို ပညတ်တော်မူ ပါတယ်။

အဲဒီလို ပဝါရဏာဝိနည်းကံကို ပညတ်တော့ 'ပဝါရဏာ' ဆိုတာ မြတ်စွာဘုရားတို့ရဲ့ ပဝါရဏာ၊ အာသဝေါကင်းကွာ ရဟန္တာ အရှင်မြတ်တို့ရဲ့ ပဝါရဏာ၊ ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တို့ရဲ့ ပဝါရဏာ၊ ပုဂ္ဂိုလ်အလိုက် ခွဲခြားသင့်ပါတယ်။

စာထဲပေထဲမှာတော့ ဒီလိုတိုက်ရိုက်ခွဲခြားထားတာ မတွေ့ရ ပါဘူး။ ဘုရားရှင်တို့ကလဲ ပဝါရဏာပြုတော်မူတယ်။ ပြုပုံလေးက အင်မတန်ရှားရှားပါးပါးပဲ။ မြတ်စွာဘုရားတို့ရဲ့ ပဝါရဏာ၊ သဗ္ဗညု ဘုရားရှင်တို့ရဲ့ ပဝါရဏာ၊ ပဝါရဏာပြုပုံက -

**ဟန္ဒဒါနိ ဘိက္ခဝေ ပဝါရေမိဝေါ၊**
**မာမေကာယိကံဝါ ဝါစသိကံဝါ ဂရဟထ။**

ဘိက္ခဝေ= ရဟန်းတို့၊ ဟန္ဒ= နှိုးဆော်တိုက်တွန်းပေအံ့၊ ဒါနိ= ဣဒါနိ= ယခုအခါ၌၊ ဝေါ= သင်တို့ကို၊ အဟံ= ငါဘုရားသည်၊ ပဝါရေမိ= ပန်ကြား၏။ မြတ်စွာဘုရားက ချစ်သားရဟန်းတို့ ငါဘုရားသင်တို့ကို ပန်ကြားမယ်။

မေ= ငါဘုရား၏၊ ကာယသိကံဝါ= ကိုယ်အမူအရာကိုလည်းကောင်း၊ ဝါစသိကံဝါ= နှုတ်အမူအရာကိုလည်းကောင်း၊ မာဂရဟထ= မကဲ့ရဲ့ကြကုန်လင့်။

မြတ်စွာဘုရားတို့ ပဝါရဏာပြုပုံက ရဟန်းတို့ ငါဘုရားရဲ့ ကာယကံမှု၊ ဝစီကံမှု၊ မကဲ့ရဲ့ကြနဲ့။ ကဲ့ရဲ့စရာမှ မရှိပဲကိုး။ အဲဒါက ဗုဒ္ဓပဝါရဏာ။ ပြီးတော့ ရဟန္တာရှင်မြတ်ကြီးတို့ရဲ့ ပဝါရဏာက -

**သံဃံ ဘန္တေ ပဝါရေမိ၊ ဒိဋ္ဌေနဝါ သုတေန ဝါ ပရိသင်္ကာယဝါ၊ ဝဒန္တုမံ အာယသ္မန္တော၊ အနုကမ္ပံ ဥပါဒါယ ပဿန္တော ပဋိကရိဿာမိ။**

သံဃာတော်အရှင်မြတ်တို့ဘုရား ကိုယ်အမူအရာ၊ နှုတ်အမူအရာနဲ့ ကိုယ်နဲ့ဖြစ်စေ၊ နှုတ်နဲ့ဖြစ်စေ ချွတ်ချော်မှု မြင်ရင်လဲပြောကြပါ၊ ကြားရင်လဲ ပြောကြပါ။ ယုံမှားသံသယဖြစ်ရင်လဲ ပြောကြပါ။ အရှင်သံဃာများကို ပန်ကြားပါတယ်။ တပည့်တော်ကို ချီးမြှောက်သောအားဖြင့် ပြောကြားကြပါ။ အပြစ်တွေ့မြင်လို့ရှိရင် ကုစားပါမယ်။

ရဟန္တာအရှင်မြတ်ကြီးတွေရဲ့ ပန်ကြားပုံက ပုထုဇဉ်များနဲ့ အတူပဲ။ သို့သော်လဲ သီတင်းကျွတ် ပဝါရဏာနေ့မှာ ရဟန္တာအရှင်မြတ်ကြီးများပြုတဲ့ ပဝါရဏာက ဝိသုဒ္ဓိပဝါရဏာ၊ စင်ကြယ်သန့်ရှင်း အပြစ်ကင်းတဲ့ ပန်ကြားချက်တွေ၊

ပုထုဇဉ်များနဲ့ သေက္ခပုဂ္ဂိုလ်များကျတော့ ပန်ကြားပုံလဲ ပါဠိ အနေအထား အတူတူပဲ။ အရှင်ဘုရားတို့ မြင်မှု၊ ကြားမှု၊ ယုံမှားသင်္ကာ ဖြစ်မှုရှိရင် တပည့်တော်ရဲ့ ချွတ်ချော်တိမ်းပါးမှုများကို ပြောကြားဖို့ရာ ပန်ကြားပါတယ်။ အပြစ်မြင်လို့ရှိရင် ကြားလို့ရှိရင် ယုံမှားသင်္ကာဖြစ်လို့ ရှိရင် တပည့်တော်ကို ချီးမြှောက်သောအားဖြင့် ဆုံးမတော်မူပါ။ အပြစ်ပါလို့ သိမြင်လို့ရှိရင် ကုစားပါ့မယ်လို့။

အဲဒီလိုပဲ ပုထုဇဉ်ပုဂ္ဂိုလ်များနဲ့ သေက္ခပုဂ္ဂိုလ်များလဲ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့မှာ ပဝါရဏာပြုကြပါတယ်၊ ပန်ကြားပါတယ်။ သို့သော်လဲ အဲဒီပဝါရဏာများက ဝိသုဒ္ဓိပဝါရဏာ စင်ကြယ်သော ပန်ကြားချက်လို့ မပြောနိုင်ဘူး။

သောတာပတ္တိမဂ်ရပုဂ္ဂိုလ် အစရှိတဲ့ သေက္ခပုဂ္ဂိုလ် (၇)ယောက်တို့ရဲ့ ပန်ကြားချက်ဟာလဲ အားလုံး စင်ကြယ်သန့်ရှင်းပါ သည်လို့ ဒီလိုမပြောနိုင်ပါဘူး။ ရဟန္တာအရှင်မြတ်ကြီးတို့ရဲ့ ပဝါရဏာ ကတော့ ဝိသုဒ္ဓိပဝါရဏာ ဖြစ်ပါတယ်။

ပုထုဇဉ်ပုဂ္ဂိုလ်နဲ့ သေက္ခပုဂ္ဂိုလ်တို့ရဲ့ ပဝါရဏာက တကယ် တမ်းစင်ကြယ်လှတဲ့ ပဝါရဏာမျိုး မဟုတ်ဘူးတဲ့။ မဖြစ်နိုင်သေးဘူး။

အချို့ အရှင်မြတ်တွေက ဝါဆိုတဲ့အချိန်မှာ မြတ်စွာဘုရားစီ တရားတောင်းတယ်။ သီတင်းကျွတ် အချိန်အခါမှာ မိမိတို့ရရှိထားတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် တရားထူးများကို လျှောက်ထားကြတယ်။ အဲလို လျှောက်ထားကြတဲ့ ထုံးစံကရှိနေတော့ အချို့က ဝါဆိုဦးမှာ မြတ်စွာ ဘုရားထံ ရဟန်းဝတ် တရားတောင်းတယ်။ သီတင်းကျွတ်မှာ သီတင်း သုံးဖော်များနဲ့အတူ ရဟန္တာအရှင်မြတ်တို့နဲ့အတူ ဝိသုဒ္ဓိပဝါရဏာ ပြုစမ်းချင်ပါဘိလို့ ဝါဆိုဦးကစ ကြိုးစားပြီး အားထုတ်တယ်။

ပဝါရဏာနေ့ ရောက်တဲ့အခါကျတော့ ရဟန္တာအရှင်မြတ်ကြီးတို့ပြုတဲ့ ပဝါရဏာမျိုး မပြုနိုင်ခဲ့လို့ စိတ်မသက်သာ နှလုံးနာပြီးတော့ မျက်ရည်ပေါက်ပေါက်ကျခဲ့ရတဲ့ အရှင်မြတ်တစ်ပါး ရှိခဲ့ဖူးတယ်။

**မဟာသိဝထေရ်**

သီတင်းကျွတ်လပြည့်နေ့မှာ ရည်ရွယ်ချက်အောင်မြင်ပြီးတော့ အရဟတ္တဖိုလ် ပေါက်ရောက်ပြီး ဝိသုဒ္ဓိ ပဝါရဏာပြုနိုင်မယ်လို့ ရည်မှန်းခဲ့သော်လဲ မပြုနိုင်တဲ့အတွက် မဟာသိဝမထေရ်မြတ်ကြီး အကြိမ်ကြိမ် မျက်ရည်ကျခဲ့ရတယ်။ စိတ်မသက်သာ နှလုံးမသာယာမှု ဖြစ်ခဲ့ရတယ်။

အဲဒီ ပဝါရဏာနဲ့ ပတ်သက်ပြီး ဆက်စပ်နေတာမို့ အဘိဓမ္မာစကား၊ ပရမတ်စကားများ ခေတ္တရပ်နားပြီးတော့ သီတင်းကျွတ်လပြည့် မဟာပါရဏနေ့မှာ ဝိသုဒ္ဓိပဝါရဏာ၊ စင်ကြယ်သန့်ရှင်း အပြစ်ကင်းတဲ့ ရဟန္တာတို့ ပဝါရဏာမျိုး ပြုခွင့်မရလို့မို့ နှစ်ပေါင်းသုံးဆယ်တိုင်တိုင် တရားအားထုတ်ပြီးတော့ (၂၉)နှစ်ထိအောင် မျက်ရည်ကျပြီး စိတ်မသက်သာ နှလုံးမသာဖြစ်ခဲ့ရတဲ့ အရှင်မြတ်ကြီး မဟာသိဝမထေရ်မြတ်ကြီးနဲ့ ပတ်သက်ပြီး ပြည့်ပြည့်စုံစုံ ပြောကြရအောင်။

တစ်ချိန်မှာ သိကြားမင်းကြီး မြတ်စွာဘုရားစီ ရောက်လာတယ်။ သိကြားမင်းကြီးရဲ့စိတ်ထဲမှာ ကမ္ဘာ့လူထုကြီးရဲ့အခြေအနေကို အကဲခတ်မိတယ်။ လူတွေ၊ နတ်တွေရဲ့ အခြေအနေကို အကဲခတ်ပြန်တော့ လူတွေကလဲ ငြိမ်းချမ်းချင်လိုက်တာ၊ နတ်တွေကလဲ ငြိမ်းချမ်းချင်လိုက်တာ။ ဒါပေမယ်လို့ နတ်တွေကလဲ လက်နက်ကိုင်စွဲပြီး အသူရာ

တွေနဲ့ တိုက်ပွဲတွေကဖြစ်၊ ဒုတ်၊ ဓား မကင်းကြသေးဘူး။ လူတွေကလဲ ဒုတ်၊ ဓား လက်နက်ကိုင်စွဲပြီးတော့ တစ်ယောက်နဲ့တစ်ယောက် ညှင်းဆဲသတ်ပုတ်နေကြတယ်။ ငြိမ်းချမ်းမှုကို လူတွေကလဲ လိုလားကြတယ်။ အခု ကမ္ဘာ့ကုလသမဂ္ဂမှာ နိုင်ငံပေါင်း (၁၉၁)နိုင်ငံ၊ ဘယ်နိုင်ငံဖြစ်ဖြစ် ငြိမ်းချမ်းရေးအတွက် ကြိုးစားနေကြတယ်။

ဒါနဲ့ ပတ်သက်ပြီး သိကြားမင်းကြီးက မြတ်စွာဘုရားကို လျှောက်တယ်။ ကမ္ဘာ့လူထုကြီးဟာ ဒုတ်၊ ဓား မကိုင်ပဲ ငြိမ်းငြိမ်းချမ်းချမ်း နေချင်ကြပါတယ်ဘုရား။ လက်နက်မျိုးစုံမကိုင်ပဲနဲ့ လူတွေရော၊ နတ်တွေပါ ဒုတ်၊ ဓား ဆွဲပြီးတော့ စစ်ပွဲကြီးတွေ ဆင်နွှဲနေကြတာ ဘာကြောင့်လဲ ဘုရား။

မြတ်စွာဘုရားက မနာလိုတာ ဝန်တိုတာကို အခြေခံခဲ့ပါတယ်။ စာနဲ့ပြောရင်တော့ ဣဿာ၊ မစ္ဆရိယ အခြေခံပါတယ်။ မနာလိုတာ ဝန်တိုတာ အခြေခံပြီးတော့ ကမ္ဘာ့စစ်ပွဲကြီးတွေ ဖြစ်တာပါပဲ။ ဒါဖြင့် မနာလိုတာ၊ ဝန်တိုတာက ဘာကြောင့်ပါလဲလို့ လျှောက်တော့ ချစ်တာ၊ မုန်းတာကို အခြေခံပါတယ်။ နောက်ဆုံးအရင်းခံ ကမ္ဘာကြီးငြိမ်းချမ်းမှုမရခြင်းရဲ့အကြောင်းကို ရှာလိုက်တော့ ဘာသွားတွေ့သလဲဆိုရင် 'ပပဉ္စ' တရား သုံးပါး၊ နယ်ချဲ့တရားသုံးပါး။

တဏှာအစစ် (၁၀၈)ခေါ်တဲ့ တဏှာရယ်၊ မာန (၉)မျိုးခေါ်တဲ့ မာနရယ်၊ ခန္ဓာ(၅)ပါး၊ သက္ကာယဒိဋ္ဌိ (၂၀)ခေါ်တဲ့ ဒိဋ္ဌိရယ်၊ အဲဒီ တဏှာ၊ မာန၊ ဒိဋ္ဌိခေါ်တဲ့ ပပဉ္စတရားသုံးပါး၊ အကြောင်းရင်း တရားသုံးပါးကို အခြေခံပြီးတော့ ကမ္ဘာ့စစ်ပွဲကြီးတွေ ဖြစ်တာပါပဲ။ ဓား၊ ဒုတ်၊ လက်နက်မျိုးစုံ ကိုင်ပြီးတော့ ကမ္ဘာ့စစ်ပွဲကြီးတွေ ဖြစ်ကြတာပါပဲလို့ မြတ်စွာဘုရားက ဖြေတော်မူတယ်။

သာမန်အားဖြင့် လွန်ခဲ့တဲ့နှစ်ပေါင်း (၆၀)ကျော်ကဖြစ်ခဲ့တဲ့ ကမ္ဘာ့စစ်ပွဲကြီးမှာ ဘယ်သူကစတယ်၊ ဘယ်သူက ဘာဖြစ်တယ်လို့ ပြောကြတာပါပဲ။

တကယ်တော့ 'ဟစ်တလာ' အစရှိတဲ့ ပုဂ္ဂိုလ်တို့ရဲ့သန္တာန်၊ ဂျပန်စစ်ဗိုလ်ချုပ်ကြီးတွေရဲ့ သန္တာန်၊ အမေရိကန်၊ အင်္ဂလန်စတဲ့ စစ်ဗိုလ်ချုပ်ကြီးတွေရဲ့ သန္တာန်မှာရှိနေတဲ့ တဏှာခေါ်တဲ့ အာရုံငါးပါး တိုင်းတစ်ပါးကို လိုချင်မှု၊ မာနခေါ်တဲ့ မောက်မာတက်ကြွမာန်မာန၊ ဒိဋ္ဌိခေါ်တဲ့ မှားယွင်းတဲ့ ငါ, ငါ အစွဲအယူ သက္ကာယဒိဋ္ဌိ။

ဒီတဏှာ၊ မာန၊ ဒိဋ္ဌိ ဆိုတဲ့ နယ်ချဲ့တရားကြီးတွေက တိုင်းပြည်ခေါင်းဆောင် အသီးသီးတို့သန္တာန်မှာ ရှိတဲ့အတွက် ကမ္ဘာ့စစ်ပွဲကြီးတွေ ဖြစ်တာပါပဲ။ ဇဇဇ အရေးအခင်းဖြစ်တာလဲ အရင်းခံက ဒီပပဉ္စ တရားတွေကြောင့်ပါပဲ။

အဲဒီတော့ သိကြားမင်းက အဲဒီ တဏှာ၊ မာန၊ ဒိဋ္ဌိတွေကုန်အောင် ဘယ်လိုများ အားထုတ်ရပါ့မလဲ ဘုရားလို့ လျှောက်ထားတော့ မြတ်စွာဘုရားက 'ဝေဒနာကမ္မဋ္ဌာန်း ပေးတော်မူပါတယ်'။ ဝေဒနာသုံးမျိုး-

- ဝမ်းမြောက်စွာ ခံစားစံစားခြင်းဆိုတဲ့ သောမနဿဝေဒနာ
- နှလုံးမသာယာခံစားခြင်းဆိုတဲ့ ဒေါမနဿဝေဒနာ၊
- လျစ်လျူရှုခံစားခြင်းခေါ်တဲ့ ဥပေက္ခာဝေဒနာ၊

သောမနဿ ဝေဒနာကလဲ လက်ခံသုံးစွဲသင့်တာ ရှိတယ်၊ လက်ခံသင့်တာ ရှိတယ်။ အဲဒီ သောမနဿ ဝမ်းမြောက်ခြင်း ဝေဒနာကိုပဲ မသုံးစွဲရ၊ လက်မခံရတာလဲ ရှိတယ်။

ဒေါမနဿခေါ်တဲ့ စိတ်မသက်သာ နှလုံးနာခြင်းဟာ လက်ခံ သုံးစွဲသင့်တာလဲ ရှိတယ်။ လက်မခံပဲ မသုံးစွဲသင့်တာလဲ ရှိတယ်။

လစ်လျူရှုမှု ဥပေက္ခာဝေဒနာကလဲ သေဝိတဗ္ဗ သုံးစွဲသင့် တာလဲ ရှိတယ်။ အသေဝိတဗ္ဗ မသုံးစွဲသင့်တာလဲ ရှိတယ်။

အဓိကအားဖြင့် ပြောချင်တာက စိတ်မသက်သာ နှလုံးနာမှု ဒေါမနဿဝေဒနာဟာ သာမန်အားဖြင့် ကြည့်မယ်ဆိုရင်တော့ ဘယ်တော့မှ လက်မခံသင့်ဘူး မကောင်းဘူးလို့ ဆိုရမှာပါပဲ။

သို့သော်လဲ ဒွါရ (၆)ပါးမှာ အလိုရှိအပ်တဲ့ ဣဋ္ဌာရုံ၊ အလိုမရှိအပ်တဲ့ အနိဋ္ဌာရုံ၊ ဣဋ္ဌာရုံမှာလဲ အဆင်းမျိုးစုံ ရူပါရုံ၊ အသံမျိုးစုံ သဒ္ဒါရုံ၊ အနံ့မျိုးစုံ ဂန္ဓာရုံ၊ အရသာမျိုးစုံ ရသာရုံ၊ အတွေ့ထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံ၊ ကျန် ဓမ္မာရုံ၊ အဲဒီ ဣဋ္ဌာရုံတွေ။

အလိုရှိအပ်တဲ့ ဣဋ္ဌာရုံတွေ ယခုလဲ မခံစားရဘူး။ နောင်လဲ ခံစားရမှာမဟုတ်ဘူးလို့ ပေါ်လာတဲ့ အာရုံခြောက်ပါးနဲ့ ပတ်သက်ပြီး တော့ မခံစားလိုက်ရလို့ စိတ်မသက်သာ နှလုံးနာမှု။ အဲဒီ ဒေါမနဿ ခံစားချက်မျိုးကျတော့ 'နသေဝိတဗ္ဗံ' မသုံးစွဲနဲ့၊ လက်မခံနဲ့။

သုံးစွဲရမည့် ဒေါမနဿမျိုးက အဆင်းမျိုးစုံ ရူပါရုံတွေကလဲ နှစ်သက်ဖွယ်၊ မြတ်နိုးဖွယ်၊ အလိုရှိအပ်တဲ့ အာရုံတွေနဲ့ သဒ္ဒါရုံအစရှိတဲ့ အာရုံတွေဟာ မမြဲကြဘူး။ ဖောက်ပြန်ကြတယ်လို့ အမှန်အတိုင်း မြင်ပြီးတော့ အနုတ္တရဝိမောက္ခခေါ်တဲ့ မဂ်တရား ဖိုလ်တရားကို မရရအောင် အားထုတ်မယ်ဆိုပြီးတော့ အားထုတ်တယ်။

ယောဂီတစ်ပါး (၃)လအားထုတ်တယ်၊ (၆)လအားထုတ် တယ်၊ (၉)လအားထုတ်တယ်။ ဘယ်လိုမှ မရဘူး။ အရှင်မြတ်တစ်ပါး ဝါဆိုကနေ အားထုတ်လိုက်တာ အရဟတ္တဖိုလ်မရတဲ့အခါ -

**နလဒ္ဓံဝတမေ၊ သဗြဟ္မစာရီဟိသဒ္ဓိံ ဝိသုဒ္ဓိပဝါရဏံ ပဝါရေတုံန္တိ အာဝဇ္ဇတော။**

သီတင်းသုံးဖော် အရှင်မြတ်များနှင့်တကွ ဝိသုဒ္ဓိပဝါရဏာ ပြုခွင့် ငါ့မှာမရလေချင်းလို့ ဒေါမနဿ စိတ်မသက်သာ နှလုံးနာခြင်း ဖြစ်တယ်။

ဂါမန္တပဗ္ဘတဝါသီ မဟာသိဝမထေရ်ကြီးဟာ လိုဏ်ဂူတစ်ခုမှာ သီတင်းသုံးတော်မူတယ်။ အဲဒီအရှင်မြတ်ကြီး စိတ်မသက်သာ နှလုံးနာ မှုမျိုးကတော့ 'သေဝိတဗ္ဗ' သုံးစွဲလက်ခံရမယ်။ တရားအားထုတ်လို့ မရဘူးဆိုပြီး စိတ်မသက်သာ နှလုံးနာခြင်းဖြစ်တာကိုး။

တရားအားထုတ်တယ်၊ ရည်မှန်းတဲ့အတိုင်း မအောင်မြင်ဘူး ဆိုရင်တော့ ငါမရလေခြင်းလို့ဖြစ်တဲ့ ဒေါမနဿမျိုးကျတော့ လက်ခံရမယ်။ ဝိပဿနာတရားအားထုတ်တယ်။ တရားမရလို့ ဒေါမနဿဖြစ်တယ်။ အဲဒီ ဒေါမနဿမျိုးကျတော့ သုံးစွဲလက်ခံရမယ်။

မဟာသိဝအရှင်မြတ်ကြီး ဘယ်လောက်အရည်အချင်း ရှိသလဲဆိုရင် ဂိုဏ်းကြီး (၁၈)ဂိုဏ်း စာချပေးနေတာ။မဟာသိဝ မထေရ်မြတ် ကြီးရဲ့ ဩဝါဒကိုခံယူပြီး တရားအားထုတ်ကြတဲ့အတွက် ရဟန္တာ ဖြစ်သွားတဲ့ ရဟန္တာပေါင်း သုံးသောင်းရှိတယ်။

တစ်နေ့ကျတော့ တပည့်ရဟန္တာအရှင်တစ်ပါးက **"မယှံတာဝ အဗ္ဘန္တရေ ဂုဏာအပ္ပမာဏာ"**။ အယှံ= ငါ၏၊ အဗ္ဘန္တရေ= အတွင်း၌၊ ဂုဏာ= ဂုဏ်ကျေးဇူးတို့သည်၊ အပ္ပမာဏာတာဝ၊ တာဝအပ္ပမာဏာ= အတိုင်းအရှည် မရှိကုန်သေး။

**"ကီဒိသာနုခေါ မေ အာစရိယဿ"**

မေ= ငါ=၊ အာစရိယဿ= ဆရာ၏၊ ဂုဏာ= ဂုဏ်ကျေးဇူးတို့သည်၊ ကီဒိသာနုခေါ= အဘယ်သို့သဘော ရှိပါကုန်သနည်း။

ငါ့အတွင်းမှာရှိတဲ့ ဂုဏ်ကျေးဇူးတွေတောင်မှ အတိုင်းအရှည်မရှိဘူး။ ငါ့ဆရာမထေရ်ကြီးရဲ့ ဂုဏ်ကျေးဇူးတွေ ဘယ်လောက်များရှိနေပါလိမ့်လို့ ဆင်ခြင်လိုက်တဲ့အခါ ဆရာမဟာသိဝမထေရ်ကြီးဟာပုထုဇဉ်ပဲရှိသေးတယ်လို့ သိရတယ်။

သိတဲ့အခါကျတော့ အရှင်မြတ်ကြီးထံ ကျေးဇူးဆပ်ဖို့သွားမှပဲ၊ သတိပေးစကားလျှောက်ထားမှပဲ ဆိုပြီးတော့ ကောင်းကင်ကနေ တန်ခိုးတော်နဲ့ ဆရာမထေရ်မြတ်ကြီးရဲ့ ကျောင်းအရောက် ကြွတော်မူတယ်။

ဆရာမထေရ်က "ငါ့တပည့် ဘာလုပ်လာသလဲ"လို့မေးတယ်။ မေးတဲ့အခါ တပည့်က "အနုမောဒနာ တရားတစ်ပုဒ် ဝမ်းမြောက်ဖွယ် တရားတစ်ပုဒ် နာကြားချင်လို့ လာပါတယ်ဘုရား"။

အဲဒီလို လျှောက်ထားတဲ့အခါ "ငါ့ရှင် ခွင့်မရဘူး၊ မအားလပ်ဘူး"။ "အဲဒီလို ဆိုရင် တပည့်တော် စောင်းတန်းဦးက စောင့်နေပါမယ်ဘုရား၊ ဟောကြားပေးတော်မူပါ"။ "ဒါလဲ ခွင့်မရဘူး"။

"အဲလိုဆိုရင် ဆွမ်းခံလမ်းက စောင့်နေပါ့မယ်"၊ "အဲဒီအချိန်မှာလဲ အခြားရဟန်းတွေ ဟောရန်ရှိနေတယ်။ ခွင့်မရဘူး"။ "ဒါဆိုသင်းပိုင်ကို ပြင်ဝတ်တဲ့အခါလေးမှာ နာကြားပါရစေဘုရား"ဆိုတော့၊ "ဒါလဲ ခွင့်မရဘူး၊ အဲဒီအချိန်လဲ အခြားရဟန်းတွေ မေးကြလိမ့်မယ်"။

"အဲလိုဆိုရင် သင်္ကန်းရုံနေတဲ့အခါလေး တပည့်တော်အား ခွင့်ပေးပါဘုရား"။ "အဲဒီအချိန်အခါမှာလဲ အခြားရဟန်းတွေ အမေးကရှိတာပဲ"။

“ဒါဖြင့် သပိတ်ကိုအိတ်မှထုတ်တဲ့အခါမှာ မေးပါမယ်ဘုရား” ဆိုတော့လဲ၊ “ဒီအချိန်အခါမှာလဲ အခြားရဟန်းတွေက မေးကြလိမ့်ဦးမယ်”။

“ဒီလိုဆိုရင် ယာဂုလေးဘုဉ်းပေးတဲ့အချိန်ကော ရမလား ဘုရား”၊ ဆိုတော့ “အဲဒီအချိန်အခါမှာလဲ မထေရ်ကြီး(၈)ပါးက သူတို့ရဲ့ ယုံမှားသံသယတွေကို မေးကြလိမ့်ဦးမယ်”။

“ဒီလိုဆိုရင် ဆွမ်းခံရွာက ထွက်တဲ့အချိန်လေး မေးပါရစေ၊ နာပါရစေ ဘုရား”ဆိုတော့ အခြားရဟန်းတွေ မေးဖို့ရှိတယ်။

“ဆွမ်းကိစ္စပြီးတဲ့အခါကော ဘုရား”၊ “ဒီအချိန်မှာလဲ အချို့အချို့ရဟန်းတွေက မေးကြသေးတယ်။”

“ဒါဖြင့် နားနေချိန်လေးကော ဘုရား”ဆိုတော့ “ဒီအချိန်မှာလဲ လာမေးကြတယ်”။

ခြေဆေးတော်မူတဲ့အချိန်၊ မျက်နှာသစ်တဲ့အချိန်၊ မျက်နှာသစ်ပြီးအချိန်၊ ကျောင်းထဲဝင်ပြီး ထိုင်နေတဲ့အချိန်၊ အဲဒီအချိန်တွေလဲ အခြားရဟန်းတွေမေးဖို့ ပြင်ဆင်ထားတာတွေ ရှိတယ်။ အနုမောဒနာတရား ဟောချိန်မရှိဘူးဆိုတော့ တပည့်ဖြစ်တဲ့ ရဟန္တာမထေရ်မြတ်က သတိပေးတယ်။

**နနု ဘန္တေ မုခံ ဓောဝန် ကတွာ သေနာသနံ ပဝိသိတွာ တယော စတ္တာရော ပလ္လင်္ကေ ဥတုံ ဂါဟာပေတွာ ယောနိသော မနသိကာရကမ္မံ ကရောန္တာနံ ဩကာသကာလေန ဘဝိတဗ္ဗံ။**

အရှင်ဘုရား မျက်နှာလေးသစ်ပြီးတော့ ကျောင်းထဲမှာ တင်ပလ္လင်လေးခွေပြီး အချိန်လေးယူပြီးတော့ ယောနိသော မနသိကာရ တရားအားထုတ်ချိန်လေး ယူဖို့မတော်ပါလားဘုရား။

အခုတော့ ပျံတော်မူချိန်တောင်မရှိတော့ပါလား။ အလုပ်တွေရှုပ်နေလိုက်တာ၊ ဆရာတော်ဘုရားကြီးဟာ တံကဲပျဉ်ချပ်လိုပါပဲ။ ဆရာမထေရ်ဟာ မိမိ၏မှီရာ တည်ရာမဖြစ်သေးပါလားဘုရားလို့ လျှောက်ပြီး တပည့်ရဟန္တာ အရှင်မြတ်က ကောင်းကင်ပျံတက်ပြီး ပြန်ကြွသွားတယ်။

မဟာသိဝမထေရ်ကြီးမှာလဲ တရားပေးရတာနဲ့၊ စာချရတာနဲ့၊ ပါဠိတော် အဋ္ဌကထာနဲ့ အလုပ်ရှုပ်နေလိုက်တာ။ ဟိုတုန်းက ကျောင်းထိုင်ဘုန်းကြီး အလုပ်ရှုပ်ပုံက-

## အလုပ်ရှုပ်

ရှေးအခါက ကျောင်းထိုင်ဘုန်းကြီးက ဆွမ်းတွေပိုလို့ ထမင်းခြောက်လှမ်းထားတာ မွှေစေချင်တယ်။ ထိုင်တဲ့ သားရေနွယ်လေးကိုလဲ ရွှေ့စေချင်တယ်။ ကျောင်းသားလေးတစ်ယောက်က ကျောင်းတိုင်ကို ဓားနဲ့ထိုးနေတာကိုလဲ ပြောချင်တယ်စတဲ့ အလုပ်တွေ သိပ်ရှုပ်တော့ တစ်ခါထဲပြီးအောင်ပြောသတတ်။

**"အုန်းပင်ရှဉ့်ချောက် ထမင်းခြောက်မွှေ၊ သားရေနွယ်ဟိုတိုး၊ ဟဲ့ ကောင်ကလေး ကျောင်းတိုင် ဓားနဲ့မထိုးနဲ့ ဟတ်ချိုးအဟမ်း"** လို့ တစ်စပ်ထဲပြောသတဲ့။

အခုလဲပဲ မဟာသိဝမထေရ်ကြီး အလုပ်တွေရှုပ်နေတော့ တရားဟောတာနဲ့၊ တရားပြတာနဲ့၊ စာချတာနဲ့ ပျံတော်မူချိန်လေးတောင် မရှိသလိုပဲ။ အဲဒီတော့ ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ဘုရားကြီး ပိဋကတ်သုံးပုံ ပထမဆုံး အောင်ပြီးတော့ ငြီးချင်းတစ်ပုဒ် ရေးဖူးပါတယ်။ အဲဒီလိုပဲ မဟာသိဝမထေရ်ကြီးမှာလဲ အလုပ်တွေ

နားရတယ် မရှိဘူး။ သာသနာ့အလုပ်မို့ ရှုပ်တာခံသာပါသေးရဲ့။

တပည့်ဖြစ်တဲ့ ရဟန္တာအရှင်မြတ်က သတိပေးသွားတော့ တရားဟောတာတွေ၊ စာချတာတွေ၊ တရားပြတာတွေ အားလုံးဖြတ်ပြီးတော့ အခြားအခြား တပည့်ရဟန်းတော်တွေ မသိတဲ့အချိန်ရွေးတယ်။ ညဉ့်ဦးယာမ်မှာ တောထွက်ရင် အခြားရဟန်းတော်တွေ သိမယ်။ သန်းခေါင်ယာမ်မှာ သွားရင်လဲ အခြားရဟန်းတော်တွေ သိမယ်၊ နောက်ဆုံးမိုးသောက်ယာမ်မှာ ဝါဆိုလဆန်း (၁၃)ရက်နေ့မှာပဲ ကျောင်းကနေ တိတ်တိတ်လေး ထွက်ခဲ့တယ်။

**"ကိံမာဒိသဿ အရဟတ္တံနာမ"**

မာဒိသဿ= ငါကဲ့သို့သော ပုဂ္ဂိုလ်အား၊ အရဟတ္တံနာမ= အရဟတ္တဖိုလ်မည်သည်၊ ကိံ= အဘယ်မျှ ခဲယဉ်းမည်နည်း။ အရဟတ္တဖိုလ်မခက်ဘူး။ နှစ်ရက်, သုံးရက်ထဲ အရဟတ္တဖိုလ် ရောက်ပြီး ကျောင်းပြန်လာပြီး ဝါဆိုမှာပေ့ါဆိုပြီး အရှင်မြတ်ကြီး ဘယ်သူ့မှ မပြောပဲ တိတ်တိတ်လေး ထွက်လာခဲ့တယ်။

တရားအားထုတ်တယ်၊ (၁၄)ရက်လဲရဟန္တာမဖြစ်၊ (၁၅)ရက်လဲ ရဟန္တာမဖြစ်၊ မဖြစ်တော့ ဝါဆိုရတော့တာပေ့ါ။ လပြည့်ကျော် (၁)ရက်နေ့ကျတော့ ဝါဆိုရတာကိုး။

## ကျောခင်းတော်မမူကြ

ဝါဆိုပြီးတော့ ကျောင်းမပြန်နိုင်ဘူး။ သီတင်းကျွတ်ပဝါရဏာမှာ ဝိသုဒ္ဓိပဝါရဏာ စင်ကြယ်တဲ့ပန်ကြားမှု ပြုနိုင်အောင် ငါကြိုးစားမယ် ဆိုပြီးတော့ အရှင်မြတ်ကြီး ကျောမခင်းတော့ဘူး။ ကုတင်ပေါ် ညောင်စောင်းပေါ်မှာ ကျောခင်းပြီး မကျိန်းတော့ဘူး။

သွားတယ်၊ ရပ်တယ်၊ ထိုင်တယ် အဲဒီ ဣရိယာပုထ် (၃)ပါး နဲ့ပဲ နေတော့တယ်။ လျောင်း(အိပ်)တဲ့ ဣရိယာပုထ်ကို ပယ်လိုက်တယ်။

တစ်ဝါတွင်းလုံး ကျောမခင်းဘူး။ သီတင်းကျွတ်တဲ့အခါ အရဟတ္တဖိုလ်ရသလားဆိုတော့ မရဘူး။ ဩော် သီတင်းကျွတ်ရင်တော့ သီတင်းသုံးဖော်တို့နဲ့အတူတူ ရဟန္တာတို့ပြုတဲ့ ဝိသုဒ္ဓိပဝါရဏာမျိုး ပြုနိုင်မယ်ထင်တာ၊ မပြုရဘူးဆိုပြီးတော့ မျက်ရည်တွေ တပေါက်ပေါက် ကျခဲ့ရပါသတဲ့။

သာသနာတော်မှာ ကျောမခင်းပဲနဲ့ နှစ်ပေါင်းများစွာ တရားအားထုတ်ခဲ့ကြတဲ့ ပုဂ္ဂိုလ်များကတော့ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန် အရှင်မြတ်ကြီးတို့က ကျောမခင်းတာ နှစ်ပေါင်းသုံးဆယ်။

အရှင်မဟာကဿပမထေရ်မြတ်ကြီးက ကျောမခင်းတာ နှစ်ပေါင်း (၁၀၀)၊ အရှင်အရုဒ္ဓါမထေရ်မြတ်ကြီးက အနှစ်(၅၀)၊ ဘဒ္ဒိယမထေရ်မြတ်ကြီးက နှစ်ပေါင်း (၃၀)၊ သောဏမထေရ်မြတ်ကြီးက (၁၂)နှစ်၊ အရှင်အာနန္ဒာမထေရ်မြတ်က (၁၅)နှစ်၊ ရာဟုလာအရှင်မြတ်ကြီးက (၁၂)နှစ်၊ အရှင်ဗာကုလအရှင်မြတ်ကြီးက နှစ်ပေါင်း (၈၀)၊

အရှင်ဗာကုလက လူဘဝ (၈၀)၊ ရဟန်းဘဝ (၈၀)၊ ရဟန်းဘဝရောက်တဲ့နေ့ကစပြီး ကျောခင်းမအိပ်တော့ဘူး။

နာလကမထေရ်မြတ်ကြီးက ပရိနိဗ္ဗာန်စံတဲ့နေ့ထိအောင် ကျောမခင်းပဲ မတ်တတ်ရပ်ရက်ပဲ ပရိနိဗ္ဗာန်စံသွားတာပဲ။ အဲဒီလို အရှင်မြတ်တွေထဲမှာ ဒီမဟာသိဝမထေရ်မြတ်ကလဲ သွား၊ ထိုင်၊ ရပ်

က္ကရိယာပုတ်သုံးမျိုးနဲ့ ကျောမခင်းပဲ တရားအားထုတ်လိုက်တာ နှစ်ပေါင်း (၂၉)နှစ်ကြာတယ်။

တစ်ဝါကျွတ်ရင် ဝိသုဒ္ဓိပဝါရဏာပြုရမယ်၊ ဝိသုဒ္ဓိပဝါရဏာ ပြုရမယ်နဲ့ (၂၉)နှစ်ထိ ကြာခဲ့တယ်။ ဒီနှစ် သီတင်းကျွတ် ပဝါရဏာ နေ့မှာလဲ မျက်ရည်တွေကျလို့၊ ဝါသုံးဆယ်ပြည့်တဲ့နှစ်၊ အဲဒီနှစ်မှာ သီတင်းကျွတ်တော့မယ်၊ ပဝါရဏာနေ့ရောက်တော့မယ်။ မျက်ရည် တွေကျပြီး ဒီပဝါရဏာနေ့မှာ ဝိသုဒ္ဓိပဝါရဏာ ပြုချင်လိုက်တာ ပြုမှပြုရပါ့မလား ဆိုပြီးငိုတယ်။

မထေရ်ကြီးငိုနေတဲ့အခါ အနီးမှာရှိတဲ့ နတ်သမီးလဲ ငိုတယ်။ မထေရ်ကြီးက "ဟဲ့ နတ်သမီး ဘာကြောင့် ငိုသလဲ"လို့ မေးတော့ "တပည့်တော် အရှင်ဘုရားလို ငိုရင်တရားရမလားလို့ ငိုနေတာပါ ဘုရား" ဆိုတော့

မထေရ်ကြီးက "သြော်-- နတ်သမီးလေးကတောင် ပြောင် လှောင်နေပါပြီ၊ ဆက်ကြိုးစားအုံးမှပဲ"ဆိုပြီး အားထုတ်လိုက်တာ ဝါ(၃၀)မြောက် ရောက်တဲ့အခါ ရဟန္တာအဖြစ်ရောက်ရှိသွားပါတယ်။ ရဟန္တာ ဖြစ်တော့ ဝိသုဒ္ဓိပဝါဏာ ပြုခွင့်ရတယ်။

အဲဒီလို ဝိသုဒ္ဓိပဝါရဏာပြုခွင့်ရပြီ။ ရဟန္တာဖြစ်ပြီဆိုတော့ တပည့်ရဟန္တာအရှင်မြတ်တွေက ဆင်ခြင်စဉ်းစားကြတယ်။ ဒို့ဆရာတော်ကြီး ရဟန္တာဖြစ်ပြီလား၊ ဖြစ်ပြီ။ ဝိသုဒ္ဓိပဝါရဏာ ပြုတော့မယ်လို့ သိတော်မူကြပြီး တပည့်ရဟန္တာ သုံးသောင်း ကြွလာ ကြတယ်။

မဟာသိဝမထေရ်ကြီးက ကျောမခင်းရုံတင်မဟုတ်ဘူး။ နှစ်ပေါင်း (၃၀) ခြေတော်တောင်မဆေးဘူး။

**"တိဿ ဝဿာနိ မမ ပါဒါနိ အဓောတာနိ"** "ငါရဲ့ ခြေထောက်တွေ ရေမဆေးတာ နှစ်ပေါင်းသုံးဆယ်ရှိပြီ"။ "တပည့်တော်တို့ ဆေးပါရစေ"ဆိုတော့ "သည်းခံကြ"တဲ့။

နောက် သိကြားမင်းကြီးက မထေရ်ကြီးရဲ့ ခြေဆေးဖို့ရာ တောင်းပန်လျှောက်ထားပြီး ခြေဆေးတယ် ပြောပါတော့။

ခြေဆေးတော့လဲ တားတယ်။ အရှင်မြတ်ကြီးက နတ်တို့ မည်သည် လူတွေရဲ့အနံ့ကို ယူဇနာ (၁၀၀)ကနေ အနံ့နံတယ်။ ဒါကြောင့် "မဆေးနဲ့ မဆေးနဲ့" လို့တားတယ်။

သိကြားမင်းက "အရှင်ဘုရားတို့ရဲ့ သီလအနံ့က နတ်ဘုံမက ဗြဟ္မာဘုံတိုင်အောင် တက်ပါတယ်ဘုရား" ဆိုပြီး အရှင်မြတ်ကြီးရဲ့ ခြေထောက် သိကြားမင်းကြီးကိုယ်တိုင် ခြေဆေးပြီး ပြန်သွားတယ်။

အရှင်မြတ်ကြီးက နှစ်ပေါင်း(၃၀)ပြည့်မြောက်တဲ့ ဝါကျွတ်ပဝါရဏာနေ့မှာ ဝိသုဒ္ဓိကဝါရဏာ ပြုတော် မူတယ်။

သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့မှာ ဝိသုဒ္ဓိပဝါရဏာ ပြုမယ်ဆိုပြီး ရှေးဆရာတော်ကြီးတွေက ဒီလို အဓိဋ္ဌာန်ထားပြီးတော့ အားထုတ်ကြတယ်။

မဟာသိဝအရှင်မြတ်ကြီးကတော့ အဲဒီလို အဓိဋ္ဌာန် ထားလိုက်တာ။ (၂၉)နှစ်တိုင်တိုင် (၂၉)ဝါတိုင်တိုင် မျက်ရည်ပေါက် ကြီးငယ်ကျခဲ့ရတယ်။ နှစ်(၃၀)ရောက်တဲ့အခါကျမှ ဝိသုဒ္ဓိပဝါရဏာ ပြုရတယ်။

ခြေထောက်မဆေးပဲနဲ့ နှစ်(၃၀)တရားအားထုတ်လိုက်တာ။ အရှင်မြတ်ကြီးရဲ့ ဝီရိယအင်မတန် ကြည်ညိုဖွယ်၊ လေးစားဖွယ် ဖြစ်ပါတယ်။

**မထေရ်သုံးပါး**

မဟာပဝါရဏာနဲ့ ပတ်သက်ပြီးတော့ မှတ်ဖွယ်ရာတရား နည်းနာလေးတွေ သိဖို့ရာ ဟောတာပါပဲ။ ရှေးတုန်းက ကျောင်းတိုက်တစ်တိုက်မှာ မထေရ်ကြီး (၃)ပါး ဝါဆိုကြပြန်တယ်။

ဝါဆိုဦးမှာပဲ တစ်ပါးနဲ့တစ်ပါး ကတိကဝတ်ထားကြတယ်။ ပြောကြ ဆိုကြ တိုင်ပင်ကြတယ်။ ကောင်းတဲ့ တိုင်ပင်မှုပါပဲ။

"အကုသလဝိတက်တွေ မကောင်းတဲ့အကြံတွေ မကြံကြစတမ်း" ဆိုပြီးတော့ ဒီလိုပဲ နေကြတယ်။ ဝါကျွတ်တဲ့အခါကျတော့ တစ်ပါးနဲ့တစ်ပါး မေးကြတယ်။

"ငါ့ရှင် ဒီဝါတွင်းမှာ အထိန်းရခက်တဲ့ စိတ်ကလေးကို ဘယ်လောက်အထိ ထိန်းနိုင်ပါသလဲ မေးတော့။ မထေရ်ငယ်က "တပည့်တော် တစ်ဝါတွင်းလုံး သီတင်းသုံးရာ ဒီကျောင်းတိုက်အာရာမ်ကြီးရဲ့ အပြင်ကို မထွက်ပါဘူးဘုရား"တဲ့။

ဒုတိယမထေရ်က "တပည့်တော်ရဲ့စိတ်ကလေးဟာ တပည့်တော် သီတင်းသုံးတဲ့ ကျောင်းထဲမှ အပြင်မထွက်ပါဘူးဘုရား"တဲ့။

အရှင်မြတ်ကြီးတို့ကတော ဆိုတော့ "ငါတို့ကတော့ မိမိရဲ့ ခန္ဓာကိုယ်ထဲမှ အပြင်စိတ်မထွက်ခဲ့ဘူး"တဲ့။ သုံးလတိုင် စိတ်ကို ချုပ်တည်းပြီးတော့ -

တစ်ပါးက ကျောင်းအာရာမ်ဝင်းအတွင်းမှ အပြင်စိတ် မထွက်ဘူး။

တစ်ပါးက မိမိကျောင်းအတွင်းမှ အပြင်စိတ်မထွက်ဘူး။

တစ်ပါးက မိမိခန္ဓာကိုယ်မှ အပြင်စိတ်မထွက်ဘူးတဲ့။

ဒီလို မထေရ်မြတ်ကြီး (၃)ပါး ဝါတွင်းသုံးလ အဓိဋ္ဌာန်ထားပြီး ကျင့်ခဲ့တဲ့ထုံးလဲ အားကျကြည်ညိုစရာ အတုယူစရာရှိတယ်။

အခု ယောဂီသူတော်စင်များ (၈၈)ကြိမ်မြောက် လယ်တီ ဝိပဿနာ (၇)ရက်တရားစခန်းမှာ အဘိဓမ္မာ အခါတော်နေ့ မဟာ ပဝါရဏာနေ့က စတင်ပြီး ဖွင့်ခဲ့တာဆိုတော့ ရှေးအရှင်မြတ်ကြီးတွေ အဓိဋ္ဌာန်နဲ့ စိတ်အကြံတွေ အောင်မြင်အောင် ကြိုးစားတော်မူကြပုံ။

ဝါဆိုဦးကစပြီး အားထုတ်တယ်။ သီတင်းကျွတ်ပြည့်နေ့မှာ ဘုရား၊ ရဟန္တာတွေပြုတဲ့ ပဝါရဏာနေ့မှာ သီတင်းသုံးဖော်များနဲ့ ဝိသုဒ္ဓိပဝါရဏာအတူတကွ ပြုမယ်ဆိုတဲ့ စိတ်ထားခဲ့ပုံလေး ကြည်ညို လေးစားအားထားပြီး အရှင်မြတ်ကြီးသုံးပါး ကျောင်းအာရာမ်ဝင်း အတွင်း၊ ကျောင်းအတွင်း၊ ခန္ဓာကိုယ်အတွင်းမှ မိမိစိတ်ကို အပြင် အထွက်မခံပဲ ကတိကဝတ်ထားပြီး ကျင့်သုံးခဲ့ကြပုံတွေ အာရုံယူပြီး မိမိတို့လဲ ခန္ဓာကိုယ်အတွင်းက စိတ်ကိုအပြင်သို့ မရောက်အောင် အားထုတ်ကြပြီး အမတအောင်ခမ်း နိဗ္ဗာန်နန်းသို့ ရောက်ရှိနိုင်ကြပါ စေလို့ ဆုတောင်းတိုက်တွန်းရင်း ဘုန်းကြီးရဲ့တရား စကားကို နိဂုံးချုပ် အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

**နယ်ချဲ့**

ယနေ့ ၁၃၆၇ ခုနှစ်၊ (၈၈)ကြိမ်မြောက် လယ်တီဝိပဿနာ တရားစခန်းမှာ သမထလမ်းကနေ ဝိပဿနာစခန်းကူးပြောင်းခဲ့ကြပြီ။ ထိုက်တန်သလောက် သမာဓိရလို့ မိမိသန္တာန်မှာ ထင်ရှားရှိတဲ့ ရုပ်ဓာတ်၊ နာမ်ဓာတ်၊ ပရမတ်တွေကို သိနိုင်မြင်နိုင်တဲ့ အင်အား အစွမ်းလဲ ထိုက်တန်သလောက် ရရှိကြပြီ။

အထူးအားဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိ ခေါ်တဲ့ နယ်ချဲ့တရားကို တိုက်ထုတ်နိုင်အောင် နယ်ချဲ့ဆန့်ကျင်ရေးအတွက် ကြိုးစားကြဖို့ပါပဲ။

လောကမှာ နယ်ချဲ့ကြတာတွေ ရှိပါတယ်။ အင်္ဂလိပ်တို့က လူ့ဘုံမှာသာ နယ်ချဲ့နိုင်ကြတာပါ။ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကတော့ (၃၁)ဘုံအနှံ့ နယ်ချဲ့ကြတာ ဖြစ်ပါတယ်။ စွမ်းအားအင်မတန် ကြီးပါတယ်။

တဏှာ၊ မာန၊ ဒိဋ္ဌိရှိနေရင် အပါယ်ဘုံ အပါယ်စခန်းက ကျယ်ဝန်းနေမှာပါပဲ။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အဲဒီ ဘုံဆိုး ဘဝဆိုးကြီးတွေမှာလဲ နယ်ကျယ်နေမှာပါပဲ။

အဲဒီ တဏှာ၊ မာန၊ ဒိဋ္ဌိက လူ့ဘုံမှာလဲ နယ်ချဲ့တယ်၊ နတ်ဘုံမှာလဲ နယ်ချဲ့တယ်၊ ဗြဟ္မာဘုံမှာလဲ နယ်ချဲ့တယ်။ အပြီးမသတ်နိုင်၊ အတောမသတ်နိုင်တာဟာ ဒီတရားဆိုး တရားပျက်တွေကြောင့်ပဲ။ အဲဒီ တရားဆိုး တရားပျက်တွေကို ဖယ်ရှားနိုင်ဖို့ လွတ်လပ်ရေး ရတဲ့နည်းလမ်း သိကြားမင်းကြီးအား ဟောကြားတော်မူပါတယ်။

လွတ်လပ်ရေးရဖို့ နည်းလမ်းတွေထဲမှာ ပထမဆုံး ဝေဒနာ ကမ္မဋ္ဌာန်း ပေးတော်မူပါတယ်။ အဲဒီ ဝေဒနာကမ္မဋ္ဌာန်းနဲ့ သိကြားမင်း ကြီးဟာ သက္ကာယဒိဋ္ဌိဆိုတဲ့ နယ်ချဲ့တရားကို နိုင်အောင် တိုက်နိုင်တဲ့

အတွက် သောတာပန်ဖြစ်ပြီး အပါယ်လေးဘုံမှ လွတ်လပ်ရေးရခဲ့တာ ဖြစ်ပါတယ်။

နယ်ချဲ့တရားကို နိုင်အောင် တိုက်နိုင်တဲ့အတွက် နယ်ချဲ့တရားတွေက အပါယ်ဘုံမှာ နယ်မချဲ့နိုင်တော့ဘူး။ အဲဒီ နယ်ချဲ့တရားသုံးပါးနဲ့ ပတ်သက်ပြီးတော့ နာမ်ကမ္မဋ္ဌာန်း ပေးတာပါပဲ။ ဝေဒနာကမ္မဋ္ဌာန်း ပေးတာပါ။ "ခံစားစံစား စကားနှစ်ထွေ တရားနေမှာ ဝေဒနာစာတ် ခန္ဓာမှတ်လော့" ဆိုသလိုပဲ။

ခံစားမှု စံစားမှုနဲ့ ပတ်သက်ပြီးတော့ သုံးမျိုးသုံးစားထားပြီး မြတ်စွာဘုရားက တရားပေးတော်မူပါတယ်။

ကမ္မဋ္ဌာနာစရိယများကလဲ ဒီဝေဒနာနဲ့ ပတ်သက်ပြီးတော့ပဲ တရားပေးနေကြတာပါပဲ။ ဝိပဿနာကူးတဲ့အခါမှာ ဒီရုပ်ဓာတ် နာမ်ဓာတ်တွေ မြင်အောင်ကြည့်တဲ့နည်းတွေ များများစားစား ပေးကြတာပါ။

ခံစားမှုတွေနဲ့ ပတ်သက်ပြီးတော့ ကောင်းတာစံစားတယ်၊ မကောင်းတာ ခံစားတယ်။ အဲဒီဝေဒနာကို တရားပေးတော့ ဝိပဿနာ အခြေခံကဘာလဲ။

ဝိပဿနာအခြေခံက ဘာလဲဆိုတော့ သမာဓိ၊ သမာဓိရဲ့ အခြေခံက သီလကျင့်။ ဣန္ဒြိယသံဝရသီလ၊ ပါတိမောက္ခသံဝရသီလ တို့ကို ဟောပြီးတော့ တဏှာ မာန ဒိဋ္ဌိဆိုတဲ့ နယ်ချဲ့တရားတွေကို တိုက်ထုတ်တဲ့နည်း ဟောတာပါပဲ။

နယ်ချဲ့တရားတွေ မိမိစီလာပြီဟော့လို့ဆိုရင် ဘယ်လို တိုက်ရမယ်၊ ဘယ်လိုရှောင်ရမယ်၊ ဘယ်လို တိမ်းရမယ်၊ အဲဒီ နယ်ချဲ့တရားတွေ တိုက်နိုင်ဖို့ သတိရှေ့ထားပြီးတော့ သီလစောင့်ထိန်း၊

သတိရှေ့ထားပြီး အခုပညာဉာဏ်နဲ့ပဲ တိုက်ထုတ်ကြရမယ်။

ဝိပဿနာဉာဏ်ပညာနဲ့ တိုက်ထုတ်လို့ပြီးတဲ့အခါမှာ မဂ်ပညာနဲ့ အပြီးသတ်တိုက်ထုတ်ရပါမယ်။ တော်ရုံတန်ရုံနဲ့ နယ်ချဲ့တရားတိုက်မထုတ်နိုင်ဘူး။ ကမ္ဘာ့လူထုကြီး တစ်ကမ္ဘာလုံး ဒီတရားတွေနဲ့ နယ်အချဲ့ခံရတာပါ၊ ချဲ့နေကြတာပါ။

အဲဒီ နယ်ချဲ့တရားတို့ရဲ့ ခြေရင်းမှာ ဒူးတုပ်ကြရတာပါပဲ။ လက်မြှောက်ကြရတယ်။ ဒီနယ်ချဲ့တရားတွေကို အောင်နိုင်ဖို့ ယခု နယ်ချဲ့တရားတွေနဲ့ တိုက်ပွဲဆင်နေကြရတာပါပဲ။ အဲဒီလို တိုက်ပွဲဆင်နေကြတဲ့အခါမှာ လောကီရတနာဖြစ်စေ၊ လောကုတ္တရာရတနာဖြစ်စေ ဆက်စပ်မိဖို့ အရေးကြီးတာပါ။

## ဆက်စပ်မိပြီ

လောကီရတနာလို့ခေါ်တဲ့ ရွှေ၊ ငွေ၊ ပုလဲ၊ မြ၊ ရွဲ၊ သန္တာ၊ စိန်ဘဏ္ဍာဆိုတဲ့ ရတနာတွေက တန်ဖိုးရှိကြတယ်။ အဲဒီ လောကီရတနာတွေနဲ့ အမှိုက်သရိုက်တွေနဲ့ ဆက်စပ်မိပြီဆိုလို့ရှိရင် အဲဒီလောကီရတနာတွေနဲ့ ဆက်စပ်မှုကို အကြောင်းပြုပြီးတော့ အမှိုက်ပုံကြီးတွေကလဲ တန်ဖိုးတက်လာတယ်။ တန်ဖိုးကြီးလာတယ်။ အသီးအသီး ဂုဏ်တက်ပြီး လာကြတယ်။

ဒီအမှိုက်ပုံကြီးကို ဘယ်သူက ယူပစ်မလဲ။ အမှိုက်က အမှိုက်ပဲ။ ဒါပေမယ့် တန်ဖိုးရှိတဲ့ ရွှေ၊ ငွေ၊ ပုလဲ အစရှိတို့နဲ့ ဆက်စပ်တဲ့အတွက်ကြောင့် တန်ဖိုးတက်လာတယ်။

ဒါကြောင့် ယောဂီတို့နဲ့ ယောဂီတို့ရဲ့ခန္ဓာကိုယ်ကို ရှေးဦးစွာ ဘုရားလှူတယ်၊ ဘုရားနဲ့ဆက်စပ်ပေးထားတယ်၊ ဘုရားနဲ့ဆက်စပ်ပေး

ထားတော့ မျက်နှာကြီးပြီး အလိုလိုဂုဏ်တက်နေတယ်။

တစ်နည်းအားဖြင့် ဘုရင့်အမျိုးတော်တို့ ဘုရင့်အပါးတော်မြဲတို့ ဘုရင့်စားတော်ကဲတို့ဟာ အခြား အခြားပုဂ္ဂိုလ်တွေနဲ့ မတူဘူး။

ဒါက ဘုရင့်အမျိုးတော်တွေ၊ ဒါဘုရင့်အပါးတော်မြဲတွေ၊ ဒါဘုရင့်စားတော်ကဲပဲလို့ဆိုပြီး လေးစားကြရတယ်။

ဘုန်းကြီးတို့ ယောဂီတို့လဲ ဒီ (၈၈)ကြိမ်မြောက် တရားစခန်း စကတည်းက တပည့်တော်တို့ရဲ့အသက်၊ တပည့်တော်တို့ရဲ့ကိုယ်ခန္ဓာ မြတ်စွာဘုရားအား လှူဒါန်းပါတယ်ဘုရားလို့ အဲဒီလို ရတနာနဲ့စပ်ပြီး ထားတဲ့အတွက်ကြောင့် စောစောကအမှိုက်တွေ ရတနာနဲ့စပ်တဲ့အခါ မျက်နှာကြီးပြီး ဂုဏ်တက်သလိုပဲ ဂုဏ်တော်အားရှိတယ်။ အဲဒီတော့ ရတနာသုံးပါးနှင့် စပ်မိပြီဆိုမှတော့ သက်မဲ့အရာဝတ္ထုတွေလဲ ဂုဏ်တက်တယ်။

ပုဏ္ဏာဆိုတဲ့ ကျွန်မရဲ့ မသာပုတ်ကို လွှမ်းခြုံထားတဲ့ ထမီစုတ် လေးတစ်ထည်ကို မြတ်စွာဘုရားက ပံ့သုကူကောက်တယ်။ ပံ့သကူ ကောက်တဲ့အခါ **“(၇)ပါးရတနာ သားမှာတစ်ထောင် ဘုန်းခေါင် စက္ကဝတ် မင်္ခတ်ဖြစ်မည် လျှောက်တင်သည်ကို မထီမလေး တံတွေးပေါက်နှယ် စွန့်ပစ်ပယ်၍”**

ဟော ကျွန်းငယ်ပေါင်း (၂၀၀၀)၊ ကျွန်းကြီးလေးကျွန်း ခြံရံပြီး ထားတဲ့ လေးကျွန်းတစ်မြင့်မိုရ်ကို အုပ်စိုးတဲ့ စကြာမင်းလောင်းလျာ ဘဝကနေ ရဟန်းပြုလာတယ်။

စကြာမင်းလောင်းလျာဘဝက ရဟန်းပြုလာတဲ့ မြတ်စွာ ဘုရားက ယခုလို ပုဏ္ဏာဆိုတဲ့ ကျွန်မရဲ့ခန္ဓာကိုယ် အကောင်ပုပ်ကို လွှမ်းခြုံထားတဲ့ ထမီစုတ်ကို ပံ့သုကူကောက်တော်မူတယ်။

အဲဒီတော့ အင်မတန်အံ့ဩဖွယ်ပဲ။ ပွဲသုကူကောက်တဲ့ အချိန်မှာ မြေလျှင်လှုပ်ပါတယ်။ မြေလျှင်လှုပ်ခြင်းရဲ့ အကြောင်းအရာတွေကလဲ များစွာရှိပါတယ်။

မြတ်စွာဘုရားကိုယ်တော်တိုင် ပုဏ္ဏာဆိုတဲ့ ကျွန်မရဲ့ခန္ဓာကိုယ် အပုပ်ကောင်ကို လွှမ်းခြုံထားတဲ့ ပိုးလောက်တပြီသားကို ခါပြီးတော့ ထမီကို ပွဲသကူကောက်ပါတယ်။ ပွဲသုကူသကၤန်းကောက်ပြီးတော့ ကိုယ်တော်တိုင် လျှော်ဖွပ်တော်မူတယ်။ "ပံ့သုကူလ ဓောဝန" ပွဲသုကူ သကၤန်းလျှော်တဲ့ အခါမှာလဲ မြေလှုပ်တယ်၊ အံ့ဩလွန်းလို့တဲ့။

လေးကျွန်းတမြင့်မိုရ် အုပ်စိုးတဲ့ စကြာမင်း "**၇-ပါးရတနာ သားမှာတစ်ထောင် ဘုန်းခေါင်စက္ကဝတ် မချွတ်ဖြစ်မည် လျှောက် တင်သည်ကို မထီမလေး တံတွေးပေါက်နှယ် စွန့်ပစ်ပယ်၍**" ဆိုတဲ့ စကားလိုပဲ။

ဘုန်းကြီးတို့ ဗုဒ္ဓစာပေမှာတော့ "**လေးကျွန်းတမြင့်မိုရ်**" မြင့်မိုရ်တောင်ကြီးတစ်ခုမှာ ကျွန်းကြီးလေးကျွန်း။ "**သုံးကျွန်းလင်းခိုက် တစ်ကျွန်းမိုက်**" ရှေးစာဆိုတွေ မှန်ပါတယ်။

တစ်ချို့နိုင်ငံတွေမှာ အရောင်လင်းပြီးနေသော်လဲပဲ၊ တစ်ချို့ နိုင်ငံတွေမှာ မှောင်နေပါတယ်။ တစ်ချို့နိုင်ငံတွေမှာ နေ့၊ တစ်ချို့နိုင်ငံ တွေမှာ ညဥ့်၊ ဒါလက်တွေ့မျက်တွေ့ပါပဲ။

အဲဒီ ကျွန်းကြီးလေးကျွန်းအထိမ်းအမှတ်နဲ့ ကမ္ဘာအေးမှာ ကျောင်းဆောင်ကြီးလေးဆောင်-

| | | |
|---|---|---|
| အရှေ့ကျွန်း | = | ပုဗ္ဗဝိဒေဟကျောင်းဆောင် |
| အနောက်ကျွန်း | = | အပရဂေါယာနကျောင်းဆောင် |
| တောင်ကျွန်း | = | ဇမ္ဗူဒီပကျောင်းဆောင် |

မြောက်ကျွန်း = ဥတ္တရကုရုကျောင်းဆောင်

အဲဒီလို သင်္ကေတနဲ့ ကျွန်းကြီးလေးကျွန်း အထိမ်းအမှတ်နဲ့ သုံးထပ်ကျောင်းဆောင်ကြီး (၄)ဆောင် ဆောက်လုပ်ထားပါတယ်။

အဲဒီ ကျောင်းဆောင်ကြီးလေးဆောင်ဟာ အင်မတန်ကြီးမားပါတယ်။ ဟိုခေတ်ကဲ ကုန်ငွေပမာဏ တစ်ဆောင်တစ်ဆောင်မှာ (၁၂)သိန်းပဲ ကုန်ပါတယ်။

ဘုန်းကြီးတို့ သမ္မုတိရ ဗဟိုဝန်ဆောင်ဖြစ်စဉ်က ဥတ္တရကုရု၊ ပညာရေးဗဟိုအဖွဲ့ဆောင်ရွက်စဉ်က ပုဗ္ဗဝိဒေဟ၊ နိုင်ငံတော်ဝိနည်းခိုရ်ဆောင်ရွက်စဉ်က အပရဂေါယာန၊ နိုင်ငံတော်သံဃမဟာနာယက ဖြစ်တော့ ဇမ္ဗူဒီပမှာ နေခဲ့ရပါတယ်။ ကျောင်းဆောင်ကြီး (၄)ဆောင်လုံး နေခဲ့ဖူးပါတယ်။

ဘုန်းကြီးတို့ နာဂလိုဏ်ဂူဘုရားကုန်းမြေမှာတော့ ကျေးဇူးတော်ရှင် ကလေးဝဆရာတော်ဘုရားကြီးက လေးကျွန်းတမြင့်မိုရ်ဘုရားဆောင် တည်ဆောက်ထားတာ ရှိတယ်။ တစ်ချို့ပုဂ္ဂိုလ်များက ငါးဆောင်တွဲ လို့ ဒီလိုခေါ်ကြတယ်။

တကယ်တမ်းကျတော့ အလယ်က ဗဟိုပြာသာဒ်ဆောင် မြင့်မိုရ်တောင်ကြီး၊ ရှေ့နောက်ဝဲယာက ပြာသာဒ်ကြီးလေးဆောင်က ကျွန်းကြီးလေးကျွန်း၊ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးရဲ့ လေးကျွန်းတစ်မြင့်မိုရ် အဆောင်၊ မြင့်မိုရ်တောင်ရံပြီးတော့နေတာက လေးကျွန်း၊ အရှေ့ကျွန်း၊ အနောက်ကျွန်း၊ တောင်ကျွန်း၊ မြောက်ကျွန်း။

အဲဒီလေးကျွန်း တစ်မြင့်မိုရ်သဏ္ဌာန် ဆောက်လုပ်ထားတဲ့ ကျောင်းဆောင်။ ဘုန်းကြီးတို့လဲ အမှတ်တမဲ့ နေလာကြတာ။ ပြည်တွင်းပြည်ပ ဆွမ်းလှူတဲ့ ဒကာ ဒကာမတွေ အဲဒီမှာ သံဃာတော်

တစ်နှစ်ပျမ်းမျှ အကြိမ် (၉၀)ခန့် ဆွမ်းလောင်းကြတော့ တဖြည်းဖြည်း စဉ်းစားမိတယ်။ ဆရာတော်ဘုရားကြီးက လေးကျွန်းသူ လေးကျွန်းသားတွေ ဒီမြင့်မိုရ်တောင်ကြီးအောက် လာရောက်ပြီးတော့ ခိုနားကာ ကုသိုလ်ပြုကြလိမ့်မယ်လို့ဆိုတဲ့ သဘောမျိုးနဲ့ လေးကျွန်းတစ်မြင့်မိုရ် ပုံစံကြီး တည်ထားတာကိုးလို့ သဘောပေါက်လာတယ်။

အဲဒီတော့ မြတ်စွာဘုရား ပုဏ္ဏာဆိုတဲ့ ကျွန်မကိုယ်ပေါ်မှ ပံ့သကူ သင်္ကန်းကို ကောက်ယူပြီးတော့ ကိုယ်တော်တိုင် လျှော်ဖွပ်ပြီးတော့ ဝတ်ရုံတော်မူတယ်။

သာသနာတော်မှာ တတိယမဟာသာဝက၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံပြီးတဲ့နောက် သုံးလနဲ့ ငါးရက်ကြာတဲ့အခါ ဘုရားသာသနာ၊ ဘုရားစကားတော်တွေ မပျောက်ပျက်အောင် စတင်ပြီးတော့ ရဟန္တာငါးရာနဲ့အတူ စုစည်းရွတ်အံ ဆောင်ရွက်တော်မူခဲ့တဲ့ အရှင်မဟာကဿပမထေရ်မြတ်ကြီး။

အရှင်မဟာကဿပမထေရ်မြတ်ကြီးဆိုတာက ပံ့သကူ သင်္ကန်းကိုဆောင်ခြင်း အစရှိတဲ့ ဓုတင် (၁၃)မျိုးကို ဆောင်သွားတဲ့ အရှင်မြတ်ကြီး။ အဲဒီ အရှင်မြတ်ကြီးနဲ့ မြတ်စွာဘုရားက သင်္ကန်း လဲလှယ်ပြီး ဝတ်တော်မူပါတယ်။

စောစောက ပုဏ္ဏာဆိုတဲ့ ကျွန်မရဲ့ကိုယ်ပေါ်က ပံ့သကူ ကောက်ထားတဲ့ ပံ့သကူသင်္ကန်းတော်ကို တတိယ မဟာသာဝကကြီး ဖြစ်တော်မူတဲ့ အရှင်မဟာကဿပမထေရ်မြတ်ကြီးအား မြတ်စွာဘုရားက ပေးစွန့်လို့ အရှင်မဟာကဿပရဲ့ သင်္ကန်းနဲ့လဲလှယ်ပြီးတော့ ဝတ်တော်မူတယ်။

အဲဒီလို သက်န်းလဲလှယ်ပြီး ဝတ်တော်မူခြင်းဟာလဲ သာသနာ့အရိုက်အရာကို တာဝန်ယူလိမ့်မယ်။ သာသနာတည်တံ့ရေးကို သားကြီးဖြစ်တဲ့ မဟာသာဝကကြီး သက်တော်ရှည်တယ်။ သက်တော် (၁၂၀)ဆိုတော့ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့နောက်ပိုင်းမှာ မြတ်စွာဘုရားစကားတော်တွေ သာသနာကို ထိန်းနိုင်သိမ်းနိုင်မည့်ပုဂ္ဂိုလ်ကြီးလို့ မြင်တော်မူလို့ပါပဲ။

ရှင်မဟာကဿပမထေရ်မြတ်လောင်းလျာ ပိပ္ပလိလုလင်တောထွက်လာတော့လဲ ဆန်းဆန်းကြယ်ကြယ် အားလုံးသိကြတဲ့အတိုင်း၊ ပိပ္ပလိတို့ မယ်ဘဒ္ဒါတို့ အိုးနဲ့အိမ်နဲ့နေပြီး တောထွက်လာတဲ့အခါ လမ်းခွဲကြစို့ဆိုပြီး လမ်းခွဲကြတဲ့အခါမှာ မြေကြီးလှုပ်ခဲ့ဘူးတယ်။

အဲဒီတော့ မြတ်စွာဘုရားက ငါ့သားကြီး ကဿပလောင်းလျာ ရဟန်းပြုဖို့လာပြီဆိုပြီး ကြိုဆိုတော်မူတယ်။ သုံးယူဇနာခရီးကြွသွားပြီး ကြိုတော်မူတယ်။ ဩဝါဒသုံးမျိုးနဲ့ ရဟန်းဖြစ်ပါတယ်။

တစ်ခါတစ်ရံကျတော့ သဗ္ဗညုမြတ်စွာဘုရားက ကောင်းကင်မှာ လက်တော်လှုပ်ပြီးတော့ အရှင်မဟာကဿပ မထေရ်မြတ်ကြီးရဲ့ ဂုဏ်ကျေးဇူးကို မိန့်ကြားတော်မူတယ်။

အဲဒီအကြောင်းအရာတွေဟာ ဘာကြောင့်လဲဆိုရင် ပရိနိဗ္ဗာန်စံတော်မူတဲ့အခါ မြတ်စွာဘုရားရဲ့ သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်လိမ့်မယ်လို့ ရည်ရွယ်ချက်ထားပြီးတော့ ထိန်းသိမ်းစောင့်ရှောက်နိုင်မည့်အင်အားရှိလို့ မြတ်စွာဘုရားက ချီးမြှောက်တော်မူတာပါပဲ။ အဲဒီတော့ ပထမတုန်းကတော့ ဒီပံ့သုကူသင်္ကန်းဟာ ပုဏ္ဏာဆိုတဲ့ ကျွန်မရဲ့ခန္ဓာကိုယ်ပေါ်ကို ဖုံးလွှမ်းထားတဲ့ ထမီစုတ်ပါပဲ။

မြတ်စွာဘုရား ကိုယ်တော်တိုင် ပံ့သကူကောက်လို့၊ ကိုယ်တော်တိုင် လျှော်ဖွပ်လို့ သက်န်းအဖြစ်နဲ့ ချုပ်လုပ်သုံးစွဲတော်မူလို့ တတိယမဟာသာဝကကြီး ဖြစ်တော်မူတဲ့ အရှင်မဟာကဿပအား ပေးစွန့်တော်မူလိုက်တဲ့အခါ၊ ပြောမယ်ဆိုရင် သက်မဲ့ဖြစ်တဲ့ လောက အနေနဲ့ တန်ဘိုးမရှိတဲ့ အဝတ်စုတ်ဟာ ဘုရားရတနာနဲ့ ပေါင်းဖက် မိလို့ အရှင်မဟာကဿပ မထေရ်မြတ်ကြီးဆိုတဲ့ သံဃာရတနာနဲ့ ဆက်စပ်ပြီးတော့ အဲဒီ အလောင်းကို လွှမ်းပြီးထားတဲ့ ထမီစုတ်ဟာ မြင့်မြတ်တဲ့အဝတ်အစား ဖြစ်ပြီးတော့ ရဟန်းရှင်လူအားလုံးတို့ရဲ့ လက်အုပ်ချီရာ ပူဇော်ရာ မြတ်နိုးရာဖြစ်လာတယ်။

အဲဒီတော့ ဒီအကြောင်းအရာလေးတွေကို ကြည့်မယ်ဆိုရင် လောကုတ္တရာရတနာဖြစ်တဲ့ ရတနာနဲ့ ဆက်စပ်မိသွားလို့ရှိရင် ယခုလို တန်ဘိုးမရှိတဲ့ ထမီစုတ်သည်ပင်လျှင် အင်မတန်တန်ဖိုးရှိတဲ့ ကိုးကွယ် အားထားရာစေတီအလား မြင့်မြတ်တယ်။ တစ်ခါတစ်ရံမှာ လူနုံ လူအ လူအောက်တန်းစားလို့ ဆိုရတဲ့ ပုဂ္ဂိုလ်တွေလဲ အထက်တန်းလွှာ ဖြစ်သွားတဲ့ အဖြစ်လေးတွေလဲ ရှိသေးတယ်။

**မကောင်းကျောင်းပို့**

ဘုန်းကြီးတို့ ဇာမာစကားမှာ **"မကောင်းကျောင်းပို့"** ဆိုတဲ့ စကားပုံလေးရှိသေးတယ်။ ဒီနေ့ အိမ်မှာအပိုဖြစ်နေတဲ့ ဒကာကြီးတွေ **"တဲ-ကျောင်းသွားပေတော့"** ဆိုပြီး မကောင်းကျောင်းပို့တာလို့ ပြောကြတယ်။ သို့သော်လဲ ရှေးဆရာတော်ကြီးတွေက "မကောင်း ကျောင်းပို့" ဆိုတဲ့ ဒကာကြီးကို လက်ခံပြီးတော့ တရားအထိုင်ခိုင်း တယ်။ ဘုရားရှိခိုး ခိုင်းတယ်။

အရပ်အနေနဲ့ပြောရင် အသုံးမကျပါဘူး။ လူပိုလူလျှံပဲလို့ ဆိုတဲ့ လူကြီးတွေဟာ တစ်နေ့ (၃)ကြိမ် တရားပွားများလိုက်တဲ့အခါ အဲဒီလို လူပိုလူလျှံခေါ်တဲ့ မကောင်းကျောင်းပို့ထားရတဲ့ ပုဂ္ဂိုလ်ရဲ့ ခန္ဓာကိုယ်ဟာ စေတီထိုက်သွားပြန်တယ်။

ဒါဘာကြောင့်လဲဆိုတော့ ဘုရားနဲ့စပ်လို့၊ တရားတော်နဲ့ စပ်လို့၊ သံဃာတော်နဲ့စပ်လို့ပါပဲ။

အခု ယောဂီသူတော်စင်များဟာလဲ ဘုရားရတနာနဲ့ဆက်စပ် လို့၊ တရားရတနာနဲ့ဆက်စပ်လို့၊ သံဃာ ရတနာနဲ့ဆက်စပ်လို့ နေ့စဉ် နေ့စဉ် သီလစောင့်ထိန်းတယ်၊ ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ် ပွားတယ်။ မေတ္တာပွားတယ်။ မိမိရဲ့သန္တာန်မှာ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်တွေကို ရှုမှတ်ပွားများတယ်။ ရတနာသုံးပါးလုံးနဲ့ပဲ ဆက်စပ်ပြီး နေပါတယ်။

မိမိတို့ရဲ့ သေလျှင်ပစ်လိုက်ရမည့် တန်ဖိုးမရှိတဲ့ ခန္ဓာကိုယ်ဟာ တန်ဖိုးရှိတဲ့ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနဲ့ ဆက်စပ်လိုက် တော့ တန်ဖိုးများစွာ တက်သွားတယ်။

ပုဏ္ဏာဆိုတဲ့ ကျွန်မရဲ့မသာလောင်းကို လွှမ်းထားတဲ့ ထမီစုတ် ကို လောက်ကောင်တွေ တပြီသားကို ခွာပြီး ကောက်ခဲ့တဲ့ ပံ့သကူ သင်္ကန်းဟာ တဖြည်းဖြည်း မြင့်တက်လာလိုက်တာ။ မြတ်စွာဘုရား ကိုယ်တော်တိုင် လျှော်တယ်၊ ဖွပ်တယ်၊ ပံ့သကူကိုယ်တိုင် ကောက် တော်မူတယ်။ အရှင်မဟာကဿပမထေရ်ကြီးနဲ့ သင်္ကန်းလဲလှယ် ဝတ်တယ်။

အရှင်မဟာကဿပ ပံ့သကူဓုတင် အစရှိတဲ့ ဓုတင်(၁၃)ပါးကို တစ်သက်လုံးဆောင်တာဆိုတော့ အဲဒီ ပံ့သကူသင်္ကန်းနဲ့ပဲ တစ်သက်

လုံးနေသွားတာ။ ချုပ်ရာတွေကြီးပဲ၊ ဖာရာထေးရာတွေချည်းပဲ။

တစ်နေ့ တရားပွဲတစ်ခုမှာ အရှင်အာနန္ဒာမထေရ်မြတ်က တရားဟောနေတယ်။ ဘိက္ခုနီ (ရဟန်းမ)တွေအား တရားဟောနေတယ်။ ဘိက္ခုနီတွေကလဲ အမှတ်တမဲ့ကိုး။

အဲဒီ တရားပွဲမှာ အရှင်မဟာကဿပမထေရ်မြတ်ကြီး ဖာထေးထားတဲ့ သင်္ကန်းကြီးနဲ့ ကြွလာတယ်။ အရှင်အာနန္ဒာကတော့ အရှင်မြတ်ကြီးရဲ့ ဂုဏ်ကျေးဇူးကိုသိတော့ ခပ်မြန်မြန်လေးပါပဲ ပလ္လင်ပေါ်က ဆင်းပေးတယ်။

ဘိက္ခုနီမများက အရှင်အာနန္ဒာကို ကြည်ညိုကြတယ်။ အရှင်အာနန္ဒာဟောတဲ့ တရားတော်ကိုလဲ မြတ်နိုးကြတယ်။ တရားနာပျက်တယ်ဆိုပြီး ဒီကိုယ်တော်ကြီးကလဲ ရှုပ်လိုက်တာလို့ စိတ်ထဲက အောက်မေ့ကြတယ်။ ဘိက္ခုနီမများက အရှင်မဟာကဿပမထေရ်မြတ်ကြီးကို မလေးမစား စိတ်ထဲက ဖြစ်ကြတယ်။

အဲဒီ ဘိက္ခုနီမများရဲ့ သန္တာန်မှာ အဝတ်ချုပ်တဲ့ အပ်နဲ့ ထိုးသလို သူတို့ရဲ့သင်္ကန်းများက ဖြစ်ပြီးတော့ ဘိက္ခုနီမဘဝက လျောကျသွားကြတဲ့ ဖြစ်ရပ်ဖြစ်စဉ်လေးတစ်ခု ရှိခဲ့ဖူးတယ်။

ပြောချင်တာကဘာလဲဆိုတော့ ဒီကမ္ဘာလောကကြီးဟာ ပထမဆုံး မဟာပထဝီမြေကြီး၊ မဟာပထဝီမြေကြီးအောက်က ရေထု၊ ရေထုအောက် လေထုကြီးပါပဲ။ လေလှုပ်ရင် ရေလှုပ်တယ်။ ရေလှုပ်ရင် မြေလှုပ်ပါတယ်။

**မြေလျှော်လှုပ်**

သို့သော်လဲ အကြောင်းမဲ့မဟုတ်ပါဘူး။ မြေလှုပ်ခြင်းရဲ့ အကြောင်းက (၈)မျိုးရှိပါတယ်။

ဓာတုက္ခောဘ= ဓာတ်ချောက်ခြားရင်လဲ မြေလှုပ်တယ်။

လေဓာတ်ချောက်ခြားတော့ ရေလှုပ်တယ်။ ရေလှုပ်တော့ မြေလှုပ်ပါတယ်။ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ (၂၆)ရက်နေ့က လှုပ်လိုက်တဲ့ မြေလျှင်ကြီးဟာ ဒါ"ဓာတုက္ခောဘ'ဓာတ် ချောက်ခြားလို့ လှုပ်တဲ့ သဘောရှိပါတယ်။ မကြာသေးခင်က အာရှတောင်ပိုင်းမှာလှုပ်တဲ့ ငလျင်ကလဲ ဓာတ်ချောက်ခြားလို့ လှုပ်တဲ့သဘော ရှိပါတယ်။

ဣဒ္ဓိမတော အာနုဘာဝေန= တန်ခိုးရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ တန်ခိုးအရှိန်ကြောင့်လဲ လှုပ်ပါတယ်။

ဘုရားအလောင်းများ နောက်ဆုံးဘဝ ပဋိသန္ဓေနေတဲ့အခါမှာလဲ မြေကြီးလှုပ်ပါတယ်။ သစ္စာလေးပါးသိပြီး ဘုရားဖြစ်တဲ့အခါမှာလဲ မြေလှုပ်ပါတယ်။ ဓမ္မစကြာတရား ဟောတော်မူတဲ့အခါမှာလဲ လှုပ်ပါတယ်။

**"အယဉ္စပန ဒသသဟဿီ လောကဓာတု သင်္ကမ္ပိ သမ္ပကမ္ပိ၊ သမ္ပဝေဓိ"** တုန်လှုပ်တာသုံးမျိုး။

သင်္ကမ္ပိ= ဝဲယာရွှေ့နောက် လှုပ်တယ်။ သမ္ပကမ္ပိ= အထက်အောက် တက်လိုက်သက်လိုက် တုန်လှုပ်တယ်။ သမ္ပဝေဓိ= ပုခက်လွှဲသလို တုန်လှုပ်တယ်။

မြတ်စွာဘုရား စာပါလစေတီမှာ ပရိသတ်လေးပါးလဲ ငါဘုရားဟောတဲ့တရားကို ကျင့်သုံးတတ်ပြီ။ ဟောကြားတော်မူတဲ့ တရားတော်တွေကိုလဲ ကျွမ်းကျင်လိမ္မာကြပြီ။

ဆန့်ကျင်ဘက်ဝါဒတွေကိုလဲ အကြောင်းအမျိုးမျိုးပြပြီး ဖြေရှင်းနိုင်ပြီ။ မြတ်တဲ့အကျင့်လဲ ပြည့်စုံပြီ။ လူအများလဲ သိပြီ။ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပြီဆိုပြီးတော့ မြတ်စွာဘုရား "အာယုသင်္ခါရ" လွှတ်တော်မူပါတယ်။ တပို့တွဲလပြည့်နေ့ "ဣတော တိဏ္ဏံ မာသာနံ အစ္စယေန ပရိနိဗ္ဗာယိဿာမိ"။

တပို့တွဲလပြည့်နေ့က ကဆုန်လပြည့်နေ့အထိ (၃)လပြည့်တဲ့ ကဆုန်လပြည့်နေ့မှာ ပရိနိဗ္ဗာန်စံတော်မူမည်လို့ အာယုသင်္ခါ လွှတ်တော်မူတဲ့အခါ ပရိနိဗ္ဗာန်စံတဲ့အခါမှာလဲ မြေလျှင်လှုပ်ပါတယ်။

အဲဒီ အကြောင်း (၈)မျိုးကြောင့် မြေလျှင်လှုပ်ပါတယ်။ တစ်နည်းအားဖြင့် နောက်အကြောင်း (၈)မျိုးလဲ ရှိပါသေးတယ်။ မြတ်စွာဘုရား တောထွက်တော်မူတဲ့အခါ၊ ဗောဓိမဏ္ဍိုင်သို့ ကြွတော်မူတဲ့အခါ၊ မြတ်စွာဘုရား ပုဏ္ဏကျွန်မရဲ့ ခန္ဓာကိုယ်ပုပ်ကို လွှမ်းထားတဲ့ ထမီစုတ်ကို ပံ့သကူကောက်တော်မူတဲ့အခါ၊ ပံ့သကူ သင်္ကန်း လျှော်ဖွပ်တဲ့အခါ၊ ကာဠကာရာမသုတ္တန်ဒေသနာတော်ကို ဟောကြားတဲ့အခါ၊ ဂေါတမက သုတ္တန်ဒေသနာတော်ကို ဟောကြား သည့်အခါ၊ ဝေဿန္တရာဇာတ်တော်ကြီး ဟောတော်မူတဲ့အခါ၊ ဗြဟ္မဇာလသုတ္တန် ဒေသနာတော်မြတ်ကြီး ဟောတဲ့အခါ အဲဒီ (၈)ချိန်မှာလဲ လှုပ်ခဲ့ပါတယ်။

ဗြဟ္မဇာလသုတ္တန် ဟောတဲ့အခါမှာ ဒိဋ္ဌိ (၆၂)ပါး ဖြေရှင်းပြီး ဟောတာဆိုတော့ တစ်ပါး၊ တစ်ပါးပြီးတိုင်းပြီးတိုင်း တစ်ကြိမ်စီ လှုပ်ပါတယ်။ သုတ္တန်တစ်ခုလုံးပြီးတဲ့အခါကျတော့လဲ လှုပ်ပါတယ်။

ပံ့သုကူသင်္ကန်း ကောက်တဲ့အခါကျတော့ ဤမြေကြီးက မြတ်စွာဘုရားကို သိပ်အံ့ဩသွားတယ်။ စကြာမင်းလောင်းလျာ

အဖြစ်က ရဟန်းပြုလာတဲ့ ပုဂ္ဂိုလ်ကြီးက ပိုးလောက်တပြီသားရှိတဲ့ ပုဏ္ဏကျွန်မရဲ့ ခန္ဓာကိုယ်ပေါ်က လွှမ်းထားတဲ့ ထမီကို ပံ့သုကူသင်္ကန်း ကောက်တော်မူလို့ အင်မတန် အံ့ဩဖွယ်ဖြစ်တယ်ဆိုပြီးတော့ ကောင်းချီးပေးတဲ့အနေအားဖြင့် တုန်လှုပ်တာပါပဲ။

ဒီနောက် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံပြီးတဲ့နောက် သီဟိုဠ်ကျွန်း ရောက်တဲ့အခါ (၃)ကြိမ် မြေလှုပ်ပါတယ်။

(၁) အရှင်မဟိန္ဒမထေရ် အိန္ဒိယနိုင်ငံမှလာ၍ သီဟိုဠ်ကျွန်းမှာ ပထမဆုံး သာသနာပြု တရားပွဲကြီးကျင်းပတယ်။ အဲဒီတရား ဟောတော်မူတဲ့ခါမှာလဲ တစ်ကြိမ်လှုပ်ပါတယ်။

(၂) ကလျာဏိယကျောင်းမှာ ပိဏ္ဍပါတိယထေရ် ဗြဟ္မဇာလ သုတ်ကို ဟောတဲ့အခါ တစ်ကြိမ်လှုပ်ပါတယ်။

(၃) ကြေးပြာသဒ်၏အရှေ့ သရက်ပင်တွေ ပေါက်ရာနေရာမှာ ဒီဃနိကာယ်ဆောင် ဒီဃဘာဏကအရှင်မြတ်တွေ ဗြဟ္မဇာလ သုတ္တန် ဒေသနာတော်မြတ်ကြီး ဟောတဲ့အခါမှာလဲ တစ်ကြိမ် လှုပ်ပါတယ်။

မြေလှုပ်ခြင်းရဲ့ အကြောင်းအရာလေးတွေလဲ ပြောကြားရင်း အထူးအားဖြင့်တော့ ရတနာသုံးပါးနဲ့ စပ်လိုက်တဲ့ အခါမှာ ဘာမှ တန်ဖိုးမရှိတဲ့ ထမီစုတ်သည်ပင်လျှင် စေတီထိုက်သွားပုံလေး ပြောချင် တာပါပဲ။ လောကီရတနာတွေနဲ့ ဆက်စပ်တာကိုကြည့်၊ အမှိုက်ပုံကြီး တွေကို ပြည်ပကတောင် လာဝယ်ကြတယ်။ ဘာပြုလို့လဲဆိုရင် ဒီအမှိုက်ပုံထဲက အသုံးဝင်တဲ့ ဓာတ်ရတနာတစ်မျိုး ရှိလို့ပါပဲ။

ဒါကြောင့် ရတနာသုံးပါး ဘုရားတရားသံဃာအား တစ်နည်း အားဖြင့် မြတ်စွာဘုရားအား မိမိတို့ရဲ့အသက် မိမိတို့ရဲ့ခန္ဓာကိုယ်ကို အပ်နှင်းပြီးတော့ အားထုတ်ပုံကို ထည့်ထားတာပါ။

အခုလို (၈၈)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက် တရားစခန်းမှာ တရားအားထုတ်ကြတာဟာ တန်ဖိုးဖြတ်နိုင်တဲ့ မိမိတို့ရဲ့အသက်ခန္ဓာကိုယ်၊ တန်ဖိုးမဖြတ်နိုင်တဲ့ နေရာမျိုး ရောက်ရှိသွားပြီလို့ ကျေနပ်အားရပြီးတော့ ရှေ့ဆက်ပြီးတော့ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်တွေကို မြင်အောင် ထင်အောင် ကြည့်နိုင် ရှုနိုင်ပြီးတော့ ဝဋ္ဋဒုက္ခခပ်သိမ်း လျှင်မြန်စွာ ငြိမ်းကြပါစေလို့ ဆုတောင်းရင်းနဲ့ ဘုန်းကြီးရဲ့ တရားစကား နိဂုံးချုပ်အပ်ပါသတည်း။

**အဘိဓမ္မာစကား**

၂၅၈၇ ကြိမ်မြောက် အဘိဓမ္မာ အခါတော်နေ့မှာ စပြီးတော့ ဖွင့်ခဲ့တယ်။ ဖွင့်ခဲ့တော့ အဘိဓမ္မာစကား၊ အဘိဓမ္မာတရား ဟောတဲ့ အချိန်က နည်းနည်း နည်းနေပါတယ်။

ဒီနေ့တော့ ဟောလက်စအပိုင်း အဘိဓမ္မာစကား အဘိဓမ္မာ တရား၊ ပရမတ်စကား ပရမတ်တရား၊ ဓာတ်စကား ဓာတ်တရားတွေ ဆက်ပြီး ဟောမှာပါ။ သုံးလောကထွဋ်ထား မြတ်စွာဘုရား လွန်ခဲ့တဲ့ ၂၅၉၄ နှစ်တာကာလက ပထမဆုံး ပဉ္စဝဂ္ဂီအရှင်မြတ်တို့အား ဟောကြားတော်မူခဲ့တဲ့ ဓမ္မစကြာဒေသနာတော်။

ထိုဓမ္မစကြာဒေသနာတော်က သုတ္တန်ပိဋကမှာ ပါဝင်နေ တယ်။ သုတ္တန်ပိဋကမှာ ပါဝင်နေတဲ့ ဒုက္ခသစ္စာကို ဟောရာမှာ အဘိဓမ္မာကို အရိပ်အမြွက်လောက်ပဲ ထည့်ဟောပါတယ်။

အဲဒီစကားက "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ"။

သံခိတ္တေန= အကျယ်မပွား အကျဉ်းအားဖြင့်၊ ပဉ္စုပါဒါန က္ခန္ဓာပိ= စွဲလမ်းနိုင်ရာဖြစ်သော ခန္ဓာငါးပါးတို့သည်လည်း၊ ဒုက္ခာ= ဆင်းရဲ ဒုက္ခအမှန် ဖြစ်ကြပါပေကုန်၏။

"ခန္ဓာနာမ်ရုပ် အကောင်ပုပ် ဒုက္ခသစ္စာသာ"

နာမ်ရုပ်နှစ်ပါး၊ ခန္ဓာငါးပါး၊ အဲဒီ ဓမ္မစကြာတရား ဟောတော်မူတဲ့အခါမှာ ဒီအဘိဓမ္မာစကား ပါလာတယ်။ အကျဉ်း လေးပဲ ပါဝင်ပါတယ်။

ပြီးတော့မှ ခန္ဓာငါးပါးဆိုတာ ဘာလဲဆိုပြီးတော့ အကျယ် တဝင့် အဘိဓမ္မာ (၇)ကျမ်းထဲမှာ နှစ်ခုမြောက်ဖြစ်တဲ့ "ဝိဘင်း" ကျမ်း ရောက်တော့ "ခန္ဓဝိဘင်း" ခန္ဓာငါးပါးကို အကျယ်တဝင့်ဟောပါတယ်။

ခန္ဓာငါးပါး သရုပ်လဲဟောတယ်။ ခန္ဓာငါးပါး တစ်ပါးစီကိုလဲ ဖွင့်ဟောတယ်။ အဲဒီလို အဘိဓမ္မာပိဋကက ရောက်တဲ့အခါကျမှ ခန္ဓာငါးပါးကို အကျယ်တဝင့် ဟောတော်မူပါတယ်။

ဓမ္မစကြာ ဒေသနာမှာတော့ ခန္ဓာငါးပါးကို အကျယ်ထုတ်ပြီး ဟောတော်မမူဘူး။ အနတ္တလက္ခဏသုတ္တန်ရောက်တဲ့အခါကျမှ ခန္ဓာငါးပါး သရုပ်ထုတ်ပြီး လက္ခဏာယာဉ်သုံးပါးနဲ့ တင်ပြီးတော့ ရှုဆင်ခြင်ပွားများပုံကို ဆက်ပြီးဟောပါတယ်။

## မျက်မမြင်ဥပမာ

အဲဒီ ခန္ဓာငါးပါးထဲမှာ ဘုန်းကြီးတို့ အခုဟောစဉ်အတိုင်း သညာက္ခန္ဓာ= သညာအစုမှတ်သားမှုအစု ဆက်ဟောရအောင်။

အဲဒီ သညာဆိုတဲ့ မှတ်သားမှုဟာ ကလေးသူငယ်များ မှတ်သားသလို၊ လက်သမားများ မှတ်သားပြီးတော့ လက်သမားကိစ္စ ဆောင်ရွက်သလို၊ အဲလို ကလေးသူငယ်များရဲ့ အမှတ်အသား၊ လက်သမားများရဲ့ အမှတ်အသားများဟာ တစ်ခါတစ်ရံလဲ မှန်တတ်တယ်။ တစ်ခါတစ်ရံလဲ မှားတတ်တယ်။

အဲဒီတော့ သညာရဲ့သဘောက မှတ်မိရုံလေးပါပဲ။ မှားတာ၊ မှန်တာ အဓိကမဟုတ်၊ မှတ်မိရုံလေးဟာ သညာရဲ့ သဘောပဲ။ အဲဒီ သညာကို ဥပမာပေးကြတာက မျက်မမြင် (၆)ယောက် ဥပမာ ပေးကြတယ်။

လူခြောက်ယောက် စာစာတုန်းက မျက်စိအလင်းရစဉ်က မြင်ဘူးထားတာက မြွေကိုလဲ မြင်ဘူးတယ်၊ ကျည်ပွေ့ကိုလဲ မြင်ဘူးတယ်။ ဖျာသင်ဖြူးကိုလဲ မြင်ဘူးတယ်။ အိမ်နံရံကိုလဲ မြင်ဘူးတယ်။

အိမ်တိုင်ကိုလဲ မြင်ဘူးတယ်။ တံမျက်စည်းကိုလဲ မြင်ဘူးတယ်။ နောက်ပိုင်းမှာ မျက်မမြင်ဘဝ ရောက်ရှာကြတယ်။ တစ်ယောက်နဲ့ တစ်ယောက် ပြောကြတယ်၊ ဆင်ဆိုတာ ဘယ်လိုဟာမျိုးလဲ။ မျက်စိ မြင်စဉ်အခါတုန်းက မှတ်သားထားတာအခြေခံပြီးတော့ ပထမ တစ်ယောက်က ဆင်ရဲ့နှာမောင်းကို စမ်းမိတယ်။ ဆင်ဆိုတာ မြွေလိုပါပဲ။

ဒုတိယလူက အစွယ်ကို စမ်းမိတာ၊ ဆင်ဆိုတာ ကျည်ပွေ့ လိုပါပဲ။

တတိယလူက နားရွက်ကိုစမ်းမိတော့ ဆင်ဆိုတာ ဖျာသင်ဖြူး ကြီးလိုပဲ။

နောက်တစ်ယောက်က ကိုယ်လုံးကြီးကို စမ်းမိတယ်။ ဆင်ဆိုတာ အိမ်နံရံလိုပါပဲ။

တစ်ယောက်က ခြေထောက်ကိုစမ်းမိတယ်။ ဆင်ဆိုတာ အိမ်တိုင်နဲ့တူပါတယ်။

တစ်ယောက်က အမြီးကိုစမ်းမိတယ်။ ဆင်ဆိုတာ တံမျက်စည်းလိုပါပဲ။

မျက်မမြင် (၆)ယောက်ဟာ မိမိမြင်ဘူးတာနဲ့ ဆင်ရဲ့သရုပ်ကို ဖော်ထုတ်နိုင်ကြတယ်။ အဲဒီလို ဆင်ရဲ့သရုပ်ကို ဖော်ထုတ်နိုင်ကြတာ အမှတ်အသားလေးနဲ့ ပြီးတဲ့သညာပါပဲ။

ဒါကို ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက ခန္ဓာ အာယတန ဓာတ် သစ္စာလင်္ကာကျမ်းမှာ သညာက္ခန္ဓာဆိုတာ အများသိအောင်-

**"ထို့ပြင်သညာ ခန္ဓာမှာကား လိမ္မာတတ်သိ ခေါ်ကြဘိရှင့်"**

သညာက္ခန္ဓာဆိုတာ ဘာပါလဲဆိုရင် လိမ္မာတာ တတ်သိတာကို ခေါ်ပါတယ်။

**"လူ၏ဘောင်မှာ လူတကာနဲ့ လိမ္မာမြဲမူ မှတ်စွဲဖြာဖြာ ဤသညာပင်"**

ကလေးတစ်ယောက် လိမ္မာလိုက်တာ။ ကျွမ်းကျင်လိုက်တာ။ ကိစ္စတစ်ခု ဆောင်ရွက်တဲ့နေရာမှာ သူ့နေရာနဲ့သူ လိမ္မာတာ သညာပါပဲ။

နတ်မှာနတ်အလျောက်၊ လိမ္မာမြောက်၏။ နတ်လဲ နတ်အလျောက် လိမ္မာတယ်၊ ပါးနပ်တယ်။ အဲဒါကို သညာက္ခန္ဓာ၊ သညာအစု။

**အောက်အပါယ်သား ကျွဲနွားမြင်းဆင် မြင်မြင်သမျှ အနန္တလဲ ဘာသာဘာဝ သိတတ်ကြ၏။**

ကျွဲနွားမြင်းဆင်တို့ဟာလဲ ဘာသာဘာဝအားဖြင့် သိတတ်ကြပါတယ်။ ဒါကြောင့် ခြတွေက ခြတောင်ပို့၊ ပျားတွေက ပျားအုံကြီးတွေ၊ စာကလေးတွေက စာပေါင်းသိုက်တွေ လုပ်နိုင်တယ်။ ဒါဘာလဲဆိုတော့ သညာပဲ။

**"လောကအားလုံး မျှော်မဆုံးအောင် အသုံးတွင်စွာ အလိမ္မာဟု အချာအချုပ် ခေါ်သမုတ်၏"**

တစ်လောကလုံး မဆုံးနိုင်အောင် အသုံးအင်မတန်တွင်ကျယ် တဲ့ လိမ္မာရေးခြားရှိပါပေတယ်။ ပါးနပ်ပါပေတယ်။ လိမ္မာပါးနပ် ပါပေတယ်ဆိုတာတွေဟာ သညာပါပဲ။

မုဆိုးတံငါ သူ့အရာ၌ လိမ္မာကျွမ်းကျင် သညာပင်တည်း။ သူ့နေရာနဲ့သူ ချေ၊ ဂျီငယ်၊ စိုင်၊ ဆပ်၊ ဖွတ်၊ ပဒပ် အစရှိသည်တို့ကို

ဘယ်လိုဖမ်းရမယ်ဆိုတာ အခြားလူတွေ မသိနိုင်ဘူး။ မုဆိုး ကတော့ နားလည်တယ်။ ကျားတွေ့ရင် ဘယ်လိုပစ်ရမယ်။ ဝက်တွေ့ရင် ဘယ်လိုပစ်ရမယ်။ အဲဒီအခါမှာ မီးခိုးလျှောက်ပြီးလိုက်လာပုံက ဘယ်လို။

အခြားလူတွေကတော့ ငါးပွက်တာကြည့်တာနဲ့ ဘာငါး ဆိုတာ မသိနိုင်ဘူး။ အကြီးအသေးလဲ မသိနိုင်ဘူး။ တံငါများကျတော့ ပွက်တာကို ကြည့်ပြီးတော့ ဒါဘာငါးပွက်တာပဲ။ ဒီငါးက ဘယ်လောက်ရှိတယ်။ ဒီငါး ဘယ်ကိုပြေးတယ်ဆိုတာ သိပ်ပြီးတော့ ကျွမ်းကျင်တယ်။ အဲဒီငါးကို ဘယ်ကနေပြီး ဘယ်လိုမြှူးမျိုး၊ ဘယ်လို ကွန်မျိုးနဲ့ ပစ်လိုက်မယ်၊ ထောင်လိုက်မယ်ဆိုရင် ရနိုင်မယ်၊ မိနိုင်မယ် လို့ မုဆိုးတံငါများက သူတို့နေရာမှာ သူတို့ကျွမ်းကျင်ကြတယ်။ အဲဒါ သညာပါပဲ။

သို့စင်နည်းပြ သိကုန်ကြလော့။ ရူပသညာ စသည်ဖြာသား သညာအပြား အကျဉ်းအားဖြင့် ခြောက်ပါးလာရှိ ပွားပြန်ဘိမူ။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက သညာခြောက် ပါး- ရူပသညာ၊ သဒ္ဒသညာ၊ ဂန္ဓသညာ၊ ရသသညာ၊ ဖောဋ္ဌဗ္ဗသညာ၊ ဓမ္မသညာ၊

အဆင်းမျိုးစုံနဲ့ ပတ်သက်ပြီးတော့ ကျွမ်းကျင်လိမ္မာတဲ့သညာ၊ အသံအမျိုးမျိုးနဲ့၊ အနံ့မျိုးစုံနဲ့၊ အရသာမျိုးစုံနဲ့၊ အတွေ့မျိုးစုံနဲ့၊ ကျန်ရုပ်နာမ်မျိုးစုံ ပညတ်ဓမ္မာရုံနဲ့ ပတ်သက်ပြီး မှတ်သားတဲ့ သညာ ခြောက်မျိုး အကျယ်ပွားလိုက်တဲ့ အခါကျတော့ -

"ရူပသညာ စသည်ဖြာသား သညာအပြား အကျဉ်းအားဖြင့် ခြောက်ပါးလာရှိ ပွားပြန်ဘိမူ မြေသိရေသိ နေလသိက စရှိသွယ်သွယ်

မဆုံးဖွယ်သည် . . . အကျယ်သညာက္ခန္ဓာတည်း”။

မြေကိုသိတာ၊ ရေကိုသိတာ၊ လကိုသိတာ၊ နက္ခတ်ကိုသိတာ၊ ကြယ်တာရာကိုသိတာ၊ အဲလိုသိပွံပညာရှင်တို့ရဲ့ အသိပါမကျန် အသိအလိမ္မာအားလုံးဟာ သညာပါပဲ။

“မြေသိရေသိ နေလသိက စရှိသွယ်သွယ် မဆုံးဖွယ်သည် အကျယ်သညာက္ခန္ဓာတည်း” ဆိုတဲ့ စကားအတိုင်း အကျယ်ကို ပြောမယ် ဆိုရင်တော့ အင်မတန်ကျယ်ဝန်းတဲ့ သညာပါပဲ။

နိစ္စသညာ၊ သုခသညာ၊ အတ္တသညာ၊ သတ္တသညာ၊ ဣတ္ထိသညာ၊ ပုရိသသညာ စသော မိစ္ဆာသညာစုတို့ များလှပါတယ်။

အနိစ္စသညာ၊ ဒုက္ခသညာ၊ အနတ္တသညာတို့က သမ္မာသညာ မှန်သောသညာများ ဖြစ်ကြပါတယ်။

သညာကလဲ သာမန်အားဖြင့်ဆိုရင် ပညာလို့အောက်မေ့ရတယ်။ အမှန်တကယ်ကတော့ အင်မတန်ထက်မြက်တဲ့ စွမ်းအားကောင်းတဲ့ ဖျက်အားကောင်းတဲ့ လက်နက်တစ်ခုကို ပြုလုပ်တော့မယ် ဆိုရင် ကြံစည်တဲ့အကြံအစည်က အကုသလဝိတက် အမှတ်အသားလေးတွေ အမှတ်အသားလေးတွေ တဖြည်းဖြည်းချင်း မှတ်သားပြီး ပြုလုပ်ဖန်တီးတာက သညာပါပဲ။ သညာရဲ့ အသိဟာ ဝိညာဉ်သိကိုလဲ မမှီဘူး။ ပညာသိကိုလဲ မမှီဘူး။

**အသိသုံးမျိုး**

အသိအလိမ္မာဟာ သညာကလဲ သိတယ်၊ လိမ္မာတယ်။ ဝိညာဉ်ကလဲ သိတယ်၊ ပညာကလဲ သိတယ်၊ လိမ္မာတယ်။ အသိ (၃)မျိုးရှိပါတယ်။

သညာသိဆိုတာ ဘယ်လိုဟာမျိုးလဲ?
ဝိညာဉ်သိဆိုတာ ဘယ်လိုဟာမျိုးလဲ?
ပညာသိဆိုတာ ဘယ်လိုဟာမျိုးလဲ?

သညာဆိုတာ သဥ္စာနာတီတိသညာ၊ သဥ္စာနာတိ= နောင်ခါ တစ်ဖန် သိရန်အမှု အမှတ်ပြုတတ်၏။ ဣတိတသ္မာ= ထိုကြောင့်၊ သညာ= သညာမည်၏။ ဒီသညာဟာ တစ်စုံတစ်ခုသောဝတ္ထု၌ နောက်ခါတစ်ဖန် သိလွယ်ဖို့ရန်အတွက် အမှတ်ပြုခြင်းသဘော ရှိပါတယ်။ ရှေးက အမှတ်တရ သိပြီးမှတ်ပြီးသော ဝတ္ထုတစ်စုံတစ်ခု အပေါ် သညာဖြစ်ပြန်ပါက နောက်တတစ်ဖန် သိလွယ်ရန် ထပ်မံ၍ မှတ်သားမှု ပြုပါသေးတယ်။ အဲဒီသညာဟာ မှတ်သားခြင်း လက္ခဏာ ဖြင့် အဖန်ဖန် အထပ်ထပ် ဖြစ်ခဲ့ရင်၊ မြဲမြံသောအဖြစ်သို့ ရောက်ပြီး မှတ်ထားအပ်တဲ့ဝတ္ထုကို အသက်ထက်ဆုံးသော်လည်းကောင်း၊ ဘဝတစ်ပါးသို့ ရောက်သည့်တိုင်အောင်သော်လည်းကောင်း မပျောက် ပျက်ပဲ ခိုင်ခိုင်မြဲမြဲ မှတ်သားမှုကို ပြီးစေနိုင်ပါတယ်။ မှားသော မှတ်သားခြင်း မိစ္ဆာသညာအဖြစ်သို့ ရောက်လေပါမူ ထိုမိစ္ဆာသညာနှင့် ပြည့်စုံသူကို ဘုရားအဆူဆူတို့ ချွတ်၍ မကျွတ်လွတ်နိုင်အောင် ပြုတတ်ပါတယ်။

အဲဒီသညာကို နောက်တတစ်ဖန် သိရန်နိမိတ် အမှတ်ပြုရာမှာ သစ်ရွေးသမားနှင့် တူပါတယ်။ ယူမြဲမှတ်မြဲအတိုင်း နိမိတ်အမှတ် အသားဖြင့် စွဲစွဲမှတ်သားခြင်းကို ပြုရာ၌ မိမိတို့တစ်စွန်းတစ မှတ်မိကြ သော အတိုင်း ဆင်ခြင်ပုံပန်းကို ပြကြသော သူကန်းတို့နှင့် တူပါတယ်။ ထင်မြင်လာတဲ့ အာရုံကို မစူးမစမ်း ထင်မြင်လာတဲ့အတိုင်းသာ ယူရာ၌ မြက်၊ ကောက်ရိုးဖြင့် ပြုလုပ်သော ကောက်ရိုးလူရုပ်ကို အဟုတ် အဟုတ် လူဟူ၍ ထင်မှတ်သော တောသမင်နှင့် တူပါတယ်။ ဒါကြောင့် ဘုရားရှင်က မှတ်၍မှတ်၍ သိတတ်သောကြောင့် သညာ မည်ပါတယ်။ အညို ဝါဝါရွှေရွှေ စသည်ကို မှတ်၍မှတ်၍ သိတတ်

သောကြောင့် သညာမည်ကြောင်း ဟောတော်မူပါတယ်။

အခု တရားအားထုတ်နေကြတာဟာ သညာသိ ဝိညာဉ်သိကနေ ပညာသိရောက်အောင် အားထုတ်နေကြတာပါပဲ။

သညာသိနဲ့ ဝိညာဉ်သိကတော့ ကမ္ဘာ့လူထုကြီးအားလုံး သိနေကြတာပါပဲ။ ပညာသိကို အသုံးချဖို့ရာပဲ အင်မတန်ခက်ပါတယ်။

ဒါဖြင့် ပညာသိဆိုတာ ဘယ်လိုဟာလဲ။ ရွှေအသပြာလေး တစ်ခုမြင်တယ်ဆိုပါစို့။ ဒါလေးက ဝါဝင်းတဲ့အရောင်ရှိတယ်။ အရောင်က ဝါဝါဝင်းဝင်းလေး ဆိုပြီးတော့ ကောက်ယူလာတယ်။

ရွှေအသပြာဆိုတာ မသိဘူး။ ရွှေဒင်္ဂါးဆိုတာ မသိဘူး။ ဒါ"ကလေးရဲ့အသိ"။ ကလေးက သူ့မိဘကို သွားပြတဲ့အခါကျတော့ မိဘများက ဒါတော့ ဝါဝင်းတဲ့အရောင်ရှိတယ်။ ဒါကတော့ ရွှေဒင်္ဂါးပဲလို့ သိသွားတယ်။ အရောင်ကိုလဲ ခွဲနိုင်တယ်။ ရွှေဒင်္ဂါးလို့လဲ သိတယ်။ သို့သော် တန်ဖိုးဘယ်လောက် တန်တယ်ဆိုတာတော့ မသိဘူး။ နောက်ကျတော့ ပန်းတိမ်ဆရာသွားပြတယ်။ အရောင်လဲ သိတယ်။ ရွှေဒင်္ဂါးလို့လဲ သိတယ်။ ဘယ်လောက်တန်ဖိုးရှိတယ် ဆိုတာလဲ သိတယ်။ ပန်းတိမ်ဆရာတို့ကျတော့ အားလုံးသိကြတယ်။

ဒါကြောင့် ကလေးက အသပြာမှန်းတောင်မသိသေးဘူး။ အရောင်က ဝါဝါလေးဆိုပြီးတော့ ကောက်လာတာ။ ရွှေဒင်္ဂါးလို့လဲ မသိသေးဘူး။ ငွေဒင်္ဂါးလို့လဲ မသိသေးဘူး။

ကလေးက ကောက်လာတဲ့ ပစ္စည်းလေးကို မိဘတွေပြတယ်။ မိဘတွေကျတော့ ရွှေလို့လဲ သိတယ်။ ရွှေဒင်္ဂါးလို့လဲ သိတယ်။ ဒါပေမယ့် ဘာရွှေမှန်းမသိဘူး။ တန်ဖိုးဘယ်လောက်ရှိမှန်း မသိဘူး။

ဒါနဲ့ မိဘတွေက ပန်းတိမ်ဆရာသွားပြတယ်။ ပန်းတိမ်ဆရာကျတော့ ဒါက အခေါက်ရွှေပဲ။ ၁၆-ပဲရည်၊ ၁၅-ပဲရည်ပဲ။ တန်ဖိုးက ဘယ်လောက်ရှိတယ်လို့ အသေးစိတ် သိတယ်။

ကလေးသိတဲ့အသိက သညာသိနဲ့တူတယ်။ မိဘလူကြီးများ အသိက ဝိညာဉ်သိနဲ့တူတယ်။ အထွင့်အထိပ်မရောက်သေးဘူး။ ပန်းတိမ်ဆရာအသိက ပညာသိနဲ့ ဝာတယ်။

ဒါကြောင့် **"ဝါဝင်း အသပြာဒေတွ့သောအခါ၌ ညိုဝါအရွှေ သိလေမှန်စွာ အသပြာဟု သေချာမသိ"**။

**"ဂါမိကဟု ရွာသူတို့က ဖြူဝါတထွေ ယင်းရွှေဒင်း တကြောင်းအသပြာ သိရုံသာတည့် မည်မျှအဘိုး သိရိုးမရှိ"**

**"နာမအမည် ပန်းတိမ်သည်က အလုံးစုံကို သိတုံရာသို့"**

ရှေးက ဆရာတော်များက သညာသိ၊ ဝိညာဉ်သိ၊ ပညာသိ ဥပမာကို လင်္ကာလေးနဲ့ အသိပေးခဲ့ပါတယ်။

အဲဒီတော့ ကလေးသိတဲ့အသိက ခုနကပြောတဲ့ မှတ်သား ထားတဲ့ သညာလိုပဲ။ ရွှေရောင်လေးပဲလို့ သိတယ်။ သို့သော် ရွှေမှန်း အသပြာမှန်း မသိသလို။ ဒါသညာနာမ်တရားပဲလို့တော့ သိတယ်။

လူကြီးမင်းများကျတော့ အရောင်ကိုလဲ သိတယ်။ အသပြာ လို့လဲ သိတယ်။ အဲဒီလိုပဲ ဒီသညာဟာ မမြဲဘူး။ ဆင်းရဲတယ်၊ အစိုးမရ၊ အနတ္တပဲလို့တော့ သိတယ်။ သို့သော်လဲ ပန်းတိုင်မဂ်ရ အောင်၊ ဖိုလ်ရအောင်တော့ ဉာဏ်အဆင့်ဆင့်နဲ့ မသိနိုင်ဘူး။

နောက်ဆုံး ပန်းတိမ်သည်နဲ့ ငွေတိုက်စိုးတို့ကျတော့ ရွှေလို့လဲ သိတယ်။ ရွှေဒင်္ဂါးလို့လဲ သိတယ်။ တန်ဖိုးကိုလဲ သိတယ်။

အဲဒီလိုပဲ ပညာသိရောက်တဲ့ အခါကျတော့ သညာနာမ်ကိုလဲ သိတယ်။ သညာရဲ့အမှတ်တံဆိပ်ဖြစ်တဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ကိုလဲ သိတယ်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရအောင်လဲ ဉာဏ်အဆင့်ဆင့်နဲ့ သိမြင်အောင် အားထုတ်တယ်။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရား ရေးသားထားတဲ့ ဘာဝနာဒီပနီ (၁၁၁)မှာ သညာက္ခန္ဓာနှင့် ပတ်သက်တဲ့ အဓိပ္ပါယ် အကျဉ်းကို ထည့်သွင်းဟောကြားလိုပါတယ်။

သညာက္ခန္ဓာ၌ "မှတ်သိလိမ္မာ မမေ့ရာဆိုသည်မှာ- အမိဝမ်းမှ မွေးဖွားသည်မှစပြီး ဤကားအမိ ဤကားအဖ ဤကားအရှေ့ ဤကားအနောက် စသည်ဖြင့် လူအများတို့ ပြောကြပြုလုပ်ကြသမျှကို မှတ်မှတ်ပြီး တစ်နေ့တစ်ခြား သိကြားလိမ္မာ လာကြသောအမှု တွေ့ဖူး ကြုံဖူး ဆက်ဆံဖူးသမျှကို တင်ရှားရာဌာနတို့မှာ မမေ့မပျောက် စွဲမြဲ ထင်ရှား၍ နေမှုအခြင်းအရာမျိုးကို "သညာက္ခန္ဓာ" ဆိုပါတယ်။

## အလိမ္မာ (၂)မျိုး

အလိမ္မာဟာ မှတ်သိလိမ္မာ၊ တတ်သိလိမ္မာလို့ နှစ်မျိုး ရှိပါတယ်။ သညာ၏ အသိအလိမ္မာကား မှတ်သိအလိမ္မာပါ။ ပညာ၏ အသိအလိမ္မာက တတ်သိလိမ္မာပါ။ အရပ်ဒေသ အရိုး အမျိုးနှင့်ပင် ပြီးစီးနိုင်တဲ့ အသိအလိမ္မာမျိုးဟာ သညာနှင့် ပြီးပါတယ်။ ဆရာသမားထံ သင်ကြားလေ့လာ နာခံမှတ်သားထားမှုနှင့်မှ ပြီးစီးသော အသိအလိမ္မာမျိုးက ပညာမျိုးပါ။ အဲဒီလို အသိအလိမ္မာ (၂)မျိုး ခွဲရပါတယ်။

အဲဒီ သညာက္ခန္ဓာသည် အာရုံအပြားအားဖြင့် (၆)ပါး ရှိပါတယ်။ ရူပသညာ၊ သဒ္ဒသညာ၊ ဂန္ဓသညာ၊ ရသသညာ၊ ဖောဋ္ဌဗ္ဗ သညာ၊ ဓမ္မသညာတို့ပါပဲ။

## သိမှု (၆)ပါး

အဆင်းသဏ္ဌာန်မျိုး၌ သိမှု၊ အသံမျိုး၌ သိမှု၊ အနံ့မျိုး၌ သိမှု၊ အရသာမျိုး၌ သိမှု၊ ပထဝီ, တေဇော, ဝါယော ဟူသော ဖောဋ္ဌဗ္ဗမျိုး၌ သိမှု၊ ထိုငါးပါးတို့မှကြွင်းသော ကုသိုလ်တရား၊ အကုသိုလ်တရား၊ ကုသိုလ် အကုသိုလ်ဟု ဆိုအပ်သော ဝိပါက် ကြိယာ ရုပ် နိဗ္ဗာန် ပညတ်တို့၌ သိမှုလို့ (၆)မျိုး ရှိပါတယ်။ မျက်စိအရသာကို သိမှု၊ နားအရသာကို သိမှု၊ နှာခေါင်းအရသာကို သိမှု၊ လျှာအရသာကို

သိမှု၊ ကိုယ်အင်္ဂါအရသာကို သိမှု၊ မနောအရသာကို သိမှု အားလုံးသိမှု (၆)မျိုး ရှိပါတယ်။

ဝိညာဏက္ခန္ဓ၏ သိမှုနှင့် သညာက္ခန္ဓာ၏ သိမှု (၂)ခုကို ခွဲခြား သိဖို့ လိုပါတယ်။ ဒွါရ (၆)ပါး၌ ဆိုက်တိုက်လာသော အာရုံတို့ကို သင်ကား မြေ၊ သင်ကား ရေ အစရှိသည်ဖြင့် သိမြင်ဖော်ပြ၍ သွားမှုသည် ဝိညာဏ်၏သိမှုပါ။ ဝိညာဏ်ဖော်ပြသမျှ နောင်မမေ့ရ အောင် မှတ်မှုသည် သညာ၏သိမှုပါ။ ဝိညာဏ်က ရှေ့သို့တွေ့ကြုံ သမျှကို ထင်မြင်သိလင်း၍ သွားနိုင်ပါတယ်။ သညာက တွေ့ကြုံဖူး သည်ကို မှတ်မိပါတယ်။ အဲဒီလို ထူးကြပါတယ်။

ဒါကြောင့် ယနေ့ (၈၈)ကြိမ်မြောက် တရားစခန်းဝင်ရောက်ပြီး အားထုတ်ကြတာဟာ သညာသိကိုလဲ လွန်အောင်အားထုတ်ရမယ်။ ဝိညာဉ်သိကိုလဲ လွန်အောင်အားထုတ်ရမယ်။

ပညာသိဖြစ်တဲ့ အဆင့်ဆင့် ဝိပဿနာ ဉာဏ်ပညာအသိ၊ မဂ်အသိ ဖိုလ်အသိရအောင် ရှေ့ဆက်ပြီးအားထုတ်ကြမယ်။ မြတ်စွာ ဘုရားက ဓမ္မစကြာဒေသနာတော်မှာ ခန္ဓာငါးပါးကို အကျဉ်းချုပ်အား ဖြင့် ဒုက္ခလို့ဟောတော်မူတယ်။

ခန္ဓာငါးပါးရှိတယ် ခန္ဓာငါးပါးက ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာလို့တောင်မှ သရုပ်ထုတ် ဟောတော်မမူဘူး။ မဟောပေမယ်လို့ အရှင်မြတ်ကြီးများကတော့ ပါရမီရင့်သန်နေကြတော့ နားလည်တယ်။ သဘောပေါက်တယ်။ ဓမ္မာစကြာဒေသနာတော်မှာ ခန္ဓာငါးပါးဟာ အကျဉ်းချုပ်အားဖြင့် ဒုက္ခအမှန် ဖြစ်တာကို ဟောတော်မူတယ်။

ဝါဆိုလပြည့်နေ့ ဓမ္မစကြာဒေသနာ ဟောပြီးတော့ ဝါဆို လပြည့်ကျော် (၅)ရက် အနတ္တလက္ခဏသုတ္တန်ကို ဆက်ဟောတော့မှ မြတ်စွာဘုရားက ခန္ဓာငါးပါး သရုပ်နှင့်တကွ လက္ခဏာယာဉ်တင်ပြီး တော့ ရှုပွားပုံပါ ဆက်ပြီးဟောပါတယ်။

**သညာအနတ္တာ သညာစဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံသညာ အာဗာဓာယ သံဝတ္တေယျ။ လဗ္ဘေထစ သညာယ ဧဝံ မေသညာ ဟောတု ဧဝံ မေ သညာ မာဟောတူတိ။ ယသ္မာစ ခေါ ဘိက္ခဝေ သညာ အနတ္တာ တသ္မာ သညာ အာဗာဓာယ သံဝတ္တတိ။ နစလဗ္ဘတိ သညာယ ဧဝံ မေသညာ ဟောတု ဧဝံ မေ သညာမာ အဟောသီတိ။**

စောစောကပြောတဲ့ အရာရာမှာ လိမ္မာကျွမ်းကျင် သညာပင်တည်ဆိုတဲ့ သညာဟာ အနတ္တာအစိုးမရပါဘူး။

အဲဒီ အစိုးမရတဲ့သညာဟာ အကယ်၍များ အစိုးရမယ်ဆိုရင် နာကျင်တဲ့သညာဖြစ်မှာ မဟုတ်ဘူး။ အစိုးမရလို့သာလျှင် သညာဟာ နာကျင်တယ်၊ သညာဟာ အမိန့်ပေးလို့မရဘူး။

အဲဒီနည်းနဲ့ နာကျင်တဲ့ဒုက္ခကို အခြေခံပြီးတော့ သညာအပေါ် မှာ အနတ္တမြင်အောင်ကြည့်ရှုတဲ့နည်း။ အနတ္တလက္ခဏာသုတ္တန်မှာ မြတ်စွာဘုရား ဟောပါတယ်။

ဆက်လက်ပြီးတော့ သုံးကျော့ပြန်ဒေသနာတော်နဲ့ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ်မြင်အောင် ရဟန်းတို့ အသိအမျိုးမျိုး မှတ်သားမှု အမျိုးမျိုးဟာ မြဲသလား၊ မမြဲဘူးလား၊ မမြဲပါဘုရား။

မမြဲရင် ဆင်းရဲသလား၊ ချမ်းသာသလား၊ ဆင်းရဲပါတယ်ဘုရား။

မြဲလဲမမြဲ ဆင်းလဲဆင်းရဲတဲ့ သညာကို တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲနဲ့ ငါ့ရဲ့ အမှတ်သညာ၊ အမှတ်သညာသည်ပင်လျှင် ငါ၊ အမှတ်သညာသည်ပင်လျှင် ငါ့ရဲ့အနှစ်သာရ **"ဧတံ မမ၊ ဧသော ဟမသ္မိ၊ ဧသော မေအတ္တာ"** ဒီလို မှားမှားယွင်းယွင်း မြင်ရင် ယူဆရင် တော်ပါ့မလားလို့ မေးတော့ -

နောဟေတံဘန္တေ= မသင့်ပါဘုရားလို့ ဖြေကြတယ်။ ဤဒေသနာတော်မှာ အရပ်စကားက သင့်ကိုမှတ်မိပါတယ်။ ငါ့ကို

မှတ်မိပါတယ်။ သင်သိပ်ပြီးတော့ ကျွမ်းကျင်တာပဲ။ လက်သမားပညာ သိပ်ပြီးတော့ ကျွမ်းကျင်တာပဲ။ ပန်းချီအတတ်ပညာ သိပ်ပြီးတော့ ကျွမ်းကျင်တာပဲ။ သိပ်မှတ်မိတာပဲ ဆိုတဲ့ အမှတ်သညာတွေကို အများအားဖြင့် သုံးစွဲနေကြတယ်။

ငါမှတ်မိပါတယ်၊ ငါသိပါတယ်၊ အဲဒီပညာ ငါတတ်ပါတယ် ဆိုတဲ့သညာ။ အဲဒီသညာကို မြတ်စွာဘုရားက တေပရိဝဋ္ဋဒေသနာ တော်နည်းနဲ့ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ်ပေါက်အောင် ဆက်ပြီးတော့ ဟောကြားတော်မူပါတယ်။

**သညာဝိပဿနာ**

**"သညာတွင်မည် ခန္ဓာသည်ကား မြင့်ရှည်ကာလ မတည်ထပဲ ခဏဖြစ်လျှက် ခဏပျက်၏"**

ဘယ်လို ရှုရမလဲ၊ အသိဓာတ်၊ လိမ္မာကျွမ်းကျင်မှု အမှတ် အသားလေးဆိုတဲ့ သညာဟာ ခဏဖြစ်ပြီးတော့ ခဏလေးနဲ့ ပျက်သွားတာပဲ။

ခဏ ခဏမှတ်တယ်။ ခဏ ခဏ သိတယ်။ မှတ်မိပါတယ်။ သူ့ကို မှတ်မိပါတယ်။ နဂိုတုန်းက အမှတ်အသားလေးသွားက ဘယ်လို နားရွက်က ဘယ်လိုအစရှိသည်ဖြင့် နဂိုကအမှတ်အသား ထားတာ လေး ဖျောက်ပြီးတော့ နောက်ထပ်အမှတ်အသားတစ်ခု ပေါ်လာ တယ်။

အရင်အမှတ်အသား နောက်ထပ်အမှတ်အသား သညာတွေ အားလုံး ခဏဖြစ်ပြီးတော့ ခဏပျက်သွားတာပါပဲ။ ဒါကြောင့် -

**"သညာတွင်မည် ခန္ဓာသည်ကား မြင့်ရှည်ကာလ မတည်ထပဲ ခဏဖြစ်လျှက် ခဏပျက်၏။ ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် ပူပန်မစဲ လွန်ဆင်းရဲ၏"။**

စောစောကဖြစ်ပြီးတော့ ပျက်သွားတယ်ဆိုတော့ ပူပန်မှု ဒုက္ခက ရှိနေတယ်။

**"ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် ပူပန်မစဲ လွန်ဆင်းရဲ၏။ ခိုင်မြဲကျောမာ နှစ်မပါဘူး။ သူ့သဘာဝ အနိစ္စသည် ဒုက္ခ အနတ္တ ပါတကား"**လို့ ရဟန်းတော်တွေလဲ မြင်တော်မူကြတယ်။

အဲလို မြင်တော်မူပြီးတော့ တေပရိဝဋ္ဋ သုံးကျော့ပြန် ဒေသနာတော်နဲ့ ရဟန်းတော်များ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ်ရောက်အောင် ပို့တော်မူပါတယ်။

နောက်ကျတော့ စုပေါင်းပြီးတော့ **"ကလာပသမ္မသနနည်း"** စုပေါင်းပြီး သုံးသပ်တဲ့နည်း။ သညာမျိုးစုံ **"အတီတာနာဂတ ပစ္စုပ္ပန္နာ"** အတိတ်မှာဖြစ်တဲ့ အမှတ်သညာ၊ အနာဂါတ်မှာဖြစ်တဲ့ အမှတ်သညာ၊ ပစ္စုပ္ပန်မှာဖြစ်တဲ့ အမှတ်သညာ။

အဇ္ဈတ္တံ ဗဟိဒ္ဓါဝါ= အတွင်းမှာဖြစ်တဲ့ အမှတ်သညာ, အပြင်မှာဖြစ်တဲ့ အမှတ်သညာ၊ ဩဠာရိကာ ဝါ သုခုမာဝါ= ကြမ်းတမ်းတဲ့ ပါးနပ်လိမ္မာမှု, နူးညံ့သိမ်မွေ့တဲ့ ပါးနပ်လိမ္မာမှု၊ ဟီနာဝါ ပဏီတာဝါ= ယုတ်ညံ့သေးသိမ်တဲ့ မှတ်သားမှု, မြင့်မြတ်တဲ့ မှတ်သားမှု၊

ဒူရေဝါသန္တိကေဝါ= အဝေးမှတ်သားမှု, အနီးမှတ်သားမှု၊ အဲဒီ မှတ်သားမှုအားလုံးဟာ

**"နေတံမမ နေသောဟမသ္မိ နမေသော အတ္တာတိ ဧဝမေတံ ယထာဘူတံ သမ္မပညာယ ဒဋ္ဌဗ္ဗံ"**။

အဲဒါတွေ အားလုံးကို တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲနဲ့ မစွဲရဘူး။

အဲလိုမြင်တဲ့ ဘုရားတပည့်သားသာဝက အမျိုးကောင်းသား အမျိုးကောင်းသမီး ဥပါသကာ ဥပါသိကာဟာ-

**"ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော"**

အဘိဓမ္မာစကားတွေ ကြားနာရလို့ အဘိဓမ္မာတရားတွေ ဘုရားပေးတော်မူတဲ့နည်းအတိုင်း ကျေးဇူးတော်ရှင် ဆရာတော်

ဘုရားကြီးတွေ ပေးတော်မူတဲ့နည်းအတိုင်း ရှုပွားဆင်ခြင်လိုက်ရင် အနိစ္စလို့ မြင်တယ်၊ ဒုက္ခလို့မြင်တယ်၊ အနတ္တလို့မြင်တယ်။

တဏှာနဲ့စွဲလမ်းမှု၊ ဒိဋ္ဌိနဲ့စွဲလမ်းမှု၊ မာနနဲ့စွဲလမ်းမှု မပြုထိုက်ဘူးလို့ မြင်ပြီဆိုတဲ့အခါ လိမ္မာပါးနပ်မှု သညာအားလုံးအပေါ် ငြီးငွေ့တဲ့ ဝိပဿနာဉာဏ်အဆင့်ဆင့်ကနေ တက်သွားတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ခေါ်တဲ့ အာသဝက္ခယဉာဏ်ထိအောင် ရနိုင်တယ်လို့ ဟောပါတယ်။

၂၅၉၄ နှစ်တာကာလက ဓမ္မစကြာဒေသနာတော်မြတ်၊ အနတ္တလက္ခဏသုတ္တန် ဒေသနာတော်မြတ် ဤဒေသနာတော်နှစ်ရပ်တို့ဖြင့် အရှင်မြတ်ကြီးငါးပါးကို ခန္ဓာငါးပါးနဲ့ ပတ်သက်ပြီးတော့ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ်ပေါက်အောင် ခန္ဓာငါးပါးလုံးအပေါ်မှာ ခန္ဓာငါးပါးနဲ့ ပတ်သက်ပြီးတော့ ရှုပွားပုံနည်းရတော့ ပေါင်းပြီးပွားများပုံတွေ ဟောကြားတော်မူပါတယ်။

စောစောကပြောသလိုပဲ ဝိပဿနာဉာဏ်အဆင့်ဆင့်တက်ပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်၊ အာသဝက္ခယဉာဏ် ထိအောင် ရရှိပြီး ဝဋ္ဋဒုက္ခခပ်သိမ်း ငြိမ်းတော်မူကြတယ်။

ဒါကြောင့် သုတ္တန်ပိဋကတရားတော်တွေမှာတော့ အဘိဓမ္မာတရားဆိုလို့ ခပ်ကျဉ်းကျဉ်းလေး အရိပ်အမြွက်လောက်လေးပဲ ဟောကြားပါတယ်။

အဘိဓမ္မာပိဋကမှာတော့ ရုပ်တရား၊ နာမ်တရားကိုပဲ နည်းမျိုးစုံနဲ့ ဓမ္မသင်္ဂဏီကျမ်းကစပြီး အကျယ်တဝင့် ချဲ့ထွင်ပြီးတော့ ဟောတော်မူပါတယ်။

ဒါကြောင့် အဘိဓမ္မာစကား၊ အဘိဓမ္မာတရား၊ ပရမတ်စကား၊ ဓာတ်စကား၊ ပရမတ်တရား၊ ဓာတ်တရားတွေ နာကြားရတာဟာ တစ်ခါတစ်ရံမှ နာကြားခွင့်ရပါတယ်။ ဗုဒ္ဓဘုရားရဲ့ သာသနာ

နဲ့ မတွေ့ကြုံရင် အဘိဓမ္မာစကား၊ ခါတ်စကား၊ ပရမတ်စကား တွေဟာ နာရဖို့ခက်တယ်။

အဘိဓမ္မာစကားမှ မနာကြားရလို့ရှိရင် အဘိဓမ္မာတရား သိအောင်မြင်အောင် အားထုတ်ဖို့မလွယ်ဘူး၊ သိဖို့လဲမလွယ်ဘူး။

ပရမတ်စကားမှ မနာကြားရလို့ရှိရင် ပရမတ်တရားလဲ သိအောင်မြင်အောင် အားထုတ်ဖို့ မလွယ်ဘူး၊ ပရမတ်တရားလဲ သိဖို့မလွယ်ဘူး။

ဓာတ်စကားမှ မနာကြားရလို့ရှိရင် ဓာတ်တရားလဲ သိအောင် မြင်အောင် အားထုတ်ဖို့မလွယ်ဘူး၊ ဓာတ်တရားလဲ သိဖို့မလွယ်ဘူး။

**“ပရမတ်မမြင် တရားမမြင်၊**
**ပရမတ်မြင်မှ တရားမြင်။**
**ပရမတ်မဝ တရားမကျ၊**
**ပရမတ်ဝမှ တရားကျသည်”**ဟု အဆိုရှိပါတယ်။ ဒါကြောင့် အဘိဓမ္မာစကား၊ ဓာတ်စကား၊ ပရမတ် စကား၊ ဤတရားတွေကို နာကြားပြီးတော့ မိမိတို့သန္တာန်မှာ အဘိဓမ္မာတရား၊ ပရမတ်တရား၊ ဓာတ်တရားတို့ကို သိအောင် မြင်အောင် ကိုယ်စီကိုယ်ငှ ဆက်လက်ပြီး အားထုတ်နိုင်ကြပါစေလို့ ဆုတောင်းပတ္ထနာပြုရင်း ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါ သတည်း။

သာဓု - သာဓု - သာဓု

♠♠♠♠♠

လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါစရိယ
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအုပ်ချုပ်ရေး
ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ
လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
တွဲဖက်အကျိုးတော်ဆောင်(၁)
ကလေးဝတောရဆရာတော်
ဒွိပိဋကရေ ဒွိပိဋကကောဝိဒ
အဂ္ဂမဟာပဏ္ဍိတ
**လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ**
ဟောကြားတော်မူသော
**(၈၉)ကြိမ်မြောက်လယ်တီဝိပဿနာ**

**သာမညဖလအခါတော်နေ့**

ယနေ့သာသနာတော်နှစ် ၂၅၄၉ နှစ်၊ ၁၃၆၇ ခု၊ တန်ဆောင်မုန်းလပြည့်နေ့။

တန်ဆောင်မုန်းလပြည့်နေ့က အင်မတန်ထူးခြားတဲ့နေ့လို့ ပြောရမှာပါပဲ။

တန်ဆောင်မုန်းလပြည့်နေ့ဟာ "သာမညဖလအခါတော်နေ့" "သံဃာတော်များနေ့" ကထိန်ခင်းရန် ခွင့်ပြုထားတဲ့ လတစ်လရဲ့ နောက်ဆုံးနေ့ ဖြစ်ပါတယ်။ မသိုးသင်္ကန်းဆက်ကပ် လျှူဒါန်းကဲ့နေ့၊ နက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပတဲ့နေ့။

အဲဒီလို လောကီ လောကုတ္တရာဆိုင်ရာ ဆောင်ရွက်ဖွယ်များ တန်ဆောင်မုန်းလပြည့်နေ့မှာ ဆောင်ရွက်ကြပါတယ်။

ပြီးတော့ ပံ့သကူစွန့်လှူကြတယ်။ မိမိလှူဒါန်းလိုတဲ့ ပစ္စည်းများကို မည်သူ့ကိုမျှ ရည်ရွယ်မထားပဲ တစ်နေရာမှာချထားပြီး “အလိုရှိသော ပုဂ္ဂိုလ်များ အလှူခံပါ”လို့ လှူဒါန်းတာဟာ ပံ့သကူအလှူဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ချက်တွေ အများကြီးရှိတဲ့အထဲက သာမညဖလ အခါတော်နေ့။ ဒီနေ့က သာသနာဟော်မှာ သုတ္တန်ဝိနည်း အဘိဓမ္မာ ပိဋကတ်သုံးဖြာရှိတဲ့နေရာမှာ သာမညဖလသုတ္တန်ကို ဒီနေ့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီ သာမညဖလသုတ္တန်ဒေသနာတော်ကြီး ဖြစ်ပေါ်လာပုံက အဇာတသတ်မင်းကို အကြောင်းခံပါတယ်။ ယခုလို တန်ဆောင်မုန်းလပြည့်နေ့မှာ အဇာတသတ်မင်းက အခုလို သာယာတဲ့အချိန်မှာ ဘယ်ဆရာကို ချဉ်းကပ်ရမလဲလို့ ဆရာရှာတယ်။

ရဟန်းရှင်လူ နတ်ပြဟ္မာတို့ရဲ့ ဆရာဖြစ်တော်မူတဲ့ ဗုဒ္ဓဘုရားကို ဆရာတင်တဲ့နေ့။ ဆရာမှန်ရှာတဲ့ အနေအားဖြင့် အဇာတသတ်မင်းဟာ မြတ်စွာဘုရားစီကို ချဉ်းကပ်တဲ့နေ့ပါပဲ။

လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော်က အခုလို တန်ဆောင်မုန်းလပြည့်နေ့မှာ အဇာတသတ်မင်း ကိုးကွယ်ရာအမှန်သိတဲ့နေ့၊ ရတဲ့နေ့။

**ဘေးသင့်**

အဇာတသတ်မင်းရဲ့ သမိုင်းကြောင်း ပြန်ကြည့်မယ်ဆိုရင် ဆရာမှန်မတွေ့မီ ဘယ်ပုဂ္ဂိုလ်ကို ဆရာတင်ခဲ့သလဲ၊ ဘယ်လိုပုဂ္ဂိုလ်နဲ့ ဆရာဒကာ လက်တွဲခဲ့သလဲ။

ပုထုဇဉ်တို့ဘဝဟာ အင်မတန်ကြောက်စရာကောင်းတယ်။ ပုထုဇဉ်များဟာ **"နာနာသတ္ထာရ ဥလ္လောကနဘေး"** အထူးထူးသော ဆရာတို့ရဲ့မျက်နှာကို မော်ကြည့်နေရတတ်တဲ့ ဘေးကြီးဟာ ဘဝများစွာမှာ ကြုံရတတ်ပါတယ်။

ဆိုကြပါစို့ "ပုဗ္ဗာစရိယ မိန္နှင့်ဖ"ဆိုတာလို လက်ဦးဆရာဆိုတာ "မိဘ"ကို ဆိုတာပါပဲ။

မိမိတို့တင်တဲ့ဆရာက အယူမှန်မဟုတ်ရင် "ငှက်ပျောပင်စိုက် မိလိုက်ဖလာ' ဆိုတာလိုပဲ။ လက်ဦးဆရာဖြစ်တဲ့ မိဘ၊ မိမိပုခက်လွှဲတဲ့ လက်ကိုက မကောင်းတဲ့လက်က လွှဲနေတော့ ဘဝသံသရာမှာ အယူမှားဖို့ ကိုးကွယ်ရာမှားဖို့ သိပ်ပြီးတော့ လွယ်ပါတယ်။ "ပုခက်လွှဲသော လက်သည် ကမ္ဘာကိုစိုးမိုးနိုင်၏" ဟုအဆိုရှိရာ အရာရာကိစ္စနဲ့ ဆိုင်ပါတယ်။

ဘုန်းကြီးတို့ ကျေးဇူးရှင် ကနီဆရာတော်ကြီးက လောကမှာ အမှောက်အမှားအနန္တရှိရာ ဆရာအမှောက် ဆရာအမှားသည် မဟာအမှောက် မဟာအမှားကြီး ဖြစ်၏ဟုမိန့်ပါတယ်။ ဆရာမှားတာဟာ အဆုံးဆိုးပါပဲ။

## ဆရာရှာ

ဘုန်းကြီးတို့ တရားအားထုတ်တဲ့အခါ **"ယထာဘူတဉာဏာယ သတ္ထာပရိယေသိတဗ္ဗော"**။

ယထာဘူတဉာဏာယ= ဟုတ်တိုင်းမှန်စွာ သိနိုင်တဲ့ ဉာဏ်ရရှိဖို့ရာအတွက်၊ သတ္ထာ= လမ်းညွှန်ဆရာကို၊ ပရိယေသိတဗ္ဗော= ရှာမှီးအပ်၏။ တရားအားထုတ်တဲ့ပုဂ္ဂိုလ်များ ယထာဘူတဉာဏ်ရအောင်

ဝိပဿနာဉာဏ်ရအောင် ဆရာရှာကြရတယ်။

အဇာတသတ်မင်းဟာ ယထာဘူတဉာဏ်ရဖို့ နေနေသာသာ ဆရာလွဲလာခဲ့တယ်။ ဘယ်လိုဆရာနဲ့ ကြုံခဲ့သလဲ၊ သူ့ဆရာရဲ့ မကောင်းတဲ့ဂုဏ်ပုဒ်တွေက ဘာတွေလဲ။

**"မှားပြီးမှ မှန်တတ်သည်"၊ "ရွဲ့ဘူးမှ တည့်သည်"။**

မှားပြီးမှ မှန်တတ်သည်။ အခု အဇာတသတ်ဟာ မှားပြီးတဲ့ မှန်တဲ့ပုဂ္ဂိုလ် ဖြစ်နေတယ်။ ဒါကြောင့် အခုလို တန်ဆောင်မုန်းလပြည့် နေ့မှာ အမှန်တရားရဖို့ ကိုးကွယ်ရာဆရာ လိုက်ပြီးတော့ ရှာခဲ့တယ်။ ဘယ်လောက်မှားခဲ့သလဲ။

ဒေဝဒတ်နဲ့ ဆရာဒကာလက်တွဲပြီးနေတော့ ဒေဝဒတ်ရဲ့ သမိုင်းကြောင်းလေး ပြန်ပြီးကြည့်မယ်ဆိုရင်-

(၁) အရှင်ဘဒ္ဒိယ၊ (၂) အရှင်အနုရုဒ္ဓါ၊ (၃) အရှင်အာနန္ဒာ၊ (၄) အရှင်ဘဂု၊ (၅) အရှင်ကိမိလ၊ (၆) အရှင်ဉပါလိ၊ (၇) အရှင် ဒေဝဒတ်လို့ သာကီဝင်မင်းသား (၇)ယောက်တို့ဟာ အတူတကွ ရဟန်းပြုပြီး တရားအားထုတ်ကြတယ်။

တစ်ဝါတွင်း တရားအားထုတ်လိုက်တာ အရှင်ဘဒ္ဒိယက "ပု-ဒိ-အာ" ခေါ်တဲ့ ဝိဇ္ဇာဉာဏ်သုံးပါးရသွားတယ်။ ဟိုနားလေးရောက်လဲ "အဟောသုခံ အဟောသုခံ" "ချမ်းသာပေစွ့ ချမ်းသာပေစွ့" လို့ ဉဒါန်းကျူးတယ်။ ဒီနားရောက်လဲ "အဟောသုခံ အဟောသုခံ" ဆိုတော့ အခြားရဟန်းတွေက အရှင်ဘဒ္ဒိယဟာ တရားထူးမရပဲနဲ့ ရချင်ယောင်ဆောင်နေခါ ဉဒါန်းကျူးနေတယ်ဆိုတော့ မြတ်စွာ ဘုရားစီပင့်ခေါ်ပြီး လျှောက်ထားကြတယ်။

မြတ်စွာဘုရားက "ဘဒ္ဒိယ နေရာအနှံ့မှာပဲ 'အဟောသုခံ၊ အဟောသုခံ'လို့ ဥဒါန်းကျူးနေတယ်ဆို"၊ "မှန်ပါတယ်ဘုရား"လို့ လျှောက်တယ်။ အဲဒီတော့ မြတ်စွာဘုရားက ချစ်သားတို့ ဘဒ္ဒိယဟာ "ပု-ဒိ-အာ" ခေါ်တဲ့ ဝိဇ္ဇာဉာဏ်ရလို့ အခုလို ရဟန္တာအဖြစ်နဲ့ ဥဒါန်းကျူး ရင့်တာဖြစ်တယ်လို့ မိန့်တော်မူပါတယ်။

အရှင်အနုရုဒ္ဓါကတော့ တစ်ဝါတွင်း တရားအားထုတ်လိုက်တာ ဒိဗ္ဗစက္ခုဉာဏ်ရရှိပြီး ရဟန္တာဖြစ်ပါတယ်။ အရှင်အာနန္ဒာမထေရ် မြတ်ကတော့ သောတာပန်ဖြစ်ပါတယ်။ အရှင်ဒေဝဒတ်ကလဲ တရားအားထုတ်လိုက်တာ လောကီစျာန် အဘိညာဉ်ရတယ်။ ဣဒ္ဓိဝိဓ= အဘိညာဉ်ပေါ့။

အဲလို ဣဒ္ဓိဝိဓ လောကီအဘိညာဉ်ရတော့ ဣဒ္ဓိဝိဓအဘိညာဉ် ဆိုတာက မိမိရဲ့ခန္ဓာကိုယ်ကို တစ်ပါးကနေ တစ်ရာ၊ တစ်ရာကနေ တစ်ထောင်၊ နဂါး၊ ဂဠုန် အစရှိသည်ဖြင့် ဖန်ဆင်းနိုင်တဲ့ တန်ခိုးဣဒ္ဓိ ပါဒ်ပါ။

ရတဲ့အခါ အဇာတသတ်ဆိုတဲ့ အိမ်ရှေ့မင်းသားနဲ့ ရင်းနှီးအောင် ကြိုးစားတယ်။ အဇာတသတ်အိမ်ရှေ့မင်းသားက ဒေဝဒတ်ကို ဆရာတင်တယ်။ ဒေဝဒတ်ကလဲ အဇာတသတ်ကို တပည့်ဒကာ မွေးတယ်။ ဆရာဒကာဖြစ်နေကြတော့ တွေ့တဲ့ဆုံတဲ့အခါမှာ မဟုတ်တာတွေချည်းပဲ ဒေဝဒတ်က အဇာတသတ်အား သင်ပေးတယ်။

အဇာတသတ်က ဆရာရှာတာပါပဲ။ ဆရာရှာရာကတွေ့တော့ ဒေဝဒတ်နဲ့တွေ့တယ်။ လက်ဦးဆရာဖြစ်တဲ့ ဗိမ္ဗိသာရမင်းနဲ့ ဝေဒေဟီမိဖုရားကြီးတို့ကို ပယ်ပြီးတော့ ဆရာဒေဝဒတ်ရဲ့ အဆုံးအမ အောက်မှာ တည်ရှိပြီးနေတယ်။

## ဒေဝဒတ်ရဲ့ အမှားကြီး (၉)မျိုး

အဲဒီလို တည်ရှိနေတော့ ဆရာဒေဝဒတ်ရဲ့ အမှားကို ပြန်ကြည့်မယ်ဆိုရင် ဆရာဒေဝဒတ်ရဲ့ အမှားကြီး (၉)မျိုးကို ပိဋကတ်တော်မှာ တွေ့ရတယ်။ အဲဒီအမှားကြီး (၉)မျိုးက -

(၁) လာဘ်လာဘ ပေါများဖို့ ဆိုပြီးတော့ ပထမဆုံး တန်ခိုးပြပြီး အဇာတသတ်ကို သိမ်းသွင်းပါတယ်။ တန်ခိုးပြတာကလဲ မင်းသားလေးတစ်ယောက် မြွေတွေကို ခန္ဓာကိုယ်မှာ ပတ်ပြီးတော့ ပြတယ်။ အဇာတသတ်မင်းသားလေး ရှေ့မှာသွားတော့ "ကောသိတွံ"= သင်ဘယ်သူလဲလို့ အဇာတသတ်ကမေးတယ်။

"အဟံဒေဒတ္တော" ငါဒေဝဒတ်ပဲလို့ ဆိုပြီး ရဟန်းအသွင် ဒေဝဒတ်ရဲ့အသွင်ကို ပြလိုက်တယ်။

အဲဒီမှာ အဇာတသတ်မင်းသားက အထင်ကြီးသွားတယ်။ အထင်ကြီးသွားတော့ ဆရာဒကာ အရင်းအချာဖြစ်သွားတယ်။ ဒါပထမဆုံးအမှားပါပဲ။

(၂) အဲဒီကနေပြီး သံဃာ့ခေါင်းဆောင်ဖြစ်ဖို့ရန်အတွက် မြတ်စွာဘုရားထံ တောင်းပန်တယ်။

(၃) မြတ်စွာဘုရားက လက်ခံတော်မမူဘဲ "သူတော်ကောင်းများအတွက် ပေးပို့ထားတဲ့ တံတွေးကွက်နဲ့တူတဲ့ လာဘ်ပူဇော်သကာကို လိုလားနေတဲ့အတွက် ဒေဝဒတ်ကို မြတ်စွာဘုရားက ခေဠာသက "တံတွေးကွက်ကောက်စားသူလို့" ရှုံ့ချတော်မူတယ်။

"ခေဠာသက"လို့ အမှန်အတိုင်း ရှုံ့ချတော်မူပါတယ်။ အဲဒီလို ရှုံ့ချလိုက်တဲ့အခါမှာ ဒေဝဒတ်က မြတ်စွာဘုရားကို ပထမဆုံး ရန်ငြိုးဖွဲ့ပါတယ်။

(၄) မြတ်စွာဘုရားကို ရန်ငြိုးလဲဖွဲ့လိုက်ရော တန်ခိုးတွေလဲ ပျောက်သွားပါတယ်။ နောက် အဇာတသတ်အား ဖခင် ဗိမ္ဗိသာရမင်းကို လုပ်ကြံသတ်ဖြတ်စေတယ်။ ဗိမ္ဗိသာရမင်းကြီးကို သတ်ဖြတ်အောင် နည်းလမ်းကို ပေးတယ်။ ဒီသတ်ဖြတ်နည်း လူတွေမသိတာကောင်းတယ်။

(၅) အဇာတသတ်မင်းဖြစ်လာတဲ့အခါမှာ မြတ်စွာဘုရားကို သတ်ဖြတ်ဖို့ သူသတ်သမားတွေကို လွှတ်ပေးတယ်။

ရဟန်းဂေါတမ (မြတ်စွာဘုရား)ကို သတ်ဖို့လူသတ်သမားတစ်ယောက်လွှတ်တယ်။ ပြန်လာမည့်လမ်းမှာ လူသတ်သမားနှစ်ယောက်ထားတယ်။

ရဟန်းဂေါတမသတ်ပြီး ပြန်လာတဲ့လူကို လမ်းကစောင့်နေတဲ့ လူနှစ်ယောက်က သတ်၊ လူနှစ်ယောက်ပြန်လာတဲ့အခါ လမ်းကစောင့်နေတဲ့ လူလေးယောက်က သတ်ပြီး ပြန်လာတဲ့အခါ လမ်းကစောင့်နေတဲ့ လူသတ်သမား ရှစ်ယောက်က လူလေးယောက်ကိုသတ်၊ အဲဒီ လူရှစ်ယောက်ကို လမ်းကစောင့်နေတဲ့ လူတစ်ဆယ့်ခြောက်ယောက်က သတ်ဖို့ရာ အကြီးအကျယ်စီမံခဲ့တယ်။

လူသတ်သမားတွေက မြတ်စွာဘုရားစီသွားပြီး တရားနာသောတာပန်တွေ ဖြစ်ကြတယ်။

(၆) ဒါနဲ့ မကျေနပ်သေးဘူး။ ဂိဇ္ဈကုဋ်တောင်ပေါ် တက်ပြီးတော့ ကျောက်မောင်းဆင်တယ်။ အဲဒီကျောက်မောင်းကြောင့် မြတ်စွာဘုရားခြေတော်မှာ သွေးခြေဥသွားတယ်။ ယင်ငယ်တစ်ကောင်သောက်လောက်ရုံမျှ သွေးထွက်အောင်တော့ မစီမံနိုင်ပါ။

(၇) ဒါတင်အားမရ။ နာဠာဂီရိဆင်ကြီးကို အရက်(၉)မောင်းတိုက်ပြီး မြတ်စွာဘုရား ဆွမ်းခံကြွနေစဉ် ဆင်ကိုလွှတ်ပြီး နင်းသတ်စေတယ်။

(၈) နာဠာဂီရိဆင်ကို လွှတ်တဲ့အခါမှာ အရင်တုန်းက မြတ်စွာဘုရားကို သတ်ဖြတ်ဖို့ရာ လူသတ်သမားစေလွှတ်တဲ့ ကိစ္စတွေ၊ ဗိမ္ဗိသာရမင်းကို သတ်ဖို့ရာစီစဉ်တဲ့ကိစ္စတွေ ထင်ရှားလာတော့ အဇာတသတ်က ဆွမ်းအုပ်ငါးရာ ပို့နေတာကို ဖြတ်ပစ်လိုက်တယ်။

အဲဒီလို ဖြတ်ပစ်လိုက်တဲ့အခါမှာ ဒေဝဒတ်က တောင်းဆိုချက်(၅)ချက်တောင်းတယ်။

(၁) ရဟန်းတော်အားလုံး တောထဲမှာနေပါစေ။
(၂) ပိဏ္ဍပါတ်ဓူတင်ဆောင်ပါစေ။
(၃) ပံ့သကူဓူတင်ဆောင်ပါစေ။
(၄) ရုက္ခမူဓူတင် သစ်ပင်ရိပ်မှာနေပါစေ။
(၅) အသားစားခြင်းမှ ရှောင်ကြဉ်ပါစေ။

ဒီတောင်းခြင်း(၅)မျိုးကို တောင်းတဲ့အခါ မြတ်စွာဘုရားက မလိုက်လျောခဲ့ဘူး။

နောက်တစ်ခါ သံဃာသင်းခွဲတော့မယ်။ ဒေဝဒတ်က ဒကာဒကာမတွေကို တို့က ရဟန်းတွေတောထဲမှာနေပါစေဆိုတာ ရဟန်းဂေါတမက မလိုက်လျောဘူး။ တို့က တောမှာနေစေချင်တယ်။

ပိဏ္ဍပါတ်ဓူတင်ဆောင်ပါစေ။ ဒကာ ဒကာမတွေ ကပ်တဲ့ဆွမ်းကို မဘုဉ်းပေးပါစေနဲ့လို့တောင်းတာ ရဟန်းဂေါတမက မလိုက်လျောဘူး။

အဲဒီလို စသည် အသစ်အဆန်းကြိုက်တဲ့ ဒကာ ဒကာမ တွေကို ဆွဲဆောင်ဖို့အတွက် ဒီငါးချက်ကို ဒေဝဒတ်က တောင်းခဲ့တာ။ ဒါပေမယ့်လို့ မြတ်စွာဘုရားက ခွင့်မပြုခဲ့ပါဘူး။

နံပါတ်(၉)ကတော့ သံဃာသင်းခွဲခဲ့တာပါပဲ။ သံဃာသင်းခွဲ တော့ 'သံဃဘေဒက'ကံ ထိုက်တယ်။

အဲဒီကနေပြီး (၉)လကြာတဲ့အခါမှာ ဇေတဝန်ကျောင်းတိုက် အနီးက "အိုက္ကန္ဒာတလာက"ခေါ်တဲ့ ရေကန်အနီးမှာ မြေမျိုပြီးတော့ ဘဝအဆုံးသတ်သွားပါတယ်။

မြတ်စွာဘုရားကို သတ်ဖို့ရာ သူသတ်သမားတွေ လွှတ်တယ်။ သွေးစိမ်းတည်အောင် လုပ်တယ်။ မြတ်စွာဘုရား သတ်ဖို့ရာ နာဠာဂီရိ ဆင်ကို လွှတ်တယ်။ ဝတ္ထုငါးမျိုးကိုတောင်းတယ်။ သံဃာသင်းခွဲတယ်။

ဒီတော့ အဇာတသတ်မင်းဟာ ဆရာပေါင်းမှားပြီး လက်ဦး ဆရာ မိဘများကိုပယ်ပြီး ဒေဝဒတ်ကို ဆရာတင်ခဲ့ပါတယ်။

"ဒကာကို ဆရာကမြှောက်ရင်မွဲရော၊ ဆရာကို ဒကာမြှောက် ရင် လဲရော" ဆိုတာလို ဒကာ အဇာသတ်မင်းလဲ ကံမွဲကံချာတွေနဲ့ လုံးခြာလိုက်ပြီး သူ့ဆရာကလဲပဲ နောက်ဆုံးမြေမျိုတဲ့ထိအောင် လဲသွားတဲ့အတွက် "ဆရာဒကာ အတွဲမှားကြတယ်"။

အဲဒီလို အတွဲမှားတာကို အကြောင်းပြုပြီးတော့ ဒကာ အဇာတသတ်ဟာ ဆရာဒေဝဒတ်ရဲ့စကားကို နားထောင်ပြီးတော့ ဖခင်မင်းကြီးကို သတ်ခဲ့တာတွေ၊ မကောင်းမှုအကုသိုလ်ကြီးတွေ များတော့ အိပ်မပျော်တော့ဘူး။

အခုလို တန်ဆောင်မုန်းလပြည့်နေ့မှာ ဆရာကောင်း ဆရာသစ်ရှာဖို့ စိတ်ကူးပေါက်ခဲ့တယ်။ အဲဒီ စိတ်ကူးပေါက်လို့

ဖြစ်ပေါ်လာတဲ့ တရားကတော့ "သာမညဖလ" သုတ္တန်ဒေသနာတော်ကြီးပါ။

ဒေဝဒတ်တို့လို ပုဂ္ဂိုလ်တွေကို ချဉ်းကပ်ပြီးတော့ မှားခဲ့ကြတဲ့ ပုဂ္ဂိုလ်များသည်ပင် ဗုဒ္ဓဘုရားကို မှန်ကန်သောဆရာလို့ နောက်ဆုံး ရွေးချယ်နိုင်ကြတယ်။

ဒါကြောင့် ယခုအားထုတ်ကြတဲ့နည်းနာနိဿယတွေဟာ ဘယ်ကလာသလဲ၊ မြတ်ဗုဒ္ဓစီက။ အဲဒီက လယ်တီဆရာတော်ဘုရားကြီးစီ ရောက်လာတယ်။ လယ်တီဆရာတော်စီ ဘယ်လိုရောက်လာသလဲ။ ဗုဒ္ဓဘုရားထံက အဆင့်ဆင့်ရောက်လာတယ်။ နည်းနာနိဿယဟာ မှန်ကန်သော သာသနာ့နယ်ပယ်မှာ သာမညခေါ်တဲ့ မင်္ဂလေးပါး၊ သာမညဖလခေါ်တဲ့ ဖိုလ်လေးပါး ဒေသနာတော်မြတ်ကြီး ဖြစ်ပေါ်လာတဲ့နေ့။

လယ်တီဝိပဿနာ (၇)ရက်စခန်းသို့ ဝင်ရောက်ပြီးတော့ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ ကျော်က မြတ်စွာဘုရားကိုယ်တော်တိုင် ညွှန်ကြားခဲ့တဲ့ မင်္ဂလေးပါး၊ ဖိုလ်လေးပါး၊ တစ်နည်း သာမညဖလ ရဟန်းပြုရကျိုး (၁၂)ပါး၊ ရဟန်းပြုရကျိုး (၁၈)မျိုးတို့ကို ရရှိအောင် ကြိုးစားအားထုတ်နိုင်ကြပါစေလို့ တိုက်တွန်းနှိုးဆော်ရင်း ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

**ဦးနာဂနှင့်ဆွေးနွေး**

ထိုင်ဝမ်ကလာတဲ့ ရဟန်းတော် ဦးနာဂဟာ လွန်ခဲ့တဲ့(၁၂)နှစ်က ထေရဝါဒဗုဒ္ဓနည်းအရ ရဟန်းပြုသွားပါတယ်။

ရဟန်းပြုသွားပြီး ထေရဝါဒသာသနာပဲ ပြုပါတယ်။ ထေရဝါဒသာသနာပြုတော့ သူရဲ့တပည့်တွေနဲ့လာပြီး လယ်တီဝိပဿနာ (၇)ရက်တရားစခန်း (၈၉)ကြိမ်မြောက်မှာ လာလေ့လာတာပါပဲ။

မနက်က သံဃာတော်အရှင်မြတ်များကို ဆွမ်းဆက်ကပ်လှူဒါန်းပြီး အခုလာရောက်လေ့လာတာပါပဲ။ တရားအားထုတ်တဲ့အစီအစဉ်လေးကို မပြောခင် တရားအစီ အစဉ်ကို ဒေါ်စန်းစန်းဝင်းက ဘာသာပြန်ပေးပါမယ်။

အခုယောဂီသူတော်စင်များ အားထုတ်ကြတဲ့ (၇)ရက်တရားစခန်းကတော့ (၈၉)ကြိမ်မြောက် တရားစခန်းဖြစ်ပါတယ်။ တရားစခန်းမှာ တစ်ချိန်(၁)နာရီကြာပြီး တစ်နေ့မှာ (၉)ကြိမ် အားထုတ်ရပါတယ်။

ယောဂီများဟာ ဒီရိပ်သာမှာပဲ စားပြီး ဒီမှာပဲ နေကြပါတယ်။ စားစရိတ်ငြိမ်းပါပဲ။ အချိန်ပြည့်အားမထုတ်နိုင်တဲ့ ယောဂီဟောင်းသစ်များကတော့ အချိန်ပိုင်း လာရောက်အားထုတ်ကြပါတယ်။

အခုအားထုတ်တဲ့နည်းက မြတ်စွာဘုရားဒေသနာတော်နဲ့အညီ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးကိုယ်တိုင်ကျင့်၊ ကိုယ်တိုင်ဟောပြခဲ့တဲ့ လယ်တီဝိပဿနာနည်း ဖြစ်ပါတယ်။

ယောဂီတွေဟာ ကံကောင်းလို့ တရားအားထုတ်ခွင့် ရကြတာပါ။ ဒီတရား ဟောကြားရာ အိန္ဒိယနိုင်ငံ၊ နယူးဒေလီ ကေလာသ အရှေ့ရပ်မှာရှိတဲ့ ပုဂ္ဂိုလ်တွေ တစ်ရာတစ်ယောက်၊ တစ်ထောင်တစ်ယောက် အားထုတ်ခွင့်မရနိုင်တော့ပါဘူး။

မြတ်စွာဘုရားအလောင်းတော်ဟာ ဥရုဝေလတောမှာ (၆)နှစ် တရားအားထုတ်ပြီးတော့ ရဟန္တာမဖြစ်သေးပါဘူး။ ဗုဒ္ဓဂယာရဲ့ အရှေ့ဘက် တစ်မိုင်လောက်ဝေးတဲ့ သုဇာတာကုန်းမှာ စတင်ပြီးတော့ ဒီနည်းကို အားထုတ်ပါတယ်။

ဘုရားဖြစ်ခါနီး ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ဘုရားအလောင်းတော် ဒီအာနာပါနတရား အားထုတ်တဲ့နည်းနဲ့ အားထုတ်လို့ ဘုရားဖြစ်တာပါ။ မြန်မာနိုင်ငံသားတွေဟာ ပါဠိစာပေမတတ်ကြတော့ ဒီနည်းကို အားထုတ်ခွင့်မရကြတာ များပါတယ်။

လွန်ခဲ့တဲ့နှစ် (၁၀၂)က ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးဟာ မန္တလေးမြို့ ရတနာပုံနေပြည်တော် ကင်းဝန်မင်းကြီးရဲ့ အိမ်တော်ရှေ့မှာ ကြီးကျယ်ခမ်းနားတဲ့ မဏ္ဍပ်ကြီးအတွင်း ရောက်ရှိလာကြတဲ့ ရဟန်းရှင်လူ ပြည်သူအများအား (၃)ညဥ့်တိုင်တိုင် အာနာပါနအခြေခံတဲ့ သမထယာနိကကျင့်စဉ်နဲ့ အတ္တဒီဠပြုတ်အောင် ဟောကြားပြသတော်မူခဲ့ပါတယ်။

အဲဒီအခါကျမှ ၂၀ ရာစုဖွား မြန်မာနိုင်ငံသူ နိုင်ငံသားတွေ တရား အားထုတ်တတ်ကြလို့ မြန်မာနိုင်ငံမှာ သမထတရား၊ ဝိပဿနာတရား အားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေ အခုအချိန် အမြဲတမ်းသိန်းကျော်အထိ ရှိပါတယ်။

ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားရဲ့ မြတ်ဗုဒ္ဓဒေသနာတော်နဲ့အညီ ဟောကြားပြသတဲ့ လယ်တီဝိပဿနာနည်းအတိုင်း ၁၃၆၁ နှစ်ကစပြီး တရားစခန်းများ ဖွင့်လှစ်တရားပြခဲ့တာ တရားစခန်းပေါင်း (၁၅၀)ကျော်၊ အကြိမ်ပေါင်း (၄၅၀)ခန့်ရှိပြီး၊ ယောဂီပေါင်း (၄၀၉၂၀)ဦး ရှိပါတယ်။

အဲဒီ အာနာပါနအခြေခံနည်းအတိုင်း ကျေးဇူးတော်ရှင် လယ်တီ ဆရာတော်ဘုရားက အာနာပါနဒီပနီကျမ်း ရေးခဲ့ပါတယ်။

ဒီတရားအားထုတ်နည်း လယ်တီဆရာတော်ရဲ့ ဒီပနီကျမ်းနဲ့ လယ်တီဝိပဿနာစာအုပ်မှာ အပြည့်အစုံပါပါတယ်။ မရှင်းမလင်းတာ ရှိရင် မေးပါဦး၊ ဖြေရှင်းပေးနိုင်ပါတယ်။

ဦးနာဂရော တပည့်တွေရော မနေ့ကမှ အိန္ဒိယက ရောက်လာ တာဆိုတော့ အနားယူကြပါတော့။ ဒီတရားစခန်းမှာ တရားပြနေတဲ့ ကမ္မဋ္ဌာနာစရိယများက ဦးကောသလ၊ ဦးတေဇနိယ၊ ဦးသန်းခင်၊ ဦးလှကို တို့ဖြစ်ကြပါတယ်။

ရဟန်းတော် ဦးနာဂကလဲ ပြန်လည်လျှောက်ထားပါတယ်။ ပြတ်ပြတ်သားသာ မကြားရပါ။ တရုတ်ပြည်မှာ စောစောက ထေရဝါဒ ကို အထင်သေးကြပါတယ်။ လွန်ခဲ့တဲ့နှစ်(၂၀)လောက်ကစပြီး မဟာယာနများက ထေရဝါဒကို အာရုံစိုက်လာကြပါတယ်လို့ လျှောက်ထားပြီး နိဂုံးချုပ်ပါတယ်။

**ခင်ပွန်းကြီး (၁၀)ပါး**

(၈၉)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း။ ဒီတရားစခန်းကို ၁၃၆၇ ခု၊ တန်ဆောင်မုန်းလပြည့်နေ့က ဖွင့်လှစ်ခဲ့ကြတယ်။

ဒီနေ့ တန်ဆောင်မုန်းလဆန်း (၇)ရက်နေ့။

သာမညဖလဒေသနာတော်မှာ -

**ကံနုခွ္ဓ သမဏံဝါ ဗြဟ္မဏံဝါ ပယိရုပါသေယျာမ၊**

**ယံနော ပယိရုပါသတော စိတ္တံ ပသီဒေယျ။**

အဇာတသတ်မင်းက အဘယ်မည်သော ရဟန်း၊ အဘယ်မည်သော ဗြာဟ္မဏကို ကိုးကွယ်ရပါမလဲ။ အဘယ်သမဏဗြာဟ္မဏကို ကိုးကွယ်ရသဖြင့် စိတ်သက်သာမှု စိတ်ချမ်းသာမှု ရနိုင်မလဲ။ အဲဒီလို သမဏဗြာဟ္မဏမျိုးကို ရှာဖွေခဲ့တယ်။ အဲဒီလို ရှာပုံတော် ဖွင့်ပုံက ဖွင့်ပွဲတုန်းက ပြောသလိုပဲ။ "မှားပြီးမှ မှန်တတ်သည်" ဆိုတဲ့အတိုင်း။ ဆရာအရွေး မှားခဲ့တယ်။ မှားတဲ့အခါကျတော့ ဘယ်လောက်အထိ မှားခဲ့သလဲဆိုတော့ ဆရာလဲ ကံကြီးထိုက်အောင်မှားခဲ့တယ်။

တပည့်ဖြစ်တဲ့ အဇာတသတ်မင်းလဲ ပိတုဃာတက ကံကြီးထိုက်တဲ့ထိအောင် မှားခဲ့တယ်။ အဲဒီလိုမှားခဲ့လို့ လောကမှာ မပြစ်မှားထိုက်တဲ့ပုဂ္ဂိုလ်တွေ၊ ကာယဒဏ် ဝစီဒဏ် မထားထိုက်တဲ့ပုဂ္ဂိုလ်တွေ၊ အဒဏ္ဍပုဂ္ဂိုလ်တွေ၊ အပဒုဋ္ဌ မပြစ်မှားထိုက်တဲ့ပုဂ္ဂိုလ်တွေ၊ အဲဒီပုဂ္ဂိုလ်တွေဟာ ဘယ်သူတွေလဲ၊ ဘယ်ပုဂ္ဂိုလ်တွေလဲဆိုတော့-

**"ဗုဒ္ဓါ ပစ္စေက ဗုဒ္ဓါစ"**

သမ္မာသမ္ဗောဓိဘုရားရှင်ကြီးများ၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးများ၊

**"သာဝကာ အဂ္ဂသာဝကာ"**

ပကတိသာဝကအရှင်မြတ်များ၊ အဂ္ဂသာဝကအရှင်မြတ်များ။

**"မာတာပိတု ဂရုသတ္ထာ၊ ဒါယကာ ဓမ္မဒေသကာ"**

အမိအဖများ၊ အလေးအမြတ်ပြုထိုက်တဲ့ ရသေ့ကြီးများ၊ အလေးအမြတ်ပြုထိုက်တဲ့ ပရိဗိုဇ်ကြီးများ၊ ပညာသင်ကြားပေးကြသော ဆရာများ၊ ပစ္စည်းအာမိသ ထောက်ပံ့ကူညီပေးကြ လှူကြတဲ့ ပုဂ္ဂိုလ်များ၊ တရားဓမ္မဟောပြတဲ့ ပုဂ္ဂိုလ်တွေ။ ဒီပုဂ္ဂိုလ်ကြီးတွေက မပြစ်မှားထိုက်တဲ့ ပုဂ္ဂိုလ်တွေ၊ ကာယ, ဝစီဒဏ် (၂)မျိုး မထားထိုက်တဲ့ ပုဂ္ဂိုလ်တွေ၊ မပြစ်မှားထိုက်တဲ့ "အပဒ္ဒူ" ပုဂ္ဂိုလ်တွေ၊ ခင်ပွန်းကြီးဆယ်ပါးလို့ ဒီလိုခေါ်ကြတယ်။

အဲဒီ ဒဏ်မထားထိုက်တဲ့ပုဂ္ဂိုလ်၊ မပြစ်မှားထိုက်တဲ့ ပုဂ္ဂိုလ်ဆယ်မျိုးတို့အပေါ်မှာ ဆရာဒေဝဒတ်ရော၊ တပည့် အဇာတသတ်ရော ဒဏ်လဲထားခဲ့ကြပြီ။ ပြစ်လဲပြစ်မှားမိခဲ့ကြပြီ။ ကာယဝစီ မနောသုံးပါးလုံးနဲ့ပဲ ပြစ်မှားခဲ့ကြပြီ။

အဲဒီလို ပြစ်မှားမိတဲ့အခါကျတော့ သူတို့မှာ ဒဏ်သင့်။ ဆရာဖြစ်တဲ့ ဒေဝဒတ်လဲ ဒဏ်ဆယ်မျိုးသင့်။ ငရဲကျနိုင်တဲ့ ဒဏ်မျိုး။

ဒဏ်ဆိုတာ ဘယ်လိုဟာလဲဆိုတော့ မင်းအစရှိသည်တို့ရဲ့ ဖိနှိပ်ခြင်းကို ဒဏ်လို့ခေါ်တယ်။ မင်းအာဏာကြောင့်ဖြစ်တဲ့ အပြစ်ဟာလဲပဲ ဒဏ်၊ မင်းအမိန့်အာဏာကြောင့် အပြစ်ပေးဟာ ဒဏ်။

မပြစ်မှားအပ်တဲ့ဘုရား၊ မပြစ်မှားအပ်တဲ့ ဗိမ္ဗိသာရမင်း ခင်ပွန်းကြီးများကို ပြစ်မှားသူများအပေါ်မှာ မင်းပြစ်မင်းဒဏ်နဲ့ တူတဲ့အတွက်ကြောင့်မို့ ဒဏ်လို့ခေါ်ရတယ်။

**ဒဏ်(၁၀)ပါး**

**"မီးမင်းအနာ ပျက်အင်္ဂါ ရှုးပါစွပ်စွဲသည်"**

(၁) မီးဘေးသင့်တတ်တယ်။

(၂) မင်းဘေးသင့်တတ်တယ်။

(၃) ကြမ်းတမ်းပြင်းထန်သော အနာရောဂါစွဲကပ်တတ်တယ်။

(၄) ကုသဖို့ ကုစားဖို့ ခက်ခဲတဲ့အနာရောဂါစွဲကပ်တတ်တယ်။

(၅) အင်္ဂါခြေလက် ပျက်တတ်တယ်။

(၆) ရူးသွပ်တတ်တယ်။

(၇) ကြမ်းတမ်းတဲ့စွပ်စွဲခြင်းများ ခံစားရတတ်တယ်။

**"ဥစ္စာလဲဆုံး ပျက်ကာသုဉ်း သေဆုံးဆွေညာတိ"**

(၈) ဥစ္စာပစ္စည်းတို့ရဲ့ လျော့နည်းမှု ဆုတ်ယုတ်မှု ဖြစ်တယ်။

(၉) ဥစ္စာပစ္စည်းတို့ရဲ့ ဘောဂပဘက်ုရ ခေါ်တဲ့ ပျက်စီးမှု ဖြစ်တတ်တယ်။ မြေမြှုပ်ထားတဲ့ ရွှေတွေက မီးသွေးတွေဖြစ်တာတို့၊ မိမိကအကျိုးရှိမယ်ဆိုပြီးထားတဲ့ နေရာတွေက ကောက်ကျစ် ကလိန်ကျစ်ခံရလို့ ပျက်စီးတာတို့ ကြုံရတတ်တယ်။

(၁၀) အားကိုးအားထားရာဖြစ်တဲ့ ဆွေမျိုးများသေဆုံးခြင်း။

**"ခင်ပွန်းကြီးများ ကျူးလွန်ထား ဆယ်ပါးဒဏ်ကြီးထိ"**

အဲဒီ ဒဏ်မထားထိုက်တဲ့ ပုဂ္ဂိုလ်ကြီး(၁၀)ပါးတို့အား ကာယဒဏ်၊ ဝစီဒဏ်၊ မနောဒဏ်ထားမယ်ဆိုရင် (၁၀)ပါးသော ဒဏ်တွေအပြင်၊ ငရဲပါရောက်နိုင်တယ်။

ဒါမြတ်စွာဘုရား မိန့်ကြားတဲ့အတိုင်းပဲ ဒဏ်(၁၀)ပါးနှင့် ငရဲကျအောင် ဆရာဒေဝဒတ်နဲ့ တပည့်အဇာတသတ် ရရှိခဲ့ကြပြီ။

အဲဒီလို ရရှိခဲ့တော့ ဈာန်မဂ်ဖိုလ်နိဗ္ဗာန်တရားနဲ့ ပတ်သက်ပြီး တော့ ဈာန်မဂ်ဖိုလ် နိဗ္ဗာန်ရဲ့ အန္တရာယ်ကို ပြုတတ်တဲ့တရား၊ ပြုတတ်တဲ့အမှုအကျင့်တွေ ဖြစ်ခဲ့ကြပြီ။

**အန္တရာယေစနိယျာနေ၊ ဗုဒ္ဓေတ္တ အာသဝက္ခယေ။**

ဒေဝဒတ်ဟာ အဇာတသတ်နဲ့ ပေါင်းပြီးတော့ ဒဏ်ကြီး(၁၀) ပါးနဲ့ ငရဲပါရရှိသွားတယ်။

အဲလို ရရှိသွားတော့ အကယ်၍များ ဈာန်မဂ်ဖိုလ် နိဗ္ဗာန်ကို တားမြစ်တတ်တဲ့ သံဃဘေဒကကံ၊ လောဟိတုပ္ပါဒကံ ဆိုတဲ့ သံဃာ သင်းခွဲတဲ့ကံနဲ့ ဘုရားကို သွေးစိမ်းတည်အောင်ပြုတဲ့ ကံကြီးတွေသာ မထိုက်ဘူးဆိုရင် ဆရာဒေဝဒတ်ရော၊ အဇာတသတ်ရော ခေတ့်ပုဂ္ဂိုလ် တွေမှ မဟုတ်ပဲ။ သာမန်ပုဂ္ဂိုလ်တွေ မဟုတ်ကြဘူး။ အလွန်ထက်မြက် ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေ။

ဗိမ္ဗိသာရမင်းရဲ့အစဉ်အဆက်မှာ အဇာတသတ်က အိမ်ရှေ့ မင်းကိုး။ အကယ်၍များ ယခုလို ကာယကံမြောက်၊ ဝစီကံမြောက်၊ မနောကံက ဦးဆောင်ပြီး မပြစ်မှားခဲ့ဘူးဆိုရင် “လူ၌ဂုဏ်ထူး ကျေးဇူးကြီးစွာ ဆရာမိဘ ဘုရားစသား ထိုမျှမိတ်ချစ် သူတော်စစ်ကို မပြစ်မမှား သူတို့အားကား”

ဘုရားအစရှိတဲ့ ပုဂ္ဂိုလ်တွေ၊ လူ့လောကမှာ ထင်ရှားရှိကြတဲ့ ဂုဏ်ထူးဝိသေသနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ကြီးဆယ်ပါး၊ ပုဂ္ဂိုလ်ကြီးဆယ်ပါး အား ပူဇော်မယ်၊ ရိုသေသမှုများ ပြုကြမယ်ဆိုရင်၊ မပြစ်မှားဘူးဆိုရင် “တပါးရပ်ရွာ သွားစပါလည်း အစားအစာ မရှားပါပဲ ရောက်သွားရာရာ ပူဇော်လာ၏”

အခြားအခြားအရပ်ဒေသသွားတဲ့အခါမှာလဲ အစားအစာတွေ နေရာထိုင်ခင်းတွေနဲ့ ပူဇော်ကြလိမ့်မယ်။ အကျိုးထူးတရားတွေ။

"အစားအစာ၊ မရှားပါပဲ၊ ရောက်သွားရာရာ၊ ပူဇော်လာ၏၊ ရာဇာစောရ ဓားပြခိုးသူ ကလူနိုင်ထက် မနှိပ်စက်ရာ"

မင်းဘေး သူခိုးဘေး အစရှိတဲ့ဘေး မသင့်ဘူး။ သူခိုးအစရှိသည်တွေက ကလူနိုင်ထက် မနှိပ်စက်နိုင်ဘူး။

"ရာဇာစောရ ဓါးပြခိုးသူ ကလူနိုင်ထက် မနှိပ်စက်ရာ မျက်နှာချစ်ဖွယ် လသဖွယ်နှင့် တင့်တယ်အထူး ရဲဂုဏ်ပြူးလျှက် ကျေးဇူးသတင်း ကျော်စောမိုးပျံ့ ခြံရံမကွဲ ကျက်သရေနတ်နှယ် တင့်တယ်ပွင့်လင်း ဆင်မြင်းကျွန်နွား လယ်ယာများ၌ စပါးစံနှံ့ သီးခွံမပျက်တောင်ထက်ချောက်ကမ်း စွဲလန်းလွတ်ကွာ ကျတုန်ပါလည်း တည်ရာရငြား သားနှင့်သမီး ညောင်ပင်ကြီးသို့ ခိုင်ဖြိုးခြေမြစ် မြဲမံဖြစ်ဟုစင်စစ်မှန်လှ ဟောဖော်ပြသား ဒသမိတ္တ ပူဇနဂါထာ ဤဆယ်ဖြာကိုကောင်းစွာနားလည် မှတ်သားတည်လေ့"

ပြစ်မှားတဲ့ပုဂ္ဂိုလ်နဲ့ ပူဇော်တဲ့ပုဂ္ဂိုလ်၊ ပုထုဇဉ်ဘ၀ အင်မတန်ကြောက်စရာကောင်းတယ်။ ပုထုဇဉ်တို့ရဲ့အဖြစ်က အင်မတန်ကြောက်စရာကောင်းတယ်။

အမိသတ်ခြင်းအစရှိတဲ့ ကံကြီးတွေ အလွတ်တကူ ထိုက်နိုင်တယ်။ အရိယာပုဂ္ဂိုလ်ကြီးများကျတော့ ဒီလိုကံကြီးတွေ မပြောနဲ့။ ရိုးရိုးပါဏာတိပါတကံတောင် မပြုလုပ်ပါဘူး။

ပုရွက်ဆိတ်ကလေးတစ်ကောင် သတ်ပြီးတော့ ကမ္ဘာလောကကြီးကို အစိုးရတဲ့ စကြာမင်းဖြစ်မယ်ဆိုရင်တောင်မှ အရိယာပုဂ္ဂိုလ်က ဒီပုရွက်ဆိတ်ကို မသတ်တော့ဘူး။

ပုထုဇဉ်တွေက လူတစ်ရာတစ်ထောင်သတ်ရင် ကမ္ဘာကိုအစိုး ရတဲ့မင်းဖြစ်မယ်ဆိုရင် သတ်ကိုသတ်မှာပဲ။ အဲဒါတင်မကသေးဘူး။ မိဘကိုတောင် သတ်နိုင်ကြမယ်။

အဲဒါကြောင့် ပုထုဇဉ်ဘဝဟာ အင်မတန်အပြစ်များတယ်။ အရိယာပုဂ္ဂိုလ်များ ပုရွက်ဆိတ်လေးတစ်ကောင်ကို မသတ်ရင် သင့်ခေါင်းကို ဖြတ်မယ်ဆိုရင် ခေါင်းကိုအဖြတ်ခံမယ်။ ပုရွက်ဆိတ် မသတ်ပါဘူး။

မြတ်စွာဘုရားက လေးဌာနမှာ မကြောက်မရွံ့ ကြုံးဝါးတော် မူတယ်။

(၁) ချွန်မင်ဖိုလ်တရားတို့ကို ကန့်ကွက်တတ်တဲ့တရား၊ နှောင့် ယှက်တတ်တဲ့တရားတို့နဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရား ရဲရဲဝံ့ဝံ့ မိန့်ကြားတော်မူတယ်။

(၂) မဂ္ဂင်ရှစ်ပါးတို့ရဲ့ သံသရာဝဋ်စက်မှ ထွက်မြောက်တဲ့နေရာ မှာလဲ ရဲရဲဝံ့ဝံ့ မိန့်မြွက်တော်မူတယ်။

(၃) ဘုရားအဖြစ်နဲ့ ပတ်သက်ပြီးတော့ ရဲရဲဝံ့ဝံ့ပဲ မိန့်တော်မူတယ်။

(၄) အာသဝေါလေးပါး ကုန်ခမ်းမှု သစ္စာလေးပါး "သိပယ် ဆိုက်ပွား" လေးပါးကိစ္စအပိုင်ရမှုနဲ့ ပတ်သက်ပြီးတော့ ရဲရဲဝံ့ဝံ့ မိန့်ကြားတော်မူတယ်။ ရဲရဲဝံ့ဝံ့ ဝန်ခံတော်မူတယ်။

**မဟာဝေဿာရဇ္ဇဉာဏ်ကြီးလေးပါး**

**အန္တရာယေစနိယျာနေ၊ ဗုဒ္ဓတ္တေ အာသဝက္ခယေ။**
**စတူသွေ့တေသုဌာနေသု၊ ဝန္ဒေ ဗုဒ္ဓံဝိသာရဒံ။**

အန္တရာယေစ= ကံ ကိလေသ ဝိပါကနှင့် ဝါဒတိက္ကမာ ဤငါးဖြာတို့၏ ဈာန်မဂ်ဖိုလ် နိဗ္ဗာန်ကို ဖီဆန်နှောင့်ယှက်တတ်သည်၏ အဖြစ်၌လည်းကောင်း၊

ကံတဲ့ ကံကြီးငါးပါး၊ ကံကြီးငါးပါး ကျူးလွန်မိတဲ့ ပုထုဇဉ်တစ်ယောက် ဘယ်လိုမှ ဈာန်မဂ်ဖိုလ် နိဗ္ဗာန်မရနိုင်ဘူးလို့ ရဲရဲဝံ့ဝံ့ မိန့်တော်မူတယ်။

အခု ဒေဝဒတ်တို့၊ အဇာတသတ်တို့ဟာ ဒေဝဒတ်ဆိုရင် မြတ်စွာဘုရားကို သွေးစိမ်းတည်အောင် လောဟိတုပ္ပါဒကံကြီး ထိုက်ခဲ့ပါပြီ။ သံဃာကို သင်းခွဲလို့ သံဃာဘေဒကကံကြီးလဲ ထိုက်ခဲ့ပြီ။ အဲဒါကြောင့် ဒေဝဒတ်ဟာ ဈာန်မဂ်ဖိုလ် နိဗ္ဗာန်တရား ဘယ်လိုမှမရနိုင်ဘူး။ ဒီဘဝမှာတော့ လမ်းစပိတ်သွားပြီ။

အဇာတသတ်လဲ ခမည်းတော်ကို သတ်ခဲ့တဲ့ ပိတုဃာတက ကံကြီးထိုက်လို့ မုချဈာန်မဂ်ဖိုလ် နိဗ္ဗာန်မရနိုင်ဘူး။ ဒီဘဝမှာ မရနိုင်ပါဘူး။

နိယတမိစ္ဆာဒိဋ္ဌိကံရှိတဲ့ပုဂ္ဂိုလ်တွေ၊ ပူရာဏကဿပတို့လို ပုဂ္ဂိုလ် ဈာန်မဂ်ဖိုလ် နိဗ္ဗာန်ကိုမရနိုင်ဘူး။ အဲဒီပုဂ္ဂိုလ်များကျတော့ နတ်ပြည်တောင်မရနိုင်ဘူး။ နတ်ပြည်၊ ဗြဟ္မာပြည်လဲ လမ်းစပိတ်သွားပြီ။

ကံ ကိလေသ ဝိပါကနှင့် အဟိတ်ပဋိသန္ဓေ ဒွိဟိတ်ပဋိသန္ဓေနေတဲ့ပုဂ္ဂိုလ်တွေ၊ ဝါဒါတိက္ကမ အရိယာများကို စွပ်စွဲတဲ့ပုဂ္ဂိုလ်တွေ၊ အရိယာပုဂ္ဂိုလ်များ အကဲခတ်ရတာ ခက်တယ်။ "မိုးနဲ့သရက် အိုးနဲ့ကြွက်" ဆိုသလို အင်မတန်အကဲခတ်ရတာ ခက်တယ်။ အရိယာများကို စွပ်စွဲယ်မယ်ဆိုရင် ဈာန်မဂ်ဖိုလ် နိဗ္ဗာန်မရနိုင်ဘူး။

အာဏာဝီတိက္ကမ- မြတ်စွာဘုရား ပညတ်တော်မူတဲ့ ဝိနည်းသိက္ခာပုဒ်တွေကို ကျူးလွန်တဲ့ပုဂ္ဂိုလ်ဟာလဲ ဈာန်မဂ်ဖိုလ် နိဗ္ဗာန်မရနိုင်ဘူး။ လမ်းစပိတ်သွားပြီ။ အန္တရာယ် (၅)မျိုး။ ဈာန်မဂ်ဖိုလ်နိဗ္ဗာန်မရနိုင်တဲ့ ပုဂ္ဂိုလ်တွေ။

ကံ ကိလေသ ဝိပါကနှင့် ဝါဒတိက္ကမာ ဤငါးဖြာ ဈာန်မဂ်ဖိုလ်နိဗ္ဗာန်ကို အန္တရာယ်ပေးနိုင် အနှောင့်အယှက် အဆီးအတားပြုနိုင်တယ်။

**ဈာန်မဂ်ဖိုလ်နိဗ္ဗာန်နှင့်ဝေး (၁၆)ယောက်**

ပုဂ္ဂိုလ်အနေနဲ့ ပြောမယ်ဆိုရင် ဈာန်မဂ်ဖိုလ် နိဗ္ဗာန်ကို မရောက်နိုင်တဲ့ပုဂ္ဂိုလ် (၁၆)ယောက်ရှိတယ်။

(၁) တိရစ္ဆာန်
(၂) ပြိတ္တာ
(၃) မိစ္ဆာဒိဋ္ဌိအယူရှိတဲ့ ပုဂ္ဂိုလ်၊
(၄) ကုဟကပုဂ္ဂိုလ်= သူတစ်ပါးချီးကျူးအံ့သြမှုကို ခံယူမယ်ဆိုပြီး ကျင့်ကြံတဲ့ပုဂ္ဂိုလ်၊
(၅) မာတုဃာတက= အမိသတ်ပုဂ္ဂိုလ်၊
(၆) ပိတုဃာတက= အဖသတ်ပုဂ္ဂိုလ်၊
(၇) အရဟန္တဃာတက= ရဟန္တာသတ်တဲ့ပုဂ္ဂိုလ်၊
(၈) သံဃဘေဒက= သံဃာသင်းခွဲတဲ့ပုဂ္ဂိုလ်၊
(၉) လောဟိတုပ္ပါဒက= မြတ်ဗုဒ္ဓ သွေးစိမ်းတည်အောင်ပြုတဲ့ပုဂ္ဂိုလ်၊
(၁၀) ထေယျသံဝါသက= ထေရ်ခိုးပုဂ္ဂိုလ်၊

(၁၁) တိတ္ထိယပက္ကန္တက= တိတ္ထိဘာဝပြောင်းပုဂ္ဂိုလ်၊
(၁၂) ဘိက္ခုနီဒူသက= ဘိက္ခုနီဖျက်ဆီးတဲ့ပုဂ္ဂိုလ်၊
(၁၃) အာပတ်သင့်သော်လဲ သာမန်ဆိုပြီး မကုစားတဲ့ ပုဂ္ဂိုလ်၊
(၁၄) ပဏ္ဍုပ် (၃)မျိုး
(၁၅) ဥဘတောဗျည်း
(၁၆) (၇)နှစ်အောက်ငယ်တဲ့ ကလေးများ

ဒီ(၁၆)ယောက် ပုဂ္ဂိုလ်တွေဟာ ဈာန်မဂ်ဖိုလ် နိဗ္ဗာန်မရနိုင်ဘူး။

နိယျာနေ= မဂ္ဂင်ရှစ်ပါးတို့ သံသရာဝဋ္ဋစက်မှ ထွက်မြောက်နိုင်တယ်။ ကျင့်ကြံကြိုးကုတ် အားထုတ်နေတဲ့ သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ် သိက္ခာသုံးပါး ကျင့်စဉ်ခေါ်တဲ့ မဂ္ဂင်(၈)ပါး ကျင့်စဉ်၊ ဒီကျင့်စဉ်တွေဟာ ဈာန်မဂ်ဖိုလ် နိဗ္ဗာန်ကို ရနိုင်တယ်။ သံသရာဝဋ္ဋစက်က လွတ်မြောက်စေနိုင်တယ်။ ရဲရဲဝံ့ဝံ့ ဝန်ခံမိန့်ကြားတော်မူတယ်။

ဗုဒ္ဓတ္တေ= ဘုရားအဖြစ်၌လည်းကောင်း၊

ဘုရားအဖြစ်နဲ့ ပတ်သက်လို့ ရှေးအခါတုန်းက "ဘုရား"လို့ ဝန်မခံပဲ အပြန်သုံးပါးအချင်းရာ (၁၂)ပါးရှိတဲ့ သစ္စာလေးပါး တရားကိုယ်တော်တိုင်သိလို့ "ဘုရား"လို့ ဝန်ခံခဲ့ပြီ။

အာသဝက္ခယေ= အာသဝေါလေးပါးနဲ့ ပတ်သက်ပြီး သိပယ်ဆိုက်ပွား လေးပါးကိစ္စ အပိုင်ရတဲ့ အာသဝက္ခယဉာဏ်။ သစ္စာလေးပါး သိပယ်ဆိုက်ပွား လေးပါးကိစ္စ အပိုင်ရတဲ့ အာသဝက္ခယဉာဏ်၊ တစ်နည်းအားဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်နဲ့ပတ်သက်ပြီးတော့ ရဲရဲဝံ့ဝံ့ ဝန်ခံတော်မူတယ်။

ဇတေသု စတုသုဌာနေသု= ဤလေးပါးသော အရာဌာနတို့၌၊ ဝိသာရဒံ= ကြောက်ရွံ့ခြင်းကင်း ရဲတင်းတော်မူသော၊ ဗုဒ္ဓံ= မြတ်စွာဘုရားကို၊ ဝန္ဒေ-ဝန္ဒာမိ= ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

သာဓု - သာဓု - သာဓု

မိမိတို့ ပြန်ပြီးစဉ်းစားတဲ့အခါကျတော့ ဈာန်မဂ်ဖိုလ် နိဗ္ဗာန် မရနိုင်တဲ့ပုဂ္ဂိုလ် (၁၆)ယောက်။ အဲဒီ (၁၆)ယောက်ထဲမှာလဲ မပါဘူး။

ဈာန်မဂ်ဖိုလ်နိဗ္ဗာန်ကို ဖီဆန်နှောင့်ယှက်တဲ့ အချက်အလက်ကြီး (၅)မျိုးထဲမှာတော့ ဝိပါကန္တရာယ်ခေါ်တဲ့ ဒွိဟိတ်ပဋိသန္ဓေနေမယ်ဆိုရင်တော့ ဒီဘဝ မဂ်ဖိုလ်နိဗ္ဗာန်ရဖို့ အဆီးအတားတစ်ခု ဖြစ်နိုင်တယ်။

အကယ်၍များ ဒွိဟိတ်ပဋိသန္ဓေ မဟုတ်လို့ တိဟိတ်ပဋိသန္ဓေဆိုပြန်ရင်လဲ အားမထုတ်ရင် မရနိုင်ဘူး။

အကယ်၍များ တိဟိတ်ပုဂ္ဂိုလ်ဖြစ်ရင် အားထုတ်မှရမယ်။ တိဟိတ်ပုဂ္ဂိုလ်ဖြစ်သော်လဲ ကြားကာလမှာ ပယောဂချို့တဲ့ကြလို့ ဒေဝဒတ်၊ အဇာတသတ်တို့လဲ တရားမရဘူး။

အဇာတသတ်မင်းဟာ နောက်ပိုင်းကာလမှာ မြတ်စွာဘုရားကို ကြည်ညိုတာ ပုထုဇဉ်ပုဂ္ဂိုလ်တွေထဲမှာ အဇာတသတ်မင်းဟာ အကြည်ညိုဆုံးပဲ။

သို့သော်လဲ “မှားပြီးမှ မှန်ဂတ်သည်”။ ဆရာဒေဝဒတ်ကလဲ မှားလိုက်တာ။ ဒကာ အဇာတသတ်ကလဲ မှားလိုက်တာ။

သို့သော် နောက်အမြင်မှန်ရကြတယ်။ နောက်မှတ,တဲ့ နောင်တရကြပြီ။ နောက်ပိုင်းမှာတော့ သာမညဖလသုတ္တန်ကြီး နာကြားပြီးတော့ အဇာတသတ်မင်းကလဲပဲ အမှန်တရားရပြီ။

ဒေဝဒတ်ကလဲ မြတ်စွာဘုရားကို တုပယှဉ်ပြိုင်ရန်လုပ်ပြီးတော့ (၉)လကြာတဲ့အခါ ဇေတဝန်ကျောင်းအနီးမှာရှိတဲ့ အိုက္ကန္ဒာတလာက ရေကန်အနီးမှာ မြေမျိုတဲ့အခါမှာ "က္ကမေဟိ အဋ္ဌီဟိ= ဤအရိုးတို့ဖြင့်၊ ဗုဒ္ဓသ= မြတ်စွာဘုရားအား၊ ပူဇေမိ= ပူဇော်ပါ၏"။

နောက်ဆုံးတော့ သတိရသွားတယ်။ နောက်ဆုံးတော့ အကောင်းနဲ့နိဂုံးချုပ်သွားတယ်။ မြတ်စွာဘုရား ရည်မှန်းပြီး သရဏဂုံ ယူသွားတယ်။ အရိုးတွေနဲ့ ပူဇော်သွားတယ်။

ဒါကြောင့် "အနာဂတေ အဋ္ဌိဿရ ပစ္စေက ဗုဒ္ဓေါနာမ ဘဝိဿတိ နောင်အခါ အဋ္ဌိဿရ အမည်ရှိတဲ့ ရှင်ပစ္စေကဗုဒ္ဓါ ဖြစ်လိမ့်မယ်"လို့ ဗျာဒိပ်ပေးတော်မူတယ်။

ယခုအခါ ဒေဝဒတ်အပေါ် နှိပ်ကွပ်တဲ့အနေအားဖြင့် မပြော သင့်ဘူး။ ဘာကြောင့်လဲ ရှင်ပစ္စေကဗုဒ္ဓါလောင်းလျာကြီး ဖြစ်နေ တယ်။ အဇာတသတ်လဲ စောစောက အဇာတသတ် "မှားဖူးမှ မှန်တတ်သည်" ဆိုတဲ့အတိုင်း မှားလိုက်တာ။ သို့သော်လဲ သာမည ဖလသုတ္တန် ဒေသနာတော်မြတ်ကြီးကို နာကြားပြီးတော့ မြတ်စွာ ဘုရားထံမှာ ဝန်ချတောင်းပန်တယ်။

ဒကာ အဇာတသတ်ဟာလဲ နိဂုံးချုပ်တော့ "ဘဝနိဂုံးချုပ် ကောင်းပါတယ်"။ သို့သော်လဲ ငရဲကမလွတ်ဘူး။ "ငရဲလွတ်မှ လူလိမ္မာ၊ သတ္တဝါချမ်းသာမှ ပညာယှိ"တော့ ဖြစ်မသွားဘူး။ ယခင်က အဒဏ္ဍ ပုဂ္ဂိုလ်တွေအပေါ် ပြစ်မှားတယ်။ ဒါကြောင့် "လောဟကုမ္ဘီငရဲ တော့ကျမှာပဲ။ အဝီစိငရဲ့ကျမည့်အစား လောဟကုမ္ဘီငရဲ ကျပါတယ်"။

အဇာတသတ်ကလဲ နောင်အခါ "အနာဂတေ ဝိဇိတာဝီနာမ ပစ္စေက ဗုဒ္ဓေါဘဝိဿတိ= နောင်အခါ ဝိဇိတာဝီ အမည်ရှိတဲ့

ပစ္စေကဗုဒ္ဓါ ဖြစ်လိမ့်မယ်”လို့ အဇာတသတ်လဲ ဗျာဒိတ်ရပြီးသား။

ပစ္စေကဗုဒ္ဓါဆိုတာ “ဘုရားငယ်” ခေါ်တာပေါ့။ ပစ္စေကဗုဒ္ဓါ အသီးအသီးဖြစ်ကြလိမ့်မယ်။

ဟိုတစ်ချိန်ကတော့ လူဆိုးလူမိုက်ကြီးတွေပဲ။ ယခုအချိန်ကျတော့ သူတို့ရဲ့ပြစ်ဒဏ်ကို ခံနေတဲ့အချိန်။

ပစ္စေကဗုဒ္ဓါလောင်းလျာများ ဖြစ်နေတော့ ဘုန်းကြီးတို့က နှိပ်ကွပ်တဲ့စကားတော့ မပြောဆိုသင့်တော့ဘူး။ ဒါသတိပြုစရာပဲ။

ဘုန်းကြီးတို့ စောစောကပြောတဲ့ ပုဂ္ဂိုလ်(၁၆)ယောက်ထဲမှာ မပါကြဘူး။ ယောဂီများမပါဝင်ဘူး။ အဲဒီလို မပါဝင်တဲ့အတွက် အားရှိစရာပါပဲ။

(၈၉)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းမှာ ဝင်ရောက်အားထုတ်နေကြတဲ့ ယောဂီများ အားထုတ်နေတဲ့ သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းတို့ကို ဆက်လက်အားထုတ်ပြီး အထွဋ်အထိပ်သို့ ရောက်ရှိကြသဖြင့် ဝိမုတ္တိသုခ အမတအောင်ခန်း နိဗ္ဗာန်နန်းသို့ စံမြန်းနိုင်ကြပါစေလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

**အဇာတသတ်ဆရာရွေးပွဲ**

ယနေ့ သာသနာတော်နှစ် ၂၅၄၉ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၅)ရက်နေ့။

(၈၉)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းမှာ အားထုတ်နေကြတဲ့ ယောဂီသူတော်စင်များ၊ သမထပိုင်းကနေ ဝိပဿနာအခန်းကဏ္ဍ ရောက်ရှိလာကြပြီ။

(၈၉)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းဟာ တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့မှာ ဖွင့်ခဲ့တာဆိုတော့ သာမညဖလ ဖြစ်ပေါ်ခြင်းရဲ့ အခြေခံအကြောင်းရင်းတွေကို ပြန်ကြည့်မယ်ဆိုရင် ဒီသာမညဖလအခါတော်နေ့ဟာ သာမန်ဖြစ်ပေါ်လာတာ မဟုတ်ပါဘူး။

ဆရာဒေဝဒတ် နဲ့ ဒကာ အဇာတသတ်မင်းအပေါင်းများရာက နေပြီးတော့ ကြီးလေးတဲ့ ဂရုကကံကြီးတွေ ဆရာရော၊ ဒကာရော အပြစ်သင့်ခဲ့ကြတယ်။

တန်ဆောင်မုန်းလပြည့်နေ့ညမှာ အဇာတသတ်မင်း မင်းရင်ပြင်မှာနေပြီးတော့ တန်ဆောင်မုန်းလရဲ့ဂုဏ်ကို ချီးကျူးတယ်။ ချီးကျူးပြီးတော့ သူစဉ်းစားတာက "ကံနုခ္ဝဇ္ဇ သမဏံဝါ ဗြာဟ္မဏံဝါ ပယိရုပါသေယျာမ၊ ယံ နောပယိ ရူပသတော စိတ္တံပသီဒေယျ"။

ဒီနေ့ အဘယ်မည်တဲ့သမဏ၊ အဘယ်မည်တဲ့ ဗြာဟ္မဏထံ ဆည်းကပ်ရမလဲ။ သမဏ ဗြာဟ္မဏ ဆည်းကပ်ကိုးကွယ်မှုကို အကြောင်းပြုပြီးတော့ စိတ်ကြည်လင်မှု ရစေနိုင်တဲ့ အဘယ်သမဏ ဗြာဟ္မဏမျိုးကို စိတ်ချမ်းသာအောင် ချဉ်းကပ်ရမလဲ။ အဲလို စဉ်းစားပြီးတော့။

အဲလိုအချိန်အခါမှာ သက်ဆိုင်ရာအမတ်ကြီးတွေကိုလဲ ပြောကြားတယ်။ သမဏဆိုတာ ကိလေသာကို ငြိမ်းစေတတ်တဲ့ ပုဂ္ဂိုလ်၊

အဘယ်မည်တဲ့ ဗြဟ္မဏ၊ ဗြဟ္မဏဆိုတာ (၂)မျိုးရှိပါတယ်။ ဇာတ်အားဖြင့် ပုဏ္ဏားတွေကိုလဲ ဗြဟ္မဏ။

မကောင်းမှုအကုသိုလ်တို့ကို အပပြုပြီးသား ရဟန္တာပုဂ္ဂိုလ်များကိုလဲ ဗြဟ္မဏလို့ ခေါ်ပါတယ်။

အနီးအနားမှာရှိတဲ့ အမတ်ကြီးတွေက စဉ်းစားကြတယ်။ တို့ဘုရင်က ကိုးကွယ်ရာရှာနေတယ်။ အဲဒီတော့ ငါ့ဆရာမက္ခလိဂေါသာလကို ကိုးကွယ်ရင် ငါလဲဂုဏ်ရှိန်တက်မယ်။

ငါ့ဆရာ ပုရာဏကဿပကြီး ဂုဏ်ကျေးဇူးပြောလိုက်လို့ ငါ့ဆရာ ကိုးကွယ်ရင် ငါလဲဂုဏ်ရှိန်တက်မယ်။

တပည့်အမတ်ကြီးတွေက သူတို့ဆရာကြီးတွေရဲ့ ဂုဏ်ကျေးဇူးကိုပြောပြီး သူတို့ရဲ့ဆရာတွေစီပဲ ချဉ်းကပ်ဖို့ရာ ညွှန်းကြတယ်။

အဲဒီလို ညွှန်းကြတဲ့အခါမှာ အဇာတသတ်မင်းကလဲ တိတ္ထိဆရာကြီး (၆)ဦးစီ သွားပါတယ်။ သွားပြီးတော့ သာမညဖလ။

"သာမည"ဆိုတာ အရိယာမဂ်(၄)ပါး၊ "သာမညဖလ" ဆိုတာ ရဟန်းပြုခြင်းရဲ့အကျိုး ဖိုလ်(၄)ပါးဆိုတဲ့ မျက်မှောက်၌ တွေ့ရကြုံရမည့် ရဟန်းပြုခြင်းရဲ့ အကျိုးတရားတွေကို မေးတာပါပဲ။

အဲဒီလို မေးတဲ့အခါ မေးတာက "သာမညဖလ"ကိုမေးတာပါ။ လောကမှာ အတတ်ပညာတွေ ရှိပါတယ်။ "ဟတ္ထာရောဟာ အဿာရောဟာ" အစရှိသည်ဖြင့် ဆင်စီးအတတ်၊ မြင်းစီးအတတ်၊ စစ်ဆင်ရေးအတတ် အစရှိတဲ့ အတတ်ပညာ (၂၅)မျိုးကို ထုတ်ပြတယ်။

ဒါ့အပြင် လက်သမားအတတ်၊ ပန်းရံအတတ်၊ ပန်းတိမ် အတတ် အစရှိတဲ့အတတ်ပညာတွေ အများကြီးရှိပါတယ်။

ပုရာဏကဿပစီ ရောက်သွားတော့ အဲဒီအတတ်ပညာတွေ ထုတ်ပြပြီးတော့ ဒီအတတ်ပညာတွေကိုမှီပြီး မိမိလဲသုံးစွဲရတယ်။ မိမိသားမယားတွေကိုလဲ ဒီအတတ်ပညာနဲ့ ကျွေးမွေးတယ်။ သားသမီးကိုလဲ စောင့်ရှောက်ရတယ်။ နတ်ရွာရောက်ကြောင်း ကုသိုလ်တွေလဲ ပြုလုပ်ရတယ်။

အဲဒီ အတတ်ပညာတွေလိုပဲ ရဟန်းပြုခြင်းရဲ့ အကျိုးကို ပြောနိုင်ပါသလားလို့ မေးတဲ့အခါ ပုရာဏကဿပ၊ မက္ခလိဂေါသာလ တို့က ဘာဖြေသလဲဆိုတော့ သံသရာကစင်ကြယ်ပုံကိုပဲ ဖြေကြတယ်။

ပထမ ပုရာဏကဿပက "သံသာရသုဒ္ဓိ= သံသရာစင်ကြယ် ပုံကိုဖြေတယ်"။

အဲဒီတော့ သရက်ကိုမေးတဲ့အခါ ပိန္နဲကိုဖြေသလိုပဲ။ သဘော မကျဘူး။ ပုရာဏကဿပက ကံကိုပယ်ပါတယ်။ ကုသိုလ်ပြုတာ၊ အကုသိုလ်ပြုတာ ဘာမှအကျိုးမရှိဘူးလို့ ယူဆပါတယ်။

မက္ခလိဂေါသာလစီရောက်ပြန်တော့လဲ မေးတာက "သာမညဖလ"၊ ဖြေတာက "သံသာရသုဒ္ဓိ"။ မက္ခလိဂေါသာလ ဆရာကြီး ဝိပါကအကျိုးပယ်တယ်။ သတ္တဝါတွေဟာ ဘာလုပ်လုပ် ညစ်နွမ်းတယ်ဆိုတာ မရှိဘူး။ ဘာလုပ်လုပ်စင်ကြယ်တယ်ဆိုတာ မရှိဘူးတဲ့။ သူကလဲ အကျိုးတရား ဖယ်ရှားတာကိုပဲ ဖြေပါတယ်။

အဇိတ ကေသကမ္ဗလစီ ရောက်ပြန်တော့ အဇိတက "နတ္ထိ ဒိန္နံ" မင်းကြီးအလှူပေးတာ အကျိုးမရှိဘူး။

"နိတ္ထိယိဋ္ဌံ၊ နတ္ထိဟုတံ" ပူဇော်မှုပြုတာ အသေးအကြီး ဘာမှ အကျိုးမရှိဘူး။

"နတ္ထိမာတာ၊ နတ္ထိပိတာ" မိဘတွေနဲ့ပတ်သက်ပြီး ပြုသမျှ ကောင်းကျိုးဆိုးကျိုး ဘာမှမရှိဘူးတဲ့။ မကောင်းတာပြုလို့လဲ အပြစ်မရှိဘူး။ ကောင်းတာပြုလို့လဲ အကျိုးမရဘူး။

"နတ္ထိ အယံလောကော၊ နတ္ထိပရောလောကော" ယခုလောက နောင်လောကမရှိဘူး။

အဲဒီလို အဇိတက အဇာတသတ်မင်းအား ဟောပြနေတယ်။ "နတ္ထိ သတ္တာဩပ ပါတိကာ" ကိုယ်ထင်ရှားရှိတဲ့ နတ်တွေ၊ ဗြဟ္မာတွေ ဆိုတာ မရှိဘူး။

"နတ္ထိသုကတ ဒုက္ကတာနံ ကမ္မာနံ ဖလံဝိပါကော" ကောင်းစွာ ပြုအပ် မပြုအပ်သော ကုသိုလ် အကုသိုလ်တို့ရဲ့ အကျိုးအပြစ် မရှိဘူး။

**"နတ္ထိလောကေ သမဏာ ဗြဟ္မဏာ၊ ယေဣမဥ္စလောကံ သယံအဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ"**

ဤလောက နောင်လောကကို ကိုယ်တိုင်သိပြီးတော့ ကမ္ဘာ့ လူထုကြီးအား အသိဉာဏ်ပေးနိုင်တဲ့ ရဟန်းလဲမရှိဘူး။ ပုဏ္ဏားလဲ မရှိဘူးလို့ ဆိုတဲ့ (၁၀)မျိုးကို အခြေခံပြီးတော့ အဇိတကေသကမ္ဗလ ကြီးက ပြောပြတယ်။

အဲဒီလိုပြောတော့ ဘယ်နှယ့်လဲ မေးတာက သာမညဖလ။ ဖြေတာက တစ်မျိုးပဲ။

နောက် "ပကုဓကစ္စာယန"နဲ့ တွေ့ပြန်တယ်။ ပကုဓလဲ သတ္တဝါကိုသတ်ရင် သတ်ကာမျှမတ္တလေးသာ ဖြစ်တယ် အစရှိသည် ဖြင့် ပြောတယ်။

နောက် "နိဂဏ္ဌနာဋပုတ္တ" စီသွားပြန်တယ်။ နိဂဏ္ဌနာဋပုတ္တ ဆရာကြီးကလဲ ရေအေးပယ်တဲ့အယူအဆရှိတယ်။ ရေကိုဖြတ်သန်းပြီးတောင် လမ်းမလျှောက်ဘူး၊ မသောက်ဘူး။

နောက် သိဉ္စည်းဆရာကြီးစီ မေးတယ်။ သိဉ္စည်းဆရာကြီးက "အမရ ဝိက္ခေပဝါဒ" အမရာအမည်ရ ငါးဟာ အဖမ်းရခက်သလိုပဲတဲ့။

ပုရာဏကဿပ၊ အဇိတကမ္ဗလ၊ မက္ခလိဂေါသာလတို့က "အဟေတုကဝါဒ" ဘာဖြစ်ဖြစ် အကြောင်းမဲ့ဝါဒ၊ "အကြိယဝါဒ" ကုသိုလ်ပြုလို့ အကျိုးမရှိဘူးဆိုတဲ့ဝါဒ၊ "နတ္ထိကဝါဒ" ကုသိုလ်ကံလဲ ကောင်းကျိုးမရှိဘူး၊ အကုသိုလ်ကံရဲ့အပြစ်လဲမရှိဘူး ဆိုပြီးတော့ "နတ္ထိကဝါဒ" ယူကြတယ်။

နတ္ထိကဝါဒတွေပဲ ဟောတာ။ အဲဒီလို ဟောတဲ့အခါကျတော့ မေးတာက သာမညဖလ= ရဟန်းပြုခြင်းအကျိုးကို မေးတယ်။

ဖြေကြတာက "သံသာရသုဒ္ဓိ" သံသရာစင်ကြယ်ပုံကို ဖြေကြတယ်။ အဲဒီလို ဖြေကြတဲ့အခါကျတော့ မေးတာကတစ်ခြား၊ ဖြေတာကတစ်ခြား၊ ခုတ်ရာတခြား ရှရာတခြား ဖြစ်ပြီးနေတော့ အဇာတသတ်မင်း စိတ်မကောင်းဘူး။

သို့သော်လဲ ကိုယ့်တိုင်းပြည်မှာနေတဲ့ သမဏဗြဟ္မဏ တစ်ဦးဦးကို နှင်ထုတ်မယ်၊ မောင်းမဲမယ်ဆိုရင် မတော်ဘူးဆိုပြီးတော့ ပြန်လာခဲ့တယ်။

ဒီပုရာဏကဿပ အစရှိတဲ့ တိတ္ထိဆရာကြီးတွေက ဘုရားမပွင့်မီကပဲ ရာဇဂြိုလ်ပြည်မှာ ရှိနေကြတာ။

သဟမ္ပတိဗြဟ္မာမင်းက မြတ်စွာဘုရားကို တောင်းပန်တဲ့အခါ-

**ပါတုရဟောသိ မာဂဓေသု ပုဗ္ဗေ၊**
**ဓမ္မော အသုဒ္ဓေါ သမလေဟိ စိန္တိတော။**
**အပါပုရေတံ အမတဿဒွါရံ၊**
**သုဏန္တု ဓမ္မံဝိမလေနာ နုဗုဒ္ဓံ။**

ဘန္တေ= အစိန္တေယျ ဂုဏ်ပေါင်းခသည့် သမန္တစက္ခု သုံးလူ့ ထွဋ်ထား အို အရှင်မြတ်ဘုရား။

ပုဗ္ဗေ= ရှင်တော်ဘုရား ထင်ကျော်ကြား၍ တရားစက်ချီ မပွင့်မီက (မဟောကြားမီ) ရှေးမဆွ၌၊ မာဂဓေသု= ရာဇဂြိုလ် နဂရပြည်ဌာနဝယ် ခွန်းသရစ်ဝိုင်း မာဂဓတိုင်းတို့၌၊ သမလေဟိ= ကိလေသာအညစ်အကြေး ရောထွေးကပ်ငြိ အမြဲတမ်းရှိနေကြသော၊

ဆဟိသတ္ထာရေဟိ= ဗာလတံဆိပ် ခပ်နှိပ်လေပြီး ပူရာဏ ကဿပ အစရှိသော တိတ္ထိဆရာကြီး(၆)ဦးတို့သည်၊ စိန္တိတော= အနုမာန မျက်ရမ်းဆ၍ ဓမ္မထင်မှတ် ကြံစည်အပ်သော၊

အသုဒ္ဓေါ= နိဗ္ဗာန်ကမ်းပေါက် မလှမ်းရောက်၍ လမ်းကောက် သဖွယ် မစင်ကြယ်သော၊ ဓမ္မော= မသူတော်တို့၏ တရားသည်၊ ပါတုရ ဟောသိ= နိဗ္ဗာန်မြို့ကြီး ပိတ်ကာဆီးလျှက် အသီးအသီး ဖြစ်ပေါ်နေခဲ့ ပါသည်ဘုရား။

မြတ်စွာဘုရား အရှင်ဘုရားမပွင့်မီက မာဂဓတိုင်း ရာဇဂြိုဟ် နဂရပြည်ဌာနမှာ ပူရာဏကဿပ အစရှိတဲ့ တိတ္ထိဆရာကြီး (၆)ဦး ဘုရားအမည်ခံပြီးတော့ ထိုထိုဤဤ ကြံစည်ပြီးတော့ မဟုတ်မမှန်တဲ့ တရားတု တရားယောင်တွေ ပြပြီးနေပါတယ်။

ဒါကြောင့် "အပါပုရေတံ အမတဿ ဒွါရံ"။ ဒအမတဿ= မအို မနာ မသေ အမြဲနေရာဖြစ်သော မြတ်နိဗ္ဗာန်၏၊ ဧတံဒွါရံ= ဤအရိယာ

မဂ်တံခါးကို၊ အပါပုရ= အချက်ကျကျ ဝင်ခွင့်ရအောင် ဖွင့်ပြတော်မူပါဘုရား။ နိဗ္ဗာန်တံခါး အရိယာမဂ်တံခါး ဖွင့်ပေးတော်မူပါ။

ဝိမလေန= ကိလေသာကင်းစင် ဘုရားရှင်သည်၊ အနုဗုဒ္ဓံ= ဉာဏ်ယဉ်တော်အလျောက် အစဉ်လျှောက်၍ ပြီးမြောက်ကုန်စင် သိမြင်တော်မူအပ်သော၊

ဓမ္မံ= ဝိမုတ်စီးပွား ရသာများသည့် ချိုပျားအဖျော် တရားတော်ကို (ကိလေသာကင်းစင်တဲ့ ဘုရားရှင်ကိုယ်တော်မြတ် သိပြီးထားသည့် ချိုပျားအဖျော် တရားတော်ကို)၊ သတ္တာ= လူ့ရွာလူ့ဘုံ ရှေးကံဟုန်ဖြင့် ခုကြုံရောက်လာ သတ္တဝါတို့သည်၊ သုဏန္တု= ကြည်လင်အေးမြ ဘေးမခအောင် တွေးဆကြည်ဖြူ နာယူခွင့်ရပါရစေကုန်ဘုရား။

ဟော သဟမ္ပတိဗြဟ္မာမင်းကြီးက တရားတောင်းတာ။ ဟိုတုန်းက တိတ္ထိဆရာကြီးတွေ ဘုရားအမည်ခံပြီးတော့ တရားလို့ထင်မှတ်ပြီး ကြံစည်တွေးတောထားတဲ့ လမ်းကောက်သဖွယ် မစင်ကြယ်တဲ့ တရားတု တရားယောင်တွေ မာဂဓတိုင်း ရာဇဂြိုဟ်မှာ ထင်ရှားဖြစ်ပေါ်ခဲ့ပါတယ်။

မအို မနာ မသေ အမြဲနေရာဖြစ်သော နိဗ္ဗာန်၏အရိယာမဂ်တံခါးကို ဖွင့်ပေးတော်မူပါဘုရား။

"ကိလေသာကင်းစင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး သိတော်မူတဲ့ ဝိမုတ်စီးပွား ရသာများသည့် ချိုပျားအဖျော် တရားတော်ကို လူ့ရွာလူ့ဘုံ ရှေးကံဟုန်ဖြင့် ခုကြုံရောက်လာ သတ္တဝါတို့ နာယူခွင့်ရပါရစေကုန်"လို့ တရားတောင်းပါတယ်။

ဆက်ပြီးတော့ "သန္တိ သတ္တာ အပ္ပရဇက္ခဇာတိကာ" လူတွေ၊ သတ္တဝါတွေထဲမှာ ပညာမျက်စိမှာ ကိလေသာမြူ နည်းပါးတဲ့ပုဂ္ဂိုလ်တွေ ရှိပါတယ်တဲ့။

"အဿဝနတာ ဓမ္မဿ ပရိဟာယန္တိ" တရားမနာရလို့ တရားမှ ဆုတ်ယုတ်နေတာပါဘုရား။ "ဘဝိဿန္တိ ဓမ္မဿ အညာတာရော" တရားကိုသိနိုင်တဲ့ပုဂ္ဂိုလ် ရှိပါလိမ့်မယ်။

အဲလို တရားတောင်းတော့မှ မြတ်စွာဘုရားက-

**အပါရုတာ တေသံ အမတဿဒွါရာ၊**

**ယေ သောတဝန္တော ပမုဉ္စန္တု သဒ္ဓံ။**

**ဝိဟိံသသညီ ပဂုဏံ နဘာသိံ၊**

**ဓမ္မံ ပဏီတံ မနုဇေသု ဗြဟ္မေ။**

ဗြဟ္မေ= အို သဟမ္ပတိဗြဟ္မာ၊ ယေ= အကြင်ပုဂ္ဂိုလ်တို့သည်၊ သောတဝန္တော= ငါဘုရားနှင့် ငါကဟောကြား မြတ်တရား၌ တက်ပွား ကြည်ယုံ သဒ္ဓါတရားတည်းဟူသော ထောင်နားရှိကြကုန်၏။

တေ= ထိုသူတို့သည်၊ သဒ္ဓံ= ငါဘုရားနှင့် ငါကဟောကြား မြတ်တရား၌ တက်ပွားကြည်ယုံ သဒ္ဓါဟုန်ကို၊ ပမုဉ္စန္တု= ဖရဏာ ဆွတ်ဆွတ် ဖြာဖြာညွတ်၍ အခါခါလွှတ်ကြပါကုန်လော့။

ထောင်နားရှိကြတဲ့ ပုဂ္ဂိုလ်တွေ ဉာဏ်နားရှိကြတဲ့ ပုဂ္ဂိုလ်တွေ ငါဘုရားနဲ့ ငါကဟောကြား မြတ်တရားအပေါ်မှာ သဒ္ဓါတရား လွှတ်ကြ။

တေသံ= ထိုသူတို့၏၊ အတ္ထာယ= အကျိုးငှာ၊ အမတဿဒွါရာ= အရိယာမဂ်တံခါးကို (အမြိုက်နိဗ္ဗာန် အရိယာမဂ်တံခါးကို)၊ အပါရုတာ= ဖွင့်လှစ်အပ်ပါပြီ။

ဝိဟိံသသညီ= အကျိုးမထွန်း ကိုယ်ညှိုးနွမ်းမည် ထင်မှတ်ရည်၍၊ မနုဇေသု- မနုဇာနံ= သတ္တဝါတို့အား လူပုဂ္ဂိုလ်တို့အား၊ နဘာသိံ= မဟောခဲ့ပြီ။

မြတ်စွာဘုရား တရားဟောဖို့ လမ်းဖွင့်ပေးခဲ့ပါတယ်။ သဒ္ဓါတရားသာ ထားရှိကြပေတော့။

တရားဟောဖို့ရာ အခွင့်ပေးတော်မူတယ်။ သဟမ္ပတိ ဗြဟ္မာမင်းကြီး မြတ်စွာဘုရားစိက တရားနာဖို့ အခွင့်ရပြီ။ ဝမ်းပန်းတသာနဲ့ ဗြဟ္မာပြည် ပြန်သွားခဲ့တယ်။

သဟမ္ပတိဗြဟ္မာမင်းကြီးရဲ့ စကားအတိုင်း ရာဇဂြိုဟ်မြို့မှာ ရှေးအခါက ပုရာဏကဿပ အစရှိတဲ့ဆရာကြီးတွေ အဲဒီလို မမှန်တဲ့လမ်းကို ပြသကြတယ်။ လမ်းမှန်လိုလိုနဲ့ပေါ့။

ဒီခေတ်မှာလဲ ဒီအယူဝါဒတွေ လုံးဝပျောက်သွားတာတော့ မဟုတ်ဘူး။ ကုသိုလ်ကံ, အကုသိုလ်ကံတွေ ပယ်တယ်။ ကုသိုလ်ကံ, အကုသိုလ်ကံတွေရဲ့ အကျိုးအပြစ်တရားတွေကို ပယ်တယ်။ နှစ်မျိုးလုံးကို ပယ်တယ်။

အဇိတကေသကမ္ဗလ၊ မက္ခလိဂေါသာလတို့ရဲ့ အယူဝါဒ စွန်းထင်းပြီးတော့ ကျန်ခဲ့တယ်။ အဲဒီလို အယူဝါဒများတွေကို တဖြည်းဖြည်းနားထောင်ရာက မိဘများက သားသမီးတွေ၊ ဆရာများက တပည့်များစီ အဆင့်ဆင့် ပျိုးချပြီးတော့ အဲဒီအယူဝါဒ ကံကို ပယ်တဲ့အယူဝါဒ၊ အကျိုးကို ပယ်တဲ့ အယူဝါဒ။

တစ်နည်းအားဖြင့် အဟေတုကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ အယူဝါဒရှိတဲ့ ပုဂ္ဂိုလ်များ အင်မတန်ကြောက်စရာကောင်းတယ်။ အကုသိုလ်ပြုရမှာ မကြောက်ဘူး။ လက်မရွံ့ဘူး။

**ဆုံးမစကား**

ဒါကြောင့် အဋ္ဌကထာဆရာက-

**တသ္မာ အကလျာဏ ဇနံ၊ အာသီဝိသ မိဝေါရဂံ။**

**အာရကာ ပရိဝဇ္ဇေယျ၊ ဘူတိကာမော ဝိစက္ခဏော"။**

တသ္မာ= ထိုသို့ အယူမှားတွေ အပြစ်ကြီးလှလေသည်၏ အဖြစ်ကြောင့်၊ အကလျာဏ ဇနံ= အပြစ်ကြီးလေးသော မသူတော် ဆရာကို၊ အာသီဝိသံ= အဆိပ်ရှိသော၊ ဉရဂံဣဝ= မြွေကဲ့သို့ (အဆိပ်ရှိသော မြွေပွေး မြွေဟောက်များလို)၊ ဘူတိကာမော= နိဗ္ဗာန်ကိုအလိုရှိသော၊ ဝိစက္ခဏော= ပညာရှိသည်၊ အာရကာ= ဝေးဝေးက၊ ပရိဝဇ္ဇေယျ= ရှောင်ကြဉ်ရာ၏။

အပြစ်ကြီးတယ်၊ အယူတစ်ခု မှားမိပြီဆိုရင် မလွယ်ဘူး။ မိဘကမှားရင် သားသမီး၊ ဆရာမှားရင် တပည့် အယူအဆမှန်ဖို့ရာ မလွယ်ဘူး။ မိရိုးဖလာကိုး။ အပေါင်းမှားတော့ အလုပ်မှား၊ အလုပ်မှားတော့ ဘုရားပင်ကယ်လို့မရ။ အမှားကြား အမှန်ဖြစ်၊ အမှန်စင်စစ် အမှားထင် ဘုရားရှင်ပင် ဟောလို့မရဟုလည်းကောင်း၊ မဃဒေဝ ဆရာတော်က "ဟောင်းသစ်အလို အကုသိုလ်နှင့် ကုသိုလ်အကျိုး ထိုနှစ်မျိုး၏ အဆိုးအကောင်း လူရှင်ပေါင်း အကြောင်းနှစ်ဖြာ မသိသာဘူး ကောင်းစွာကျင့်ပြု ကောင်းစွာရှု၍ ကောင်းမှုကုသိုလ် မငြင်ပြိုနှင့် မကြိုးမကုတ် အားမထုတ်မူ လူမလို့လ နတ်မမ-တည့် ပယောဂစက် ပျက်သည့်သူအား လူကိုထားဘိ ဘုရားသော်မှ ကယ်မရဘူး"ဟု ရေးတော်မူသည်။

မြန်မာပြည်မှာ ၁၉၈၀ ခုမတိုင်ခင် လူသေလူဖြစ်ဝါဒ၊ ထွန်တုံး လက်ကျန်ဝါဒ၊ မိုးညိုဝါဒ အစရှိသည်ဖြင့် ဝါဒများတွေ တော်တော်

များများ ခေါင်းထောင်လာခဲ့ဘူးတယ်။

၁၉၈၀ ခုနောက်ပိုင်းမှာတော့ သံဃာအဖွဲ့အစည်း အဆင့်ဆင့်ကနေပြီး မှားတဲ့တရားတွေကို ပြုပြင်ပြီးပေးခဲ့တယ်။

နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်ဆရာတော်ကြီးတွေ ဖွဲ့စည်းပြီး ဒါတွေကို အမှန်အကန်အတိုင်းဖြစ်အောင် အဆုံးအဖြတ်ပေးပါတယ်။

အဲဒီလို အဆုံးအဖြတ်ပေးပြီး ဓမ္မစက်၊ အာဏာစက်နဲ့ ဆောင်ရွက်နိုင်တဲ့အတွက်ကြောင့်မို့ မြန်မာနိုင်ငံ ထေရဝါဒသာသနာမှာ မှားမှားယွင်းယွင်း ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့ သီလလမ်းစဉ် သမာဓိလမ်းစဉ် ပညာလမ်းစဉ် မရှိပဲနဲ့ မှန်ကန်တဲ့ သီလလမ်းစဉ် သမာဓိလမ်းစဉ် ပညာလမ်းစဉ် ထင်ရှားရှိပြီး နေပါတယ်။

ယခုအချိန်အခါမှာ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ရှိပြီးနေတော့ ကချင်ပြည်နယ်က ဆရာတော်နှစ်ပါးဟောတဲ့ တရားတွေ မှားယွင်းတယ်ဆိုတာ တိုင်ကြားထားတယ်။ မကြာခင်ပဲ နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်ကြီးများက စစ်ဆေးပြီတော့ အမှန်အတိုင်း ရောက်အောင် ဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။

ဝါဒတစ်ခု ထူထောင်နေကြသော်လည်း သံဃာ့အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်ကို လိုက်နာ၍ မာန်ချသည်ချည်း များပါတယ်။

ဒါကြောင့်မို့ ယောဂီသူတော်စင်များ အားထုတ်ပြီးနေကြတဲ့ တရားလမ်းစဉ်က ဗုဒ္ဓဘုရားလမ်းစဉ်။ ဗုဒ္ဓဘုရားရဲ့ တရားလမ်းစဉ်မှ နည်းနည်းလေးမှ သွေဖီသွားတဲ့အပြောမျိုး သွေဖီသွားတဲ့တရားလမ်းစဉ်မျိုးမဖြစ်အောင် ဘုန်းကြီးနှင့်တကွ လယ်တီကမ္မဋ္ဌာနာစရိယ ဆရာတော်များက အထူးဂရုစိုက်ပြီးတော့ ကြပ်မတ်ပြီးတော့ လမ်းမှန်

ရောက်အောင် ဘုရားစကားတော် မပျောက်အောင် တရားပြကြ တာပါပဲ။ လယ်တီကမ္မဋ္ဌာနာစရိယများဟာ လယ်တီဆရာတော်ဘုရား ကြီး၏ ဗုဒ္ဓဒေသနာတော်နှင့်အညီ ရေးသားထားတဲ့ ဒီပနီကျမ်း အစောင်စောင်ကို မှီငြမ်းပြုတရားပြကြရပါတယ်။

မနေ့ကပဲ ထိုင်ဝမ်ကျွန်းက ဗုဒ္ဓဘာသာအဖွဲ့တစ်ဖွဲ့ ရောက်လာ ပါတယ်။ သူတို့က မဟာယာနတွေပါ။ ထေရဝါဒတရားတော်များ ဟောကြားပေးပါလို့ တောင်းပန်ပါတယ်။ မဟာယာနနဲ့ ထေရဝါဒ ဘယ်လိုကွဲပြားပါသလဲ။ အနှစ်သာရက ဘာတွေပါလဲဆိုပြီး မေးခွန်း တွေ မေးပါတယ်။ ဘုန်းကြီးက မဟာယာနနဲ့ ထေရဝါဒဆိုတာ ဘုရားမကွဲ ပါဘူး။ ကျင့်စဉ်တရားပဲ မတူတာပါ။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့နောက် နှစ်ပေါင်း (၂၃၅)နှစ် မှာ မဟာယာနနဲ့ ထေရဝါဒဆိုပြီးတော့ လမ်းခွဲသွားကြတာပါပဲလို့ ဘုန်းကြီး ရှင်းပြပါတယ်။

အဲဒီတော့ ထေရဝါဒကျင့်စဉ်တရားကို ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားထားတဲ့ ဒီပနီကျမ်း(၁၁)ကျမ်း ကို အင်္ဂလိပ်လို ပြန်ပြီးထားတာ ရှိပါတယ်။ ထေရဝါဒအနှစ်သာရ တွေကတော့ ဒီကျမ်းတွေမှာ မြတ်စွာဘုရား ဟောတဲ့အတိုင်း နိကာယ် ငါးရပ် ပိဋကတ်သုံးပုံ ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)မှ ထုတ်နှုတ်ပြီး ဆရာတော်ဘုရား ရေးသားထားပါတယ်။

ဒါကြောင့် ထေရဝါဒဗုဒ္ဓသာသနာရဲ့ အဆီအနှစ်ကို သိချင်လို့ ရှိရင် တထိုင်တည်းနဲ့ ပြောလို့တော့ မပြည့်စုံဘူး။

ဒါကြောင့် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားထာတဲ့ ပါရမီဒီပနီ၊ ဝိပဿနာဒီပနီ၊ အာနာပါနဒီပနီ အစရှိတဲ့

အင်္ဂလိပ်ဘာသာနဲ့ ပြန်ဆိုထားတာကို ပေးပြီးတော့ ဒီကျမ်းများကို လေ့လာခဲ့ပါ။ နောက်တစ်နှစ်ရောက်လာတဲ့အခါ ဒီကျမ်းထဲက စိတ်မရှင်းတာရှိရင် မေးပါလို့ ပြောလိုက်ပြီးတော့ အငယ်စားဆွေးနွေးပွဲလေး အပြီးသတ်ခဲ့ပါတယ်။

မြတ်စွာဘုရားရှိစဉ်ကပဲ အဇာတသတ်တို့ဟာ ဆရာလွဲ တရားလွဲနဲ့ နေခဲ့ကြတာ။

ပထမ ဒေဝဒတ်ကို ဆရာတင်တယ်။ ဟုတ်မလားလို့ပေါ့၊ နောက်တိတ္ထိဆရာကြီး (၆)ယောက်ကို ဟုတ်မလားလို့ ဆရာတင်ဖို့ဆိုတော့ အဇာတသတ်ဟာ ပထမဆရာတင်တာ မှားဖူးတော့ လွယ်လွယ်နဲ့ ဆရာမတင်ပါဘူး။

တိတ္ထိဆရာကြီး (၆)ဦးတို့ရဲ့ တရားစကားကိုလဲ မနှစ်မျို့ဘူး။ တိတ္ထိဆရာကြီးများလဲ မကိုးကွယ်ဘူး။

## သမားတော်ကြီးဇီဝက အလှည့်

အဲဒီအချိန်အခါကျမှ ဆရာရွေးပွဲ ဘေးနားမှာသမားတော်ကြီးဇီဝက ကရှိနေတော့ အဇာတသတ်က "ကိံပန သမ္မဇီဝက တုဏှိ"။

"အဆွေဇီဝကတဲ့ သင်ကတော့ တိတ်ဆိတ်လှချည့်လား။ အများတကာတွေ ကိုယ်ဆရာအကြောင်းတွေ ပြောလိုက်တာ၊ ညွှန်းလိုက်ကြတာ သင့်မှာ ဆရာမရှိဘူးလား"လို့ မေးမြန်းတော့မှ သမားတော်ကြီးဇီဝက,က သရက်ဥယျာဉ်မှာ အေးဆေးငြိမ်သက်လှတဲ့ သံဃာပေါင်း (၁၂၅၀)နဲ့ အတူတကွ သီတင်းသုံးနေတဲ့ မြတ်စွာဘုရားစီကို လက်အုပ်ချီပြီးတော့-

**"ကွတိပိသောဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရောပုရိသ ဒမ္မသာရထိ သတ္ထာဒေဝ အနုဿာနံ ဗုဒ္ဓေါ ဘဂဝါ"**

မြတ်စွာဘုရား ဂုဏ်တော်ကျေးဇူးတော်တွေကို လက်အုပ်ချီမိုးပြီး ပြောကြားတော့မှ အဲဒီလိုဆိုရင် မြတ်စွာဘုရားစီ ညဉ့်တွင်းချင်းပဲသွားပြီး တရားနာကြစို့ဆိုပြီး ညဉ့်တွင်းချင်းပဲ မြတ်စွာဘုရားစီ သွားပြီးတော့ "သာမညဖလ"ကို မေးလျှောက်တယ်။

အဲဒီလိုမေးတဲ့အခါမှာ မြတ်စွာဘုရားက ပါဠိတော်မှာ တိုက်ရိုက်ရဟန်းပြုခြင်းရဲ့အကျိုး၊ မျက်မှောက်ထင်ထင် ရှုမြင်ရတဲ့ ရဟန်းပြုခြင်းရဲ့အကျိုး (၁၄)မျိုးကို မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။ အလျှော်အားဖြင့်ယူရင်တော့ ရဟန်းပြုခြင်းအကျိုး (၁၈)မျိုး ရှိပါတယ်။ အဲဒီ (၁၈)မျိုးနဲ့ပတ်သက်ပြီးတော့ မြတ်စွာဘုရားစီ ရောက်တဲ့အခါမှာ အဇာတသတ်မင်းရဲ့ ရဟန်းပြုခြင်းရဲ့အကျိုး မျက်မှောက်ထင်ထင် ရှုမြင်ရတဲ့ "သာမညဖလ"။ ရဟန်းပြုခြင်းအကျိုး (၁၈)မျိုးတို့ကို နောက်တစ်နေ့မှ ဆက်ပြီး ဟောကြရအောင်။

မိမိတို့ ကြုံတွေ့နေရတဲ့ လမ်းစဉ်မှန်၊ လမ်းစဉ်မှန်ဖြစ်တဲ့ သီလ သမာဓိ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားတို့ကို ဆက်လက်ပြီးတော့ ကျင့်ကြံကြိုးကုတ် အားထုတ်ကြပြီး သာမညဖလဖြစ်တဲ့ ဝိပဿနာ ဉာဏ်စတဲ့ ဉာဏ်စဉ်အဆင့်ဆင့် ရရှိသဖြင့် ဝဋ္ဋဒုက္ခခပ်သိမ်း လျှင်မြန်စွာ ငြိမ်းပါစေသော်လို့ ဆုတောင်းတိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့တရားစကားကို နိဂုံးချုပ်အပ်ပါသတည်။

သာဓု - သာဓု - သာဓု

**သရက်မေး ပိန္နဲဖြေ**

ယနေ့ သာသနာတော်နှစ် ၂၅၄၉ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၆)ရက်နေ့။

လယ်တီဝိပဿနာ (၇)ရက် တရားစကခန်း (၈၉)ကြိမ် မြောက်ခဲ့ပြီ။

ယောဂီသူတော်စင်များလဲ သမထပိုင်းကနေ ဝိပဿနာပိုင်း ကူးပြီးတော့ ဝိပဿနာတရာများ ပွားများနေကြရပြီ

ဝိပဿနာဉာဏ်ဆိုတာ ဘယ်လိုဘယ်လိုအဆင့်ဆင့် ဝိပဿနာဉာဏ်ထိအောင် တက်လာရပုံလေးတွေ ပါဝင်တဲ့ "သာမည ဖလ" သုတ္တန်ဒေသနာတော် နာကြားပြီးတော့ သဘောပေါက်ကြ မှာပါပဲ။

အဇာတသတ်မင်းက တိတ္ထိဆရာကြီး (၆)ဦးတို့ထံသွားပြီး ဆရာကြီး(၆)ဦးတို့ရဲ့ အယူဝါဒတွေ သာမညဖလ ရဟန်းပြုခြင်းရဲ့ အကျိုးတရားကိုမေးသော်လဲ ပြည့်စုံအောင် မဖြေဆိုနိုင်ကြဘူး။

အဲဒီတော့ မြတ်စွာဘုရားစီ သမားတော်ကြီးဇီဝက အစီအစဉ် နဲ့ ရောက်လာပြီးတော့ -

**ပုစ္ဆေယျာ မဟံ ဘန္တေ ကိဉ္စိ ဒေဝ ဒေသံ၊**

**သစေ ဘဂဝါ ဩကာသံ ကရောတိ ပဉှဿ ဝေယျာကရဏာယ**

တပည့်တော် မေးချင်ပါတယ်ဘုရား။ မြတ်စွာဘုရား ခွင့်ပြု မယ်ဆိုရင်ပါဘုရား။ မြတ်စွာဘုရားက **"ပုစ္ဆ မဟာရာဇ ယဒါကင်္ခသိ"**။

မဟာရာဇ= မင်းမြတ်၊ ပုစ္ဆ= မေးပါလော့။ ယံ= အကြင် အကြောင်းအရာကို၊ အာကင်္ခသိ= မေးခြင်းငှာအလိုရှိ၏။ တံ= ထိုအကြောင်းအရာကို၊ ပုစ္ဆ= မေးပါလော့။

ဒီစကားဟာ သာမန်ပုဂ္ဂိုလ်တွေ ပြောနိုင်တဲ့စကားမဟုတ်ဘူး။ “မေးချင်တာမေး”လို့ ဒီလိုပြောတဲ့စကား။ ဘုရားရှင်တို့ရဲ့ အသုံးအနှုန်း။ သဗ္ဗညုဘုရားရှင်တို့ရဲ့ အသုံးအနှုန်း။

“သဗ္ဗညု ပဝါရဏာ” သဗ္ဗညုဘုရားရှင်တို့ရဲ့ ဖိတ်ကြားနည်းပါပဲ။ ဒီလိုပဲ သိကြားမင်းကြီး မေးစဉ်ကလဲ -

**“ပုစ္ဆ ဝါသဝ မံ ပဉှံ၊ ယံ ကိဉ္စိ မနသိစ္ဆသိ။**
**တဿတဿေဝ ပဉှဿ၊ အဟံ အန္တံ ကရောမိတေ။**

သိကြားမင်း သင့်စိတ်ထဲမှာ ရှိတာကိုမေးပါ။ ငါဘုရား အားလုံးဖြေမယ်။ အဲဒီမေးခွန်းကို ဆုံးခန်းတိုင်အောင် ငါဘုရား ဖြေမယ်။ ဒီလိုဖိတ်ကြားခြင်းဟာ သဗ္ဗညုဘုရားရှင်တို့ရဲ့ ဖိတ်ကြားနည်း။

အခြားအခြား အဂ္ဂသာဝကကြီးတွေ၊ မဟာသာဝကကြီးတွေ၊ ပကတိသာဝကကြီးတွေက အရှင်ဘုရား မေးချင်ပါတယ်ဘုရားလို့ လျှောက်ထားရင် “သုတွာ ဝေဒိဿာမ”။ သုတွာ= အမေးကို ကြားရသည်ရှိသော်၊ ဝေဒိဿာမ= သိစေကြပါအံ့။

မေးပါတဲ့။ မေးခွန်းကြားရမှ အဲဒီအဖြေကို ပြောတာပေါ့။ သာဝကတွေရဲ့ ပန်ကြားချက်က မေးချင်တာမေးလို့ မပြောရဲဘူး။ အမေးကြားရမှ အဖြေပေးနိုင်မယ်။ သာဝကများ သိတာက တစ်စိတ်တစ်ဒေသသိတာကိုး။

အဲဒီတော့ အဇာတသတ်မင်းအား သဗ္ဗညု ပဝါရဏာ ဘုရားရှင်တို့ရဲ့ ပန်ကြားနည်းနဲ့ မဟာရာဇ= မြေအပြင်၌ ရန်သူကို အောင်မြင်တော်မူတတ်သော မင်းမြတ် (ချီးမြှောက်ပြီးတော့ စကားသုံးပါတယ်)၊ ပုစ္ဆ= မေးပါလော့။ ကြားဖူးတဲ့စကားလေးတစ်ခု

ပြောရဦးမယ်။ မန္တလေး နေပြည်တော်မှာ ရှင်ဘုရင်မွေးနေ့၌ အမိန့်အရ ရေစကြိုဆရာတော်လောင်းလျာ စာချဆရာတော်လေးက မဟာရာဇ ပုဒ်ရဲ့အနက်တွေ အမျိုးမျိုးပေးပြီး အနုမောဒနာပြုသတဲ့။

"ယဒါ ကဉ်သိ" ဆိုတာက မေးချင်တာကိုမေး။ အဲဒီလို သိကြားမင်းကြီးကို ဖိတ်မန္တကပြုသလိုပဲ။ အဇာတသတ်မင်းကိုလဲ သဗ္ဗညုပဝါရဏာနဲ့ ဖိတ်ကြားတော်မူတာ။ အဲဒီလို ဖိတ်ကြားတဲ့အခါ အဇာတသတ်က ဘာပြောသလဲ၊ ဘယ်လိုမေးသလဲ။

ဆင်စီးအတတ်၊ မြင်းစီးအတတ် အစရှိတဲ့ အတတ်ပညာ (၂၅)မျိုး၊ အရေအတွက်ထဲ မပါတဲ့ လက်သမားအတတ်၊ ပန်းရံ အတတ် အစရှိတဲ့ အတတ်ပညာတွေ လောကမှာရှိတယ်ဘုရား။

အဲဒီ အတတ်ပညာတွေနဲ့ ကိုယ်ကိုယ်တိုင်လဲ အသက်မွေး တယ်၊ သားမယားတွေကို ကျွေးမွေးစောင့်ရှောက်တယ်။ လှူစရာ တန်းစရာရှိရင်လဲ ဒီထဲကပဲ လှူကြတယ်။ အဲဒီလို မျက်မှောက် ထင် ထင် ရှုမြင်အပ်တဲ့ အကျိုးရှိသလို ရဟန်းပြုခြင်းရဲ့ အကျိုးများရှိပါ သလားလို့ မြတ်စွာဘုရားကို မေးလျှောက်တယ်။

မြတ်စွာဘုရားက အဇာတသတ် ဒီမေးခွန်းကို အခြား အခြား သာမဏ ဗြဟ္မဏ၊ ရဟန်းပုဏ္ဏားတွေကို မေးဖူးသေးလား၊ မေးဖူးပါ တယ်ဘုရား။

ဘယ်လိုဖြေကြသလဲမေးတော့ အဇာတသတ်က ပုရာဏ ကဿပ အစရှိတဲ့ တိတ္ထိဆရာကြီး (၆)ဦးရဲ့ဖြေပုံကို ပြန်ပြီးတော့ လျှောက်ထားတယ်။

တပည့်တော် အဲဒီအဖြေအားလုံး တစ်ခုမှ မကျေနပ်ပါဘူး ဘုရား။ သရက်ပင်အကြောင်းမေးရင် ပိန္နဲပင်ဖြေလိုဖြေ၊ ပိန္နဲပင်

အကြောင်းမေးရင် သရက်ပင်အကြောင်း ဖြေလိုဖြေနဲ့ တပည့်တော် အဲဒါတွေ သဘောမကျပါဘူး။

**ရဟန်းပြုရကျိုး ဖြေပြီ**

အဲဒီလိုဆိုရင် ဒီမေးခွန်းတွေနဲ့ ပတ်သက်ပြီး ငါဘုရားဖြေမယ်။ မြတ်စွာဘုရားက အစကစပြီးတော့ "ရဟန်းပြုခြင်းရဲ့အကျိုး သာမည ဖလကို တစ်ချက်ချင်းလေး ဖြေတော်မူတယ်။

သာမညဖလ ရဟန်းပြုရခြင်းအကျိုးက -

(၁) **အရှိအသေ ခံရပေ မှတ်လေသာမည မြတ်ဖလ**၊ ရဟန်းပြု လိုက်တယ်ဆိုရင် အရှိအသေ အပြုခံရတယ် အဇာတသတ်။

ဥပမာဆိုကြပါစို့ မင်းကြီးခိုင်းစေနေတဲ့ ကျွန်တစ်ယောက် ရဟန်းပြုတယ်ဆိုကြပါစို့။ ရဟန်းပြုသွားတော့ ကောင်းကောင်းမွန်မွန် ကျင့်ကြံကြိုးကုတ် အားထုတ်နေတယ်။ အဲဒီကောင်းကောင်းမွန်မွန် ကျင့်ကြံအားထုတ်နေတဲ့ ရဟန်းကို မင်းကြီးက "အရှင်ဘုရား လူထွက်၊ အရင်ကလိုပဲ လုပ်ငန်းကိုင်တာတွေ ဆောင်ရွက်ပေးလို့ ပြောမလား၊ သို့မဟုတ် ဆွမ်းသင်္ကန်း ကျောင်းဆေးပစ္စည်းလေးပါးနဲ့ လိုတာကို မိန့်တော်မူပါလို့ လျှောက်ထားမလား"။

"တပည့်တော် ပစ္စည်းလေးပါး လိုတာကို မိန့်တော်မူပါလို့ လျှောက်ထားပါမယ်လို့ လျှောက်ထားပြီး တပည့်တော် တရိုတသေနဲ့ ရှိခိုးပါမယ်ဘုရား"လို့ လျှောက်တော့ အဲဒါရဟန်းပြုခြင်းရဲ့အကျိုးပဲ။

နောက် သူကြွယ်တစ်ယောက် မင်းကြီးကို အခွန်အတုပ်တွေ ဆက်သပြီးတော့ ဆယ်ခိုင်တစ်ခိုင် အခွန်ဆက်နေတဲ့သူကြွယ် ရဟန်း ပြုတယ်။ ကောင်းကောင်းမွန်မွန် ကျင့်ကြံအားထုတ်ပြီးနေတယ်။

မင်းကြီးက "ထွက်ခဲ့တော့၊ နဂိုကလိုပဲ လယ်ယာကိုင်းကျွန်းတွေ ဆောင်ရွက်ပြီး ငါ့ကိုဆက်သလို့ပြောမလား၊ ပစ္စည်းလေးပါးနဲ့ လှူပါ့မယ်ဘုရားဆိုပြီး အရိုအသေလက်အုပ်ချီမိုး ရှိခိုးမလား"လို့ မေးတော့ "တပည့်တော် ပစ္စည်းလေးပါနဲ့ ဒကာခံပြီး အရိုအသေပြု လှူဒါန်းပါ့မယ်ဘုရား"လို့ လျှောက်ထားတယ်။

အဲဒါ သာမညဖလ ရဟန်းပြုခြင်းရဲ့အကျိုးပဲ။

ဒီထက်သာလွန်မြင့်မြတ်တဲ့အကျိုးကော ရှိပါသေးလားဘုရား လို့ လျှောက်တော့ အမျိုးကောင်းသားတစ်ယောက် ဘုရားတရား နာပြီးတော့ **"နယိဒံ သုကရံ အဂါရံ အဇ္ဈာဝသတာ ဧကန္တ ပရိပုဏ္ဏံ၊ ဧကန္တ ပရိသုဒ္ဓံ သင်္ခလိခိတံ ဗြဟ္မစရိယံ စရိတုံ"**

ငါဘုရားရဲ့ အာဒိကလျာဏ အစရှိတဲ့ ဂုဏ်ကျေးဇူးတွေရှိတဲ့ တရားကို နာကြားပြီးတော့ ရဟန်းတရားတွေကို လူ့ဘဝနဲ့ ကျေကျေ နပ်နပ် ပြည့်ပြည့်စုံစုံ အားထုတ်နိုင်မှာမဟုတ်ဘူး ဆိုပြီးတော့ ရဟန်း ပြုတယ်။

ရဟန်းပြုပြီးတော့ "စူဠသီလ= အငယ်စားသီလတွေ"၊ "မဇ္ဈိမ သီလ= အလတ်စားသီလ"၊ "မဟာသီလ= အကြီးစားသီလ" မြင့်မြတ်တဲ့ သီလတွေ၊ အစာရေစာနဲ့ ပတ်သက်လို့လဲ တရားသဖြင့် သုံးစွဲပြီးနေတယ်။

အဲဒီကနေစပြီး သီလအဆင့်၊ သမာဓိအဆင့်၊ ပညာအဆင့် ဆိုပြီးတော့ သိက္ခာသုံးပါး အကျင့်တရားတွေ ဆက်ဆက်ပြီးတော့ သာမညဖလ ရဟန်းပြုခြင်းရဲ့အကျိုးကို ဟောပါတယ်။

(၂) **သီလ အာစာရံ ပြည့်ဖြိုးလျှံ၊**
**မှတ်ရန်သာမည မြတ်ဖလ။**

လူ့ဘဝနဲ့ မတူဘူး။ "အဗ္ဘော ကာသော ပဗ္ဗဇ္ဇာ" ရဟန်းပြုခြင်းဟာ လွန်တီးခေါင်မှာနေရသလိုပဲ ကုသိုလ်ရရေး အခွင့်အရေးသာတယ်။

"သမ္ဗာဓော ဃရာဝါသော" လူ့ဘောင်မှာနေရတာက အတောင်(၆၀)ရှိတဲ့အိမ်၌ ဇနီးမောင်နှံနှစ်ယောက်ထဲ နေစေကာမူ ကျဉ်းမြောင်းတယ်။ ရာဂအစရှိတဲ့ အနှောင့်အယှက်တွေ လယ်ယာကိုင်းကျွန်းအစရှိတဲ့ အဆီးအတားတွေက ရှိနေတဲ့အတွက်ကြောင့် ကျဉ်းမြောင်းတယ်။ ကုသိုလ်ပြုဖို့ရာလဲ အခွင့်အရေးနည်းတယ်။

ဒါကြောင့် ရဟန်းပြုသွားတဲ့အခါ စူဠသီလ= အငယ်စားသီလ၊ မဇ္ဈိမသီလ= အလတ်စားသီလ၊ မဟာသီလ= အကြီးစားမြင့်မြတ်တဲ့ သီလ စတဲ့သီလများကို ဖြည့်ကျင့် ခြင်းဟာလဲ အလျော်အားဖြင့် ယူရတဲ့ သာမညဖလ။

**(၃) ဣန္ဒြေချုပ်တည်း လွန်စောင့်စည်း၊ ဂုဏ်ကြီးသာမည မြတ်ဖလ။**

မြင်မှု၊ ကြားမှု၊ နံမှု၊ လျက်မှု၊ ထိမှု၊ သိမှု နဲ့ ပတ်သက်ပြီး သူတစ်ပါးဥစ္စာကို မိမိဥစ္စာဖြစ်ရင် ကောင်းလေစွဆိုတဲ့ အဘိဇ္ဈာမဖြစ်အောင်၊ မှားယွင်းတဲ့အကြံအစည်မျိုး မဖြစ်အောင်၊ စိတ်မသက်သာ နှလုံးနာမှု မဖြစ်အောင် ဣန္ဒြေ(၆)ပါး တံခါး(၆)ပေါက်ကို ပိတ်ပြီး စောင့်စည်းပြီး နေနိုင်ခြင်းဟာလဲ ရဟန်းပြုခြင်းရဲ့ အကျိုးတရားတစ်ခု။

**(၄) သတိသမ္ပဇဉ် အမြဲယှဉ်၊ ဂုဏ်အင်သာမည မြတ်ဖလ။**

အခုယောဂီများ တရားအားထုတ်ပြီးနေသလို သတိနဲ့ ထွက်လေ၊ ဝင်လေကို ရှုမှတ်၊ ဝိပဿနာဉာဏ်ပညာနဲ့ ခန္ဓာကို ဉာဏ်စိုက်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာတင် ရှုမှတ်၊ အဲဒီလို

ဆောင်ရွက်နိုင်ခြင်းဟာလဲ ရဟန်းပြုခြင်းရဲ့ အကျိုးတစ်ခု။

(၅) **သန္တုဋ္ဌိတရား ပြည့်စုံငြား မှတ်သားသာမည မြတ်ဖလ။**

ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးနဲ့ ပတ်သက်ပြီး ရောင့်ရဲတင်းတိမ်မှု အမျိုးမျိုးနဲ့ ပြည့်စုံနိုင်ခြင်းဟာလဲ ရဟန်းပြုခြင်းရဲ့ အကျိုးတစ်မျိုး။

(၆) **နီဝရဏတရား ပယ်ရငြား၊ မှတ်သားသာမည မြတ်ဖလ။**

ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိနမိဒ္ဓနီဝရဏ၊ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊ ဝိစိကိစ္ဆာနီဝရဏ၊ နီဝရဏတရားတွေကို ပယ်ရှားနိုင်အောင် သမာဓိရအောင် အားထုတ်ခြင်းဟာလဲ ရဟန်းပြုခြင်းရဲ့ အကျိုးတစ်မျိုးပါပဲ။

(၇၊၈၊၉၊၁၀) **လေးပါးဈာန်တွေ ရရှိပေ၊ မှတ်လေသာမည မြတ်ဖလ။**

နီဝရဏကင်းကွာ သမာဓိရပြီး ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် အဆင့်ဆင့်ရရှိခြင်းဟာလဲ ရဟန်းပြုခြင်းရဲ့ အကျိုးတစ်မျိုး။

**ဝိနော ဣဒ္ဓိသောပရိနှင့် နိစက္ခုအာ၊**

**ဉာဏ်ရှစ်ဖြာ မှတ်ပါသာမည မြတ်ဖလ။**

ဝိပဿနာဉာဏ်၊ မနောမယိဒ္ဓိဉာဏ်၊ ဣဒ္ဓိဝိဓဉာဏ်၊ ဒိဗ္ဗသောတဉာဏ်၊ ပရစိတ္တဝိဇာနနဉာဏ်၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်။

ဝိဇ္ဇာဉာဏ်(၈)ပါး၊ အဲဒီ (၈)မျိုးကလဲ ရဟန်းပြုခြင်းရဲ့ အကျိုး (၈)မျိုးပါပဲ။

နောက်ဆုံး အာသဝက္ခယဉာဏ်ရတဲ့အခါကျတော့ သိပယ်ဆိုက်ပွား သစ္စာလေးပါး လေးပါးကိစ္စ အပိုင်ရ ရဟန္တာဖြစ်ခြင်းဟာ ရဟန်းပြုခြင်း၏ အမြတ်ဆုံးအကျိုးပါပဲ။

ဒီထက်ကောင်းတဲ့ ရဟန်းပြုခြင်း အကျိုးကတော့ မရှိဘူး။ မြတ်စွာဘုရား အာသဝက္ခဉာဏ်နဲ့ နိဂုံးချုပ်တော်မူပါတယ်။

**ရဟန်းအကျိုး ဆယ့်ရှစ်မျိုး ရကျိုးဒိဋ္ဌ ခုဘဝ။**

ရဟန်းပြုခြင်းရဲ့အကျိုး ရနိုင်သလောက် ထည့်ပြီးရေတွက်လိုက်တဲ့အခါ မြတ်စွာဘုရားက ပါဠိတော်မှာ မျက်မှောက်ထင်ထင်ရှုမြင်အပ်သော ဘဝမှာဖြစ်တဲ့ ရဟန်းပြုခြင်းရဲ့အကျိုးလို့ နိဂုံးချုပ်ပြီးတော့ ဟောကြားထားတာ (၁၄)မျိုးပါပဲ။

အဲဒါကို ရနိုင်သလောက် ခွဲခြားရေတွက်ရင် (၁၈)မျိုး။ ဘုန်းကြီးရဲ့ ကျေးဇူးရှင် လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ် ဩဝါဒါစရိယ မုံရွာမြို့ အရှေ့လယ်တီတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလ ဆရာတော်က -

**သက္ကတော သီလသမ္ပန္နော၊ ဂုတ္တဒွါရောစ ဣန္ဒြိယေ။**

**သတောစ သမ္ပဇာနောစ၊ သန္တုဋ္ဌော ပစ္စယေသုစ။**

**နီဝရဏ ပဟာနောစ၊ ဈာနလာဘီဋ္ဌ ဉာဏိကော။**

**ဧတာနိ သန္ဒိဋ္ဌိကာနိ၊ သာမညဿ ဖလန္တိဝေ။**

ဂါထာစီကုံးထားတယ်။ မူရင်းပါဠိတော်က နှစ်ဘာဏဝါရလောက်ရှိပါတယ်။ နှစ်ဘာဏဝါရ ဆိုတာ ပြန်ဆိုလို့ မောတယ်ဆိုတစ်ခါရပ်၊ နားဦးမှပဲဆိုပြီး နားနားပြီးရွတ်မယ်ဆိုရင် နှစ်ကြိမ်လောက်ရွတ်ရပါတယ်။

သက္ကတော= အရိုအသေပြုခံရခြင်းလည်းကောင်း၊

သီလသမ္ပန္နော= သီလနှင့်ပြည့်စုံခြင်းလည်းကောင်း၊

ဣန္ဒြိယေ= မျက်စိအစရှိသော ဣန္ဒြေ၌၊

ဂုတ္တဒွါရောစ= လုံခြုံသောတံခါးရှိခြင်းလည်းကောင်း၊

သတောစ= သတိရှိခြင်းလည်းကောင်း၊

သမ္ပဇာနောစ= ဉာဏ်ပညာနှင့်ဆင်ခြင်ခြင်းလည်းကောင်း၊

သန္တုဋ္ဌော ပစ္စယေသုစ= ပစ္စည်းလေးပါးတို့၌ ရောင့်ရဲ တင်းတိမ်ခြင်းလည်းကောင်း၊

နီဝရဏာ ပဟာနောစ= နီဝရဏငါးပါးတို့ကို ပယ်ရှားနိုင်ခြင်းလည်းကောင်း၊

ဈာနလာဘီ= ဈာန်လေးပါးကို ရခြင်းလည်းကောင်း၊

အဋ္ဌဉာဏိကော= ဉာဏ်ရှစ်ပါးနှင့် ပြည့်စုံခြင်းလည်းကောင်း၊

ဣတိ= ဤသို့ ဧတာနိ သံန္ဒိဋ္ဌိကာနိ= ဤမျက်မှောက်ထင်ထင် ရှုမြင်အပ်သော တရားတို့သည်၊ ဝေ= စင်စစ်ဧကန် အမှန်အားဖြင့်၊

သာမညဖလာနိ= ရဟန်းအဖြစ်၏ အကျိုးတို့ပါတည်း။

ဘုန်းကြီးတို့ ပိဋကတ်သုံးပုံ ပြန်ဆိုတဲ့အခါမှာ ဒီသာမညဖလသုတ်တော်ကြီးက အာဂုံကျက်ရတာ ဒီလောက်မခက်ဘူး။ ရေဖြေဖြေတဲ့အခါမှာ သာမညဖလသုတ္တန်ဒေသနာတော်မြတ်ကြီးကို အဋ္ဌကထာဆရာ ဋီကာဆရာကြီးများက ကျယ်ကျယ်ဝင့်ဝင့် ဖွင့်ဆိုကြတော့ ခက်ခဲပါတယ်။

ဒါကြောင့်မို့ ပါဠိတော် အဋ္ဌကထာ ဋီကာ အပြည့်အစုံ ဟောမယ်ဆိုရင် ဘုန်းကြီးတို့ (၇)ရက်တရားစခန်း (၁)ကြိမ်နဲ့လဲ မပြီးဘူး။ (၂)ကြိမ်နဲ့လဲ မပြီးဘူး။ သိသာရုံကလေး၊ ရဟန်းပြုခြင်းရဲ့

အကျိုး၊ သို့မဟုတ် ရဟန်းလို ကျင့်ကြံကြတဲ့ ယောဂီများလဲ ဒီအကျိုး တရားတွေ ထိုက်တန်သလောက် ရရှိနိုင်ကြပါတယ်။

ယခု ယောဂီသူတော်စင်များ လက်တွေ့မျက်တွေ့အားဖြင့် တရားစခန်း ဝင်တယ်ဆိုတော့ သီလလဲ လုံခြုံလို့ သမာဓိလဲ ထိုက်တန်သလောက်ရလို့ ကာမစ္ဆန္ဒ အစရှိတဲ့ နီဝရဏတရားတွေ အသင့်အတင့် ဖယ်ရှားနိုင်ပြီးတော့ ဝိဇ္ဇာဉာဏ်ရှစ်ပါးထဲက ဝိပဿနာဉာဏ် အဆင့်ဆင့် ရရှိအောင် အားထုတ်နိုင်ကြပြီ။

ဝိပဿနာဉာဏ်ဆိုတာ ရုပ်တရား နာမ်တရားတို့ရဲ့ အခြေအနေ၊ ရုပ်တရား နာမ်တရားတို့ကို ရှုနိုင်မြင်နိုင်တဲ့ အခြေအနေရှိတဲ့ ဉာဏ်ပညာပါပဲ။

သာမညဖလ ရဟန်းပြုရခြင်းရဲ့ အကျိုးတရားထဲမှာ ပါဝင်ပြီး နေတဲ့အတွက် ဝမ်းမြောက်ဖွယ်ဖြစ်ပါတယ်။

မျက်မှောက်မပြုနိုင်စေကာမူ ရဟန်းပြုခြင်းရဲ့အကျိုးကို အထိုက်အလျောက် ရရှိပြီး ဝမ်းမြောက်ဖွယ်ဖြစ်ပါတယ်။

အဲဒီလို ဝမ်းမြောက်ဖွယ်ဖြစ်တဲ့အကြောင်းကို ပြောကြားရင်းနဲ့ ဘုန်းကြီးရဲ့ သာမညဖလ ရဟန်းပြုခြင်းရဲ့အကျိုးတရားနဲ့ ပတ်သက်ပြီး ဖွင့်ပွဲနေ့ကစပြီးတော့ သာမညဖလသုတ္တန် ဒေသနာတော်မြတ်ကြီးကို ဟောတော်မူတဲ့နေ့ဖြစ်လို့ သာမညဖလအခါတော်နေ့ (၈၉)ကြိမ်မြောက်လယ်တီဝိပဿနာ (၇)ရက်တရားစခန်းမှာ ဟောကြားခဲ့ရတဲ့ အတွက် ဝမ်းမြောက်ရပါတယ်လို့ ပြောကြားရင်း ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

ယနေ့ သာသနာနှစ် ၂၅၄၉ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်နေ့။

(၈၉)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း အောင်မြင်ပြီးမြောက်လို့ ယောဂီသူတော်စင်များလဲ ထိုက်တန်သလောက် သမထဘာဝနာ၊ ဝိပဿနာဘာဝနာများ ပွားများခဲ့ကြပြီ။

လာမည့် နတ်တော်လပြည့်ဆိုရင်တော့ လယ်တီဝိပဿနာ (၇)ရက်တရားစခန်း အကြိမ် (၉၀)မှာ တရားအားထုတ်တဲ့အခါ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ မွေးနေ့ မွေးလဆိုရမှာပေ့ါ။ ဆရာတော်ဘုရားကြီး ၁၂၀၈ ခု နတ်တော်လဆန်း (၁၃)ရက် အင်္ဂါနေ့ဆိုတော့ လပြည့်နေ့ကျမှပဲ လယ်တီဆရာတော်ဘုရားကြီးရဲ့ အထိမ်းအမှတ်ပွဲကို အကြိမ် (၉၀)မြောက် တရားစခန်းနဲ့ ပူးတွဲပြီးတော့ ကျင်းပမယ်၊ ပူဇော်မယ်လို့ စဉ်းစားထားပါတယ်။

ယနေ့ (၈၉)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း။ ဒီတရားစခန်းမှာ တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့နဲ့ ပတ်သက်ပြီးတော့ နည်းနည်းပါးပါး မြီးရုံစမ်းရုံလောက် ဟောခဲ့ပါတယ်။

မနေ့ကတုန်းကတော့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးရဲ့ ပဥ္စမအကြိမ် (၄၇)ပါးစုံညီမှာ သဘာပတိ ဉက္ကဋ္ဌဆရာတော်ဘုရားကြီးရဲ့ မိန့်ခွန်း၊ ရှေးဦးစွာ ဘာမိန့်သလဲဆိုတော့ ပရိယတ္တိနဲ့ ပတ်သက်ပြီးတော့ အနည်းငယ်မိန့်ပါတယ်။

ဘာမိန့်သလဲဆိုတော့ “ဝမ်းမြောက်ဖွယ်သတင်းစကားကို ရှေးဦးစွာ လျှောက်ထားလိုပါသည်။”

**ထေရဝါဒသြဝါဒ**

၁၃၆၇ ခု၊ သီတင်းကျွတ်လဆန်း (၅)ရက်၊ (၆)ရက်၊ ၂၀၀၅ ခုနှစ် အောက်တိုဘာလ (၇)ရက်၊ (၈)ရက်နေ့များ၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် သာသနာ့တက္ကသိုလ်များ အဆင့်အတန်းမြှင့်တင်ရေး အလုပ်ရုံ ဆွေးနွေးပွဲကို ကျင်းပနိုင်ပါသည် ဘုရား။

ထိုဆွေးနွေးပွဲ၌ -

(၁) အရည်အချင်းမှီဆရာများ ရရှိရေး၊

(၂) ပါဠိဘာသာ သင်ကြားမှု၊ သင်ယူမှု အဆင့်မြှင့်တင်ရေး၊

(၃) အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၏ သင်ကြားပို့ချမှု အဆင့်မြှင့်တင်ရေး၊

(၄) သာသနာရေးဝန်ကြီးဌာန လက်အောက်ရှိ ဗုဒ္ဓသာသနာတော်ဆိုင်ရာ တက္ကသိုလ်များ သင်ကြားမှု၊ သင်ယူမှု အဆင့်မြှင့်တင်ရေး၊

(၅) အင်္ဂလိပ်ဘာသာ သင်ကြားမှု အဆင့်မြှင့်တင်ရေး၊

(၆) သင်လျော်သော သင်နည်းစနစ်များရရှိရေး၊

(၇) ပိဋကတ်တိုက်၊ စာကြည့်တိုက်များ အဆင့်မြှင့်တင်ရေး၊

စသည်တို့ကို ရဟန်းပညာရှိ လူပညာရှိများ တက်ရောက်ဆွေးနွေးအကြံပေးခဲ့ကြပါသည် ဘုရား။ ဆရာတော်ဘုရားကြီးက ပရိယတ္တိသာသနာနဲ့ ပတ်သက်ပြီးတော့ ဖောက်သည်ချတဲ့ အနေအားဖြင့် ဝမ်းမြောက်ဖွယ် ပြောကြားပါတယ်။

ပဋိပတ္တိနဲ့ ပတ်သက်ပြီးတော့ ယခုဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကကြီးများနှင့်တကွ ရဟန်းတော်အားလုံး လိုက်နာ

ကျင့်သုံးရမည့် သာသနာတော်၌ မကြီးပွားခြင်းအကြောင်းနှင့် ကြီးပွားခြင်းအကြောင်းများကို ဟောကြားအပ်သော အင်္ဂုတ္တရ ဥရုဝေလဝဂ်"ကုဟ"သုတ်ကို အကျဉ်းချုပ်၍ လျှောက်ထားလိုပါသည် ဘုရား။

ဆရာတော် အရှင်မြတ်တို့ ဘုရား၊ ဗုဒ္ဓရှင်တော်မြတ်သည် -

**ယေကေစိ ဘိက္ခဝေ ဘိက္ခူ ကုဟာ ထဒ္ဓါ လပါ သိင်္ဂီ ဥန္နလာ အသမာဟိတာ။**

စသည်ဖြင့် ရဟန်းတော်များ၏ သာသနာတော်၌ မကြီးပွားခြင်း၏ အကြောင်းတို့ကိုလည်းကောင်း၊

**ယေစ ခေါ ဘိက္ခဝေ ဘိက္ခူ နိက္ကုဟာ နိလ္လပါ အထဒ္ဓါ သုသမာဟိတာ။**

စသည်ဖြင့် မြတ်စွာဘုရားက သာသနာတော်၌ ကြီးပွားခြင်း၏ အကြောင်းတို့ကိုလည်းကောင်း ဟောကြားခဲ့ပါသည်ဘုရား။

ရဟန်းတို့ ကုဟာ= မဂ်ဖိုလ်ရလေဟန် ရိပ်ခါစောင်းခါဖြင့် ဒကာ ဒကာမတို့အား အံ့ဩအောင်, အထင်ကြီးအောင်ပြုသော ရဟန်းများ၊ ထွက်ရပ်ပေါက်လေဟန်, သိဒ္ဓိအမျိုးမျိုးပြီးလေဟန် စသည်ဖြင့် ဒကာ ဒကာမတို့ကို အံ့ဩအောင် အထင်ကြီးအောင် ပြုသော ရဟန်းများ၊ အဲဒီ ရဟန်းများဟာ ဗုဒ္ဓသာသနာမှ ပြင်ပ သားတွေ ဖြစ်ပါတယ်။

ထဒ္ဓါ= ဒေါသမာန်မာနတို့ဖြင့် ကြမ်းတမ်းခက်ထန်သော ရဟန်းများ၊ လပါ= ဒကာ ဒကာမတို့ကို ဓာတ်ရိုက်ဓာတ်ဆင်ခြင်း, ဗေဒင် ဟောခြင်း, ဆေးကုခြင်း, ချဲဂဏန်းပေးခြင်း စသော မိစ္ဆာဇီဝ တို့ဖြင့် မြူဆွယ်သောရဟန်းများ၊ ပစ္စည်းရဖို့ ဒကာ ဒကာမတို့ကို

ဖိနှိပ်ပြောဆိုသောရဟန်းများ၊

သိင်္ဂီ= ကုသိုလ်တရားတို့ကို ထိုး သတ်ကောက်ကွေ့တတ်သော ဦးချိုအလား ထင်ရှားသော ကိလေသာရှိသော ရဟန်းများ၊ ကိလေသာ ဦးချိုကြီး တထောင်ထောင်ဖြစ်နေသော ရဟန်းများ၊

ဥန္နလာ= ကျူရိုးအလား ထောင်လွှားတက်ကြွသော အချည်း နှီးသော မာနရှိသော ရဟန်းများ၊

အသမာဟိတာ= ကမ္မဋ္ဌာန်းအာရုံ၌ စိတ်ကို ကောင်းစွာ တည်တန့်အောင် မထားတတ်သော ရဟန်းများ၊ စိတ်မတည်ကြည် သော ရဟန်းများသည် ဘုရား၏သားတော်ရဟန်းများ မဟုတ်ကြ။ ငါဘုရားနှင့်ဆိုင်သော ရဟန်းများမဟုတ်ကြ။ တရားသဖြင့် ဆုံးမရာ သာသနာတော်မှ ကင်းကွာကုန်၏။ ထိုရဟန်းတို့သည် ဤဓမ္မဝိနယ သာသနာတော်၌ သီလစသော ကြီးပွားစည်ပင် ပြန့်ပြောခြင်းသို့ မရောက်နိုင်ကြကုန်။

ဒါကုဟသုတ်၊ ရှေးဦးစွာ ကဏှပက္ခ မဲညစ်တဲ့အဆိုးပိုင်း ဖြစ်ပါတယ်။

ကုဟာ= အံ့သြအောင် အထင်ကြီးအောင်ပြုရဟန်း၊ ထဒ္ဓါ= မာနခက်ထန်တဲ့ ရဟန်း၊ လပါ= ဗေဒင်ဟောခြင်း, ချဲဂဏန်းပေးခြင်း အစရှိသဖြင့် အသက်မွေးတတ်တဲ့ ရဟန်းတွေ၊ သိင်္ဂီ= ကိလေသာဦးချို ထင်ရှားရှိကြတဲ့ ရဟန်းတွေ၊ ဥန္နလာ= ထောင်လွှားတတ်သော အချည်းနှီးသော မာနရှိသောရဟန်းတွေ၊ အသမာဟိတာ= ကမ္မဋ္ဌာန်း အာရုံမှာ စိတ်ကိုတည်တန့်အောင် မထားနိုင်တဲ့ ရဟန်းတွေ၊ အဲဒီရဟန်းတွေဟာ ငါဘုရားရဲ့ ရဟန်းတွေ မဟုတ်ဘူး။ ငါဘုရား၏ ကိုယ်ပိုင်၊ ငါဘုရားနှင့်ဆိုင်တဲ့ ရဟန်းတွေ မဟုတ်ဘူးလို့ မိန့်ပါတယ်။

အဲဒီမှာ နံပါတ်(၆)က "အသမာဟိတာ" ကမ္မဋ္ဌာန်းအာရုံ၌ စိတ်ကို တည်တန့်အောင် မထားနိုင်တဲ့ရဟန်းများ၊ စိတ်မတည်တဲ့ ရဟန်းများကို "အပယ်ခံအဖြစ်နဲ့" မြတ်စွာဘုရားက ဖယ်ရှားလိုက်တာ သတိပြုပါ။

တရားနာနေတာက ရဟန်းတော်တွေဖြစ်တော့ ရဟန်းတော်တွေကို ဦးစားပေးဟောတာ ဖြစ်ပါတယ်။ တကယ်တမ်းကျတော့ ပရိသတ်လေးပါးလုံး (ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာ) ယောဂီအမျိုးသားတွေရော၊ ယောဂီအမျိုးသမီးတွေရော အားလုံးနဲ့ ဆိုင်ပါတယ်။

နံပါတ် (၆) အသမာဟိတလို့ မိန့်ကြားချက်အရ စိတ်ကို တည်တန့်စွာမထားနိုင်တဲ့ အမျိုးသားတွေ၊ အမျိုးသမီးတွေ၊ ရဟန်းမတွေ၊ ရဟန်းတွေဟာ ငါဘုရားနဲ့ မဆိုင်ဘူးတဲ့၊ ဘုရားရှင်က အပယ်ခံအဖြစ်နဲ့ ထားတော်မူတာ။

ဘုန်းကြီးတို့ မြတ်စွာဘုရားက အပယ်မခံရဖို့ အရေးကြီးပါတယ်။ အပယ်မခံရအောင် ဘယ်လိုလုပ်ကြမလဲ။ ဆက်ပြီးတော့ ရဟန်းတို့-

နိက္ကုဟာ= ဒကာ ဒကာမတို့ အံ့သြအောင်, အထင်ကြီးအောင် မပြုတဲ့ရဟန်းများ၊

နိလ္လပါ= ဒကာ ဒကာမတို့ကို နည်းမျိုးစုံဖြင့် မြူဆွယ်မှု မပြုသော ရဟန်းများ၊

ဓီရာ= လုံ့လရှိသော, ပညာရှိသော ရဟန်းများ၊

အထဒ္ဓါ= ဒေါသ မာနတို့ဖြင့် မကြမ်းတမ်း မခက်ထန်သော ရဟန်းများ၊ သုသမာဟိတာ= ကမ္မဋ္ဌာန်းအာရုံ၌ စိတ်ကိုတည်ကြည်

အောင် ထားနိုင်သောရဟန်းများ၊ အဲဒီ ရဟန်းများသည် ငါဘုရား၏ ကိုယ်ပိုင်၊ ငါဘုရားနှင့်ဆိုင်သော ရဟန်းများဖြစ်ကြတယ်။

ထိုရဟန်းတို့သည် တရားသဖြင့် ဆုံးမရာ သာသနာတော်မှ မကင်းကွာကြကုန်။ ဤဓမ္မဝိနယ သာသနာတော်၌ သီလစသော ဂုဏ်တို့ဖြင့် ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့လဲ ရောက်ကြကုန်၏။ ဒီလို မိန့်ကြားတော်မူခဲ့ပါတယ်။

မီရာ= လုံ့လဝီရိယ ပညာရှိတဲ့ ရဟန်းတွေက ငါဘုရားရဲ့ ရဟန်းတွေ၊ လုံ့လဝီရိယ ပညာရှိကြတဲ့ ဘိက္ခုနီမတွေက ငါဘုရားရဲ့ တပည့်မတွေ၊ လုံ့လဝီရိယ ပညာရှိကြတဲ့ အမျိုးသားယောဂီ, အမျိုးသမီးယောဂီတွေဟာ ငါဘုရားရဲ့ယောဂီတွေ၊ ဒီလို မိန့်တော်မူတာ။

သုသမာဟိတဂုဏ် ကောင်းစွာစိတ်ကို တည်တန့်အောင်ထားနိုင်တဲ့ ရဟန်းများ၊ စိတ်တည်ကြည်သော ရဟန်းများဟာ ငါဘုရားနဲ့ ဆိုင်သော ရဟန်းများလို့ မိန့်ကြားတော်မူတော့ အလျော်အားဖြင့် စိတ်ကိုတည်ကြည်အောင် ထားနိုင်တဲ့ ရဟန်းမတွေ ယောဂီတွေဟာ ငါဘုရားနဲ့ဆိုင်တယ်။ ငါဘုရားကိုယ်ပိုင် ငါဘုရားနဲ့ဆိုင်တဲ့ ယောဂီတွေဖြစ်တယ်။ တရားသဖြင့် ဆုံးမရာ ဤသာသနာတော်မှ မကင်းကွာကြကုန်။

အခုယောဂီတွေဟာ အထောက်အထားနဲ့ သာဓကနဲ့ ပြောတာ။ မြတ်စွာဘုရားနဲ့ မကင်းကွာကြဘူး။ သာသနာတော်ဟာ ရဟန်းတော်တွေနဲ့သာ ဆိုင်တာမဟုတ်ပါဘူး။ ရဟန်းရှင်လူ သတ္တဝါအားလုံးနဲ့ သက်ဆိုင်ပါတယ်။

ဒီနေ့ အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တို့သည် တရားသဖြင့် ဆုံးမရာ မြတ်စွာဘုရားသာသနာမှာ သီလစသော ဂုဏ်တို့ဖြင့်

ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့လဲ ရောက်ကုန်၏လို့ မြတ်စွာဘုရား ဟောကြားထားတဲ့ စကားတော်ကို ယူပြီးတော့ မနေ့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အစည်းအဝေးမှာ အဖွင့် မိန့်ခွန်း မိန့်ကြားပါတယ်။ အားရစရာ ကျေနပ်စရာတွေဟာ အများကြီးပါပဲ။

ယောဂီသူတော်စင်များ လက်တွေ့မျက်တွေ့ အားထုတ်ကြ ရဘာယ်။ သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်၊ သိက္ခာ(၃)ပါး ကျင့်စဉ်တရားတွေကို မိမိတို့အိမ်ဂေဟာမှာ နေရတာနဲ့မတူ တမူထူးခြားပြီးတော့ (၇)ရက်တရားစခန်းမှာ တစ်နေ့(၁၀)ကြိမ် အားထုတ်ကြရတယ်။

(၁၀)ကြိမ် (၇)ရက်ဆိုတော့ နာရီပေါင်းက (၇၀) နည်းတာ မဟုတ်ပါဘူး။ ဝမ်းသာဖို့ကောင်းတယ်။ သာမညဖလ အခါတော်နေ့ က ဖွင့်ပြီးတော့လာတဲ့ သာမညဖလသုတ်ရဲ့ နောက်ခံသမိုင်းကြောင်း ဖြစ်တဲ့ ဒေဝဒတ်တို့ အဇာတသတ်မင်းတို့အကြောင်းတွေ စောစောက မိုက်မိုက်မဲမဲ ဆောင်ရွက်ခဲ့ပုံတွေကို ကြည့်ပြီးတော့ သတိပြုသင့် ပါတယ်။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ ဇာတိ ရပ်ရွာ။ အဲဒီမြို့နယ်က နာမည်ကြီးဆရာတော်တွေ တော်တော် များများ ဖြစ်ထွန်းခဲ့တယ်။ အဲဒီမှာ ထွန်းပေါ်ခဲ့တဲ့ ကျေးဇူးရှင် ဒီပဲယင်း ဆရာတော် ဘုရားကြီးကလဲ ဘုရားအပေါ် ဒေဝဒတ်နဲ့ အဇာတသတ် တို့ ဆောင်ရွက်ပုံတွေ၊ အဲဒါတွေထောက်မယ်ဆိုရင် အထွဋ်အထိပ် ရောက်တော်မူတဲ့ မြတ်စွာဘုရားရဲ့အကျိုးကိုတောင်မှ မလိုလားကြတဲ့ အဇာတသတ်အပါအဝင် မြောက်များစွာရှိခဲ့ဖူးပါတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကတော့ အထွဋ်အထိပ်သို့ ရောက်တော်မူပြီးသား ဖြစ်သည့်အတိုင်း ဒေဝဒတ်အပေါ် သားတော် ရာဟုလာအပေါ် မြတ်စွာဘုရားရဲ့ စိတ်တော်ဟာ အတူတူပဲ။ မာရ်နတ်တို့အပေါ် နာဠာဂီရိဆင်ကြီးအပေါ် ထားတဲ့စိတ်တော်ဟာ ရာဟုလာအပေါ် ထားတဲ့စိတ်အတိုင်းပါပဲ။ အညီအမျှထားတော်မူ နိုင်တဲ့အတွက်ကြောင့် မြတ်စွာဘုရားကတော့ သူတစ်ပါးအကျိုး လိုလားတဲ့နေရာမှာ အထွဋ်အထိပ်ဖြစ်တယ်။

အထွဋ်အထိပ်ဖြစ်တော်မူတဲ့ မြတ်စွာဘုရားအပေါ်မှာ မလိုလားကြတဲ့ ဒေဝဒတ်တို့ အဇာတသတ်တို့ အစရှိတဲ့ ပုဂ္ဂိုလ်များကို ပြန်ကြည့်မယ်ဆိုရင် ပုထုဇဉ်များရဲ့ မိုက်မဲမှု ပုထုဇဉ်များရဲ့ အဖြစ်ဆိုး ပါပဲ။ ဒါကြောင့် ဘုန်းကြီးတို့ ဘဝသံသရာလည်ပတ်ကြတဲ့အခါမှာ "သူတစ်ပါးအကျိုးကို လိုလားပါရစေ၊ သူတစ်ပါးလဲ မိမိအကျိုးကို လိုလားကြပါစေ"။

ဒီပဲယင်းဆရာတော်ဘုရားကြီးရဲ့ မေတ္တာအာသီသက-

**ပရေသံ ဟိတမိစ္ဆေယျံ၊ ဟိတံ မေ ကင်္ခတံ ပရော။**

**နာညဿ ဒုက္ခမိစ္ဆေယျံ၊ မာမေ ဒုက္ခံ ကင်္ခတံ ပရော။**

အဟံ= ငါသည်၊ ပရေသံ= သူတစ်ပါးတို့၏၊ ဟိတံ= အကျိုး စီးပွားကို၊ ကင်္ခေယျံ= လိုလားနှစ်သက် ဆောင်ရွက်နိုင်ရပါလို၏၊ ပရော= သူတစ်ပါးသည်၊ မေ= ငါ၏၊ ဟိတံ= အကျိုးစီးပွားကို၊ ကင်္ခတံ- ကင်္ခတု= လိုလားနှစ်သက် ဆောင်ရွက်နိုင်ပါစေ။

ငါက သူတစ်ပါးအကျိုးကို ဆောင်ရွက်နိုင်ပါစေ။ သူတစ်ပါး ကလဲ ငါ့အကျိုးကို ဆောင်ရွက်နိုင်ပါစေလို့ ဆုတောင်းတယ်။

ယခု ယောဂီသူတော်စင်များနဲ့ ကမ္မဋ္ဌာနာစရိယများဟာ ဆွေမတော် မျိုးမစပ်ပါပဲ။ သူတစ်ပါးရဲ့ အကျိုးစီးပွား လိုလားတယ်၊ နှစ်သက်တယ်၊ အပင်ပန်းခံတယ်၊ အိပ်ရေးပျက်ခံတယ်။ ဒီလို ဆောင်ရွက်ခဲ့ကြတယ်။

ယောဂီများကလဲ ကိုယ်ကိုယ်တိုင် ကျင့်ကြံကြိုးကုတ်ပြီးတော့ အခြားအခြားပုဂ္ဂိုလ်တွေ ကျင့်ကြံကြိုးကုတ် အားထုတ်စေမယ်ဆိုရင် ဒါသူတစ်ပါးအကျိုး လိုလားပြီးသား ဖြစ်တာပါပဲ။

အဟံ= ငါသည်၊ အညဿ= သူတစ်ပါး၏၊ ဒုက္ခံ= ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းကို၊ နက္ကစ္ဆေယျံ= မလိုလား မနှစ်သက်ရပါစေ။ ပရောစ= သူတစ်ပါးကလဲ၊ မေ= ငါ၏၊ ဒုက္ခံ= ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းကို၊ မာက္ကစ္ဆတံ= မလိုလား မနှစ်သက် မဆောင်ရွက်ပါစေသတည်း။

ဒါဆရာတော်ဘုရားကြီးရဲ့ မေတ္တာအာသီသ "ငါကလဲ သူတစ်ပါးရဲ့ ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းကို မလိုလား မနှစ်သက်ရပါစေ။ သူတစ်ပါးကလဲ ငါ၏ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းကို မလိုလား မနှစ်သက်ပါစေနဲ့။

ဒါကမ္ဘာ့လူထုကြီး ကြည့်လိုက်မယ်ဆိုရင် တစ်ယောက်နဲ့ တစ်ယောက်၊ တစ်ဦးနဲ့တစ်ဦး၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ကိုယ်စိတ်နှစ်ပါး ဆင်းရဲပင်ပန်းခြင်းကို ပြုနေကြတာ များတယ်။ သူကလဲပြုတယ်၊ ကိုယ်ကလဲပြုတယ်။

**ပရေဟံ ဟိတ မိစ္ဆေယျံ၊ ဟိတံ မေ ကင္ခတံ ပရော။**

**နာညဿ ဒုက္ခ မိစ္ဆေယျံ၊ မာမေ ဒုက္ခံ က္ကစ္ဆတံ ပရော။**

အဟံ= ငါသည်၊ ပရေသံ= သူတစ်ပါးတို့၏၊ ဟိတံ= အကျိုးစီးပွားကို၊ ဣစ္ဆေယျံ= လိုလားနှစ်သက်ရပါစေ။ ပရော= သူတစ်ပါးသည်၊ မေ= ငါ၏၊ ဟိတံ= အကျိုးစီးပွားကို၊ ဣစ္ဆတံ-ဣစ္ဆတု= လိုလားနှစ်သက်ပါစေ။ အဟံ= ငါသည်၊ အညဿ= သူတစ်ပါး၏၊ ဒုက္ခံ= ကိုယ်စိတ်နှစ်ပါးဆင်းရဲခြင်းကို၊ နဣစ္ဆေယျံ= မလိုလား မနှစ်သက်ပါရစေ။ ပရော= သူတစ်ပါးသည်၊ မေ= ငါ၏၊ ဒုက္ခံ= ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းကို၊ မာဣစ္ဆတံ-မာဣစ္ဆတု= မလိုလား မနှစ်သက်ပါစေသတည်း။

သတ္တဝါတွေဟာ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဦးနဲ့တစ်ဦး သတ်ဖြတ်ညှင်းဆဲနေကြတာတွေဟာ နေ့စဉ်မြင်ကြားနေကြရတာပဲ။ တစ်ရက်မှ မသတ်ဖြတ်တဲ့ရက် မရှိဘူး။ ဒါဘာကြောင့်လဲဆိုတော့ ရန်သူဖြစ်ကြလို့ သူက ကိုယ့်ရန်သူဖြစ်တယ်။ ကိုယ်ကလဲ သူ့ရန်သူဖြစ်တယ်။ ဒါကြောင့် ဆရာတော်ဘုရားကြီးက -

**နဟိံ သေယျံ ပရာမဟံ၊ မာမံ ဝိဟိံသနံ ပရော။**

**နစ ဘဝေ အဟံဝေရီ၊ မာဝေရီ ဟောတု မေပရော။**

အဟံ= ငါသည်၊ ပရံ= အခြားတစ်ပါး သတ္တဝါများကို၊ နဟိံသေယျံ= မညှင်းဆဲ မနှိပ်စက်ရပါလို၊ ပရောစ= သူတစ်ပါးကလည်း၊ မာဝိဟိံသနံ= မညှင်း မနှိပ်စက်ပါနှင့်။ အဟံ= ငါသည်၊ ပရဿ= သူတစ်ပါး၏၊ ဝေရီ= ရန်သူသည်၊ နဘဝေ= မဖြစ်ရပါလို။ ပရောစ= သူတစ်ပါးသည်လည်း၊ မေ= ငါ၏၊ ဝေရီ= ရန်သူသည်၊ မာဟောတု= မဖြစ်ပါစေသတည်း။

သာဓု - သာဓု - သာဓု

ဟော (၈၉)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရား စခန်းမှာ ကြိုးပမ်းရသော ကုသိုလ်စေတနာများကြောင့် -

**ကုမ္မဂ္ဂံ ဝိဝေဇ္ဇေတွာ၊ သုမဂ္ဂံ ယန္တု ပါဏိနော။**

**ကုမ္မဂ္ဂံ ဝိဝေဇ္ဇေတွာ၊ ဥဇုံ ယာမိ သုမဂ္ဂကော။**

သဗ္ဗေ= အလုံးစုံကုန်သော၊ ပါဏိနော= သတ္တဝါတို့သည်၊ ကုမ္မဂ္ဂံ= လမ်းမှားနည်းမှား ခရီးမှားကို၊ ဝိဝေဇ္ဇေတွာ= ရှောင်ရှားဖယ်ကြဉ်၍၊ သုမဂ္ဂံ= လမ်းမှန်နည်းမှန် ခရီးမှန်ကို၊ ဥဇုံ= ဖြောင့်စွာ၊ ယန္တု= လိုက်သွားနိုင်ကြပါစေသတည်း။ ကုမ္မဂ္ဂံ= လမ်းမှားနည်းမှား ခရီးမှားကို၊ ဝိဝေဇ္ဇေတွာ= ရှောင်ရှားဖယ်ကြဉ်၍၊ ဥဇုံ= ဖြောင့်ဖြောင့်၊ သုမဂ္ဂကော= လမ်းမှန်နည်းမှန် ခရီးမှန်သူသည်၊ ဘဝေ= ဖြစ်ရပါလို၏။

ဒါဘာဆုတောင်းသလဲ။ အလုံးစုံကုန်သော သတ္တဝါတွေ ကမ္ဘာ့လူထုကြီး ရဟန်းရှင်လူ သတ္တဝါ အားလုံးဟာ လမ်းမှားနည်းမှား ခရီးမှားကို ရှောင်ကြဉ်ပြီးတော့ လမ်းမှန်နည်းမှန် ခရီးမှန်ကို ဖြောင့်ဖြောင့်မတ်မတ် သွားနိုင်ကြပါစေ။

သာမညဖလသုတ္တန် ဒေသနာတော်အစမှာ လာသလိုပဲ။ ပူရာဏကဿပ အစရှိတဲ့ တိတ္ထိဆရာကြီးတွေ ဘုရားယောင်ဆောင်ပြီးတော့ နည်းမှန် လမ်းမှန် မဟုတ်တာတွေကို နည်းမှန် လမ်းမှန်ပါပဲလို့ တပည့်တပန်းတွေနဲ့ ပရိသတ်တွေနဲ့ ဒီလိုပြနေတာရှိတယ်။ ပြောနေတာတွေရှိတယ်။ အရေးကြီးတာက ဆရာမှန်ဖို့ အရေးကြီးတယ်။

ဆရာမှန်ဖို့ အရေးကြီးတာထက် မိဘမှန်ဖို့က ပိုအရေးကြီးတယ်။ ဘာကြောင့်လဲဆိုတော့ ဆရာလက်မရောက်ခင် မိဘလက်ထဲမှာ နေရတာ။ ဩော် ဗုဒ္ဓမြတ်စွာသာသနာနဲ့ တွေ့ကြုံကြတဲ့ ပုဂ္ဂိုလ်တွေ

ကျတော့ မိဒွေးတော်ဂေါတမီ လျှောက်ထားသလို-

**ယံနဒိဋ္ဌံ ပုရာဏေဟိ၊ တိတ္ထိကာ စရိယေဟိပိ။**

**တံ ပဒံ သုကုမာရီဟိ၊ သတ္တဝဿာဟိ ဝေဒိတံ။**

ပုရာဏေဟိ= ဘုရားမပွင့်မီ ရှေးယခင်က လူတွင်ထင်ပေါ် အကျော်အမော်ဖြစ်ကြကုန်သော သာမန်ပုဂ္ဂိုလ်တွေ မဟုတ်ဘူး။ ဘုရားမပွင့်ခင်တုန်းက ထင်ရှားတယ်။ ပူရာဏကဿပ အစရှိတဲ့ ဂိုဏ်းဆရာကြီးတွေ၊ တိတ္ထိယာစရိယေဟိပိ= အယူဝါဒကိုယ်တိုင်စ၍ ဂဏာဦးစီး တိတ္ထိဆရာကြီးတို့သော်မှ၊ ယံပဒံ= ရောက်သင့်ရောက်ထိုက် ဉာဏ်မြင်ဆိုက်မှ တိုက်ရိုက်သိရန် အကြင်နိဗ္ဗာန်ကို၊ နဒိဋ္ဌံ= ရောက်သင့် ရောက်ထိုက် ဉာဏ်မြင်ဆိုက်အောင် တိုက်ရိုက်ထင်ထင် မတွေ့မမြင် နိုင်ခဲ့ကြပါချေ။

ဘုရားမပွင့်ခင်က အကျော်အမော်ဖြစ်ကြတဲ့ ပုရာဏ ကဿပ အစရှိတဲ့ တိတ္ထိဆရာကြီးတွေ နိဗ္ဗာန်ကို တွေးလိုက်ကြံလိုက်နဲ့ နိဗ္ဗာန်ကို တကယ်အမှန် မတွေ့ကြဘူး။ အဲဒီတော့ ဉာဏ်နဲ့မတွေ့ကြဘူး။ တံပဒံ= ရောက်သင့်ရောက်ထိုက် ဉာဏ်မြင်ဆိုက်မှ တိုက်ရိုက်သိရန် ထိုနိဗ္ဗာန် ကို တကယ်တမ်းကျတော့ နိဗ္ဗာန်ကို ဉာဏ်နဲ့သွားကြရတယ်။ အဓိက အားဖြင့် မဂ်ဉာဏ်ပါ။ မဂ်ဉာဏ်ဘယ်ကလာသလဲ၊ ဝိပဿနာဉာဏ် အဆင့်ဆင့်က လာတယ်။

"တံပဒံ" ရောက်သင့်ရောက်ထိုက် ဉာဏ်မြင်ဆိုက်မှ တိုက်ရိုက် သိရန် ထိုနိဗ္ဗာန်ကို၊ သတ္တဝဿာဟိ= မိဘကိုချစ် နွဲ့တုန်းဖြစ်၍ ခုနစ်နှစ်အရွယ် ငယ်ရှာကြကုန်သော၊ သုကုမာရီဟိ= ရှေးဘုန်းရှေးကံ ဂုဏ်တန်ရင့်ပြီး အမျိုးသမီးငယ်တို့သော်မှ၊ ဝေဒိတံ= သားတော်ဘုရား မိန့်တရားကြောင့် မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပေပြီဘုရား။

မိဒွေးတော်ဂေါတမီက တိတ္ထိဆရာကြီးတွေ တကယ့်အကျော်အမော်ဆရာကြီးတွေ ရှာမရတဲ့နိဗ္ဗာန် မြတ်စွာဘုရား ဟောကြားတဲ့ တရားကြောင့်မို့ (၇)နှစ်အရွယ်သာရှိကြတဲ့ ဝိသာခါတို့လို အမျိုးသမီးငယ်တို့သော်မှ နိဗ္ဗာန်ကို မြင်ခွင့်ရခဲ့ကြပါပြီလို့ လျှောက်ထားတယ်။

ဒါကြောင့် သဗ္ဗေ= အလုံးစုံကုန်သော၊ ပါဏိနော= သတ္တဝါအပေါင်းတို့သည်၊ ဣမိနာ ပုညေန= ဤ(၈၉)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ကြိုးပမ်းအားထုတ်ရသော ကုသိုလ်ကံကြောင့်လည်းကောင်း၊ အညေနစ= ရှေးရှေးကပြု ကောင်းမှုထိုထိုကုသိုလ်မူလ ဟူသမျှကြောင့်လည်းကောင်း၊ သဗ္ဗေ= အလုံးစုံကုန်သော၊ ပါဏိနော= သတ္တဝါအပေါင်းတို့သည်၊ ကုမ္မဂ္ဂံ= လမ်းမှားနည်းမှား ခရီးမှားသို့၊ ဝိဝဇ္ဇေတွာ= ရှောင်ဖယ်ရှား၍၊ သုမဂ္ဂံ= လမ်းမှန်နည်းမှန် ခရီးမှန်ကို၊ ဥဇုံ= ဖြောင့်ဖြောင့်မတ်မတ်၊ ယန္တု= လိုက်သွားနိုင်ကြပါစေကုန်သတည်း။

ဒ႒ဟာဥ္စ= (၈၉)ကြိမ်မြောက် လယ်တီဝိပဿနာစခန်း ကြိုးပမ်းအားထုတ်နေသော ငါသည်လည်း၊ ကုမ္မဂ္ဂံ= လမ်းမှားနည်းမှား ခရီးမှားကို၊ ဝိဝဇ္ဇေတွာ= ဖယ်ရှောင်ရှား၍၊ သုမဂ္ဂကော= လမ်းမှန်နည်းမှန် ခရီးမှန်သည်ဖြစ်၍၊ ဥဇုံ= ဖြောင့်စွာ၊ ယာမိ= လိုက်သွားရပါစေသတည်း။

သာဓု - သာဓု - သာဓု

## လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
## အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါစရိယ
## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအုပ်ချုပ်ရေး
## ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ
## လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ
## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
## တွဲဖက်အကျိုးတော်ဆောင်(၁)
## ကလေးဝတောရဆရာတော်
## ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
## အဂ္ဂမဟာပဏ္ဍိတ
# လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ
## ဟောကြားတော်မူသော
# (၉၀)ကြိမ်မြောက်လယ်တီဝိပဿနာ

**ပဋ္ဌာနာ**

လယ်တီဝိပဿနာပြန့်ပွားရေးဗဟိုအဖွဲ့ချုပ်က ကျင်းပပြုလုပ်တဲ့ ဒီနေ့တရားစခန်းက အကြိမ် (၉၀)ကြိမ်မြောက် တရားစခန်း။

၁၃၆၇ ခုနှစ် နတ်တော်လပြည့်နေ့ ပြန်ပြီး သုံးသပ်မယ်ဆိုရင် ယောဂီသူတော်စင်များ သူ့အချိန်နဲ့သူ ထိုက်တန်သလောက် အရေအတွက်အားဖြင့် များပြားသလို အကြိမ်အားဖြင့်လဲ များပြားခဲ့ကြပါပြီ။

ဒီနတ်တော်လဟာ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ဖွားမြင်တော်မူတဲ့လ။ တစ်နည်းအားဖြင့် စာဆိုတော်နေ့တွေ ကျင်းပကြတဲ့ ဒီလကို စာဆိုတော်လလို့လဲ ခေါ်နိုင်ပါတယ်။

ဘုန်းကြီးတို့ ငယ်ငယ်ကဆိုရင် ဇာတိရွာမှာ ယနေ့လို နတ်တော်လပြည့်နေ့ဆိုရင် ကျေးလက်ဒေသအလိုက် အကြီးဆုံး စာရေးတန်ပွဲကြီးပါပဲ။ ရွာမှာ ကျင်းပတဲ့ပွဲတွေမှာတော့ ဒီစာရေးတန်ပွဲဟာ အကြီးဆုံးပါပဲ။

ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီးရဲ့ မွေးနေ့မင်္ဂလာကို ပင်မ မုံရွာမြို့ မဟာလယ်တီကျောင်းတိုက်မှာလဲ ကြီးကြီးကျယ်ကျယ် ကျင်းပကြပါတယ်။ ပျဉ်းမနားမှာလဲ ကျင်းပကြတယ်။

ဘုန်းကြီးတို့ ဒီမှာတော့ ဆရာတော်ဘုရားကြီးရဲ့ အထိမ်းအမှတ်နဲ့ ရုပ်တုတော်ကို ပူဇော် ခြင်း၊ ဘာဝနာတရားကို အားထုတ်ခြင်း၊ ဒီလုပ်ငန်းစဉ်တို့နဲ့ပဲ ပူဇော်ကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် -

**အနေကက္ခတ္တုံ မမှေဟိ၊ ဘာဝနာဒွယ ဘာဝိတံ။**

**ဣမသ္မိံ သာသနေဉာဏံ၊ ဒိဋ္ဌံ ပဿန္တု ဒုလ္လဘံ။**

ဘုန်းကြီးစီကုံးထားတဲ့ ဂါထာပါ။ အမှေဟိ= ငါတို့သည်၊ အနေကက္ခတ္တုံ= အကြိမ်များစွာ၊ ဘာဝနာဒွယ ဘာဝိတံ= သမထဘာဝနာ ဝိပဿနာဘာဝနာ နှစ်ရပ် အပေါင်းကို ပွားများခဲ့ကြပေပြီ။ အားလုံးယောဂီသူတော်စင်များ ဒီပနီကျမ်းပေါင်း (၁၀၀)ကျော် ရေးသားပြီး ဒေသနာတော်နဲ့အညီ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့နည်းနဲ့ အကြိမ်များစွာ သမထဘာဝနာလဲ ပွားများခဲ့ကြပြီ။ ဝိပဿနာဘာဝနာလဲ ပွားများခဲ့ကြပြီ။

ဣမသ္မိံ= လယ်တီဝိပဿနာတရားစခန်း အကြိမ်(၉၀) တိုင်တိုင် ကျင်းပလေရာ ဤလယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ဝိပဿနာဒီပနီဓမ္မာရုံ၌၊

ဒုလ္လဘံ= ရခဲလှစွာသော၊ သာသနေဉာဏံ= သာသနာတော်က ပေးအပ်သည့် သာသနာတွင်းဉာဏ်ကို၊ ဒိဋ္ဌံ= မိမိတို့ စွမ်းအားရှိ သလောက် အဆင့်ဆင့်ဆိုက်ရောက်ခဲ့ပေပြီ။

ဒိဋ္ဌံ= မိမိတို့စွမ်းအားအလျှောက် တွေ့ခဲ့ကြ၊ မြင်ခဲ့ကြပေပြီ။

ဤနေရာ ဤဌာနမှာ အကြိမ် (၉၀)မြောက် လယ်တီ ဝိပဿနာ (၇)ရက်တရားစခန်း ကျင်းပရာ ဤဝိပဿနာဒီပနီ ဓမ္မာရုံ ကြီးမှာ အလွန်သိခဲတဲ့ သာသနာ့အသိဉာဏ်၊ သာသနာတော်ကြီး တည်ရှိမှ ရရှိနိုင်တဲ့ အသိဉာဏ်၊ အဲဒီဉာဏ်က ဝိပဿနာဉာဏ်။

အဲဒီ ဝိပဿနာဉာဏ် အဆင့်ဆင့် မိမိတို့စွမ်းအားရှိ သလောက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားထုတ်လို့ ထိုက်တန် သလောက် ဆိုက်ရောက်ဘူးကြပြီ။

**အနေကက္ခတ္တုံ မမှေဟိ၊ ဘာဝနာဒွယ ဘာဝိတံ။**

**ဣမသ္မိံ သာသနေဉာဏံ၊ ဒိဋ္ဌံ ပဿန္တု ဒုလ္လဘံ။**

အမှေဟိ= လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ကြိုးပမ်း အားထုတ်ကြကုန်သော အကျွန်ုပ်တို့သည်၊ အနေကက္ခတ္တုံ= အကြိမ် များစွာ (ဝါ) အကြိမ် (၉၀)တိုင်တိုင်၊ ဘာဝနာဒွယဘာဝိတံ= ဗုဒ္ဓ ဒေသနတော်နှင့်အညီ ဒီပနီကျမ်းပေါင်း (၁၀၀)ကျော်ပြုစုမယုတ် အားထုတ်ကြိုးပမ်းစားတော်မူခဲ့သော ကျေးဇူးတော်ရှင် လယ်တီ ဆရာတော်ဘုရားကြီး ညွှန်ပြသော နည်းနာနိဿယတိုင်း သမထ ဘာဝနာ၊ ဝိပဿနာဘာဝနာ နှစ်ရပ်အပေါင်းကို နည်းကျစည်းကျ ဆရာနည်းကျကျ ပွားများခဲ့ကြလေပြီ။ ဣမသ္မိံ= လယ်တီဝိပဿနာ (၇)ရက်စခန်း အကြိမ် (၉၀)တိုင်တိုင် ကျင်းပရာ ဤဝိပဿနာဒီပနီ ဓမ္မာရုံကြီး၌ (ဝါ) လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ကြိုးပမ်း

အားထုတ်ရာ ရန်ကုန်မြို့ ပြည်လမ်း၊ အမှတ်(၃၃၇/က) လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌၊ ဒုလ္လဘံ= ရခဲလှစွာသော၊ သာသနေဉာဏံ= သာသနာတော်က ပေးအပ်သည့် သာသနာတွင်း ဝိပဿနာဉာဏ် အဆင့်ဆင့်ကို၊ ဒိဋ္ဌံ= မိမိတို့စွမ်းအားရှိသလောက် ရရှိသိမြင်ခဲ့ကြလေပြီ။

ပဿန္တု= အားထုတ်ဆဲ မိမိတို့ ဉာဏ်စွမ်းအားအလျှောက် ကောင်းစွာမသွေ ဝိပဿနာဉာဏ်အဆင့်ဆင့်ရောက်ကာ သိမြင်နိုင်ကြပါစေသတည်း။

သာဓု - သာဓု - သာဓု

အကြိမ်(၉၀)ဆိုတော့ အချို့ယောဂီများဟာ လယ်တီဝိပဿနာ (၇)ရက်စခန်းမှာ အကြိမ်များများ အားထုတ်ဘူးကြပါတယ်။

တစ်ကြိမ်နဲ့တစ်ကြိမ် မတူဘူး။ ပထမတစ်ကြိမ်တုန်းက ဝါးတားတားလေး ရုပ်တရား နာမ်တရားကို မြင်တယ်။ နောက်တစ်ကြိမ် အားထုတ်တဲ့အခါမှာ ရုပ်တရား နာမ်တရားတွေ ပိုပြီးထင်ရှားတယ်။ တစ်ဆင့်တက်ပြီးတော့ မြင်သိပြီးလာနိုင်တာ။ မြင်ခဲ့တယ်။

ဘာပြုလို့လဲဆိုတော့ လောကကြီးက မြင်နေ ထင်နေတာနဲ့ ပြောင်းပြန်ကြည့်ရတဲ့နည်းကိုး။

တရားတော်ဆိုတာ လောကသိနေကြတဲ့ သူ, ငါ, မိန်းမ, ယောကျ်ား လောကက သမုတိသစ္စာနယ်က သိနေတာတွေနဲ့ ဆန့်ကျင်ဘက်မြင်အောင် အားထုတ်ကြရတာ။ လောကက သူ, ငါ ရှိတယ်။ တရားတော်က သူ, ငါ မရှိဘူး။ လောကက တင့်တယ်တယ်လို့ ပြောတယ်။ ဘုန်းကြီးတို့တရားက မတင့်တယ်ပါဘူး။

လောကလူတွေက မြဲတယ်လို့ ထင်နေတယ်။ တရားသဘော နဲ့ စီစစ်ပြီး ဉာဏ်နဲ့ကြည့်တော့ မမြဲဘူး။ လောကလူထုကြီးက ပိုင်ပါ တယ်၊ ဆိုင်ပါတယ်၊ အနှစ်သာရရှိတယ်လို့ ထင်နေတာ။ တရား အားထုတ်တဲ့အခါ မပိုင်ဘူး၊ မဆိုင်ဘူး၊ အနှစ်သာရမရှိဘူးလို့ ဒီလို မြင်လာကြရတယ်။

ဒါကြောင့် အရိယာတွေမြင်ပုံနဲ့ ပုထုဇဉ်တွေ မြင်ပုံတစ်ခြားစီ။ အရိယာတွေမြင်တဲ့ အမြင်ဟာ အမှန်၊ ဘုရားမြင်တဲ့အမြင်ဟာ အမှန်၊ ပုထုဇဉ်တွေ မြင်တဲ့အမြင်က မမှန်ဘူး။ ဒါကြောင့် အရိယာတွေ မြင်တဲ့ အမြင်မျိုးရအောင် အားထုတ်ကြရတယ်။ ဒါကြောင့်-

**သံသရာအဆက်ဆက်၊ စွဲချက်နာသည်၊**
**စီစစ်ဝေခွဲ၊ လွန်ခဲရင်းသည်၊**
**သာသနာတွင်း၊ ပွင့်လင်းချိန်မှီ၊**
**ဉာဏ်မြင်ရေး အလေးပြုသင့်သည်။**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ကြီးမှူးပြီး ဖွင့်ထားတဲ့ ရန်ကုန်-မန္တလေး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများမှာ အောင်မြင်ကြတဲ့ သာသနတက္ကသီလဓမ္မာစရိယ၊ မဟာဓမ္မစရိယဘွဲ့ရ အောင်မြင်ကြတဲ့ သံဃာတော် (၁၀၆)ပါးအား ယနေ့ကမ္ဘာအေး ကုန်းမြေမှာ ဘွဲ့နှင်းပါတယ်။

အဲဒီ ဘွဲ့နှင်းသဘင်မှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အားလုံးရဲ့ကိုယ်စား ဥက္ကဋ္ဌဆရာတော်ဘုရားက သာရဏီယကထာ မိန့်ကြားပါတယ်။ "အသစ်ရွှေ့ယိုင် မမေ့နိုင်အောင် ကြံမှိုင်ငေးမှတ် အောက်မေ့အပ်သောစကား"တဲ့။ အဲဒီ "သာရဏီယကထာ"မှာ ဝိနည်း သုတ္တန် အဘိဓမ္မာ။

ဝိနည်းပိဋကမှာ ကောင်းကောင်းမွန်မွန် အားထုတ်တဲ့ပုဂ္ဂိုလ်သည် သီလပြည့်စုံမှုကို အခြေခံပြီးတော့ ဝိဇ္ဇာသုံးပါး (ပု-ဒိ-အာ) ခေါ်တဲ့ ဝိဇ္ဇာသုံးပါး ရရှိနိုင်တယ်။

သုတ္တန်ပိဋကမှာ ကောင်းကောင်းမွန်မွန် သင်ကြားအားထုတ်မှုကို ပြုလုပ်သော ပုဂ္ဂိုလ်သည် သမာဓိပြည်စုံမှုကို အခြေခံပြီးတော့ အဘိညာဉ်(၆)ပါးနဲ့ ပြည်စုံနိုင်တယ်။

အဘိဓမ္မာပိဋကမှာ ကောင်းကောင်းမွန်မွန် ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့ပုဂ္ဂိုလ်သည် ဉာဏ်ပညာပြည့်စုံမှုကို အကြောင်းပြုပြီးတော့ ပဋိသမ္ဘိဒါလေးပါးနဲ့ ပြည့်စုံနိုင်တယ်လို့။

ဥက္ကဋ္ဌဆရာတော်ဘုရားကြီးရဲ့ မိန့်ခွန်းမှာ ဒီလိုပါပါတယ်။ အဲဒီတော့ ပြန်ပြီးတော့ ကြည့်လိုက်မယ်ဆိုရင် သာသနာတော်ရဲ့ အနှစ်သာရ၊ (၄၅)ဝါကာလပတ်လုံး မြတ်စွာဘုရား ဟောကြားတော်မူတဲ့ နိကာယ်ငါးရပ် ပိဋကသုံးပုံရဲ့ အနှစ်သာရ ရှာလိုက်တော့ ဗောဓိပက္ခိယ (၃၇)ပါး။

ဗောဓိပက္ခိယတရား (၃၇)ပါးကို ခြုံပြီးတော့ ကြည့်ပြန်တော့ မဂ္ဂင် (၈)ပါး။

မဂ္ဂင် (၈)ပါး ခြုံကြည့်လိုက်တော့ သီလ, သမာဓိ, ပညာ၊ ဒီသီလ, သမာဓိ, ပညာဟာ သာသနာတော်ရဲ့ အနှစ်သာရအနေအားဖြင့် ကျင့်ကြံကြိုးကုတ် အားထုတ်ရမည့်တရားတွေ။

အဲဒီ သီလ, သမာဓိ, ပညာ ကျင့်စဉ်တရားကို ဝိနည်းသုတ္တန် အဘိဓမ္မာဒေသနာတော်များက ပြဆိုပါတယ်။

အဲဒီလို ပြဆိုတော့ သီလအနှစ်သာရနဲ့ ပြည့်စုံအောင် လူပုဂ္ဂိုလ်များ (၅)ပါး၊ (၈)ပါး၊ (၁၀)ပါးသီလ ဆောက်တည်ရတယ်။

သမာဓိပြည့်စုံအောင် အကြိမ်(၉၀)မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းမှာ ဒီသမာဓိနဲ့ပြည့်စုံဖို့ဆိုပြီး (၄)ရက်တိုင်တိုင် အားထုတ်ကြတယ်။

ဆရာတော်ဘုရားကြီးတွေရဲ့ ဩဝါဒနဲ့လဲ ညီတယ်။ ဒေသနာတော်နဲ့လဲ ညီတယ်။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ မိန့်ကြားချက်နဲ့လဲ ညီတယ်။ ဗုဒ္ဓဒေသနာတော်နဲ့ အံကိုက်။

သမာဓိရအောင် ပြုကျင့်ပြီးတဲ့အခါကျတော့ သမာဓိရလို့ တိုးတက်လာတဲ့ ဉာဏ်ပညာက တန်ဖိုးကြီးတယ်။ အဲဒီ ဉာဏ်ပညာနဲ့ ပြည့်စုံမှုကို အမှီရဖို့။ ဒါလဲပဲ သာသနာတော်ရဲ့ အနှစ်ထဲက အနှစ်ပဲ။

ယခု ယောဂီသူတော်စင်များ သာသနာတော်ရဲ့ အနှစ်ဖြစ်တဲ့ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး အနှစ်သာရတရားတွေကို အားထုတ်လိုက်မယ်ဆိုရင် ပု-ဒိ-အာ ခေါ်တဲ့ ဝိဇ္ဇာဉာဏ်သုံးပါးလဲ ရရှိနိုင်တယ်။ အဘိညာဉ် (၆)ပါးလဲ ရရှိနိုင်တယ်။ ပဋိသမ္ဘိဒါလေးပါးလဲ ရရှိနိုင်တယ်။

ပု-ဒိ-အာ ဝိဇ္ဇာဉာဏ်ရတယ်ဆိုရင်လဲပဲ ဒါမိမိတို့လိုလားတဲ့ ဘဝပန်းတိုင်ရောက်တယ်လို့ ဆိုနိုင်ပါတယ်။

ဘာကြောင့်လဲဆိုရင် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဝိဇ္ဇာ၊ ဒိဗ္ဗစက္ခုဉာဏ်ဝိဇ္ဇာ၊ အာသဝက္ခယဉာဏ်ဝိဇ္ဇာကိုး။ အာသဝက္ခယဉာဏ် ဝိဇ္ဇာရရင် ဘုန်းကြီးတို့ရဲ့ တရားအားထုတ်မှုဟာ ဆုံးခန်းတိုင်ရောက်ပြီ။

သီလကို အခြေခံပြီးတော့ သမာဓိရအောင်၊ သမာဓိအခြေခံပြီးတော့ ဝိပဿနာဉာဏ်အဆင့်ဆင့် ရအောင် အားထုတ်ကြရမယ်။

အဲဒီလို သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ဝိပဿနာဉာဏ် ကျင့်စဉ်တွေ အားထုတ်ပြီးတော့ သုံးလောကထွဋ်ထား မြတ်ဘုရားနှင့်

တရား သံဃာ ရတနာသုံးပါး မိမိတို့ရဲ့ ဆရာသမားများအား ဤအကြိမ် (၉၀)မြောက် တရားစခန်း ကြိုးပန်းအားထုတ်ခြင်းဖြင့် ပူဇော်ကြရတယ်။

အထူးသဖြင့် (၁၅၉)ကြိမ်မြောက် ကျေးဇူးတော်ရှင် လယ်တီ ဆရာတော်ဘုရားကြီးရဲ့ မွေးနေ့၊ မွေးလ အာရုံထားပြီးတော့ ပူဇော် ကြရတယ်။

ဘုရား, တရား, သံဃာ, ဆရာ, မိဘတို့အား ယခုလို တရားနဲ့ ပူဇော်ခြင်းသည် အမြင့်ဆုံး အမြတ်ဆုံး ပူဇော်ခြင်းပဲ။

အဲဒီလို အာရုံထားပြီးတော့ အကြိမ် (၉၀)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ကြိုးစားအားထုတ်ကြပါလို့ တိုက်တွန်းနှိုးဆော်ရင်း ဘုန်းကြီးရဲ့တရားစကားကို နိဂုံးချုပ်အပ်ပါ သတည်း။

သာဓု - သာဓု - သာဓု

## ဝင်ပေါက်သာရှိ ထွက်ပေါက်မရှိ

ယနေ့ သာသနာတော်နှစ် ၂၅၄၉ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၇ ခု၊ နတ်တော်လပြည့်ကျော် (၅)ရက်နေ့။

အကြိမ် (၉၀)မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းမှာ ကြိုးပမ်းအားထုတ်ကြတဲ့ ယောဂီများ သမထပိုင်းကနေ ဝိပဿနာပိုင်းရောက်ရှိလာကြပြီ။

ဒီလို တရားအားထုတ်ခွင့် ကျင့်ကြံခွင့်ဆိုတာ ကမ္ဘာ့နယ်ပယ်အသီးသီးတိုင်းမှာ ဒီအခွင့်အလမ်းမရနိုင်ကြပါဘူး။

အထူးသဖြင့် အပါယ်လေးဘုံမှာ ဒီလို မွန်မြတ်တဲ့တရားကျင့်ခွင့်မရကြပါဘူး။

ဒါကြောင့် ရှေးဆရာကြီးများ စီမံထုံးမိန့်ထားတဲ့ ဩကာသကန်တော့ချိုးမှာ ဆုတောင်းကြတာက အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါး၊ အနာမျိုးကိုးဆယ့်ခြောက်ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြကုန်သည်ဖြစ်၍လို့ ဆုတောင်းကြတယ်။

ရှေးဆရာတော်ကြီးများရဲ့ ကန်တော့ချိုးဖြင့် ဆုတောင်းလာကြတဲ့နေရာမှာ ပထမဆုံး အပါယ်လေးပါးမှ လွတ်ချင်တယ်။

(၃၁)ဘုံကို ကြည့်မယ်ဆိုရင် ဒုဂ္ဂတိဘုံဆိုတာ မကောင်းသောသူတို့ရဲ့ ဒုစရိုက်သမားတို့ရဲ့နေရာ၊ လားရာဘုံဌာနကို ဒုဂ္ဂတိဘုံလို့ခေါ်တာ။

သုဂတိဘုံဆိုတာ ကောင်းသောသူတို့ရဲ့ လားရာကောင်းကျင့်ကောင်းကြံ ရှိတဲ့ သူတို့ရဲ့လားရာ၊ အရေအတွက်အားဖြင့်ဆိုရင် သုဂတိဘုံက (၂၇)ဘုံရှိတယ်။ ဘုံအရေအတွက်အားဖြင့်သာ

များပါတယ်။ ဘုံသားတွေအနေနဲ့တော့ သုဂတိဘုံသားတွေက နည်းနည်းလေး၊ ဒုဂ္ဂတိဘုံသားက များပါတယ်။

သုဂတိဘုံသား တစ်ယောက်ဆိုရင် ဒုဂ္ဂတိဘုံသားက သုည ပေါင်း တစ်ရာ့လေးဆယ် ထည့်ပြီးတော့ အသင်္ချေရေတွက်လို့ မရနိုင်တဲ့ ဒုဂ္ဂတိဘုံသားတွေ။

သုဂတိဘုံသားတစ်ယောက်ဆိုရင် ဒုဂ္ဂတိဘုံသားက တစ်သင်္ချေနဲ့ ရေတွက်ပြီးသွားရင်တောင် သုဂတိဘုံသားတွေ ကုန်သွားမယ်။ ဒုဂ္ဂတိဘုံသားက ဒုနဲ့ဒေး ကျန်နေမယ်။

ဒုဂ္ဂတိဘုံဆိုတာက ဘာတွေလဲအပါယ်လေးဘုံ၊ အပါယ ဆိုတာ ကြီးပွားတိုးတက်မှု၊ ချမ်းသာမှု၊ ချမ်းသာကြီးပွားမှု ကင်းတဲ့ နေရာကို အပါယ်။

အဲဒီ အပါယ်လေးဘုံကို ဒုဂ္ဂတိလို့လဲ ခေါ်တယ်။ ဒုဂ္ဂတိ ဆိုတာ မကောင်းသောသူတို့ရဲ့ လားရာနေရာ။

ဝိနိပါတလို့လဲ ခေါ်တယ်။ ဝိနိပါတဆိုတာ မိမိဆန္ဒမပါပဲ ဖရိုဖရဲပြိုကွဲကျရာ နေရာဒေသအရပ်။

အဲဒီ ဒုဂ္ဂတိလေးဘုံဟာ အင်မတန်ကြောက်စရာကောင်း တယ်။

အဲဒါကြောင့် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရား ကြီး မိန့်ကြားထားတာက ဒီငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် ဆိုတဲ့ အပါယ်လေးဘုံက ဝင်ပေါက်တံခါးသာရှိပြီး ထွက်ပေါက်တံခါး မရှိဘူး။ ကျပေါက်တံခါးသာရှိပြီး တက်ပေါက်တံခါးမရှိဘူး။ မြုပ်ပေါက် တံခါးသာရှိပြီး ပေါ်ပေါက်တံခါးမရှိဘူး။ စုန်ပေါက်တံခါးသာရှိပြီးတော့ ဆန်ပေါက်တံခါးမရှိဘူးလို့ ဆိုထိုက်တယ်တဲ့။

အဲဒီအပါယ်လေးဘုံကို ဆရာတော်ဘုရားကြီးရဲ့ လင်္ကာလေးနဲ့ပြန်ပြီး ကြည့်လိုက်တဲ့အခါကျတော့ ငရဲကြီးရှစ်ထပ်။

**သိဉ္ဇိုးကာလ သံဃာတ ဒွယ ရောရုဝ၊**

**တာပန္နဒွိ အဝိစိ တည်ရှိ ငရဲရွာ။**

(၁) သိဉ္ဇိုးငရဲ

(၂) ကာလသုတ်ငရဲ

(၃) သင်္ဃာတငရဲ

(၄) ရောရုဝငရဲ

(၅) မဟာရောရုဝငရဲ

(၆) တာပန္နငရဲ

(၇) မဟာတာပန္နငရဲ

(၈) အဝီစိငရဲ

အဲဒီ ငရဲကြီးရှစ်ထပ် တစ်ခု၊ တစ်ခုရဲ့ အကွာအဝေးကို ဆရာတော်ဘုရားကြီးရဲ့ လင်္ကာက -

**သောင်းငါးထောင်စီ သချာညီ ရှစ်လီခြားအကွာ၊**

ယူဇနာပေါင်း တစ်သောင်း ငါးထောင်စီ ကွာကြတယ်။

အဲဒီမှာ ဥဿဒ ငရဲလေးထပ်က ရှိသေးတယ်။

**"ဘင်၊ ပြာ၊ လက်၊ သံ အစဉ်ရံ လေးတန်ဥဿဒါ"**

ရံပြီးတော့နေတဲ့ ဥဿဒငရဲလေးခုက -

(၁) ဘင်ပုတ်ငရဲ

(၂) ပြာပူငရဲ

(၃) လက်ပန်တောငရဲ

(၄) သံလျှက်ရွက်တောငရဲ

အဲဒီ ဥဿဒငရဲလေးထပ်က အထပ်တိုင်းမှာ အမြဲရှိပြီးတော့ နေတယ်။ အောက်ဆုံးကတော့ အဝီစိငရဲ၊ အဲဒီ အဝီစိငရဲမှာ သတ္တဝါတွေ ဘယ်လိုများနေကြသလဲဆိုရင် "ဝါးကျည်တောက်ထဲမှာ မုန်ညင်းစေ့တွေ ထည့်ထားသလိုပဲ"တဲ့။

အ + ဝိစီ = အပေါက်အကြားမရှိ ထိစပ်ပြည့်သိပ်ပြီးနေတယ်တဲ့။ ဒါကြောင့် မြန်မာစကားမှာ အကုသိုလ်တစ်ခုခု ပြုမယ်။ အမိကို ဆဲမယ်။ အဖကို ဆဲမယ်ဆိုရင် "ဟဲ့ အဝိစီ ချိုးကပ်လိမ့်မယ်" တဲ့။

ငရဲပြီးတော့ ပြိတ္တာ။ ပြိတ္တာကလဲ အမျိုးမျိုးရှိတယ်။ တစ်ချို့ ပြိတ္တာတွေကျတော့ ကိုယ်တွင်းမှာ အမြဲမီးတောက်လောင်ပြီးနေတာ၊ ရပ်တည်ရာမရ နှစ်ပေါင်းသိန်းနဲ့ချီပြီး ပြေးနေရတဲ့ ပြိတ္တာက တစ်မျိုး။

တစ်ချို့ပြိတ္တာတွေကျတော့ တစ်ကိုယ်လုံးလှံတွေနဲ့ အမြဲထိုးခံပြီး နှစ်ပေါင်းအသိန်းမက ရပ်တည်ရာမရ ပြေးလွှားနေရတဲ့ ပြိတ္တာက တစ်မျိုး။

နှစ်ပေါင်းများစွာ ထမင်းတစ်လုပ်မှ မစားရ၊ ရေတစ်ပေါက်မျှ မသောက်ရတဲ့ ပြိတ္တာမျိုးတွေ။

မမြင်ဝံ့စရာတွေ ကြောက်ရွံ့စရာ ဒုက္ခတွေဝိုင်းအုံနေတဲ့ ပြိတ္တာတွေကလဲ အနန္တရှိကြတယ်။

အသူရကာယ်ဆိုရင် ခန္ဓာကိုယ်ကြီးတွေက အကြီးကြီးတွေ တောင်ကြီးတွေလို ပါးစပ်ပေါက်က အပ်နဖားလောက်ပဲ ရှိနေကြတယ်။

စားသောက်ခွင့်မရ အမြဲဆာလောင်မွတ်သိပ်နေတဲ့ ကာလလဉ္ဇိက အသူရာမျိုး။ အဲဒီ အသူရာတွေကလဲ မကြားဝံ့ မနာသာ ကြောက်ရွံ့စရာ။

တစ်ချိန်က ကာလလဒ္ဓိက အသူရကာယ်တစ်ဦးရဲ့ အပ်နဖားလောက်ရှိတဲ့ ပါးစပ်ထဲ ရဟန်းတော် (၃၁)ပါးက သပိတ်တွေနဲ့ ရေခပ်လောင်းကြတာ ဝပြီလားလို့ မေးတဲ့အခါကျတော့ သူကကျိန်ပြီး ပြောတယ်။ "ရေလေးတစ်ပေါက် လည်မျိုအောက် ရောက်သွားတယ်ဆိုရင် တပည့်တော် ဒီဘဝက မကျွတ်လွတ်ပါစေနဲ့"တဲ့။

ရဟန်း (၃၀) သပိတ်အလုံး (၃၀)နဲ့ အကြိမ်ကြိမ်လောင်းကြပေမယ့် ပါးစပ်ထဲလုံးဝမရောက်ဘူးတဲ့။

အဲဒီလို အသူရကာယ်မျိုးတွေလဲ ရှိတယ်။ တိရစ္ဆာန်တွေ၊ ကုန်းမှာနေတဲ့ တိရစ္ဆာန်တွေက အနန္တ၊ ချပုံး ပိုးရွကစပြီး ဆင်မြင်းကျွဲနွား ဂျီငယ်စိုင်ဆတ် ဖွတ်ပဒတ် ကြက်ငှက်ဝက် အစရှိတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေ သိပ်ပြီးတော့များတာပဲ။ အနန္တပဲ။ ဂဏန်းသင်္ချာလွန်တဲ့ သင်္ချာလွန်သတ္တဝါတွေပဲ။

သင်္ချာလွန် ကုန်းနေသတ္တဝါထက် ရေနေသတ္တဝါတွေက ပိုပြီးတော့များပါတယ်။ ရေတွက်မရတဲ့ သင်္ချာလွန်သတ္တဝါတွေ ပါပဲ။ ရေနေသတ္တဝါတွေက ပို၍ ပို၍ ပို၍ များပါတယ်။

စောစောကပြောသလိုပဲ။ ငရဲပြိတ္တာ အသူရကာယ် တိရစ္ဆာန်ဘုံသားတွေ ဘယ်လောက်များသလဲ။ သုဂတိဘုံသားကတစ်ယောက်၊ ဒုဂ္ဂတိအပါယ်ဘုံသားက အသင်္ချေတစ်ဖက်စီထား၊ သုဂတိဘုံသားတွေကသာ ကုန်သွားမယ်။ ဒုဂ္ဂတိဘုံသားတွေ မကုန်ပါဘူး။

အပါယ်လေးဘုံရဲ့ အသိုက်အအုံကြီးက အင်မတန်ကြီးမားပါတယ်။ အဲဒီ အပါယ်လေးဘုံရောက်သွားပြီဆိုရင် နည်းမျိုးစုံနဲ့ အညှင်းခံရပေမယ့် အရေးဆိုခွင့်မရှိ။ ယခုလို တရားအားထုတ်ဖို့ အခွင့်မရနိုင်ဘူး။

ဥပမာ- ပလလဲဆင်မင်းကြီးက ပြန်ကြွမည့် မြတ်စွာဘုရားကို တားဆီးတဲ့ အခါမှာ "သင့်မှာ ဒီဘဝအတွင်း ဈာန်မဂ်ဖိုလ်တရားတွေ ရရှိဖို့ လမ်းစမရှိဘူး။ ဒါကြောင့် ငါတို့ဒီမှာ ဆက်မနေတော့ဘူး"လို့ မိန့်တော်မူတယ်။

တရားကျင့်ကြံအားထုတ်မှ သမာဓိရမယ်။ သမာဓိရမှ ဈာန်ရမယ်။ ဈာန်ရမှ အဘိညာဉ်ရမယ်။ ဝိပဿနာဉာဏ်စဉ် အဆင့်ဆင့် ရမယ်။ မဂ်ရမယ်။ ဖိုလ်ရမယ်။ အဲဒီက နိဗ္ဗာန်ရမယ်။

အားထုတ်ခွင့်မရတဲ့နေရာ ဆိုတော့ သမာဓိ၊ ဈာန်၊ အဘိညာဉ်၊ ဝိပဿနာဉာဏ်၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ဘယ်ရနိုင်တော့မလဲ။

ယေဘူယျအားဖြင့် ပြောမယ်ဆိုရင် သုစရိုက်မျိုး အများစု အားဖြင့် မရနိုင်ဘူး။ တစ်ခါတစ်ရံတော့ မဏ္ဍုကနတ်သားတို့လို သိကြားကြင်ရာ သုဇာတာလောင်းလျာတို့လို ကုသိုလ်ပြုခွင့်မျိုးလေး ထိုက်တန်သလောက် ရနိုင်ပါတယ်။ ဒါကတော့ အင်မတန်နည်းပါး ပါတယ်။

မြတ်စွာဘုရားက "နခသိခသုတ္တန်"ကို ဟောကြားပါတယ်။ နခသိခသုတ်မှာ မြတ်စွာဘုရားက လက်သည်းပေါ်မှာ မြူမှုန်ကလေး တင်တော်မူတယ်။ မြတ်စွာဘုရားက ရဟန်းတွေကို ပြတယ်။ "ဒီလက်သည်းပေါ်မှာ ရှိတဲ့ မြူမှုန်ကလေးနဲ့ ဤမဟာပထဝီမြေကြီး ဘယ်ဟာကများသလဲ"လို့ မေးတော်မူတယ်။ မေးတော့ "ရဟန်းတော် တွေက တိုင်းတာလို့မရပါဘူးဘုရား"။

မပြောပလောက်ဘူးတဲ့။ လက်သည်းပေါ်က မြူမှုန်လေး၊ တည်ရှိတဲ့မြူမှုန်လေး။ အဲဒီလိုပဲ ကမ္ဘာလောကမှာ ရှိကြတဲ့ သတ္တဝါဟာ တစ်နေ့တစ်နေ့မှာ သေကျေပျက်စီးပြီး အပါယ်ဘုံမှာ

ပဋိသန္ဓေနေကြတဲ့ ပုဂ္ဂိုလ်တွေ အသင်္ချေရှိသော်လဲ ဒုဂ္ဂတိဘုံမှာ နေ့စဉ်နေ့စဉ် အချိန်မရွေး ကာလမရွေး ရောက်နေကြသော်လဲ သုဂတိဘုံသားက အင်မတန် နည်းပါတယ်။

ငါဘုရားရဲ့ လက်သည်းပေါ်မှာ တင်ထားတဲ့ မြူမှုန်ပမာဏမျှ လောက်သာ ရှိတယ်။ နောက် ကာဏကစ္ဆပေါပမဒေသနာတော်မှာ လိပ်ဏာဏ်းဥပမာ၊ ပင်လယ်သမုဒ္ဒရာထဲ မျောနေတဲ့လိပ်ဏာဏ်း တစ်ကောင်၊ မျက်စိနှစ်ဖက် မမြင်ရှာဘူး။ ရောက်တတ်ရာရာ သွားနေတာ။ ရေထဲမှာသွားနေတာ နှစ်တစ်ရာမှ တစ်ကြိမ်ပဲ။ ရေပြင် ပေါ်ကို ပေါ်ပေါ်ပြီးလာတယ်။

ထန်းပိုးကြီးတစ်ခုကလဲ ပင်လယ်ထဲမျောနေတာ။ အဲဒီ မျောနေတဲ့ ထန်းပိုးပေါက်နဲ့ လိပ်ဏာဏ်းရဲ့ခေါင်း စွပ်မိကောင်း စွပ်မိနိုင်မယ်။

အပါယ်လေးဘုံမှာ ကျရောက်နေတဲ့ သတ္တဝါထဲက တစ်စုံ တစ်ယောက်သောပုဂ္ဂိုလ်၊ အသင်္ချေအနန္တထဲက တစ်စုံတစ်ယောက် သောပုဂ္ဂိုလ်၊ ဒုဂ္ဂတိဘုံက သုဂတိဘုံသို့ ခုန်တက်ပြီး ရောက်နိုင်ကောင်း ရောက်နိုင်တယ်ဆိုတာ ဒီထက်ခက်တယ်။

ဒါကြောင့်မို့ စောစောက စကားချီထားတဲ့အတိုင်း ငရဲ, ပြိတ္တာ, အသူရကာယ်, တိရစ္ဆာန်ဘုံများ ရောက်သွားပြီဆိုရင် ဝင်ပေါက်တံခါး သာရှိတယ်။ ထွက်ပေါက်တံခါး မရှိဘူးလို့ ဒီလိုဆိုနိုင်တယ်။ ဘာကြောင့်လဲဆိုတော့ ဒုဂ္ဂတိဘုံသားတွေဟာ ကုသိုလ်မှန်း အကုသိုလ်မှန်း သိဖို့မလွယ်ပါဘူး။ဒုစရိုက်မှုတွေ၊ ဒုက္ခမှုတွေနဲ့ များပြားပြီးနေကြတယ်။

ဒါကြောင့် ဘုန်းကြီးတို့ရဲ့ ယခုကြုံနေရတဲ့ဘဝဟာ အင်မတန် တန်ဖိုးရှိတဲ့ဘဝပါပဲ။

ယောဂီသူတော်စင်များ တရားအားထုတ်ခွင့်ရတယ်။ တရားကျင့်ခွင့်ရတယ်ဆိုတာ ဆုတောင်းပြည့်ကြတယ်။ အပါယ်လေးဘုံက လွတ်ကြတယ်။ အပါယ်ဘုံက လွတ်ချင်လို့ တတွတ်တွတ်ဆုတောင်း လာကြတာ။ အခုပြည့်နေပြီ။

ကပ်သုံးပါးကလဲ လွတ်နေကြပြီ၊ ရုပ်ပြစ်ရှစ်ပါးက လွတ်ကြပြီ၊ ရန်သူမျိုးငါးပါးက လွတ်ကြပြီ၊ ဝိပ္ပတ္တိတရားလဲ လွတ်ကြပြီ၊ ဗျသန တရားငါးပါးက အထူးသဖြင့် သီလဗျသန ဒိဋ္ဌိဗျသနက လွတ်နေကြပြီ။ အနာမျိုး ကိုးဆယ့်ခြောက်ပါးကလဲ ထိုက်တန်သလောက် လွတ်နေကြတာ့ အခွင့်အလမ်းတွေသာတယ်။ ကမ္ဘာ့ဘာသာဝင် အသီးသီးထက် သာလွန်မြင့်မြတ်တယ်။

**ဘေးပွဲရယ်ကြုံ**

ဘာအခွင့်အလမ်းတွေသာသလဲ၊ တရားကျင့်ဖို့ အခွင့်အလမ်းတွေသာတယ်၊ ဒါကြောင့် ရှေးဆရာတော်ကြီးများက-

**"ဘေးပွဲရယ်ကြုံ အေးသဲတုန် ကိုယ်စီကုတ်ပါလို့ အားထုတ်သင့်သား၊ သို့ပါကို ဘယ်တော့ဘာလိုလို့နှင့် ဘာဝနာသီခေါင် လွင့်တယ်၊ ဖျင်းဖင့်အများ"**

အပါယ်လေးပါးဆိုတဲ့ ဘေးတွေ အိုဘေး, နာဘေး, သေဘေး တွေ ဒီဘေးတွေနဲ့ ကြုံနေကြရတဲ့ သတ္တဝါတွေ ဘုန်းကြီးတို့ လူသား တွေ တကယ်တမ်း ဉာဏ်နဲ့ကြောက်လန့်ပြီး ဘာဝနာကမ္မဋ္ဌာန်းတွေ အားထုတ်သင့်ပါတယ်။

ဒါပေမယ့် ဘယ်တော့အားထုတ်မယ်၊ သားသမီးတွေ လက်မလွတ်သေးလို့ သူတို့လက်လွတ်သွားရင် အားထုတ်မယ်၊ ဘုန်းကြီးတွေဆိုရင်လဲ ဒီလိုပဲ။ အလုပ်ကိစ္စလေးတွေ မပြီးသေးလို့။ ကျမ်းပြုတာ မပြီးသေးလို့၊ ကျောင်းတိုက်မှာ လွှဲအပ်စရာ တပည့်ကြီးတွေကလဲ စိတ်ချလောက်တဲ့အရွယ်မရောက်သေးလို့ အကြောင်းအမျိုးမျိုးနဲ့။ **"သို့ပါကို ဘယ်တော့ဘာလိုလိုနဲ့"** အကြောင်းအမျိုးမျိုးပြပြီး **"ဘာဝနာသီခေါင်လွင့်တယ်"** ဘာဝနာအားမထုတ်ဖြစ်ကြဘူး။

အဲဒီလိုနဲ့ ရဟန်းရှင်လူတွေ အဖျင်းအဖျင်းတွေ ဖြစ်သွားတတ်တယ်လို့ ရှေးကဆရာတော်ကြီးများက ဆုံးမကြတယ်။ ဒါကြောင့် -

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး မိန့်ကြားထားတဲ့စကားအတိုင်း -

အပါယ်ဘုံတို့မည်သည် ဝင်ပေါက်တံခါးသာ ရှိတယ်။ ထွက်ပေါက်တံခါး မရှိ။

ကျပေါက်တံခါးသာ ရှိတယ်။ တက်ပေါက်တံခါး မရှိ။

မြုပ်ပေါက်တံခါးသာ ရှိတယ်။ ပေါ်ပေါက်တံခါး မရှိ။

စုန်ပေါက်တံခါးသာ ရှိတယ်။ ဆန်ပေါက်တံခါး မရှိ ဆိုထိုက်တယ်။ ဒါကြောင့် ယောဂီသူတော်စင်များ အပါယ်လေးပါးမှ လွတ်လိုတယ်လို့ ဆုတောင်းလာတာလေး လွတ်ကင်းကြလို့ ဆုတောင်းပြည့်တဲ့ဘဝ ရောက်ရှိတဲ့အခါမှာ-

ဝင်ပေါက်သာရှိ ထွက်ပေါက်မရှိတဲ့ အပါယ်ဘုံ၊

ကျပေါက်သာရှိ တက်ပေါက်မရှိတဲ့ အပါယ်ဘုံ၊

မြုပ်ပေါက်သာရှိ ပေါ်ပေါက်မရှိတဲ့ အပါယ်ဘုံ၊

စုန်ပေါက်သာရှိပြီး ဆန်ပေါက်မရှိတဲ့ အပါယ်ဘုံမှ လွတ်ကင်းတဲ့ဘဝ၊ ဘဝကောင်းရောက်ရှိလာတဲ့အခါမှာ ကြိုးစားမင်းစား ဗုဒ္ဓဘုရားရဲ့ သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်းတို့ကို ကြိုးစားအားထုတ်နိုင်ကြပါစေလို့ ဆုတောင်းတိုက်တွန်းရင်းနဲ့ ဘုန်းကြီးရဲ့ တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

## လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
## အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဩဝါဒါစရိယ
## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများအုပ်ချုပ်ရေး
## ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ
## လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ
## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
## တွဲဖက်အကျိုးတော်ဆောင်(၁)
## ကလေးဝတောရဆရာတော်
## ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ
## အဂ္ဂမဟာပဏ္ဍိတ
# လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ
## ဟောကြားတော်မူသော
# (၉၁)ကြိမ်မြောက်လယ်တီဝိပဿနာ

လယ်တီဝိပဿနာ (၇)ရက်တရားစခန်း (၉၁)ကြိမ်မြောက်။ (၉၁)ကြိမ်၊ ၉၁- ကမ္ဘာတို့ဟာ ဘုန်းကြီးတို့ သာသနာ့နယ်ပယ် အတွင်းမှာ အသုံးများပါတယ်။

လွန်ခဲ့တဲ့ (၉၁) ကမ္ဘာထက်က ပွင့်တော်မူသော ဗုဒ္ဓဘုရားထံမှာ (၉၁) ကမ္ဘာကာလပတ်လုံး အပါယ်တံခါးပိတ်ပုံ၊ ဘုန်းကြီးတို့ သာသနာ့ စာပေတွေမှာ များများရှိပါတယ်။

(၉၁)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းမှာ လွန်ခဲ့တဲ့ ဒီဇင်ဘာလ (၂၅)ရက် ခရစ္စမတ်နေ့က စတင်ပြီး ဖွင့်ခဲ့တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာ

ရေးဦးစီးဌာနက ကြီးမှူးကျင်းပတဲ့ တိပိဋကရေ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာတော်ပြန်ပွဲ၊ အဲဒီ ဖွင့်ပွဲအခမ်းအနားမှာ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ရဲ့ကိုယ်စား ဥက္ကဋ္ဌဆရာတော် (မကွေး ဆရာတော်)၏ သာရဏီယ ဩဝါဒကထာ။

**သတင်းစာ**

အဲဒီမိန့်ကြားတာနဲ့ ပတ်သက်ပြီး နောက်တစ်ရက် ဒီဇင်ဘာလ (၂၆)ရက်နေ့ထုတ် သတင်းစာမှာ ဘာပါလာသလဲ ဆိုတော့ "သာရဏီယ ဩဝါဒကထာ"ကို လိုရင်းအနှစ်ချုပ်ပြီး ကောက်နုတ်ချက်များ သတင်းစာ (၂)စောင်မှာ ပါလာပါတယ်။

သတင်းစာအာဘော် အကျဉ်းချုပ် ရေးသားထားပါတယ်။ "သုံးဖြာသော ပိဋကတ်ကို အာဂုံရေးဖြေကြမည့် အရှင်မြတ်များ ဘုရားရှင်၏ ဆန္ဒတော်ကို တစ်စိတ်တစ်ဒေသ ပြည့်ဝအောင် ဖြည့်ကျင့် ခြင်းဖြင့် ဟောကြားညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းဖြင့် ဖြည့်ကျင့်ရာရောက်" မြန်မာ့အလင်း ခေါင်းကြီးပိုင်းမှာ ဒီလို ရေးပါတယ်။

ကြေးမုံသတင်းစာကတော့ "ဓမ္မာနု ဓမ္မပဋိပတ်ကို အထွဋ်အထိပ် ရောက်အောင် ကျင့်ကြံကြမှ မြတ်စွာဘုရား၏ ဆန္ဒတော်ကို ဖြည့်ကျင့်ရာ ရောက်မည်"။

**ဓမ္မာနု ဓမ္မပဋိပတ္တိ။**

ဓမ္မ= လောကုတ္တရာတရားအား၊ အနုဓမ္မ= လျော်သော၊ ပဋိပတ္တိ= ကျင့်စဉ်။

အဲဒီကျင့်စဉ်ကြီးကို အထွဋ်အထိပ်ရောက်အောင် ကျင့်ကြံကြမှ မြတ်စွာဘုရား၏ ဆန္ဒတော်ကို ဖြည့်ကျင့်ရာရောက်သည်။

အဲဒီလို ခေါင်းစဉ်းထားပြီးတော့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၏ ကိုယ်စား ဥက္ကဋ္ဌဆရာတော်ဘုရားကြီးရဲ့ မှတ်သားသင့်တဲ့ 'သာရဏီယသြဝါဒကထာ'။

အဲဒီသြဝါဒကထာမှာ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးစ အဋ္ဌမသတ္တာဟတွင် (အဋ္ဌမသတ္တာဟ)ဆိုတာ (၇-ရက်)၂ နဲ့သွားတော့ (၈)ခုမြောက် (၇)ရက် အဇပါလညောင်ပင်အောက်၌ သီတင်းသုံးတော်မူခိုက် ယုတ်မာမိုက်မဲလှသည့် မာန်နတ်သားက-

**ဘဂဝါ ယဒတ္ထံ တုမှေဟိ ပါရမိယော ပူရိတာ၊ သော ဝေါ အတ္ထော အနုပ္ပတ္တော၊ ပဋိဝိဒ္ဓံ သဗ္ဗညုတဉာဏံ၊ ကိံတေ လောကဝိစာရဏေန (ပ) ပရိနိဗ္ဗာတု ဒါနိဘန္တေ ဘဂဝါ၊ ပရိနိဗ္ဗာတု သုဂတော၊ ပရိနိဗ္ဗာန ကာလော ဒါနိဘန္တေ ဘဂဝတော။** ဒီစကား လျှောက်ထားတယ်။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်ဘုရားသည် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော် ရရှိရန်အတွက် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ပါသည်။

ယခုထိုအကျိုးကို ရတော်မူခဲ့ပါပြီ။ မြတ်စွာဘုရား အရှင်ဘုရားသည် ဘုရားဖြစ်ဖို့ရန် ပါရမီတော် အတန်တန်ကို ဖြည့်ကျင့်ခဲ့ပါသည်။ အဲဒီ အကျိုးတရား  အရှင်ဘုရား ရခဲ့ပါပြီ။

သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိတော်မူခဲ့ပါပြီ။ တရားအလုံးစုံကို သိတော်မူသော သဗ္ဗညုတဉာဏ်ကိုလဲ ရရှိတော်မူခဲ့ပါပြီ။

"ကိံတေလောကဝိစာရဏေန" အရှင်ဘုရား လောကထဲ လှည့်လည်ခြင်းဖြင့် အဘယ်အကျိုးရှိပါမည်နည်း။ မာရ်နတ်က စိုးရိမ်တယ်။

လောကထဲ လှည့်လည်ပြီး တရားဓမ္မများ ဟောကြားမှာကို သူမလိုလားဘူး။ "အရှင်ဘုရား ပရိနိဗ္ဗာန်စံပါလော့၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပါလော့"။

"ယခုအခါ ပရိနိဗ္ဗာန်ပြုတော်မူပါလော့၊ ယခုအခါ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံရန် အချိန်တန်ပါပြီ။"

ဘုရားဖြစ်လို့မှ မကြာသေးဘူး။ (၄၉)ရက်အလွန်မှာပါ။ မာရ်နတ်က လျှောက်ခဲ့တယ်။

ဘုရားဖြစ်ခါစ (၄၉)ရက်အကျော်လေးမှာ (၂)လမပြည့်သေးဘူး။ အဲဒီအချိန်လေးမှာ မာရ်နတ်က လျှောက်ထားတဲ့အခါ -

**နတာဝါဟံ ပါပိမ ပရိနိဗ္ဗာယိဿာမိ၊**

**ယာဝ မေ ဘိက္ခူ နသာဝကာ ဘဝိဿန္တိ၊**

**ဝိယတ္တာ ဝိနီတာ ဝိသာရဒါ** အစရှိသည်ဖြင့် မြတ်စွာဘုရား မိန့်ကြားတော်မူပါတယ်။

ယုတ်မာစွာလတ် ဟယ်-မာရ်နတ် ငါဘုရားရဲ့ သာဝက သာဝိကာများဖြစ်ကြတဲ့ ဘိက္ခု ဘိက္ခုနီ၊ ဥပါသကာ ဥပါသိကာ လေးဖြာသော ပရိသတ်တို့သည်၊

မြတ်စွာဘုရားရဲ့ သာဝက၊ တပည့်သာဝက နာကြားတတ်တဲ့ ပုဂ္ဂိုလ်များလဲ သာဝက၊ နားထောင်တတ်တဲ့ ပုဂ္ဂိုလ်များလဲ သာဝက၊ မြတ်စွာဘုရားရဲ့ စကားကို နားထောင်တတ်တဲ့ အမျိုးသမီးများကို

သာဝိကာ၊ ဘိက္ခု, ဘိက္ခုနီ၊ ဥပါသကာ, ဥပါသိကာ (၂)စုံလေးမျိုး၊ ပရိသတ်လေးမျိုး။

အဲဒီ ပရိသတ်လေးပါးနဲ့ ပတ်သက်လို့ မြတ်စွာဘုရား မိန့်ကြား ထားတာက ဘိက္ခု, ဘိက္ခုနီ၊ ဥပါသကာ, ဥပါသိကာ ပရိသတ်လေးမျိုး တို့သည် တတ်သိလိမ္မာ မရှိကြသေးသမျှ ငါဘုရားဟောကြားတော် မူတဲ့ တရားတော်တွေလို တတ်သိလိမ္မာ မရှိကြသေးသမျှ ငါဘုရား ပရိနိဗ္ဗာန်မစံသေးဘူး။ မြတ်စွာဘုရားက သာဝကများ တတ်သိလိမ္မာ စေချင်တာပါပဲ။

ကောင်းစွာ ဆုံးမအပ်ပြီးသူများ မဖြစ်သမျှ၊ ကောင်းစွာ ဆုံးမအပ်ပြီးသူများဖြစ်မှ ယဉ်ကျေးသူများ ဖြစ်ကြမှာကိုး။

ယဉ်ကျေးသူများ မဖြစ်ကြသေးသမျှ ငါဘုရား ပရိနိဗ္ဗာန် မစံသေးဘူး။ ရဟန်းတော်တွေချည်းပဲ မျှော်လင့်တာမဟုတ်ဘူး။ ဘိက္ခု, ဘိက္ခုနီ၊ ဥပါသကာ, ဥပါသိကာ ပရိသတ်လေးပါးလုံးကို မြတ်စွာဘုရားက မျှော်လင့်တော်မူတယ်။

ပရိသတ်လေးပါးလုံး တရားတွေနဲ့ပတ်သက်ပြီး ရဲရင့်သူများ မဖြစ်ကြသေးရင် ပရိနိဗ္ဗာန်မစံသေးဘူး။ များစွာ ကြားနာအပ်ပြီးသော သုံးပုံပိဋကတ် ပရိယတ်ရှိပြီး ဗဟုသုတရှိသူ ပုဂ္ဂိုလ်များမဖြစ်ကြ သေးသမျှ ငါဘုရား ပရိနိဗ္ဗာန်စံတော်မူမှာ မဟုတ်သေးဘူး။

မြတ်စွာဘုရား ဟောတော်မူတဲ့ ပိဋကတရားတော်တွေကို များများနာကြား၊ များများသင်၊ များများအံ၊ များများကျင့်၊ များများရွတ်၊ များများဖတ်နိုင်သူကို အာဂမဗဟုသုတပုဂ္ဂိုလ်။

များများအားထုတ်လို့ သမထတရား၊ ဝိပဿနာတရား ဉာဏ်အဆင့်မှ မဂ်ဖိုလ်ဉာဏ် ရသိပြန်တော့ အဓိဂမဗဟုသုတပုဂ္ဂိုလ်။

ဘိက္ခု, ဘိက္ခုနီ၊ ဥပါသကာ, ဥပါသိကာတွေ ငါဘုရား တရားတော်တွေ ကျင့်ကြံကြိုးကုတ်လို့ အဓိဂမဗဟုဿုတ မဖြစ်ကြသေးဘူးဆိုရင် ငါဘုရား ပရိနိဗ္ဗာန်မစံသေးဘူး။

အရိယာမဂ်အားလျော်သော အကျင့်ကို မကျင့်နိုင်ကြသေးသမျှ ဒါကတော့ အခုယောဂီများနဲ့ အင်မတန်သက်ဆိုင်ပါတယ်။ အရိယာမဂ်တရား အရိယာမဂ်ဉာဏ်ရဖို့ အင်မတန်အရေးကြီးတာကိုး။ အရိယာမဂ်ဉာဏ်ရမှ ဖိုလ်ဉာဏ်ရမယ်၊ နိဗ္ဗာန်ရမယ်။

အဲဒီ အရိယာမဂ် အားလျော်တဲ့ တရားဆိုတာ အရိယာမဂ်တရား အားလျော်တဲ့ ဝိပဿနာအကျင့်၊ အရိယာမဂ်ဉာဏ်ရှေ့မှာ ဝိပဿနာအကျင့်၊ ဝိပဿနာဉာဏ်စဉ်တွေပါပဲ။

အခု ယောဂီများ အဲဒီ ဝိပဿနာဉာဏ်တွေရရှိအောင်၊ အစဉ်အတိုင်းရရှိအောင် အားထုတ်နေကြတဲ့ အကျင့်တွေ ဉာဏ်စဉ်တွေရအောင် အရိယာမဂ်တရားကို ရရှိအောင် မကျင့်နိုင်ကြသေးသမျှ ပရိသတ်လေးပါး အရိယာမဂ်လေးပါး အားလျော်တဲ့ ဝိပဿနာတရား မကျင့်နိုင်ကြသေးသမျှ ငါဘုရား ပရိနိဗ္ဗာန်မစံသေးဘူး။ ကျင့်နိုင်ကြပြီဆိုမှ ငါဘုရား ပရိနိဗ္ဗာန်စံမယ်။

ဘုန်းကြီးတို့၊ ယောဂီတို့ကို မြတ်စွာဘုရားက စောင့်ဆိုင်းနေတယ်။ လောကုတ္တရာတရား အားလျော်သော ဝိပဿနာတရား မကျင့်နိုင်ကြသေးသမျှ ပရိနိဗ္ဗာန်မစံသေးဘူး။ တရားနှင့်လျော်စွာ ကျင့်လေ့ရှိသူများ မကျင့်ကြသေးသမျှ ကျင့်လေ့ရှိသူတွေ မထွန်းကားသေးသမျှ ငါဘုရား ပရိနိဗ္ဗာန်မစံသေးဘူး။

မိမိတို့ဆရာ မြတ်စွာဘုရား၏ ဩဝါဒကို သင်ယူ၍ မဟောနိုင်၊ မပြောနိုင်၊ မပြသနိုင်၊ မတည်တန့်နိုင်၊ မဖွင့်ဆိုနိုင်၊

မဝေဖန်နိုင်သေးရင် ငါဘုရား ပရိနိဗ္ဗာန်မစံသေးဘူး။

ပေါ်လွင်ထင်ရှားအောင် မပြောနိုင်သေးသမျှ ငါဘုရား ပရိနိဗ္ဗာန်မစံသေးဘူး။ ပေါ်ပေါက်တိုက်ခိုက်လာသည့် သူတစ်ပါးတို့ရဲ့ အယူဝါဒကို အကြောင်းမှန်နှင့်တကွ ကောင်းစွာနှိမ်နင်း၍ အံ့ဖွယ်ရှိသော တရားကို မဟောကြားနိုင်သေးသမျှ ငါဘုရားပရိနိဗ္ဗာန် မစံသေးဘူး။

ဝါဒဆန်းတွေကလဲ အများကြီးကိုး။ တစ်နေ့ကပဲ ဘိုကလေးမြို့သွားတော့ ဖျာပုံမှာ ရသေ့တစ်ပါး ပေါ်ပေါက်တယ်။ (၁၀)နှစ်၊ (၁၅)နှစ်ကလေးတွေ အမျိုးသားတွေ သူကခေါင်းကိုင်လိုက်ရင် ကိုရင်ဖြစ်ပြီတဲ့။ အသက် (၂၀)ကျော်တဲ့ အမျိုးသားတွေ သူကခေါင်းကိုင်လိုက်ရင် ရဟန်းဖြစ်ပြီဆိုပြီး ရှင်ပြုရဟန်းပြုပေးနေတယ်။ မမှန်ကန်တဲ့ အယူဝါဒတွေ ပြည့်နေတာ။

တစ်နေ့က ဘုန်းကြီးတို့ကျောင်းက ဖယ်ခုံက ကလေးတွေရှိတယ်။ သူတို့ရွာက ဘုန်းကြီးကျောင်းက ပရဟိတကျောင်း။ ဘာပြောသလဲဆိုတော့ တပည့်တော်တို့ရွာက ဘုရားနှစ်ဆူက တစ်ဆူနဲ့တစ်ဆူ မတည့်ဘူး။ တစ်ဆူကိုတောင်ပေါ်သွားထားပြီး တစ်ဆူကို ကျောင်းမှာထားရတယ်။ ဘုရားက ဒေါသမှမရှိတာ မတည့်ဘူးဆိုတာ ဘယ်ရှိပါ့မလဲ။

မြတ်စွာဘုရားက လောကကြီးက ငါနဲ့ရန်ဖြစ်နေကြတယ်။ ငါက ရုပ်တရား နာမ်တရားတွေ အနိစ္စ မမြဲဘူးလို့ ပြောတယ်။ လောကကြီးက မြဲတယ်လို့ ပြောချင်ကြတယ်။ ငါက ရန်မဖြစ်ဘူး။ လောကသားတွေက ငါနဲ့ ရန်ဖြစ်ချင်နေကြတယ်။

အခုယောဂီသူတော်စင်များ ဘုရားနဲ့ရန်မဖြစ်ဖို့ အရေးကြီးတယ်။ ဘုရားကမမြဲပါဘူးလို့ ဟောတယ်၊ အခုမမြဲပါဘူးလို့ သိအောင် အားထုတ်တယ်။ ဘုရားနဲ့ ရန်မဖြစ်ဘူး ပြောရမှာပေ့ါ။

မြတ်စွာဘုရားရဲ့ ဆန္ဒတော်ဟာ ဘယ်လောက်အထိ ကြီးမားသလဲ။ မဟာကရုဏာတော်၊

**မဟာကာံရုဏိကော နာထော၊ ဟိတာယ သဗ္ဗပါဏိနံ။**

**ပူရေတွာ ပါရမီသဗ္ဗာ၊ ပတ္တော သမ္ဗောဓိမုတ္တမံ။**

**ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ ဝေါ ဟောတု သဗ္ဗဒါ။**

သတ္တဝါတို့အပေါ်မှာ သားတော်ရာဟုလာကဲ့သို့ သနားကြင်နာတော်မူတဲ့ မဟာကရုဏာသခင် ဘုရားရှင်ဟာ ပါရမီတော်တွေကို ဖြည့်ကျင့်ပြီးတော့ ဘုရားအဖြစ်သို့ ရောက်တော်မူတာ မှန်ပါတယ်။

ဤစကားမှန်ကန်တဲ့အတွက်ကြောင့် အားလုံးသော ယောဂီသူတော်စင်တို့ ကျန်းမာချမ်းသာကြပါစေသတည်းလို့ ဒီလိုဆုတောင်းရမှာပါ။

မြတ်စွာဘုရားရဲ့ ဆန္ဒတော်က မြတ်စွာဘုရားရဲ့ တပည့်သာဝကများဖြစ်ကြတဲ့ ပရိသတ်လေးပါးတို့ကို တတ်သိလိမ္မာသူများဖြစ်စေချင်တယ်။ (၄၅)ဝါ ကာလပတ်လုံး ဟောကြားထားတဲ့ တရားတော်တွေကို အဆင့်ဆင့်သယ်ဆောင်ပြီးတော့ လာခဲ့တာ နှစ်ပေါင်း ၂၅၄၉ နှစ်၊ ပရိနိဗ္ဗာန်စံပြီးမှ နှစ်ပေါင်း ၂၅၄၉ နှစ်၊ ဘုရားဖြစ်လို့ ဓမ္မစကြာတရား ဟောပြီးချိန်ကစပြီးရေတွက်ရင် နှစ်ပေါင်း ၂၅၉၄ နှစ်တာကာလ။

မြတ်စွာဘုရား (၄၅)ဝါကာလပတ်လုံး ဟောတော်မူထားတဲ့ နိကာယ်ငါးရပ် ပိဋကသုံးပုံ တရားတော်တွေကို နှုတ်နဲ့ထိန်းပြီး လာခဲ့တာက နှစ်ပေါင်း (၄၅၀)၊ ပေရွက်ကလေးတွေနဲ့ ရေးမှတ်ပြီး ထိန်းသိမ်းလာတာက နှစ်ပေါင်း ၁၉၆၀ လောက်၊ ခုချိန်မှာတော့ စာရွက်တွေနဲ့ ကွန်ပျူတာတွေနဲ့ ထိန်းပြီးတော့ ထားနိုင်ခဲ့ပြီ။

အဲဒီတရားတော်လာတဲ့အတိုင်း ယခုယောဂီသူတော်စင်များ အားထုတ်ကြရတယ်။ မြတ်စွာဘုရားက မိမိရဲ့တပည့်သာဝက၊ သာဝိကာများ တတ်သိလိမ္မာစေချင် ကျွမ်းကျင်စေချင်ပါတယ်။

ကောင်းစွာဆုံးမပြီးသူ၊ ကောင်းစွာယဉ်ကျေးပြီးသူ၊ ရဲရင့်သူ၊ အကြားအမြင်များသူ၊ ကျင့်ကြံကြိုးကုတ် အားထုတ်ပြီး ဉာဏ်စဉ် အဆင့်ဆင့်ရရှိပြီးသူ၊ အဓိဂမ ဗဟုသုတများသူများ ဖြစ်စေချင်တယ်။ ပိဋကသုံးပုံ တရားတော်များကို ဆောင်နိုင်သူများလဲ ဖြစ်စေချင် တယ်။ အရိယာမဂ်အားလျော်တဲ့ ဝိပဿနာတရားကို ကျင့်နိုင်သူများလဲ ဖြစ်စေချင်တယ်။

ဒါမြတ်စွာဘုရားရဲ့ ဆန္ဒ၊ လောကမှာ မိဘများရဲ့ ဆန္ဒ၊ မိဘများက သားသမီးများကို ဆင်စီးလို့ မြင်းရံတာ မြင်ချင်တယ်။ မြတ်စွာဘုရားကတော့ ဒီထက်ပိုတာပေါ့။

ဒါကြောင့် အရိယာမဂ်အားလျော်တဲ့ ဝိပဿနာတရားကို ကျင့်နိုင်သူတွေ ဖြစ်စေချင်တယ်။ ယခု ယောဂီသူတော်စင်များ (၉၁)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်းမှာ အာနာပါန အခြေခံပြီးတော့ ဝိပဿနာတရားကို ကျင့်ကြံကြိုးကုတ် အားထုတ်နေကြပြီ ဆိုတော့။

မြတ်စွာဘုရားက အရိယာမဂ်အားလျော်တဲ့ ဝိပဿနာတရားကို ကျင့်နိုင်သူများ ဖြစ်စေချင်တယ်ဆိုတော့ မြတ်စွာဘုရားရဲ့ ဆန္ဒတော်အတိုင်း ကျင့်ကြံအားထုတ်နေကြတာ ဖြစ်တယ်။

မြတ်စွာဘုရားရဲ့ ရွှေစိတ်တော်ကို ကြည်လင်စေတတ်တဲ့ ပုဂ္ဂိုလ်တွေအဖြစ်နဲ့ မြတ်စွာဘုရားရဲ့ ဆန္ဒတော်ကို ဖြည့်ကျင့်နေကြခြင်း ဖြစ်တယ်။ မိမိတို့ဆရာ မြတ်စွာဘုရားရဲ့ မူဝါဒကို သင်ယူ၍ ပြောနိုင်၊ ဟောနိုင်၊ တည်တံ့နိုင်၊ ဖွင့်ဆိုနိုင်၊ ဝေဖန်နိုင်၊ ပြသနိုင်၊ ပေါ်လွင်စေသူများလဲ ဖြစ်စေချင်တယ်။

ဟော လယ်တီကမ္မဋ္ဌာနာစရိယများ မိမိတို့ဆရာဖြစ်တော်မူတဲ့ မြတ်စွာဘုရားရဲ့ အယူဝါဒ။ ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမဆရာတော်ကြီး အစရှိတဲ့ ဆရာတော်ကြီးများရဲ့ ဖွင့်ဆိုချက်များကို သင်ယူပြီတော့ ဟောနိုင်တယ်၊ ပြောနိုင်တယ်၊ ပြသနိုင်တယ်၊ ဖွင့်ဆိုနိုင်တယ်၊ ဝေဖန်နိုင်တယ်၊ ပေါ်လွင်အောင် ထင်ရှားအောင် ပြုနိုင်တယ်။

မြတ်စွာဘုရားရဲ့ ဆန္ဒတော်ကို တစိတ်တစ်ဒေသအားဖြင့် ဖြည့်နိုင်တယ်။ ပေါ်ပေါက်တိုက်ခိုက်လာတဲ့ သူတစ်ပါးတို့ရဲ့ အယူဝါဒကို အကြောင်းမှန်နဲ့တကွ ကောင်းစွာနှိမ်နင်းပြီး အံ့ဖွယ်ဖြစ်တဲ့ တရားကို ဟောပြနိုင်သူများ ဖြစ်စေချင်တယ်။

**အယူအဆ**

ဒါလဲပဲ အခြားနိုင်ငံတွေ အသာထား။ ဘုန်းကြီးတို့ မြန်မာနိုင်ငံအနီးမှာပင် မြတ်စွာဘုရားရဲ့ ထေရဝါဒနဲ့ မတူညီတဲ့ မဟာယာနဝါဒတွေ အများကြီးရှိပါတယ်။

မကြာသေးခင်ကလဲ ဘုန်းကြီးတို့ နိုင်ငံရဲ့အနီးအပါး နိုင်ငံတစ်ခုက ဘုရားတည်မလို့ ရုပ်ပွားတော်၊ ရုပ်ပွားတော်က ပေ (၁၀၈)ပေလောက် ရုပ်ပွားတော်ကြီးတည်မယ်။

အဲဒီ ရုပ်ပွားတော်ကြီး တည်တဲ့အခါ လက်ချောင်းကလေးတွေက ညီနေရမှာ၊ သူကပြောတယ်တဲ့။ အဲဒီနိုင်ငံမှာတော့ တတိယအကြီးဆုံး ဘုန်းကြီးတို့ သံဃမဟာနာယကအဖွဲ့လို ပေါ့လေ။

အရှည်အတိုဖြစ်ရမယ့်ဟာ မကောင်းဆိုးဝါးတွေ သွေးစုပ်ယူသွားလို့ အညီပြတ်ပြီး ကျန်နေခဲ့လို့မို့ မြတ်စွာဘုရားရဲ့ လက်တော်ကို အညီလုပ်ရမယ်လို့ သူက ပြောတယ်။ ဘုန်းကြီးတို့ ထေရဝါဒစာပေက အဲဒီလိုမဟုတ်ပါဘူး။ ဘုရားရှင်အား ယင်ငယ်တစ်ကောင် သောက်လောက်ရုံမျှ သွေးထွက်အောင် ဘယ်သူမျှမစွမ်းနိုင်ပါဘူး။ ထို့ပြင်-

**"ရှစ်ဖြာလက်ချောင်း ဆယ်ချောင်းခြေတော် ညီမျှသောကြောင့်"**

လက်တော် (၈)ချောင်း၊ ခြေတော်က (၁၀)ချောင်း ညီရမယ်။ ဒါဘာကြောင့် ညီသလဲလို့ဆိုတဲ့အခါ-

**"ချစ်ဖွယ်စကား ပေးကမ်းငြား၍ စီးပွားဆောင်လင့် ကိုယ်တူကျင့်"**ဟု လေးဆင့်သင်္ဂြိုဟ် သူ့ကိုထောက်ထား ကောင်းမှုအားကြောင့်လို့ဆိုတဲ့ သင်္ဂဟတရားလေးပါး ဘဝများစွာသံသရာမှာ ကျင့် ကြံကြိုးကုတ်လာခဲ့တယ်။ ဘုရားဖြစ်တဲ့အခါမှာလဲ အလွန်အမင်း ဖြည့်ကျင့်တော်မူခဲ့တဲ့အတွက်ကြောင့် "လက်ဖဝါးနှင့်ခြေဖဝါးပါ နူးညံ့စွာ၏၊ ရှစ်ဖြာလက်ချောင်း၊ ဆယ်ချောင်းခြေတော် ညီမျှသောကြောင့် မယော်တွင်းလစ် အတွင်းဆစ်၌ ရေးရစ်ဖြောင့်လေ့ စပါးစေ့များ ပွတ်တံခါးသို့ ဖြောင့်သားညီညာ လက္ခဏာဖြင့်"။

မြတ်စွာဘုရားရဲ့ လက်ကလေးတွေက နူးညံ့နေတယ်။ လက် (၈)ချောင်းကလဲ ညီနေတယ်။ ခြေတော် (၁၀)ချောင်းကလဲ ညီနေတယ်။ ဘာကြောင့်လဲ သင်္ဂဟတရားလေးပါး အားထုတ်ခဲ့လို့ပါ။ မကောင်းဆိုးဝါး သွေးစုပ်လို့ မဟုတ်ပါဘူး။

**"ရှစ်ဖြာလက်ချောင်း ဆယ်ချောင်း ခြေတော်ညီမျှသော်ကြောင့် မယော်တွင်လစ် အတွင်းဆစ်၌ ရေးရစ်ဖြောင့်လေ့ စပါးစေ့များ ပွတ်တံခါးသို့"**

လက်ဖဝါးမှာရှိတဲ့ စပါးစေ့လေးတွေက ပွတ်တံခါးလိုပဲ။ ဖြောင့်သားညီညာ လက္ခဏာဖြင့် ကောင်းစွာပေါင်းဆည်း တစ်လုံးတည်းလျှင် လက်တွင်ပြုအပ် ပရိသတ်သာ ရှိတော်မူပါပေသော မြတ်စွာဘုရား။

မြတ်စွာဘုရား လက္ခဏာတော်ကြီး (၃၂)ပါး၊ လက္ခဏာတော်ငယ် (၈၀)ပါးထဲမှာ ပါနေပါတယ်။ အဲဒီလို သူတစ်ပါးတို့ရဲ့ ဝါဒကို အကြောင်းမှန်မှန်နဲ့ ဖြေရှင်းပေးနိုင်ဖို့ရာ အံ့ဩဖွယ် တရားတော်ကို ပြောနိုင်ဖို့ရာ မြတ်စွာဘုရား လိုလားတော်မူတယ်။

ဒါကြောင့် မြန်မာပြည်မှာ စာချဆရာတော် ရာပေါင်းများစွာတို့က စာချ/စာသင် တပည့်ထောင်ပေါင်းများစွာတို့အား စာပေပညာများ ပို့ချပြီး နေကြရတယ်။ ဒါကြောင့် တိပိဋကဓရ ပိဋကတ်တော်ပြန်ဆိုကြမည့် တိပိဋကဓရလောင်းလျာ အာဇာနည် အရှင်မြတ်တို့ ဘုရား အရှင်မြတ်တို့သည် သုတ် ဝိနည်း အဘိဓမ္မာ အာဂုံပြန်ဆိုတော်မူကြပြီး ရေးဖြေတော်မူကြခြင်းသည် မြတ်စွာဘုရား၏ ဆန္ဒတော်ကို တစ်စိတ်တစ်ဒေသအားဖြင့် ပြည့်ဝအောင် ဖြည့်ကျင့်နေကြခြင်းသာ ဖြစ်ပါတယ်။

တိပိဋကရေ စာမေးပွဲကြီးမှာ သုတ္တန်ပိဋက ဖြေဆိုနေကြတာ ရှိတယ်။ ဝိနည်းပိဋက ဖြေဆိုနေကြတာ ရှိတယ်။ အဘိဓမ္မာပိဋက ဖြေဆိုနေကြတာ ရှိတယ်။

ရေးဖြေကျတော့လဲ အထက်တန်းစာမေးပွဲကြီး ရေးဖြေနေကြတယ်။ အဲဒါတောင်မှ မြတ်စွာဘုရားရဲ့ ဆန္ဒတော်ကို တစ်စိတ်တစ်ဒေသအားဖြင့် ပြည့်ဝအောင် ဖြည့်ကျင့်နေတာတဲ့။ သို့ဖြစ်၍ အရှင်တို့အနေဖြင့် ငါတို့သည် မြတ်စွာဘုရား၏ဆန္ဒတော်ကို တစ်စိတ်တစ်ဒေသအားဖြင့် ပြည့်ဝအောင် ဖြည့်ကျင့်နေကြသူများပါတကားဟု ကြည်လင်ရွှင်ပြ ဝမ်းမြောက်သင့်ကြပါသည်။

ဟော နိကာယ်ငါးရပ် ပိဋကတော်သုံးပုံကို သင်အံပို့ချ ဖြေဆိုပြီးနေကြတာဟာ မြတ်စွာဘုရားရဲ့ ဆန္ဒတော်ကို တစ်စိတ်တစ်ဒေသအားဖြင့် ပြည့်ဝအောင် ဖြည့်ကျင့်နေကြတာတဲ့။

တစ်စိတ်တစ်ဒေသ ကျင့်နိုင်ရင်လဲ ဝမ်းမြောက်စရာပဲ။ အဲဒီ တစ်စိတ်တစ်ဒေသက လူတိုင်းတောင် ပိဋကသုံးပုံ မပြန်ဆိုနိုင်ပါဘူး။ အနည်းဆုံး တစ်နေ့ (၆)မျက်နှာလောက်မှ အရမကျက်နိုင်ရင် ပိဋကသုံးပုံပြန်ဖို့ မစဉ်းစားနိုင်ပါဘူး။ မစဉ်းစားသင့်ဘူး။

ပြီးတော့ မြတ်စွာဘုရား မျှော်မှန်းသည့်အတိုင်း ပြည့်စုံအောင် အားထုတ်ဖို့ လိုအပ်ပါသေးတယ်တဲ့။

ဟော ပိဋကသုံးပုံကို ထုံးလိုမွှေ ရေလိုနှောက်ပြီး ခရားရေလွှတ်ရွတ်အံနိုင်တာတောင်မှ တစ်စိတ်တစ်ဒေသပဲ ရှိသေးတယ်။ မြတ်စွာဘုရား မျှော်မှန်းသည့်ပန်းတိုင် မရောက်သေးဘူး။

မြတ်စွာဘုရား ဟောကြားညွှန်ပြတော်မူသည့်အတိုင်း ဓမ္မာနုဓမ္မပဋိပတ်ကို အထွဋ်အထိပ်ရောက်အောင် ကျင့်ကြံပွားများ

အားထုတ်ကြမှသာ မြတ်စွာဘုရား၏ ဆန္ဒတော်ကို ပြည့်စုံအောင် ဖြည့်ကျင့်ရာ ရောက်ကြပါလိမ့်မည်တဲ့။

မြတ်စွာဘုရားရဲ့ ဆန္ဒ၊ ဓမ္မာနုဓမ္မပဋိပတ်၊ ဓမ္မ= လောကုတ္တရာတရားအား၊ အနုဓမ္မ= လျော်တဲ့ပဋိပတ် လျှော်တဲ့ကျင့်စဉ်။

အဲဒီကျင့်စဉ်က ဘာလဲ။

သီလကျင့်စဉ်၊ သမာဓိကျင့်စဉ်၊ ပညာကျင့်စဉ်၊ အခုယောဂီသူတော်စင်များ ကျင့်နေတဲ့ ကျင့်စဉ်ဟာ ဓမ္မာနုဓမ္မပဋိပတ်ကျင့်စဉ်ပါပဲ။

ဓမ္မာနုဓမ္မပဋိပတ်ခေါ်တဲ့ လောကုတ္တရာတရား (၉)ပါးအားလျော်တဲ့ သီလ သမာဓိ ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရား။

မဂ္ဂင်ကျင့်စဉ်တရား၊ ဗောဓိပက္ခိယကျင့်စဉ်တရား၊ အဲဒီကျင့်စဉ်တရားကို အထွဋ်အထိပ်ရောက်အောင် ကျင့်ကြံပွားများအားထုတ်ကြမှသာ မြတ်စွာဘုရား၏ ဆန္ဒတော်ကို ပြည့်စုံအောင် ဖြည့်ကျင့်ရာ ရောက်ကြပါလိမ့်မည်လို့ မိန့်တော်မူပါတယ်။

ဒါကြောင့် (၉၁)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရားစခန်း ကြိုးပမ်းအားထုတ်နေကြတဲ့ ယောဂီသူတော်စင်များ မြတ်စွာဘုရားရဲ့ ဆန္ဒတော် အားလုံးပြည့်ဝအောင် ကြိုးစားမယ်လို့ ဒီလို အာရုံပြုပြီးတော့ အားထုတ်ကြရမယ်။

ထို့အပြင် မြတ်စွာဘုရားဟောကြားတော်မူသည့် ပိဋကတ်တော်ကို သင်အံကျက်မှတ် ပြန်ဆိုတွေးတော ကြံစည်တွေးတောခြင်းသည် ဂန္ထဓူရတာဝန်ကို ရွတ်ဆောင်ခြင်းဖြစ်ပါတယ်။

ယင်းတာဝန်သည် မြတ်စွာဘုရားသာသနာ အရှည်ခန့်၍ တည်တန့်ရန်အတွက် အဓိကကျသောတာဝန်ဖြစ်ပါတယ်။

သို့အတွက် အရှင်မြတ်တို့အနေဖြင့် အဓိကကျသောတာဝန်ကို ထမ်းဆောင်၍ သာသနာတော်ကို စောင့်ရှောက်သူများ ဖြစ်ကြသည်ဟု နှလုံးသွင်းကာ ဂုဏ်ယူဝမ်းမြောက်သင့်ကြပါတယ်။

မြတ်စွာဘုရားရဲ့ သာသနာတော်မြတ်ကြီး (၂၆)ရာစုတိုင်အောင် သာသနာတည်အောင် ထမ်းဆောင်ခဲ့ကြပြီ။

ဘာကြောင့် သာသနာတည်သလဲ။ ဘာကြောင့်လဲ။ ပိဋကတ်တော်ကို သင်တယ်၊ အံတယ်၊ ကြံတယ်၊ စည်တယ်၊ ပြန်တယ်၊ ဆိုတယ်၊ ဒီလုပ်ငန်းတွေက သာသနာတည်ကြောင်း။

နိုင်ငံတော်အစိုးရ အမျိုးပြုတဲ့ ဥပါသကာ ဥပါသိကာ သူတော်ကောင်းတို့အနေဖြင့်လဲ -

**သာသနံ ပုညဝန္တဿ၊ ပုညဝန္တာဝ လဗ္ဘရေ။**
**နာပ္ပပုညာ ကဒါစိပိ၊ ပဂ္ဂဏှိတု မဝိသယာ။**

ရှေးပညာရှိ ဆရာတော်ကြီးများရဲ့ သြဝါဒမိန့်ကြားချက်အရ ဘုန်းရှင်ကံရှင် သမ္ဘာရှင် ဖြစ်တော်မူတတ်သော မြတ်ဗုဒ္ဓ၏ သာသနာတော်မြတ်ကြီးကို ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး အစရှိသည့် လိုအပ်ရာရာ အာမိသဖြင့် ထောက်ပံ့လှူဒါန်းနေကြသော ငါတို့သည် ရှေးအခါကပြုခဲ့သည့် ပါရမီဘုန်းကံများ ရှိကြသောကြောင့်သာ လှူဒါန်းထောက်ပံ့နိုင်ကြပေသည်ဟု သိရှိကြကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သင့်ကြပါသည်လို့၊

သာသနာဟာ ဘုန်းရှင် ကံရှင် ဖြစ်တော်မူတဲ့ မြတ်စွာဘုရား တည်ထောင်တဲ့သာသနာ၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းနိုင်တဲ့ ဘဝရောက်လို့ရှိရင်လဲ တို့လဲ ဘုန်းရှင် ကံရှင်တွေပဲ။

ယခုလို သာသနာတော်တွင်း ဝင်ရောက်ပြီးတော့ သာသနာ့အကျင့်သိက္ခာသုံးပါး အကျင့်တရားကို ကျင့်ကြံကြိုးကုတ် အားထုတ်မယ်ဆိုရင်တော့ ဘုန်းရှင် ကံရှင် သမ္မာရှင်ဖြစ်တော်မူတဲ့ မြတ်ဗုဒ္ဓရဲ့ သာသနာတော်မြတ်ကြီးမှာ မိမိတို့လဲ ရှေးကဖြည့်ဆည်းပူးခဲ့တဲ့ ပါရမီဘုန်းကံ ထိုက်တန်သလောက်ရှိလို့သာ မြတ်စွာဘုရားရဲ့ သီလ သမာဓိ ပညာ ကျင့်စဉ် သိက္ခာသုံးပါး ကျင့်စဉ်တရားတို့ကို ကျင့်ကြံပွားများ အားထုတ်နိုင်ပေသည်လို့ မိမိတို့ရဲ့ ပါရမီကံကုသိုလ်ကို မျှော်မြင်မှန်းဆပြီး ကျေကျေနပ်နပ် ဝမ်းပန်းတသာနဲ့ ဓမ္မာနုဓမ္မပဋိပတ်အထွဋ်အထိပ်ရောက်အောင် အားထုတ်ပြီးတော့ မြတ်စွာဘုရား၏ဆန္ဒတော်ကို အလုံးစုံပြည့်ဝအောင် ဖြည့်ကျင့်နိုင်ကြပါစေလို့ ဆန္ဒပြုရင်း ဘုန်းကြီးရဲ့ဩဝါဒစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

ယနေ့ (၉၁)ကြိမ်မြောက် လယ်တီဝိပဿနာ (၇)ရက်တရား စခန်း ကြိုးပမ်းအားထုတ်နေကြတဲ့ ယောဂီသူတော်စင်များ အာနာပါန ကမ္မဋ္ဌာန်း အခြေခံပြီးတော့ ဝိပဿနာဉာဏ်အဆင့်ဆင့်ရရှိအောင် အားထုတ်နေကြတဲ့ အချိန်။

လောကကြီးကို ကြည့်လိုက်လို့ရှိရင်တော့ ဒါတို့ပြေ၊ ဒါတို့မြေ တို့ပိုင်တဲ့မြေ ဆိုသလိုပဲ။ ငါ့အိမ်၊ ငါ့ယာ၊ ငါ့ဥစ္စာ၊ ငါ့ကျောင်း၊ တငါ,ငါနဲ့ နေတဲ့ လောကသားတွေကို မြတ်စွာဘုရားက ငါမဟုတ်ပါဘူး။ ငါ့ဥစ္စာ မဟုတ်ပါဘူး၊ ငါပိုင်တဲ့အတ္တ မဟုတ်ပါဘူးလို့ ဒီလိုမြင်အောင် ဒီလို ထင်အောင် ပြတော်မူတဲ့နည်း။

လောကသားတွေနဲ့ ဆန့်ကျင်ပြီးတော့ တရားပြတော်မူတယ်။ လောကအမြင်နဲ့ မြင်မယ်ဆိုရင်တော့ တရားမရနိုင်ဘူး။ ဓမ္မအမြင်နဲ့ မြင်မှ တရားရနိုင်ပါတယ်။

ဒါကြောင့် ဝိပဿနာဆိုတာ သူသိ ငါသိ ကမ္ဘာသိကို ကျော်လွန်ပြီးတော့ သိတဲ့ပညာရပ်ပါပဲ။

လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၉၄ ခုနှစ်တာကာလက ပွင့်တော်မူခဲ့တဲ့ ဗုဒ္ဓဘုရား။ ဗုဒ္ဓဘုရားက ဒုတိယတရားတစ်ပုဒ်ကို ဖော်ထုတ်ဟော ကြားတော်မူတယ်။ "အနတ္တလက္ခဏသုတ္တန်"၌ အတ္တ မဟုတ်ဘူး။

**"နေတံမမ၊ နေသော ဟမသ္မိ၊ နမေသော အတ္တာ"**

ဤရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်သည် အတ္တမဟုတ်ဘူး။

နေတံမမ= ငါ့ဥစ္စာမဟုတ်ဘူး၊ နေသောဟမသ္မိ= ငါမဟုတ်ဘူး၊ နမေသော အတ္တာ= ငါ့ရဲ့ပိုင်စိုးတဲ့ အတ္တမဟုတ်ဘူး။

လောကသားတွေအမြင်နဲ့ ပြောင်းပြန်ပြတော်မူတာ။ လောကသားတွေက စောစောကပြောသလိုပဲ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ၊

ငါ၊ ငါရဲ့ရုပ်၊ ငါရဲ့ခံစားမှု နောက်ဆုံးကျတော့ အိုတာ၊ နာတာ၊ သေတာကိုပဲ ငါအိုတာ၊ ငါနာတာ၊ ငါသေတာတဲ့။

အနိစ္စတာ ရုပ်အပေါ်မှာပင် အတ္တက စွဲနေတတ်တယ်။ ဇရာ အိုမင်းရင့်ရော်တဲ့ ရုပ်အပေါ်မှာလဲ ငါအိုပြီလို့ အတ္တကစွဲနေတတ်တယ်။

ဘုရားဖြစ်တော်မူပြီးတဲ့နောက် ဒုတိယတရားတစ်ပုဒ် (၂)လနဲ့ (၅)ရက်ကြာတဲ့အခါ ဟောကြားတော်မူတော်မူတဲ့အထဲမှာ -

**"ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယ သာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ"**

ပဿံ ဆိုတဲ့စကားက ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ် တို့နဲ့ ပတ်သက်ပြီးတော့ သမ္မသနဉာဏ်က စပြီးတော့ ခန္ဓာငါးပါးကို သုံးသပ်ပုံ၊ ဆင်ခြင်ပုံ၊ သိမြင်ပုံ၊

သိမြင်ဖို့ရာ မြင်ဖို့၊ ထင်ဖို့နဲ့ ပတ်သက်ပြီးတော့ အဲဒီလို ငါဘုရားပြတဲ့အတိုင်း ဟောတဲ့အတိုင်း မြင်မယ်ဆိုရင်

နိဗ္ဗိန္ဒတိ= သမ္မသနဉာဏ်ကနေပြီး ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဉာဏ်တိုင်အောင် ဉာဏ်(၁၀)ပါးလုံး ဖြစ်ပေါ်နိုင်တယ်။

ခန္ဓာငါးပါးနဲ့ပတ်သက်ပြီးတော့ ဉာဏ်(၁၀)ပါး ရယူလို့ ပြီးသည့်တိုင်အောင် မြတ်စွာဘုရား ဟောတော်မူတယ်။

အဲဒီ ဉာဏ်စဉ်(၁၀)ပါးအတိုင်း ပြီးမြောက်တဲ့အခါကျမှ "ဝိရဇ္ဇတိ" မဂ်ဉာဏ်ပါပဲ။ "ဝိမုစ္စတိ" ဖိုလ်ဉာဏ်။

**"ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ"**

ဝိမုတ္တခေါ်တဲ့ ပစ္စဝေက္ခဏာဉာဏ်၊ အဆင့်ဆင့် လောကုတ္တရာ ဉာဏ်တွေ ရရှိနိုင်တယ်။ စဉ်ပြီးတော့ ပြတော်မူတာ။

မြတ်စွာဘုရား စဉ်ပြီးတော့ ပြတော်မူသည့်အတိုင်း ဝိပဿနာ ပိုင်းမှာ သမ္မသနဉာဏ်ကစပြီး

**"ခန္ဓာဒိနည်း ဖွဲ့စည်းပြီးခါ သုံးဖြာလက္ခဏာ သုံးသပ်ရ သမ္မသနဉာဏ်"**

ရုပ်အစု ဝေဒနာအစု အစရှိသဖြင့် ဖွဲ့စည်းပြီးတော့ မမြဲပုံ၊ ဆင်းရဲပုံ၊ အစိုးမရပုံ အဲဒီလို သုံးသပ်နိုင်တဲ့ဉာဏ်၊ မြင်နိုင်တဲ့ဉာဏ်၊ သိနိုင်တဲ့ဉာဏ်ကို သမ္မသနဉာဏ်လို့ ခေါ်ရတယ်။

သမ္မသနဉာဏ်ကနေပြီးတော့ နိဗ္ဗိန္ဒတိ= ငြီးငွေ့၏ ဆိုတဲ့နေရာမှာ လောကကြီးက ငါမဟုတ်ဘဲ ငါလို့ပြောနေကြတာ၊ သူမဟုတ်တဲ့ သူလို့ ပြောနေကြတာ။

ငါဆိုတဲ့နေရာမှာ ဦးခေါင်းကို ငါလို့ခေါ်မလား၊ လက်ကို ငါလို့ ခေါ်မလား၊ ကိုယ်ကို ငါလို့ခေါ်မလား၊ ခြေကို ငါလို့ခေါ်မလား၊ ဆံပင်ကို ငါလို့ခေါ်မလားဆိုတော့ အင်မတန်ခက်တယ်။

ငါကို ကိုင်ပြစမ်းပါဆိုရင် အင်မတန်ခက်ပါတယ်။ ပူတာကို ငါလို့ပြောမလား၊ အေးတာကို ငါလို့ခေါ်မလား၊ သေချာကျကျနန တစ်ခုချင်း စီစစ်ပြီးတော့ ဖော်ထုတ်ပြီးတော့ မေးမြန်းစီစစ်တဲ့အခါမှာ ငါမဟုတ်တာ ဉာဏ်နဲ့မြင်သွားတယ်။ အဲဒါ ဝိပဿနာဉာဏ်ပါပဲ။

## ဝုဋ္ဌာနဂါမိနီ

**"သခ်ီါရနဲ့ အနုလောကမဉာဏ်နှစ်ဝ ဝုဋ္ဌာနဂါမိနီ ခေါ်သတည်း"။**

သခ်ီါ ရုပေက္ခာဉာဏ်နဲ့ အနုလောမဉာဏ်(၂)ပါး၊ အနုလောမ ဉာဏ်ဆိုတာ မဂ်ဉာဏ်ရဲ့ရှေ့နားလေးမှာ မဂ်ဉာဏ်အား လျော်တဲ့

ဉာဏ်။ အဲဒီဉာဏ် (၂)မျိုးကို အနတ္တလက္ခဏသုတ္တန်မှာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်လို့ ဟောပါတယ်။

သင်္ခါရုပေက္ခာ ဦးထိပ်ကနေပြီးတော့ ဂေါတြဘူအထိ ဝိပဿနာဉာဏ်တွေဟာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်တွေပါပဲ။

ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်ဆိုတော့ အဲဒီ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဟာ ဒေသနာတော်အရပ်ရပ်မှာ ခေါ်ပုံကို ပြောမယ်ဆိုရင်တော့ ဒီအထွဋ်အထိပ်ရောက်တဲ့ ဝိပဿနာဉာဏ်နဲ့ ပတ်သက်ပြီးတော့ အမည်(၉)မျိုး ခေါ်ဝေါ်သုံးစွဲထားတာကို တွေ့ရပါတယ်။

(၁) သဠာယနဝိဘင်္ဂသုတ်မှာ "အတမ္မယတာ"လို့ ခေါ်ပါတယ်။

(၂) အလဂဒ္ဒသုတ်မှာ နိဗ္ဗိဒါ။

(၃) ဒီအနတ္တလက္ခဏသုတ်မှာ နိဗ္ဗိန္ဒတိနဲ့ နိဗ္ဗဒါကိုပဲ ပြောတာပါပဲ။ နိဗ္ဗိန္ဒတိ ကြိယာက သင်္ခါရုပေက္ခာနဲ့ အနုလောမဉာဏ် (၂)မျိုး ပေါင်းခေါ်တော့ ဝုဋ္ဌာနဂါမိနီဝိပဿနာလို့ခေါ်ပါတယ်။

(၄) သုသိမသုတ်၌ "ဓမ္မဋ္ဌိတိ" ဉာဏ်လို့ခေါ်ပါတယ်။

(၅) ဒီဃနိကာယ် သီလက္ခန္ဓပါဠိ ပေါဋ္ဌပါဒသုတ်မှာတော့ သညာဂ္ဂလို့ နာမည်ပေးပါတယ်။

(၆) ဒသုတ္တရသုတ် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး ဟောတော်မူပါတယ်။ သုတ်တော်ရဲ့အဆုံးမှာ မြတ်စွာဘုရားက သာဓုခေါ်တော်မူတဲ့တွက် မင်းတံဆိပ်ခတ်နှိပ်သော စာကဲ့သို့ ဘုရားဟောပဲ ဖြစ်သွားတယ်။

အဲဒီ ဒသုတ္တရပါဠိတော်မှာတော့ "ပါရိသုဒ္ဓိ ပဓာနိယင်္ဂ"လို့ အမည်ပေးပါတယ်။

(၇) ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကြီး၌ ဟောဒီဝိပဿနာဉာဏ်သုံးမျိုးကို ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်လို့ ခေါ်ပါတယ်။

၁။ မုဉ္စိတုကမျတာဉာဏ်

၂။ ပဋိသင်္ခါနုပဿနာဉာဏ်

၃။ သင်္ခါရုပေက္ခာဉာဏ်

(၈) အဘိဓမ္မာ (၇)ကျမ်းကို ဟောကြားတော်မူတဲ့အခါ ပဋ္ဌာန်းကျမ်းကြီး၌ ဒီဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်ကိုပဲ အနုလုံ၊ ဂေါတြဘူ၊ ဝေါဒါန်လို့ ဟောပါတယ်။

(၉) "ရထပိနီတသုတ္တန်" ဒေသနာတော်မှာ "ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ"လို့ ဒီလိုနာမည်ပေး ဟောတော်မူပါတယ်။

အဲဒီတော့ အထူးထူးသောနည်းတို့ဖြင့် ပြည့်စုံတည်ရှိတော်မူတဲ့ မြတ်စွာဘုရားရဲ့ ပိဋကတ်သုံးပုံ တရားတော်ဆိုတာ အမှန်ပါပဲ။

ဒီ "ဝုဋ္ဌာနဂါမိနီ ဝိပဿနာ" ဆိုတဲ့စကားလေး သင်္ခါရတရားတို့မှ ထမြောက်ခြင်းကို ရောက်စေနိုင်တဲ့ဉာဏ်၊ သာမန်ဉာဏ် မဟုတ်ဘူး။

ဝိပဿနာဉာဏ် (၁၀)ပါးထဲမှာ အခုအနတ္တလက္ခဏသုတ္တန် ဒေသနာတော်မှာဆိုရင် ကိုးခုမြောက်ဖြစ်တဲ့ သင်္ခါရုပေက္ခာဉာဏ်နဲ့ ဆယ်ခုမြောက်ဖြစ်တဲ့ အနုလောမဉာဏ်တို့ကို ဝုဋ္ဌာနဂါမိနီ ခေါ်ပါတယ်။

အဲဒီ သမ္မသနဉာဏ်ကနေပြီး အနုလောမဉာဏ်တိုင်အောင် တစ်နည်းအားဖြင့် သင်္ခါရုပေက္ခာဉာဏ်နဲ့ အနုလောမဉာဏ်လို့ခေါ်တဲ့ "ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်"တိုင်အောင် ဉာဏ်အမြင်ရရာက နေပြီးတော့-

"နိဗ္ဗိဒါ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ"ဆိုတဲ့ ဒေသနာတော်အတိုင်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဉာဏ်ထိအောင် ရရှိပြီးတဲ့အခါ-

**"အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသု"** ဆိုတဲ့

အာသဝက္ခယဉာဏ်ပါပဲ။ ဒါကြောင့် လောကသားတွေက ငါ့အိမ်၊ ငါ့ကျောင်း၊ ငါ၊ သူ ဒီလို စွဲမှတ်ပြီးတော့နေတာ။

မြတ်စွာဘုရားက အဲဒီ တရားအားလုံးအပေါ် မှာ ငါတစ်လုံးကို ပယ်နိုင်ဖို့ရာ ဝိပဿနာဉာဏ်နဲ့ ပယ်နိုင်ဖို့ရာ နည်းလမ်းပြတော်မူတယ်။

## ငါနဲ့တိုက်

အဲဒီတော့ ယခု လယ်တီဝိပဿနာ (၇)ရက်တရားစခန်း အားထုတ်ကြတဲ့နေရာမှာ "ငါ"နဲ့ တိုက်ခိုက်နေကြရတာပါပဲ။

ရှေးအခါတုန်းက နည်းနည်းထင်ရှားတဲ့စကားလေး ပြောမယ် ဆိုရင် တော်တော်အသိဉာဏ်ရှိတဲ့ အမျိုးသမီးငယ်လေး ရှိတယ်။

တစ်နေ့တော့ ဘုန်းကြီးကျောင်းသွားပြီး ဆွမ်းပို့တယ်။ ကျောင်းထိုင်ဘုန်းကြီးကို အဲဒီအမျိုးသမီးက မေးတယ်။

"ဘုန်းကြီးဘုရား ဒီကျောင်းက ဘယ်သူ့ကျောင်းလဲ"။ "ဟဲ့ ကလေးမ မိုက်မှမိုက် ငါနေတာ ငါ့ကျောင်းပေါ့"တဲ့။

" အရှင်ဘုရား အဲဒီ သင်္ကန်းကကော"၊ "ငါ့သင်္ကန်း"၊ "ဘိနပ်ကကော"၊ "ငါ့ဘိနပ်"။

ဘုန်းကြီးက ငါ့ကျောင်း၊ ငါ့သင်္ကန်း၊ ငါ့ဘိနပ် စသည်ဖြင့် မေးတိုင်းမေးတိုင်း ငါ့ဟာချည်းပဲ ဖြေသတဲ့။

အဲဒီအမျိုးသမီးလေးက "ဘုန်းကြီး နိဗ္ဗာန်မလိုချင်ဘူးလား"လို့ မေးတဲ့အခါ၊ ဘုန်းကြီးက "နိဗ္ဗာန်လိုချင်တာပေါ့ဟ၊ သံသာရဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ဆိုပြီး သင်္ကန်းဝတ်လာခဲ့တာ"လို့ ဖြေတယ်။

ဒီတော့ အမျိုးသမီးလေးက တိုတိုကျဉ်းကျဉ်းနဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားဟောလိုက်တယ်။

"နိဗ္ဗာန်လိုချင် ငါ့မကြိုက်နဲ့"လို့ဟောပြီး ထပြန်သွားတယ်။ အဲဒီတော့ ဘုန်းကြီးက တွေသွားတယ်။ ရိုင်းလိုက်တာနော်။ "နိဗ္ဗာန် လိုချင် ငါ့မကြိုက်နဲ့တဲ့"

ဘုန်းကြီးက အပြစ်တင်နေတယ်။ နောက် အနတ္တလက္ခဏာ သုတ်ကို ရွတ်ဖတ်လိုက်တော့မှ "အော် ဒီကလေးမ ငါ့ကို တရားဟော သွားတာပါလား"ဆိုပြီး ကျေးဇူးတင်တယ်တဲ့။

ငါရယ်၊ ငါ့ဉစ္စာရယ်၊ ငါ့ရဲ့အတ္တရယ် ဆိုတဲ့ သုံးမျိုးဟာ သံသရာကို ချဲ့တတ်တဲ့ ပပဉ္စတရား။

ပပဉ္စတရားဆိုတာ နယ်ချဲ့တရားတွေပါပဲ။ လောကသားတွေ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ၊ အပါယ်လေးဘုံ အနှံ့သွားနေတာ။ အဲဒီ တရားသုံးပါးက လမ်းညွှန်ပြီးတော့ နယ်ချဲ့မောင်းနှင်ပေးနေတာပါပဲ။

လောကနယ်ချဲ့တယ်ဆိုတာ ပပဉ္စတရားတွေ နယ်ချဲ့တာ လောက်တော့ မကျယ်ဝန်းပါဘူး။

လူအချင်းချင်း နယ်ချဲ့ကြတာဟာ ဟိုတိုင်းပြည်နဲ့ ဒီတိုင်းပြည် နယ်ချဲ့နိုင်ပါတယ်။ အင်္ဂလိပ်တို့က မြန်မာပြည်နယ်ချဲ့နိုင်ပါတယ်။ လူ့ပြည်အတွင်းမှာပဲ နယ်ချဲ့နိုင်တာ။

တဏှာ၊ မာန၊ ဒိဋ္ဌိ ခေါ်တဲ့ ပပဉ္စတရားတွေကတော့ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်၊ အပါယ်လေးဘုံ။

**"လူခွင့်နတ်ရွာ ပြဟ္မာနှစ်ဆယ် အပါယ်လေးရပ်**
**သတ်မှတ်ပိုင်းခြား ဖီလာအားဖြင့် ကျယ်ပွားအနန္တ"**

ရှိသမျှမှာ ဒီပပဥ္စတရားသုံးပါးကတော့ နယ်ချဲ့ပြီးနေတယ်။

ပပဥ္စခေါ်တဲ့ တဏှာ၊ မာန၊ ဒိဋ္ဌိ။ တစ်နည်းအားဖြင့် ငါ၊ ငါ့ဥစ္စာ၊ ငါ့ရဲ့အတ္တလို့ ဒီလိုထင်နေတာတွေကို မြတ်စွာဘုရားက -

ငါမဟုတ်ဘူး၊ ငါရဲ့ဥစ္စာမဟုတ်ဘူး၊ ငါသည် အတ္တမဟုတ်ဘူး။

ရုပ်သည်-

ငါမဟုတ်ဘူး၊ ငါရဲ့ရုပ်မဟုတ်ဘူး။

ရုပ်သည် ငါ့ရဲ့အတ္တမဟုတ်ဘူးလို့ တစ်ခုချင်းလေး မြင်အောင် ကြည့်ရှုတဲ့နည်းဟာ ဝိပဿနာပါပဲ။

ပူတယ်၊ အေးတယ်၊ ပူတာ၊ အေးတာသည် တေဇောဓာတ်။ ညောင်းတယ်၊ ညာတယ်၊ ပူတယ်၊ အေးတယ်၊ ဆင်းရဲတယ်၊ ချမ်းသာတယ် အစရှိသည်ဖြင့် မိမိသန္တာန်မှာ ဖြစ်နေတဲ့ ရုပ်သဘာဝ နာမ်သဘာဝတွေကို ကြည့်တဲ့နည်း အသေးစိတ်ကြည့်တဲ့နည်း။

အဲဒီနည်းကတော့ မြတ်စွာဘုရားပေးတဲ့ ဝိပဿနာနည်းပါပဲ။ ဒါကြောင့် တွေ့ခဲ့ကြုံခဲ့တဲ့ နည်းနာနိဿယကို လက်ဆုပ်လက်ကိုင် ရရှိအောင် ဆက်လက်ကြိုးစားအားထုတ်နိုင်ကြပါစေလို့ တိုက်တွန်း နှိုးဆော်ရင်း ဘုန်းကြီးရဲ့ ဩဝါဒကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

# တက္ကသိုလ်ဓမ္မာရုံတရား

ယနေ့ ၁၃၆၈ ခု၊ တော်သလင်းလပြည့်နေ့၊ ဂရုဓမ္မအခါတော်နေ့။

ယနေ့ တက္ကသိုလ်ကြီးများ ဓမ္မာရုံမှာ သရဏဂုံသုံးပါးနှင့်တကွ ကိုးပါးသီလ ဆောက်တည်ကျင့်သုံးကြတယ်။ လျှူဖွယ်ပစ္စည်းဝတ္ထုများ ဆက်ကပ်လှူဒါန်းတယ်။

ယနေ့ တက္ကသိုလ်ဓမ္မာရုံမှာ ကိုးပါးသီလပေးသလိုပဲ မြန်မာ့ ရုပ်သံကလဲ ကမ္ဘာ့အရှေ့ခြမ်းရှိ ဗုဒ္ဓဘာသာဝင်များ ကိုးပါးသီလ ခံယူနိုင်ဖို့ ဘုန်းကြီးပဲ သီလပေးပါတယ်။

အထူးသဖြင့် ရန်ကုန်တက္ကသိုလ်ကြီး စတင်ဖွင့်လှစ်တဲ့ အထိမ်းအမှတ်အနေအားဖြင့် မြန်မာနိုင်ငံဘုရင်ခံချုပ်က ပိဋကတ္တယ ပါရဂူ (ဒီလစ်)ဘွဲ့ကို ကျေးဇူးတော်ရှင် ကမ္ဘာကျော်လယ်တီဆရာတော် ဘုရားကြီးအား ဆက်ကပ်လှူဒါန်းခဲ့တယ်။

ကျေးဇူးတော်ရှင် ပဌမလယ်တီဆရာတော်ဘုရားကြီးရဲ့ အတ္ထုပ္ပတ္တိသမိုင်းကိုလဲ မနေ့ညကစပြီးတော့ မြဝတီရုပ်သံကနေ ထုတ်လွှင့်ပြသနေပါပြီ။

ယခု တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းကြီး အသင်းသူ အသင်းသားအားလုံးဟာ လောကအနေနဲ့ အထက်တန်းစားပညာ များ တတ်သိနားလည်ကြတဲ့ ပုဂ္ဂိုလ်တွေချည်း ဖြစ်ပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၉၅ နှစ်တာကာလက ပွင့်တော်မူခဲ့တဲ့ ဗုဒ္ဓဟောကြားတဲ့ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာလို့ ဒေသနာတော်သုံးရပ်၊ (၄၅)ဝါကာလပတ်လုံး ဟောကြားတော်မူခဲ့ပါတယ်။

အဲဒီလို ဟောကြားတော်မူတဲ့ ဒေသနာတော်တွေထဲမှာ သုတ္တန်ဒေသနာကတော့ သာမညပုဂ္ဂိုလ်တွေတောင် သဘောပေါက်လွယ်ကြတယ်။

အဘိဓမ္မာဒေသနာတော်ကျတော့ တော်တော်နဲ့သဘောမပေါက်နိုင်ဘူး။ အဲဒီ အဘိဓမ္မာဒေသနတော်နဲ့ ပတ်သက်ပြီးတော့ စကြဝဠာကြီးတစ်ခုလုံး (၃၁)ဘုံသားတွေ စကြဝဠာအနန္တခြုံပြီးတော့ ပြောမယ်ဆိုရင် ဓာတ်သားအနေနဲ့ -

စိတ် - ၁၊ စေတသိက်- ၅၂၊ ရုပ်- ၂၈၊ နိဗ္ဗာန်- ၁၊ ဓာတ်သား- ၈၂ မျိုးပဲ ရပါတယ်။ အဲဒီ (၈၂)မျိုးကို အကျယ်ဖြန့်ပြီးကြည့်ပြန်တော့ လူ့လောက၊ နတ်လောက၊ ဗြဟ္မာလောက၊ (၃၁)ဘုံ ဩကာသလောက၊ (၃၁)ဘုံသား သတ္တလောက၊ (၃၁)ဘုံသားတွေရဲ့ ရုပ်နေရုပ်ထား၊ စိတ်နေစိတ်ထား သင်္ခါရလောက။ အဲဒီလို လောကကြီးတွေဖြစ်ပြီးနေတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း (၁၀၀)ကျော်က ကျေးဇူးတော်ရှင် ကမ္ဘာကျော် ပထမလယ်တီဆရာတော်ဘုရားကြီးက မြန်မာဗုဒ္ဓဘာသာတွေသာမက ဥရောပတိုက်သားတွေ နားလည်လောက်အောင်ဆိုပြီးတော့ ဥရောပအလင်းပြကျမ်း ရေးသားပြီး ဖြန့်ထားခဲ့ပါတယ်။

ဥရောပအလင်းပြကျမ်းအပါအဝင် ဝိပဿနာဒီပနီကျမ်းစတဲ့ (၁၃)ကျမ်းကို ကမ္ဘာ့လူထုကြီး သိရအောင်ဆိုပြီး မြန်မာပညာရှင်တို့က အင်္ဂလိပ်ဘာသာ ပြန်ဆိုဖြန့်ဝေခဲ့ပါတယ်။

မလေးရှားနိုင်ငံ ဗုဒ္ဓဘာသာများကလဲ ခရစ်နှစ် ၂၀၀၀ တုန်းက စာအုပ်(၂၀၀၀)လှူကြပါတယ်။ နောက်ထပ်လဲ လှူကြပါသေးတယ်။

အဲဒီ ဥရောပအလင်းပြကျမ်းဆိုတာကတော့ သိပ္ပံပညာရှင်များရဲ့အမြင်နဲ့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ဒေသနာတော်နဲ့ညှိနှိုင်းပြီး ရေးသား အသိဉာဏ်ပေးထားတာမို့ ဥရောပအလင်းပြကျမ်းလာ စရဏတရား ဓာတ်တရားတွေသိအောင် လေ့လာစေချင်ပါတယ်။

လယ်တီဆရာတော်ဘုရားကြီး ရန်ကုန် ဗုဒ္ဓဘာသာအသင်းကြီး ဖွဲ့ပြီးတဲ့အခါ အခြားအခြား ဗုဒ္ဓဘာသာ မပြန့်ပွားသေးတဲ့ နိုင်ငံတွေရှိတယ်။

အဲဒီ နိုင်ငံတွေက အချို့နိုင်ငံတွေက ဉာဏ်ကြီးရှင်တွေ ဗုဒ္ဓတရားတော်ကို မဖတ်ရလို့ မသိလို့ မနာရလို့သာ ဗုဒ္ဓဘုရားနဲ့ ပတ်သက်တဲ့ အသိဉာဏ်တွေ မသိရ၊ မကျင့်ရတာပဲ။

အကယ်၍များ လေ့လာလိုက်မယ်၊ အားထုတ်လိုက်မယ်ဆိုရင် အလျှင်အမြန် သူတို့သိကြပါလိမ့်မယ်။

ရှေးအခါက အရှင်သောဏ၊ အရှင်ဥတ္တရတို့ သာသနာပြုကြတယ်ဆိုတာ မဇ္ဈိမဒေသကနေ သထုံ သုဝဏ္ဏဘူမိကို ကြွလာကြရတာ။ ပုဂ္ဂိုလ်သွားတဲ့နေရာမှာ တရားကလဲ ပါလာတယ်။

အခုအခါ ၂၀ ရာစု သာသနာပြုကြွသွားကြတဲ့အခါမှာ ပုဂ္ဂိုလ်ကြွသွားသော်လဲ မိမိသန္တာန်မှာ သုတ္တန်တို့ နိကာယ်တို့ ဝမ်းထဲဆောင်သွားနိုင်ဖို့ ခက်တယ်။ (ယနေ့ ၂၁ ရာစုမှာ တိတ်ခွေ၊ စီဒီဓာတ်ပြားလေးတွေ ဘာသာအသီးသီး ပြန်ဆိုပြီး ယူလို့လွယ်ကူနေပါပြီ။)

ဒါကြောင့်မို့ လယ်တီဆရာတော်ဘုရားကြီးက ကမ္ဘာ့ဘာသာစကားအမျိုးမျိုးနဲ့ ဗုဒ္ဓတရားတော်တွေ ရိုက်နှိပ်ပြီးတော့ ကမ္ဘာကိုဖြန့်နိုင်မယ်ဆိုရင် ကမ္ဘာ့လူထုကြီး ဗုဒ္ဓတရားတော်တွေ သိပြီးတော့ နိဗ္ဗာန်နဲ့ နီးပါလိမ့်မယ်လို့ မိန့်ဖူးပါတယ်။

ကျေးဇူးတော်ရှင် ကမ္ဘာကျော်ပထမလယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူတဲ့ ဒီပနီကျမ်းပေါင်း (၁၀၀)ထဲက (၁၃)ကျမ်းကို အင်္ဂလိပ်လို ပြန်ဆိုပြီး ကမ္ဘာကိုဖြန့်ခဲ့ပါတယ်။

ဘာသာမပြန်ရသေးတဲ့ ကျမ်းတွေလဲ ရှိပါသေးတယ်။ ဘုန်းကြီးတွေ့တာတော့ (၁၃)ကျမ်းပဲ တွေ့ပါတယ်။ အဲဒီ (၁၃)ကျမ်းကိုပဲ ဖြန့်ဝေခဲ့ပါတယ်။

တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းကြီးကို ပညာရှင်တွေနဲ့ ဖွဲ့စည်းထားတာဆိုတော့ အကယ်၍များ အချိန်ရလို့ရှိရင် ဆရာတော်ဘုရားကြီး ရေးသားထားတဲ့ကျမ်းတွေကို ဘာသာပြန်ပေးနိုင်မယ်ဆိုရင် ဘုန်းကြီးတို့ ကြိုဆိုပါတယ်။ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်။

လွန်ခဲ့တဲ့လက ပညာရေးဝန်ကြီးနဲ့တွေ့တော့ ဘုန်းကြီး ရိုက်ထားတဲ့ အင်္ဂလိပ်ဘာသာပြန်ဒီပနီကျမ်းစာများကို ပေးလိုက်ပါတယ်။ ဝန်ကြီးက လေ့လာပြီးတော့ ပြန့်ပွားအောင် ဆောင်ရွက်ပါမယ်လို့ ပြောပါတယ်၊ လျှောက်ထားပါတယ်။ လျှောက်ထားတဲ့အတိုင်း စီဒီပြားတွေနဲ့ ဖြန့်ဝေနေပါပြီ။

**နိယာမငါးပါး**

အဲဒီ ဥရောပအလင်းကျမ်းမှာ ပါဝင်တဲ့ "နိယာမငါးပါး" ဆိုတာက - (၁) ဗီဇနိယာမ
(၂) ဥတုနိယာမ
(၃) ကမ္မနိယာမ
(၄) စိတ္တနိယာမ
(၅) ဓမ္မနိယာမ တို့ ဖြစ်ပါတယ်။

အဲဒီ နိယာမတရားငါးပါးထဲက-

(၁) **ဗီဇနိယာမ**

ဗီဇဆိုတာမျိုးစေ့၊ ဗီဇအရ မျိုးစေ့ခေါ် တေဇောဓာတ်ပါပဲ။ သစ်ပင်ခြုံနွယ်တွေ အမျိုးမျိုးပေါက်ရောက်လာရခြင်းရဲ့ အကြောင်းရင်းကမျိုးစေ့ခေါ် တေဇောပါပဲ။ မျိုးစေ့က -

(၁) အမြစ်မျိုးစေ့
(၂) ပင်စည်မျိုးစေ့
(၃) အဆစ်မျိုးစေ့
(၄) အညွန့်မျိုးစေ့
(၅) အစေ့မျိုးစေ့

အဲဒီ မျိုးစေ့များကြောင့် အပင်တွေဖြစ်ပေါ်လာတာ ဗီဇနိယာမပါပဲ။

(၂) **ဥတုနိယာမ**

ပွားစေတတ်တဲ့ တေဇောဓာတ်ကို ဥတုခေါ်ပါတယ်။

အပူအအေး တေဇောဓာတ်၊ တွန်းကန်လှုပ်ရှား ဝါယောဓာတ်၊ ဖွဲ့စည်းယိုစီး အာပေါဓာတ်တို့ဟာ ခက်မာနူးညံ့သဘောရှိတဲ့ ပထဝီမြေကို မှီနေကြပါတယ်။ ပထဝီမြေဓာတ်ဟာ အခြားဓာတ်(၃)ပါးတို့ရဲ့ မှီရာတည်ရာဖြစ်ပါတယ်။

ဝါယောဓာတ်က ထာမဓာတ်၊ ဗလဓာတ်၊ ခွန်အားဓာတ်ဖြစ်ပါတယ်။ ဝါယောဓာတ်ရဲ့ စွမ်းအားကြောင့် အင်အားရှိတယ်၊ သွားနိုင်တယ်၊ လက်သီးလက်ရုံး တမ်းနိုင်တယ်။

တေဇောနဲ့ဝါယောတို့က ဓာတ်ရှင်တွေဖြစ်ပြီး ပထဝီနဲ့ အာပေါဓာတ်တို့က ဓာတ်သေတွေ ဖြစ်ပါတယ်။ ဒီဓာတ်ကြီးလေးပါး

ကို အသုံးချပြီးတော့ သိပ္ပံပညာရှင်များက ဆေးလမ်း၊ စက်ကိရိယာလမ်း တီထွင်ကြပါတယ်။ လောကီထွက်ရပ်ပေါက် ဝိဇ္ဇာများကလဲ ဓာတ်လေးပါးကို စနစ်တကျစီရင်ပြီး သိဒ္ဓိစခန်းတွေ ဖွင့်နိုင်ကြတာပါပဲ။

ဘုရားရှင်ရဲ့ အဘိဓမ္မာနည်းကို စနစ်တကျအသုံးချပြီး အရိယာဝိဇ္ဇာလမ်း တက်လှမ်းကြတဲ့ အရိယာအရှင်မြတ်ကြီးတွေလဲ များစွာရှိပါတယ်။

**(၃) ကမ္မနိယာမ**

ကုသိုလ်ကံ, အကုသိုလ်ကံတို့ရဲ့ အစွမ်းအားဖြင့် ပြီးတာကို ကမ္မနိယာမလို့ ခေါ်ပါတယ်။

ကမ္မအရ စေတနာပါပဲ။ ကံမည်တဲ့ စေတနာက ပြုပြင်တတ်တယ်။ စီမံခန့်ခွဲတတ်တယ်၊ စေ့ဆော်တိုက်တွန်းတတ်တယ်။

**(၄) စိတ္တနိယာမ**

ကြံစည်တတ်တယ်၊ တွေးတောတတ်တယ်၊ အာရုံကို ယူတတ်၊ သိတတ်တဲ့အတွက် စိတ်လို့ခေါ်ပါတယ်။

ဆန်းဆန်းကျယ်ကျယ်ပြုလုပ်တတ်လို့လဲ စိတ်လို့ခေါ်ပါတယ်။ လောကမှာ စိတ်လောက်ဆန်းကျယ်တာ ဘာမှမရှိပါဘူး။ စိတ်ဆန်းကျယ်တဲ့အတွက် ခန္ဓာကိုယ်အသွေးအရောင်တွေ ဆန်းကျယ်ထူးခြားဆန်းပြားလာပါတယ်။

သတ္တဝါတိုင်းဟာ စိတ်က ခေါင်းဆောင်၊ ရုပ်က နောက်လိုက်၊ ကမ္ဘာ့လူထုကြီး ဘယ်လောက်များများ စိတ်(၆)မျိုးနဲ့ပဲ လှုပ်ရှားနေပါတယ်။

အကြည်ဓာတ် (၆)မျိုးနဲ့ အာရုံ (၆)မျိုး ကြုံကြ ဆုံကြတဲ့အတွက် မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊

တွေးကြံ သိစိတ်၊ ဒီ (၆)မျိုးပေါ်လာဖို့ အကြည်ရုပ် (၆)မျိုး၊ အာရုံ (၆)မျိုး အခြေခံကာ သက်ရှိလောက လှုပ်ရှား ရှုပ်ထွေးပွေလီနေကြပါတယ်။

မြင်သိစိတ်ကလေး ဖြစ်ပေါ်လာပြီဆိုရင် ဆက်ပြီးတော့ "သမ္ပဋိစ္ဆိုင်း" လက်ခံတဲ့စိတ်၊ "သန္တီရဏ" လေ့လာတဲ့စိတ် စတဲ့ စိတ်အစဉ်တွေ နောက်ဆက်တွဲဖြစ်ပြီး ကုသိုလ်၊ အကုသိုလ်၊ ကြိယာ လိုင်းအသီးအသီး ဖြာထွက်လာပါတယ်။ ဒီသဘောဖြစ်စဉ် အမြဲဖြစ်နေတာကို စိတ္တနိယာမလို့ ခေါ်ပါတယ်။

**(၅) ဓမ္မနိယာမ**

မိမိသဘောကို ဆောင်တတ်သောသဘော၏ အစွမ်းဖြင့်သာ မြဲသောအားဖြင့် ပြီးသောကြောင့် ဓမ္မနိယာမ ခေါ်ပါတယ်။

ပထဝီ = ခက်မာနူးညံ့တဲ့သဘော၊

အာပေါ = ဖွဲ့စည်းယိုစီးတဲ့သဘော၊

တေဇော = ပူအေးတဲ့သဘော၊

ဝါယော = တွန်းကန်လှုပ်ရှားတဲ့သဘော၊

ဖဿ = တွေ့ထိခြင်းသဘော၊

ဝေဒနာ = ခံစားခြင်းသဘော စတဲ့ မိမိသဘောကို ဆောင်တတ်တဲ့ ရုပ်နာမ်တို့ရဲ့ အသီးအသီး ဝိသေသလက္ခဏာ၊ ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်းတို့ဟာ ရုပ်နာမ်တို့ရဲ့ သာမညလက္ခဏာ ဖြစ်ပါတယ်။

အဲဒါတွေကို ဓမ္မလို့ ခေါ်ပါတယ်။ အဲဒီ နိယာမတရားငါးပါးကို ဥရောပတိုက်သားတွေ နားလည်အောင် သိပ္ပံပညာရပ်တွေနဲ့ နှိုင်းယှဉ်ရေးသားထားတဲ့ ဥရောပအလင်းပြကျမ်း၊

နိယာမတရားငါးပါးတရားတော် အင်္ဂလိပ်လိုပြန်ပြီးပါပြီ။ ပြန်ပြီးလို့ ဟိုနားနည်းနည်း၊ ဒီနားနည်းနည်း ဖြန့်နေပါတယ်။

စောစောကပြောသလိုပဲ လယ်တီဆရာတော်ဘုရားကြီးရဲ့ စကားမှာ "အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေ ကမ္ဘာမှာ အများကြီးရှိတယ်" တဲ့။

ဘုန်းကြီးတို့ တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းကြီးဆိုတာ အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေ စုစည်းပြီး ဖွဲ့ထားတဲ့အသင်း။

ဗုဒ္ဓအဘိဓမ္မာနဲ့ ပတ်သက်လို့ ယခုအချိန်အခါမှာ ဗုဒ္ဓအဘိဓမ္မာ သင်တန်းတွေ ရှိပါတယ်။ တက်လဲ တက်ကြပါတယ်။

ဗုဒ္ဓအဘိဓမ္မာကို အကျိုးဖြစ်ထွန်းအောင် အသုံးချတဲ့နည်းဟာ ဆရာတော်ဘုရားကြီးက (၄)နည်းရှိတယ်လို့ မိန့်တော်မူပါတယ်။ အဲဒီနည်းက အကြမ်းနည်း၊ အလတ်စားနည်း၊ အနုနည်း၊ အနုထက် အနုစိတ်နည်း။

**အကြမ်းနည်းက**- ယခုလောကဓာတ် သိပ္ပံပညာရှင်တွေ အသုံးချနေတဲ့ စက်ကိရိယာနည်းတွေ။

**အလတ်စားနည်းက**- ဆေးပညာနေရာမှာ ဓာတ်လေးပါးကို အသုံးချပြီးတော့ တီထွင်ထားတဲ့နည်း။

**အနုနည်းက**- အားလုံး ဒကာ ဒကာမတွေ ရိပ်သာအသီး အသီးမှာ တရားအားထုတ်ကြတယ်။ ဆိုကြပါစို့ အာနာပါနကမ္မဋ္ဌာန်း အားထုတ်တယ်၊ သမာဓိလေးရလာရင် ဝါယောဓာတ်ကလေးရဲ့ ကျကျနနဖြစ်တာကိုလဲ သိတယ်၊ ပျက်တာကိုလဲ သိတယ်။ အဲဒီလို အဘိဓမ္မာတရားတွေထဲက တစ်စိတ်တစ်ဒေသကို သိအောင် မြင်အောင် ကျင့်ကြံတဲ့နည်း။

**အနုထက် အနုစိတ်နည်းက**- အဘိဓမ္မာဒေသနာတော်မှာ လာတဲ့ အင်မတန်ကျယ်ဝန်းလှတဲ့ ပါဠိ အဋ္ဌကထာ ဋီကာကြီးတွေ ကျကျနန လေ့လာပြီးတော့ အသေးစိတ်သိတဲ့နည်း။

ဒါကြောင့်မို့ အဘိဓမ္မာဒေသနာကို ကျကျနန သိပြီးတော့ အကျိုးဖြစ်ထွန်းအောင် အသုံးချတဲ့(၄)နည်း။ အဲဒီ(၄)နည်းထဲက အနုနည်း၊ အနုထက်အနုစိတ်နည်း အသုံးချမယ်ဆိုရင် ဓမ္မနိယာမကို ပိုပြီးတော့ သဘောပေါက်သွားနိုင်ပါတယ်။

အဲဒီ ဓမ္မနိယာမသဘောတရားဖြစ်စဉ်နဲ့ ပြီးနေတာကို ကျကျနန သိနေပါရင် ဩဃ(၄)ပါးမှ လွန်မြောက်နိုင်ပါတယ်။

ဩဃဆိုတာ ပကတိရေနဲ့ တူပါတယ်။ ပကတိရေဟာ လွှမ်းမိုးတတ်တယ်၊ ဖိသတ်တတ်တယ်၊ လွှမ်းမိုးဖိသတ်တတ်တဲ့ ရေကဲ့သို့ -

ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃဆိုတဲ့ ဩဃ လေးပါးဟာလဲ သတ္တဝါတွေကို သံသရာမှာ နစ်မွန်းစေတတ်ပါတယ်၊ ဖိသတ်တတ်ပါတယ်။

အဲဒီ ဩဃတို့ကို လွန်မြောက်ကြောင်းဖြစ်တဲ့ ဓမ္မနိယာမ အဆင့်မြင့်ဗုဒ္ဓအဘိဓမ္မာကို လေ့လာပြီးတော့ ဝဋ္ဋဒုက္ခခပ်သိမ်း ငြိမ်းနိုင်ကြပါစေလို့ ဆုတောင်းရင်းနဲ့ ဘုန်းကြီးရဲ့တရားစကားကို နိဂုံးချုပ်အပ်ပါသတည်း။

သာဓု - သာဓု - သာဓု

## နာဂလိုဏ်ဂူသာသနာ

ယနေ့ သာသနာတော်နှစ် ၂၅၄၉ နှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၇ ခု၊ ဝါခေါင်လပြည့်ကျော် (၆)ရက်နေ့။

သီလ သမာဓိ ပညာ ကျင့်စဉ်တရားများနဲ့ ပတ်သက်ပြီး လယ်တီဝိပဿနာ (၇)ရက်တရားစခန်း (၈၆)ကြိမ်မြောက် ကျင်းပပြီး လာခဲ့ပါတယ်။

အဲဒီ တရားစခန်းမှာ တိတ်ခွေသွင်းထားတာလဲ ရှိတယ်။ စီဒီ သွင်းထားတာလဲ ရှိတယ်။ ခေတ်အဆက်ဆက်ကို ဖြတ်သန်းပြီးတော့-

**ပတိရူပ ဒေသဝါသောစ၊ ပုဗ္ဗေစ ကတပုညတာ၊**
**အတ္တသမ္မာ ပဏိဓိစ၊ ဧတံမင်္ဂလ မုတ္တမံ။**

- သင့်တော်တဲ့အရပ်မှာ နေရခြင်းသည် ကြီးပွားရေး ချမ်းသာရေးအတွက် မွန်မြတ်တဲ့မင်္ဂလာ ဖြစ်တယ်။
- ပုဗ္ဗေစကတပုညတာ= ခေါ်တဲ့ ရှေးကပြုဖူး ကုသိုလ်ထူးရှိခြင်း ဟာလဲ ကြီးပွားရေး ချမ်းသာရေးအတွက် မြတ်တဲ့မင်္ဂလာ ဖြစ်တယ်။
- အတ္တသမ္မာပဏိဓိ= မိမိကိုယ်ကို မိမိစိတ်ကို ကောင်းကောင်း မွန်မွန် ထားခြင်းဟာလဲ မွန်မြတ်တဲ့မင်္ဂလာလို့ မြတ်စွာဘုရားက (၃၈)ဖြာ မင်္ဂလာထဲမှာ ထည့်သွင်းပြီး ဟောကြားတော်မူခဲ့ပါတယ်။

ကမ္ဘာနိုင်ငံအသီးအသီးမှာ ဒီ (၃၈)ဖြာမင်္ဂလာတရားကို မသိကြဘူး။ ဗုဒ္ဓဘာသာမှာမှ သိတာ ရှိတာ။

ဒါကြောင့် အင်္ဂလိပ်မင်းလက်ထက်က မြန်မာနိုင်ငံကို သိမ်းဖို့ ဆိုပြီး သံတမန်တွေလာကြတဲ့အခါ လာတဲ့လူတွေက တိုင်းပြည်ကို သိမ်းဖို့လာတာ၊ မင်းတုန်းမင်းပေးတဲ့လက်ဆောင်က မင်္ဂလာ(၃၈)ပါး ရေးထားတဲ့ ပေစာကိုလက်ဆောင်ပေးတာ။

ဒါကြောင့် ကျေးဇူးတော်ရှင် မန္တလေးမြို့ ရွှေရေးဆောင် ကျောင်းတိုက် သူဌေးကျောင်းဆရာတော်ကြီးက "ခေတ်သုံးခေတ်နှင့် ရွှေရေးဆောင်"ဆိုပြီး စာတစ်အုပ်ရေးဖူးတယ်။

ခေတ်သုံးခေတ်နှင့် ရွှေရေးဆောင်ဆိုတဲ့စာအုပ်က တော်တော် လေး မှတ်စရာတွေပါတယ်။ အလားတူ မိမိတို့လဲ ခေတ်သုံးခေတ် မကဘူး၊ ကြုံခဲ့တယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် စစ်ကိုင်းတိုင်း ကနီမြို့နဲ့ မိုင်သုံးဆယ်လောက်ဝေးကွာတဲ့ ကုန်းသာရွာမှာ ပဋိသန္ဓေ သွားနေခဲ့တယ်။

ကုန်းသာသားလို့ ပြောရမှာပေါ့။ (၃၁)ဘုံနဲ့ပြောရင် ကာမဘုံ၊ သုဂတိ၊ ဒုဂ္ဂတိနဲ့ပြောရင် သုဂတိဘုံပါ။ ဘာသာနဲ့ပြောရင် ဗုဒ္ဓဘာသာ များ နေထိုင်ရာဖြစ်တဲ့ ကုးန်သာရွာ။

အဲဒီရွာမှာ သွားပြီးတော့ လွန်ခဲ့တဲ့ (၆၄)နှစ်ကျော်ကျော်က ကောဇာသက္ကရာဇ် ၁၃၀၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၆)ရက်၊ အင်္ဂါနေ့ည (၉)နာရီအချိန် ခမည်းတော် ဦးပေါ၊ မယ်တော် ဒေါ်အေးသန့် တို့က မွေးဖွားခဲ့ပါတယ်။

(၁၂)နှစ်တိုင်အောင် အဲဒီကုန်းသာရွာမှာ နေခဲ့ပါတယ်။ ခမည်းတော်၊ မယ်တော်ကြီးများရဲ့ ပစ္စည်းလေးပါး ထောက်ပံ့မှုနဲ့ ကျေးဇူးတော်ရှင် ဆရာတော် ဦးစန္ဒိမာ၊ ဆရာတော် ဦးကုမုဒ၊ ဆရာတော် ဦးဉာဏဝံသ တို့ထံမှာ (၅)နှစ်သားကစပြီး ပညာသင်ကြား နေရတယ်။

ဘာတွေသင်ရသလဲဆိုတော့ ဗုဒ္ဓဘာသာကျောင်းဖြစ်တဲ့ အတွက် ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တွေ နံနက် (၄)နာရီ ဆိုရင် ထိုးစည် အုံးမောင်းတွေ ခေါက်ပြီး ကျောင်းသားတွေစုပေါင်း

ဘုရားရှိခိုးရတယ်။ နံနက်ခင်းမှာလဲ အရေးအဖတ်အတွက် ဘာသာ သာသနာနဲ့ ပတ်သက်ပြီး မင်္ဂလသုတ်၊ မေတ္တသုတ် စတဲ့ပညာများ သင်ယူရတယ်။

(၁၁)နာရီလောက် ဆွမ်းဘုဉ်းပေးပြီးတဲ့နောက် နေ့လယ်မှာလဲ ပညာရတယ်။ ည (၇)နာရီလောက် ထိုးစည်အုန်းမောင်းတွေခေါက်ပြီး ဘုရားရှိခိုးကြ၊ မေတ္တာပွားကြ၊ စာပြန်ကြနဲ့ တစ်နေ့တာခရီးကို ရတနာသုံးပါးဦးထိပ်ထားပြီးတော့ ဗုဒ္ဓစာပေကို အဓိကအနေနဲ့ သင်ကြားပြီး ကျောင်းသားဘဝ အချိန်ကုန်ခဲ့ရတယ်။

အဲဒီကနေ (၁၀)နှစ်သားရောက်တော့ ရှင်သာမဏေပြုတယ်။ ပထမတစ်နှစ်တော့ နေမကောင်းတာနဲ့ သိတင်းဝါလကျွတ်တယ်ဆိုရင် လူဝတ်လဲရတယ်။

နောက်တစ်နှစ်ကျတော့ ဝါကျွတ် လူဝတ်မလဲတော့ပဲ တောက်လျှောက်ဆောင်းနွေမိုး ရှင်ဝတ်နဲ့နေတော့တာပဲ။

အဲဒီလိုနေတဲ့အခါမှာ ကျေးဇူးတော်ရှင် ဆရာတော်ကြီး နှစ်ပါးက မုံရွာစာသင်ပို့ဖို့ စီမံပါတယ်။ အဲဒါနဲ့ မုံရွာမြို့ သပြေပင်တောရကျောင်းတိုက် ဘဒ္ဒန္တကေဝလာဘိဝံသ ထံရောက်လာခဲ့ပါတယ်။ ရွာနဲ့မုံရွာ မိုင်(၈၀)လောက်ပဲ ဝေးပါတယ်။

မော်တော်ရေယာဉ်နဲ့လာတော့ လမ်းမှာတစ်ညအိပ်ရတယ်။ ဘုန်းမဇင်း ဆိုတဲ့ရွာ တံငါတဲတွေရှိပါတယ်။ အဲဒီ တံငါတဲတွေ ဘေးနားမှာပဲ မော်တော်ဆိုက်ပြီးတော့ တစ်ညဉ့်အိပ်ရတယ်။

ခေတ်ကာလက အဲဒီအချိန်မှာ ရောင်စုံသူပုန်တွေနဲ့ ရှုပ်ထွေးနေတဲ့အချိန်ဖြစ်ပါတယ်။ ရွာမှာ ကျောင်းဆရာ ဦးဘီတင့်ကို တစ်လ (၃၀/-)နဲ့ငှားပြီးတော့ ကလေးသူငယ်များ ပညာသင်စေပါတယ်။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးများကလဲ သင်ပေးတယ်။ လေးတန်းအခြေအနေလောက်ထိအောင် သင်ပေးတယ်။ ဗုဒ္ဓစာပေတွေနဲ့ အတွက်အချက်တွေပါ ရောသင်တာကိုး။

ဒီနောက် ရွာတွေမှာ သူပုန်သူကန်တွေကြောင့် ပြေးလွှားနေကြရတယ်။ လက်ခုတ်ပင်ရွာက နည်းနည်းခေတ်မှီတဲ့ ဆရာတော်ဦးဂါရဝ ကုန်းသာရွာမှာ အလွတ်ပညာသင်ပေးတယ်။ ကလေးတွေလေးငါးခြောက်ယောက် လေးတန်းအောင်ကြတယ်။

အဲဒီလိုနေတဲ့အချိန်မှာ သူပုန်သူကန်တွေကလဲများ၊ သေနတ်သံတွေလဲ မစဲဘူး။ ကုန်းသာရွာမှာ ရဲဘော်ဖြူတွေပဲ များပါတယ်။ ကွန်မြူနစ်တို့ အလံနီတို့တော့ မတွေ့ရဘူး။

**သပြေပင်တောရ**

(၁၂)နှစ်သားအရွယ်က မုံရွာမြို့ သပြေပင်တောရရောက်သွားတယ်။ ကံတောင်းတာက ရွာမှာရှိကြတဲ့ ကျောင်းထိုင်ဆရာတော်ကြီးများက ကလေးသူငယ်များကို မြို့ပို့ပညာသင်ကြားပေးဖို့ အားစိုက်တော်မူတဲ့အချိန်ဖြစ်လို့ပါပဲ။

မုံရွာမြို့ရောက်တော့လဲ သပြေပင်တောရဆရာတော်ကြီးက မုံရွာမြို့ ဆရာတော်တွေထဲမှာ စာပေပညာ ဘုန်းသမ္ဘာနဲ့ ပတ်သက်လို့ ဦးသျှောင်သဖွယ် ဖြစ်ပါတယ်။

ဆရာတော်ဘုရားကြီးက ဘဒ္ဒန္တကေဝလာဘိဝံသ ဖြစ်ပါတယ်။ ဆရာတော်ကြီး ကိုယ်တိုင်က ကိုရင်ပေါက်စလေးတွေဆိုပြီး ပစ်ထားတာမဟုတ်ဘူး။ သုတ်စဉ်၊ သုတ်နက်တွေ ရေးပြီးတော့ ဆရာတော်ဘုရားကြီးအား နေ့စဉ် နေ့စဉ်ပြရတယ်။ လက်ရေးလဲ

ပြိုင်ရတယ်။ ကိုရင်သုံးပါး လက်ရေးပြိုင်ကြရတယ်။

ဆရာတော်ဘုရား အုပ်ချုပ်ပုံက တူသုံးတူနဲ့ အုပ်ချုပ်ပါတယ်။

(၁) ဘုရားရှိခိုးတူတယ်။

(၂) ဆွမ်းစားတူတယ်။

(၃) ဩဝါဒတူတယ်။

အဲဒီ သပြေပင်တောရကျောင်းတိုက် မုံရွာမှာ ပထမအကြိမ်က ဆယ်နှစ်ကြာတယ်။ ဆယ်နှစ်တာကာလအတွင်း ကြိုးစားလိုက်တာ။ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ ဓမ္မာစရိယတွေ ပါဠိဘာသာနဲ့ချည်း ဖြေဆိုအောင်မြင် ပြီးမြောက်ခဲ့ပါတယ်။

အဲဒီကနေ ပခုက္ကူပြောင်းသွားတယ်။ ပခုက္ကူမှာ (၂)နှစ်နေခဲ့ပါတယ်။ ပခုက္ကူမြို့ အလယ်တိုက်လို့ခေါ်တဲ့ မဟာဝိသုတာရာမတိုက်မှာ ဖြစ်ပါတယ်။

ပခုက္ကူအလယ်တိုက်ကြီးကို တည်ထောင်ထားတဲ့ ရေစကြိုဆရာတော်ကြီးအကြောင်း ပြောမယ်ဆိုရင် ဆရာတော်ဘုရားကြီးက စာချဘုန်းကြီးတွေကို ငါးကြော်လေးဘာလေး ကျွေးတဲ့အခါ အရိုးထွင်ကျွေးတယ်။

အဲဒီတော့ ကိုရင်ကြီးတစ်ပါးက "ဆရာတော်ကြီးဘုရား အရိုးထွင်မကျွေးပါနဲ့"လို့ လျှောက်ပါတယ်။

စာချဘုန်းကြီးတစ်ပါးက "ဆရာတော်ကြီး လက်နဲ့ကိုင်တာ ရွံ့တယ်ကွာ"လို့ ပြောပါတယ်တဲ့။

အဲဒီတော့ ဆရာတော်ကြီးက ဘာပြောသလဲဆိုတော့ "ခွေးက လူရွံ့တယ်ရှိသေး"လို့ ပြောပါသတဲ့။

ဘာကြောင့် ဆရာတော်ဘုရားကြီးက စာချဘုန်းကြီးတွေအား ငါးကြော်ကျွေးတဲ့အခါ အရိုးထွင်ကျွေးသလဲဆိုရင် ဆရာတော်ဘုရားကြီး ဦးဂန္ဓလောင်းလျာ မွေးဖွားလာတဲ့အခါ တစ်ခါတစ်ရံ သူ့မယ်တော်က မေ့ပြီး နို့မတိုက်ဘူးတဲ့။ လက်ညှိုးလေးစုပ်ပြီးတော့ နေတာ မငိုဘူးတဲ့။

ဒါနဲ့ ဘေးလူတွေက ပြောကြတယ်။ ဒီကလေးက သူ့လက်ညှိုးက နို့ထွက်တယ်လို့ ပြောကြတယ်။ အဲဒါဟာ ဆရာတော်ဘုရားလောင်းလျာ ထူးခြားတဲ့အချက်။

အဲဒါကို ဆရာတော်က ဘဝသံသရာ လှည့်ပတ်တဲ့အခါ သူတစ်ပါးကိုမှီပြီးတော့ အသက်မွေးဝမ်းကျောင်း မလုပ်ချင်ဘူး။ ကိုယ့်ကိုယ်ကို အားကိုးပြီးတော့ ကိုယ့်လက်ညှိုးက နို့ထွက်တာပဲ လိုချင်တယ်။ အမေကိုတောင် အားမကိုးလိုဘူးတဲ့။

အဲဒါကြောင့် စာချဘုန်းကြီးတွေအား ငါးကြော်လေးက စပြီးတော့ အရိုးထွင်ကျွေးတော်မူတာ။ အတုယူစရာလေးတွေပါပဲ။

ပခုက္ကူမှာနေစဉ် "လူသေလူဖြစ်"ဝါဒကြီး ပေါ်လာတော့ အဲဒီ လူသေလူဖြစ် ဦးဥက္ကဋ္ဌကို ပကာသနိယကံပြုပွဲကြီးနဲ့ ကြုံပါတယ်။

အဲဒီကနေ မန္တလေးမြို့ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီးရဲ့ အနောက်ဖက် ရွှေရေးဆောင်ကျောင်းတိုက် သူဌေးကျောင်းမှာနေပါတယ်။

အဲဒီအချိန် မန္တလေးမြို့ ရွှေရေးဆောင်ကျောင်းတိုက် ဆရာတော် ဦးပဏ္ဍဝဆရာတော်ကြီးက မုံရွာမြို့ သပြေပင်တောရ ဆရာတော်ကြီးရဲ့ ဆရာဖြစ်ပါတယ်။ ရဟန်း(၂)ဝါကနေပြီး မန္တလေးမြို့မှာ စာချပြီးနေတာ။ ဘုန်းကြီးတို့ စာလိုက်တဲ့အခါမှာ ဆရာတော်

ဘုရားက သက်တော်(၇၀)နှစ်လောက်ရှိနေပြီ။ စာချတုန်းရှိပါသေးတယ်။

အဲဒီဆရာတော်ကြီး စာချတဲ့နေရာ၊ အဓိကအားဖြင့် ဋီကာကျော်ကျမ်းနဲ့ မူလဋီကာ ပို့ချလေ့ ရှိပါတယ်။

လေးပြင်လေးရပ်က သံဃာတွေ (၆၀၀)လောက် စာဝါလာပြီး လိုက်ကြပါတယ်။ ရွှေရေးဆောင်ကျောင်းတိုက် အမြဲနေသံဃာတော်က (၁၅၀)လောက် ရှိပါတယ်။ အထူးစာချအကျော် သံကျောင်းဆရာတော် ဦးပဏ္ဍဝက "ကျမ်းကဋီကာကျော်၊ စာလိုက်သူကဉာဏ်အလတ်စား၊ ပို့ချသူကငါ၊ ကြာတာကသုံးနှစ်၊ စာတတ်စေ့မယ်"ဆိုတဲ့ ဆရာတော်ကြီး၏စကားကို ပြန်ဖောက်သယ်ချပြီး "ဒို့ကတော့ စာတတ်စေ့မယ် တာဝန်မယူဘူးတဲ့"။

ပခုက္ကူမှာ (၂)နှစ် မန္တလေးမှာ (၁)နှစ်နေပြီး မုံရွာမြို့ သပြေပင်တောရမှာ ပြန်ပြီးစာချပါတယ်။

ရဟန်း(၅)ဝါ ရတဲ့နှစ်မှာပဲ စာချခဲ့ပါတယ်။ စာချရင်းနဲ့ပဲ ပိဋကတ်(၂)ပုံ အာဂုံရေးဖြေ အောင်မြင်ခဲ့တာပါပဲ။

ရဟန်း (၁၆)ဝါအရမှာ ဒီနာဂလိုဏ်ဂူဘုရားကုန်းမြေ၊ ကလေးဝတောရမှာ ဝါဆိုပါတယ်။ ဝါဆိုပြီးတော့ အဘိဓမ္မာရှေ့ပိုင်း (၅)ကျမ်းကို တစ်နိုင်ငံလုံး တစ်ပါးတည်း ပြန်ဆိုအောင်မြင်ပါတယ်။

(၃၁)ကြိမ်မြောက် ပိဋကတ်သုံးပုံ စာမေးပွဲကြီးမှာ အဘိဓမ္မာ ရှေ့ပိုင်း (၅)ကျမ်း တစ်ပြည်လုံး တစ်ပါးထဲအောင်တယ်။

အဲဒီအချိန်က နာဂလိုဏ်ဂူအခြေအနေကို ကြည့်လိုက်တဲ့ အခါ သူ့ကျောင်းနဲ့သူ သူ့တပည့်များနဲ့သူ နေကြတယ်။ ဆရာတော်ဘုရားကြီးက ဘုရားတည်ကျောင်းဆောက် သာသနာပြုကိစ္စတွေ

ဆောင်ရွက်ပြီးနေတော့ သံဃာက (၂၀)လောက်ပဲ ရှိတယ်။

သို့သော် သူ့ဌာနနဲ့သူ အသီးအသီးနေကြတယ်။ ဦးဇင်းကြီးတွေ သူ့ကပ္ပိယနဲ့သူ (၁၃)ဌာနလောက် ရှိတယ်။ ဟိုမြောက်ဘက်ကျောင်းတိုက်အတွင်းမှာ မိသားစုက (၁၅)စုလောက်ရှိနေကြတယ်။

**ကျောင်း (၂)ကျောင်း၊ ဘုရား (၂)ဆူ**

ဒီကုန်းမြေကိုကြည့်လိုက်ရင် ကျောင်းက (၂)ကျောင်း၊ ဘုရားက (၂)ဆူ ကွဲပြားပြီးနေတဲ့အချိန်ပါပဲ။

ကျေးဇူးတော်ရှင် ကလေးဝဆရာတော်ဘုရားက နာဂလိုဏ်ဂူ၊ အောင်ချမ်းသာစေတီတော်မြတ်ကြီးနဲ့ ကလေးဝတောရကျောင်းကို စီမံအုပ်ချုပ်ပါတယ်။

ဟိုဘက်က မဟာမြတ်မုနိစေတီတော်မြတ်ကြီးနဲ့ သစ္စဝါဒီဘိုးဘိုးကြီးကျောင်းတိုက်မှာက ဆရာတော်ဦးဇိန အုပ်ချုပ်ပါတယ်။

ကျောင်း(၂)ကျောင်းမှာနေတဲ့ မိသားစုများကို ကျောင်းထဲမှာ မနေရလို့ နိုင်ငံတော်အစိုးရက တားမြစ်ပြီး နေရာချပေးလိုက်ပါတယ်။ ဒီသုကုမာရဒီပနီ သုံးထပ်ကျောင်းကြီး ဆောက်တော့မယ်ဆိုတော့ အိမ်(၁၃)လုံးကိုလဲ နိုင်ငံတော်အစိုးရက နေရာပေး ရွှေ့ပြောင်းပေးလိုက်တယ်။ စာသင်တိုက်လုပ်ဖို့ အဆင်ပြေတဲ့အချိန် အခြေအနေပေးလာပါတယ်။

အဲဒီ အချိန်အခါမှာ ဘုရားက (၂)ဆူ၊ ကျောင်းက (၂) ကျောင်း ဘယ်လိုပေါင်းသွားသလဲဆိုတော့။

မပေါင်းမီလေးမှာ ၁၃၄၂ ခု သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နဲ့ နိုင်ငံတော်

အစိုးရက ဆောင်ရွက်ပါတယ်။

အဲဒီ ၁၃၄၂ ခုနှစ်ဟာ သာသနာသုဉ်းတဲ့နှစ်တဲ့။ လူတိုင်း လူတိုင်း သာသနာသုဉ်းတာ။ လူတိုင်းလူတိုင်း မွေးသက္ကရာဇ်ကို တည်၊ (၁၂)နှစ်နှုတ်၊ နက္ခတ် (၂၇)လုံးနဲ့ မြှောက်၊ ရတနာသုံးပါးနဲ့စား အားလုံး လူတိုင်းသုညကြွင်း။

ဂုဏ်တော် (၉)ပါးနဲ့ စားလဲသုညကြွင်း၊ သာသနာတော် သုဉ်းတဲ့နှစ်။ အဲဒီလို ၁၃၄၂ ခုနှစ်ကို တွက်ချက်ပြီးမှ နိုင်ငံတော်အစိုးရ က သာသနာပြုတယ်လို့လဲ ခေါ်နိုင်တယ်။ အဲဒီအချိန်က အကောင်း ဆုံးအချိန် ဆိုပြီးတော့ ဆောင်ရွက်တယ်ဆိုပါစို့။

၁၉၈၀ ပြည့် မြန်မာလို ၁၃၄၂ ခုနှစ်မှာ မြန်မာနိုင်ငံမှာ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ပြီးတဲ့နောက် (၆)နှစ်လောက်ကြာတော့ ကျေးဇူးတော်ရှင် နာဂလိုဏ်ဂူ ဆရာတော် ဘုရား ပျံလွန်တော်မူပါတယ်။

ဆရာတော်မလွန်မီ (၂)နှစ်လောက်မှာ သစ္စဝါဒီဘိုးဘိုးကြီး ကျောင်းမှာ စီမံအုပ်ချုပ်ပြီးတော့နေတဲ့ ဆရာတော်ဦးဇိန၊

ဆရာတော်ဦးဇိနက သစ္စဝါဒီဘိုးဘိုးကြီးရဲ့ မွေးစားသား၊ ဗိုလ်ကြီး အငြိမ်းစား ဖြစ်ပါတယ်။

ကလေးဝဆရာတော်ဘုရား မရောက်မီထဲက ရောက်နေတဲ့ သစ္စဝါဒီဘိုးဘိုးကြီးရဲ့ မွေးစားသား၊ နောင်သောအခါမှာ ရဟန်းပြု ပြီးတော့ ဆရာတော်ဦးဇိန ဘွဲ့ခံကာ ဟိုဘက်က လေးချိုးတစ်ချိုးရှိတဲ့ နေရာမှာ မဟာမြတ်မုနိဘုရားကြီး၊ ဒါနဒီပနီကျောင်းနှင့်တကွ ဟိုဘက်ကဇရပ်တွေကို ဆရာတော်ဦးဇိန အုပ်ချုပ်ပါတယ်။

လေးချိုး သုံးချိုးရှိတဲ့ ဘုရားအနောက်ဘက်က ကျောင်းတွေ၊

အရှေ့ဘက်က သိမ်နားကကျောင်းတွေကို ဘုန်းကြီးအား အပ်နှံပြီးတော့ ကလေးဝဆရာတော်ဘုရားကြီးက စာသင်တိုက်အဖွင့်ခိုင်းပါတယ်။

၁၃၄၇ ခုနှစ်ရောက်တဲ့အခါကျတော့ မဟာမြတ်မုနိဘုရားကြီးကို အုပ်ချုပ်နေတဲ့ ဦးဇိနက ဘုန်းကြီးကို ခေါ်ပါတယ်။

ခေါ်ပြီး ဘာပြောသလဲဆိုပြီး "ဦးဇာဂရ ဒီကျောင်းတိုက်မှာ တပည့်တစ်ပါးမျှ မထားခဲ့ဘူး။ သံဃာတစ်ပါးမှလဲ မထားဘူး။ ဒါတပည့်တော် ရည်ရွယ်ချက်ရှိတယ်"။

"ဘယ်လိုရည်ရွယ်ချက်လဲ ဆိုတော့ နောင်သောအခါမှာ ဒီကုန်းမြေ တစ်ပေါင်းတစ်စုထဲ ဖြစ်ရမယ်လို့ ရည်ရွယ်တယ်။ အဲဒါကြောင့် ကိုယ်တော့်လှူမှာနော်။

အဲဒီတုန်းက စည်းရိုးတွေက ဒိုးရိုပေါက်ဆိုတော့ စည်းရိုးကာဖို့ ငွေငါးရာလဲ လှူလိုက်တယ်။ အဲဒီတုန်းက ငွေငါးရာဆိုရင် လုံလောက်တယ်။

"ငွေငါးရာပေးပြီးတော့ စည်းရိုးအရင်ကာပါတဲ့။ သူသေတော့မယ်တဲ့၊ မစွဲလမ်းပါဘူးတဲ့"။

သူသေတော့မယ်ဆိုတော့ ကလေးဝဆရာတော်ကြီးကိုလဲ ကန်တော့ချင်ပါတယ်လို့ ပြောတယ်။ ဘုန်းကြီးကပဲ စီစဉ်ပေးပါတယ်။

စီစဉ်ပေးတဲ့အတိုင်း ကန်တော့လာပါတယ်။ ပျံတော်မမူခင် (၂)ရက်လောက်ပဲ လိုပါတယ်။ ကလေးဝဆရာတော်က အံ့အားသင့်ပါတယ်။ ကလေးဝဆရာတော်ဘုရားကို ဥပဇ္ဈာယ်ပြု ရဟန်းပြုခဲ့ပေမယ်လို့ နှစ်ပေါင်း (၃၀)ကျော် အဝင်အထွက် အသွားမလာ မရှိပါခဲ့ဘူး။

အဲဒီအခါမှာ ကန်တော့မယ်ဆိုပြီး ဘုန်းကြီးတို့က ကလေးဝ ဆရာတော်ဘုရားစီ ပို့တော့၊ ဆရာတော်ကြီးက “ဟော ဘယ်လို တုန်း” ဆိုတော့။

ဆရာတော် ဦးဇိနက “ဟော ဘယ်လိုတုန်းမလုပ်နဲ့၊ သေတော့မှာမို့လို့ လာတာ”။

ဆရာတော်ကြီးက “မသေသေးပါဘူး”လို့ ပြောတော့။

ဦးဇိနက “မဟုတ်ဘူး၊ သေတော့မှာ”တဲ့။ ရက်ပိုင်းပဲရှိတော့ တယ်လို့ သူဟာသူသိတယ်။ သေခါနီးလို့ လာကန်တော့တာပါလို့ ပြောသွားတယ်။ ဘုန်းကြီးအကြောင်းပြုပြီး ဆရာတော်(၂)ပါး အဆင် ပြေသွားတာ။

ဒါမှတ်တိုင်တစ်ခုပဲ။ ဘုန်းကြီးအကြောင်းပြုပြီးတော့ အဲဒီ သစ္စဝါဒီကျောင်းတိုက်နဲ့ မဟာမြတ်မုနိဘုရားကြီးကို လွှဲတဲ့အခါ ကိုယ်တော့်ကို ညီအစ်ကိုလိုခင်လို့ ပေးတာလို့ ပြောသွားပါတယ်။

အထူးသဖြင့် ဥပဇ္ဈာယ်ဆရာတော်ဖြစ်တဲ့ ကလေးဝဆရာ တော်ကြီးအပေါ် နှစ်ပေါင်း(၃၀)ကျော် အဝင်အထွက် အသွားအလာ အဆက်အသွယ် မရှိတဲ့ ဦးဇိနက ကန်တော့တယ်၊ တောင်းပန်တယ် ဆိုတာ ဝမ်းသာစရာပါပဲ။ တစ်သားတည်း တစ်ကျောင်းတည်း ပေါင်းမိဖြစ်သွားတာ ဝမ်းသာစရာပါပဲ။ ကွဲပြားနေသူများ ညီညွတ် အောင် စေ့စပ်ပေါင်းစပ်ပေးခြင်းဟာ ရှေးသူတော်စင်တို့ လုပ်ငန်း ဖြစ်ပါတယ်။

အဲဒီလို ကန်တော့ပြီး (၂)ရက်ကြာတော့ ဦးဇိန ပျံတော်မူတာ ပါပဲ။ ပျံတော်မူခါနီး ဘာမှာသလဲဆိုတော့ “တပည့်တော်တို့ ဝိဇ္ဇာဂိုဏ်းက ကျောင်းအပ်တဲ့နေရာမှာ ဘာစာချုပ်မှ မထားဘူး။

ကိုယ်တော်နှုတ်နဲ့ပဲ ယူတော့”လို့ ပြောပါတယ်။ မြို့နယ်သံဃနာယက ဆရာတော်ကြီးများရှေ့မှာ အရှင်ဘုရား ကျောင်းအပ်ကြောင်း မိန့်တော်မူပါဦးဘုရားလို့လျှောက်လို့ မြို့နယ်နာယကဆရာတော်များ ရှေ့မှာပြောတာပါပဲ။

ဒါတောင်မှ ဟိုဘက်က လူတွေက ဒါဟာဘုန်းကြီးကျောင်း မဟုတ်ဘူး။ ရသေ့ကျောင်းပါဆိုပြီး နာဂလိုဏ်ဂူကိုယ်တော်တွေက ကျောင်းလုပါတယ်ဆိုပြီး တိုင်လို့မို့ ရဲတွေက ဆရာတော်ကျောင်း လာကြည့်ကြတယ်။

ကျောင်းကို လက်ခံတာပဲရှိပါတယ်။ ရက်လည်ထိအောင် သံဃာတော်တစ်ပါးမှ မထားသေးပါဘူး။

အဲဒီအချိန်က အာဇာနည်ကုန်းမှာ တောင်ကိုရီးယားသမ္မတနဲ့ ဝန်ကြီးများအဖွဲ့ကို မြောက်ကိုရီးယားက ဗုံးထောင်လို့ ဗုံးပေါက်လို့ ဗုံးဖောက်တဲ့ ဇင်မုံတို့အဖွဲ့ကို စစ်ဆေးနေတဲ့အချိန် ဖြစ်ပါတယ်။ ရဲတွေလဲ မအားတဲ့ကြားထဲက အဟုတ်မှတ်လို့ လာကြတယ်။

အဲဒီလိုနဲ့ ကျောင်းကို အပ်နှံပြီးတော့ ဆရာတော် ဦးဇိနက မှာတယ်။ “ဘယ်သူမှလဲ အကြောင်းမကြားနဲ့၊ သတင်းစာထဲလဲ မထည့်နဲ့၊ သံဃာတော်တွေပင့်ပြီး မုန့်ဟင်းခါးဆွမ်းလေးသာ ကပ်ပြီး ပြီးရော။ တပည့်တော်ကတော့ မစွဲလမ်းပါဘူး၊ အနုပါဒါနော” လို့ ပြောသွားတယ်။ ပျံလွန်တော်မူခါနီးအထိတော့ မတုန်မလှုပ်ပါပဲ။

“အနုပါဒါနော” ပဲ ကိုယ်တော်။ အနုပါဒါနောဆိုတာ တစ်စုံ တစ်ခုကိုမျှ စွဲလမ်းမှုမရှိပါဘူးလို့ ပြောတာပါ။

ဆရာတော် ဦးဇိန ပျံတော်မမူမီ ဒီနာဂလိုဏ်ဂူကုန်းမြေ ကြီးမှာ ကျူးကျော်နေပါတယ်လို့ တိုင်ကြားတာကိုး။

သံဃဝိနိစ္ဆယမှာ ဟိုနားက နန်းဦးကျောင်းဆရာတော် အရှင်ဉာဏိန္ဒက သဘာပတိဆရာတော်အဖြစ် ဆောင်ရွက်ပါတယ်။

"နာဂလိုဏ်ဂူဘုရားကုန်းမြေ (၁၇. ၀၁၆)ကေ မြေနေရာဟာ သာသနာ့မြေဖြစ်တယ်"လို့ သံဃဝိနိစ္ဆယက ဆုံးဖြတ်ပါတယ်။

အဲဒီ သဘာပတိဆရာတော်ကြီးက မဟာမြတ်မုနိဘုရားနဲ့ သစ္စဝါဒီ ဘိုးဘိုးကြီးကျောင်းကို အပ်တယ်ဆိုတော့ ရောက်လာတယ်။ "ဦးဇာဂရတဲ့ ကံတော့ မပြိုင်တော့ဘူး"တဲ့။

ဘာပြောမှန်းမသိဘူး။ "ဘာပြုလို့လဲဘုရား"လို့ လျှောက်တော့။ "တပည့်တော် ဒီဘုန်းကြီး တပည့်လည်းမရှိဘူး။ ဘယ်သူမှလဲမရှိဘူးဆိုပြီး ကျောင်းတကက်တောင်းတာ သုံးကြိမ်ရှိပြီ။ မရဘူး။ ကိုယ်တော်တို့ ဆရာတော်ကြီးနဲ့ ဦးဇိနအဆက်အသွယ်ပြတ်နေတာ နှစ်ပေါင်း(၃၀)ကျော်၊ ကိုယ်တော့်ကျမှ ဒီကျောင်းဘာပြုလို့ ပေးသလဲ။ ကိုယ်တော်ဘယ်လိုလုပ်လိုက်တာတုန်း။ အလှူခံတာလား၊ ဘယ်လိုတုန်း"တဲ့။

တပည့်တော်တော့ ဘာမှမပြောပါဘူး။ ဆရာတော် ဦးဇိနက ညီအစ်ကိုလို ခင်တယ်ဆိုပြီး ပေးခဲ့တာပါပဲ။

အဲဒီတော့ "ကိုယ်တော် အတ္တာလိုဖြစ်နေပြီ။ ကံတော့ ပြိုင်လို့မရဘူးပေါ့ဘုရား။ ဝမ်းသာတယ်။ တပည့်တော် အကြိမ်ကြိမ်တောင်းခဲ့တာ အရှင်ဘုရားကျမှ အလွယ်တကူ လှူတယ်ဆိုပြီးတော့ ဝမ်းသာတယ်"တဲ့။

## ဦးရန်ကုန်

ဟိုတုန်းက ဆရာတော် ဦးရန်ကုန်ဆိုတာ ရှိတယ်။ အခု တိုးကြောင်ကလေး၊ တိုးကြောင်းကြီးတို့ ဇာတိ၊ ရန်ကုန်ဇာတိ။

ဆရာတော် ဦးဝါယမတို့ ဒီကျောင်းက ကျောင်းခွဲစာသင် တိုက်ရှိတယ်။ မင်္ဂလာရာမကျောင်းတိုက် သံဃာ (၅၀)လောက် ရှိတယ်။ အဲဒီကျောင်းတိုက်ရဲ့ အရှေ့ဘက်မှာ ဦးရန်ကုန်ရဲ့ မွေးရပ် ဇာတိ။

မန္တလေးမြို့မှာ စာတွေ ဘာတွေကျကျနနသင်ကြီး စစ်ကိုင်း ဘက်မှာ ဝါးချက်ဆရာတော်ရှိတယ်။ အဲဒီ ဝါးချက်ဆရာတော်စီ စာပြိုင်ဦးမှပဲဆိုပြီး သွားတယ်တဲ့။

ဝါးချက်ဆရာတော်က သူရေးထားတဲ့စာအုပ်ကို ပြတယ်။

ဝါးချက်ဆရာတော်ရေးတဲ့စာကို ဖတ်ပြီးတော့ သူသွားတုန်းက စာပြိုင်ဖို့သွားတာ။ ပြိုင်ရင်တော့ နိုင်မှာမဟုတ်ဘူးဆိုပြီး ပြန်လာတယ်။

သူ့အဖော် ဦးပဥ္စင်းကို ပြောတယ်တဲ့။ "ငါရန်ကုန် တင်တုန် ရော့ကွာ"တဲ့၊ ပြိုင်လို့မရခဲ့ဘူး။

ဒါပေမယ့် မကျေနပ်သေးဘူး။ အပြိုင်က ဝါသနာပါတယ်။ အရပ်ကတော့ ပုပုလေးပဲ။ ရန်လဲဖြစ်တတ်တယ်။ ပြိုင်လဲ ပြိုင်တတ် တယ်။

တစ်ခါတော့ ရန်ဖြစ်ပုံက ကူးတို့သင်္ဘောနဲ့ မန္တလေးကနေ စုံဆင်းပြီး ပြည်ကိုလိုက်လာတယ်။ လမ်းမှာ မိသားစုတစ်စုနဲ့ ရန်ဖြစ်လာကြတယ်။ အခြား ဒကာ ဒကာမတွေက ဆရာတော် ဦးရန်ကုန် ကြွလာမယ်၊ ကြွလာမယ် ဆိုတော့ ကြိုကြ ဆိုကြတယ်။

ကြိုကြ ဆိုကြတဲ့ ဒကာ ဒကာမတွေနဲ့ သင်္ဘောပေါ်မှာ ဆရာတော်ဦးရန်ကုန်နဲ့ ရန်ဖြစ်တဲ့မိသားစုနဲ့ ဆွေမျိုးတော်တယ်။

သင်္ဘောလဲကပ်လိုက်ရော။ ကြိုလဲကြိုကြရော၊ "ဟာ နင်တို့ ဘယ်လာတာတုန်း"။ "တို့ဆရာတော် လာကြိုတာ"ဆိုတော့ "သင်္ဘောပေါ်မှာ ဆရာတော်နဲ့တူတာ တစ်ပါးမှမပါဘူး။ တို့နဲ့ ရန်ဖြစ်လာတဲ့ ကိုယ်တော်တစ်ပါးပဲ ရှိတယ်"။

"အဲဒါ ဆရာတော် ဦးရန်ကုန်"ဆိုတော့ "ဟုတ်လား"တဲ့။ ရန်က ဖြစ်ခဲ့ကြပြီ။

အဲဒီတော့ ဆရာတော် ဦးရန်ကုန်က ရန်လဲဖြစ်တတ်တယ်။ အပြိုင်လဲ ဝါသနာပါတယ်။ သူ့အစ်ကို တိုးကြောင်လေးရွာဇာတိ မုဆိုး နာမည်ကြီးတယ်။ ဦးရန်လုံတဲ့။

ဦးရန်ကုန်က စာပေနာမည်ကြီးတယ်။ မန္တလေးဘုရားကြီးတိုက်ထဲမှာလဲ ဦးရန်ကုန်ကျောင်းဆိုတာ ရှိတယ်။

ဦးရန်ကုန်က စစ်ကိုင်း ဝါးချက်စာသွားပြိုင်တာ။ ပြိုင်တောင် မပြိုင်ရသေးဘူး။ သူက အရှုံးပေးခဲ့တာ။ မကျေနပ်သေးဘူး။ ဝါးချက်ဆရာတော်က ထွားထွားကြိုင်းကြိုင်းကြီး၊ ဦးရန်ကုန်က ပုပုလေး။

ဒါကတော့ နာဂလိုဏ်ဂူဘုရားကုန်းမြေနဲ့ ပတ်သက်တဲ့ ရဟန်း၊ သာမဏေ၊ သာသနာ့နွယ်ဝင် သီလရှင်များအားလုံး သိသင့်တဲ့ ဇာတ်လမ်း။

"နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော်မြတ်ကြီးရယ်၊ မဟာမြတ်မုနိစေတီတော်မြတ်ကြီးရယ်၊ လွန်ခဲ့တဲ့ (၁၈)နှစ်၊ (၁၉)နှစ်တာ ကာလကျမှ တစ်ပေါင်းထဲဖြစ်သွားတယ်။ နာဂလိုဏ်ဂူ ဘုရားကုန်းမြေ ကလေးဝတောရကျောင်းနဲ့ သစ္စဝါဒီ ဘိုးဘိုးကြီး

ကျောင်းတို့ နဂိုရ်ရက စိတ်ဝမ်းကွဲတယ်။ တစ်ခြားစီ။

ဆရာတော်တွေ ဒကာ ဒကာမတွေ စိတ်ဝမ်းကွဲကြတယ်။ အခုတော့ တစ်သားထဲဖြစ်ပြီး ဘုရားနှစ်ဆူလဲ ပေါင်းမိပြီ၊ ကျောင်းနှစ်ကျောင်းလဲ ပေါင်းမိပြီ။ နောက်တစ်ခုရှိသေးတယ်။ သစ္စဝါဒီဘိုးဘိုး၏တပည့်ရင်း ဓမ္မာစရိယ ဦးအောင် ဆိုတာရှိတယ်။ သူက "အဘိုးက ပြောဖူးတယ်။ ဒီကုန်းမြေသို့ စာတတ်ပေတတ် ရဟန်းတစ်ပါး ရောက်လာမှ ဒီကုန်းမြေကြီး တောက်ပြောင်စည်ကား လာလိမ့်မယ်" တဲ့။

အဲဒါလေးကို ပြန်ပြီးတော့ ကြည့်မယ်ဆိုရင် ဘုန်းကြီးတို့ရဲ့ ဝါခေါင်လပြည့်ကျော်ရက်မှာ မွေးနေ့။ သက်တမ်း (၆၄)နှစ်မှာ ဇာတိဖြစ်တဲ့ ကုန်းသာရွာမှာ (၁၂)နှစ်။

မုံရွာမြို့ သပြေပင်တောရမှာ ပထမတစ်ကြိမ် (၁၀)နှစ်၊ ဒုတိယပြန်ပြီးစာပေပို့ချတာ (၁၂)နှစ်၊ စုစုပေါင်း (၂၂)နှစ်။

ပခုက္ကူ အလယ်တိုက်ကြီးမှာ (၂)နှစ်။

မန္တလေးမြို့ ရွှေရေးဆောင်ကျောင်းတိုက် သူဌေးကျောင်းမှာ (၁)နှစ်။

နာဂလိုဏ်ဂူဘုရားကုန်းမြေမှာ (၂၈)နှစ်ထဲ ရောက်လာပါပြီ။

**ခေတ်အနေနဲ့ ဖဆပလခေတ်**မှာ တစ်တိုင်းပြည်လုံး ရောင်စုံသူပုန်တွေ ထကြွသောင်းကျန်းနေတဲ့ ဆူပူလှုပ်ရှားနေတဲ့အချိန်။ လွတ်လပ်ရေးမရမီကာလကလဲ ဒုတိယကမ္ဘာစစ်အတွင်းမှာ တစ်ကမ္ဘာလုံး စစ်မီးတောက်နေခဲ့ပါတယ်။

တစ်ကမ္ဘာလုံး စစ်ပြေငြိမ်းသွားပြန်တော့လဲ လွတ်လပ်ရေးရခါနီးလေးမှာ အင်မတန်ဆိုးဝါးပါတယ်။ ဂျပန်တော်လှန်ရေးမှာလဲ

ကြုံခဲ့ကြ၊ ဒီနောက် ရောင်စုံသူပုန်တွေနဲ့ ကြုံခဲ့ကြ။

**သန့်ရှင်းတည်မြဲ** မဲရွေးတာ သန့်ရှင်းနိုင်ပါတယ်။

**ပထစအစိုးရ၊**

**အိမ်စောင့်အစိုးရ**

**တော်လှန်ရေးအစိုးရ**

**မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရ**

**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရ**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရ**

ခေတ်အားဖြင့် ပြောမယ်ဆိုရင် ခေတ်(၈)ခုလောက် ဘဝ အတွေ့အကြုံ ရှိခဲ့ပါတယ်။

ဘုန်းကြီးကြုံတဲ့ နာဂလိုဏ်ဂူ (၂၈)နှစ်တာကာလအတွင်းမှာ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားအတွက် လမ်းစဉ်ပါတီအစိုးရ လက်ထက် သာသနာသန့်ရှင်းရေး အစဦးပိုင်းဟာ အင်မတန်ကံဆိုးတဲ့ အချိန်လို့ ပြောရမှာပါပဲ။

ဒေါက်တာမောင်မောင်တို့လို ပုဂ္ဂိုလ်တွေ ဆရာတော်ဘုရား ကြီးစီလာတော့ လာနေကြတာပါပဲ။ သို့သော် ဆိုရှယ်လစ်အစိုးရ ဆိုတော့ ဘယ်ကျောင်းတိုက်သွားတယ်၊ ဘယ်ဆရာတော်စီ သွားတယ်ဆိုတာတော့ အသိမပေးလိုကြဘူး။

အဲဒီအချိန်က “လူညီရင် ဤကျွဲဖတ်”ဆိုတဲ့အချိန်ကိုး။ လူညီရင် ဤကိုပင် ကျွဲလို့ဖတ်လို့ရတဲ့အချိန်။

ဘယ်လိုလဲလို့ဆိုတော့ ပါတီဝင်တွေရှိတယ်။ ပါတီစိပ်တွေ ရှိတယ်။ အဲဒီပါတီစိပ်တွေက ဘုရားမြေက (၁၇. ၀၁၆)ကေဆိုတော့

ဘုရားမြေထဲမှာ နေကြတယ်။ အရှေ့ဘက် ဟိုဘက်ကအိမ်တွေပါ။ ဘုရားမြေထဲမှာနေပြီး ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးကို တိုက်ကြ၊ ခိုက်ကြတာတော့ ကမ်းကုန်အောင်ပါပဲ။

ရပ်ကွက်ပါတီကောင်စီတွေက တိုက်သလိုပဲ။ သူတို့နဲ့ ပေါင်းနေတဲ့ စားဖော်စားဖက် သောက်ဖော်သောက်ဖက် မြို့နယ်ပါတီယူနစ်ကလဲ တိုက်တယ်။

ဆရာတော်ဘုရားကြီးက တိုင်းတို့၊ နိုင်ငံတော်တို့ကျတော့ တိုင်းပါတီဥက္ကဋ္ဌက ဟိုနားက ဒေါက်တာကြည်လေးရဲ့ ဦးလေးဖြစ်တယ်။ တိုင်းကောင်စီဥက္ကဋ္ဌတွေကတော့ ကိုယ့်ဖက်ကပါပဲ။ သို့သော်လဲ ရပ်ကွက်နဲ့မြို့နယ်တို့ကတော့ ကျောင်းတိုက်ကြီးကို တိုက်ပြီးနေလိုက်တာ (၈၈)အရေးအခင်းတိုင်အောင်ပါပဲ။

လမ်းစဉ်ပါတီပြိုကွဲသွားတဲ့အခါမှာမှ နာဂလိုဏ်ဂူသာသနာခေတ်ပြောင်းသွားတယ်။ နဂိုကတော့ ကျောင်းတိုက်ကိုလဲ နှောက်ယှက်တယ်။ ဘုရားကိုလဲ နှောက်ယှက်တယ်။ အနှောက်ယှက်ခံခဲ့ရတယ်။

ဆရာတော်ဘုရားကြီး (၈၅)၊ (၈၆)နှစ်ထိ တော်တော်လေးကို အနှောက်အယှက်ခံခဲ့ရတယ်။ ဘုန်းကြီးတို့ရောက်လာမှ ဝိုင်းဝန်းဖြေရှင်းပေးရတယ်။ (၈၈) အရေးအခင်းပြီးတဲ့အခါ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအစိုးရလက်ထက် ၁၉၈၉၊ ၁၉၉၀ ဒီလိုပဲ ရှိသေးတယ်။

၁၉၉၁ ခုနှစ်ကျတော့ မိမိက နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဖြစ်လာတယ်။

၁၉၉၃ ခုနှစ်ရောက်တဲ့အခါကျတော့မှ ဒုတိယဗိုလ်ချုပ်ကြီး

တင်ဦး ဦးဆောင်လာပါတယ်။ အဲဒီတုန်းက သာမဏေ (၄၄၄)ပါး ရှိတယ်။ အဲဒီအချိန်မှစပြီးတော့ ဘုန်းကြီးတို့ကျောင်းမှာ အခြေအနေ ကောင်းလာပါတယ်။ ရွှေခေတ်လို့ ဆိုရမှာပါ။

၁၉၉၅ ခုနှစ်ကျတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမှူးပြုပြီး ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အစိုးရတစ်ဖွဲ့လုံး ကြွလာကြပြီးတော့ ဝါဆို သင်္ကန်းကပ်တယ်။ ကျောင်းဆောက်ဖို့ စီမံကြတယ်။ သုကုမာရမဂ္ဂ ဒီပနီသုံးထပ်ကျောင်း ဖြစ်ပေါ်လာတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လက်ထက်ကျပြန်တော့လဲ ဆက်ပြီးတော့ ဥတ္တမပုရိသဒီပနီ သုံးထပ် တိုက်ကျောင်းကြီးကို ဆောက်တယ်။

ဒီနောက်မှ ထိုင်းဘုရင်ရဲ့ နန်းစံသက် (၅၀)နှစ်မြောက် အထိမ်းအမှတ်စာသင်တိုက် ဖက်မှာ (၁၀၈ × ၃၄)ပေ ကျောင်းတစ်ကျောင်းဆောက်ပြီးတော့ လှူတယ်။ ကထိန်လဲ အဦးဆုံးခင်းတယ်။

အဲဒီလို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအစိုးရ အဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်မှာ နာဂလိုဏ်ဂူသာသနာဟာ မြင့်တက်လာခဲ့တယ်။

အခုလို မြင့်တက်လာတဲ့အခါကျတော့ ရဟန်းသာမဏေ သီလရှင်များလဲ စားဝတ်နေရေး မပူရ၊ မပင်ရပဲနဲ့ ဒီလိုနေနိုင်တာ။ ဇရပ်တွေ မိုးယိုတာလောက်တော့ ရှိတာပေါ့လေ။ အစိုးရပိုင်းဆိုင်ရာက အလေးအမြတ်ထား ကိုးကွယ်တဲ့အပိုင်း ရောက်လာပြီ။

လမ်းစဉ်ပါတီလက်ထက်က ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကို ကိုးကွယ်ကြပါတယ်။ ခေါင်းကြီးပိုင်းက ကိုးကွယ်ကြတယ်။ ဒါပေမယ့် အခြေခံပါတီကောင်စီက နှောင့်ယှက်နေတော့ ဘုရားရော၊ ကျောင်းရော ဆင်းရဲခဲ့ကြရတယ်။

**(၄၄၄)ပါး**

ခုအခါမှာတော့ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး စပြီး ကျောင်းရောက်လာပြီးတဲ့အချိန် သံဃာကလဲ (၄၄၄)ပါးရှိတယ်။ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး တင်ပြချက်အရ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမှူးပြုတဲ့အဖွဲ့ ကျောင်းတိုက်ကိုယ်တိုင် ရောက်လာကြတယ်။

သုကုမာရမဂ္ဂဒီပနီကျောင်းဆောက်ဖို့ အစီအစဉ်တွေလုပ်။ သံဃာတော် (၆၆၆)ပါးအရှိမှာ သုံးထပ်ကျောင်းရေစက်ချပါတယ်။ ရေစက်ချပွဲမှာ သံသေတ္တာက (၆၆၆)လုံး၊ သင်္ကန်းနဲ့ သီလရှင် ဝတ်စုံ (၆၆၆)စုံ လှူခဲ့ပါတယ်။ နာဂလိုဏ်ဂူသာသနာဟာ အနိမ့်အမြင့်ရှိတယ်။ ခေတ် (၈)ဆက်ကြုံခဲ့ရတယ်။

နာဂလိုဏ်ဂူ သာသနာတော်ဟာ အခုအချိန်မှာ ရွှေခေတ်ဖြစ်နေတယ် ဆိုရမယ်။ တစ်နှစ်တစ်နှစ်ဆိုရင် မနည်းဘူးပဲ။ ရန်ကုန်တိုင်းအတွင်းမှာ ရှိကြတဲ့ သံဃာတော်တွေ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးမျိုးစုံ လှူဒါန်းကြတယ်။ နယ်မှာလဲ ဒီလိုပဲ။ တပ်မတော် ကြည်း၊ ရေ၊ လေ မိသားစုနဲ့ ပြည်သူတွေက လှူကြတာ။ သာသနာကတော့ အမြင့်ဆုံးအချိန် ရောက်နေပါပြီ။

မင်းတုန်းမင်းတြားကြီး လက်ထက်ကလဲ မြင့်ပါတယ်။ ဘွဲ့ရဆရာတော် (၈၀)လောက်ရှိတယ်။ အားပေးနေတာ။ အဲဒီလို

သာသနာမြင့်တဲ့အချိန်မှာ ဘုန်းကြီးတို့ တာဝန်ထမ်းဆောင်နေရတာ ပိုကောင်း အောင်မြင်မှုရပါတယ်။

နိမ့်ကျတဲ့အချိန်တုန်းက တော်တော်လေးဆင်းရဲပါတယ်။ ဆင်းရဲတယ်ဆိုတာ အစားအသောက်သာ ဆင်းရဲတာမဟုတ်ဘူး။ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက နှိပ်စက်ဖို့လောက် အမြဲတမ်း စဉ်းစားနေတာမို့ ဆင်းရဲပါတယ်။ ခုအခါနဲ့တော့ မတူဘူး။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရ လက်ထက်မှာတော့ နိုင်ငံတော်အကြီးအကဲများက စပြီး အားပေးနေတာမို့ ပြောရမယ် ဆိုရင် နာဂလိုဏ်ဂူသာသနာ ရွှေခေတ်သို့ ရောက်ခဲ့ပြီ။

တရားရဖို့ ကောင်းတာကတော့ ခေတ်ပေါင်း (၈)ခေတ်မှာ လူလာဖြစ်တယ်။ စစ်တွင်းကိုပြန်ပြောရင်တော့ (၈)ခေတ်တောင် မကပါဘူး။ မင်းတို့ပြုသော သာသနာနှင့် တိုင်းသူပြည်သားတို့ပြုသော သာသနာ မတူပါဘူး။ မင်းတို့ပြုသောသာသနာသည် အရှိန်အဝါ ကြီး၍ ကြာရှည်တည်တံ့စေပါတယ်။

အဲဒီလို သာသနာချီးမြှောက်တဲ့အခါ ဆရာတော်များနှင့် တိုင်ပင်နှီးနှောပြီးတော့ ချီးမြှောက်ကြရမယ်လို့ ဆိုတဲ့နေရာမှာ မိမိတို့ သာသနာ့ဝန်ထမ်းတွေကလဲပဲ ပရိယတ်၊ ပဋိပတ်အကြောင်း သာသနာ တော်(၂)ရပ်ကို စွမ်းစွမ်းတမံ ထမ်းဆောင်ပြီး သာသနာ ချီးမြှောက်ဖို့ လိုပါတယ်။ ဒကာ ဒကာမတို့က ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးနဲ့ ချီးမြှောက်တာလဲ ချီးမြှောက်တယ်လို့ ခေါ်ပါတယ်။

**ရှုးပျံဘုတ်ပျံ**

**ပက္ခီနံ ဧဟမာနံဝ၊ ဥန္နတော နတအာဂတံ။**

**သာသနံ ပဂ္ဂဏှေယျာထ၊ သာဓူဟိ သမမန္တိယ။**

ပက္ခီနံ= ရှုးဘုတ်စသော ငှက်အပေါင်းတို့၏၊ ဧဟမာနံဝ= နိမ့်တုံမြင့်တုံ ပျံသန်းပုံကဲ့သို့၊ ဥန္နတော နတအာဂတံ= နိမ့်တုံမြင့်တုံ အဖုံအဖုံ အဆက်ဆက် ဖြစ်ပျက်၍လာခဲ့ရသော၊ သာသနံ= ယခုခေတ်တွင် မပြုပြင်သော် အစဉ်နိမ့်ကျ ဖြစ်ပုံရသည့် မြန်မာ့တိုင်းပျော် သာသနာတော်မြတ်ကြီးကို၊ သာဓူဟိ= သာသနာရေး အားပေးဖို့ရည်မျှော် ဆရာတော် သံဃာတော်တို့နှင့်၊ သမမန္တိယ= ညီညာသဘော စောကျောစိုင်ပြင် တိုင်ပင်နှီးနှောကြကုန်ပြီး၍၊ သာသနံ= ဗုဒ္ဓမြတ်စွာ သာသနာတော် မြတ်ကြီးကို၊ ပဂ္ဂဏှေယျာထ= စွမ်းအားရှိသလောက် ချီးမြှောက်ထောက်ပင့် ကျင့်ကြံကြိုးကုတ် အားထုတ်ကြကုန်ရာသတည်း။

သာဓု - သာဓု - သာဓု

## လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ
## လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့၊ ဥက္ကဋ္ဌ
## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
## တွဲဖက်အကျိုးတော်ဆောင်(၁)
## ကလေးဝတောရဆရာတော်
## ဒွိပိဋကရေ ဒွိပိဋကကောဝိဒ
## အဂ္ဂမဟာပဏ္ဍိတ
## ပရိယတ္တိသာသနဟိတရေ
# လယ်တီဘဒ္ဒန္တဓောဂရာဘိဝံသ
## ၏
## နိဂုံးစကား

မြတ်စွာဘုရား၏ အဆုံးအမသာသနာတော်သည်၊ ဝါ= မြတ်စွာဘုရား၏ စကားတော်သည် ပိဋကအားဖြင့် သုံးပုံ၊ နိကာယ်အားဖြင့် ငါးရပ်၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်၊ ရသ၏ အစွမ်းဖြင့် တစ်ပါးရှိ၏ စသည်ဖြင့် ခွဲခြားရသည်။ ထို့တွင် ရသ၏ အစွမ်းဖြင့် တစ်ပါးကား "ဝိမုတ္တိရသ"ပင်တည်း။

**ဝိမုတ္တိရသအရ**

ရသ အရသာသည် (၄)မျိုးရှိ၏။ အရသာမျိုးစုံသည် ရသာယတန မည်သည်။

ဖိုလ် (၄)ခု စိတ္တုပ္ပါဒ်သည် အတ္ထရသ မည်သည်။ မဂ် (၄)ခု စိတ္တုပ္ပါဒ်သည် ဓမ္မရသ မည်သည်။ နိဗ္ဗာန်သည် ဝိမုတ္တိရသ မည်သည်။

**“ဝိမုတ္တိ သုခ ပဋိသံ ဝေဒီတိ ဝိမုတ္တိသုခံ ဖလသမာပတ္တိ သုခံ ပဋိသံဝေဒိယမာနော နိသိန္နော ဟောတီတိ အတ္ထော”**ဟု ပထမ ဗောဓိသုတ်အဖွင့်၌ကား ဝိမုတ္တိသုခအရ အရဟတ္တဖိုလ် ချမ်းသာကို ခံစားတော်မူလျက် နေတော်မူသည်ဟူသော စကားနှင့် အညီ ဝိမုတ္တိအရ ကိလေသာတို့မှ လွတ်ပြီးသော အရဟတ္တဖိုလ်ကို ကောက်ယူရသည်။

အရသာ မဟုတ်သော်လည်း ချိုမြိန်သာယာအပ်သော အနက်သဘောရှိကြသောကြောင့် ဖိုလ်လေးခု စိတ္တုပ္ပါဒ် ဟူသော အတ္ထ၊ မဂ်လေးခု စိတ္တုပ္ပါဒ်ဟူသော ဓမ္မ၊ နိဗ္ဗာန်ဟူသော ဝိမုတ္တိတို့သည် “ရသ”အမည်ရကြသည်။ အရသာမျိုးစုံ ရသသည် ပယ်မြစ်အပ်သော ရသဖြစ်သည်။

**ဝိမုတ္တိရသ**

ပင်လယ်သမုဒ္ဒရာ၏ အံ့ဖွယ်တို့ကို မဟာရာဒအသုရိန်က လျှောက်ထားရာ၌ သမုဒ္ဒရာ၏ တစ်ခုတည်းသော ဆားငံအရသာ ရှိသကဲ့သို့ ဗုဒ္ဓမြတ်စွာသာသနာတော်၌ သတ္တဝါတို့ကို ပူပန်စေတတ်၊ နှိပ်စက်တတ်သည့် ကိလေသာတရားဆိုးတို့မှ လွတ်မြောက်ခြင်း ဟူသော တစ်ခုတည်းသောအရသာကို တွေ့ကြမြင်ကြသဖြင့် တပည့် သာဝကအားလုံး သာသနာတော်မှာ ပျော်ပိုက်တော်မူကြ၊ ကျေနပ် တော်မူကြသည် ဟူသော သာသနာ့အံ့ဖွယ်တော်တစ်ခုမှာ “ဝိမုတ္တိ ရသ” ပင်ဖြစ်သည်။

ကိံ သုဟာဝေ သာဒုတရံ ရသာနံ= အရသာတွေထဲမှာ စင်စစ် အဘယ်အရသာသည် ချိုမြိန်လှစွာ သတ္တဝါတို့ သာယာအပ်တောင်း

အရသာကောင်းမည်ပါသနည်းဟူသော အာဠဝကဧ၏အမေးကို ဖြေဆိုရာ၌ "သစ္စံ ဟဝေ သာဒုတရံ ရသာနံ"ဟု ဖြေကြားတော်မူခဲ့သည်။ "ဖွတ်ဥ လိပ်သဲ နွားနို့ခဲ၊ အသီးမှာ သရက်၊ အသားမှာ ဝက်၊ အရွက်မှာ လက်ဘက်"ဟု လောကအကောင်း အရသာကို ပြောသကဲ့သို့ မဟုတ်ပဲ၊ မဟုတ်စကား ရှောင်ရှားပယ်ခွာ ဝစီသစ္စာသည် တစ်နည်းအားဖြင့် ပရမတ္ထသစ္စာ မည်သာထင်ရှား နိဗ္ဗာန်တရားသည် စင်စစ်ဧကန် အမှန်အားဖြင့် ချိုမြိန်လှစွာ သတ္တဝါတို့ သာယာအပ်တောင်း အရသာကောင်းမည်လေ၏"ဟု နိဗ္ဗာန်ဟူသော ဝိမုတ္တိရသသည် "သာဒုတရ"ချိုမြိန်လှစွာ သတ္တဝါတို့ သာယာအပ်တောင်း အကောင်းဆုံးအရသာဖြစ်ကြောင်း ဘုရားရှင်၏ အဖြေစကားတော်အရ ထင်ရှားသည်။

**ဝိမုတ္တိ (၂)မျိုး**

သုတ်ပါဠိအငွေယျ သင်္ဂီတိသုတ် ၄-၃/၁၆၇ ၌ ဝိဇ္ဇာစ ဝိမုတ္တိစ ဟူသော ဒုကကိုဖွင့်ပြသည်။ ဝိမုတ္တိပုဒ်အဖွင့်၌ ဝိမုတ္တီတိ ဒွေ ဝိမုတ္တိယောဟု ဝိမုတ္တိ (၂)ပါးရှိပုံကို ဖွင့်ပြသည်။ သမာပတ်ရှစ်ပါးတို့ သည် နီဝရဏစသည်တို့မှ ကောင်းစွာလွတ်မြောက်သောကြောင့် အဓိမုတ္တိမည်၏။ နိဗ္ဗာန်သည် အလုံးစုံသော အကြောင်းတရားတို့ ပြုပြင်စီရင်အပ်သော တရားတို့မှ လွန်မြောက်သောကြောင့် "ဝိမုတ္တိ" မည်၏ဟု ဖွင့်ပြသည်။

**ဝိမုတ္တိ (၅)မျိုး**

ဥဒါနအဋ္ဌကထာ ပထမဗောဓိသုတ်အဖွင့် (၂၉)၌ ဝိမုတ္တိ (၅)မျိုးကို စုံစုံလင်လင် ဖွင့်ပြထားသည်။ ထို့အတူပင် မဟာပဒါနသုတ်

အဖွင့်တို့လည်း တွေ့ရှိရသည်။ တဒင်္ဂဝိမုတ္တိ၊ ဝိက္ခမ္ဘနဝိမုတ္တိ၊ သမုစ္ဆေဒဝိမုတ္တိ၊ ပဋိပဿဒ္ဓိဝိမုတ္တိ၊ နိဿရဏဝိမုတ္တိ ဟု (၅)မျိုးရှိရာ (၅)မျိုး၏အနက်ကို မဖွင့်မှီ ဝိမုတ္တိဟူသောစကား၏ အနက်အဓိပ္ပါယ်ကို ဦးစွာဖွင့်ပြသည်။

လျှုဖွယ်ကို စွန့်လွှတ်လှူဒါန်းခြင်း စသည်တို့ဖြင့် ထိုထိုဂုဏ်အင်္ဂါတို့ဖြင့်လည်းကောင်း၊ နာမ်ရုပ်ကိုပိုင်းခြားခြင်း စသော ဝိပဿနာဆိုင်ရာ အချက်အလက်တို့ဖြင့်လည်းကောင်း၊ ထိုထိုအချက်အလက်မှ မယုတ်လျော့သည်၏ အစွမ်းဖြင့် ဖြစ်နေသမျှ ကာလပတ်လုံး ဆန့်ကျင်ဘက်မှ လွန်မြောက်ခြင်းကြောင့် လွတ်မြောက်ခြင်း ပယ်ခြင်းသည် ဝိမုတ္တိမည်သည်ဟု ဝိမုတ္တိရဲ့အနက်ကို လွန်မြောက်ခြင်း၊ ပယ်ခြင်းဟု ဖွင့်ဆိုသည်။

**တဒင်္ဂ ဝိမုတ္တိ**

ဒါနဖြင့် မစ္ဆရိယ လောဘ စသည်မှ လွန်မြောက်ခြင်း၊ သီလဖြင့် သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်း စသည်မှ လွန်မြောက်ခြင်း၊ နာမ်ရုပ်ကို ပိုင်းခြားသိသောဉာဏ်ဖြင့် သက္ကာယဒိဋ္ဌိမှ ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် အကြောင်းမဲ့ဖြစ်ခြင်း၊ မညီညွတ်သော အကြောင်းကြောင့် ဖြစ်ခြင်းမှ၊ ကင်္ခါဝိတရဏဉာဏ်ဖြင့် သို့လော သို့လော တွေးတောယုံမှားခြင်းမှ ရုပ်နာမ်အစုအဝေး သုံးသပ်ခြင်းဖြင့် ငါ, ငါ၏ဥစ္စာ ဟူသော စွဲလမ်းခြင်းမှ လမ်းစဉ် ဟုတ်သည်၊ မဟုတ်သည်ကို ခွဲခြားသိခြင်းဖြင့် လမ်းစဉ်အမှားကို အမှန်ဟုထင်မှတ်ခြင်းမှ ရုပ်နာမ်တို့၏ ဖြစ်ပုံရှုခြင်းဖြင့် ဥစ္ဆေဒဒိဋ္ဌိမှ အပျက်ကိုရှုခြင်းဖြင့် သဿတဒိဋ္ဌိမှ ကြောက်ဖွယ်ဘေးကို ရှုခြင်းဖြင့် ကြောက်ဖွယ်ကို

ပျော်ဖွယ်ဟု ထင်မှတ်ခြင်းမှ ရုပ်နာမ်တို့၏အပြစ်ကို ရှုပွားခြင်းဖြင့် သာယာဖွယ်ဟူသော အမှတ်သညာမှ ငြီးငွေ့ဖွယ်ဟု ရှုခြင်းဖြင့် ကြောက်ဖွယ်၌ ပျော်နေခြင်းမှ လွတ်လိုလှ၍ ကျင့်ကြံခြင်းဖြင့် ကျွတ်ဆု လွတ်ဆု မလိုလားမှုမှ လျစ်လျူရှုခြင်းဖြင့် လျစ်လျူမရှုခြင်းမှ မဂ်တရား အားလျော်သော ရှုပွားခြင်းဖြင့် တရားသဘောအမှန် နိဗ္ဗာန်၌ ဆန့်ကျင်ခြင်းမှ ပုထုဇဉ်အနွယ်ကိုဖြတ် အရိယာဇာတ် ကူးတော့မည့် ဂေါတြဘူဉာဏ်ဖြင့် သင်္ခါရနိမိတ်မှ လွတ်မြောက်ခြင်းများသည် **"တဒင်္ဂ ဝိမုတ္တိ"** မည်၏။

ထို့ပြင် မဟာဝဂ္ဂ-၌-၌ အနိစ္စာနုပဿနာ စသော အနုပဿနာ ဉာဏ် (၇)ပါးတို့သည် ကိုယ်တိုင် ထိုထိုတရား၏ ဆန့်ကျင်ဘက် အချက်အလက်၏အစွမ်းဖြင့် စွန့်လွှတ်နိုင်တဲ့ မြဲ၏ဟူသော အမှတ်သညာ စသည်တို့မှ လွန်မြောက်သည်၏ အဖြစ်ကြောင့် "တဒင်္ဂ ဝိမုတ္တိ" မည်ကြ၏။

သမာပတ်ရှစ်ပါးတို့သည် မိမိစျာန်စွမ်းအားဖြင့် ခွာထုတ်အပ် ကုန်သော နီဝရဏ စသည်တို့မှလည်းကောင်း၊ ဝိတက်စသော ဆန့်ကျင်ဘက်တရားတို့မှလည်းကောင်း လွန်မြောက်သောကြောင့် "ဝိက္ခမ္ဘနဝိမုတ္တိ" မည်ကြ၏။

အရိယာမဂ် (၄)ပါးတို့သည် မိမိတို့ဖြတ်တောက်အပ်ကုန်သော ကိလေသာတို့မှ လွန်မြောက်သောကြောင့် "သမုစ္ဆေဒဝိမုတ္တိ" မည်ကြ၏။

ဖိုလ်လေးပါးတို့သည် မဂ်၏အစွမ်းဖြင့် ကိလေသာကို ငြိမ်းသည်၏အဆုံး၌ ဖြစ်တတ်သောကြောင့် ပဋိပဿဒ္ဓိ ဝိမုတ္တိ မည်၏။

နိဗ္ဗာန်သည် အလုံးစုံသော ကိလေသာတို့မှ ထွက်မြောက်ကင်းကွာ၍ အဝေး၌တည်သောကြောင့် "နိဿရဏဝိမုတ္တိ" မည်၏။ ဤ(၅)မျိုးသော ဝိမုတ္တိဂုဏ်တို့ဖြင့် ဘုရားရှင်တို့ကို ချီးကျူးပူဇော်ထားသည်။ ကြည်ညိုဖွယ် ဖြစ်သည်။

## ဝိမုတ္တာယတန (၅)မျိုး

ဝိမုတ္တိ+အာယတန ဟု ပုဒ်ခွဲ၍ ဝိမုတ္တိခေါ် လွတ်မြောက်ရေးအတွက် အကြောင်း (၅)မျိုးကို ဟောတော်မူထား၏။ ဝိမုတ္တိကို ရလိုသူတိုင်း အာယတနခေါ် အကြောင်းတရားတို့ကို ဖြည့်ဆည်းပူးရန် လိုအပ်သည်။ အကြောင်း (၅)မျိုးကား -

၁။ ဤသာသနာတော်၌ ရဟန်းတစ်ပါးအား ဘုရားရှင်သို့မဟုတ် လေးစားလောက်သော သီတင်းသုံးဖော်တစ်ပါးပါးက တရားဟောတယ်။ အဲဒီ ဟောတရားအပေါ် ပါဠိကို သိတယ်။ ပါဠိ၏ အနက်ကိုသိတယ်။ အဲဒီလို ပါဠိအနက်ကို သိသော ရဟန်းအား (အဲဒီလို ဈာန်ဝိပဿနာ မဂ်ဖိုလ်ဆိုင်ရာကို သိသောရဟန်းအား) နူးနယ်သော ပီတိဖြစ်တတ်ပါ၏။ ထိုပီတိရှင်အား အားကောင်းသော ပီတိဖြစ်လာ၏။ ပီတိလွှမ်းခြုံသော စိတ်ရှိသူအား နာမကာယသည် ငြိမ်းအေးလာ၏။ စိတ်ငြိမ်းသောသူသည် ချမ်းသာပွားစေနိုင်၏။ ချမ်းသာသူ၏စိတ်သည် အရဟတ္တဖိုလ်သမာဓိ ရနိုင်၏။

၂။ နောက်ရဟန်းတစ်ပါးက မိမိကြားဖူး သိဖူးသော တရားကို သူတစ်ပါးတို့အား အကျယ်တဝင့်ဟော၏။

၃။ နောက်တစ်ပါးက မိမိကြားဖူး သင်ဖူးသော တရားကို အကျယ်တဝင့် ရွတ်အံသရဇ္ဈာယ်၏။

၄။ နောက်ရဟန်းတစ်ပါးက မိမိသင်ဖူး ကြားဖူးသော တရားကို စိတ်ဖြင့် ဆင်ခြင်သုံးသပ်၏။ နှလုံးသွင်းဆင်ခြင်၏။

၅။ နောက်ရဟန်းတစ်ပါးက သမထကမ္မဋ္ဌာန်း (၃၈)မျိုးထဲမှ တစ်မျိုးမျိုးသော ကမ္မဋ္ဌာန်းကို ဆရာထံမှ ကောင်းစွာသင်ယူ ကောင်းစွာနှလုံးသွင်း ကောင်းစွာဆောင်၍ ပညာဖြင့် ကောင်းစွာ မျက်မှောက်ပြု ထိုးထွင်းသိ၏။ ဆိုင်ရာဆိုင်ရာ ပါဠိအနက်ကို သိသော ထိုရဟန်းအား နူးနယ်သောပီတိ အားကြီးသောပီတိဖြစ်၍ နာမကာယ ငြိမ်းအေး၏။ ချမ်းသာကို ပွားစေ၏။ ချမ်းသာသောသူ၏ စိတ်သည် အရဟတ္တဖိုလ်သမာဓိဖြင့် တည်ကြည်၏ဟု ဝိမုတ္တိရရန် အခြေခံ အကြောင်း (၅)ချက်တို့ကို ဟောကြားသည့်အတိုင်း လယ်တီဝိပဿနာ အမှတ် (၉)၌ ဝိမုတ္တိရသ ရရှိရန် အခြေခံအကြောင်းအရာတို့ကို ညွှန်ပြထားသည်ကို တွေ့ရှိရပြီးဖြစ်သည်။

## ဝိမုတ္တိ ပရိပါစနီယ တရား (၅)မျိုး

ဝိမုတ္တိ ပရိပါစနီယ တရား (၅)မျိုးကို ဟောတော်မူရာ အဖွင့် အဋ္ဌကထာ၌ ဝိမုတ္တိ ဝုစ္စတိ အရဟတ္တံ ပါရှိသဖြင့် ဤနေရာ၌ ဝိမုတ္တိအရ အရဟတ္တဖိုလ်ကို ကောက်ယူပြီး အရဟတ္တဖိုလ်ကို ရင့်သန် စေတတ်သော သညာတရား (၅)မျိုးကို ဟောကြားခဲ့သည်။ သညာ (၅)မျိုးကား-

အနိစ္စသညာ- အနိစ္စဟု ရှုမှတ်သောဉာဏ်၌ဖြစ်သော သညာ၊

အနိစ္စေ ဒုက္ခ သညာ- အနိစ္စရုပ်နာမ်အပေါ် ဒုက္ခဟု ရှုမှတ် သော ဉာဏ်၌ဖြစ်သော သညာ၊

ဒုက္ခေ အနတ္တ သညာ- ဒုက္ခအပေါ် အနတ္တဟု ရှုမှတ်သော ဉာဏ်၌ဖြစ်သော သညာ၊

ပဟာန သညာ- ပယ်ရမည့်တရားဟု အဖန်ဖန် ရှုပွားသော ဉာဏ်၌ဖြစ်သော အမှတ်သညာ၊

ဝိရာဂ သညာ- တပ်မက်ဖွယ်ကင်းအောင် ရှုမှတ်သောဉာဏ် ၌ ဖြစ်သော အမှတ်သညာ တို့တည်း။

## ဘုရားရှင်၏ တိုက်တွန်းချက်

ဤဇမ္ဗူဒိပ်ကျွန်း၌ မွေ့လျော်ဖွယ်ကောင်းသော အာရာမ် တော မြေ ရေကန် တို့သည် အနည်းငယ်မျှ ရှိကြသည်။ မြေကြမ်း၊ ရေကြမ်း၊ ဆူးငြောင့်ခလုတ်တို့သာ များသကဲ့သို့ အတ္ထရသ၊ ဓမ္မရသ၊ ဝိမုတ္တိရသ ခံစားရရှိသူတို့ နည်းပါးပြီး ထိုရသတို့ကို မခံစား မရရှိသူ တို့သာ များကြသောကြောင့် ဤသို့ ကျင့်ကြံကြိုးကုတ် အားထုတ်ကြ ဟု မြတ်ဘုရား တိုက်တွန်းတော်မူသည်။ "ငါတို့သည် အတ္ထရသ၊ ဓမ္မရသ၊ ဝိမုတ္တိရသ ကို ရရှိခံစားနိုင်သူများ ဖြစ်ကြကုန်အံ့"ဟု ကျင့်ကြံ ကြိုးကုတ် အားထုတ်ကြလေဟု တိုက်တွန်းချက်အတိုင်း ပိဋကတ် သုံးပုံ၊ နိကာယ်ငါးရပ် တရားတော်များ ဟောပြောသင်ကြား ပို့ချ၍ အတ္ထရသ၊ ဓမ္မရသ၊ ဝိမုတ္တိရသ ညွှန်ကြားပြသရာ ဤလယ်တီ ဝိပဿနာ အမှတ်(၉) ပရိယတ္တိ တရားစာပေတို့အတိုင်း လိုက်နာ ကျင့်ကြံကြိုးကုတ် အားထုတ်၍ အတ္ထရသ၊ ဓမ္မရသ၊ ဝိမုတ္တိရသ တို့ကို ရယူနိုင်ပါစေဟု နိဂုံးချုပ်ပတ္ထနာပြုအပ်ပါသတည်း။

**လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ**

(၁၀-၁၀-၂၀၀၇)

With bad advisors forever left behind,
From paths of evil he departs for eternity,
Soon to see the Buddha of Limitless Light
And perfect Samantabhadra's Supreme Vows.

The supreme and endless blessings
of Samantabhadra's deeds,
I now universally transfer.
May every living being, drowning and adrift,
Soon return to the Pure Land of Limitless Light!

*** The Vows of Samantabhadra ***

I vow that when my life approaches its end,
All obstructions will be swept away;
I will see Amitabha Buddha,
And be born in His Western Pure Land of
Ultimate Bliss and Peace.

When reborn in the Western Pure Land,
I will perfect and completely fulfill
Without exception these Great Vows,
To delight and benefit all beings.

*** The Vows of Samantabhadra Avatamsaka Sutra ***

# DEDICATION OF MERIT

May the merit and virtue
accrued from this work
adorn Amitabha Buddha's Pure Land,
repay the four great kindnesses above,
and relieve the suffering of
those on the three paths below.
May those who see or hear of these efforts
generate Bodhi-mind,
spend their lives devoted to the Buddha Dharma,
and finally be reborn together in
the Land of Ultimate Bliss.
Homage to Amita Buddha!

**NAMO AMITABHA**

**南無阿彌陀佛**

《緬甸文：LALTI VIPASSANA 内觀禪修 第十冊》

財團法人佛陀教育基金會 印贈

台北市杭州南路一段五十五號十一樓

Printed and donated for free distribution by

**The Corporate Body of the Buddha Educational Foundation**

11F., 55 Hang Chow South Road Sec 1, Taipei, Taiwan, R.O.C.

Tel: 886-2-23951198 , Fax: 886-2-23913415

Email: overseas@budaedu.org

Website:http://www.budaedu.org

**This book is strictly for free distribution, it is not for sale.**

ဓမ္မစာအုပ်များကိုအခမဲ့ ပေးလှူသည်ဖြစ်၍ရောင်း ဝယ်ခြင်းမပြုရ။

Printed in Taiwan

3,000 copies; June 2010

BU220 - 8620